ပုံပြင်

ရဲ့

စာပန်းကိုပါ

ဒုတိယတွဲ

စာဆိုဌေး

တင်ထွေး

ဦးပုညဇော်စာပန်းကုံးများ

ဒုတိယတွဲ



တင်ငွေး

ဦးပုည၏စာပန်းတိုးပျိုး

မျိုးချစ်စိတ်ဓာတ်ထက်သန်စေရး
ပညာပြန့်ပွားလှုံ့ဆော်ရေးစာစဉ်

ပထမအကြိမ်
၁၉၉၃ခုနှစ်၊ စက်တင်ဘာလ(၂၆)ရက်၊ အုပ်ရေ-၁၅၀၀၀
မျက်နှာဖုံးပန်းချီ - စံတိုး
အတွင်းပန်းချီ - ဂင်းမော်ဟန်

မြန်ကြေးရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် ဦးတင်ထွေး၊ ကင်းလွတ်ခွင့် အမှတ်(၃၄၉၂)က ထုတ်ဝေ၍ ကြေးမုံသတင်းစာတိုက်နှင့် ဂါဒီယန်သတင်းစာတိုက်တို့တွင် ဦးတင်ထွေး ကင်းလွတ်ခွင့် အမှတ်(၀၄၁၀၈)က ပုံနှိပ်သည်။

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
–	မြန်မာစာပေပါဂရမီရှင် စလေဉီးပုည၏ စာပန်းကုံး စာစုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ချက်အမှာစာ	၅
–	စာပန်းကုံးကို သိပါသည်၊	၈
–	ဉီးပုည၏ စာပန်းကုံးများ စာမိတ်ဆက်	၈
–	စလေဉီးပုည အတ္ထုပ္ပတ္တိ	၈

မေတ္တာစာများ

၁။	မောင်ပေလိပ် ရှင်ပြုဖိတ် မေတ္တာစာ	၁
၂။	လက်ဖက် မေတ္တာစာ	၂
၃။	ရှင်ဖူးဇလွန်သို့ပေး မေတ္တာစာ	၆
၄။	လေ့ခအလျှခံ မေတ္တာစာ	၈
၅။	လေ့တင်၍နေရာတွင် ပန်းတောင်း သို့ပေး မေတ္တာစာ	၁၀
၆။	ကျောင်းထိုင်မလိုက်နိုင်ကြောင်း မေတ္တာစာ	၁၁
၇။	မောင်အိ ဘုန်းကြီးပင့် မေတ္တာစာ	၁၃
၈။	ပြန်ပေး မေတ္တာစာ	၁၅
၉။	ညောင်ရွှေမြို့ပေး မေတ္တာစာ	၁၈
၁၀။	ဆန်အိတ်ရေစိုခြင်းပေး မေတ္တာစာ	၂၀
၁၁။	ယွန်းသထုံမြို့သို့ အမရပူရ ဝန်ကတော်ကပေး မေတ္တာစာ	၂၂
၁၂။	စလေမောင်အောင်က ပုဂံဆီးကျန်းသို့ ရှင်ပြုဖိတ် မေတ္တာစာ	၂၄
၁၃။	လေ့လုပ်ငှား မေတ္တာစာ	၂၅
၁၄။	စလေမြို့နေ မောင်ကာလာ တရားနာဖိတ် မေတ္တာစာ	၂၇
၁၅။	မောင်ကုလားဗိုလ် တရားနာဖိတ် မေတ္တာစာ	၂၈
၁၆။	ရှင်ဗျိုင်းမေတ္တာစာ	၂၉
၁၇။	စလေမြို့နေ ပွဲစားမောင်ရွှေချန် တရားနာဖိတ် မေတ္တာစာ	၃၁
၁၈။	သာမည တရားနာဖိတ် မေတ္တာစာ	၃၂
၁၉။	အမွေဝေရန်ပေး မေတ္တာစာ	၃၄
၂၀။	ရှင်ပြုတရားနာဖိတ် မေတ္တာစာ	၃၅
၂၁။	ပွဲကတော်ရှင်ထွန်း မေတ္တာစာ	၃၆
၂၂။	ဒေါ်နဆီ မေတ္တာစာ	၃၈
၂၃။	အဘိုးကြီးအကြောင်း မေတ္တာစာ	၃၉
၂၄။	အဂ္ဂိရတ်အကြောင်းအရာ မေတ္တာစာ	၄၀
၂၅။	မော်လမြိုင်သို့ပေး မေတ္တာစာ	၄၆

၂၆၊ ပန်းမြို့မှ ပန်းချီသို့ပေး မေတ္တာစာ ၄၇
၂၇၊ လူဖျိုမလှည့်ကြောင်း မေတ္တာစာ ၄၉
၂၈၊ ညောင်ရွှေမြို့ မယ်နှင်းပုသို့ပေး မေတ္တာစာ ၅၀
၂၉၊ ဝါးကျောင်းပျက်ပြင်ရန် မေတ္တာစာ ၅၁
၃၀၊ မောင်ကင်းပေး မေတ္တာစာ ၅၂
၃၁၊ မယ်ရွှေပေး မေတ္တာစာ ၅၈
၃၂၊ ဆရာဘုန်းကြီးက သုံးပင်ဆိုင်ရွာ ဦးဝိုက်ဇနီးမောင်နှံတို့ကိုပေး မေတ္တာစာ ၆၀
၃၃၊ အလုံမြို့ ထန်းဖျားရွာသို့ပေး မေတ္တာစာ ၆၃
၃၄၊ လူမထွက်စေကြောင်း မေတ္တာစာ ၆၄
၃၅၊ စလေမြို့ ပန်းပဲသူကြီး မောင်စပေး မေတ္တာစာ ၆၅
၃၆၊ ပုသိမ်မြို့သို့ စာတိုက်အမှုနှင့်ပေး မေတ္တာစာ ၆၆
၃၇၊ မန်းမြို့ ခင်မကန်တိုက်က စလေသို့ပေး မေတ္တာစာ ၆၇
၃၈၊ ဒီပဲရင်း ဝသည်းရွာသို့ပေး မေတ္တာစာ ၆၈
၃၉။ မန်းမြို့ ထီးလင်းတိုက်က တောင်တွင်းကြီးမြို့ မုံကုန်းရွာသို့ပေး မေတ္တာစာ ၆၉
၄၀၊ အမရပုရမြို့တွင် သာမညသူကဖိတ် မေတ္တာစာ ၇၀
၄၁၊ ထမင်းခြောက်ကြောင့် မာန်မူမေတ္တာစာ ၇၁
၄၂၊ ညောင်ကန်သို့ပေး မေတ္တာစာ ၇၃
၄၃၊ သပိတ်လူ မေတ္တာစာ ၇၅
၄၄၊ အင်းချောင်းရွာသို့ပေး မေတ္တာစာ ၇၇
၄၅၊ စီနွာမြကိုယ်တော်က ဆရာထံပေး မေတ္တာစာ ၇၉
၄၆၊ မလွန်မြို့သို့ပေး မေတ္တာစာ ၈၁
၄၇၊ ပုသိမ်မြို့ပေး မေတ္တာစာ ၈၃
၄၈၊ မင်းကြီးရာဇသင်္ကြံပေး မေတ္တာစာ ၈၅

ထေးထပ်များ

၁၊ လိမ်ညာဏ်ဆင်၊ အင်္ဂေနှင့်မွေ့လေသူ၊ ကျွတ်ခန်းထိုင်ပေါင်းပါ့မယ်၊
သိကောင်းပါဦး၊ ဟိတ်မလိုချင်၊ ကာလဆိုး ၉၁
၂၊ ယုံရခက်သူ၊ ခန္ဓီကိုဖြည့်ပါမယ်၊ ဝက်ပါမယ်၊ လမင်းထက်နှစ်လေးသာ၊
ကာမသံနှောင်အိမ်၊ မောင်းမတစ်ထောင် ၉၂
၃၊ ကြေ့မူးသို့၊ မန်းမြို့သူ၊ လှမြုတေ၊ မူးဒေဝီ၊
ငွေစကားနှင့်မြှုသူ၊ မျက်နှာဖုံးမလဲစေချင် ၉၃
၄၊ ဓူဝံကြယ်မြေခေ၊ ကျမ်းကြသူကြီး၊ မမေ့နိုင်၊ မဆင်လိုပြီ၊
မှတော်ကုန်ကြီးချင်လှ၊ ပြည်ကိုမှောက်နိုင်ငံ ၉၄
၅။ မယှဉ်နိုင်းရာ၊ တေမိလိုဒနမယ်၊ ဘဝင်မျခက်ရသူ၊ သူတော်စင်ပါ၊
သွေမကွက်ပါနှင့်၊ တစ်ကွက်မှား၊ သိုက်တူးမည် ၉၅

၆။ ရိုင်းမိုက်တဲ့ဉာဏ်၊ အသူရိန်မောင့်ရေ့ထင့်၊ အခင်းမည်၊ ကံကြိုလို့ခိုက်၊
ချွေမင်နှင့်ရေးချင်ပြီ၊ စေတီယဂွားဖက်တော်၊ သိစိမ့်မယ်　　၉၆
၇။ ဘုရားကိုဝါသူ၊ တော်လေးဝန္တနဲးလောက်သူ၊ မ ဆိုလျှင်၊ နေတစ်ထောင်ထွက်စေတော့၊
ညစ်မည်သူ၊ စံရစ်တော့သက်နှံငယ်၊ ချွေယုန်နှင့်ချွေကျားပမာ　　၉၇
၈။ မက်တော်မူစမ်းချင်၊ ခေမာလမ်း၊ ထယ်စမ်းပါ၊ သမားမို့ငိ၊
ကယ်သင့်မှကယ်မယ်၊ စပ်မူနည်း　　၉၈
၉။ ကိုရုပ်ဆိုး၊ နယ်ကိုးရပ်ရွစ်မည်၊ လွှမ်းပိုမို၊ ကိုယ်လွတ်ခရောင်မယ်၊
နတ်ပန်းချီမယ်၊ ဘုရားကိုနှစ်ရစ်လိမ်　　၉၉
၁၀။ သိကြားမှိုင်၊ မုန်းခွင့်မယူ၊ အေးရေစင်လောင်းချင်ဘုံ၊ နိမ်ါတ်ရွှမ်၊
တတ်မျိုးဝိဇ္ဇာ၊ မိုးပလီ၊ တကယ်မုန်းတော့မှာလား　　၁၀၀
၁၁။ မြန်းချင်ပြီ၊ ကိုယ်သိပ်တော်မူစမ်းပါ၊ ဟုတ်မှကြင်မယ်၊
သာတော်မူလိုက်စမ်းပါ၊ ပါရမီကုဖြည့်မယ်၊ တစ်နပ်ဉာဏ်　　၁၀၁
၁၂။ နတ္ထားငဲ့မော့် ဘူး၊ ဇာစိမ်းဖမ်း၊ မင်္ဂွေ့ချင်ပြီ၊
ဥပေက္ခာနယ်သို့၊ ကေသီမူး၊ အဇာဠာနတ်နန်းက　　၁၀၂
၁၃။ တစ်ဖက်သက်၊ နန်းသူ့ချောဟန်၊ သစ္စာမူမယ်၊ မက်တော်မူစမ်းချင်လှ၊
ထိတ်တနိုးငိုမိတယ်၊ မိုးတင့်ရဲ၊ လူဖြစ်ကိုနှလုံးနာ　　၁၀၃
၁၄။ ဆိုက်လိုရာဆိုက်စေ၊ သူ့ထက်ကဲ၊ နန်းကြာဖွား၊ ငါးမာန်အောင်၊
သေဝံ့ပါရဲ့၊ မခေါ်ခင်ထူးပါနှင့်၊ စာနာပါလျှင်　　၁၀၄
၁၅။ အာယုကပ်ဆုံးထိုင်၊ ညီဖွားခက်မယ်၊ စိမ်းဖြတ်စာထိုးကြစို့၊ ဆွယ်တုရာရှိဘူး၊
ကမ္ဘာနှစ်ခါပျက်စေတော့၊ လေးမောင့်ဖြစ်ဟန်　　၁၀၅
၁၆။ တစ်နေ့ထက်တစ်နေ့ယဉ်၊ သစ္စာတူပြီငိ၊ လေးမောင့်စံကျောင်း၊
မော့်ထက်မော်၊ ရိုးနွဲ့ချစ်သူ၊ ခြောက်ပြစ်ကွာ၊ ဆင်ဖြူရှင်လို　　၁၀၆
၁၇။ လွှမ်းစိတ်မပြယ်၊ နန်းဟန်ဆင်ချွေမိုး၊ ကညာတောင် သာဘူးကွယ်၊
အသက်ပါဆက်မည်၊ လှေ်ဉီးချွေးလှခေါင်ကျူး၊ တစ်သက်ပန်ရဲကြစို့　　၁၀၇
၁၈။ ရက်လကြာ၊ တွေးကြံမော၊ တက္ကသိုလ်ခင်တစ်ပါး၊ အလွမ်းနှင့်အချမ်း၊
ခေမာပွဲသို့၊ မင်းဆိုသမျှကွင်းရှောင်မယ်　　၁၀၈
၁၉။ ရသေ့ယောင်ဆောင်မည်၊ ရိုင်းတဲ့ကံ၊ ဌေးမှကြင်မယ်၊ လွတ်ငြိမ်းခွာမယ်၊
ဉာဏ်ပွေသူ၊ မြမသွေ　　၁၀၉
၂၀။ မိုးတင့်ရဲ၊ လေးခင်နှင့်အတူ၊ ရင်ငွေ့ကုစမ်းပါ၊ သုံးစောင့်သိကွာ၊
မြဲကြစို့၊ မင်္ဂလာမိန်းချေမယ်၊ နိဗ္ဗာန်လမ်း　　၁၁၀
၂၁။ ကုန်းဘောင်ဆက်ကလာ၊ မပြတ်သားသူ၊ သိချင်ပြီ၊ ပြိုင်ကြစို့၊
ကြောင်ဝံတဲ့လူ၊ ဆင်မူနွဲ့နောင်း၊ ချေခေးနှင့်သတ်လှည့်ပါ　　၁၁၁
၂၂။ တွေးချင့်ပါဦး၊ သုခမွာပွဲ၊ သစ္စာယာဂု၊ ရှင်းလှည့်ပါ၊
ဆောင်းခန်းတွင်စံရစ်တော့၊ မမြဲသောလောကခေါ်၊ တန်ခိုးဗျာန်လျှောပါဦး　　၁၁၂
၂၃။ နန်းရပ်ဉာဏ်၊ တူတူပုန်း၊ ဘယ်သူ့မှရွက်ပေါင်၊ အခြေမမှန်သူ၊
မဟာဆန်သူ၊ လွတ်ချင်ပြီ၊ နံ့သာဖြူကျောင်း　　၁၁၃
၂၄။ ညစ်ပတ်တော်မူလွန်းသူ၊ ပလီဉာဏ်၊ နောင်ရိုက်ပါလေအောင်၊ တူပေါင်းစို့၊
ဇကဝုစ်နဂိုဉာဏ်၊ နှစ်ထိုယ်တွေ့မှရွာပါ　　၁၁၄

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၅၊	အပျိုရွှဲ၊ တစ်ဖက်သတ်စေတနာ၊ ဝေးကခွာ၊ တပေါင်းမိန်ခါ၊ သူ့ဂိုဏ်းသင့်မယ်	၁၁၅
မော်ကွန်းများ		
၁၊	ရတနာနဒီဘွဲ့မော်ကွန်း	၁၁၉
၂၊	မန္တလေးဘွဲ့မော်ကွန်း	၁၂၃
စုံးချင်းများ		
၁၊	ဗေဒင်စာပြောင်စုံးချင်း	၁၄၅
၂၊	သူငယ်စုံးချင်း	၁၄၆
၃၊	ဝိဇ္ဇာစုံးချင်း	၁၄၆
၄၊	ဇီဝကစုံးချင်း	၁၄၆
၅၊	ဂဠုန်စုံးချင်း	၁၄၇
၆၊	သာရကာစုံးချင်း	၁၄၈
သာသနာလျှောက်၊ ဆွမ်းတော်ကြီးစာတမ်းနှင့် အခြားစာများ		
၁၊	သာသနာလျှောက်	၁၅၁
၂၊	ဆွမ်းတော်ကြီးစာတမ်း	၁၅၈
၃၊	အခြားစာများ	၁၆၆

မြန်မာစာပေပါဂရမီရှင် စလေဦးပုည၏ စာပန်းကုံး စာစုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ချက်အမှာစာ

(၁)

မြန်မာစာပေသမိုင်းတွင် စလေဦးပုညသည် အထင်ကရအဓိကစာပေပညာရှင် တစ်ဦး အဖြစ်ဖြင့်ရပ်တည်ရှိနေသော စာရေးဆရာ ကဗျာဆရာကြီး တစ်ဦးဖြစ်ကြောင်း တွေ့ရှိရသည်။ မြန်မာစာပေရေးသားရာတွင် ကဗျာများ၊ မော်ကွန်းများ၊ သင်္ဂါကျမ်းများ၊ ဗေဒင် ဟောကိန်းများ၊ ရကန်များ၊သင်္ကြိတ်ကိုးပိုင်းတေးထပ်များ၊ လင်္ကာများ၊ တေးထပ်အမျိုးမျိုး၊ ရှစ်ဆယ်ပေါ်အမျိုးမျိုး၊ ပြဇာတ်များ၊ တရားဟောစာများ၊ မေတ္တာစာများ၊ ဆေးကျမ်း လင်္ကာများ၊ သာသနာရောက် သာသနာလျော်ကံစာတမ်းများ၊ ရှင်ပြုနာထွင်း ဖိတ်စာများ၊ ဝိုချင်းရှည်များ၊ ခုံးချင်းများ၊ သတင်တေးဖွဲ့အမျိုးမျိုး၊ ယိုးဒယားအမျိုးမျိုးတို့ဖြစ်ကြောင်း ဖတ်ရှုသိရှိရသည်။

စလေဦးပုည၏စာပေ များသည် မြန်မာစာပေလောကတွင် အခိုင်အမာတည်ရှိနေရစ်ပြီး သူ၏စိတ်ကူးဉာဏ်၊ဟာသဉာဏ်၊ကဗျာဉာဏ်တို့ဖြင့် ဖတ်ရှုရှု မငြီးနိုင်အောင်ရှိကြောင်းဖတ်ရှု ခံစားကြရသည်။

စလေဦးပုညကို အင်္ဂလန်နိုင်ငံတွင် ထင်ရှားလှသော စာပေပညာရှင်ကြီး ရှိတ်စပီးယား နှင့်တန်းတူရည်တူ လိုက်နိုင်စွမ်းရှိသည်ဟု မြန်မာစာပေရှင်များ၏ ဝေဖန်သုံးသပ်ချက်ကို ကြားနာရဖူးပါသည်။ စာရေးဆရာကြီး ရှိတ်စပီးယား၁သည် အင်္ဂလိပ် ပြဇာတ်များစွာ ရေးသားခဲ့သည့်နှုန်းတူ စလေဦးပုညလည်း မြန်မာပြဇာတ်များစွာ ရေးသားဖွဲ့ဆိုခဲ့ကြောင်း သတိပြုမိကြသည်။

စလေဦးပုည၏စာများတွင် အထေ အငေါ့၊ အလှောင်အပြောင်၊ အကောက်အကပ်၊ အဆော်အနှက်စာများကို တွေ့ရလေ့ရှိ ထိုစာပေဂုဏ်မြောက်မှုများကို ဖတ်ရှုခံစားရရှင်း ချိုးမွမ်းမဆုံးဖြစ်ကြရသည်။ စလေဦးပုည၏ စိတ်ကူးဉာဏ်၊ ကဗျာဉာဏ်သည် သူမတူအောင် ထူးချွန်ပေစွ။ မြန်မာစာပေလောကတွင် စလေဦးပုညကဲ့သို့ဘကဲစုံစွယ်စုံရေးသားဖွဲ့ဆိုနိုင်သူ ကား ရှားပါးပေစွတ္ဟု ဆိုလိုက်ပါသည်။

စလေဦးပုညရေးသားသွားသော ပြဇာတ်များမှာ ဝိဇယပြဇာတ်၊ ပဒုမပြဇာတ်၊ ဝေဿန္တရာပြဇာတ်၊ ကောသလပြဇာတ်၊ ဂင်္ဂါမာလဧပါ ရေသည်ပြဇာတ်၊ ဝါသုဒေဝ ပြဇာတ်တို့ ဖြစ်ကြောင်းသိရှိရသည်။ ဝတ္ထုများမှာ ဧမောမိဟုရာဝတ္ထု၊ အဘယမာတာ ရဟန္တာမဝတ္ထု၊ နဂါ၊ပြိတ္တာနှင့် မဋ္ဌကုဏ္ဍလီဝတ္ထု၊ ဧင်ပုပ်ဒုက်ဝတ္ထု၊ ပဥ္စပေါသထဇာတ် ဝတ္ထု၊ အလောင်းတော် သိဝိမင်းကြီး ဝတ္ထု၊ ဂေါပါလဝတ္ထု၊ ဘုရားအလောင်း ဖြဟ္မဒတ်

မင်းဝတ္ထု၊ စတုက္ကဘတ်ကိုလှူသော ဥပါသကာဝတ္ထု၊ ဆုကိသာဝိမာနဝတ္ထု၊ ပဥ္စသီလသမာဒါနီယမထေရ်ဝတ္ထု၊ဓဇဒါယကာမထေရ်ဝတ္ထု၊ ကေဒီပိကာမထေရ်ဝတ္ထု၊ကောဋ္ဌိမ္ဗယ သူရဲကြီးဝတ္ထု၊သားတော်ရာဟုလာဝတ္ထု၊ ဆဒ္ဒန္တဆင်မင်းဝတ္ထု၊ သူကိုမကြီးဝတ္ထု၊ ယုန်မင်းဝတ္ထု၊ဝိသယ္ဟ သူဌေးဝတ္ထု၊ဥပမာလေးဦးဝတ္ထု၊ကာကဝလိယဝတ္ထု၊ သောဏဒဏ်ခံဝတ္ထုစုစုပေါင်း(၂၃)ပုဒ် ဖြစ်ကြောင်း တွေ့ရသည်။

ကျွန်တော်သည် စလေဦးပုည၏ ပြဇာတ်များ၊ ဝတ္ထုများ၊ တေးထပ်များကို ယေ်စဉ်ကပင် ရင်းရင်းနှီးနှီး ရှိလှသည်၊ သူ၏ ပြဇာတ်ပါ အသုံးအနှုန်းများ၊ ဝတ္ထုပါ စကား လုံးများ၊ ကဗျာများပါသော ကာရန်များကို စိတ်ထဲမှာ ခွဲနေမိသည်။ စလေဦးပုည၏ စာများကို ပြန်ပြောင်း သတိရနေမိသည်။ မြန်မာစာပေလောကတွင် သူ၏စာများ ဝေးကွာ နေကြောင်း သတိပြုမိသည်။ ပြန်လည် ထုတ်ဖော်သင့်သည်ဟု စဉ်းစားမိသည်။ သူ၏ စာများတွင် မြန်မာစာ အရင်းအမြစ်များကို တွေ့နိုင်သည်။ ဤစာများကို မြန်မာစာ ချစ်မြတ်နိုးသူ၊ မြန်မာစာ စုဆောင်းတတ်သူ၊ မြန်မာစာကို သုတေသနပြုသူများ လက်ဝယ် ပြန်လည် စုဆောင်းပို့ရသော် ကောင်းလေစွတဲ့ စဉ်းစားမိသဖြင့် ထုတ်ဝေရန် စီမံခဲ့လိုက်ခြင်း ဖြစ်ပါသည်။ စလေဦးပုည သည် ပညာဥာဏ် ထူးချွန်ထက်မြက်လျှင် ခုနစ်နှစ်သား၊ ဒွစ်နှစ် သားအရွယ်ကပင် သဒ္ဒါကျမ်းများ၊ အဘိဓမ္မာကျမ်းများ သင်ကြားခွင့်ရခဲ့သည်၊ ခွင်သာမဏေ ဘဝတွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို လေ့လာ ပေါက်မြောက်ခဲ့ကြောင်း သိရသည်။ ရဟန်းဘဝတွင် ပိဋကတ်၊ ဗေဒင်၊ ကဗျာ လက်ာအမျာကို ဆက်လက် သင်ကြားသည်။ သက္ကရာဇ် ၁၂၀၆ ခုနှစ်တွင် ဦးပုည်လူထွက်ပြီး မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ အိမ်တော်၌ ခစား အမှုထမ်းရွက်သည်။ ကနောင်မင်းသား၏ တောင်းပန်ချက်အရ သင်္ဂြိဟ်ကိုးပိုင်း သရုပ် တေးထပ်များ ရေးသွင်းရသည်ဟု ဆိုသည်။

သက္ကရာဇ် ၁၂၁၄-၁၅ ခုနှစ်တွင် ယိုးဒယားဇင်းမယ်ကို နိုင်သည့်အကြောင်း စာဖွဲ့ ရမည်ဟူသော မင်းတရားကြီး၏ အမိန့်တော်အရ ယိုးဒယားနိုင်-မော်ကွန်းကို ရေးသားသည်။

အိမ်ရှေ့မင်းထံ ခစားနေစဉ် မင်းတရားကြီး၏ နန်းတွင်းသူ မိဖုရားကြီးအချို့ အကျင့် ဖောက်ပြားလော်လီကြသဖြင့် တာဝန်ပြဿနာပေး ဆုံးမရန် စလေဦးပုညအား ပဒုမပြဇာတ်ကို ရေးသားစေပြီး ထိုပဒုမပြဇာတ်ကဲ့ ညတွင်းချင်းဘပြီး ရေးဆက်ကြောင်း သိရှိရသည်။

ပဒုမ-ဇာတ်သည် အကျင့်ဖောက်ပြား လော်လီသူ မိန်းမယုတ်တို့အကြောင်း ဖြစ်၍ အဖိုးတန် မိန်းမကောင်းများအကြောင်း ဇာတ်စာတစ်စောင် ရေးပေးရန်၊ အမှန်းတင် ပြုစု ပေးရန် မိဖုရားအချို့က တောင်းပန်သည်။ ဤတွင် စလေဦးပုညသည် မဖွဲ့ မိဖုရားတည်း ဟူသော မိန်းမမြတ် ပါဝင်သည့် ဝေဿန္တရာ ပြဇာတ်ကို ရေးသည်။ မြင်ကွန်းစား မင်းသား အပါအဝင် မင်းတရား၏ သားတော်အချို့ လွန်စွာ ဆိုးသွမ်းသည့်အတွက် ပညာပေး ဆုံးမနိုင်ရန် ဝိဓယ ပြဇာတ် ကို ရေးသားသည်၊ ထို ဇာတ် ကို ပါးစပ်က စီပေး ဆိုပေးပြီး မောင်သာထွန်း ဆိုသူက လိုက်ရေးပေးရာ နှစ်ရက်နှင့် နားနားနေနေ ပြီးစီးသည်ဟု သိရသည်။ မင်းတုန်းမင်းတရားကြီးနှင့် ညီတော် အိမ်ရှေ့ ကနောင်မင်းသားတို့ စိတ်မကြည်ရာမှ ပြန်လည် သင့်မြတ်လာကြသောအခါ အိမ်ရှေ့ မင်းသားက တောင်းပန်ခန်းပါသော ရေသည်ပြဇာတ်ကို စလေဦးပုညအား ရေးသား စေသည်၊ထိုပြဇာတ်ကို မင်းတရားကြီးမှ ဖတ်ရှုရသောအခါ ညီတော်အား ပိုမိုချစ်ကြည်ခြင်း ရှိလာရသည့်ပြင် ဇာတ်အိမ်ဇာတ်သာ၊ကိုအထူးနှစ်သက်တော်မူသဖြင့်ရှေ့တော်၌အကြိမ်ကြိမ် ဖတ်လျှောက်ကပြရသည်ဟု ဆိုကြသည်။

စလေဦးပုညသည် ဝိဇယပြဇာတ်၌ လင်္ကာဗီပကျွန်းသို့ ရောက်လာသည့် ဝိဇယမင်းသားနှင့်နတ်တွေ့ခန်း ပြောဆိုကြရာတွင် ဤကျွန်းသည် ဘီလူးတို့ကျွန်း ဖြစ်ကြောင်းနှင့် ရေနစ်၍ မသေ၊အူပေါက်၍ သေကုန်ကြလိမ့်မည်ဟု ခပ်သောသော ပြောပုံရေးပုံ ကလောင်ရွှင် ရွှင် အသေဉ့နှင်ထားပုံမှာ အလွန်ဖတ်၍ ကောင်းလှသည်။ ဖတ်ရှုကြည့်ကြပါ။

"သည်ကျွန်းမူကား၊ လူသက်သက်ကင်း၊ နတ်ဘီလူးတို့၊ စံနေဖို့ဟု၊ မြို့ဖန်ဆင်း၊ကြောက်မင်းဖွယ်လို ဖြစ်ပေသည်။ တစ်ဆိတ်စား၍မျှ၊ လူနုံ့ရလျင်၊ ပလဝဓောင်ရမ်း၊ ခွေးပိန်မကို၊ ကျားထ၍ ဖမ်းသည့်နယ်၊ ငါကင်းခြိုင်းမဲ့၊ အကျိုးနဲ၊ မှီခြဖြစ်၍ ပျောက်ရသည်၊ သို့လောက်ယုတ်မာ၊ ကြားရုံနှင့်ရွံးလောက်ထဲ့၊ ဘီလူးရွာကို၊ ဝကာနယ်၊ ဃနားဖွယ်တို့သည်၊ ပင်ထယ်မြစ်မှာ၊ ရေနစ်လို့တော့ မသေ၊ သည်ကျွန်းသို့ရောက်ကာမှ၊ အူပေါက်၍ သေမယ်လို့၊ တုမှေ-သင်ဒကာတို့သည်၊ အာဝဋ္ဋဆွဲ လာကြကုန်၏။"

ထို့အတူပင် ယင်းဝိဇယပြဇာတ်၌ပင်မယ်ကုဝဏ်၏ ကုဝဏ္ဏာပတ်ထိုက်လည်း စာချိုးပုံကာမတဏှာ နှိုးဆွဲပုံ၊ တစ်ဖက်သား ယောကျ်ားပုထုဇဉ်တို့ကို ကြိမ်းဝါးပုံ၊ တဏှာပေမဖော်ကျူးပုံ စကားလုံးများသည် အလွန် ပြောင်မြောက်လှသည်။ စလေဦးပုည၏ ဦးနှောက်စိတ်ကူးဉာဏ်သည် မြို့ငစ်ရှာလောက်အောင် ထူးခြားကောင်းမွန်လှသည်ဟု ဝေဖန်သုံးသပ်ကြသည်၊ ထိုကုဝဏ္ဏာပတ်ထိုက်ကို ဖတ်ကြည့်စေလိုပါသည်။

ကုဝဏ္ဏာပတ်ထိုက်

"လင်္ကာဗီပ၊ ကျွန်းဌာနမှာ၊ လွမ်းစရာ့ကညာ၊ ယဉ်မျိုးစုပါတဲ့၊ ကုဝဏ္ဏာ၊ ထောင်ငါးရာ၊ ကိန်းလသာ ရွှေတိုက်ကို၊ သေဒွိုက်လို့ထား၊ ဖွင့် မည့် သူ မေါ်လာခဲလို့၊ အူထဲက ယား။ ဘွားကနဲ့ ယနေ့၊ ကာလသားများ နှင့်၊ ကားကန် တွေ့ရင်လ၊ ကြည့် ရော့ ဟေ့ မယ်ဒဂ္ဂ၊ ကိလေသာတမန်နှင့်၊ ထက်ရှစ်သံ စမ်းလိုက်လို့၊ သွေးမြန်းမြန်း ထစေ့မယ်၊ စိတ်ချ၍ ထား၊ ထောင်ငါးရာမြဲရဲ့၊ ပုထုဇန်လူသား၊ ရဟန္တာချာန်ပျံ့ပို့၊ ခဲနိုင်မလား၊ ငါးပါးတိုင်းကဲ့နေ့၊ သက် လေး ဆယ် ကျော် လို့ မှ၊ ဘုန်း ပြိုင် သူ မ ပေါ် လျှင်၊ အမိန့် တော် စာ ချွန် ခံ လို့၊ ထေးအနန္တက ရိုင်းကို၊ လမိုင်းမှာမြည့်မဟေ့၊ သည်ယနေ့နံနက်၊ အိမ်တော်က အထူက်တွင်၊ မိဇကညည်းချင့်စမ်း၊ အဏ္ဏ ထိန်းလျှပ်၊ စိန်လည်ကပ်နှင့်၊ နဝရတ်ရောင်ဖြိုး၊ ခါးကြိုးစပ်ကြား၊ ထက်ခဲသားဟာများဖြင့်၊ ယန္တထားစက်သဖွယ်၊ လှပ် ချက် ကယ် တယ် လေ၊ ညှော်သည်ကိုရိတ်ဟန်ရှိရဲ့၊ ရှပ်နိမိတ်ဖမ်း၊ မြန်နှုံးသူ့က တော်၊ ဘုန်းပြိုင်သူမတွေ့လို့၊ ယနေ့မျှားချော်ရင်လ၊ နှင်းဖျော်တဲ့ကေမကိုင့်ကို၊ အခွေလိုက်သုတ်သင်ရှိ၍ ဖန်ဝတ်လှင်စိတ်ပုတီးနှင့်၊ ခင်ကြီးတွေချိုးထောင်တဲ့၊ ကိုးချောင်းကိုဝင်လိုက်မယ်၊ လူ့နှင်မှာလူလုပ်လို့၊ ဘဝဟုတ်နိုင်တော့မလဲ၊ လှပြီဘူးမချ၊ အသားလှပ်နိမိတ်နှင့်၊ မြို့ငရိပ်သို့ကြွပါမည်၊ ဘုန်းဘုရားငယ်ငယ်ကျန်၊ မှန်နဂါးပတ်၊ မြန်ဂဟပ်နှင့်၊ နဝရတ် ဝိုင်းထံခွန်က၊ မယ်ကုဝဏ်ဖူးစာကို၊ သေဒုမကြာတက်အစီး၊ ထုင်ကိစ္စယနေ့တုံးလို့၊ မြို့နှင်းခန့်ပြီးတဲ့အောင်၊ ရွှေသီးတဲ့ ထက်သံနှင့်၊ ခပ်မြန်မြန်ပို့ တော်မူစမ်းပါ မောင်ကြီးရေ"

စလေဦးပုည၏ ရေသည်ပြဇာတ်သည်လည်း သူ၏ ထင်ရှားကျော်ကြားလှသော စာပေလက်ရာကောင်းတစ်ပိုဒ် ဖြစ်ကြောင်း တွေ့ရှိကြရသည်။ ဤပြဇာတ် ရေးရာတွင် အခြားပြဇာတ်များရေးသားသကဲ့သို့ပင် ဥပမာ၊ ဥပစာ၊ဥပမေယျတို့ဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရှိကြရသည်၊ ရေသည်ယောကျ်ား၏ ဆင်းရဲနွမ်းပါးပုံကို ဘဝသရုပ်ဖော် ရေးသားရာ၌အထူး

ပီပြင်လှကြောင်း ဖတ်ရှုကြရသည်။ စလေဦးပုညဏ်၏ ကဗျာဂျာကာစိတ်ကူး ရလာဝ်မှာ အုံ့မခန်း ဟုပင် ဆိုရပါမည်။ ရေသည်ယောကျ်ား ရေရောင်းထွက်ခန်းကို ဖွင့်ဆိုထားပုံ ဖော်ပြပါဦး မည်။ သူ၏ ဘဝသရုပ်ဖော် ပန်းချီ ရေးခြွယ်ပုံကို မျှဝေခံစားစေချင်၍ ဖြစ်ပါသည်။

ဆင်းရဲသားဘဝသည် ပီပြင်လှသည်၊ ဘဝသရုပ်ဖော်မှု ပြောင်မြောက်လှသည်။

ရေသည်ယောကျ်ား ရေရောင်းထွက်ခန်း

"မာရာဏသိမ်ြို့ မြောက်ဖျက်နှာက ရေရောင်းယောကျ်ား ထွက်ဆိုရန်ကသားမှာ- ဩော်.... လူ့ဘုံ ခန်း၀ါ၊ လူ့ပြည်ရွာမှာ၊ ၀မ်းစာခဲခက်၊ မှရင်းထမင်း။ ချဉ်ပေါင်ဟင်းနှင့်၊ ဆန်တူင်းက နက်လွန်းလို့၊ အသက်ရှိစဉ်မသေခင်ကို ကောက်လျင်ကြီးဆန်၊ နီတာလ်နှင့်၊ ငါးသန်သေးနပ်၊ ရေလုံ ပြွတ် များ ကို၊ တစ် လုပ် ကယ် ၀၀၊ စားလိုက်လျှင်ဖြင့်၊ အာဂပါးပ်၊ လူဖြစ်ကျိုးနပ်လေ၎င်း၊ မရပ်နား၊ ရေကိုရောင်းလို့၊ ၀မ်းကျောင်းပါ့ ငြာကတဲ့၊ စားရသည်နေ့၊ တစ်လလုံးတွင်မှ၊ သုံးနပ်လောက် ကယ်သာတွေ့ရတယ်။ ဒွေနှယ်ကြေးနယ်၊ ဘဟာနယ်များကို၊ ကူးလေ၎င်း ပီတိပီတ်ပျော်ကာ၊ အပွဲ တကာ့ထွတ်ခေါင်၊ ဖွတ်မင်းနောင်မှာ၊ ပြာတောင်ကြီးပေါက်ကရော့၊ မြောင်မြောက်အောင် မွှန်နိုင်တဲ့ ငါကိုယ်နော်။

ဟယ်....သို့ဒေသာလည်း ယောကျ်ား။ ကံ့ သွား၊ ကံသွားရာဟဲ့၊ မနုံနဲပါဘူး၊ အလှည့် သင့်ချက်ပိုင်၊ ကြက်ကန်းခွပ်လို့ ငွဲကျွတ်အောင်နိုင်သေးသပ၊ ကံဆိုင်လို့ဘကယ်၊ ချက်ကောင်းကိုတွယ် မိလျှင်၊ ရေသည်မောင်မော၊ လူနေလုလို့၊ ရွှေချသလိုပြောင်လိပ်ပြာယ်၊ အဆောင်ံတော်ရေထိုးနှင့်၊ ဆိုင်းထပ်ပိုးစုံအလင်း၊ ရေချိုကိုဆန့်နှင့်လဲရအောင်၊ မြို့ထဲသို့ဝင်တော့မယ်၊ မှန်ဝိုင်းဖွင့်ထော်သုံးက၊ ရေပုံး ကြိုးဆက်၊

စလေဦးပုညသည် ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမတို့ မေတ္တာမျှခန်းကို သရုပ် ဖော်ရေးရာတွင်လည်း လက်သိပြောင်လှသည်။ သူ၏စာပေလက်ရာသည် သုတစ်ပါးနှင့် မတူ တစ်မူထူးခြားသည်ဟုဆိုကြသည်။ ဘ၀ကို ဖွဲ့ဆိုဖော်ကျူးရာတွင် အသေးစိတ်လှပြီး တကယ် ဆင်းရဲနွမ်းပါးခြင်းကို စေ့စေ့စပ်စပ်မြင်တတ်လှကြောင်း သူ၏ ရေးဖွဲ့ပုံများက သက်သေပြ လျက်ရှိသည်။ ဥပမာတင်စား၍ ပြောဆိုကြပုံ စကားလုံးအသုံးအနှုန်းများကလည်း စံတင် လောက်အောင် ဂုဏ်မြောက်လှသည်ဟု ၀ေဖန်သုံးသပ်ကြသည်။ စလေဦးပုညသည် တစ်ခေတ် တွင် တစ်ယောက်သာ ထွန်းပေါက်သည်ဟုဆိုရလောက်အောင်ပင် အနုပညာ ပါရမီဥာဏ် ရင့်သန်လှသောစာပေပညာရှင်ပုဂ္ဂိုလ်ကြီးတစ်ဦးဟုဆိုကြရပါသည်။ထို့ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမတို့ မေတ္တာမျှခန်းကို ဖတ်ရှုလေ့လာစေရန် ဖော်ပြလိုက်ပါသည်။

မိန်းမကဆိုရန်။ ၁ငါးကွဲထမ်းပိုး၊ ဆိုင်းပေါင်ကျိုးနှင့်၊ ပုဆိုးညှစ်တေ၊ ရောင်းထမ်းစေ မှုတ်၊ ခေါင်း မွေးစုတ်တဲ့၊ ကျုပ်ဖအေငယ်၊ ရေကိုရောင်းဝေး၊ မောင့်ခွမ်းအား နှင့်၊ စီးပွားတစ်နှစ်၊ ဘယ်လောက် မျှား ဖြစ်ပါတုန်း၊ စစ်စစ်ပေါက်ပေါက်၊ ၀မ်းရေးလောက်၍၊ ဝေးသောက်သည့်ပြင်၊ လက်ကမ်း ခြေကပ်၊ ပိုမိုမြတ်လို့ အဖတ်တင်၊ အိမ်တွင်ထုပ်ရ၊ ကျုပ်ဖေငင်လှမှာ၊ ငွေစဖယ်လောက်များသလဲ။ ခါး၀တ်လဲမှာမလွဲစင်စစ်၊ မျက်မြင်ဖြစ်၍၊ မစစ်သာဘူး၊ ဗလချာချွတ်ခြုံ၊ ဖွားတက်တော်မှမပေါ်ခဲ့၊ လုံအောင်အနိုင်ပုံးရတယ်၊ စားဖွယ်သောက်ခင်း၊ ဘယ်ထမင်းနှင့်၊ ဘယ်ဟင်းချဉ်ချို၊ ဘယ် နှယ်များ မျိုရတုန်း၊ နှမလိုစိတ်ကခဲ့လို့၊ မြစ်နံကိုပြန်၀မ်းပါ့မောင်ကြီးရယ်။

ရေသည်ယောကျ်ားဆို။ ၊ဆဲထုံးတော်ကြီး၊တပသီးနှင့်၊ခါးစည်း၀တ်လဲ၊ချုပ်ပဲ့ပြဲကို၊တဲ့ အပ်နှင့် တွယ်၊ လူမြင်သမျှ၊ စိတ်ပျက်အောင်လှပါတဲ့၊ မရေသည်၊ ကုန်သွယ်ရေရောင်း၊ စီးပွား၊ကြောင်းနှင့်၊ လူကောင်းကိုယ့်မောင်၊ ရွှန်းလှဆောင်၊ ၀အောင်စား၍၊ ခါး၀တ်တဲ့မြင်၊ လက်ကမ်းခြေကပ်၊

ပိုပိုမြတ်လို့ အဖတ်တင်၊ အိမ်တွင်အမျှား၊ သံသေတ္ထာနှင့်လုံစွာထား။ ငွေသား‌လေးရွေး ရှိပါတယ်။ သည်ပစ္စည်းတွေ၊ လေးရွေးငွေကြေးနှင့်၊ စိတ်သေလက်ချ၊ မအိပ်ရနိုင်ဘူး၊ ညမူညလူ၊ သူခိုးမျှား ပူလွန်းလို့။ ကိုယ်ထူကိုယ်ထ၊ ကင်းဝတ်လှည့်၍ စောင့်ခဲ့ရ၊ ကာလမနည်းကြာပါပြီ၊ ညစ်နှံ့နက်၊ စားရှာက်မှာတော့၊ မြက်သီးရောရာ၊ မုရင်းဆိုတဲ့၊ ဆန်အိုတာကို၊ ရတနာချဉ်ပေါင်း၊ ငါးပိ အလျင်း၊ ဆီမဆင်းတဲ့၊ ဟင်းမျှားနောင်နှင့်၊ အာခေါင်ကိုဆွတ်၊ မဝင်ချင်း၊ လည်ချောင်းကို စင်းပြီးလျင်၊ အတင်းသာသူတ်ရတယ်၊ ခါးဝတ်လဲမှာ၊ မျက်မြင်ပါပဲ၊ ဥစ္စာပြည့်စုံ၊ ခနဂုဏ်နှင့်၊ ကုလိုအိခြင်း။ မသိမ်ဖျင်းပါဘူး၊ လူဆင်းရဲမမှတ်ပါနှင့် အမိငယ်၊

ရေသည်မိန်းမဆို။ ။ငွေလေးရွေးနှင့်၊ ငွေးအောင်ကြွယ်ဝ၊ ဥစ္စာပေါတဲ့၊ ဇောတိကငယ်၊ နှမမှာလည်း သည်လိုပဲ၊ မြေထဲသို့မြှုပ်၊ ကိုယ်သဘောက၊ ခင်ပွန်းမျှားရခဲ့လျင်၊ သူငွေးမလုပ်မယ်လို့၊ ငွေထုပ်ကြီးမာ၊ လူမယိအောင်၊ ပုံးဖိလို့ ထားလိုက်တယ်၊ စီးပွားဆောက်ဦး၊ က‌ချင်းပဲနီး‌ရေ့ထင့်၊ မောင်ကြီးနှင့် တူရာမှာ၊ ငွေဖြူလေးရွေးရှိပါတယ်။ သည်ငွေလေးရွေး၊ ဥစ္စာဝန်လေးလွန်းလို့၊ အရေးမတော်၊ ခိုးသူလုယက်၊ မင်းနှိပ်ဝက်ရှိဖျက်ခဲ့သော်၊ ကူဖော်လောင်ဖက်မရှိလျင်ဇက်တာပို့၊ နစ်သက်လောက်သူ၊ စည်းစိမ်ကြီးကို၊ ထီးလိုအုပ်ရှိချုပ်မည့်သူကို၊ တစ်ဆူယေကျိုး၊ ဇမ္ဗူမှာရှာလွန်းလို့၊ လင်သားမယူ၊ အပျိုကြီးလုပ်ရှိ၊ ရွှက်အုပ်သီးပူရတယ်၊ က‌တူတဲ့ မယ်သခင်၊ ဘယ်ခါမှဝရွှံးလို့၊ ရွှေမှန်းရည်ချဉ်မယ်သိ၊ ထင်ရမှက်ကယ်နှင့်၊ စောင့်လျက်သာ နေရပါတော့တယ် ကျုပ်မောင်ငယ်၊

ရေသည်ယောကျ်ားဆို၊ ။သုံးခွဲမကုန်၊ တောင်နှယ်ပုံ၊ ငွေမှန့်လေးရွေး၊ ခြိမ့်အောင်ကြွယ်တဲ့၊ မယ်သူ ငွေးငယ်၊ ရွေးလွန်းလျင်မရ၊ သေးလွန်းလျင်မလှတဲ့၊ ရွေးကပုံထား။ လူထဲမှာမနှံ၊ လူဖြစ်ထွေကို၊ အကြေသားနှင့်၊ ဇာတ်သွားရွှည်အောင်၊ အရေးဆောင်လို့၊ ကွေ့ချောင်ဝေစု၊ တောက်စရာလုပ် ရဏန်း၊ ငွေထုပ်ချင်းတူ၊ လူရွယ်ချင်းမျှ၊ အလှချင်းနတ်ဖက်၊ တိုင်းရှိရက်တဲ့ ပက္ကလာ၊ မိုးရွာသည်နှင့် အခန့်သင့်၊ အခွင့်ဆီဆိုင်၊ အတိုင်အလှည့်၊ အစပ်ဖြင့်တဲ့လူပေါ့၊ ဂျင်းပဲ့ချင်းပေါက်ကြစို့၊ နောက်မဆုတ်တမ်း၊ သည်ယနေ့တွင်ဖြင့်၊ ဘိလူးတွေ့လက်ရသိမ်းလို့၊ အစိမ်းဖမ်း ဖမ်းတော့မည်၊ ပတ်ကြမ်းတီးပဲကြီး‌ငေကြစို့ ငဲ့လေအမိရယ်။

ရေသည်မိန်းမဆို။ ။မကြီးသက်လှယ်၊ မျက်ထားချိတဲ့၊ ကိုရေသည်ငယ်၊ ချစ်တယ်ကြိုက်တယ်၊ အတင်းအကျပ်၊ နောက်ပိုးထင်လို့၊ တောက်တဲ့ကင်တူယ်လေသည်၊ ဘယ်နှယ်တုန်းခုတင်ခုံ၊အရပ်မူဆော်သလို၊ တော်ရုံပင်သေဘူပါရော့၊ ပေါ့ပေါ့တန်တန်၊ ဟင်းရွက်ကန်ဝန်း၊ သရေနွမ်းအောင်၊ ထလတ္ထန်းကြတယ်လို့၊ ဟန်ပန်ရနိုင်ပါ့မလား။

တစ်နပ်စာအကြံ၊ တကယ်တမ်းမှန်လျင်၊ စားရန်ခန်းဝင်၊ သေတ္ထာနှင့်အလေး၊ ငွေလေး ရွေးကို၊ ကြိုက်ကြေးထင်မှ၊ အကြင်လင်မယား၊ လူနှင့်တူလို့၊ လူခံညားတော့မပ၊ ငွေသွားလို့ယူ၊ ငွေမြင်လျင်လင်လုပ်မည်၊ အဟုတ်ပဟုတ်လူရယ်၊ ဇမ္ဗူလုံးနတ်၊ထိုမင်းမြတ်မှာလည်း၊ ပြာသာဒ်ဘုံ‌ပျံ၊ နန်းသိမ်းပွဲခံလိမ့်မည်။ ပန်းမန်နံ့သာ၊ လိမ်းကျံ‌ကာနှင့်၊ ကြင်ရာမကွဲ၊ အချိဝယ်လို့၊ ပွဲဝလယ်မှာ ဇာတ်ရအောင်၊ ပဝက်သပြာ၊ ‌လေးရွေး ဟာကို၊ မြန်စွာသာ ယူချေတော့မောင်ကြီးရယ်၊

စလေဦးပုညသည် ဆဒ္ဒန်ဆင်မင်းပြဇာတ်၌ မြတ်စွာဘုရားအလောင်းဆဒ္ဒန်ဆင်မင်း၊ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါနှင့် သောနုတ္တရ မုဆိုးကြီးတို့လေးဦးကို ဗဟိုပြု၍ ဖွဲ့ဆိုစီရင်သည်။ ဤပြဇာတ်တွင် သောနုတ္တရမုဆိုးကြီး၏ ကြန့်အင်လက္ခဏာကို ပေါ်လွင်အောင် ရေးဖွဲ့ရာ၌ အံ့မခန်းလိလိ လက်စွမ်းပြောင်ဘို့၏၊ စလေဦးပုညသည် သူကျင်လည်ကျက်စားခဲ့သော

ဝန်းကျင်၊ သူ၏ စူးရှထက်မြက်သော စိတ်ကူးဉာဏ်တို့က သူ၏ ကလောင်ဖျား၊ ကညစ်ဖျားတွင် စီရင်ချိပေါ်လာပုံရပေသည်၊ စွဲဆောင်ဘဒ္ဒါက မုဆိုး၏ အနေအထိုင်၊ လူပုံသဏ္ဌာန် အကဲခတ်ပုံရေးချဖွဲ့ထားသည်၊ လူကြမ်းကြီး၊ လူပေလူတကြီး၏ ရုပ်အဆင်းသဏ္ဌာန်၊ ရုပ်ကြွက် အင်္ဂလိပ်စာတို့ သည် မျက်စိထဲတွင် ကွင်းခဲနဲ့ ကွက်ခဲနဲ့ ပေါ်လာချဲ့သာမက စက်ဆုပ်ခြင်း၊ မနှစ်မျို့ခြင်းတို့ကိုပါ ဖိတ်ထဲ၌ ခံစားစေရသည်မှာ ထူးခြားလှသော စာပေဂုဏ်မြောက်မှုတစ်ရပ် ဖြစ်ပေသည်၊ ထိုဖွဲ့ဆိုပုံကို ထုတ်နုတ်တင်ပြပါဦးမည်၊

ဤယောကျ်ားသည်၊ အမျှားနှင့်မတူ၊ အမူကြမ်းဓာတ်၊ ကွဲအက်ညစ်တေ၊ လိပ်ကျောက်ရေနှင့်၊ ဇင်ခြဖဝါး၊ ထန်းပင်မပြဲကဲ့သို့၊ ကြီးမားသော ဝဝါးရှိသည်၊ မြင်း ခေါင်း ကောက် ကွေ့၊ မွေးမှင်သဲသဲ၊ ဆန်ထုပ်ဆွဲသကဲ့သို့၊ တွဲလျားကျသော သလုံးသားလည်းရှိသည်။ ခွိုးဆက်လိမ်ကွေ့၊ မစေ့မစပ်၊ ကျင်ဖုတပ်သကဲ့သို့၊ မသပ်မပါယ်၊ ခွ ့ဖယ်သီး၊ အလွန်ကြီးသော၊ ဒူးဆစ်လည်း ရှိသည်၊ ရေပဲဟောင်းကျောင်းဆိုး၊ အမိုးပျက်ပြို၊ ရနံ့ထိုကဲ့သို့၊ ဖရိုဖရဲ၊ ကြီးကြွယ်ဖို့ ယိုင်းသော နံကိုင်းနံခွိုးလည်းရှိသည်။ ထန်းစစ်ကြောဝက်သိုက်၊ မဲခင်ကြက်သိုက်၊ တမြက်ခွေးမွှိက်ကဲ့သို့၊ ဖုတ်သိုက် ထူပျစ်၊ ကောက်ကျစ်လိမ်ရွှမ်းသော မုတ်ဆိတ်ပါးမုန်းလည်း ရှိသည်။ တယ်လူးကုပ်ကွေး၊ ပြောင်းဖူးမွေးကဲ့သို့၊ နီတွေးသောကျင်စွယ်လည်းရှိသည်။ ခပ်ဝါနီကြန်၊ ကြောင်မျက်ဆန်ကဲ့သို့၊ လုံးမန် သိမ်ဖျင်း၊ မျက်နှက်ကင်း၍၊ ထုတ်ချင်းဆတ်ကြောင်သော မျက်စိလည်းရှိသည်၊ စာသူငယ်ကြား၊ လင်းတနားသကဲ့သို့၊ မုဆိုးများအလယ်တွင်၊ ကြောက်ဖွယ်ကျားတာ၊ ကြီးမားမြင့်မောက်သော ကိုယ်လည်းရှိသည်။

သောနတ္တရ မုဆိုးကြီးသည် ဆဋ္ဌန်ဆင်မင်းက သူ့အား ဘာကြောင့် မြားဖြင့်ပစ်ရသနည်းဟု မေးမြန်း သော အခါ မုဆိုးကြီး လျှောက်ထားပုံကလည်း အချက်မိမိ ထိထိရောက်ရောက် ရှိလှသည်ကိုတွေ့ရသည်၊ ဤနေရာတွင် စွဲဆောင်ဘဒ္ဒါက ဂုဏ်ယ်သော ဆင်စွယ်များကို မပန်လို၊ ဆဋ္ဌန်ဆင်မင်း၏ အစွယ်ကိုသာမပန်ရလျှင် သေရတော့မည်ပုံ၊ မယား ချွေလျှင် ထိုလူကြီး ဘုရင်မင်းမြတ်က မနေတတ်မထိုင်တတ်ဖြစ်ရပုံ၊ သုံးယောက်သား အနက်တွင်မှ က ်ကွက်ကျား၍ သေရပါတော့မည်ဟု လျှောက်ထားပုံမှာ ရယ်စရာလည်း ကောင်း၍ သနားစရာလည်းကောင်းကြောင်း တွေ့ရှိရသည်၊ လောကဌ ယောကျ်ားတို့ သည် မိန်းမတို့၏ ဆန္ဒအလိုကိုလိုက်၍ ဆောင်ရွက်တတ်ပုံ၊ ဇနီးမိန်းမဖြစ်သူက တစ်ချက် ရင်ခွင်ထဲ ခေါင်း ဝှက်၍ ပြောလိုက်လျှင် မနေတတ်မထိုင်တတ်ဖြစ်ရပုံတို့ ရေးဖွဲ့ရာ သရုပ်သကန် ပေါ်လွင်လှသော စာပန်းချီကားချပ်များ ဖြစ်ပါသည်၊ ယင်းအကြောင်းကို ဖော်ပြပါဦးမည်၊ စာပေအရသာ ခံစားကြပါကုန်ဦး

"မုဆိုးလည်း ဆင်မင်းသခင်၊ ထိုပ်ခေါင်တင်၊ လူဘိုမုဆိုး၊ ကျွန်တော်မျိုးကား၊ ကိုယ်ကျိုးဆန္ဒ၊ ကိုယ့်ကိစ္စကြောင့်၊ သတ်ရသည်မဟုတ်ပါ။ ကာသိမင်း၏၊ သက်နှင်းတောဘဒ္ဒာ၊ သုဘဒ္ဒါဟု၊ အဆာကျယ်လှ၊ ရွှင်ဘုင်မကြီးက၊ မြမရှာ၊စိန်မရှာ၊၊ အလွန်ပင်မျှားသည်ကို၊ နှားလေးလေဟန်၊ ဆင်စွယ်မှုန့်လိုသည်၊ သာမန်ဂုဏ်ငယ်၊ ဆင်နက်စွယ်များကိုလည်း၊ နှာဝယ်လက်မခံ၊ ညွှ ်ခေါ်နှံသည်ဟု ရွှ သတဲ့ဘုရား၊ ထိပ်ထားဘုန်းမေဝံ၊ ဆင်မင်းကျော်၏၊ စွယ်တော်နှစ်ချောင်း၊ ခြောက်ဓနုဆင်မောင်းကိုသာ၊ နှာတောင်းပွတ်၍၊ ဆင်ဝတ်တော် မူလိုသည်၊ ဆဋ္ဌန်ဘုန်းကြွယ်၊ ကိုယ်တော်ပြေတဲ့ အစွယ်ကို၊ နှာဝယ်လှလှ၊ မဆင်ရလျင်၊ စိတ်ချပေရော့၊ သူသေပါတော့မည်ဟု၊ ရွှန်နှင်းကျော့ရွင်၊ သူ့ချစ်လင်၏၊ ရင်ခွင်ကြားမှာ၊ ခေါင်းထားချ်အသေ့၊ ငိုပါရော့သည်ဘုရား၊ ပင်ပန်း

လိုက်မို့၊ သူ့မယား ငိုတည်လျှင်၊ ဟိုလူကြီးက၊ ပျာရီးပျာယာ၊ ပဇာအရေး၊ မတွေးမမြော်၊ ကျွန်တော့်ကိုခေါ်ပြီးလျှင်၊ ဟဲ့ နေ့ လုဒ္ဓက၊ ဆင်စွယ်ကိုမရလျှင်၊ ဇီဝနတ္ထိ၊ နင်သေမည်သိစ့်ဟု၊ မင်းသမီးမနှစ်ဝဲနှင့်၊ အံခဲ၍ မိန့်ရာတွင်၊ ခုသေမလောက်၊ ကျွန်တော်မျိုး ကြောက်လှချို့၊ ခေး အောက်ကသာ၊ အနိုင်ခွာ-ခွာပြီးမှ၊ တောမှာပင်သေသေ၊ ဖြစ်လိုရာဖြစ်စေဟု၊ မသွေမဖောက်၊ ဆက်ပါမည် လျှောက်သည်တွင်၊ နှစ်ယောက်စလုံး၊ တပြုံးပြုံးနှင့်၊ အသုံးက ကျွေး၊ ငါးရွာစား ပေးပြီးလျှင်၊ ကျေးဇူးရှင်မ၊ သူ့ကိုယ်တိုင်လမ်းပြ၍၊ ဘုန်းဘုရားစွယ်တော်မြတ်ကို၊ အမြတ် ကျွန်တော် ရောက်ပါသည်၊ အစွယ်ကိုလိုသူ မိုးရား၊ အသွားစေခိုင်းသူမင်းကောင်၊ လေးပစ်သူ ဘုရဒ့် ကျွန်တော်၊ ကြံဖော်ကြဖက်၊ သုံးယောက်သား အနက်တွင်မှ၊ က ကွက်ကျား၍၊ ငိုက်သား မုဆိုးလေ၊ နှင့်ချည်းပင် သေပေတော့ဟု၊ ဌေတောင်ကြီးအဟန်၊ ဆဒ္ဒန်မင်းမြတ်၊ ကျွန်တော်အား သတ် လျှင်လည်း၊ မထွတ်နိုင်ရာ၊ သေရပါတော့မည်။ ကဓဏာဒ္ဓေးရှူး၊ လွှတ်တော်မူလျှင်လည်း၊ လူမထိမှာ၊ ကျွန်မိန္ဒာသည်၊ ချမ်းသာရပါတော့မည် ဘုရားဟု တောင်းပန်လျှင်"

(၃)

ယခု သာဓကအားဖြင့် ထုတ်နုတ်တင်ပြလိုက်သော စာရေးဆရာကြီး၊ ကဗျာ ဆရာကြီး စလေ ဦးပုည၏ ဝိဇယပြဇာတ်၊ ရေသည် ပြဇာတ်၊ ဆဒ္ဒန်ဆင်မင်း ပြဇာတ် ဤပြဇာတ် သုံးပုဒ်တွင် ဘဝဆန်ပြီး အတွေးအခေါ် အယူအဆတို့သည် လူ့ဘဝနှင့် နီးစပ်လှကြောင်း တွေ့ရ ပေသည်။ ဖွဲ့ဆိုမှု မှာလည်း အလင်္ကာစာပေ ဂုဏ်မြောက်လှပြီး စာတစ်လုံးချင်း၊ စာတစ်လုံးချင်း အဓိပ္ပာယ်မှာလည်းပြောင်မြောက်လှသည်၊ စာရေးဆရာကြီး၊ ကဗျာဆရာကြီး စလေ ဦးပုည၏ စာများကို ယနေ့စာရေးဆရာ လူငယ်များ၊ကဗျာဆရာ လူငယ်များ ဧ့ဝုစွာ ဖတ်ရှုလေ့လာ သင့်ကြောင်း အကြံပြု ထိုကိတ္တုန်းလိုက်ပါသည်၊

မြန်မာစာပေ ယဉ်ကျေးမှု မျက်နှာစာတွင် သူ၏ ပြဇာတ် ကဗျာဝတ္ထုများသည် မြန်မာစာပေ အင်အားထုထည်ကြီး တစ်ခုအနေဖြင့် အခိုင်အမာ ရပ်တည်လျက် ရှိပြီး ဖြစ်ပေ သည်။ မြန်မာစာပေ၏ ဥပမာများ၊ ဥပစာများ၊ ရသများ၊ ဂုဏ်များကို သူ၏ စာထဲတွင် ကြိုက်သလို မွေနှောက် ဖတ်ရှုပညာရယူနိုင်သည်၊ ထို့အပြင် စာရေးဆရာကြီး၊ကဗျာဆရာကြီး စလေ ဦးပုညကို အ ဘယ် ကြောင့် အင်လန်နိုင်ငံမှ စာပေ ပညာရှင် အကျော် အမော် ရှိတ်စပီးယား နှင့် နိုင်းယှဉ်ပြောဆိုကြပါသနည်း ဆိုသောအချက်ကိုလည်း သုတေသန ပြု၍၊ စုံးစမ်း ရှာဖွေ၍၊ နိုင်းယှဉ်လေ့လာ၍ ပြုကြသင့်ပြီဟု ယူဆပါသည်၊ စလေဦးပုည ရေးသော စာစုများ၊ ရှိတ်စပီးယားရေးသော စာစုများကို စာရင်း ပြုစု၍ စာပေ ဂုဏ်မြောက် မှုကို တစ်ခုစီ တစ်ခုစီ ထုတ်နုတ်ကြည့်ရှုကြမည်ဆိုလျှင် ထူးခြွန်ပြောင်မြောက်သော စာပေဂုဏ်၊ စာပေအရင်းအမြစ်တို့ကို တွေ့ရှိကြရမည်သာ ဖြစ်ပါသည်၊ အကယ်၍ ဖြစ်နိုင်လျှင် စာရေး ဆရာကြီး၊ကဗျာဆရာကြီး ဦးပုည၏ စာများကို အင်္ဂလိပ်ဘာသာသို့ စနစ်တကျအဆင့်အတန်း မြင့်မြင့်ပြန်ဆို၍ ထုတ်ဝေနိုင်က ကောင်းလေစွဟု တွေးတောမိပါသည်၊

မြန်မာလူမျိုးတို့ဘဝ၊ မြန်မာလူမျိုးတို့၏ စိတ်နေစိတ်ထား၊ မြန်မာ လူမျိုး တို့၏ နေထိုင်စားသောက်မှုတို့ကို ဘဝသရုပ်ပေါ်ပြင်စွာ ဖော်နိုင်သော စာရေး ဆရာကြီး၊ ကဗျာ ဆရာကြီး စလေဦးပုည၏ စာများသည် ယခုအခါ စာပေမြတ်နိုးသူ၊ စာပေ လိုက်စားသူတို့ အတွက်လည်း ဖတ်ရှုလေ့လာရန် ရွေးပါးနေပြီ ဖြစ်ကြောင်းလည်း သတိပြုမိပါသည်၊ ထို့ကြောင့် မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး၊ ပညာ ပြန့်ပွား လှုံ့ဆော်ရေး အဖွဲ့

အနေဖြင့် စလေဦးပုညဏ် စာပန်းကုံးစာစုများကို ထုတ်ဝေလိုက်ပါသည်၊ ဤမြန်မာပြဇာတ်၊ ဝတ္ထု၊ကဗျာများကို မြန်မာစာပေလောကတွင် အစဉ်ရှင်သန်လျက် ကြီးထွားနေစေရန် မြန်မာလူမျိုးတိုင်းက ကြိုးပမ်း အားထုတ် လုံ့လပြုနေကြရမည်သာ ဖြစ်သည်ဟု စွဲမြဲစွာ ယုံကြည်ထားပါသည်၊ ဤမြန်မာ ပြဇာတ်၊ဝတ္ထု၊ ကဗျာများသည် စာပေယဉ်ကျေးမှု၊ ဘာသာရေး၊ အကျင့်စာရိတ္တ၊ လူမှုရေး စသည့် ပညာရပ်များကို ပေးစွမ်းနိုင်သော စာစုများ ဖြစ်ကြောင်း၊ ဖော်ပြလိုက်ပါသည်၊

ဗိုးညွှန့်

ဦးကြွန်

မျိုးချစ်စိတ်ဒေတ်ထက်သန်ရေး

ပညာပြန့်ပွားလှုံ့ဆော်ရေးကော်မတီ၏

ဒေနယ်ဒေါ်အဖွဲ့

ခုနှစ်၊ ၁၉-၉-၉၁

ကြာဆပတေးနေ့

နေထူး၊ ရန်ကုန်မြို့။

စာပန်းကုံးများကို သီပါသည်

မြက်ခင်းစိမ်းနုနုတွင် ပန်းပွင့်များပြန့်ကျဲလျက်ရှိသည်။ဟိုနားမှာတစ်ပွင့်၊ သည်နားမှာ တစ်ပွင့်၊

ပန်းပွင့်လေးများမှာ မက်မောစရာ ကောင်းလှသည်။ အသွေးအရောင်ကလည်းစုံသည်။ နီသည်၊ ဝါသည်၊ ပြူသည် စသည်ဖြင့် –

ပြန့်ကျဲနေသော၊ စွဲမက်စရာကောင်းသော ပန်းပွင့်များကို ယုယသည့်လက်များဖြင့် ယူကျုံးမိသည်။ ထို့နောက်၊ အမြတ်တစ်နိုး လည်မှာဆွဲရန်အတွက် သီကုံးလိုက်သည်။

သို့ဖြင့် "ဦးပုည၏ စာပန်းကုံးများ" ပေါ်ပေါက်လာတော့သည်။

ကုန်းတောင်ခေတ် စာပေလောကမှစတင်၍ ယနေ့တိုင်အောင် နေတစ်ဆူ၊ လတစ်ပါး ကဲ့သို့ ထင်ရှားလှသော စာပြုစာဆို ပုဂ္ဂိုလ်ကျော်ကြီးမှာ စလေဦးပုညဖြစ်သည်။ ဦးပုည ရေးသားခဲ့သော စာပေတို့မှာ မြန်မာ့စာပေလောကတွင် ထင်ရှား ကျော်ကြားခဲ့ရုံမျှ မက စာ့မျက်လုံး၊ ကဗျာ့မျက်လုံး၊ စာကိုင့်၊ ကဗျာမကိုင့် ဖြစ်သည်။

ဦးပုည၏စာများသည်စံပြစရာ၊စံပြစရာ၊ အမွှန်စာစုများဖြစ်သည်။

ဦးပုည၏စာတို့သည် မြန်မာစာပေလောကတွင် နေ့လကဲ့သို့ အစဉ်ထွန်းလင်းပြီး အမြဲ ဆန်းသစ်နေမည်၊ မရီးနိုင်သော ဆန်းသစ်သည့်စာပေဖြစ်သည်။

ယင်းသို့ စာပေအမွှန် ဖြစ်သော ဦးပုည၏စာတို့မှာ ယခုအခါတွင် ပြန့်ကျဲလျက် ရှိနေသည်။ ဦးပုည၏ စာစုများအားလုံးကို စနစ်တကျ တည်ဖြတ် ထုတ်ဝေမှုမှာလွန်စွာပင် အားနည်းခဲ့ရသည်။ ထိုအားနည်းချက်ကို ဖြည့်ဆည်းနိုင်ရန် ယခု ကြိုးစားခြင်းပြုပါသည်။

ဦးပုည၏ စာစုများကို ရှာဖွေစုဆောင်းရသည်မှာ မလွယ်ကူလှပါ၊ အချို့မှာ တိမ်မြုပ်ပျောက်ကွယ်ကုန်ပြီ၊ဟု သိရှိရပါသည်၊ အချို့မှာလည်း ဦးပုည အမှန်တကယ် ရေးသားသည်၊ မရေးသားသည်တူသော သံသယများကြောင့် ဇာခြင်းပွားစရာ စာစုဖြစ်နေ၍ ဤစာအုပ်တွင် ချန်လှပ်ထား ခဲ့ရပါသည်၊ ဥပမာ - မဟော်ပြဇာတ်၊

မဟော်ပြဇာတ်ကို ရေးသား ခဲ့သူတို့မှာ ဦးကြင်ဥနှင့် စလေဦးပုညတို့ ဖြစ်သည်ဟု ဆိုကြသည်၊ ထိုစာဆိုများ ရေးသည်ဟုဆိုသော စာအုပ် နှစ်အုပ်ထိုလည်း တွေ့ရှိရသည်၊

ပထမ တွေ့ရှိရသော ပြဇာတ်စာအုပ်မှာ ၁၉၂၈ခုနှစ်၊ ဟံသာဝတီတိုက်ထုတ် စလေဆရာကြီး ဦးပုည ရေးသားစီရင်အပ်သော မဟော်ပြဇာတ်ဟု အမည်ပေးထားသည့် စာအုပ်ဖြစ်သည်။ ထိုစာမူနှင့် ပတ်သက်၍ ဥပဒေရှိ အများကပင် အသေအချာ ဝေမန် လေ့လာပြီးနောက် စလေဦးပုည၏ လက်ရာ မဟုတ်နိုင်၊ ဦးကြင်ဥ၏ လက်ရာသာ ဖြစ်သင့်သည်ဟု ယူဆပြီး ထိုယူဆချက်အတိုင်းပင် သတ်မှတ်ခဲ့ကြသည်၊

ဒုတိယ မဟော်ပြဇာတ်စာမူမှာ ပရဝိုက်တစ်ဆူပေါ်တွင် တင်ထားသော စာမူဖြစ်၍ မန္တလေးမြို့ မကွရာ ကျောင်း ထိုက် မှ ရသည့်စာဟု သိရ သည်၊ ထိုစာမူတွင် သက္ကရာဇ် ၁၂၉၄ခုနှစ်၌ ရေးကူးသော မဟော်ပြဇာတ်ဟု ရေးသားပါရှိသည် ဆို၏၊ အရေးကြီးဆုံး ဖြစ်သော ပြဇာတ် ရေး သူ ၏ အမည်ကို ဖော်ပြထားခြင်း မရှိချေ၊ သို့သော် ထိုစာမူ

ကိုတွေ့ရှိကြသူများက စကားအသုံးအနှုန်းပရိယာယ် ဝေါဟာရတို့ကို လေ့လာဆွေးနွေး ဝေဖန်လျက် ဦးပုည ရေးသားသော စာမူဖြစ်သည်ဟု ယာယီ အားဖြင့် သတ်မှတ်ခဲ့ကြသည်။

ဤစာအုပ်ထွင် ဦးပုညရေးသားခဲ့သည့် ပြဇာတ်များကို စုစည်း ဖော်ပြထားသည်။ ဦးပုညရေးသားခဲ့သည့် ပြဇာတ်များဆိုသော်လည်း ပြဇာတ်အားလုံးမှ မဟုတ်ပါ။ ဦးပုည ရေးသားခဲ့သည့် ဝါသနာဝေအမည်ရှိ ပြဇာတ်ကို ဖော်ပြနိုင်ခြင်း မရှိပါ။ ယင်းပြဇာတ်ကို ဦးပုညရေးသားခဲ့ကြောင်းသာ သိရှိရသည်။ ယနေ့အထိ ယင်းပြဇာတ်၏ စာမူကို ရှာဖွေ မတွေ့ရ၊ ထို့ကြောင့် ဖော်ပြနိုင်မှု မရှိခြင်းဖြစ်ပါသည်။

ဦးပုညသည် စာရေးအားခကောင်းခဲ့သည့် စာဆိုကြီးဖြစ်၊ သူ့စာများမှာ အများ အပြားပင်ကျန်ရစ်ခဲ့သည်။ သူ့စာများကို အမျိုးအစားအားဖြင့် ခွဲခြားရလွယ်ပြဇာတ်များ။ တရားဟောစာအမျိုးမျိုး (ယခုခေတ်အခေါ်ဝတ္ထု) မော်ကွန်းများ၊ ပဋ္ဌာန်သတ်ပုံများ။ ဗေဒင်ဟောကိန်းများ။ ဗေဒင်ဇာတာဟောကိန်းတေးထပ် ခမတ္ထာစာများ၊ တေးထပ်ရိုးရိုးနှင့် ရွှန်ဆယ်ပေါ်တေးထပ်များ၊ ဆေးနည်းဆေးကုမ်းများ၊ လင်္ကာဒဏ္ဍီးမျိုး၊ သာသနာလေ့ာက်နှင့် ဆွမ်းတော်ကြီးတင်စာတမ်းစုံးခုင်းများ၊ ဝိုဏ်းဂျင်းများ၊ သဒ္ဒါပုစ်ဆစ်နှင့် နာမ်ပြောက်နိဿယများ၊ လေးချိုး၊ ငွေးချိုး၊ တောလား၊ လင်္ကာနှင့် ကဗျာများ ဖြစ်သည်။

ဤမျှများပြားသော စာများထဲ၊ ပြန်ကဲ့ခနသော စာများကို၊ အချို့ပျောက်ကွယ်လုနီးပါးရှိနေသော စာများကိုစုစည်း၍ လိုအပ်သလို စီစဉ် တည်းဖြတ်တင်ဆက်ပါသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း ဦးပုည၏စာများမှာ အများအပြားပင်ရှိနေရာ ယခုအတွဲ နှစ်တွဲ ခွဲခြား၍ဖော်ပြလိုက်သော ဦးပုည၏ စာများသည်ပင်လျှင် ဦးပုညရေးပြီးခဲ့သမျှသော စာများ အားလုံးဖြစ်သည်ဟု မဆိုနိုင်ပါ။ ရှာဖွေ၍ မတွေ့ရှိသေး၊ လင်္ကာမဲ့မမီသော စာစုများ ကျန်ရှိနေပါလိမ့်ဦးမည်။

စာပေသုတေသီများ၊ စာပေပညာရှင်များ၊ စာပေ လေ့လာ လိုက်စား သူ များ ကို အနုးအညွတ် မေတ္တာရပ်ခံလိုပါသည်။ ဤစာအုပ်များတွင် ဖော်ပြသည့် ဦးပုည၏ စာများ အပြင် မိမိတို့ လက်ဝယ်ရှိ ဦးပုည၏ စာများ ရှိနေကြဦးမည် ဆိုပါက ကူညီပံ့ပိုးကြစေလိုပါသည်၊ ယင်းသို့ ကူညီပံ့ပိုးကြမည်ဆိုလျှင် ဦးပုည၏ စာပန်းကုံးများ(တတိယတွဲ)ကို ထုတ်ဝေ ထွားနိုင်ရန် ကြိုးစား စီစဉ်ပါမည်။

ယခုလောလောဆယ်တွင်မူ ဦးပုည၏ စာပန်းများကို ပန်းကုံးများအသွင် အစီ အရီ ထည်အညာ သိကုံး တင်ဆက်အပ်ပါသည်။

တင်ထွေး

၁၉၉၁-ခုနှစ်၊ စက်တင်ဘာ(၇)ရက်

ရန်ကုန်မြို့၊

ဦးပုည၏စာပန်းကုံးများ

(ဒုတိယတွဲ)

စာမိတ်ဆက်

(၁)

စလေဦးပုည၏ စာပေများသည် အရေအတွက်လည်းများသည်၊ အရည်အသွေးလည်းကောင်းသည်၊ အမျိုး အမည်လည်း အတော်စုံသည်၊ မြန်မာစာပေ နယ်ပယ်တွင် လေးစားထိုက်သော စာကောင်း ပေမွန်များအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နေသော စာပေများဖြစ်သည်၊

ယခုတင်ထွေး စုဆောင်းတည်းဖြတ်သော 'ဦးပုည၏စာပန်းကုံးများ' ဒုတိယတွဲတွင် မေတ္တာစာ၊ တေးထပ်၊ မော်ကွန်း၊ ဝိုးချင်း၊ သာသနာလျှောက်၊ ဆွမ်းတော်ကြီးစာတမ်းနှင့် ထွေထွေရာရာ အခြားစာများကို တစ်စုတစ်စည်းတည်း ဝေဝေဆာဆာတွေ့ရပါသည်၊

(၂)

'မေတ္တာစာ' သည် မြန်မာ စာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးတွင်ကျယ်ခဲ့သော စာပေအဖွဲ့မျိုးဖြစ်သည်၊ အဓိကအားဖြင့် (၅၂၀)သွယ်မေတ္တာကို အရင်းခံကာ ရေးဖွဲ့သော စာမျိုးဖြစ်သည်၊အင်းဝခေတ်တွင် ရဟန်းတော်တို့က ဘုရင်မင်းမြတ်တို့ထံ မေတ္တာရပ်ခံသော စာအဖြစ် စတင်ပေါ်ပေါက်ပြီး ခေတ်အဆက်ဆက်တွင် အကြောင်းအရာအားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း တစ်စတစ်စ နယ်ပယ် ကျယ်ပြန့်လာသည်၊ အစပိုင်းတွင် မေတ္တာရပ်ခံသောစာ၊ 'မေတ္တာခံယူသောစာ' အဖြစ်မှ မေးမြန်းချက်ကို ဖြေသောစာ၊ လိုက်နာဖွယ် ဆုံးမသောစာများအဖြစ်လည်း အသုံးဝင်လာသည်၊ ရေးဖွဲ့ရာတွင်လည်း စကားပြေသက်သက်ဖြင့် လည်းကောင်း၊ လင်္ကာစပ်စကားဖြင့် လည်းကောင်း၊ ကဗျာဖြင့် လည်းကောင်း ရေးဖွဲ့လာကြသည်၊ ဦးပုညပေါ်ထွန်း ၁သာ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင်ကား မေတ္တာစာ၏ နယ်ပယ်သည် အကျယ်အပြန့်ဆုံး အနေအထားသို့ ရောက်နေပေပြီ၊ ဆရာနှင့်၁ကာ၊ မိဘနှင့်သားသမီး၊ ဆွေမျိုးချင်း၊ဇနီးမောင်နှံချင်း၊ မိတ်ဆွေချင်း စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး ဆက်ဆံပေးပို့သော 'ပေးစာ' အဖြစ်သာမက ဘုန်းကြီးဝင့်စာ၊ အလှူဖိတ်စာနှင့် လက်ဖက်ကြော်ငြာစာအထိ မေတ္တာစာပုံသဏ္ဌာန်ဖြင့် ကျယ်ပြန့်စွာ ရေးဖွဲ့လာသည်ကို တွေ့ရသည်၊ ဦးပုည၏ မေတ္တာစာများတွင် ထိုသွင်ပြင် လက္ခဏာများကို တွေ့ရသည်မင် ဖြစ်ပါသည်၊

ဦးပုည၏ မေတ္တာစာများကို လေ့လာကြည့်လျှင် (၁)မိမိ၏ ကိုယ်ရေးကိုယ်တာ အကြောင်း ရေးဖွဲ့သော ကိုယ်ရေးမေတ္တာစာများနှင့်(၂) သူတပါးအတွက်ရေးဖွဲ့ပေးသော

မေတ္တာစာများဟူ၍ နှစ်မျိုးနှစ်စား တွေ့ရမည်ဖြစ်သည်။ လေ့ခဿုခံ မေတ္တာစာ၊ ပြန်ပေးမေတ္တာစာ၊ ဒေါနဆီမေတ္တာစာ၊ အဘိုးကြီးအကြောင်းမေတ္တာစာ၊ လူပျိုမလှည့်ကြောင်း မေတ္တာစာတို့သည် ဦးပုည၏ ကိုယ်ရေးမေတ္တာစာများဖြစ်သည်။ ကျန်မေတ္တာစာများမှာမူ သူတစ်ပါးအတွက် ရေးဖွဲ့ပေးသော မေတ္တာစာများဖြစ်သည်။

ကိုယ်ရေးမေတ္တာစာများတွင် ဦးပုည၏ ဘဝဖြစ်စဉ်ထဲမှ စိတ်ဝင်စားဖွယ်ဖြစ်ရပ်များကို တစေ့တစောင်း တွေ့ရသည်။ 'မင်းပါးစိုးနွယ်' ဝင်နိုင်အောင် ကြိုးပမ်းရင်း လောကဓံ၏ အထုအထောင်းဒဏ်ကို ကြံ့ကြံ့ခံရပုံ၊ လှေမှောက်၍ ဆေးမည့်တေးမှ သီသီကလေး လွတ်ခဲ့ရပုံ၊ မိမိကို ထိပါးပုတ်ခတ် ပြောဆိုသူတို့ကို ထိထိမိမိ ပြန် လှုန်ထိုးနှက် ချေပပုံတို့ကို တွေ့နိုင်သည်။ ထို့ပြင် ကိုယ်ရေးမေတ္တာစာများတွင် ဦးပုည၏ 'လူ့အောက်မခို၊ လူကိုမကြို့' ချင်သောစိတ်ဓာတ်၊ ဘယ်ကလောက် ဆင်းရဲတေဘူ တစ်ဝဲသားမျှ ဝန်မချချင်သောစိတ်ဓာတ်၊ ကယ်မပါ၊ ကြည့်ရှုပါ၊ ပြုစုပါ စောင့်ရှောက်ပါ မွဲသွေ့သွေ့ မျက်နှာနှင့် ကိုယ်ချမ်းသာရကြောင်း ငယ်ပေါင်းစုတ်ပဲ့၊ နှံ့နဲ့သည့်စကားများကို မေ့သွားလို့ဆိုခဲလျှင်၊ ကိုယ့်ရှာကိုယ် ဖြတ်ပစ်ချင်သောစိတ်ဓာတ် စသည်ဖြင့် ခိုင်မာပြတ်သားသော၊ ခက်ထန်သော၊ မာနကြီးသော စိတ်ဓာတ်တို့ ထင်ဟပ်နေပုံကိုလည်း စိတ်ဝင်စားဖွယ် တွေ့နိုင်ပါသည်။

သူတစ်ပါးအတွက် ရေးဖွဲ့သော မေတ္တာစာများတွင်မူ ဦးပုညက ကိုယ်စား၊ ရေးဖွဲ့ပေးရသော ကုန်းဘောင်ခေတ်နှောင်းပိုင်း ပြည်သူတို့၏ ဘဝ အထွေထွေကို တစေ့တစောင်း တွေ့ရသည်။ သာရေးနာရေးစသည့် ကိုယ်ရေးကိုယ်တာ ကိစ္စများမှ တစ်ဆင့် ထိုသူတို့အချင်းချင်း ဆက်ဆံပုံများ၊ အတွေးအမြင်များ၊ ခံစားမှုများ စသည်တို့ကို မြင်ယောင် မှန်းဆကြည့်နိုင်ပါသည်။

'သူ့မနောကို ချောချောကြီးကျအောင်' ရေးဖွဲ့နိုင်စွမ်းသော ဦးပုည၏ အရေးအဖွဲ့ စွမ်းရည်ကိုလည်း လေးစားဖွယ် တွေ့ရပါသည်။ 'နှံ့' ရမည့် နေရာတွင် သိပ်သိမ်မွေ့မွေ့၊ ဖျော်းဖျောင်းဖျဖျ ရေးဖွဲ့ နိုင်သလောက် 'ကြမ်း' ရမည့် နေရာတွင် 'သာသာနှင့် နာနာ' နှက်ပုံမျိုးကအစ 'ပိသာလေးနှင့် ဘေးပစ်သလို' ရေးဖွဲ့ပုံမျိုးအထိ ရေးဖွဲ့နိုင်စွမ်းသော စာဆိုစွမ်းရည်ကို မေတ္တာစာများက ဖော်ပြနေပါသည်။

(၃)

တေးထပ် ရေးဖွဲ့နည်းနှင့် ပတ်သက်၍ 'စပ်မှုနည်းရေးလိုပါလျှင် တေးကိုသာရအောင် ကျက်ပါတော့၊ ခက်လှုပ်မျိုးသိဂ်ါ၊ စိုးရိမ်နှင့်ဗျာ' ဟူ၍ ကိုယ်တွေ့နည်းပေးသော ဦးပုညသည် မိမိကိုယ်တိုင် တေးထပ်ပေါင်းများစွာ ရေးဖွဲ့ခဲ့ပါသည်။ တေးထပ်သည် အကြေးအထပ်များဖြင့် ရေးဖွဲ့ရသော တေးကဗျာတစ်မျိုး ဖြစ်သည်။ အထူးသဖြင့် မန္တလေးခေတ်ဟု ခေါ်သော ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် တေးထပ်များ ထွန်းကားသည်။ စာဆိုတို့ တေးထပ်အပြိုင်ဖွဲ့ကြသည်။ ဦးပုည၏ တေးထပ်များသည် အရေအတွက် အများဆုံးဖြစ်သည်။

စာဆိုချင်း အပြိုင်အဆိုင် စာဖွဲ့ခြင်းသည် ထိုခေတ်၏ လက္ခဏာတစ်ရပ် ဖြစ်သည့် အလျောက် ဦးပုည၊ အချုပ်တန်းဆရာဖေ၊ ဦးကြေဉ်၊ လှိုင်ထိပ်ခေါင်တင် စသည့် စာဆိုတို့သူ့ထက်ငါ အပြိုင်အဆိုင် ဖွဲ့သော တေးထပ်၊ လေးချိုး စသည့် ကဗျာများကို တွေ့ရပါသည်။ စာဆိုတို့သည် စာဖွဲ့၍ အချစ်ပြိုင်ကြသည်၊ အလှပြိုင်ကြသည်၊ အဆန်း ပြိုင်ကြသည်၊ အမှန်းပြိုင်ကြသည်၊ ယုတ်စွအဆုံး အရုပ်ဆိုး အကျည်းတန်ပင် ပြိုင်ကြသေးသည်။ ဦးပုည၏ တေးထပ်များတွင် ထိုသဘောလက္ခဏာကို အထင်အရှား တွေ့ရပါသည်။

အချစ်ကိုဖွဲ့ရာတွင် 'ကြယ်ဦးဝံမြေခလို့၊ နေပတေဉ်ကောင်းကင်၊ ရွှေလမှာ ဒေါင်း မြင်ခဲ့၊ ပေါင်းမိလျင်ခွာဘူး' အစချီကာ တစ်လောကလုံး ဖောက်ပြန် ပြောင်းလဲချင် ပြောင်းလဲပါစေ၊ ချစ်သူ အပေါ် ထားရှိသော မိမိ၏ ချစ်သစ္စာမှာမူ ဖောက်ပြန် ထွေကွက်ခြင်း မရှိပါဟူ၍ မိုမို ကဲကဲ ကလေး ဖွဲ့ပြသည်။ အလှကို ဖွဲ့ရာတွင် 'ကောင်းခြောက်ဆယ်လေးရုပ်' အစချီကာ 'လမင်းထက် နှစ်လေးသာ' သော အေးမြကြည်လင် သည့် အလှကို တည်တည်ခံ့ခံ့ ဖွဲ့ကြသည်။ အဆန်းတကြယ် ဖွဲ့ရာတွင် 'မြတ်လေးရုံ တောအစ ဒေါနလမ်းမြေညီ' အစချီကာ 'လွမ်းမတတ် စကားဝါဋ' မှ 'နံ့သာပြုလေး မောင်စံကျောင်း' ကို စိတ်ကူးယဉ်သဖွယ် သရုပ်ဖော်ဖွဲ့ပြသည်။ မုန်းပုံစိမ်းကားပုံကို ဖွဲ့ရာတွင် 'မြကြိုးနှင့် ခက်သည့်နွယ် လှမျိုးဆက်စိမ်းခင်' အစချီကာ အစိမ်းရောင်ရှိသမျှ ထည့်သွင်း လျက် ကျောက်စိမ်းခဲ့တော်တင်ပြီး မင်းရာမ နတ်စင်မှာ ဖြတ်စာတင် လှမ်းပါမည်ဟု ထူးထူး ဆန်းဆန်း ဖွဲ့ပြသည်။ အရှုပ်ဆိုးပုံ၊ ညစ်ပတ်ပုံကို ဖွဲ့ရာတွင် 'အသားတော် အရောင်ထွက် တာက မှောင်နက်လို့ မဲညို' အစချီလျက် 'ဂျီးထူချက် ရှစ်ထပ်ကျော်အောင် ညစ်ပတ်တော် မူလွန်းလှလေး' ဟု သောသောရွှင်ရွှင် ဖွဲ့ပြသည်။ ဤတေးထပ်များတွင် အခြား စာဆိုများနှင့် သူနိုင်ဝါနိုင် အပြိုင်ကြကာ စကားနိုင်လှ လက်စွမ်းပြသော သဘောကို တွေ့နိုင်သည်။

(၄)

မော်ကွန်းသည် သမိုင်းမှတ်တမ်း ကဗျာတစ်မျိုးဖြစ်သည်။ အထူးသဖြင့် မင်းတစ်ပါး လက်ထက်၊ ထိုမင်း၏ ဆောင်ရွက်ချက်များ၊ ဖြစ်ပျက်သော အကြောင်းခြင်းရာများကို မော်ကွန်းများတွင် 'ခေတ်ပြိုင်' မှတ်တမ်းတင်ကာ ခံ့ခံ့ ညားညား ရေးဖွဲ့လေ့ရှိသည်။ မော်ကွန်းသည် အင်းဝခေတ်တွင် စတင်ပေါ်ပေါက်ပြီး ခေတ်အဆက်ဆက်တွင် စာဆို အသီးသီးက မော်ကွန်းများ ရေးဖွဲ့ခဲ့ရာ ဦးပုညသည်လည်း မော်ကွန်း စာဆိုတော်တစ်ဦး ဖြစ်ပါသည်။ ဤစာစုတွင် ဦးပုည၏ ရတနာနဒီ မော်ကွန်းနှင့် မန္တလေးဘွဲ့ မော်ကွန်းတို့ကို စတွန့်နိုင်သည်။

ရတနာနဒီ မော်ကွန်းသည် ရတနာ နဒီ မြောင်းဖောက်သည့် ၁၂၂၄ ခုနှစ်မှာပင် မင်းတုန်းမင်းတရားကြီး အမိန့်တော်အရ ရေးဖွဲ့သော မော်ကွန်းဖြစ်သည်။ မင်းတရားကြီး သည် ရွှေဝင်းတော်မှူး သူရဲဝန်ကို ခရိုင်အုပ်အမြဲ့ မြို့စား 'မင်းကြီး မဟာသမိန်ဗဒေ ဖြတ်စ' ကို အကြီးအအုပ်ခန့်ပြီးလျှင် ငစဉ်ကူးမြို့ဝန်၊ မတ္တရာဆည်ဝန်၊ ရွှေလက်ဝဲဗိုလ်တို့နှင့် ငစဉ်ကူးမြို့မှ ရတနာပုံ ရွှေမြို့တော်အထိ မတ္တရာမြစ်ကို ကျောက်ခဲန်း ကျောက်ဆည် ခဲံခဲ့အောင် လုပ်ပြီးလျှင် ရွှေလောင်းမြောင်းကို တူးဖောက်စေပြီး ထိုမြောင်းကိုပင် ရတနာပုံ ရွှေမြို့တော်ကို အဖွဲ့ပြု၍ 'ရတနာနဒီ' ဟု သမုတ်သည်။ ရတနာနဒီ မော်ကွန်းသည် ထို အကြောင်းကို မှတ်တမ်းတင် ရေးဖွဲ့ထားခြင်း ဖြစ်သည်။

ကင်းဝန်မင်းကြီးကလည်း ရတနာနဒီ မော်ကွန်းတစ်စောင် ရေးဖွဲ့ ဆက်သွင်းသဖြင့် မင်းတုန်းမင်းတရားကြီး၏ ရွှေတော်တွင် ထိုမော်ကွန်း နှစ်စောင်ကို ယှဉ်တွဲ၍ ဖတ်လျှောက် စေရာ ဦးပုညက သာကြောင်း သိရသည်ဟု မိန့်တော်မူဖူးကြောင်း အမှတ်အသား ရှိသည်။

ဦးပုညသည် မင်းတရားကြီး၏ ဘုန်းတော်ကို "တစ်ကမ္ဘာလျှင်၊ မဟာပြဟ္မာလျှင်ကုဋေ ဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာစီ၍၊ ကြူးသိမ့်မက်ဖော်၊ ဆိုလည့်သော်လည်း ဘုန်းတော် ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်"ဟု တခမ်းတနား ချီးကျူး ရေးဖွဲ့ရာ မင်းတရားကြီးက 'မောင်ပုည ဂါကိုမြှောက်လွန်းသည်၊ မောင်မင်းစာ အတိုဝုတ္တ ဝေါသ (စကားလွန်အဖြစ်) သင့်နေပါပေါ့လား' ဟု မိန့်ဖူးကြောင်း မှတ်သားရပါသည်။

မန္တလေးတို့မော်ကွန်းမှာမူ ၁၂၁၉ ခုနှစ်တွင်ရေးဖွဲ့သောမော်ကွန်းဖြစ်သည်၊ စာစုတွင် ပြထားသည့်အတိုင်း အပိုင်းသုံးပိုင်း ပါဝင်ပါသည်၊ ဤအပိုင်းသုံးပိုင်းကို မော်ကွန်းသုံးစောင်အဖြစ် မှတ်ယူပြီး ဦးပုညသည် မော်ကွန်းလေးစောင် ရေးဖွဲ့ခဲ့သည်ဟုလည်း ယူဆကြပါသည်၊ စင်စစ် ထိုအပိုင်းသုံးပိုင်းစလုံးသည် မန္တလေးနေပြည်တော်နှင့်မင်းတုန်းမင်း တရားကြီးအကြောင်းကို အရင်းခံကာရေးဖွဲ့ခြင်းဖြစ်သည့်အလျောက် 'မန္တလေးတွဲမော်ကွန်း' ဟု ခြုံ၍လည်း ခေါ်နိုင်ပါသည်၊ ဤမော်ကွန်းများတွင် စာဆို ဦးပုည၏ခံ့ညားသော အရေးအဖွဲ့ကို တစ်မျိုး တစ်ဘာသာ လေ့လာနိုင်ပါသည်၊

(၅)

'ဝုံးချင်း'သည် ရွှင်မြူး သွက်လက်သော ကဗျာအဖွဲ့ တစ်မျိုးဖြစ်သည်၊ ဝုံးလွှတ်ပွဲကို အကြောင်းပြု၍ ဝုံးချင်း ပေါပေါက်လာရသည်၊ သစ်တုံး ထန်းတုံး စသည်တို့ကို အခေါင်းထွင်း ယမ်းသွတ်၍ စနက်တဲ့ တပ်ကာ မီးရှို့ပစ်လွှတ်သော ဝုံးလွှတ်ပွဲများကို ရှေးက ရပ်ရွာအလိုက် လူစုလူဝေးဖြင့် တပျော်တပါး ဆင်နွှဲလေ့ရှိကြသည်၊ ဝုံးလွှတ်မည့်နေ့ရာသို့ ဝုံးကို ထမ်း၍ သီဆိုကခုန်ကာ လာကြရာတွင် ဝုံးပေါ်၌ တောင်သူကြီးရုပ်၊ ဖိုးသူတော်ရုပ်၊ ဧီးကွက်ရုပ်၊ တောက်တဲ့ ရုပ်စသည်ဖြင့် နှစ်သက်ရာ အရုပ်ကို ပြုလုပ်ပြီး 'ဝုံးစီးရုပ်' အဖြစ် တင်ဆောင်လာကြသည်၊ ထိုအရုပ်အကြောင်းကို ရယ်စရာ ရွှင်စရာ အဋ္ဌားအမြွှာက် အစောင်းထချိတ်တို့ဖြင့် စီကုံးကာ သီဆိုသော ကဗျာကား ဝုံးချင်းပင်ဖြစ်သည်၊ ကုန်းတောင်ခေတ်တွင် ဝုံးချင်းများ ထွန်းကားရာ ဖိုးသူတော်ဦးမင်း၊ လှဉီးမင်းတို့သည် ဝုံးချင်းများ ရေးဖွဲ့ကြသည်၊ ဦးပုညသည်လည်း ဝုံးချင်းစာဆိုတစ်ဦး ဖြစ်ပါသည်၊

ဦးပုည၏ ဝုံးချင်းများအကြောင်းကို အကျယ်မဆိုတော့ပါ၊ နှစ်သက် မြတ်နိုးဖွယ် မြန်မာ့လေ့ တစ်ခုကို အခြေ မြဲလျက် ရွှင်ရွှင်မြူးမြူး သွက်သွက် လက်လက်နှင့် 'ဟာသရသ'ခေါ် ရွှင်ပြုံးသည့် အရသာပေါ်အောင် ရေးဖွဲ့ထားသည့် ကဗျာများဖြစ်ကြောင်း လေ့လာကြည့်လျှင် သိရပါလိမ့်မည်၊ အခံအညား ရေးဖွဲ့ရာတွင် လက်ရာမြောက်မြောက် လှသောဦးပုညသည် ဝုံးချင်းကဲ့သို့ အရွှင်အမြူး ရေးဖွဲ့ရာတွင်လည်း လက်ရာမြောက်လှသော စွယ်စုံရစာဆိုဖြစ်ကြောင်း သူ့စာများက သက်သေခံပါလိမ့်မည်၊

'ဦးပုည၏ စာပန်းကုံးများ'တွင် သာသနာလျှောက် ဆွမ်းတော်ကြီး စာတမ်းများနှင့် ထွေထွေရာရာ အခြားစာများကို နောက်ဆုံးကဏ္ဍအဖြစ် တွေ့ရပါသည်၊ သာသနာလျှောက် စာတမ်းသည် သာသနာတော်နှစ် ကောဇာသက္ကရာဇ် ၁၊၆၇၊နေ့ မည်သည်ရှိကြောင်းကို ရဟန်းကျောင်းများစွာ ကျောင်းထိုင်ဆရာတော်အား ဦးတည်၍ ထွက်ဆိုလျှောက်တင်ရသော လျှောက်စာဖြစ်သည်၊ ဆွမ်းတော်ကြီးစာတမ်းမှာမူ ဆွမ်းတော်ကြီးတင်သည့်အကြောင်းကို အကျိုးကျေးဇူးများနှင့်တကွ ရေးဖွဲ့ထားသောစာဖြစ်သည်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု သရုပ်ပြစာပေများဟု ခေါ်နိုင်လောက်ပါသည်၊

ထွေထွေရာရာ အခြားစာများတွင် 'နန်းဆံတဲ့မြို့'ကဲ့သို့ 'စာနုစာယဉ်'မျိုး၊ 'ဘုရားမကြိုက်တဲ့လူစု'ကဲ့သို့ 'စာထေ့စာလှော်'မျိုး၊ 'နှောင်ချိုင့်တွင်းပါတကား'ကဲ့သို့ 'စာလေးစာခဲ့' မျိုး၊ 'နွားတစ်ကောင်အသုံး'ကဲ့သို့ 'စာသွက်စာရွှင်'မျိုး စသည်ဖြင့် အမျိုးအမည်စုံစုံလင်လင်နိုင်ပါသည်၊ အလေးအပေါ် ထခန့်အထွက် ဟန်ချက်ညီညီဖြင့် ရသစုံပေး နိုင်စွမ်းသော စာပေများဖြစ်ပါသည်၊

ဦးပုညဏ်၏ စာပန်းကုံးများ ခုတိယတွဲပါ စာပေများအကြောင်းကို ရှေ့က လမ်းခင်း သည့် သဘောဖြင့် နိဒါန်းသွယ်ပြီးပါပြီ၊

စာဆိုတစ်ဦးသည် စေတနာလည်းမှန်မည်၊ စိတ်ကူးဉာဏ်လည်းကောင်းမည်၊ အရေး အဖွဲ့လည်း လက်ရာမြောက်မည်ဆိုလျှင် သူဖန်တီးလိုက်သော စာပေများသည် အာနိသင် ရှိသော စာကောင်းပေမွန်များ ဖြစ်မည်မလွဲဟု ပညာရှင်တို့ မိန့်ဆိုကြပါသည်၊

ဦးပုညတွင် ထိုအချည်အသွေးများ အပြည့်အဝရှိကြောင်း သူ့စာများက သက်သေ ခံပြီးပါပြီ၊ သို့ဖြစ်လေရာ-

ဦးပုညဏ်၏ စာပန်းကုံးများသည် ဘယ်သောအခါမှ မကြွေမနွမ်းတဲ့ မွှေးရနံ့ တကြိုင်ကြိုင်ဖြင့် ထာဝရ လန်းဆန်းနေမည် ဖြစ်ပါသတည်း၊

၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်
ရန်ကုန်မြို့။

မောင်ခင်မင် (ခနုဖြူ)
ကထိက -မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်၊

စလေဦးပုည အဆွေမွတ်တိုင်

ဦးပုညကိုစလေမြို့တိုက်စုရပ်၌ ၁၁၇၄ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်ကြာသပတေး နေ့တွင် ဖွားမြင်သည်။ ဦးပုညဖွားသော သက္ကရာဇ်မှာ အမှတ်အသား မညီကြ။ အချို့က ၁၁၇၄ ခု၊ အချို့က ၁၁၇၈ ခုဟူ၍ ပြောဆိုကွဲပြားကြသည်။ ဦးပုညအိမ်အဖမှာ စလေမြို့သူကြီးရိုး ပုညသမန်းမျိုး ဦးမြတ်စံဖြစ်သည်။ အမိမှာ ဒေါ်လှရင်ဖြစ်သည်။ မိဖအမည်နှင့် စပ်လျဉ်း၍လည်း အမျိုးမျိုးကွဲပြားလျက်ရှိသည်။ ဦးပုညအိဖခင် ဦးမြတ်စံကား သာယာဝတီမင်း၏အိမ်တော်တွင် အကြီးတော်အဖြစ်ထမ်းရွက်ရသည်။ မိခင်ဒေါ်လှရင်မှာမူ စလေပုခန်းငယ်မြို့သူကြီး၏သမီးဖြစ်သည်။ ဦးပုညအိငယ်မည်မှာ မောင်ပုတ်စည်ဖြစ်သည်။ သူ၏မိဘက နှစ်-နှစ်သားအရွယ်တွင်သူ့ကိုဒေါ်၍စလေမြို့မှ အမရပူရမြို့သာယာဝတီမင်း၏အိမ်တော်သို့ အခစားသွားရောက်သောအခါ စည်တော်ရံ၌ ခေတ္တမျှ ကြည့်ရှုနေကြစဉ် နှစ်-နှစ်သားအရွယ်မျှ ရှိသေးသောသူသည် စည်တော်ကြီးများကို ပုတ်ခတ်ကစားခဲ့သည်။ ဤသည်ကို သာယာဝတီမင်း သိတော်မူရကား "စည်ကြီးများကို ပုတ်ခတ်ကစားခြင်းမှာ ဤသူငယ်ကြီးသောအခါကဗျာလင်္ကာမှစ၍ ပညာအလုံးစုံ တတ်မြောက်မည့် နိမိတ်ဖြစ်သည်"ဟု နိမိတ်ဖတ်ကာ ချေခေါင်းခွက် နှစ်ကျပ်သား၊ ငွေခြေကျင်းခေါင်းပွကြီးတစ်ရံ တစ်ဆယ်သားကို သနားခြိုးမြုံ့လက်ဖွဲ့တော်မူရင်း "မောင်ပုတ်စည်" အမည်တွင်စေဟု အမည်ပေးခဲ့သဖြင့် မောင်ပုတ်စည်ဖြစ် သည်။ ဦးပုည၏ကန့်ကူလက်လှည့်ငယ်ဆရာကား တူမောင်းဆရာတော်ဦးဒီပ၊ စလေမြို့မ ခင်ကြီး စသူတို့ဖြစ်ကြသည်၊ စလေခင်ကြီးသာ၊ ပုံပုဆွကျောင်းနေ ဒလခင်ကြီး၊ အမရပူရ ဘန်းမော်ဆရာတော်တို့ မှာ ဦးပုည၏ ကြီးဆရာများဖြစ်ကြသည်။

အသက် ရှစ်နှစ်အရွယ်တွင် မောင်ပုတ်စည်သည် စလေ၌ ရှင်ပြုပြီးနောက် ဘန်းမော်ဆရာတော်ထံတွင် ပညာဆည်းပူးသည်။ ရှင်ငယ်အဖြစ်နှင့်ပင် ပိဋကတ်၊ ဗေဒင်သင္ကေတကျမ်းတို့ကိုတတ်ခြင်း၊ စာရေးစာဖတ် ကောင်းခြင်းတို့ကြောင့် ကျော်စောခဲ့သည်။ ရှင်မည်မှာ ရှင်ပုညဘိဓေဖြစ်သည်။ ယင်းအမည်ကိုစွဲ၍ နောင်တွင် ဦးပုညဟု တွင်ခြင်းဖြစ်သည်။

၁၁၉၄ခုနှစ်တွင် ဘန်းမော်တိုက်၌ ပဋ္ဌင်းခံသည်။ ရတနာ်ငါး၀ါအရွတွင် စလေသို့ဆင်းရှိကျောင်းထိုင်စဉ်အတွင်း ဗေဒင်မေးသူ၊ ဆေး၀ါးတောင်းသူ၊ မေတ္တာစာ ရေးခိုင်းသူ ဒကာမတို့ အဆည်းအကပ်ထူထပ်သည်နှင့် စလေမြို့အုပ်မင်းကပင် သံသယမကင်းရှိခဲ့သည်။ ထိုအကြောင်းကို လူပျိုမလှည့်ကြောင်းမေတ္တာစာ၊ ပြန်ပေးစာတို့ဖြင့် ထင်ရှားစေနိုင်သည်။ အဆုံးတွင်မူ လူထွက်ရသည့် အခြေသို့ပင်ရောက်ကာ ၁၂၀၃ ခုနှစ်၌ သာယာဝတီမင်း ရန်ကုန်သို့စုန်တော်မူရာတွင် လိုက်ပါခဲ့သည်။ ရန်ကုန်၌ဝဟန်းတောလား၌ဗျာဒိတ်များကိုရေးသည်၊ ရန်ကုန်တွင် ခေတ္တနေထိုင်ပြီးနောက် အမရပူရမြို့ ဘန်းမော်တိုက်၊ ဘန်းမော်ဆရာတော်ထံတွင်

သာမဏေပြုပြန်သည်၊ ထိုစဉ်မှစ၍ တရားစာ၊ မေတ္တာစာ၊ ဗေဒင်ဟောကိန်း၊ လက်ာစသည်တို့ကို မြောက်မြားစွာရေးသည်၊ .

ဦးပုညကား ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ အဘိဓာန် စသောကျမ်း ထိုထိုကို ငယ်စဉ်ကပင် လေ့ကျက် ကျမ်းမြောက်ပြီး ဖြစ်သည့်ပြင်၊ ပိဋကတ်ဗေဒင် ရာဇဝင်နှင့်တကွ သက္ကတကျမ်းများကိုပင် နှံ့စပ် လှသဖြင့် အကိုးအကား ခိုင်ခံ့သည်၊ အဆိုအမိန့်ကျစ်လျစ်သည်၊ အတွေးအခေါ် နက်ရှိုင်း ရှုရှသည်၊ တီထွင် သစ်လွင်သော ဝေါဟာရများကုံ စိတ်ထိုင်းကျလိုရာ စေခိုင်းကာ သူ၏ နက်နဲသော အတွေးအခေါ်ကို ပီသစေသည်၊ အပြောင်အပြက် ရွှန်းရွှန်းဝေသော ဝေါဟာရများကို အထာကျကျ သုံးနှုန်းကာ သူ့အပြုံးကို ပေါ်လွင်စေခဲ့သည်၊

တေးထပ် မေတ္တာစာ စသော စာများကို ရေးသားနေသော်လည်း ခေတ်ကိုမှီမျက်ခြည်ပြတ်ခံသူ မဟုတ်မေ၊ သက္ကရာဇ် ၁၂၀၈ ခုနှစ်တွင် ရွှေတိုမင်းနတ်ပြည်စံလေသည်၊ သားတော်ကြီးဖြစ်သူ ပုဂံမင်း နန်းတော်တွင် ဦးပုည၏ ဝရိုးတော်သူ မင်းကြီး ဦးပွား ကောင်းစားတော့သည်၊ ဦးပွားကား ပုဂံမင်း၏ အိမ်တော်ပါ ကျွန်တော်ရင်း ဖြစ်သောကြောင့် ပုဂံမင်း အထွတ်အထိပ်ရောက်သော် အတွင်းဝန်၊ ကျိဝန်၊ သထိုးမင်းကြီး မဟာသက်တော်ရှည်အဖြစ် ထမ်းရွက်ရပေသည်၊

သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ပုဂံမင်းက ဝန်းမော်ဆရာတော်အား "ပဏ္ဍိတ ဝံသာဘိဇ မဟာ ဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ကပ်လှူသည်၊ ဝရိုးတော်သူ မင်းကြီး သက်တော်ရှည်နှင့် မိမိ ဆည်းကပ်သော မင်းပေါက် စိုးပေါက် ဝန်းမော် ဆရာတော်တို့ ဘုန်းမီးနေလ ထွန်းပသောခေတ်တွင် ဦးပုညကား ဘဝတင်ဆစ်ချီးပြန်သည်၊ ယင်းသို့သော အဖိုပြုဖွယ် ၊ ဌေးကြီး နှစ်သွယ်ကို အားထားလျက် သာမဏေဘဝမှ လူထွက်ပြန်သည်၊ သာမဏေဘဝမှ လူထွက်ပြီးသော် ပုဂံမင်းထံ အမှုတော်ထမ်းရင်း မြို့သူကြီး ရိုးကိုပြန်၍ ဆက်နိုင်အောင် အားထုတ်လေသည်၊

ဤသို့ မင်းခစား မင်းမှုဆောင်လုပ်ခြင်းသည်ကား ဥပစ္စေဒကက် မကင်းတတ်ဟူသော ငယ်စဉ်အခါက ကြက်သွန်ဓင်းဆရာတော်၏ အဟောကို မှန်ကန်စေရာ ရောက်သည်၊ မိမိကိုယ်တိုင်လည်း ဗေဒင်တတ်ကျွမ်းပါလျက် ဗေဒင်ကို ယုံကိုးမှုမရှိ၍ အဟောနှင့် ဆန့်ကျင်ဘက်ပြုခြင်း ပေလောဟုလည်း တွေးဆဖွယ်ဖြစ်သည်၊

၁၂၁၄ခုနှစ်၊ ပြာသိုလဆန်း ဂရက်နေ့တွင် ကနောင်မင်းသားနှင့် မင်းတုန်းမင်းသား ညီနောင်တို့အမရပူရကိုသုပ်ကြံကြသည်၊ ရွှေနန်းဌင် ပုဂံမင်းကား အင်္ဂလိပ်တို့နှင့် စစ်ဖြစ်ဆဲအခါတည်း၊ အမရပူရမြို့ကို စစ်သည်တို့နှင့် ဝန်းရံထားကြသည်၊ ၁၂၁၄ခု တပေါင်း လဆန်း ၁၁ရက်နေ့ မြောက်မျက်နှာမှ မြို့ပေါက်ကာ ပုဂံမင်းနန်းကျလေသည်၊

မင်းကြီး ဦးပွားနှင့်တကွ ပုဂံမင်း၏ သစ္စာခံ ကျွန်ယုံတူသရွေ့ကို ကနောင်မင်းက သုတ်သင်ပစ်ရာ ဦးပုညလည်း ဝန်းမော်ဆရာတော်ထံတွင် ထိမ်ရောင် နေရလေသည်၊ သာမဏေတစ်ဖန်ဝတ်ပြန်ကာ အရေးတော်ငြိမ်သက်လျင် စလေသို့ ပြန်လေသည်၊ ၁၂၁၆ခု လောက်တွင် စလေမြို့သူကြီးအရာကို သူကြီးဟောင်း မောင်ကြူနှင့် အပြိုင်လုဆိုသည်၊ သာသနာပိုင် ဦးဥေ ယူ စစ်ဆေးရာ ဦးပုညသည်သာ သူကြီးရိုးမှန်ကြောင်း ဆုံးဖြတ်ကာ အနိုင်ရသည်ဟု ဆိုကြသည်၊

၁-၅

စလေဦးပုည အတ္ထုပ္ပတ္တိ

သက္ကရာဇ် ၁၂၁၀ ခုနှစ်တွင် ဗန်းမော်ဆရာတော်၏ အရိုန်အဝါဖြင့် ဦးပုည နှုံးတွင်းသို့ ရောက်ပြန်သည်။ ပုခန်းမြို့စား ဝန်ကြီး၏ မစမ္ဘကြောင့် မင်းလှသစ်ယာဘွဲ့ ရရှိကာ လဖက်ရည်တော်တွင် ဝင်းရွှက်ရသည်။ ရွာစည်ရွာကိုလည်း စားရသည်။ ၁၂၁၉ ခုမှ စ၍ မော်ကွန်းမျှားနှင့် ပြဇာတ်များကို ရေးသားသည်။ ယိုးဒယားနိုင်ငံမော်ကွန်းနှင့် ရတနာနဒီ မော်ကွန်းတို့ကြောင့် မင်းထုန်း မင်း၏ နန်းတော်ငယ် ဦးပုည ပို၍ ဝင့်ကျွယ်နိုင်ခဲ့ရသည်။

အိမ်ရှေ့မင်းက နန်းတွင်းတွင် မိဖုရားအချို့ အကျင့်ဖောက်ပြားနေသည်ကို မင်းကြီးသိစေလို၍ ပရုမဇာတ်ကို ဦးပုညအား ရေးခိုင်းသည်။ ထိုအခါ မိဖုရားတို့က အဖိုးတန် မိန်းမကောင်းများ ရှိသေးသည်ကိုပြလိုသဖြင့် ဦးပုညအား ဝေဿန္တရာဇာတ်ကို ရေးစေသဖြင့် ရေးရပြန်သည်။ မင်းထုန်းမင်းနှင့် ကနောင်မင်းတို့ စိတ်ဝမ်းကွဲပြားလျက်ရှိနေကြပြီး တစ်ဦးနှင့်တစ်ဦး အထင်လွဲမှုကြောင့် ဖြစ်ရသည်ကို သိသဖြင့် ရေသည်ပြဇာတ်ကို မင်းထုန်းမင်းက ရေးခိုင်းသဖြင့် ရေးရသည်။ ကြံရေသည် ပြဇာတ်သည်၊ ဦးပုညရေးသော ပြဇာတ်များတွင် အကောင်းဆုံး ပြဇာတ်ဟု ဆိုကြသည်။ မင်းထုန်းမင်းတရားကြီး၏ သားတော်များ ဆိုးသွမ်းသည်ကို ဆုံးမစေရန်အိမ်ရှေ့မင်း၏ ခိုင်းစေချက်အရ ဦးပုညသည် ဝိဇယပြဇာတ်ကို ရေးသည်။ ထိုဝိဇယဇာတ်သည် ဦးပုည **အသက်ခံရစေသော အကြောင်းများထဲတွင် တစ်ကြောင်းအဖြစ်ပါဝင်ခဲ့သည်။ မင်းတရားကြီး၏** သားတော်များ ဖြစ်သော မြင်းကွန်း၊ မြင်းခုံထိုင် မင်းသား နှစ်ပါး ထက္ကြ ပုန်ကန်ကြသည်မှာ ဦးပုညရေးသားသည့် ဝိဇယပြဇာတ်ကို ဖတ်ရှုအားကျသောကြောင့် ဖြစ်သည်ဟု လျှောက်ထားကြသည်။ ထိုအခိုက်တွင် ဦးပုညသည် ထက္ကြပုန်ကန်မှုတွင် အခါပေးသည်ဟု စစ်ချက် မေးချက် ထွက်ပြန်သော ဘကြောင့်၊ မြို့သာမြို့စား မြောက်မြို့ဝန် ဦးသာအိုးထံ အကျယ်ချုပ်ထားသည်။ ထိုစဉ် ဦးသာအိုး၏မယားငယ် ခင်သုန်နှင့် ရည်ငံမှပေါ်ပေါက်သဖြင့် ၁၂၂၉ ခုနှစ်၊ နယုန်လဘွင် ဦးသာအိုးက ဦးပုညကို **အဆုံး စီရင်လိုက်လေသည်။ နောက်မှ မင်းတရားကြီးသိသောအခါ 'လူကိုခွေးသတ်လေရဲ့' ဟု မိန့်တော်မူသည်ဟု အဆိုရှိသည်။**

ဦးပုညသည် အရပ်မနှံ့၊ ခမြင့် အသားလတ်၍ နှာတံစင်းနဖူးကျယ် ရင်ကားပြီးလျှင် ယာလက်မှာ တထောင်ဆစ်မှ လက်ဖျားအထိ သိမ်နေသည်။ စာရေးသားရာ၌ လက်ရေးမှာ အလွန်ညီညွတ်လှပသည်။ မင်းကရားကြီးအပါး ခစားသည့်အခါ သိမ်သော လက်မျှားကို အုပ်မိအောင် အင်္ကျီလက်ရှည်ဝင်သည်။

ဦးပုညကား မြန်မာစာပေသမိုင်းတွင် ထူးကဲစွာ ထင်ရှားကျော်စောသော စာဆို ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ဦးပုညသည် ဇဝနည်၏ ထက်သန်သူ ဖြစ်သည့်အလျောက် သူ၏ စာပေများမှာ ထိခိုက်သည်၊ ရှင်းလင်းသည်၊ လွယ်စရာကို လွယ်စေနိုင်သည်၊ ရထိစရာကို ရယ်စေနိုင်သည်။

ဦးပုညသည် အသောအလွမ်း၊ အပြောင်အကြမ်းတို့၌သာ ရသည် မဟုတ်၊ အတည်အခန့်ဖက်ကလည်း ရသည်။ ဦးပုညရေးသမျှ မော်ကွန်းတို့အနက် အကောင်းဆုံးဖြစ်သော ရတနာနဒီမြစ်တော်ဖွဲ့ မော်ကွန်းသည် တည်ကြည်ခံ့ညားု၍ အထက်တန်း ကျလှသည်၊ သပြေဝါးရွာစား ကင်းဝန်မင်း ကြီးရေးသော မော်ကွန်းနှင့် ယှဉ်၍ ပတ်စေတော်မူပြီးနောက်

ဦးပုည၏ လက်ရာကပို၍သာကြောင်းဖြင့် မင်းတုန်းမင်းတရား[ကြီးကိုယ်တိုင် မိန့်တော်မူဖူး လေသည်၊ ဦးပုညသည် စကားပရိယာယ်အလွန်ကြွယ်သူ ဖြစ်လေသည်၊

ဦးပုည ၏ ပြဇာတ်များတွင် အလင်္ကာတန်ဆာဖြင့် ပြည့်စုံခြင်း၊ စကားအသုံး ယဉ်ကျေးခြင်းတို့ကို တွေ့ရသည်၊ သူ၏ ပြဇာတ် များ သည် ကပြရန်ထက် ဖတ်ရှုရန် ပို၍ ကောင်းသည်၊ ဇာတ်ကြောင်းဆင်ရာ၌လည်း ဘုရားဟော ဇာတ်ဝတ္ထု များ ကို ဒိုင်ခြမ်းပြု၍ ရေးသည်၊

ဦးပုည၏ စာပေများကိုခြုံ၍ကြည့်မူ ဦးပုညသည် ပေါ့ပေါ့ပါးပါး၊ နေ တတ် သူ ဖြစ်ကြောင်းသိရသည်၊ လောကကြီးကဲ့ရယ်စရာအဖြစ် ကြည့်ရှုတတ်သည်၊ ဟာသဥာဏ်ရှင် သည်၊ သို့ရာတွင် သူသတ်တို့ လက်တွင်းရောက်မှ သူရေးသားသော "ဟုတ်ပ လေနှတ်ချေ ဟုရမှာဖြင့် ပုဇွန်ထင်ရဲ့လေ၊ ကောသလင်္ဃတို့၊ ဘဝအသရေလျှမ်းပါတဲ့၊ ချွေနှုန်းစံရာ နရိန်တို့တောင်၊ ခါချိန်တန်ပျက်စမြဲဟာမို့၊ စွဲမိသံဝေးအကုသိုလ် ဆာတကတ်ကယ်က၊ အခွလို လာလို့ဖြတ်တာကြောင့်၊ ဇရပ်သို့ပြေးရလေ၊ ခွေးသေသို့သေရင်း၊ သိလျက်နှင့်ပင်၊ ဝိပါက် ကြမ္မာငင်တော့၊ ချွေဉာဏ်ရှင်မဝေခွဲနိုင်ဘု၊ ပွဲတော့အမှား"ဟူသည့် လေးဆစ်သဖြန်မှာကဲ့သို့ အကုသိုလ်ဝင်သည့်အခါ နောက်ဆုံး၌ ပျက်စီးရချာတော့သည်၊

မေတ္တာစာမျာ်း

မောင်ပေလိပ် ရှင်မြိုဖိတ် မေတ္တာစာ

စထုစာသိတိ ကုဋ္ဌသဟဿာ၊ ဂန္ဓမာကာဋ္ဌ၊ စိတြ ဝိရိန်၊ တောင်နာဝိန်အထွတ်၊ ရွစ်သောင်းကျော် ခ ညွှတ် ၍၊ မြပန်းဝတ် တထုံထုံ၊ လေခတ်လျက် တသုန်သုန်၊ ကုန်နှံဖီ သဲခုံနှင့်၊ ပုလဲပုံ အညွှန့်ဝယ်၊ ဆယ်ကိုးတွန့် လှိုင်းအိုက၊ ထိုင်း မသိ ရွှ စ ဖွယ်၊ စိန်ရွှန်းယ် မြဲခဲနှယ်၊ ပုလဲသွယ်တစ်ဆစ်၊ နဂါးရစ် နဂါးသွဲ့၊ တကယ့်ရွှေ-တကယ့်ငွေ၊ ရတနာအမြုတေ၊ တပသီ ပျော်နေသည်၊ ဟေမဝဏ်အချက်၊ သုံးထောင် မြို့ငံအနက်တွင်၊ မဝံသခင် ဖိုလ်သခင်၊ ပစ္စေကအရှင်၊ ဒုဒ္ဒကုံအလောင်းတို့၊ ကိန်းအောင်းရာ ရပ်ဌာန်၊ ဗလိဂူလိုက် ငွေဂူလိုက်၊ တစ်ခဲစိုင်ပတ္တမြား၊ လိုက်ဂူဝ မုန်ပါး၌၊ သိကြားနတ်ခင်းကျင်းသည်၊ မြေတလင်း သဲဖ်ာဝယ်၊ ဝတ်ဆံရော ဝတ်မှန်ရော၊ သက်လျှော၍ ကြွေလာလျှင်၊ ပန်းဓမ္မာရာသဏ္ဌာန်၊ ပင့်ထက်က လှတန်မှာ၊ မြည်ဘတံ ရိုးဆင့်နှင့်၊ ဆယ်ကိုး ပွင့် ပန်းငုံကို၊ လှမ်းခုန်၍ဆွဲတ်ပြီးလျှင်၊ နွတ်ပေါက်သွတ် တစာစာ၊ သာရကာကျေးငှက်တို့၊ ငေးမော်လျက် မူးနောက်၍၊ ကူးချောက်ကာ တစီတစီ၊ ဇမ္ဗူဒီ ဘောင်ခန်းတွင်၊ ကုန်းပန်းနှင့်ရေပန်း၊ မြေတင်းကျမ်း အနှံ့၊ ကြိုင်ရန့် ပန်းစုံတို့၊ ဤတွင်ချည်း ဆုံရသည်၊ ဂုဏ်တစ်သိန်းဂုဏ်တစ်ဝ၊ ပန်းမျိုးစုံဦးချ၍၊ သြဇာသ ကာယက်၊ အပူဇော်ခံထိုက်သော၊ အောင်လံစိုက် တံခွန်ထူ၊ ပန်းသကမဏ္ဍူနှင့်၊ အလေးတူချိန်စက်လျှင်၊ ဘဝဗ်နှင့်အဝိစီ၊ အမွှေးချင်းကွာဘီ၍၊ ဝိသတိပြတ္တာ၊ ထုတ် ချင်း ခတ် တြေ ညာ လျက်၊ အ လွန် တ ရာ မွှေးလှသော၊ သြမဒမာလာ၊ ပန်းရနံ့ မေတ္တာဖြင့်၊ အခါခါမွှေးစေလျက်၊ စလေမြို့နေ မောင်ပေလိပ်၊ ဆွေမိတ်ပေါက်ဖော်၊ စပ်တော်သောအား၊ ဝတ်တရား ဖြင့်၊ ဗိတ်ကြားလိုက်ပါသည်။

ဗာနလာဘီ၊ လင်္ကာထေရ်ပျံ၊ အရဟံရွှင်ခကျော်၊ အနော်ရထာ၊ နရုဇနိန်၊ အသင်္ခိန်နှယ်စစ်၊ ဧကရာဇ် တို့၊ အညစ်အကြေး၊ ရန်လှေးလွန်ခွာ၊ သာသနာ သုတ်သင်သည်မှစ၍၊ တမွှဲပါ၊ မြန်မာ့ရိပ်မြုံ၊ ထိုင်း ဖျတ်ဝယ်၊ စကျွန်ုပ်၊ လေးထွေသမ္မဒါန်၊ ဉာဏ်မျက်စိ ပွင့်လန်း၍၊ မဝံငြမ်းစိုက်ထောင်၊ အခေါင်နိမ့်ခွာန်၊ လမ်းအမှန်ရောက်ကြသဖြင့်၊ သာသနာမူလ၊ ပကတ္တပ ဖြစ်ပေသော၊ ရစ်ခွေပတ်ရံ၊ ကျုံးသုံးတန်နှင့်၊ ဘုန်းကံ သခင်၊ ဘုရင်ထွတ်ဖျား၊ ငါးကျိပ်ငါးတို့၊ စံစား ရပ်ဌာန်၊ အောင်မြေမှန်ခဲသော၊ ပုဂ္ဂိုလ်နေ အဘဆရာ၊ ဘုရားတာဂ ဦးဇရပုံ၊ အရီးမသံခဖျာ် ကိုရင်မှတ်၊ နှမရှင်မြတ်၊ ဉာဏတ္ထယ၊ သဟဇာတ်သားချင်းတို့ကို၊ အရင်းမူလပြု၍၊ ဆွေစုမျိုးနီးသားသမီးတစ်စုတို့ဗျား။

ကမ္ဘန်ပမှာ သံသရာဘေးရန်၊ ပါဝင်းလေးတန်သို့၊ ရုပ်နာမ်မကူးမဂ်ဒလဉီးကိုး၊ ဆွတ်ခူးပန်းသွင်း၊ ပန်ဆင် လိုပါသောကြောင့်၊ သားမျက်ရွှေကို၊ ဘိက္ခုဘာဝ၊ သာသနာ့အမွေ၊ သာမဏေပြု၍၊ ကောင်းမှုဝွားစေရာ၊ ဓမ္မာ နု ဂ္ဂ ဟ၊ ဘုရဒုံးမုခပါဠိ၊ ဝိဋ္ဌကတ်ကျမ်းဂန်၊ မင်းစံရောင်မြို့က်၊ စာတိုက်နှင့်ရုပ်ပွား၊ ထူးပြား ထွေလာ၊ ပစ္စယာနုဂ္ဂဟ၊ ဒါတပ္ပမှာ၊ အဋ္ဌပရိက္ခရာ၊ ပဓေသာ အဆူဆူတွင်၊ ဆောက်ဦခိုင်ဖြိုး၊ သီး ပွင့် စေလျက်၊ လေးထွေမဂ်ဖိုလ်၊ ပုဂ္ဂိုလ် ပ ရ မတိ၊ သံဃာမြတ်ကို၊ ရည်မှတ်ထောက်ဆ၍၊ ကလျာဏ သီလဝန်၊ ထေရ်မွန် သမုတိ၊ ဓ မ္မာ ဘိ ရ မ္ဘ ဏ၊ ပါမောက္ခသံဃာ၊ ဆရာအရှင် တို့အား၊ ကောင်ကွင်း နှင့်အကျ၊ ကြည်ဆွမြတ်လေး၊ ဆက်ပေးလှူဒါန်း၍၊ ငြိမ်းချမ်းအေးမြ၊ ဓမ္မ မြို့က် ရည်၊ သောက်မည် အားထုတ်ရာ၊ ရင်း ချာ ထပ် တူ၊ တော် စပ် သူ တို့နှင့်၊ ကြည်ပြုပေါင်းဆုံ၊ အာရုံဆေးလေး၊ မြို့က် ရေအေးကို၊ ငှပေးဝေပန်၊ မဖောက်ပြန်တဲ၊ နှာခံ ဆောင်ရွက် လိုပါသည် ဖြစ်၍၊ ကြွရောက် ဧ ချင်း ကြောင်း။

လက်ဖက် မေတ္တာစာ

ယထိန္ဒိလော ပထဝိဿိတော သိယာ၊ စတုဒ္ဒိ
ဝါတေဟိ အသမွကမ္မ ိယော- ဟူသော သုတ္တန်ပါဠိ၊
လာရှိသည်နှင့်လျော် စွာ၊ ယူဇနာ နှစ် သိန်း လေး
သောင်း အစောက်၊ အောက်မြေနှစ်လွှာတွင်းသိလာ
ပထဝီသို့ ခိုက်အောင် မြုပ်စိုက် တည် ဆောက်သော
ကျောက်စာထိုင်သည်တစ်ပြိုင်တည်းချဉ်းကပ်၍၊ အရပ်
လေးပါးမှ၊ ကြီးမားရုန်းရင်း၊ လေပြင်းနတ်စက်တို့
ဖြင့်၊ ထိုက်ဖျက် ချောက်ချားသော်လည်း၊ ရွေ့ လျား
နို့ နဲ့ ခြင်းမရှိ၊ ပကထိမတ်မတ်၊ တန့်ရပ်နိုင်သကဲ့သို့၊
မနှစ်လို့အပ်၊ အဇ္ဈတ် ဗဟိဝဋ္ဋ၊ ကပ်နှိပ် ကျရောက်
တတ်သော၊ ဘေးဥပဒ် ရန်ငြိုးတို့သည်၊ မထိုးမဝှေ့၊
မတွေ့မထိ၊ပကထိချမ်းသာစေကြောင်း၊ သွန်းလောင်း
မေတ္တာ၊ မချာနေညာ၊ ပို့ သလေ့ ရှိသော၊ စလေမြို့
နေ၊ မောင်ရွှေလှိုင်း၊ မောင် ရွှေပြား တို့ ကြားရောက်
ပါသည်၊

မဟာ သမ္မတမင်းမှစ၍၊ကပိလဝတ် ရွှေပြည်ကြီး၊
ရွှေထီးရွှေနန်းသခင်၊ ဘုရင် သုဒ္ဓေါဒန မင်း ကြီး၊
လက်ထက်တော်ထိုင်၊ ခရိုင်အသီးသီး၊ ပြည်ကြီးအရပ်
ရပ်ကို၊ နှိပ်ကွပ်ခွန်ယူ၊ ပစ္စုရိပ်ဆောင်း၊ မင်းပေါင်း
သုံးသိန်းသုံးသောင်းလေးထောင့်ငါးရာ ခြောက်ကျိပ်
ရှစ်ယောက်၊ ၎င်းနောက် ဆုဧကြိဟ်ပြည်၊ ဝေသာလီ
ပါဠလိပုတ်၊ စိုးအုပ်ဆက်ကာ၊ အဇာတ သတ္တု၊
သုသုနာဂ၊ အသောက စကြဝတေး၊ ဘေးလောင်း
တော်-ဘိုးလောင်းတော်တို့ လက်ထက်၊ အမြွက်အရိပ်၊
နိမိတ် ဩဘာသ မထင်၊ ရာဇဝင် မဟာဝင်၊ အနာ
ဂတဝင်၊ သင်္ဂါယနာ သုံးတန်တင်၊ လက်ဝါဒီပ၊ မူလ
အဋ္ဌကထာ၊ ဒုဋ္ဌဂေါသစီရင်ဟောင်း၊ ကျမ်းပေါင်း
ငါးဆယ့် ခုနစ်စောင်၊ တောင်ဇမ္ဗူယိ၊ ပုဂံရာဇာ
ကျစ္စာမင်း လက်ထက်တွင်၊ သံဃဝံအမတ်၊ ဆုံးဖြတ်
စီရင်သော၊ ဋီကာချာသ၊ ပန်းယ အမတ်ကြီး၊ စတု
ရင်္ဂိုလ်၊ ထုတ်ဆိုစီရင်သော ဋီကာ အဘိဓာန်၊
ကျမ်းဂန် အချက်ချက်၊ မထွက်မရှိ၊ မုန်မွေရာင်၊
ရွှင်ချစ်ဘုရား၊ ကြွသွားနိဗ္ဗာန်၊ စံယူတော် မူသည်
နှစ်မှ၊ သက္ကရာဇ် ၁၀၁-ခုတွင်၊ သက်ဆာ နဂိုရိုက၊
ဝိုလ်တစ်သိန်းနှစ်သောင်းနှင့်၊ကူးပြောင်းချိတည်သော၊
ရွှေပြည်တကောင်း၊ ထီးဆောင်းနန်းစံ၊ ကံရာဇာကြီး
ကံရာဇာငယ်တို့၊ အနွယ်အမျိုး၊ ဘိုးဦးတောင်ထိပ်၌၊
ဗျာဒိတ်တော်ငါးရပ်၊ ပေးမှတ်မိနဲ့မြွက်တော်မူသည်
နှင့် လျော်စွာ၊ မဟာဆွေခွန်၊ လှ ကွန်ဂဠုန်၊ ဆန်
စုန် ရေမြေ၊ လေလည်းနဂါး၊ ဆက်ဖွားခွန်အား သူရ
စစ်အောင်၊ ဒွတ္တဘေါင်ဇကရာဇ်သည်၊ သရေခေတ္တရာ၊
အောင်ချာရွှေပြည်ကို၊ စန္ဒိပရမိသွာ၊ မဟာ ပိန္ဒု၊
မြေထဲနဂါး၊ သီကြားဂဠုန်၊ဈာန်ဟုန်ပျံလေ့ ရသေ့
သူမြတ်တို့၊ ကြီးကြပ်ဓစ၍၊ ပြဿတည်ထားသည်နှင့်
တစ်ပြိုင်နက်၊ အထက်ပွေးဖို-ပွေးမဖြစ်စဉ်က၊ ရှင်တော်
ဘုရားအား၊ စိတ်ထား ရွှင်လန်း၊ မြေမွှန့်မန်းဖြင့်၊
လှူဒါန်းခဲ့သော ကုသိုလ်တော်အစုသည်၊ ဥပတ္တမ္ဘက
ကံတန်ခိုးဖြင့်၊ အကျိုးပေးချီနိုင်၍၊ စွင့်စွင့်ဖွဲ့ ဒွါး၊
ပုပ္ပားတောင်မြတ်၊ ပိဋ္ဌကတ်ရေးရန်ပေပင်၊ လူတွင်
အထူး၊ မဖြစ်ဖူးမကြုံရာ၊ ယူဇနာတစ်သိန်းနှစ်သောင်း
အထု၊ ပံသုဝသွန္ဓရာ၊ မြေမျက်နှာထက်၊ မဟာမေဓနီ၊
မြေဆီရေနံ၊ နိုင်ငံတော်စီရင်စု၊ ဓနုပလောင်လူမျိုးတို့
နေရာဌာန၊ စိန္တရဋ္ဌ ထိုင်းကြီးအရပ်တွင် နတ်သာ
ခုနစ်ယောက်တို့သည်၊ မြောက် ဥတ္တရကုရုကျွန်းမှ၊

တစ်လက်ဆုံး၊ တစ်လက်ဖက်စီ၊ ရသဝတီအမည် ရှိသော၊ နတ်သစ်စေ့ကို ဆောင်ယူခဲ့၍၊ ဇမ္ဗူဒီပ၊ နရအခေါင်၊ ဒွတ္တာပေါင်မင်းကြီးအား၊ စားတော် ဆက်ရန်၊ စီမံစိုက်ပျိုးသော လက်ဖက်ပင်၊

ရာဇဝင်တစ်ခောင်မှာ၊ မလည် တောင် အဖျား၊ နဂါးခွင့်နေနတ်၊ ရစ်ပတ်စုလျား၊ ဥကဗွားသော၊ တရားသတိုး၊ နေမျိုးမင်းကြီး၊ ပြူဈောထီးမှ၊ ထီးနန်း ကနှက်၊ ဆင်းသက်စိုးပိုင်၊ ထီးလွှိုင်ရှင်ကျွန်စစ်သား မြေးတော်၊ ရွှေဂူဝါယကာ၊ စကြာမင်း ကောင်း၊ အလောင်း မည် သူ သည်၊ ဇမ္ဗူ ကို လှည့် လည် ရာ၊ မာလာယုက္ကန်းဦးသို့ ရောက်သည်တွင်၊ အင်္ဂိတဝေ၊ သူရယက္ခ၊ ဇေယျသတြု၊ ဒဏ္ဍာဂိဠ္ဍ အမည်ရှိသော နတ်ဘီလူးလေးယောက်တို့ သည်၊ မြောက်ဥတ္တရကုရု ကျွန်းမှ၊ တစ်လက်ဆွမ်း တစ် လက် ဖက် စီ ယူ ၍၊ စည် သူ မင်း ကြီး အား ဆက် သ သော၊ ရသဝတီ နတ်သစ်စေ့ကို၊ ဖောင့်စကြာနှင့်ဆောင်၍၊ ပလောင် စနု မျိုး တို့ နေ ရာ၊ ရွှေသာတင့်တယ်၊ တောင်ယံ တောင်ဝန်း၊ တောင်ခွန်း တောင်ပုတို၌၊ ပြုစုချထား၊ ခဲ့ရာတွင်၊ ရွှေ ဉီး စွာ ကာ လ၊ အစပေါ်ထွန်း ကြောင်း၊ စာဟောင်းရာဇဝင်၊ နန်းစဉ်လက်သုံး၊ ထုံးသမိုင်းအရပ်ရပ်၊ ပိဋကတ်လာ၊ သဒ္ဓါအဘိဓာန်၊ ဂန္ထန္တရ၊လောကပညတ္တိ၊လောကုတ်ပတ္တိ၊ဆဂတ်ဝိပန် ဒဿီကလာပ်နည်း၊နိဂုတ္တိနည်း၊နည်းပေါင်းလေးဆယ်၊ ဆယ်ဥဗစာ၊ အလင်္ကာရ၊ သုတ္တ သုတ္တာ နုလောမ၊ အာစရိယဝါဒ၊ အတ္ထနောမတိ ဟူသော၊ မဟာ ပဒေသ လေးပါးတို့နှင့် ညီညွတ်နှိုင်းဆ၍၊ ဝစနတ္ထ ခွဲဝေသော်၊ (သေလေ ဇာယတိတိ သေလင်၊ ယံ ဒေဝပတ္ထ - အကြင်နတ်သစ်ရွက်သည်၊ သေလေ-တောင်၌၊ ဇာယံတိ-ဖြစ်တတ်၏၊ ဤတိတသ္မာ-ထို့ကြောင့်၊ တံဒေဝပတ္ထ-ထိုနတ် သစ် ရွက် သည်၊ သေလ-သေလေမည်၏) ဟူ ၍၊ ယေဘုယျအလို၊ ဝိဂြိုဟ်လှစ်ထုတ်၊ ပုစ်ပစ္ဆည်းအနှက်၊ (လဂ္ဂကမ္မ ဘိန္နတိ တေနာဂတိ ဝါ လက်ဖက်၊ ဝါဂွဟဏ ဝိဂ္ဂဟဏ ဝိကပ္ပန သဒ္ဒါဒဝါ၊ တနည်းကား၊ ဧတေန ဒေဝပတ္ထေန- ထိုနတ်သစ်ရွက်ဖြင့်၊ လဂ္ဂကမ္မ - နိုက်ရန်ဖြစ်ငွား၊ နှံထားပေါင်သွင်း၊ ပေး ချင်း လောင်းတမ်း၊ လင်ခန်းမယာခန်း၊ ကျန်ခန်းမြီကြွေး၊ ရှက်ထွေးရောရ၊ တရားမှုအသီးသီး၊ မပြီးမပြတ်၊ မ သေ ဝပ် မ ငြိမ် ဆိမ် သည် ကို၊ တိန္နတိ- မငြိမ်မရှက်၊ အသက်ထက်ဆုံး၊ ပျောက်ပြုန်းကင်းပြတ်၊ ငြိမ်ဝပ် ဧတတ်၏၊ ဂ္ဂထိတသ္မာ- ထို့သို့သော၎င်း၊ ပြည့်စုံသည်အချက်၊ ပုစ်အထွက်ကြောင့်၊ လက်ဖက်အမည် သ ည်၊) သန္ဓါနိဿ ဂျည်း၊ ကစ္စည်းကျမ်း အထင် အမြင်၊ (ကမ္မာစဉ်လမ်းကြောင်း၊ သူဟောင်းတို့ စကား၊ ပညတ်ထားသည်မှာ၊ (အသားတွင်လည်း ဝက်၊ အသီးတွင်လည်း သရက်၊ အရွက်တွင်လည်း လက်ဖက်)သုံးချက် ဥပဒေတွင်၊ ကလေကဝ၊ သာမဉ် ညောင်ည၊ မကိုပုရသူ၊ မုတ်ဆိတ်ထူ ကသည်းမှား၊ ရောင်းစားသည့် ဝက်၊ တောဝက်တို့ကို မဆို၊ ပုဂ္ဂိုလ် တကာ့ ဓိပတိ၊ မုနိထွတ်ထား၊ ဘုရား မြတ်စွာသည်၊ ဝေသာလီပြည်တွင်၊ ပန်းထိမ်သည်သား၊ စုန္ဒ အမည် ရှိသော ဒါယကာ၏အလှူခံကုသိုလ်၊ ပုဂ္ဂိုလ်သူမြတ် ၏ပါရမီထူးကြောင့်၊မဖြစ်မှုးမရကောင်း၊ကောင်းမျိုး တကာ့ အဆီခဲ၊ ရွှဲ ရွဲ စက်ပို့သော၊ ဝက်ပျိုသားကို၊ စားတော်မူရန်၊ စီမံ ချက်ပြုတ်မည် ပြုလျှင်၊ စတု မဟာရာဇ်၊ ကာလစ် ရန်မန်၊ စောင့်ဖန်အားရှမ်း၊ လက်နက်ထမ်းလျက်၊ ထိုအမ်းချချ၊ နတ်မာဃမှ၊ ထင်းစပြင်ကွေး၊လှေ တေးနတ်ဘ၊မိုးမှ ဖြဟွာ၊ထီးဝန်း ကာလျက်၊ စကြဝဠာနဂိုရှိ၊ မြင့်မိုရ်တောတောင်၊ တံတိုင်းပေါင်၌၊ နှစ်ထောင်ရံဝန်း၊ လေးရပ်ကွန်း တွင်၊ အကြင်သြဇာ၊ ရသာထဲပ၊ ဟူသမျှကို၊ အိုမ ပျားပျစ်၊ လည်ချည်စ်သို့၊နတ်စစ်ကုန်အောင်၊ယူဆောင် ရေတွက်၊ သြဇာနက်သော၊ ဝက်ပျိုသား၏ အရသာ ကို၊ ပညာရှိသူဟောင်းတို့၊ အကောင်း ဆိုကြသည့် ဟန်ကို၊ ကျမ်းဂန်ထွက်သည်၊

သရက်ဆိုရာ မှာလည်း၊ တောစာ ထိပ်ပေါက်၊ မြောက်ခေါင်းဆင်နှင်း၊ သရက်ဖျင်းများကို မယူသာ၊ ဟိမဝန္တာမြို့ ဝိခွင်ဝယ်၊ ရွှေစင်အတိပြီးသော၊ တောင် နှစ်လုံးတို့၏အကြား၌၊ ဖြစ်ပွားပေါက်ရောက်သော၊ ကျောက်တံထိုင်း သုံးထပ်ရံ၊ သံကွန်ချာသုံးထပ်ခက်၊ ကျေးငှက်နတ်လူ၊ မယူမဖျက်ရ၊ လက်နက် ငါးပါး စွဲဆောင်လျက်၊ တစ်ထောင်သောကုမ္ဘဏ်တီလုံးတို့ကို စောင့်ရှောက်စေ၍၊ ဝေဿဝဏ္ဏ နတ်မင်းသာ၊ ပိုင်နှင်း စိုးတန့်၊ စားတော်မှန်သော အဒ္ဒန္တရ သရက်သီးကို သာ၊ ကောင်းချီး ပေးထိုက်ကြောင်း၊ ကျမ်းဟောင်း အရှင့်၊ လောက စကား အလားတူထွက်သည်၊

လက်ဖက်ဆိုရာမှာ၊ သရေခေတ္တရာ၊ ပေါက်ကာ ရာမ၊ နန်းစံထီးဆောင်း၊ မင်းကောင်းတို့ လက်ထက်

ကား၊ ဆင်းသက် ပွားများ၍၊ ရှည်လျား ကြာနေသင်း လျှင်၊ မကောင်း တချို့ ကောင်း တချို့၊ အစို့ စို့ အငန်းငန်း၊ တောင်လမဲ ငါးဆယ်ကျော်၊ အခေါ် ကွဲပြားခြင်း၊ အတွင်းခုနစ်သွယ်၊ အလယ်လေးရပ်၊ တောင်လတ်ရှစ်တန်၊ ပြင်ရံတစ်ဆယ့်ရှစ်မျိုး၊ တောင်ရိုး ပေါင်း သုံးဆယ့် ခုနစ်ထွေ၊ ရှိလေသည် အနက်၊ အလယ်ချက်ပြင်ဆုံး၊ တောင်သုံးဆယ်လမ်း၊ ဇရပ်း တောင်မ၊ အစရှိသော၊ အရပ်နေရာက၊ ကျလာသော လက်ဖက်၊ အရွက်အကင်း၊ အဆင်းအနံ့၊ ယုတ်ညံ့ အရသာ၊ ပမာဏဂုဏ်၊ မစုံမလင်၊ မြန်စဉ် မြို့ရွာ တစ်တန်း၊ ကူးသန်း လဲလှယ်၊ ကုန်သည် ငယ်တို့၊ ရောင်းဝယ် ပြုလုပ်သော၊ ထန်းစေ့ မှုတ်တွင်း၊ လက်ဖက်ဖျင်းများလည်း၊ ကောင်းခြင်းသို့ မဝင်၊ ဘုရင် ကေရာဇ်၊ သရေခေတ္တရာ မြို့တည်၊ စည်သူ မင်းဖျားတို့၊ စားတော်ခေါ်ချိန်၊ မိန်ရာသီအပြောင်း၊ တပေါင်း လပြည့်နေ့၊ ဥဩ ဘရဂုဏ္ဍ ံနုကွတ်၊ သုံးပါဝံတြင်း၊ နဝင်ဦးအခါတွင်၊ ပရမာဂွင့်ချပ်မှ၊ ဥပဟတ်ကြာဝတ်သူ၊ ဟန့်ယူ၍ ထွက်သက်သို့၊ သန္တာခက် သန္တာညွှန့်၊ တွန့်ရန္ဓနံ့ရရှိ၊ တည်တည်တံ့တိ၊ တစ်သမတ်တည်းထွက်သော လက်ဖက်ကို၊ ကိုးမျက် ရတနာ၊ ချယ်မြှာစီခတ်၊ ရွေကလပ်နှင့် တင်၍၊ ရွှေပြည်ရှင်မင်းတို့ကို၊ မပြတ်နှစ်စဉ်၊ ဆက်တင်ပို့သရ ကြောင်း၊ ထုံးဟောင်းကို ရည်၍၊ မိုးမမိ ရွှေဖိုဟု တွင်သော လက်ဖက်ကိုသာ၊ နှစ်သက် အံ့ဩ၊ ပြောပလောက်ကြောင်း၊ စာဟောင်း သမိုင်းထွက်ရှိ သည်။

ယင်းသို့ အတန်တန်၊ ကျမ်းဂန်ရာဇဝင်၊ အထင် အရှား၊ မင်းနှစ်ပါးတို့ မရှိနောက်၊ ဖွင့်မြောက် ဉာဏ်၊ ပလွင်သိဟာ၊ ရိုက်ရာဆက်ခံ၊ ပုဂ္ဂိုလ်ဆိုင်း၊ စစ်ကိုင်းပင်းယ၊ အင်းဝတိုင်အောင်၊ ပြည်ထောင် မင်းအဆက်ဆက်၊ ဆင်းသက်ပြန့်ပွား၊ ဆင်းရဲသား ကုန်သည်တို့ လက်သို့၊ အိပ်မက်ထဲတွင်မှ၊ လွှဲလေ ပယ်လေ၊ အမွေမမြင်၊ ရောက်ဝင်ဖူးသည် မရှိ၊ အတိုင်းမသိသောကမ္ဘာ၊ ထံသရုကာလ၊ ဘဝ အထူးက၊ ပြည်ဖူးသောပါဝရိဝ်တော်သခင်၊ ကျိပ်ဝင် ရင့်မာ၊ သာကီယနွယ်ဆက်၊ လက်နက်စကြာ၊ ရိန္ဒမာ လှံ၊ ဆွဒွန်ဆင်မင်းသခင်၊ ဘဝရှင်ဘုန်းခေါင်၊ ကုန်းဘောင်မင်းတရားကြီး လက်ထက်တော်တွင်မှ၊ နှစ်ဆော်စီမံ၍၊ စားတော်ရန် ရွှေနန်းပင်၊ ဇမ္ဗူရာဇ် ရွှေခွက်တင်၊ ရွှေချည်မျှင် ငွေချည်မျှင်၊ ရေမဝင် မိုးမမီ၊ ရွှေဖိလက်ဖက်၊ နတ်သစ်ရွက်တို့သည်၊ အထိုင်း ထက်အလွန် ပေါများခြင်းကြောင့်၊ နှန်း တွင်း နှန်းပြင်၊ သုံးချင်သမျှသုံး၊ ရွှေထုန်းတော် အဟုန် ကြောင့်၊ မကုန်နိုင်မခန်းနိုင်၊ နိုင်ငံနှံ့ပြား၊ ဆင်းရဲသား ကုန်သည်အသီးသီးတို့၊ မင်းတရားကြီးစားတော်ကြွင်း၊ နှန်းတွင်းသုံး လက်ဖက်ကို၊ ဆက်လက်ဖောက်ကား ကြရာ၊ မဟာရာဇဘု ဇာဒ်၌၊ သီကြားမင်းလက်စွဲ၊ သူရဲ နတ်မင်းကြီး ကဲ့သို့၊ ကျွန်တော်တို့ ကျေးဇူးရှင်၊ ဝန်ရှင်တော်မင်းကြီးကို၊ ခြားသီးခရိုင်၊ အပိုင်အစား၊ သနားတော်မူသော စလေမြို့တွင်သာ၊ အလှည့် ခွေဉီး၊ ထူးထူးခြားခြား၊ ဖောက်ကား ရောင်း ဝယ် ကြရ သည်၊ မည် သွာ မည် မြို့ မှ၊ သို့ စဉ် ထူးမြတ်သည်၊ နတ်သစ်ရွက် ခြင်းတောင်းကို၊ ဝယ် ရောင်း ကူးသန်း ကြသည် မရှိသေး။ စေးလက်ကား၊ ကုန်သည် အစို့ စို့ လည်း၊ ကျွန်တော်တို့ နှစ်ဦးနှင့်၊ စိတ်ကူးချင်း ကွဲဝေး၊ ကံပေးချင်း မမျှ၊ ကမ္မောဇ ထိုင်းကြီးသား။ ရှမ်းကုန် သည် အ မျာ းနှင့်၊ စကား၊ ဆက်ဆံ၊ မိတ်ခံမသင့် ရှိသည်တွင်၊ တင်ရိပ် ချင်းရိပ်၊ နိမိတ်အနေအစုံ၊ လက်ဖက်ပို့ လက်ဖက်ပန်း၊ တောင်လမ်း အတွင်းပြင်၊ ဆင်ခြင်ရွေးမြော်လျက်၊ ကျွန်တော်တို့ သဘောတူ၊ ဝယ်ယူလက်ခံလိုက်သည့် လက်ဖက် နှစ်တင်တန်းက၊ ဘမ်းစလမ်းစများကို၊ ပွဲတည်သူကြီး၊ ကုန်သည်ကြီး ကုန်သည်ငယ်၊ ပညာကျယ် လူရေးရာ၊ စီနွာသုတ၊ အတ္ထ ကဝိ၊ ပွဲကြည့်ပရိသတ်၊ အရပ်ရပ် လူစုတို့မြင်လျင်၊ ရင်ကို သပ်သူသပ်၊ ပါးစပ်ဟသူဟ၊ သွားရည်ကျသူကျ၊ ထသူ ထ ထိုင်သူ ထိုင်၊ ဆံ ပြိုင် ကြွေးတစ်၊ လက်ဖျစ် လက် ခုပ် တီး၍၊ ကောင်း ချီး နှမော်၊ သာဓု ခေါ်သူခေါ်၊ အကျော်ဧေယျ၊ ပထမ တန်းစီး။ အမျိုးကောင်းခြင်း၊ အဆင်း၏ လက္ခဏာ၊ အရသာအနံ့၊ သင်းပျံ့မွှေးကြည်၊ အမည် ထူးဆန်း၊ တောင်လမ်းမှန်ကန်၊ သဏ္ဌာန်လည်းယဉ်ကျေး၊ အသေး အနု ဆိုရန်မှာလည်း၊ ပသာဒစကျူ၊ ရွှေငွေဖွယ်အထိ၊ စိစိကြည်မှ၊ မြည်မြည်သာ မြင်ရသည်၊ သို့စင် လက်ဖက်ကို၊ သူ့ထက်ငါ ပရပူ၊ ငွေမြူရွက်လွှာ၊ တစ်ပွင့်ကြာကို၊ အိတ်ပါပင် ထိုးသူထိုး၊ အိုးကြီးနှင့် တယ်၍၊ နှစ်ပြည်သား သုံးပြည်သား။ လက်ဝါးနှင့် ကော်ပြီးမှ၊ ကြည့်တော်မူပါ ဆိုဆုံး၊ ရောင်းလို့ လျှင် ယူပါလေ၊ သည်ငွေနှင့် သည်လက်ဖက်ကို

အခွက်ပေါင်း လေးငါးဆယ်၊ ပွဲလယ်ကို ပစ်သူပစ်၊ မဆစ်မတွက်၊ ခွက်ငါးဆယ်ခွင် တစ်ရာရှင်၊ လိုချင်သူ ပေါသော်လည်း၊ ကွန်တော်တို့စိတ်က၊ အမိတ္တဿ ကုတော ခန်၊ အခနဿ ကုတောပုည်၊ အပုညဿ ကုတောနိဗ္ဗာန်၊ ကျွမ်းကန်နိုထိ၊ ရှိလာသည်တစ်ကြောင်း ဘုရားလောင်းပုဏ္ဏားသည်၊ ကျေးဇူးယွက်တင်၊ မိတ်ခင်ပွန်း ဖြစ်ကြ၍၊ သိမ်းထားမွေးမြူသော လယ်ပုစွန်၊ သုမွန်နှစ်ဦးတို့သည်၊ ကျေးဇူးယွက်တင်၊ မိတ်ခင်ပွန်းဖြစ်ကြ၍၊ ကိစ္စအရေး၊ ဘေးဥပဒ်ပေါ်ထွက်လှင်၊ အသက်ကို လဲလှယ်၍၊ ကယ်ဆယ်ကြဖူးသော ထုံးစံ၊ ကိုင်း ပြ ကြော့မိသော ရွှေသမင်ကို၊ ခင်ပွန်းကောင်း ကျီးကန်းသည်၊ ဘေးဘွဲ့မှ လွတ်အောင်၊ ဆောင်ဖူးသည် တစ်ဝ၊ စိတြဂီဝါခိုမင်း၊ ဟိရညက ကြက်မင်းတို့၊ အချင်းချင်း ကျေးဇူးဆပ်၍၊ ဥပဒ်မှ လွတ်ဖူးသည်တစ်ချက်၊ ယက္ခဒီပဋ္ဌ သင်္ဘောပျက်ကုန်သော လူအပေါင်းတို့သည်၊ ဘုရားလောင်း သိန္နာမြင်းကို၊ မှီတင်းယှဉ်ပူး၊ ပေါင်းဖက်ဖူးသောကြောင့်၊ ဘီလူးဘေးမှ လွတ်ကြောင်း၊ ခင်ပွန်းကောင်းတို့၏ လက္ခဏာတစ်ဆယ့်ခြောက်ချက်၊ ခင်ပွန်းပျက်တို့၏ လက္ခဏာ တစ်ဆယ့်ခြောက်ပါး၊ ဤသည်များကို လည်း၊ ဘုရားဟာနိပါတိ၊ ဇာတ်ခမ္မက္ခန်၊ ထုံးစံသက်သေအခန်းကို၊ စူး စမ်း ချင့် ချိန် မီ သည် နှင့် လျော်စွာ၊ ကျောင်းဒကာ ဦးလေ့၊ ဘုရားဒကာ ဦးရေး၊ ဘုရားဒကာ ဦးမြတ်နိုး၊ ပွဲမင်းကိုပါ၊ ကျောင်းဒကာ ဦးရွှေစ တို့လည်း၊ သေဝန ပုဂ္ဂိုလ်၊ ကြည့်လို့ပေါင်းဖက်၊ ဆက်ဆံအပ်သောသူဟု၊ အယူစွဲလမ်းရင်း၊ သတင်းတန်ဖိုး၊ ကျော် ဟိုး နဲ့ စပ်၊ တည့်မတ် ဖြောင့် သား၊ တရားမကွာ၊ သမ္မာဆန္ဒ ၅ခြောင်းမျှား ထိုလည်း၊ နားအဆင့်ဆင့်၊ ပျို့လွင့် ဂုဏ်သိန်၊ တာဝတိ နတ်ပြည်ဝယ်၊ အာသဝေတိန္ဒယ်၊ ပင်လယ်ကသစ်၊ နတ်ဖြစ်ပန်းမျိုးတို့၏အနုံ၊ သင်းပျံ့သော ဂန္ဓာရုံသည်၊ လေစုန်လေညာ၊ ယူဇနာတစ်ရာ၊ ကွာလှမ်းသည့်ဌာနသို့၊ ပေါက်ပြအေးလှိုင်၊ မွေးစေ့ နိုင် သကဲ့သို့၊ တကြိုင် ကြိုင် တလှောင်း လှောင်း၊ သတင်းကောင်းဂုဏ်ဖြစ်ထိုက်၊ မပြတ်ကြားသိရသမျှ၊ အင္ဒတရွေ ပါဏာပေတံ၊ ဆက်ဆံ စပ်ယှက် ရလျှင်၊ ပစ္စက္ခသံသရာ၊ နှစ်ပြာအကျိုး၊ ပွားထိုးကြိုးကျယ်မည့် အကြောင်းကို နှလုံးသွင်း၍၊ စလင်း ဆင်ဖြူကျွန်း မြို့ရွာများလည်း၊ ထင်ရှားပေါက်ပြ၊ကြွယ်ဝခိုင်ဖြိုး၊ ပညာကြီးကျယ်၊လေးသွယ်ပရိသတ် ထူထပ်ကျင်လည်၊ ကုန်သည်အထောက်ထောက်၊ ရောက်ပေါက်စုဝေးရာဖြစ်၍၊ ခေတ် နှင့် ကာလ၊ ဒေသနှင့် လူ၊ ဇဋ္ဌဒိပ် ပတ်ဝန်း၊ တစ်ကျွန်းသာမက၊ လေးဒီပလုံး၊ ပတ်ကုံးစိုးဆောင်၊ ကုန်းဘောင်တည်ဟောင်း၊ အလေ်ာင်းမင်းမြေး၊ စကြဝတေးမန္တာတ်၊ ဘုန်းတော်မြတ်ကြောင့်၊ နတ်သိကြား ကြည့်ရှု၍၊ ယ ခု မှ ပေါ် ထွက် သော၊ လက် ဖက် ကောင်း လက် ဖက် ထူး ထို၊ ဝယ် ဖူး ရောင်းဖူး၊ ကုသန်းဖူးသည်ဟု၊ ရှည်ကျူးကာလ၊ ပြောပခဲ့မွဲမံ၊ နောင်ဥဒါန်းဖြစ်ထွန်းအောင်၊ ခင်ပွန်း မိတ်နှံ၊ ဆက်ဆံ လိုပါကြောင်း ကြားရောက်ပါသည်၊

ရှင်ဖူး ဇလွန်သို့ပေး မေတ္တာစာ

ဝိဝဋ္ဋာ၊ ကပ်ကမ္ဘာဝယ်၊ ကမလာသန၊ ဖြတ္ပ
ပညတ်၊ ဒွါဒရပ်စက်အိမ်၊ ဝါသဝမာဃိန်၊ ကေသရိန်
ဂူနန်းမှ၊ ကန်လမ်းသို့အခွာ၊ တနလ်ာ ဂျိုဟ် မင်း၊
နဝင်းဏ်အဆုံး၊ ဆယ်နှစ်လုံးတစ်ပတ်၊ ဟသဒဗိမာန်၊
လေယာဉ်ပျံနတ်ကွန်းနှင့်၊ အသီးစွန်းလိတ္ထာပုံ၊ ချွေ
ငါးကြင်းမောင်နှံစုံ၊ မိန်ကဏ္ဍရိပ်မြုံ၊ နေဖလ်ပွင့်
ဥဏ္ဍာလိုက်၊ ငွေစက်စုံရဟတ်၊ ခုနစ်တန်သမသတ်မှ၊
အ ရောင် ချင်း မ စပ် ဘဲ၊ တရုတ်ကပ် ဇာခြုံးလိန်၊
သက္ကလပ်ပဆစ်အိမ်၊ ဝေဟာသမြူထိမ်ကို၊ အာ ဏာ
ရှိန် ဟန့်တားလျက်၊ ပတ္တမြားငွေကြူ၊ ယုန် တံ ဆိပ်
သီတဂူ၊ မြကျောက်ရိပ်လျှံ လူ၊ မဏ္ဍလိပ် တောင်ဇမ္မူ
က၊ ရွှသူတို့စကွူ၊ မနောဓာတ်ဝတ္ထု၊ နုလသည့်
နှလုံးထားကို၊ ယန္တရားစက်ဆင်၍၊ ကောင်းကင်
ကလွှပ်သကဲ့သို့၊ ဘူတရုပ်ဥပါဒိန်၊ ဣ နြွေ ဓာတ်
အလုံးကို၊ ပြုံးလျက် နေ ကုန် အောင်၊ အာ ရုံ ကို
ဖြေ ဖျော် သည်၊ ငွေ သော် တာ နိ မိ တ် ကဲ့ သို့၊
အနိဋ္ဌဘေးရန်၊ တစ်ဆိုမျှမပြေ၊ စိတ်သုခဝိထိနှင့်၊ လိုရှိ
တိုင်းပြည်စုံစေ၊ ဘိသေက မင်္ဂလေ၊ ငွေခရုရစ်ခွေ၊
ဇေ ယ တု မေတ္တာ ရေ ဖြင့်၊ မြို့ရွာလေ ရပ်ကြီးက၊
သမီးရင်ဖူး၊ ကြည်နူးပျို့ ရွား၊ မှာကြားလိုက်ပါတယ်၊

ထိဒိဝါမေရု၊သိနေရုဂိရိ၊ ဓိပထိနဂိုရိ၊ ချွေမြင်းမိုရ်
တောင်ယံ၊ အဃကဏ်ဗွေထွတ်မှ၊ ဒက္ခိဏာဝဝင့်၊
လက်ယာရစ်ညွှတ်ခဲ့၍၊ မြကတ္တူတ်ပြန်ပတ္တူ၊ ချွေဇမ္မူ
ပင်ရင်းသို့၊ စီးဆင်းသည့် ဗလဝါ၊ သ ဂရသြယာ၊
အဏ္ဏဝါသမုဒ်မှ၊ ပြုဗ္ဗတ္တဗိဒေသ၊ ဘိုးခေါင်ထူတ်ဆယ်
ထွေ၊ မော်ကိုးထပ်ရစ်ခွေ၊ ရာမညကျောက်သရေ၊ ပြည်
ပုသိန် အောင်မြေ၏၊ ဥပဒေရွေးခေတ်က၊ ပရိဝါမြို့
ဖြစ်၍၊ ဂုဏ်သနစ်ကဲလွန်၊ မွန်မျိုးနှင်မြန်မာ၊ လော်ရံ
ဒမီဠ၊ သက္ကတဘာသာ၊ နာဗသျှ တိုင်းသား၊ ကုလား
နှင့် ဝေသာလီ၊ လိစ္ဆဝီပြည်သူ၊ တောင်ဇမ္မူ ကျွန်း
သားတို့၊ ပစ္စုပ္ပန်စီးပွားကြောင့်၊ ဂါတကားတကယ့်လူ၊
ငွေ အောင် လံ စိုက်ထူ၍ ဂေါ်တူ နှင့် ကြိမ် ချုပ်၊
မုတ်ကတူးသမွန်၊ သက္ကဂါန်မြို့ပြင်၊ သုံးပင်ထိုင်
လေးပင်တိုင်၊ မာလိန်မူး တက်မကိုင်တို့၊ လေ့အလိုက်
ယိမ်းယိုင်၍၊ ရွှက်ထိုင်ဖူးတစ်ခိုက်၊ တေးဆိုသည့်
ဓလာသီ၊ ကပ္ပလီပူရဒန်၊ ကြွက်ကြွက်ညံ့ သဲသဲအုတ်၊
ဘဏ္ဍာထုပ်အတည်တည်၊ ပတ္တမြားခုနစ်ခြည်၊ တစ်ပြည်
တန်နှစ်ပြည်တန်၊ အနန္တရတနာ၊ ကုန်သည်တို့စုပေးရာ၊
အနွတ္တသညာမှာ၊ သဒ္ဓါနည်းကလာပ်နည်း။ ဉာသ
နည်းနှင့်နေတို့၊ တေမုနိ ဗျာကရိဏ်း၊ ကျမ်းလာထိုင်း
သမွန်လျင်၊ ဇလ်မဏ္ဍောတိ ဘူသေတီတိ ဇလွန်၊
ဓာတုန္တမဟုတ်၊ သာမညတ္ထုတ်၊ ဇလပုဒ်-ဝ-ပစ္စည်း၊
နှ-ဗျည်းမှာ အာဂုံ၊ အလုံးစုံဝိဂြိဟ်၊ အဓိပ္ပာယ်ဆိုလိုမူ
ထိုထို ဤဤ၊ အပြည်ပြည်အရွာရွာ၊ မယွင်သာမန်ဝိုင်း
အပ်၊ ငွေဇလပ်ပွင့်ဖြူ။ ပုလဲစုအတူ၊ သောင်အင္ဒ
သမိုင်းဝင်၊ ပဏ္ဏာတွင် ဝိသေသ၊ အဏ္ဏဇအခွန်စတော်

ကြောင့်၊ ထိုင်းကျော်သည့် ဌာန၊ ဇလွန်မြို့ဒေသ၌၊ အဘ ဘောင်းတန်းဒကာ ဦးရွှေအမိမယ်ပိုင်း၊ မောင်-မောင်ရွှေဝိုင်း၊ ညီမ-မယ်လုံ၊ ဘုရားဒကာ- ဦးသာဒွန်း၊ ဘုရားအမ – မယ်လေး၊ ဗိုလ်ကတော်-မမင်းအောင်၊ မောင်-ပွဲမင်း၊ ဦးမြတ်သာ၊ ဦးပြေသာတစ်စုတို့မှစ၍၊ ကုမာရမယ်ဘော်၊ မွေးလျှော်ဘက်တစ်သင်း၊ သူငယ်ချင်းတစ်စုတို့ ၌င်း

ကျွန်မမှာ၊ကေသရာဆီ၊ အာဇာနည်မျိုးမှန်၊ ဥန္ဒဝန်စွယ်ကေဘ့၊ ဌေကန်ဘေဘ့ စမွယ်ဖူး၊ မြင်းသီလာဘုံဦးဝယ်၊ ကွန်မြူးမြဲမွေတာ၊ ဇာနေယျ ရာဇာ၏၊ အရှသာမြို့က်နှစ်၊ ရင်နှီ့ ရှည်အစစ်သည်၊ မြူမရစ်ကြေးမတင်၊ ဟိမဝါမြို့ငွင်ဝယ်၊ ကညွှသေလာ၊ သဃ်ဇာနတ်ပြာ၊ ရွှေပံသု မေဒနီ၊ ကြုတ်မင်းစံသိဂ်ဒ်၌၊ ထိုဂျိမရွှေ့ ၊ ထားမြဲထိုင်း ပြကတေ့ ဖြင့်၊ သိမ်မွေ့စွာတည်သကဲ့သို့၊ အညီအညွတ်၊ မိဝတ်ငါးတန်း၊ ဓမ္မကွန်စာရိတ်၊ နှုတ်ရွေကြာ တံဆိပ်နှင့်၊ ကွပ်နှပ်ဆုံးမ၊ ဩဝါဒသင်းကြူ။ ချိရန့်မဠ္ဍာကို၊ ခံယူသည့်အကျိုး၊ ရှစ်မေတ္တာတန်ခိုးကြောင့်၊ ကိုယ်ညှိုးစိတ်မပျံမြင်းမိရှိမြောက်တူရွာ၊ပဒေသာကွန်းသူသည်၊ ယူဇနာတစ်ဆယ့်နှစ်၊ ရွှေစုလစ်ငွေသည်ထိုင်၊ ပုလဲခိုင်မုခ်ခံရံ၊ ဗလ်အမိုး အုတ်ကြွပ်၊ အထွတ်မှာ ပတ္တမြား၊ နဝရတ်ကျောက်ထိုးပါး၊ ဘုံပြာသာဒ်ရထားနှင့်၊သိကြားမင်းစံရာ၊ အာလကမန္ဒာ၊ ကျုံးပတ်ရစ်ခုနစ်ခွါ၊ နန်းသုဒ္ဓသ် ဝတိ ်သာသို့၊ ရွှပ်ခန္ဓာ နာမ်မပျောက်၊ ဝေဇယန် ကွန်းထောက်နှင့်၊နတ်ဆောင်၍ရောက်သကဲ့သို့၊ ချီးမြှောက်ရန်မကုန်၊ ကိုးဂီရိရစ်ရံ၊ တော်လေးရပ် ကျော်လေးစုံ၊သိမ်ကိုးရပ် ခေတ်မွေပုံ၊ ဖြဴပ်ဂုဏ်မချို ၊ ရွှေလေမြို့သနင်း၊ ပင်းမြို့နှင့်ပခန်းငယ်၊ သုံးခရိုင် နယ်ပယ်ထို၊ ရွှေဇလွယ်ဗောင်းဦးရစ်၊ ဘွဲ့သင်းကျစ်ထီးစည်နှင့်၊ ယုံကြည်တော် မူရင်း၊ လက်ရုံးရည်သတင်းကြောင့်၊ အပ်နှင်းတော်မူသော၊ နေတစ်ဆူ၊ လတစ်ဝွင့်၊ ဘုန်း မြင့် သည့် သ ခင်၊ ဝန်ရှင်တော်မင်းမြတ်ဝယ်၊ သင်္ဂန်းဖြတ်လက္ခန်းဆီမံ၊ ထိမ်မနိစစ်သူကြီးကဲ့သို့၊ အသီးသီးအရပ်ရပ်၊ ခဲကတ်သည့်ရေးရာ၊ ကိလိဋ္ဌပညာ၊ စီရင်မှုအဖြာဖြာကို၊ ဉာဏ်အာဇာဘွယ်ရဲကြောင့်၊ အရေးပိုင်အပ်လွှဲ၍၊ စစ်ကဲကြီးအရာနှင့်၊ မကွာ နေ့ည၊ ထမီးရွက်ရသော ယော ကွ မ စစ်ကဲ တော် မင်း၊ စစ်ကဲ

ကတော်၊ ပေါက်ဖော်သားချင်း၊ ဆွေရင်းသင်္ဂဟတို့သည်၊ ကျွန်မနှင့် ကိုရွှေထွန်း၊ ဧင်ပွန်းသမီး၊ ရောက်လာချိန်နီးပြီဟု၊ ဦးစီးပဲ့နေ၊ ကြေ့လှသည့်လှော်လေ့ကို၊ စင်ရော်တောင်ဝေဝေနှင့်၊ သူရိန်နေညီးညီး၊ ရွှေပဟိုရ် တစ်ချက်တီးတွင်၊ ခရီးဦးကြို၊ ရွှေမှက်နှာချို၍၊ မာဂဝထိုင်းနဂိုရ်၊ မဗ္ဘ ်မဏ္ဍဂြိဟ်၊ နပျိသောပြည်ကြီးကို၊ ရံ ဆီး ကာ ပိတ် ဖုံး သော၊ တောင်ငါးလုံးအနက်၊ ဝေပုလ္လအချက်ဝယ်၊ အနှလ္လရတနာ၊ သုံးထွာပြည့်လုံးပတ်၊ ဇောထိရမဏိရတ်၊ ဝိသေသကျောက်မြတ်ထို၊ နတ် ပေး၍ ရ သ ကဲ့ သို့၊ ကျွန်မထိုမြောက်စား၊ စေတနာထပ်ပွား၍၊ စိုက်မြား သည့် လက္ခဏာ၊ ဥပမာမလွဲပြီ၊ ဘုံဌာနိနှက်သန်၊ မိဘတို့ရပ်ဌာန်၊ ဇလွန်မြို့ဖိမာန်မှ၊ ဆန်ခဲ့သည်လမ်းတာ၊ယူဇနာအခန့်၊ခရီးလည်းဆန့်သောကြောင့်၊ တွေ့လတ္တံ့ဘေးရန်၊ မည်ကဲ့သို့ဖြစ်တန်ကို၊ အဖန်ဖန်ဝိတက်၊ စိတ်သောကနောင့်ယှက်၍၊ သမက်နှင့်သမီး၊ ကျွန်မတို့ဇနီးကို၊ လှ ကြီး တို့ ဓ မ္မ တာ၊ ဟေမဝန်ဗွေချာဝယ်၊ ကဉ္စနာရွှေသား၊ ဘောင်နှစ်လုံးအကြား၌၊ ဧကျောက် တံ ထိုင်း သုံး ထပ် ခြား၊ သံ ကွန် ယက် အုပ်ထား၍၊ ငှက်မနား လူမရောက်၊ နေပြောက်မျှ မထိုး၊ လေမိုးလည်း မထိရ၊ အတ္တန္တရ သရက်ပင်ထို၊ သံတံကျင် လှံ်ကန်နှင့်၊ နတ်ကုမ္ဘဏ် တစ်ထောင်တို့၊ စောင့် ဆောင် သည့် အ တူ၊ နေ မပူ လေ မ ခတ်၊ အ န္တ ရာယ် မ စပ် အောင်၊ စောင့်ကြပ်၍ရှေ့နောက်မှ၊ ခွာ ခဲ့ သည့် အ ကြောင်း ကြောင့်၊ ကောင်းမကောင်း သတင်းသံ၊ ကျွန်မတို့ဖြစ်ဟန်ကို၊ နာခံမျော်လင့်လျက်၊ နေနှင့်မည့် သနစ်ကို၊ စိစစ်နိုင်ညှိ၊ သဘောက သိသောကြောင့်၊ အမိဆွေရင်း၊ သူ ငယ် ချင်း မိတ် သ ဟာ၊ နေ ဟောင်း မြို့ကျေးရွာသို့၊ ကျွန်းမာကြောင်း ချမ်းသာကြောင်း၊ အရပ်ရပ်လုံးပေါင်းကို၊ ရေးနောင်းဝါစက၊ နုသန္နဝါကျ၊ ဝိရုဟိဝေါသဖြင့်၊ ဂန္ဓဗ္ဗနတ်ရွာဝယ်၊ သျော်ကေသာဝေါကွင်း၊ ပဥ္စသိနတ်မင်း၏၊ ဥသျစ်မှည့် အဆင်း၊ ဝေဠုဝစောင်းငြင်းကို၊ သီချင်းနှင့်တကွ၊ နတ်သမီးအကတွင်၊ ရွှလှသည့်လက်ရစ်၊ ပတ္တမြားညို့သစ်နှင့်၊ တေးဆစ်၍ ညှိသကဲ့သို့၊ ထိရိယာကာရက၊ ပယတ္တဋ္ဌာန်ကရိဏ်း၊ အလင်္ကာဆန်းဂိုဏ်းဖြင့်၊ သိုင်းပိုင်းစီဖြာ၊ မေတ္တာစကား ကြားမှာလိုက်မါသည်၊ မိဘဆွေရင်း၊ သူငယ်ချင်းတစ်စုတို့ ၌င်း၊

လေခ အလွှာခံ မေတ္တာစာ

ဩဧခီသပတ္ထနာ၊ အဖြာဖြာကို၊ ကြိယာဖွဲ့ဆို၊ မခဲ့့ လိုပြီ၊ အတို့ ကောက်နုတ်၊ သိခိပ်ပုစ်ဖြင့်၊ လောကုတ် လောကီ၊ နှစ်လိအစုံ၊ ခြောက်အာရုံဘွင်၊ မကြုံစတောင်း၊ အကောင်းပြကတေ့ ၊ မြတ်သရွေ့ နှင့်၊ တွေ့ပစေသော၊ မနောမင်္ဂလာ၊ ရေသီဝါဖြင့်၊ မေတ္တာ ပြဋ္ဌာန်း၊ ဆွတ်ဖျန်းလေ့ ရှိသော၊ ရွှေမြို့ တော် နေ၊ ဆရာ ရှင်ပုည၊ အကြောင်းကြား လိုက်ပါသည်၊ မြင်းခြံရွာနေ၊ ကျောင်းဒကာဦးမှူး၊

ဆရာမှာ၊ ကျောင်းဒကာလေနှင့် ဓာန်တက်က၊ ရွှေမြို့တော်သို့ ရောက်လျှင် သူကြီးဟောင်း ငကြူ၊ ဆွေမျိုးတစ်စုတို့နှင့်၊ ကြိတ်နယ်ထိုင်ပင်၍၊ အိမ်တော် နန်းတော်၊ သာသနာပိုင် ဆရာတော်များထံ၊ သေကံ ထိုက်အောင်၊ ထိုက်ခိုက်လျောက်တင်ကြသည့် အမှု ကြောင့်၊ သေလွန်မျောပါး၊ ငါတကားဟဲ၊ ကြ၍ ကြံထုန်း၊ မတော်၍ရှုံးလျှင်လည်း၊ အဆုံးမခံ၊ ဝေး လံရပ်ခြား၊ ယိုးဒယား- တရုတ်၊ မိုး ကုတ် ကုတ်သို့၊ စုတ်စုတ်စင်စောင့်ပြီးမှ၊ တစ်ထောင့်ထောင့် ဒေသက၊ လှလှကြီးထွက်ပေါ်၍ ထိုင်းကျော်အောင် ဝင့်ကျယ် မည်၊ ကံငယ်သည့် အဓါကို၊ ပညာရှိ တက္ကသိုလ်၊ မင်းမဟော် ပုဂ္ဂိုလ်မှ၊ အိုးဖိုသို့ထွက်ပြေး၍၊ အရေး သစ်ကြရသည်၊ ထုံးစံထိုနည်းယူ၍၊ လူထက်ကြပ် လေထက်ကြပ်၊ တစ်နာရီမလပ်အောင်၊ ထွက်ရပ်ကို လမ်းဖွင့်လျက်၊ သတိနှင့်မကွာ၊ နေရနိုက်ကြုံပါ၍၊ ကျောင်းဒကာ လေ့တက်ကို၊ အသက်လောက် စိတ် စွဲနှင့်၊ မပို့တဲ့နေပါသည်၊ မြေထူးမျိုးခြာ၊ ကုလား ရင်သွေး၊ ခွေးနှင့်နွှိုင်းခြင်း၊ ဥမင်တွင်း၌၊ ကျင်းခုနှစ် တောင်၊ နက်အောင်တူး၍၊ လက္ခဏ်နွေတွင်၊ ဗိုက် ငွေ့လူလူ၊ ဖွားတော်မူသည်၊ ငကြူထိရန္ဓာန်၊ ဒေ မန်ကို၊ မင်းကျန်ရစ်နှယ်၊ ဆရာဒေါ် တယ်ရသည်၊ ကြောက်ဖွယ်များတောင်း၊ အောင်ပွဲ ကောင်းလည်း၊ တပေါင်းလမှ ပြီးပါသည်၊ ပြီးလျင် စုန်မည်၊ ကြံစည် ပါလျက်၊ အထက်စကား၊ လေ့ငှားရင်း ကထိကို၊ ဉာဏ် မျက်စိမနေနှင့်၊ လှန်လေ့၍ ကြည့်ရာတွင်၊ ဝတ္ထု ငွေ၊ လေ့ခဖို့ဆိုလျှင်၊ ဖျင်ထိုတစ်ထွာ၊ သပြာတစ်ရွေး၊ ဆံတစ်မွေးမှ၊ ပေးစရာမပေါ်၊ ရွှေမြို့တော် ထက်ဝန်း ကျင်၊ ရှာပြန်လျှင်လည်း၊ လှူချင်သူနှုတ်ထိ၊ ကြွက်ကြွက် ဆူအောင် တောင်းသူသာ ရှိတော့သည်၊ သိရင်းစွဲ ဒါဃကာ၊ သဒ္ဓါမချို့ ၊ ထိုသူတို့လည်း၊ မြို့ပေါက် မှာ မျောကြ၍၊ ဖွတ်ကျောပြာစု၊ ခရုဆန်ကွတ်၊ ခါး ဝတ်လွှာချင်း၊ ထမင်းရက်ချန်၊ ရေရက်မှန်နှင့်၊ ကပ် ကျန်မွဲတေ၊ ဖွတ်ဘိုးတေများကို၊ လှူစေလိုသော၊ ဝတ္ထုနိပါတ်၊ ပိဋကတ်နှင့်၊ လျှပြတ်အောင် ဟော သော်လည်း၊ ဟောရင်းသာ ပျံ့တော်မူရမည်၊ ဆန်ဖြူ ဖြူ တစ်ခွက်မျှ၊ ထွက်နိုင်ပုံမရ၊ ကံပေး၍တစ်ခါ၊ ရပြန် ပါလည်း၊ ဆိုင်ရာမြို့စား၊ မဟာနေမျိုး၊ ဝမ်းသထိုး က၊ ကွမ်းဖိုး တော် များလှ၍၊ စားသည့်ပြင် မပို၊ နှုံ မူလ၊ လာရင်းကလည်း၊ ကွမ်းရွက်တစ်ဖက်၊ စည်း သောင်ဝွက်တွင်၊ ဇနက္ကမင်းသားကို၊ အားကျ၍ လေ့ မှောက်၊ သေလောက်မတတ်၊ အရေးကပ် တွင်၊ ငွေ မှတ်ဆိုသလား၊ မေခလာ လင်မယားက၊ ထိုးဝါးနှင့် ယူငင်၊ သောင်စွယ်သို့ တင်သောကြောင့်၊ ရှင်သီလဝန် တမလွန်ကို၊ အခွန်မဆက် နေရသည်၊ အရင်းဒလာ၊

တစ်ခါလေ့နှစ်၊ အသစ်မပွား၊ ပစ္စည်းပါးလှ၍၊ ငှား
ခဲ့ရင်းလေ့ခကို၊ ပေးရမည် ဖြစ်ချေလျှင်၊ လေ့နှစ်သည်
ဒုက္ခထက်၊ အနန္တပိုပြန်၊ ငရမနဲ့ ကြေူကြောင့်၊စိတ်
ပူသည့် ဝိတက်လည်း၊ မီးဆက်၍ မမှီ၊ ဒဂုတ်သီဆင်း
ရဲနှင့်၊ မွဲကျပ်ချွတ်အခါကို၊ ကျောင်းဒကာချီးမြှင့်မှ၊
သက်သာခွင့်ရပါမည်၊

ဝိမာန ပတ္ထုတွင်၊ သမ္မဉ္ဇနီတ်ထွက်၊ လေ့လူ
သည့် အကျိုး ဆက်ကြောင့်၊ အနဂ္ဃ စည်းစိမ်နှင့်၊
အကြိမ် ကြိမ် ပြည့် ကြောင်း ကို၊ သီ ဟောင်းပင်
ဖြစ်ပါသည်၊ ထိုက်သက်ရာလေ့ခကို၊မရသည့်အတွက်
နှင့်၊ မာန်အမျက် တံခွန်ထူ၍၊ဒေါသမူမယွင်အောင်၊
သမ္မင်္ဂ ရွှေကြိုးဖြင့်၊ စိတ် မြွေ ဆိုး ပင့် ဃတ် ကို၊
ဆယ်ကိုးပတံ ကျော့ ပြီး လျှင်၊ မျှော့ပမာ ရမွှက်ကို၊
ဆေးပက်ကာခွာပါမှ၊ ပညာဓိဆုကြီးကို၊ လက်နီးတွင်
ဆွတ်လှမ်း၍၊ ဝဋ်ကမ်းမှ တက် ဆောင် နိုင် ပါ မည်၊
သံသရာရေ၊ ပင်လယ်မွေကို၊ ကိ ေမ ဒကေန ထိကွေန၊
ဒုဗ္ဘဝင်ကျမ်းပြည်၊သာဒကအညီ၊ အဋ္ဌဂ်ိ ရွှဖောင်
တွင်း၊ ပဲ့တောင်က တက်စွဲ၍၊ ကူးတို့ကဲ မျှားရအော ငှ်၊
လေ့လူသည့် ကုသိုလ်ကို၊ မဂ်ဖိုလ်နယ်ဝင်၊ ဇယားပုံ
တင်ပြီးလျှင်၊ ရွှေမင်နှင့်ကွင်းခဲ့၍၊ စာရင်း သွတ်စေချင်
ပါသည်၊ ယာဂု ထမနဲ့၊ အိုးကြီးကွဲခါမှ၊ စွန့်ကြဲသည့်
ဒါနလည်း၊ နိမ္မလ မဆိုသာ၊ စေတနာ ဇောသန်၍၊
သမုဒ္ဒာန်လွန်ကဲလျှင်၊ အိုးကွဲမှ စွန့်လှူသည်၊ ထိုသူတို့
ကုသိုလ်လည်း၊ မဂ်ဖိုလ် ကေန်ရပေမည်၊ လူစ နတ်စ၊
ဗြဟ္မာစများမှာ၊ ဒါ နာ လေး၊ သေးကွေးစွာဘို၊
တစ်ရွေးလောက်ရှိလျှင်ပင်၊အင်မတိ အင်မတန်၊ စံချင်
ထိုင်း စံရသည်၊ ကံ၏ သဘော၊ အ လယ် ဇော ကို၊
ဟော၍မတုံး၊ နိဗ္ဗာန်မှ ဆုံးကြောင်းကို၊ စံထုံးကျမ်း
ထွက်ပြစ်တော့သည်၊ယင်းသို့ဖြစ်၍၊နောက်နှစ်ကာလ၊
လွန်သမျှကို၊ ဓေါသမရစ်၊ ကုသိုလ်ချည်းဖြစ်ရအောင်၊
သင္ဘနာရီ၊ပါရမီပြည့်ကြောင်း၊ အလောင်းတစ်ဆူ၊
ဒုဒ္ဓကို့တို့၊ ဆုယူသည့် ထုံးစံကို၊ မြင်းခြံနယ် ကျောင်း
ဒကာလည်း၊ ဥပမာ ပုံထား၍၊ လေ့ငှားသည့်အခကို၊
လော က တွင် မ သုံး၊ နိဗ္ဗာန် သို့ ရောက် ခါ မှ၊
စွေး ကြောင်း ပေါက် သုံး မည် ဟု၊ အ မြတ် ဆုံး
ဃ ဘော နှင့်၊ ကု သိုလ် ဇော ကံ ပါ အောင်၊
သံ သ ရာ က် ကွေး ပြု ပါ မည့် အကြောင်းကို၊
သူတော်ကောင်း လက္ခဏာ၊ ထင်မှတ်ရင်း ရှိပါ၍၊
မေတ္တာဆက်ဆံ၊ ရပ်ခံကြားမှာလို့ကပါသည်၊

လေတင်၍ နေရာတွင် ပန်းတောင်းသို့ပေး မေတ္တာစာ

ဆီဗွန်ဒွဲ့ စိန္ဒိတာ သမ္မာ၊ အက္ခရာရှစ်ခုဖြင့်၊စတ္တ ဝါဠေသု၊ပြုချင်ထိုင်းပြုသော်လည်း၊ဘေးဥပဒ်မကြို၊ စိတ်လုံထိုင်းပြည့်စုံလျှင်၊ ဤလူ့ဘုံ ခေတ်တွင်းတွင်၊ ကျွဲချင်းနှင့် သိပရာ၊ ထမင်းကျွေး တရားနာကို့သို့၊ သူသာလျှင် အကောင်းဆုံးဟု၊ နှလုံးကအစွဲပြု၍၊ ခပ်ပုပု ထုတ်ထိုထို၊ ချိုလှသည့် မေတ္တာ ရေ ဖြင့်၊ မြို့ရွာလေ ဘုမ်ဝယ်၊ ပဝတ္တိဇင်မ၊ ဌာနရပ်ဟောင်း၊ ပန်းတောင်းမြို့ ချက် မြူပ်၊ ကျွန်ုပ် မောင် မိုင်း၊ ဟုတ်ထိုင်း ကြား ရောက် ပါ သည်၊ မင်္ဂလာရနံလုံ၊ သိန်ဂုဏ်မချို့၊ ပန်းတောင်းမြို့နေ- မည်သူတို့၊

ကျွန်ုပ်မှာ ရတနာသုံးရပ်၏၊ ကြီး မြတ် သော တန်ခိုး၊ ဆွေမျိုးတို့ မေတ္တာကြောင့်၊ ယတြာမန္တန်၊ ဥုံရံသြောင်းရွတ်၊ အသွတ်အသွင်း၊ အကွင်းလက်ဖွဲ့၊ ခါးလွဲ့မဆောင်၊ ဆေးမပေါင်အင်းမကူ၊ပဓေဘဂပင် မထူသော်လည်း၊ ဘယ်ရန်သူမရှိ၊ ပြကတိကျန်းမာ၍ ချမ်းသာရပေသည်၊ အကြောင်းမှာ- အညာသို့ ဆန်သွားရာ ခရီးလမ်း၊ စလေမြို့ ဆိပ်ကမ်းတွင်၊ ဆောင်းအလွမ်း မိုးအကုန်၊ မယ့်သာသည်ကာလ၊ လေကလည်းမဆော်၊ ရေကလည်းသရော်၊ လှေပေါ်မှာ ဝန်အပြည့်၊ အလွှဲမသုင့်၊ အခွင့်လည်းမဆုံ သောကြောင့်၊ သောင်ခဲ့တွင် လှေတင်၍၊ ရေဆန်ကို ချင့်ထောက်သော်၊ နောက်မမြွေ့မနှံး၊ အသီးသီး သွယ်သွယ်၊ ပရိယာယ် ဝေဖုံဖြင့်၊ အားထုတ်၍ချပါ သော်လည်း၊ လှေနာဝါ သကောင့်သားက၊ လား လားမျှမပြုန်၊ ကြေးကုန် ငွေကုန်၊ စရိတ်ကုန်ဝဏ်ခံ၊ အဟံ ပုရိသောငါကောဟု ကောလျှင်လည်း၊ ချော ချောပင် ကျွတန်၏၊ ကျဟန်နှင့် ငွေကုန်ကို၊တွက်ပုံက မမီ၊ ဤကဲ့သို့ သိသောကြောင့်၊ ပကထိနေမြဲ၊ လှေ မကွဲးရေမယို၊ လူ့ကိုလည်း မထောင်းတာ၊ဥစ္စာလည်း မဆုံး၊ နှလုံးလည်းမပူ၊ သို့တူတူကို၊ သဲပြူပြုသောင် ထိပ်တွင်၊ အိပ်ကာစားကာ၊ ပန်းတောင်းမြို့ မင်္ဂလာ၊ ဇာတိရပ်ပြည်ရွာ၊ ဉာတိတို့နေရာကို၊ အခါခါ ကြည်နူး၊ လာချင်စိတ်ကူးသော်လည်း၊ ရေဦးပေါက် တစ်မှာ၊ လိုသမျှမြောက်၍၊ လာရောက်နိုင်ချေတော့ မည်၊ ရက်အရှည် လအကြာ၊ ဝေးကွာသည့် ဒေသ၊ ကာလလည်း ဖောက်ပြန်၊ နာဖျား၊မူ အတန်တန် ကြောင့်၊ ပူပန်သည့်သောကနှင့်၊ သင်္ဘောဆွေမင်းတို့၊ သတင်းကို မေးမြန်း၍၊မြွေ့တမ်းလျက်ရှိမည်ကြောင့်၊ အတည်တည် အကြောင်းရပ်ကို၊ အတပ်သိသာအောင်၊ မေတ္တာစကား၊ ကြားရွောက်ပါသည်၊

ကျောင်းထိုင် မလိုက်နိုင်ကြောင်း မေတ္တာစာ

သူ့ချစ်နှုန်း အာဓိကဟု၊ ပဥ္စသညာ၊ ဗာရာဏသီ၊ ပုရိကြင့်နှုန်း၊ ရွှေနန်းမှန်ကူ၊ ဘူပတိနှတ်၊ ဗောဓိသတ် ဖြစ်တော်မူသော၊ ဘလ္လာဝိယ မင်းကြီးသည်၊ အနုသောတာ၊ ဂင်္ဂါမြစ်ရောင်၊ သဲသောင်ပြင်နဲ့မှု၊ အကြေသို့ လိုက်၍၊ မြို့ထိုက်ခန်း၊ မြန်းတော်မူရာ၊ ဝန္ဒမာလီနှင်းဆီရောရာ၊နံ့သာလေ၌ ၊ တောင်ခါး ပန်းကွေ့ဆီက၊မြေ့မြေ့ချမ်းကြည်၊ညာရစ်ခွေလည်ခဲ့ ၍၊ အမည်စွဲနှုန်ပြောင်း၊ ဂင်္ဂါသို့ ပေါင်းကြသည်၊ မြစ်လောင်းနဒီကာ၊အဖြာဖြာတွင်၊ ကိန္နဲ့ရာဖို့မတို့၊ တစ်ညခန့် အတွင်း၊ ချောင်းခြောင်း၍ ကင်းသည်ကို၊ ပူဆွေးခြင်းသောကဖြင့်၊ သုံးလယုတ်သခ်ျာ၊ ခုနစ်ရာ ပြကတေ ၊ နှစ်ပေါင်းပင် ဧ ေသာ်လည်း၊ ယွမ်း ရှိန်ငွေ့မပြယ်၊ ရွှေလည်တိုင် ညက်သွယ်ကို၊ လက် လှယ်ကာ ပိုက်နှဲ၍၊ မစဲနိုင်ဆည်တတ်၊ သွယ် မျက်ရည် ငွေနှင်းနှင်း၊ ငိုကြွေးရင်း လှည့်ပတ်သော နတ်ကိန္နရီ၊ ဧဝံတို့နန်းတံ့၊ မလွှာရံခရီးသို့၊ ထီး ရှစ်ဆူရှင်၊ စက်ရွေစင် ကွန့်မြူးလျက်၊ ရောက်မူးသည့် ဧသေ၊ ဟေမဝတာ၊ မြစ်သာနတ်ဖန်၊ မလွှာဂိရိ၊ ရေညီမမြေး၊ ချမ်းအေးကြည်စွာ၊ မန္ဒာရက၊ အမည် ရသော၊ မြတ္တနှင်းဆွယ်၊ မြစ်သုံးသွယ် တို့မှ၊ သွတ်လှယ် ပတ်ခွေ၊ ရဟတ်ရေသည်၊ အောက် မြေသဲပြင်၊ ပကတိအထိုင်း မြင်၍၊ ကြည်လင်သည့် ပမာဏ၊ ဧဝါသဟည်းဟူသော မှော်မြူဩဇာ၊ မမြွေးမတွယ်၊ စင်ကြယ်သန့်လွင်၊ ဝိသေသကြည်လင် သော၊ နတ်ရေစင်မတ္တာဖြင့်၊ အခါခါသွန်းလောင်း လေ ့ရှိသော၊ အမရပူရ ရွှေမြို့တော်ရှေ့၊ စီးတော် မြင်းဝန်ထိုက်၌၊ သီ တင်းသုံးနေသော၊ ရဟန်းတော် ရှင်ဥန္ဒာလောက၊ ကြားမှာလိုက်ပါသည်၊ ပခန်းကြီး မြို့အရှေ့ဘက်၊ သဲအင်းရွာနေ၊ အဘဒကာကြီး ဦးဝင်း၊ မိထွေး ဒကာမ မယ်ကေဝင်း၊ ဦးရီးကိုကြာ ဝင်း၊ အစ်ကို မောင်ကွေး၊ ကြည်နူးသဒ္ဓါ၊ ဒကာ ဒကာမ၊ သင်္ဃာအစ်စုတို့၊

ဆရာကို ဇာတိဌာန၊ မူလပုရိဝါ၊ သဲ အင်း ရွာသို့၊ ကြွလာ နေထိုင် ဧဝ လို ကြောင်း မျှားနှင့်၊ လျှောက်ကြား ပင့်ဖိတ်လိုက်သည်မှာ၊ကုလူပဂ၊သမဏ မမွှတာ၊ ဒါယကာတို့၏၊ သဒ္ဓါခိမုတ္တ၊ အာသ ယကို၊ ထောက်ဆမြော်ရှုလျက်၊ ဥပါသကာတို့၏၊ သဂ္ဂ မဂ္ဂအကျိုးဌာ၊ အနုညာတ ပြုသင့်ကြောင်း မျှားကို၊ ဘုရားဟောဖော်၊ အမိန့်တော်အတန်၊ ထုတ်ပြန်လျက်ရှိပေသည်၊ကိုးကွယ်လိုသူ၊ဤလူတစ်စု၊ ဂီဟုပဋိဂတို့၏၊ မူလလက္ခဏာ၊ ဆိုရန်မှာလည်း၊ သမ္မာဝါဒီ၊လင့်ပေသလ၊ သာသနာ့ဝန်ကျူ၊ သုသီလ ပုဂ္ဂိုလ်၊ ဖိုလ်အရိယာ၊ နိမ္မာန်လမ်း ရှာကြသော၊ ဒါယကာ လူဇာတ်၊ သူမြတ်စဏေ၊ မှန်လှပေ ကြောင့်၊ နိယျာနိုက၊ ဝိဝဋ္ဋဖာကျိုးကို ထောက်မြော် သဖြင့်၊ ပင့်ခေါ်ဖိတ်မန်ရာ၊ လိုက်နာ လွယ်လင့်၊ နူးညှတ်သင့်ပေသည်ပင်။

သို့ရာတွင် ကြောင်းရင်း၊ ဆရာ၏ နှလုံးသွင်းကို၊ အလင်းပြရမည်မှာ၊ မန္တာခ်ဋ္ဌ ၊ ဝဿ ဆယ်ပါးကို၊ ထောက်ထားစိစစ်လျှင်၊ ယခုခေတ်ကလိယုဂ်၊ နောက် ဆုတ်ရွေ့လျော၊မျောလွယ်သည်ကာလ၊ ဝယအာယု၊ ဝတ္ထုရုတနှာ၊ ပညာယိုယွင်း၊ မြက်ဖျားနှင်းကဲ့သို့၊ ကွေကွင်းဝိဘဝ၊ ဟာဃန ပညပ်၊ မရေရာ့ ကပ်ဆဲ

တွင်၊ ကံစပ်၍ဆိုက်လိုက်၊ ကြုံကြိုက်သည်အတွင်း၊ ကုသိုလ်ရင်း ကံသမ္ဘာ၊ လျော်ကပ်တတ်ရဲ့ ပါသော ကြောင့်၊ ကိုယ်ရောဂါမည်ဉီးပန်း။ မာကျန်းသည် တစ်ရပ်၊သပ္ပါရိသူပါနိဿယစက်ကြီးနှင့်၊ နီးရသည် တစ်ချက်၊ အနုပညာရှိ၊ ထိပိုင်က၊ ဓာရဏပုဂ္ဂိုလ်၊ ဝိဇ္ဇာခိုရိန်းယာကျိုးတို့၊ ပေါများရာဌာန၊ အမရ ဗိမာန်၊ရာဇဌာန်ခေါင်ချုပ်၊ ပတိရုပ်အောင်မြေကို၊ ရပေသည်တစ်ခု၊ စထုစက္ကရတ်၊သမ္မတ္တိ ခေတ်ကောင်း နှင့်၊မကြုံတောင်းကြုံရ၍၊ ကံလှသည် အခိုက်တွင်မှ၊ အလိုက်မသိ မေ့လျော့၍ နေမိလျှင်၊ပုရိသ မောဃ၊ ဓေပုတ္တာခရီးသွား၊ဂေါပါလယောကျိုးကဲ့သို့၊ တရား လက်မဲ့၊ မတဲ့ပညာ၊ ပစ္စာနုတပ္ပ၊ နောင်တ တစ်မန် ရှိတော့မည်၊ ယင်းသို့ဖွဲ့ပါ။ သောကနောက်နှစ်၊ မရှိအောင် အားသစ်၍၊ တစ်နှစ်တန် တစ်ဝါတန်၊ ကျွမ်းကန်သင်ကြား။ ဉာဏ်ကျက်စားလျက်၊ ဆရာများ နည်း၊ နိဿ ရည်းအခြေ၊ ဥပဇ္ဈာထုံးစံကို၊ နာခံမှီခို၊ နေလိုသောဆန္ဒ ရှိပါသေးသောကြောင့်၊ ဒွေးဖခင် ဒါယကာနှင့်၊ ဆွေဉာတိပင့်ရာသို့၊ လိုက်ခွင့်မပေးသာ သေး ဖြစ်ချေသည်၊ အတိဒုလ္လဘ၊ ဓာဟုလ္လကုသိုလ်၊ မဂ်ဖိုလ်ဟောက်ဉီ၊ အဖို့ ယူလျက်၊ ကြည်ဖြူသော စေတနာဖြင့်၊ သဒ္ဓါပွားသစ်၊မဆုတ်နစ်မူ၍၊ တစ်နှစ် ခန့် တစ်ဝါခန့်၊ ဆိုင်းငံ့ကြဦးမည့် အကြောင်းများ ကို၊ မှာကြားလိုက်သည်၊ အဘဒကာကြီးနှင့် တကွ၊ ဆွေနီးညီတစ်စုတို့။

မောင်အို ဘုန်းကြီးပင့် မတ္တာစာ

ဝေဿဝဏ္ဏော၊ ယမောသက္ကော၊ အာဠဝကတို့၊ ထာဝရလက်စွဲ၊ ရဲရဲလျှံမောင်း၊ သိဒ္ဓေါင်းစကြာ၊ လောဟာဝုဓ၊ ဒေါသထောင်းထောင်း၊ မာန်ချောင်းချောင်းနှင့်၊ ဦးခေါင်းငဲ့လှည့်၊ စောင်းချင်းကြည့်က၊ မြည့်မြည့်ကြွေမွှ၊ ပြာကျလောင်မြိုက်၊ ကမ္ဘာမီးတိုက်သကဲ့သို့၊ ပြိုက်ပြိုက်ပျက်ရှုံး၊ ဘဝဆုံးရသော၊ မျက်လုံးလက်နက်၊ အမျက်မာန်၊ အာဃာတဖြင့်၊ ဝါသဝနတ်၊ ပတ်ပတ်လှည့်ရစ်၊ လွှတ်ချပစ်က၊ ဃစ်ထစ်ရိုက်ချန်း၊ ဖြုန်းဖြုန်းကွဲပြို၊ မြင်းမိုရ် သတ္တရွှန်၊ မဟာသိန္ဓု၊ အဏ္ဏမြူလောက်၊ ကောက်၍မရ၊ ပျောက်ရှ စင်ကွာ၊ ပြင်းထန်စွာ သော၊ မဟာဝရဇိန်၊ ထိန်ထိန်လျှံလက်၊ စက်အာဝုဓ၊ အဟမသို့ အာဠဝကော၊ မြေကြော လှန်မှောက်၊ ငါဟဲ့ငေါက်လျှင်၊ ထောင်လောက်မက၊ ငွေးငွေး ထ လျက်၊ ကေလာသ တောင်ထွတ်၊ မြေသိဒ္ဓါညွတ်လုအောင်၊ တစ်ချက်လွှတ် ခုန်နင်း၊ တောင် ထိပ် မွေ အတွင်း၊ လက်ယာ ခြေဝင်းပြီးမှ၊ တဟုန်ခြင်း ပစ်လိုက်လျှင်၊ မြစ်သမုတ် လေးဆိုင်၊ ခုနစ် အိုင် ခန်း ခြောက်၊ မီးထိန်ထိန်လောင်တောက်၍၊ ကျရောက်သောမြေပြင်တွင်၊ ဆယ့် ခုစ်ခုစ် ကြာ တင် အောင်၊ မြက်တစ်ပင် မပေါက်၊ ကောင်း ကင် သို့ မြှောက် လိုက် လျှင်၊ ဝင်းဝင်းတောက် တပြောင်ပြောင်၊ ဆယ့်ခုစ်ခုစ် မိုး ခေါင်သော၊ စက် လောင် မီးမက၊ ခုကုလဘွဲ့ဖြူ၊ တန်ခိုးရောင် လူပြီးလျှင်၊ ဝုန်ဆူညီးညီး၊ လက်နက်ကြီး တစ်ခု၊ ဇထုဒေဝရာဇ်၊ ရန်လှစ်မိုပ်ခွန်၊ အလျှံ ထိန်ထိန်၊ ပစ်ချိန် ယန္တရား၊ စက်လေးပါး ကဲ့သို့၊ ထွားထွားဖြူနစ်၊ မနစ်မကျိ၊ မြူမငြိသော၊ သုဒ္ဓိသီလ၊ အာစာရသိက္ခာ၊ အရိန္ဒမာ၊ နတ် စကြာ စိန်သွား၊ လက်နက်ကြီး လေးပါးဖြင့်၊ ထောင့်ဝါးရာရန်စစ်ကို၊ ရဲသောက်မြစ် မကျန်၊ နောက် မလှန်နိုင်အောင်၊ ပြောင်းပြန်ပြတ်ကြွေ၊ ညှာညှာ ကြေမျှ၊ ခုတ်ချွေဖျောက်ဖျက်၍၊ ပဥ္စကွန္ဓာ၊ သံသရာလက်စသတ်၊ အထုမဲ့ လွန်မြတ်သော၊ ပရမတ်ဓမ္မာရုံ၊ အမတ ချေဘုံသို့၊ ယာဉ်စက်စုံပတ္တမြား၊ ဝိသုဒ္ဓိ နတ်ရထား ဖြင့်၊ ဟျုံကွန် လွှား တက် နိုင် ၍၊ သုံးခရိုင် ဘုထိပ်ကို၊ မင်ထီးရိပ် ဖြန့်မိုး၊ သတ္တဥ္ဇာ တန်ခိုးဖြင့်၊ အုပ်စိုးတော် မူ ပါ စေ ဟု၊ ဆို သေ က မင်္ဂလာကို၊ အခါခါ မြွက် ဟ ၍၊ ဆက် သလေ့ ရှိပါ သော၊ စလေမြို့ နေ၊ ဘုရား တပည့်တော် ဒကာ ငကော သည်၊ တြိဝိတက်၊ မြွေး ယှက် ဖုံးပိတ်၊ မြူဇလိဋ္ဌကို၊ ကုသိုလ်ဟိတ်သုံးတန်၊ တခဏပဟာန်ဖြင့်၊ ကျောက်ကန် ပယ်ခွာ၍၊ ကိုလေသာဥစ္စာ၊ မြူမရစဲသော၊ စစ်စစ် ဝင်းလျှံ၊ မင်းစံခိုတဲ့၊ ရွှေစကြာခြေစုံကို၊ ကြည်ရွှဲညွတ်တွား၊ ထိပ်ထက်ထား၍၊ သနားတော်မြတ် ခံပါသည်၊ ကျေးဇူးရှင်ဘုရား၊

ဘုရားတပည့်တော်မှာ၊ သံသရာဝဋ်၊ ကင်းလွတ်စေကြောင်း၊ကောင်းစွာ နှလုံးပိုက်၍၊ ရင်၌ဖြစ်သော သားကို၊ ဘုရားသာသနာတော်တွင်းသို့၊ သွတ်သွင်းချီးမြှင့်ရာ၊ ဓါနပရိကံ၊ သဃမ္ဘုဘုရား၏၊ ရှင်ပွား

တော်မြတ်၊ ပိဋကတ်နိုကာယ်၊ ကိုးကွယ်ရေးသား၊ သွင်းထားရန် စာသင်တိုက်နှင့်တကွ၊ သမဏဇာတ်၊ သံဃာတော်မြတ် တို့အား၊ လျောက်ပတ် သုံးဖွယ်၊ ရှစ်သွယ်ပရိက္ခရာ၊ ယထာသတ္တိ၊ အားရှိသလောက်၊ ပံ့ထောက်လှူဒါန်း၍၊ ရွှင်လန်းနှစ်သက်၊ ဖိုလ်မင်္ကျွန်းပြုပါသည်။ ၎င်းဒါန၊ သမ္ဘာရဆောက်ဦး၊ လှူရန်အဖြာဖြာကို၊ကောဇာသက္ကရာဇ် ၁၂၁၆-ခု၊ တန်ဆူးလဆန်း တစ်ရက်နေ့၊ အနုမောဒနာ ပြုရာ၊ ကျေးဇူးရှင်ဘုရား၏၊ သုံးပါးသော ကလျာဏ ထပ်ဝါ ဖြင့်၊ ဒေသနာမြို့ကြီးဆေးကို၊ ထိုက်ကျွန်းတော်မူသော မုခပါဠိဓမ္မက္ခန်း၊ရွှေနှုတ်သီကို၊ နာခံလိုသည်ဖြစ်ပါ၍၊ ရွှန်းသစ်ညွှန့်ဝေ၊ မြို့စလေတွင်၊ ညာကြေလှိုင်းဘီ၊ ဒကာတော် ငအိအိမ်မှာ၊ ဒေသနာ ဓမ္မစက်၊ ဟော မြွက်တော် မူခြင်းငှာ၊စကြာကွန်းထောက်၊ကြွရောက်တော် မူပါမည့်အကြောင်း၊ ဦးခေါင်းညွှတ်တွား၊ သနားတော်မြတ် ခံပါသည်၊ ကျေးဇူးရှင်ဘုရား။

ပြန်ပေးမေတ္တာစာ

စေတနာ ဗလဝ၊ သီနေဟကြောင့်၊ မေတ္တာသုတ် တစ်စောင်လုံးကို၊ပုဒ်မပါကျ၊်းပြီးလျှင်၊ မေတ္တာတုံး ကြီးကြီးဖြင့်၊ ရိုးတိုက်၍ ပို့လေ့ရှိသော၊ အမရပူရ ရွှေမြို့ တော်၊ဝန်းမော်တိုက်နေ၊ ရှင်ပုညာဘိဓေးဝန ပဋိဘာန်၊ လျင်မြန်စီရေး၊ အမှုပုံပါပါနှင့်၊ မှာစာ ပေးလိုက်သည်၊ ဒေတီတိ ဒါယကာ၊ ဆရာခေါ် ဦးဆန်း၊ အာဝဇ္ဇန်းညာဏ်ပွား၊ လက်ရန်တံ အပွေ သားနှင့်၊ မောင်ရွှေပြား မေတ္တာစာကို၊ ဆရာထံ ဆက်လိုက်သည်မှာ၊ လောကခေ် ခုခေတ်တွင်၊ ဖြစ်ကြ ပုံစရိုက်နှင့်၊ ဗျည်းကိုကိုက်သည့် အင်းကဲ့သို့၊ အက္ခင်း အက္ခက်ပေါ်၍၊ သင့်လျော်လှပေသည်၊ခုနှယ်များကို၊ ဘုရားမုနိ၊ ကိုယ်တော်တိုင်ရှိဘိမူ၊ လောကီ ထုပ္ပတ်၊ လူတို့ဇာတ်ကို၊ သိတတ်သူ မောင်ဆန်း ဟူ၍၊ လူတေဝင်၊ ရွှေခွက်ဆွဲစာရင်းဝင်၊ ချည်ခင်စွပ်ပိုလို၊ တစ်ဦးဖြစ်ပေမည်။ လောကီ လူ့ပြည်၊ အနေ အစုံ၊ လူ့ဖြစ်ပုံကို၊ သိရုံနှင့်မတန်၊ ကဗျာဉာဏ် အာဘော် ကလည်း၊ ကလော်တိုင်းထွက်သောကြောင့်၊နှစ်သက် ချီးမွမ်းလောက် ပေသည်၊ ဒကာကြီး စကားကို၊ ခြောက်ပါးသမ္မန် လိင်အန်ဝေဝုစ်၊ ပဒုဒ္ဓါရ၊ ပဒ ပဝေ၊ ဥပဒေသို့ဖြင့်၊ မေးဖြေစီစစ်၍၊ အပြစ်ကိုရှာ သော်၊ရှင်ပုညာဘိဓေသည်၊ လောကကို လိုက်စား၍၊ မင်းပါးစီးခွင်၊ထွက်ဝင်ရအောင်၊ ကြံဆောင်အားဆဲ၊ ငါတကား၊ခဲသော်လည်း၊ မင်းပွဲသို့မဝင်နိုင်၊ ဓာတ် နှတ်တိုင်ယွင်းယို၊ ဇာတာတော် ဗြဲသောကြောင့်၊ စိတ်လိုတိုင်းမပြီးဟု၊ ဒကာကြီး အတွေးနှင့်၊ စာရေး၍ ပေးသည်မှာ၊ ပမာဒလေခ၊သမ္မောဟသတိဖြင့်၊ ရေးမိ သော ကျိစကားကို၊ မူမှား စာပျက် မှတ်ရမည်၊ ဟိ တပ္ပါကုဋ္ဌိ ကရောမိ၊ ထိုစကားကို၊ ဉာဏ်သွား သန့်ရှင်း၊ ယုံမှားကင်းအောင်၊ ထင်လင်းစွာပြုလိုက် ဦးအုံ၊ ယောဇဟံ၊ အကြင်ငါသည်၊ ကပ်ကမ္ဘာ ပကတူးက၊ ဖြည့်ဖူးသော ပါရမီကြောင့်၊ ဂမ္ဘီရ ဉာဏ်၊ ဂန္ဆန္ဆရ၊ သုတဗုဒ္ဓိ၊ ကဝိဝိဇ္ဇာခိုရ်၊ ပုဂ္ဂိုလ် ကျော်တစ်ခု၊ ဗေဒင်မှတွင်လည်း၊ ဣရ သာမ၊ ယဇု အထဗ္ဗန်၊ ပုရာဏ်ဣတိဟာ၊ ကျမ်းတကာက၊ ဆူရာ ရွေးနုတ်၊ သည်းခြေကိုထုတ်ပြီးလျှင်၊ ဖုတ်၍ပင် စားနိုင်လောက်ခဲ့သည်၊ ဓာတ်၏လက္ခဏာ၊ ဆိုသည် မှာလည်း၊ ဂါထာရှစ်ဆယ်၊ အကျယ်အဝွား၊နှစ်ပါး သုံးပါး၊ လေးပါး ရှစ်ပါး။ ကိုးပါး ဆယ်ပါး၊ ဆယ့်နှစ်ပါး ဂထိ၊ဝိသတိဓာတ်တိုင်၊ ဣဟ်နိုင်ငံ၊ ရာသီ နိုင်ငံ၊ နံစံတြင်း၊ ခဝင်းသဒ္ဒါ၊ ခုနစ်ရာ ထိုင် ပေါင်း၊ ဆိုးကောင်းနိဿ ဂည်း၊ ဖောပုံနည်းတွင်၊ပြည်းပြည်း စင် တက်တက်ကုန်၊ (ဝမ်းလေပင် စုန်ဆင်းလည်း၊ သည်ဒသမြည်လောက်သည်၊) ဖွေနည်ရှာကြံ၍၊ဉာဏ်ခံ ကြီးလျက်ဖြစ်ခဲ့သည်၊ သိုက်ဟောင်းအရာ၊ ဆိုသည် မှာလည်း၊ သာသနာသိုက်၊ ဘုရားသိုက်၊ သိကြား သိုက်၊ ဂဝံပတေ့၊ ရသေ့ဂေါဒန်၊ မှန်ကန် ဟူးရားဖြူ၊ တောင်ငူပုဂံ၊ သံသယတွင်ဟောင်း၊ တကောင်းသိုက်စာ၊ ရတနာပူရ၊ မောင်သစ္စာ လက်ထက်၊ အနောက်ဘက်သာလွန်တို့၊ ပညာဝန် ပဏ္ဍိစ္စ၊ ထင်မှတ်ကြသော၊ ရာမညတိုင်းသား၊ဗားမဲ့ အကျော်၊ ပုဏ္ဏားတော်ဇာဂရ၊ တစ်ခုမလွဲ၊ ရေနံ နတ်စက်ရောင်၊ ကုန်းဘောင် သာကီဝင်၊ ဆင်ဖြူရှင်

လက်ထက်၊ ပေါ်ထွက်သည့်၊ အယူမဂိလာ၊ နာနာဘာဝ၊ ရှိသမျှသိုက်ဟောင်း၊ စာဘူးတောင်း သိုက်၊ ဆက်ရက် သိုက်၊ ငွက် သိုက်၊ ဝက် သိုက်၊ ကြွက် သိုက် မကျန်၊ မှောက်လှန် ရှာ ဖွေ၊ သိ သိ ကြေကြေ အောင်၊ ထုတေမွမွ၊ သိုက် ပြာချ၍၊ လော ကစီးပွား၊ သိုက်လျက် ဆားလည်း၊ စား၍ အတန်ကုန်ခဲ့ပြီး၊သို့စင်ထိုးတမ်း၊ဒေဒင်ကျမ်းနှင့်၊ဓာတ်ကျမ်း သိုက်ကျမ်း၊ ပရမိုးပတာ၊ အ ရာရာ ကို၊ ပညာဖြင့် ထောက်နှိုင်း၍၊ ထိုင်းရေး ပြည်ရေး၊ မင်းရေး စိုးမှု၊ ဤလူစု၏၊အာယုသခိုရ်၊ ကာလဆုံးဖြတ်၊ အနာဂတ်ကို၊ နိယတိ သန့်ရှင်း၊ အတိတ်ကံတမျှ၊ လောက ဗျူဟာ၊ နတ်ဒေဝါကဲ့သို့၊ ခြင်းရာ ပြက်ပြက်၊သိပ်ပြီး လျက်နှင့်၊ ကမ္ဘာပျက်ခါနီးမှ၊ ယောင်တီးယောင်တ၊ လူ့ဘဝကို၊ ရပေသည့် ယောကျ်ား ကဲ့သို့၊ မင်းပါး စိုးခွင်၊ ဝင်လိုသည့် ဝိတက်၊ သည်ရမ္မက် များနှင့်၊ သက်သက်ကြီးဆရာဝေး၏၊နပတ္ထေမိ-ဝါမတောင့်တ၊ ပန-ထိုမြို့၊ ဝါတို့စိတ်ခန၊ သန္ဓေပါရင်း၊ နလုံးသွင်းဟန်၊ ဇာတိမာန်ကို၊ ပက္ခန္ဓရ၊ ဇောတကနိပါတ်ပုဒ်၊ တစ်ခန်းထုတ်၍၊ ဟုတ်သည့်အထိုင်း ဆိုဦးတုံး၊ နဂို သဘာဝ၊ မူလဇာတာ၊ ရှစ်ဖြာ ကြိုတ်ဝင်၊ လင်္ဂနွင်စန်းထပ်၊အရပ်ရပ်ကို၊ဦ့ဟပ်-ဂန္ဆာ၊ ဧနမပတ္တိ၊ ဇိပန်ဋ္ဌကာနှင့်၊ညီညာအောင် နှိုင်းညှိ၍၊ ဘူမိလက်ခတ်၊ ဆတ်ဆတ်မပျက်၊ ဟောကိန်းဆွက်သည်မှ၊ ထို လင်ထိုစန်း၊ ကိန်းခန်းအလို၊ ထို ဇာတာ သင်္ခသည်၊ ကောင်းကင်အထွတ်၊ ဝသဝတီ၊လောကီပိုင်နင်း၊မာရ်နတ်မင်း၏၊ ဖွား ရင်း ဇာတာနှင့်၊ လက္ခဏာကြိုတ်နေဟန်၊ယေဘုယျတူတန်သောကြောင့်၊ မာန်နတ်မင်း ဇာတာကိုရ၍၊ မာန်အမျက် ဓက်ခက် ကျိတ်ကျိတ်၊ စိတ်မီးလျှံတောက်၊ လူ့အောက်မခို၊ လူထို မကြို၊ အလို့အလျောက်၊စိတ်နောက်ထိုပါ၊ပြုတတ်ရာဏ်ဟု၊ ဇာတာ၊ကိန်း၊ကျ၊ ကမ္ဘနိမိတ်နှင့်၊ တစ်စိတ်တစ်ဒေသ၊ ဗာဟုလ်ဝုတ္တိ၊ညီဘိသည်တစ်ကြောင်း၊ပထမမဂ္ဂဌာန်၊ နိဗ္ဗာန်ကမ်းခိုင်၊ မြေမဏ္ဍိုင်၌၊ မထိုင်မိသေးသမျှ၊ သူကငါက၊ အန္တမသော၊ အတ္တဘောငယ်လို့၊ကမ္ဘာနှံပြိတ္တာ၊ အထက်သို့လာခဲ့လျှင်၊ ပြဟ္မာကြီးအစစ်၊ ဖြစ် ချင် ထိုင်း ဖြစ် ဧ ဦး၊ ရှစ် လော က ဏ္ဍ ရာ တွင်၊ တစ် ပါး မျှ မ ရ ပါ မူ၊ မောင် ဗြ ဟ္မာ ဘုံ လျော ၍၊ မြက်သောက်တော မြေဆီမှာ၊ ကမ္ဘာနှံဖြစ်ဦးမည်၊ စင်စစ်မှတ်လေ၊ ကမ္ဘာနှံသေသော်သည်း၊ ရှစ်ထွေ သော ကာမဇော၊ ဇာသလ သဘောနှင့်၊ မနောကံ စွပ်မိလျှင်၊ ပြဟ္မာကြီးတုံ့ပျံဝယ်၊ ကမ္ဘာနှံနှုန်းစံ၍၊ သုခဝတ ဘော၊ အဟော အစ္ဆရိယဓံး၊ အတမ်းအဟမ်း၊ ချောင်းနပန်းများနှင့်၊ ခမ်းကြီးနှောင်ကြီး နေဦးမည်။ နှစ်တည်သော ဘဝကို၊ ခြေရာပြ သမင်သွား၊ နှည်းလေးဆယ် စကားဖြင့်၊ တရားထိထိ၊ လက်ဆုံမိ၍၊ သိရင်းဖြစ်သည်လည်း တစ်ကြောင်း၊ အကြောင်းမျိုး နှစ်ပါးကို၊ ညက်စိန်သွားစူးဝင်၍၊ ကြက်မစင်မကာ၊ ကျေနပ်လှသော၊ အာကရွင်မထီး၊ ဒကာကြီးဆရာ၊ ပုဂ္ဂိုလ်ကျော် ဝါပါကို၊ ဘဒ္ဒာပြု၍၊ ခုဘဝ ခုလက်ထက်၊ ကွမ်းတစ်ညက် လျှပ်တလင်း၊ ခုလက်ငင်းနောက်ပိုး၊ မီးခိုးလျှောက်သခိုရ၊ အနိစ္စ ဘိဇ္ဇန၊ ဗဒ္ဓမွေ့၊ ရွှံစရာ လဲကခောနှင့်၊ သံယောဇဉ် မြေစ်လို့၊ နုဂိုပါ ဇာတာလိုက်၊ ဝါစရိုက် ဝါအကြိုး၊ မာနကခံရာမှာ၊ ဥဒ္ဓံယာဝ ဘဝဂ္ဂါစ၊ ဘယ်ကလောက် ဆင်းရဲတော့၊ တစ်ပဲမျှ ဝန်မချဘူး၊ မင်းစ နိုးစ၊ မမ မောင်မောင်၊ ထိပ်ခေါင်တင် မဘုရား၊ ထားထား တင်တင်၊ ခင်လေးခင်ပု၊ စုစု-စွာစွာ၊ မျက်နှာများ ဂုဏ်လိုက်၍၊ အကြိုက်ကိုပြောကြသည်၊ ဝေါဟာရ သဒ္ဓာဝါဏ်၊ ပြဟ္မာနှင့် ကမ္ဘုံးနိုက်သို့၊ တံန္ဓိခံမျှ၊ ဗဋ္ဌကမ္မ၊ ဥပမော ပမေယျ၊ ဆ ရာ့ သ ဘော၊ ငါ့မနောဌ်၊ ချော ချော ကြီး ကျ သော ကြောင့်၊ ကယ်မပါ ကြည့်ရှုပါ၊ ပြုစုပါ ထောက်ပို့ပါ၊ မွဲသွေ့သွေ့ မျက်နှာနှင့်၊ ကိုယ်ချမ်းသာရကြောင်း၊ ငယ်ပေါင်းစုတ်ပဲ့၊ နုန့်နဲသည့် စကား မျှား ကို၊ မေ့မှားလို့ ဆိုမိလျှင်၊ လျှာတိုအောင် ရိတ်ချင်၏။

အတိတ်ကာလ၊ရာဇဝင်လွန်တော်၊ ဖြစ်ခဲ့သော်လည်း၊ ဆရာတော် ဘဒ်ဘဒန္တါမှ၊ ညာဘာပျောင်းပျော့၊ စိတ်မာခံလျှော့၍၊ ချော့ပွဲ၊သည်မထင်၊ ယခုဒေတ် လက်ထက်တွင်လည်း၊ ရာဇဂိဏ၊ ထွက်ဝင်ရအောင်၊ ပယောဂမစိုက်၊ဇာတာလိုက် ပေတာလိုက်၊ မသင့်သည့် အခိုက်တွင်၊ ပျော်ပိုက်ရာ သိတင်းသုံးမည်ဟု၊ နှလုံးကို ဖြေမျော်၍၊ ဝန်းမော်တိုက်ဆရာ၊ ပဏ္ဍိတာဘိဝံသ၊ မဟာဓမ္မရာဇဂုရု၊ သံ ဃာ တော် မ ထေရ်ကြီး ကို၊ ထီးတဲ့သို့အရိပ်ပြု၍၊ ဖာသုကံ ဝသာမိ၊သို့ဖြစ်လေဘိသည်ကို၊ ဒကာကြီး မေတ္တာ စာ၊ ထွေးပုံနှင့် လာသည်မှာ၊ ဥယာဂမ၊ ဝိရုဠ္ဟလက္ခဏာ၊သဠါလည်း ဆန့်ကျင်တက်၊ အနက်လည်းမမှန်၊ မဆိုတန်ဆိုရေ သော်၊ ဝိရောဓိဒေါသ ရောက်၏ ဟုလိုသော်၊

ဥပသာရနိပါတတော၊အနေကတ္တော၊သတ္ထဂါကျမ်း အဟောနှင့်၊ နယောပဒေသ၊ စသဒ္ဓါနိပါတ်ကို ဖလတ္ထဝါစကား၊ အကျိုးဟောကြ်ပြီးလျှင်၊ ထပ်မံ၍ ဥဒါန်း ဝိဒေဟိသ၊ ဆိုး ကျိုး ကို ပြ ဦး အုံး ဝေါတမ ဘုရား၊ ထင် ရှား သော လက် ထက်၊ ဖွားတက်တော်မြတ်၊ ကာလဒါအမတ်သည်၊ကပ္ပ ိလ ဝတ် ဌာနိတွင်၊ သာကီဝင်အပေါင်း၊မင်းရွှစ်သောင်း တို့ထား၊ အကြောင်းအကျိုး၊ ဘုရားရှင်တန်ခိုးကို ဘုန်းတော်မိုး ရွာ စေ လျက်၊ ကြွလာတော် မမူခင်၊ သဒ္ဓါဓောဝင်ခန့်အောင်၊ ဆွဲငင်ချီတ်ဆက်၊ ပြေပြစ် ချောမော၊ တရားဟော၍၊ ပြောနှိပ်သည့် အချက် ကြောင့်၊ တေဒဂ်ရာထူး၊ ရဖူး သည့် ကျမ်း ဂန် ကို၊ သဘောဥာဏ်ထောက်ထားလျှင်၊ စကားပြောကောင်း သောကြောင့်၊ သဒ္ဓါဟောင်းကဲ့မိုး၊ သဒ္ဓါသစ် တိုးရာ သည်၊စကားပြော မပြေပြစ်လျှင်၊ သဒ္ဓါသစ်မရောက်၊ သဒ္ဓါဟောင်းပျောက်ရာသည်၊ ကာလုဒါဃီအမတ်၊ မထေရ်မြတ်သည်၊ စကားတတ် တရားတတ်၊ ပရမတ် သင်္ကေတ၊ ကျေပွန်လှသောကြောင့်၊ သာကိယ ရွှစ်သောင်း၊ ဆွေတော်ပေါင်းတို့အား၊ ဖယောင်း လိုပျော့၊ ကွေး၍ကောင်းအောင်၊ ရှင်တော်ကျေးဇူး၊ စကားအရေး၊ အနှစ်ဆေးနှင့်၊ ချစ်သွေးကို နှုံးရာတွင်၊ ရွှစ်ဦးသောမင်ဖိုလ်ကို၊ အလိုပြီးမြောက်၊ နိဗ္ဗာန်လမ်း ပေါက်ကြသည်၊ ကြောက်ရာ ငါဒကာ၊ ကဗျာ တွင် သွင်းလိုက်သည်၊ ရန်ပုံခွင်းစာမူကား၊ ရှင်ပုညာ ဘိဓေသည်၊ မင်းခစား မင်းမှဆောင်၊ မင်းမြောင် မင်းကပ်၊ ရှင်လျှပ် ရှင်မွေး၊ ပေသာပေ တူသာတူ၊ ဘိက္ခူကြီးပဂေး၊ ဝိနည်းမှာဝေးစွ၊ ဒွေးတတီတေ၊ ယုဂ်ပြေတွင်၊ ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ် စံမွှေးလေဖျစ်၊မဲနှစ်သည့် စီဝရံနှင့်၊ တာတေလ် အကျင့် ဆိုးသော၊ ရှင်သိုးတကာ့ ထိပ်ခေါင်ကြီး၊ ရှင်မထီးတို့ ကဲ့သို့၊ ယီးတီးယားတား၊ ဒကာကြီး စကားကြောင့်၊ ကြားရသူ အတွေးရွှတ်လျှင်၊ ညွှတ်ပြီးသော သဒ္ဓါ ဟောင်းသည်၊ ထိမ်း စောင်း ပျက် ပြား၊ သဒ္ဓါသစ် တရားလည်း၊ ဝေးခြောက်ပါး စက္ကဝါ၊ ထင်မှားသူ ဒါယကာ၊ သံသရာဝန်လေး၊ စာရေးသူ ဒကာကြီး လည်း၊ မဂ်ခရီးလမ်းကြောင်းကို၊ ကောင်းကောင်းကြီး ထောက်ထားလျှင်၊ လူအများ ပျက်စီးမည်၊ စာပူကြီး ဖြစ်ချေသည်၊ဒကာညာဏ်ရှိ၊ စာသတ္တိကား၊အာဒီမဏ္ဍ၊ အဝသာန၊ သုံးထွေအဝတ္ထာန်၊ အဗန် အကိုတဲ၊ အပိတ်အဖုံး၊အသုံးအထား၊အသွားအလာ၊အရာရာ၌၊ ပြစ်ဆာတစ်၊ မငြိမရှောက်၊ ကဗျာဂုဏ်မောက်မေ၏၊ အနှက်ရောက် သဘောသွား၊ အတ္ထာဝတ်နည်း အား ဖြင့်၊ ဤစကား တစ်ချက်၊ ရောယှက်၍ ပါသည်ကို၊ ဆရာတော်မန္ဒစ်မြို့၊တစ်အင်္ဂါချို့ ချေသည်၊ရွှေမြင်းမိုရ် ဦးကိုင်၊ ဝေယန်ပိုဝ် ဘုန်းစည်သည်၊ ပွဲတော် တည် နေကျ၊ ခြောက်ပြည်လုံး ဩဇာ၊ ကာမဂုဏ်လောကီ တွင်၊ အထုမဲ့ဆိမ့်ကီသော၊ ကဗ္ဗ အရသာ၊ရတနာ အဆီခဲ၊ နတ်သုခာထမင်းပွဲ၌၊တစ်ပဲလောက် ရွှေမစင် သည်၊ ရောဝင်၍ သူပါလျှင်၊ သုခာဘုတ် ဘိုးအေ၊ မွှေးချင်တိုင်း မွှေးစေတော့၊ ရေအိမ်စေ့ အုန်ခွံ၍၊ တကတဲပစ်လိုက်ရတော့မည်၊ ဤဥပမာ၊ ပုံဆိုစာ၍၊ ဒကာကြီး စီ ရေးသော၊ အောက်မြို့ ပေးစာထဲတွင်၊ တစ်ပဲလောက်စကား၊ ဟီနတ္တအနက်သွားကို၊ပယ်ရှား နုတ်ပစ်၍၊ကျွစ်လျစ်သောသဒ္ဓါ၊သာယာသောအနက် ချိမြက်သောသမုဒ္ဒာန်၊ရေအိမ်နဲ့ မရောတဲ၊နတ်ဩဇာ သက်သက်ကျန်အောင်၊ပဋိဘာန်ရွှင်ရွှင်နှင့်၊ ပြင်ဆင်၍ ရေးစေလိုကြောင်းကို၊ မှာကြား၊လိုက်သည် ဒကာကြီး ဦးဆန်း။

ညောင်ရွှေမြိုပေး မေတ္တာစာ

သုနာပရန်၊ တမ္ဘဒီပ၊ ရံခရစ်ဆိုင်း၊ ထိုင်းနှစ်ထိုင်း တို့၏ သင်းကျစ်ဦးကိုင်၊ မဏ္ဍိုင်ဥက္ကဋ္ဌ၊ အမရပူရ ဒွန်မြေ၊ နန်းချက်ဒွေဋ္ဌ၊ ကျက်သရေ ဘုန်းတော်၊ မြေပေါ်မိုးစွန်၊ တန်ခိုး လွန်သော၊ ဆဒ္ဒန်ဆင်မင်း သခင်၊ ဘဝရှင် မင်းတရားကြီး၏၊ သတပတ်ဝတ်မှန် ပဒုံမာလာ၊ ရွှေစကြာထိပ ါးတွင်၊ စော်ဘွား သခင်၏ အမိန့်အာဏာကို၊ ဆံလွှာမြူညှင်း။ မယွင်းမကွက်၊ ဦးထိပ်ရွက်၍၊ နှစ်သက်ရွှင်ပျော်၊ အမှုတော်မြတ်ကို၊ မပြတ်ထမ်းရွက်လေ့ ရှိသော အချိတော် ထိုက်ဒကာ ခန်းဦး၊ ကြည်နူးစေတနာ၊ မေတ္တာစကား၊ မှာကြား လိုက်ပါသည်၊ မတာဒေသ၊ ကမ္မာဇ ဟု၊ မြေ ညီ.မြိုင်း၊ ထိုင်းကြီးအာဏာ၊ သာလွတ် အောင်မြေ၊ ညောင်ရွှေပြည်ကြီး၏၊ လယ်ချက်မဏ္ဍို၊ ဟော်ရွှေဘုံမှ၊ အာရုံဖြောင့်ထန်း၊ နောက် ခပ် ယွန်းဘွင်၊ ထူးဆန်း တင့်အပ်၊ စင်ရပ်ရွာဌာနဠ်၊ ကာယစ်ဏ္ဍာ၊ သုခပကတ်၊ နေလေ့ ရှိသော၊ အမိအဘ၊ ငယ်ကချစ်ခင်၊ အိမ်ရှင် ဧနီး၊ သားသမီး ဆွေဉာ ၊ ရင်းချာတော် စပ်သူ အပေါင်းတို့ဗျာ။

ကျွန်ုပ်မှာ စော်ဘွားသခင်နှင့်၊ မြေပင်နိစ္စ၊ ဘဝ မကွာ၊ ထမ်းရွက်ရာက၊ ပိတာမွေးမိ၊ ဆွေဉာ ထိတို့ကို၊မချည်ညှိုးနွမ်း၊လွမ်းရသည်ဖြစ်ထွေ၊ညောင်ရွှေ နာဂရ၊ ဟော်ကြင့်နန်းနှင့်၊ နန်းဌာနမှ၊ ပြုစုပိသာ၊ ရွှေ့ မျက်နှာ ဝယ်၊ နီ ဂြော ဓာ ရုံ၊ ခြောက် စုံ ရောင်ခြည်၊ ပတ်လည် ထွေဆန်း၊ ရွှ မ ခန်း မှု၊ လွှဲ.ဝန်း လွှဲ.တန်း၊ ထိပ်ပန်းပရမေ၊ သံးလှူ.ဆွေ၏၊ ခြေတော် ဂက်ရင်း၊ မြအဆင်း ကဲ့ သို့၊ သန့် ရှင်း ကြည်စွာ၊ ကန်ကော်သာတွင်၊ ကြိုးကြာစက္ကဝက်၊ လည်ချင်းယှက်၍၊ နွှတ်ဆက်ခေါ်ထူး၊ ပူးတုံ ခွာတုံ၊ နေစာလှုံလျက်၊ ခုံခုံမင်မင်၊ ချစ်ခင်စရာ၊ ငှက်ဘာသာ ဖြင့်၊ သောင်ပူစာထိပ်၊ သဲဖြူရိပ်မှာ၊ စက်အိပ်ခန့်ပျံ၊ ငှက်သဘင်ခံကြသည်။ တောင်ယံနှင့်ရေ၊ လွမ်းစရာပွေ သောကြောင့်၊ ညောင်ရွှေသီရို။ နန်းဇာတိကို၊ မြော်မိယမ်းယောင်၊ ကျပါနှောင်၍၊သဲခေါင်ကြွေအံ့၊ မပြေမတံ့နှင့်၊ ဆွတ်ပျံ့လွမ်းအားမီပ ါသည်။

ကန်တော်ကြည်မြေ့၊ သည်အရွှေ့က၊ မြူငွေ့ မှောင်မှောင်၊ နတ်မီးပြောင်သည်၊ ဆင်တောင်မြင့် သွန်း၊ မောင်မယ်စွန်းမှာ၊ မော်ကွန်းစဉ်ရှည်၊ ခမည်း တော်တည်ခဲ့သည်၊ အောင်စည်ကြွေးကြော်၊ စေတီ တော်မုန်နဲကို၊ ဖူးချိန်ရောက်တိုင်း၊ တံ့မဆိုင်းမျှ၊ ကသိုက်းမုန်ကူ၊ လွမ်းတရှူ၍၊ ညည်းညူယောင်ယမ်း မိပ ါသည်။ ဥတ္တရဒီသာ၊ ဗြောက်ညာဖြောင့်မတ်၊ မြေခုံထွတ်တွင်၊ပေါ်ရိသတ်မွေတော်၊ မြေပေါ်မိုးယံ၊ ဘဝဂ်ပျံမျှ၊ ရောင်လျှံညီး မောက်၊ အုံစလောက်နှင့်၊ အ နောက် သာ ခေါင်၊ ဟော် နန်း ဆောင် က၊ ဒွေရောင်ဖန်ပြွန်၊ ရေတံခွန်လည်း၊ စီးသွန်ခွေရစ်၊မန္တာ မြစ်ကဲ့သို့၊ မဖြစ်စတောင်း။ သားမျိုးစုံ ပေါင်းကြ သည်၊ နတ်ချောင်းရေယဉ်၊ မြေကွင်းပြင်မှာ ကောက် ပင်စိမ်းလဲ့၊ ယိမ်းခွဲ့ခွဲ့နှင့်၊ တာဖွဲ့.ကျယ်ဝင်း၊ လယ် မြေခင်းလည်း၊ နတ်မင်းမချို့၊ ဖန်၏သို့ပင်၊ ပျော် ဖွီမငြီး၊ ရွာကြီးရွာသစ်၊ သာသည်ဖြစ်ကို၊ သနစ်ဖွေ သော်၊ ပြေမပျော်မျှ၊ မျော်ခေါ်လိုက်တိုင်း လွမ်းမိ သည်။ရွှေပြည်သိရဲ၊ တောင်လက်ယာဝယ်၊ ထက်ရွာ

မြင့်ခေါင်၊ ပြာရီဒမှောင်သည်၊ သန်တောင်ဂီရီ၊ မိုးတရိုက်၊ မြည်ဖိုစိုစို၊ မြေတစ်ခိုတွင်း၊ ရေညိုပျို့သင်း၊ ညောင်ရွှေအင်းလည်း၊ နတ်မင်းသုံးရန်၊ နန္ဒာကန်နှင့်၊ သဏ္ဌာန်မခြား၊ ရေကျက်စားသည်၊ ရေသားတံငါ၊ စီးပွားရှာတို့၊ ကွန်ချာဖွင့်ရုပ်၊ ဝင့်ကာအုပ်၍၊ ပေါ်ငုပ်လူးလာ၊ မြူးစကာနှင့်၊ ရွာမိုင်းသောက်ခွင်၊ ထက်ဝန်းကျင်လည်း၊ ရွင်စဖွယ်မှု၊ သာမျိုးစုလျက်၊ ရတုအလိုက်၊ စရိုက်အညီ၊ ခိုမှီခနဲကြ၊ သည်ပြင်မှလည်း၊ သာစွာကျွယ်ဝမ်း၊ ဥမင်လမ်းလည်း၊ မသန့်မြူယုက်၊ နတ်များသက်၍၊ တံမြက်သုတ်သင်၊ ကြည်သန့်စင်လျက်၊ လေးပြင်လေးရပ်၊ ကွက်မလပ်ကို၊ ရက်စပ်နေရေ၊ အောက်မေ့ချေက၊ ဆွတ် ကြွေ ကြည် နူး၊ ဖပ်ဖပ်မူးမျှ၊ စိတ်ကူးလေရာ၊ ပြေမသာအောင်၊ ပူဆာညှိုးနွမ်း ခွေမိသည်၊

ရွှေတုံအောင်မြေ၊ နန်းညောင်ရွှေဝယ်၊ အမေ-ဖခင်၊ ကျေးဇူးရှင်နှင့်၊ ချစ်ခင်အိမ်သူ၊ ငယ်မှုနဂူး၊ သမီးသားတို့၊ ပျော်ပါးရပ်ဌာန်၊ မြေနက်သန်သို့၊ ပြန်ချင်သည့် ဝိတက်နှင့်၊ တစ်ရက်တစ်ခွေမျှ၊ မမေ့သည်မှန်သော်လည်း၊ ပြန်ရမည့်ရက်လက်ဦ၊ မုချသေချာ၊ မသိသာသောကြောင့်၊ မတ္တာစာ ကွန်းထောက်နှင့်၊ မရောက်ခင် မှာလိုက်ရပါသည်၊ ကွန်ပ်မှာမူ၊ မာတာပိတ၊ သက်မွေယျချစ်၊ ရင်နှစ်ညှို့ထွား၊ သမီးသားနှင့်၊ ဆွေဝါးစပ်တော်၊ ပေါက် ဖော် အပေါင်းတို့၊ သွန်းလောင်းသည့် မေတ္တာကြောင့်၊ ချမ်းသာ တင့်တယ်၊ မည်းယဉ်၍၊ အန္တရာယ်ခပ်သိမ်း ကင်း ပေသည်၊

မြင်းမိုရ်ဝိရိ၊ ကျေးဇူးရှိသော၊ မိခင် - ဖခင်၊ ငယ်ကျွမ်းဝင်နှင့်၊ ရွှေစင်သဖွယ်၊ သားငယ် သမီး၊ ဝေးနီးမိတ်ဆွေ၊ ညောင်ရွှေမမျှ၊ ပြည်ဂြိုဏ်းသူတို့ ကို သာ၊ ရန်မြုမစပ်၊ သဒ္ဓန္တရာယ်၊ ပျောက်ပြယ်သည်စကား၊ သတင်းများကို၊ ကြားသိချင်လှသောကြောင့်၊ ချီမြသာယာ၊ မေတ္တာစာစီရေး၊ စာပေး မှာကြားလိုက်ပါသည်၊ မိခင်-ဖခင်၊ အိမ်ရှင်ဇနီး၊ သားသမီးဆွေမျိုး တစ်စုတို့ဗျား၊

"ရွှေဝတိန်စံတု၊ ငွေကမ္ဘဲ အောင်မြေ
သာမျိုးမျာ့ ခေါင်ငွေ၊ ပြည်ညောင်း ရွှေသီရိ၊
နိဂြောဓာ ရွှေဘုံကို၊ လွမ်းအာရုံ ၊းစာလိုက်ပါတို၊
ခမည်းတော်ဆည်ဖန်၊ နန္ဒာကန်ဇာတိ ၊
ဆင်မောင်မယ်ဂိရိ၊ မျှော်ရှိတိုင်း နွေရဲ၊
ဆည်မသာရွှေသဲ၊ ဖြေလဲခု လွမ်းရှိန်၊ မပြေ၊
ရွှေယွန်းသူ့ ဆံခွေ၊ ပြန်လွယ်စေသည်း ာနှင့်
မြတ်ဓာဓိ မွေတော်ရှင်၊ ဘုန်းဖျာ်းပြင်၊
ကြာယ်ကြေ့ နတ်သွင် ငယ်၊ သွန်း ခရစင်
လောင်းရှာလိမ့်လေး၊"

ဆန်အိတ် ရေစိုရွှဲပေး မေတ္တာစာ

အလျှံနီဇော၊ သယံသီဒါ၊ စီမြွာခွေပတ်၊ မြေသမသတ်ထက်၊ ဒေရရဟတ်ရစ်ရဲ့ ခွေပြာသာဒ် ရွှစ်ဘုံဘွင်၊ မဏ္ဍုံမာလိန်၊ နာဂိန္ဒရာဇ်၊ ချိန်စနစ်သည်၊ စိန်စစ်ဝင်ရာ၊ သီလာ အောင်မြေ၊ ကျောက်စတေးကို၊ ထောက်ခြေနားထိ၊ တင်းဖိလျက်၊ မအိမညွတ်၊ တြိဝင့်ကြောင့်၊ ဝိဝင့်ပတ်လုံး။ ကပ်ဆုံးပြောင် ရွှန်း၊ ထွန်းသကဲ့သို့၊ တေဇောဇီဝိန်၊ မနိုင်ဖြစ်၊ သုံးထွေနာမ်ရုပ်၊ ခံချုပ်သိပ်သည်း၊ လိပ်လည်းမသုန်၊ သက်တမ်းကုန်အောင်၊ ဂုဏ်နှင့် ဂုဏားစွဲဝေးမြင့်ရှည် တည်စေကြောင်းဖြင့်၊ ဆုတောင်းလေ့ရှိပါသော၊ ပစ္စုပ္ပန်က်၊ ဒွေချွတ်ဖြန့်ကာ၊ တရားရသော ပဒေသရာဇ်တို့၏၊ သင်းကျစ်အဖျား၊ ပတ္တမြားလှျံမြူး၊ မကိုင့်ဖူးဖြင့်၊ ရှိဦးထိပ်နိုက်၊ ပူဇော်ထိုက်သော၊ ကေလာဒွေတောင်၊ ပြောင်နေ၊ ရတံ၊ နဂါးပတ်ခွန်း၊ နှတ်ညွှန်းပဏ္ဏာ၊ ဝလာစာရံ၊ မူးမှိုပုလဲ၊ ရဲရဲရောင်ညီ၊ မနောမယိမ်းမှိ၊ သီရီ ခေါင်ဖျား။ သိကြား ဆက် တင်၊ ပတ္တမြားမျက်ရွှင်၊ ကောင်းကင်ကွန့်မြူး၊ အထူးထူးသောရတနာ၌။ မိုးကြိုး၀ရဇိန်၊ အချိန်တန္ခူန်း၊ ရွှေဘုန်းတော်ပြု၊ အာဝုဓက်၊ လက်နက်ယန္တရား၊ တစ်ပါးမက၊ စကြာမျှားသခင်၊ ဘဝရွင်ကေရာဇ် မင်းမြတ်၏ ညီတော်၊ မြေပေါ်မဟီဇမ္ဗုဒီမျက်နှာတွင်၊ ကေသရာရန်ဖြဝါ၊ မျိုးဥက္ကဋ္ဌတို့၊ ဇာတ်တူမတူ၊ ရန်ဟူသမျှ၊ ဓယဇုံးငုံ့၊ နှလုံးကြိုသကဲ့သို့၊ မရွန့်မတင်း၊ ရန်ဇင်းကို၊ စက်ရင်း ကျိုးနွံ၊ သစ္စာခံရသော၊ အသုံးနွံနွယ်လာ၊ မဟာဥပရာဇ်၊ နန်းလျာစစ်ဖြစ်ကေဘုံသော၊ အိမ်ရှေ့ ဘုရား၏၊ သားတော်သခင်၊ ကပိလ သာကီဝင်၊ ထိပ်တင်ကြီး ဘုရားကွန်တော်ယုံ၊ စက်စုံထိပါ။ မြဲခစားသော၊ သားမောင်စံဦး၊ ကြည်နူးပျံ့ရွှာ၊ မှာကြားအစိရင်ခံပါသည်၊ အောက်မြို့ ကျေးရွာ၊ ရတနာပုံ၊ မြေခုံသန့်ရှင်း၊ စလင်းမြို့နေ၊ အဘကျေးဇူးရှင်နှင့်၊ ချစ်ခင်မပြီး၊ အစ်ကိုကြီးတို့။

ကွန်တော်မှာ ဖခင်နှင့် အစ်ကိုတို့၊ မြဟူစိုရိသီဒါ၊ ပို့ကြသောမေတ္တာကြောင့်၊ ရွှေကြာရေတွေ့၊ အသူရိန္ဒ မင်္ဂလေသော၊ ပြကတေ့ လဗိမာန်ကဲ့သို့၊ အန္တရာယ်သန့်ရှင်း၍၊ ပွင့်လင်းလှပေသည်၊ ရွှေမြို့တော်သန်၊ ခုကြုံသည့်ခေတ်မျှားမှာ၊ ကေရာဇ်မင်းမြတ်က၊ ဗောဓိသတ် ဒုဋ္ဌကို၊ ရင့်မာတော်မူသောကြောင့်၊ တိုင်းသူပြည်သားကို၊ သနားသည့်သဘော၊ မနောဃဏီ၌၊ ပြဋ္ဌာန်းလျက်ရှိသဖြင့်၊ နေမိ ဓမ္မသောဏ္ဍ၊ သီလဝဝေဿန်၊ လောင်းမြတ်မွန်တို့ကဲ့သို့၊ ဗောဓိဉာဏ်ဝိမုတ်ကို၊ မဆုတ်မနစ်၊ အားသစ်တော်မူရာတွင် မဟာဥပရာဇ်၊ ညီတော်ချစ်ကစ၍၊ ရာဇနွယ်မြတ်၊ မူးမတ်မကြွင်း၊ မင်းနှင့်ညီညွတ်၊ ဓမ္မဝတ်ရာဇဓံ၊ မြဲမြံစွာကျင့်သုံး၍၊ တစ်ပြည်လုံးညွတ်နူး၊ မိဓိလာမြို့ကဲ့သို့၊ နှတ်ကုးတို့ကုးကြသောကြောင့်-

ကျေးဇူးပဓာန်က၊ ခုလောကတွင်၊ လာဘ်ထာဘ မရွှင်လန်း၊ ယူခန်းကွယ်ပျောက်၊ လှူခန်းသို့ ရောက်ကြ၍၊ ချီးမြှောက်လွန်ကျူး၊ ရာထူးကြီးသူ၊ မူးမတ်ပင်ဟူသော်လည်း၊ မဆုမပြီး၊ တန်ခိုးနှင့်ဥစ္စာ၊ ပမာဏမတန်၊ သင်္ကြန်အမြောက်၊ အသံကုန်ရောက်သကဲ့သို့၊

အောက်လူဖို့ခွဲခြမ်းရှိ၍ မပျမ်းသာမမျှသာ၊ နောက်ပါကျွန်ကျေး၊ ဝတ်ရေးစားပုံ၊ လှိုက်ကြဲလျော့ပါး၊ ငါဘယ်မင်း လူတကာဟူ၍၊ အမူသာ မျှားရသည်၊ ခါး ခွဲ တောင်း ဖြစ် ကြသည်၊ အ ရေး မျက် မြင်၊ ဤသို့ စင်ဟု၊ ဖခင် သိသောကြောင့်၊ သားရှိရာ စရိတ်ပို့ မည်ဟု၊ စလင်းမြို့ ရပ်ဝေးက၊ ပေးလိုက်သည့် စရိတ်၊ ဆေးလိပ် ငွေ ဆန်၊ သုံးဆောင်ရန်မျှားကို၊ မြင်းခြံရွာဆိပ်ကမ်းတွင်၊ လေနီကြမ်းအဝမှ၊ လက်နှက်စွမ်း ပြ သော ကြောင့်၊ ကွဲ၍ လွှဲ တက်၊ မျောက်မျက်စဉ်ဖိတ်၊ ဆန်ဆိတ်ရေစို့၊ အတိုအထွာ၊ ကြွင်းရာသမျှ၊ အသင့်လျော်နှင့်၊ ကျွန်တော်ထံ ရောက်လျှင်၊ မခေါက်မအား၊ ဆန်ရေလား မျှားကို၊ ငွေသားမှ ဖြစ်စေတော့၊ ဈေး ကုန်အောင် လျော့ပြီးလျှင်၊ နွားပေါ့ကို ထုတ်သကဲ့သို့၊ သုတ်သုတ်ကြီးနှင်လိုက်ရပါသည်၊ ကျွန်တော်တို့ မင်း ခစား၊ မင်းပါး နေ လက္ခဏာ၊ ရွှေမြို့တော် ခြင်းရာကို၊ သိပါသည် အလျောက်၊ လိုလောက်စွာ သုံးရ အောင်၊ အပ ကျေးဇူးခွင်က၊ လွှဲကြဲတွင် နောက်ဆင့်၍၊ ထောက်ပင့်လိုက်ပါဦးမည့် အကြောင်းကို မှာကြား အစီရင်ခံလိုက်ပါသည်၊

ယွန်းသထုံမြို့သို့ အမရပူရ ဝန်ကတော်ကပေး မေတ္တာစာ

စထုဝိရီ၊ တူမိအောင်ခန်း၊ ရွှေနန်းသဘင်၊ ဥကင်မြောက်မြင့်၊ ဖွင့်တော်မူရာ၊ မဟာအမရ၊ပူရဒိမာန်၊ ဝေဇယန္တ ထွတ်၊ တမွှတ်ငဲ့ချီး၊ ပြည် မျှား ထီးက၊ မတ်ကြီးကတော်၊ ကြင်ဖော်သက်တင်၊ တစ်ဆံမယွန်း၊ ချစ်ရည်သွန်း၍၊ ရွှေလွန်းကြင်ကဲ့သို့၊ ရေစင်အေးမြ၊ ဆွတ်ရွှေဖျန်း ချစ်ပန်းသ၍၊ ကွန်ပ အစီရင်ခံလိုက်ပါသည်။ ယောနကတိုင်း၊ မြမြမိုင်းဝယ်၊ လှကသိဏ်းပို့၊ သမိုင်းစုံဖြင့်၊ ဇေယျခုံမည်၊ နန်းရွှေဘုံ တည်ကြသော အပြည်ပြည်ထောင်၊ ယွန်းများတောင်တွင်၊ တောင်နေရထိပ်၊ သုံးကျိပ်သုံးပါး၊ မိုးသီကြားတို့သို့၊ လူသားရာဇာ၊ စ ကြာ ဧကရာဇ်၊ မင်း စစ် မင်းကျော်၊ အလောင်းတော် တို့အား၊ ပူဇော် ထိုက်လျောက်၊ ရွှေပေါက်ပေါက် ရွှေတံခွန်၊ ကြဲသွန်ပစ်ချ၊ ဆက်သရာဖြစ်၍၊ ဇမ္ဗူရာဇိဓသော၊ ရွှေနာရာဏီ၊ စံသိဂ်ိတို့သည်၊ မဟီချက်ချာ၊ မြေမျက်နှာထက်၊ လက်ယာ ချီကြွ၊ ကောက်တိုင်းရသောကြောင့်၊ သုဝဏ္ဏဘုမ္မိ၊ အမည်ရှိသော၊ ထိုင်းကြီးအချက်၊ ကနက်စိုက်ထည်၊ သထုံပြည်၌၊ ရွှေစည်အိမ့်ရွှင်၊ နန်းပွဲယင်သော၊ သခင်ဘုရား၏၊ ထံပါးတော်ဝယ်၊ စလွယ်ထီးစည်၊ ဘွဲ့အမည်နှင့်၊ အရည်အလျောက်၊ ချီးမြှောက်မင်းမြတ်၊ ယုံကျွန်မှတ်သောအမတ်ကြီးရှင့်၊

ကျွန်မမှာ အမတ်ကြီးမင်း၊ သက်နှင်းကြင်သူ၊ နဝရတ်ကိုးဆစ်၊ ရွှေကြိုးရစ်သည့်၊ ချစ်မုန့်ကန့်ဝှံ၊ စိတ်တုန့်ယိမ်မျှ၊ ရွှေဖူးစာပုံ၊ ဥဿုလုံမှာ၊ ကံဆုံကြ၍၊ မြနဒီလျှံ၊ ငွေသောင်ယံဝယ်၊ မောင်နှံမကွာ၊ ရွှေဟသံသာကဲ့သို့၊ တစ်ရာသက်တွင်၊ တစ်နံနက်ခင်း၊ တစ်ရက်တွင်းမျှ၊ မကင်းချင်၍၊ ရွှေစင်မြသား၊ ပုံမခြား သည်၊ တစ်ပါးမျက်နှာ၊ တစ်ပါးသာလျှင်၊ ကြည်ကာ ရှလျက်၊ နှုတ်လှယ်ဆိုင်ကျွေး၊ စာခွဲပေးသည်၊ ရွှေကျေးငှက်ကဲ့သို့၊ စုံမက်ဆက်၊ ကြင်ကြမဲတွင်၊ မလွဲ ဖယ်သာ၊ မင်းရေးရာကြောင့်၊ သည်းချာကြင်ဖော်၊ မင်းမြတ်ကျော်သည်၊ ပြည်တော်ရွှေဘုံ၊ ယွန်းသထုံသို့ အာရုံငံ့ကွက်၊ သွားသည့်ရက်ထို့၊ ခုထက်ထိုင်အောင်၊ ရဝေချောင်ဝယ်၊ ငိုယောင်မောကာ၊ ဇော ဗျာပါခဲ့၍၊ တောမဟာမြို့ငြင်၊ သာဂနိုင်ဝယ်၊ ညှာဆိုင်ပန်းဝတ်၊ မောင်ကကမ်းလျင်၊ မယ်လှမ်းယူဆွတ်ကြ၍၊ နူးညွတ်ကြင်နာ၊ ခွဲမခွာသည်၊ ကိုနွှာမောင်မယ်၊ သနားဖွယ်တို့၊ ချောင်းငယ်ခြားကာ၊ ကွဲကြရာသော်၊ လေပါမိုးသက်၊ လျှပ်ကြိုးစုံပြက်ကာမှ၊ မယ်မျက်နှာကို၊ မောင်သာမြင်ရ၊ တစ်ရက်မျှတွင်၊ ခကာတစ်ဆစ်၊ ကွဲကြသည့် အဖြစ်ကို၊ အနှစ်ခနှစ်ရာ၊ သို့စင်ကြာအောင်၊ ငိုကာ- ယိုကာ၊ ညည်းပြာ မှိုင်းမှောင်၊ အင်တိုင်းချောင်မှာ၊ မယ်မောင် ပိုက်ဖက်၊ လည်ချင်းယှက်၍၊ စုံမက်လေးတွဲ့၊ ကြင်ပွဲဖွဲ့သည်၊ ငှက်ကဲ့ပမာ၊ ကွန်မမှာလည်း၊ သည်းချာသက်မျှ၊ မတ်မင်းလှကြောင့်၊ လွမ်းစမပြေ၊ ဟေမန်ခါတွင်း၊ ဖြေမလင်းအောင်၊ ငွေနှင်းစွေသကဲ့သို့၊ ဖြေမအေး၍၊ လွမ်းရေးကွန်မ ပွေလျက်ပါ။

မတ်ကျော် မင်းလှ၊ သထုံနန်းသို့၊ မြန်းသည့် ညက၊ ခေတ္တပီပီ၊ တစ်နာရီမျှ၊ ဘယ်ဆီမမေ့နဲ့တော်ဖွားဓာတ်၊ တူရာမှတ်သည့်၊ မြတ်ဘုန်းဟေ့မှာ၊ သက်စေ့ဆက်လျှူ၊ မာတော်မူကြောင်း၊ ရေစင်

လောင်း၍ တောင်းဆုယူသည်၊ ကြင်သူ ဇမ္ဗူဝေလျက်ပါ။

ဖလ်မြူတာမှည့်၊ နှင်း ရည် ပြည့် ကို၊ မယ်၏ ကိုယ်တိုင်၊ ရွေလက်ကိုင်၍၊ အပြီင်နှစ်ပါး၊ချစ်စုလျား ကို၊ သစ်ပွား၌ ရစ်၊ သံသာစက်မှာ၊ ဒုက်ပင်ဖြစ်လည်း၊ သစ်တစ်ကိုင်းတု ံ၊ သိုက်နှံးလှံ၍၊ ကြုံလိုသည့်စိတ်၊ ကြင်နိမိတ်နှင့်၊ ဘီသိုက်အောင်ပန်း ရွေလျက်ပါ။

သေနာပတိ၊ပြည်ကြီးတံခွန်၊ မတ်မင်းရိန်လည်။ သည်ကျွန်ကျမ၊ ကြင်သမျှထက်၊ အဆထောင်ရာ၊ ချစ်ပေသည့် လက္ခဏာကြောင့်၊ သာယာပျံ့ရွှား၊ နူတ်ချို့ပျားနှင့်၊ နှစ်နားငြိမ့်ကြည်၊ မိန့်ခဲ့သည်မှူ၊ မရွှဲစေရ၊ ရက်ကိုဆလျင်၊ နှစ်လ ကျော်ကျော်၊ သည်မျှသာမျော်နှင့်တော့၊ ကြင်ဖော်သက်နှံ၊မယ်တို့ထံသို့၊ မြန်မြန်ဆောက်တည်၊ ပြန်ခဲ့မည်ဟု၊ ဆယ်ရည်စံကြုတ်၊ နံ့သာနူတ်ပြင့်၊ ကုမုဒ်ဝတ်လွှာ၊ သူ့ကြင်ရာကို၊ မှာခဲ့သည်တစ်ချက်၊ သည်ရက် တောင်တာ၊ သည်မျှကြာ၍၊ မလာဖြစ်စေ၊ ရှိခဲ့ပေမူ၊ အောက်မြေသာစည်၊ သထုံပြည်သို့၊ မြရည်လှံညီး၊ ပင်ရွှေထီးကို၊ မောင် ကြီးယူ၍၊ အတူကြင်လည်၊ စံကြမည်ဟု၊ မိန့်သည့်တစ်ချက်၊ သရက္ခန်နံ့၊ ပျံ့ပျံ့သင်းထုံ၊ မှာတမ်းတော်နှင်ပုံကို၊ ယုံယုံကွန်မ၊ စိတ်နှလုံးချရအောင်၊ မင်းယောကျ်ား၊ ကတိ၊ ဆိုမိသည့် နူတ်ချို့ကို၊ ရွေမြင်းမိုရ်မဏ္ဍူ ိင်ကဲ့သို့၊ ခိုင်ခိုင်ကြီးခွဲ၍၊ မြတော်မူသင့်လှပါသည်၊

မင်းယောကျ်ားသား၊ ဘုန်းသမ္ဘာ နှင့် ချစ်မျက်နှာများ၊ပြီးလျှင်၊ ပျော်ပါးမှုးယစ်၊တစ်မြေခေတ်မှာ၊ အသစ်ဖော်နှင့်၊ အချစ်တော်ပင်းချေက၊ မတ်မင်း သက်မျှ၊ သည်ကျွန်မမှာ၊ ပူစမသိမ်း၊ ဖြေမငြိမ်းသည်၊ သေကိန်းကြုံရပါတော့မည်၊ ကျွန်မဥဿော၊ မင်းကြီးမောင်ကို၊ ထိပ်ခေါင်ထား၀တင်၊သခင်တစ်ပါး၊ လင်သက်ထားနှင့်၊ မောင်ဖ၊းဖမြတ်၊ အိမ်ဦးနတ်ဟု၊ မြဲမှတ်ယူကျုံး၊ ချစ်ပန်းကုံး ၍၊ လုံးလုံးကျွန်မ၊ခွဲပါသည်၊

အမရနန်းမြေ၊ ရွှေဘုံနေကို၊ ကျက်သရေမဲ့၊ အားမနွေအောင်၊ မျှော်ငံ့ထောက်နှင်း၊ မဆုတ်ဆိုင်း၍၊ မှာထိုင်းကတိ တည်ပါ၀ယ၊ အကြောင်း ကြောင်းကို၊ စုပေါင်းမေတ္တာ၊ ချစ်ပဏ္ဍာနှင့်၊ သစ္စာသုံးလေ့၊ မတ်တုန်းဟေ့ကို၊ တစ်နေ့တစ်ပါး၊ထင်ရှား တန်ခိုး၊ ဘုန်းတန်းတိုး၍၊ ဘေးမျိုးကင်းကွာ၊ ပွင့်လင်း သာအောင်၊မေတ္တာကျွန်မ၊ဆက်သပို့ ဝေ၊ နန်းအောင်မြေက၊ သပြေညာနှ၊ ငွေခရုနှင့်၊ ဇေယတ္တသန့်စင်၊ ဘီသိုက်တင်၍၊အစ်ရင်ခံလိုက်ပါသည်၊အမတ်ကြီးမင်းရှင့်၊

စလေမောင်အောင်က ပုဂံ ဆီးကျွန်းသို့ ရှင်ပြုဖိတ် မေတ္တာစာ

စတုဒိပ၊ အဏ္ဏဝတို့၊ ဒွေဋ္ဌာနဦးကိုင်၊ ဇမ္ဗူရာဇ်ရွှေစိုင်၊ သယံဇာကျောက်ခဲတံ၊ သတ္တရဒွန်ခွေပတ်လျက်၊ ရေရဟတ် တပြိုင်ပြိုင်၊ တောင်မြင်းမိုရ် ပြာသာဒ်မှ၊ လမ်းခုလတ် လယ်ဆိုင်ဝယ်၊ နဝရတ် ခိုင်ကိုးမည်၊ စန္ဒရကန်မြရည်နှင့်၊ ထောင်ရောင်ခြည် ဝင်းဝါဥဒေါင်းမင်းယာဉ်သာသို့၊လိပ္ပာဝပုံကိန်းခန်း၊ ထောင့်ရှစ်ရာ ဂဏန်းတွင်၊ ကိုးရာပြည့် စက်လမ်းမှ၊ မြေတစ်ခြမ်း မ စွန်း ခင်၊ ကွန်းဇမ္ဗူ သောင်းရပ်၌၊ မွန်းမတ်သည့်အချိန်ဝယ်၊ တာရိန္ဒသန်း၊ ရန်ငါးမည် လွှတ်ကင်း၍၊ ထွန်း လင်း သည့် ပ မာ၊ ပဥ္စကွန္ဒာ၊ ရုပ်နာမ် စုဝေါဟာဝယ်၊ဆံတစ်လွှာမြူခြမ်းမျှ၊ ဘေးဘျမ်းနှင့် မဆက်ဆီ၊ ဣဋ္ဌာရုံ ဘုန်းကံ နှင့်၊ ခါတစ်ရံ မလစ်၊ ပြည့်စုံမည့် အဖြစ်ကို၊ စင်စစ်တောင့်တ၊ အာလယဖြင့်၊ ပို့သမေတ္တာ၊ ပတ္တနာလေ ရှိပါသော၊ စလေမြို့နေ ဘုရားဒကာမောင်အောင်၊ဘုရားအမရှင် ကင်းတို့ သတင်းစကား၊ဖိတ်ကြားပါသည်၊သာသနာသို့က်၊ သမိုက်ဖြစ်ထွန်း၊ မောက်ကွန်းသစ်သစ်၊ သနစ်ဟုတ်မှန်၊ ကဒဏ်ရွေခြူ၊ ထီးပစ္စုန်နှင့်၊ ရိပ်ဖြူလွှစ်၍၊ ဧကရာဇ်ဘုရား၊ ငါးကျိပ်ငါးတို့၊ တရားစည်ကြီး၊ တီးတော်မူရာ၊ကျုံးသုံးမြောနှင့်၊ အောင်ချာပုရံ၊ ပြည့်ပုဂံ၏၊ နိုင်ငံနယ်ဝန်း၊ စွန်းလေးစွန်းတွင်၊ ယို့မွန်းသြဇာ၊ မင်္ဂလာတစ်ဦး၊ချီးကျူးခြင်းမခန်း။ ဥဂါန်းစာ

ညွှန်း၊ကမ္ဘာကုန်ထွန်းလောက်သော၊ ဆီးကျွန်းရွာနေ ကံ့ဂြုတ်ရာ- ကိုမြတ်လှ၊ သင်္ဂဟမိတ်ခံ၊ ဆက်ဆံတော်စပ်၊ နီးကပ်ရင်းချာသရွေ့၊ တစေ့အစုံ၊ ကိုပုံ-သားသမီး။ ဆွေနီးတစ်စုတို့ဗျား။

ကွန်ပ်တို့မှာ၊ကိလေသာညွှတ်ကွင်း၊သံချိုင့်တွင်းမှ၊ ရှင်းရှင်းခွာကန်၊ လွှတ်ကြောင်းကြိုး၍၊ နိဗ္ဗာန်ရွှေဘုံ၊ ဓမ္မာရုံကို၊ နှိုက်ရခြင်းငှာ၊ ဇီနာပဝရ၊ လွှဲဘဒ္ဒုရား၊ ရုပ်တော်ဝွားနှင့်၊ သုံးပါးပိဋကတ်၊ ပရိသတ်ဓမ္မကွန်း၊ ကျိန်းဝပ်ရန် စာထိုက်၊ သိုက်မြို့က်တင့်တယ်၊ လွှဒါန်းဖွယ်နှင့်၊ ရင်ဝယ်ဖြစ်သော့ သား၊ရတနာကို၊ သာကီဝံသ၊ ဂေါတမအနွယ်သို့ဝင်စေ၍၊ ရှင်သာမဏေ ပြုသဖြင့်၊ကောင်းမှုအနှစ်၊ သာသနာ့အမွေကို၊ ခံမည်ကြံစည်ရာ၊ လေးဖြာပရိမတ်၊ ဆတ်ဆတ်ကေန်၊ မင်္ဂလေးတန် ဖိုလ်လေးတန်၊ အရိယာထေယျံကို၊ အာရုံခံထောက်ရှု၍၊ သမ္မုတိသံသာ၊ ဆရာအရှင်တို့ကို၊ အားအင်ရှိသလောက်၊ ချီးမြှောက်လှူဒါန်း။ မင်္ဂလမ်းညွှန်ကြား၊ တရားမြို့က်ရေကို၊ မျိုးဆွေ တော်သူတို့နှင့် တကွ၊ နာခံလိုပါသည်ဖြစ်၍၊ သက္ကရာဇ် ၁၂၀၅-ခု၊ နှောင်းတန်ခူးလပြည့်ကျော်ဂ-ရက်နေ့ည ပရိတ်တော်နာ၊ ၉-ရက်နေ့ နံနက် တရားတော်နာ၊ ကြွပါမည့် အကြောင်းကို ဖိတ်ကြားပါသည်။

လွေလုပ်ငှား မေတ္တာစာ

ယင်းကိုမျှဝိုင်တွဲ၊ ဂါထာသံကို၊ ဦးကာညာဏ် လိုက်လျောခြင်း၊ ထိုက်လောကလူ့ပြည်ဘောင်တွင်၊ အခေါင်စာမွတ်၊ မင်းမြတ်တို့သာ၊ သုံးဆောင်ရာသော၊ ကမ္ဘာမူလ၊ ဓာတသယိ၊ အလျှံထချီ၊ ကိုးရတီ-ဆယ်ရတီ၊ စီရရီ ပြာရရာ၊နေရောင်လာတွင်၊ အသာမြောက်လိုက်လျင်၊ ကိုးတာလောက်မြေပြင်မှာ၊ ရာဝင်မက၊ စိန်ပန်းကြိုးထသကဲ့သို့၊ အံ့စရာ ရောင်ရှိန်၊ ဝရဇိန်အမျိုး၊ မိုးကြိုးသက်တံ၊ ဂန္ဓာရထိုင်းဖြစ်၊ ဇဝသစ် ကတ္တိပါ၊ ဝါလိုဝါပြာလိုပြာ၊ ပိုးရည်စောင်စာ၊ လည်ကုပ်ညှာကဲ့သို့၊ ရံခါချွေ-ရံခါညို၊ ကျိုးဥလိုတစ်ခြမ်း၊ မရဏဲ့ ယောင်ယောင်၊ ကြက် တောင် လည် ရေး၊ ရင် မွေး စောင်ပံ၊ မြီး တံ အဆင်း၊ ပိန် ညင်း ငှက် ကောင်၊ ခဲယောင်ဝသုန်၊ ခုန်လိုခုန် ပုံ လိုပျံ၊ မျက်ဆံရဟတ်၊ ယောက်ယက်ခတ်၍၊ မကြည့် တတ် မ ရှ ကောင်း၊ ကြိုးပေါင်းရာထောင်၊ ကြောင်တပိုးထိုက်၊ထိမ်ထိုက်နှစ်၊ ဝါးဖြစ် ဆားဖြစ်၊ ရွှစ်ပါးကိုးပါး၊ ပိုးမျှား ပုလဲ၊ မြခဲဂေါ်မှတ်၊ ဥဿဖယား၊ ပတ္တမြားဂူနွန်နီ၊ ဝဠဲရကွန်း၊ တလျှံနေခြည်၊ အရည်ဒီးဒီး၊ စီးလှဘနန်း၊ မြန်းမြန်း နိုက္ခုန်၊ မင်းသနှစ် ဝန်သဝန်၊ တိမ်တံခွန်လဆိပ်၊ ပတ်လိပ်ခွေရစ်၊ လျှပ်စစ်ဝလာ၊ ပြာသည် ဆတူ၊ မယူရ ငှက်မင်း၊ လည်ရင်းမျက်ခွက်၊ မြမြိုးရွက်ဦ၊ ဓာတ်အကွရာ၊ ကမ္ဘာစာကဲ့သို့၊ ထွေလာထူးဆန်း၊ သန်းတဲ့ချည် မှောင် တဲ့ ချည်၊ တ လည် လည် တလိမ့်လိမ့်၊ စိမ့်သလို ယိုသလို၊အာဠဝါနိ၊ ပီပီမဖြူ၊ ငှက်မျှောအူ ကြက်ခွံးငုံ၊ ပန်းပုံ ပုလဲပေါက်၊ ပိတ် ခေါက် ငွေကောင်း၊ အမောင်းတချို့၊ ဇရီ့ ရို့ တရဲရဲ၊ကွန့်ကြဖိတ်လက်၊ပြိုးပြိုးပြက်မျှ၊အမျက်ရုတနာသန်ခါ ချင့်ပေါင်း၊ ရွစ်သောင်းလေးထောင်၊ ရံဝန်းမြောင်လျက်၊ တောင်ဝေတူခွင်၊ အမှင်ရောင့်ရောင့်၊ ကုမ္ဘန်စောင့်သော၊ ပုံထောင့်သဏ္ဌာန်၊လူ့ရပ်ဌာန်၌၊ အမှန်စင်စစ်၊အနှစ်ပီပီ၊ လောကီချမ်းသာ၊ လိုရာရာကို၊ အခြားမျှပ်ကိုင်၊ စိုးပိုင်စိတ်ရောက်၊ ရွယ်ထိုင်းပေါက်သော၊ကျောက်ဇောထိရသ၊ မနောမြတ်ကဲ့သို့၊ ခင်မွတ်တောင့်တ၊ ကြံသမျှကို၊ တဝတည်းချင်း၊အခင်းပြီးပြေ၊ ကုံစေလို၊ ဆုတောင်းဆိုလျက်၊ အစ်ကို အထွင်၊ ချစ်ခင်နှစ်လို့၊ စလေမြို့နေ၊ ပန်းထိမ်ဆရာ မောင်ကံကြီး ကြားရောက်ပါသည်၊ မြေထဲမြို့နေ၊ မိတ်ဆွေဥတ္ထဋ္ဌ ဖြစ်သည်နှင့်ကညီ၊ ဝသီ မမွတာ၊ ပညာသမာဓိ၊ ဟိရိဩတ္တပ်၊ စောင့်ကြဉ်သိမ်းပိုက်၊ သုစရိုက်ဂုဏ်၊ အလုံအလောက်၊ လူတစ်ယောက်ဟု၊ ချီးမြှောက်ထိုက်လှပေသော၊ ဆရာဦးရွှေအိုး၊ ဆွေမျိုးပေါက်ဖော်၊ မတော်သည် မှန်သော်လည်း၊ ဝန်မတန်သည် စစ်က၊ ထမင်းမတန်သည် ထမနဲကဲ့သို့၊ တော ထဲက ဆေးလည်း၊ သေဘေးကို တားပေသည်၊ ကိုယ် ထဲက သွေးလည်း၊ သေဘေးကို ပွားစေသည်၊အဆွေ မတူ၊ ဓာတ်မတူသော်လည်း၊ သူတော်စင် မှန်သော ကြောင့်၊ ထိရန္ဓာန်လျက်၊ လူ့အသက်ကို၊ဆက်ဆက် ကယ်ဆယ်ဖူးကြသည်၊ ဘဝမျှားစွာ၊ လွှဖြစ်ပါဝယ်၊ အဇာတသတ်၊ ဘမင်းမြတ်ကို၊ သတ်ဖြတ်ညှဉ်းဆဲ ဖူးလေသည်၊ အတည်တည် အရပ်ရပ်၊ နိပါတ်

ဘုရားဟော၊ လောကီမျက်မြင်၊ ရာဇဝင်ဗန္ဓာရီ၊ပုံကို မှီ၍၊ လောကီဘာဝ၊ လိုရာသို့ကျတည့်အောင်၊အာဇ လျာစ၊နွှတ်ရွရွနှင့်၊ ဝလဝစောင်ရမ်း၊ စောင်းလှက်ရစ် စမ်းသကဲ့သို့၊ ပြန်းကာ သန်းကာ၊ အပေါသွာ အရည်ပွတ်၊ လောကဝတ်မဟုတ်၊ ကျွန်ုပ်စိတ်တွင်၊ အတိတ်ကမ္ဘာ၊ ရွေးအခါက၊ မကွာပေါင်းဖူး၊ ကျေးဇူးပစ္စုပ္ပန်၊ ဆက်ဆံကြလေ၊ ဟိတ်နှစ်ထွေ ကြောင့်၊ ညွှန့်ရေကြာပင်၊ ရွှင်သည်ပမာ၊ စေတနာနှင့်၊ မေတ္တာကြည်ညို၊ ညီအစ်ကိုအလား၊ ယုံစားသက်ဝင် ပါသည်၊ ဆရာကိုချွေအိုးလည်း၊ သဘောရိုးပီပီ၊ ရဋ္ဌ မတင်၊ ချစ်ခင်လိမ့်မည်ဆင်ပါသည်၊

ဥစ္စာကို လိုသောကြောင့်၊ ကိုယ်တွင်ပစ္စည်းရပ်နှင့်၊ ယှက်စပ်လိလှယ်၊ ဆောင်းဝယ် ကူးသန်းကြသည် မှန် သော်လည်း၊ ပစ္စုပ္ပန် သံသရာ၊ အကြောင်းပါလျှင်၊ ကြင်နာကြမြဲ ဖြစ်ချေသည်၊ တစ်ရပ်နေ တစ်ဌာန၊ တဝဂ်ကဲ့သို့၊ စိတ်ကမရည်၊ အရည် ပေါင်း ၍၊ မိတ်ကောင်းဖြစ်ကြရမည်နှလုံးသွင်းနှင့်၊ အရင်းအခံ၊ ဘဏ်သမ္ဘာရှင်၊ မြော်မြင်ထောက်ချင့်၊အသင့်ရွှမ်ပါး၊ မိုက်စားမိုက်ကြွင်း၊ဖျားရင်းဆယ်ပိုင်း၊ အထိုင်းအတား၊ အဂါစေ့ငှ၊ လက်တတ်မှမှာ၊ ကော်ကနုဒ ပြာသာဒ် ကိုစီရင်သောလက်သမားကျော်တို့သည်၊ မိုးခေါ်ထိမ် ယံ၊ စက်နှင့်ပျံ၍၊ တစ်နှိုင်ငံ တည်ဖူးသကဲ့သို့ လည်းကောင်း၊ ရောမထိုင်းသား၊ ယန္တရားဆရာ၊ပညာ လက်မြောက်၊ ရွယ်တိုင်းရောက်၍၊ တုံ့ခေါက်စကြံ၊ မိုးပျံမြေဝင်၊ပညာသင်ဆရာကြီးကဲ့သို့လည်းကောင်း၊ အကြောင်းပါရမီ၊ ဂန္ဓိရဂုဏ်၊ ပြည့်စုံလှစွာသော ဆရာ ကိုရွှေအိုးကလည်း၊ ရိုးရိုးမေတ္တာ၊ သက်ဝင် ပါသဖြင့်၊ သေချာစာရင်း၊ လေ့သွင်းဇွတ်ကို၊ ထိုက်ဆိုက်မိကြသည်၊ ကထိစာချုပ်နှင့်၊ ကျွန်ုပ်စီးရန် လေ့ရှစ်တောင်ကို၊ နောင်တစ်သက်လုံး၊ပြောထုံးတွင် ရစ်၊ကျေးဇူးပြစ်လောက်အောင်၊ လက်သစ် မိုက်မုတ်၊ မယုတ်မငယ်၊ ကြီးကျယ်ထုပြက်၊ ချိဘ်ဆက်သေချာ၊ ကွဲနာမပပ်၊ဧစ္စပ်လုံခြုံ၊ လေ့ပုံလှပ၊ထကြွတင့်တ ယ်၊ မျှော့်မယ်နှနှက်၊ သံချက်မနည်း၊ ပျဉ်လည်း ပျဉ် ကောင်း၊ ထေးကြောင်း မမြင်၊ ခြောက်ပြစ်စင် အောင်၊ စီရင်တည်လုပ်၍၊ စာချုပ်ရက်နေ့၊ မရွေ့ စေရ၊ ပြီးကုန်ငအောင်၊ လုံ့လထုတ်၍၊ တည်လုပ် မည့်အကြောင်းများနှင့်၊ လက်သမားတို့ကို၊ ပြားပြား ယောင်းယောင်း၊ ညွှင်းပြောင်း နွှေးဆော် စေလိုပါ သည်၊ အစ်ကိုညီရင်း၊ နှလုံးသွင်းသဖြင့်၊ ရွှမြင့်စွာ ကာလ ပတ်လုံး၊ ချစ်ထုံးမပြေ၊ မိတ်ဆွေ ဖြစ်ကြရ အောင်၊ အာသီသမင်္ဂလာ၊ မေတ္တာစကား၊ ကြား ရောက်ပါသည်၊ ဘုရားဒကာ ကိုရွှေအိုး၊

စလေမြို့နေ မောင်ကာလာ တရားနာဖိတ် မေတ္တာစာ

ကမလာသန်၊ ဝိမာန်သာဆန်း၊ ကြာနန်းသခင်၊ ရုပ်ရှင်ယန္တရား၊ လွှားလွှားခုန်ခုန်၊ ဆန်စုန်တုံ့ပယ်၊ ကြိုးဝါးသွယ်ဖြင့်၊ မိုးလယ်လျှံညီး၊ စက်ပျံစီးသော၊ နတ်ကြီးအတ္ထဘူ၊ သယမ္ဘူလောကေဘ၊ အဟောရွေ ဥာဏ်၊ ကျမ်းဝေဒလ်တွင်၊ အာထမ္ဗန်အမြွက်၊ ခဲခက်လျှို့ကတ်၊ ဒုန္နယတ်ဌာန၊ ဝေဒင္ဂ ယန္တရားကို၊ရထားနတ်ဘုံ၊ ရဟတ်စုံခွင့်၊ ပတ်ပုံခဝင်း၊ ကြင်းညီညာ၊ ကြယ်တာရာတို့၊ ယထာရဟ၊ ဒီပမင္ဂေ၊ ရွှေလင်းယဉ်ထိုင်၊ တောင်ဦးထိုင်မှ၊ တစ်ပြိုင်တည်းယှက်ဆုံ၍၊ ဖြန့်စက်စုံ မြန်းခိုက်တွင်၊ ဖြင်းဖြန်းနုတ်မြန်၊ မုဋ္ဌာန်ကရိကား၊ ဆန်းဂိုဏ်းပယတ်၊ သံဝဋ်ဝိဝဋ်၊ တွတ်တွတ်ပီပြင်၊ စီရင်ဖွဲ့နွှဲ့၊ မိုးသို့ ငဲ့လျက်၊ သိုးဆယ့်ခုနစ်အုပ်၊ ဩောင်းတပ်၍စုတ်လိုက်လျင်၊ ရုတ်ခဲနဲမြိုက်ခဲနဲ၊ ထိမ် တိုက် ထဲ မှ၊ ဣ ခဲ ရော ငွေခဲရော၊ ပုလဲ ရော ဝရ ဇိန်၊ စိန် တချို့ မြစ် ထိ၊ မထိ ဂေါ် မိတ်၊ ခြေမချအား၊ မြေတစ်သွားတွင်၊ အခြားမဲ့ပိတ်လုစောင်၊ ထိတ်ထိတ်ကြဲ ရတနာ၊ မန္တန်မြတ် တန်ခိုးကြောင့်၊ စည်းစိမ်မိုး ရွာသကဲ့သို့၊ လိုရာဆန်၊ အာလယကို၊ လျှာကမလွှပ်၊ဝိညာဉ်ချုပ်၍ စိတ္တုပ္ပါဒ်အာရုံဖြင့်၊ ပြီးကုပါဒေသောဟု၊ သဘောထား စေတနာနှင့်၊ မေတ္တာမပြတ်ပို့လျက်၊ စလေမြို့နေ၊ ဘုံဝေဇယန်၊ ဝိမာန်ကြင့်နှံး၊ ဝါသနာနန်းကဲ့သို့၊ မုတ်ဆိန်းကျည်းရွှင်၊ ထုရင်မုန့်ရွက်၊ လျှံလက်စိန်ဖုး၊ ထိမ်မြူးဝါလျပ်၊ ကြာချပ်ခြူးထုံ၊ ဧာတ်ရုပ်စုံပြင့်၊ ပတ်ရံဇွေညွတ်၊ ကြာသွတ်မုန်ညင်း၊ အဆင်းသင့်ရာ၊ ရတနာသိဂီ၊ စံမိုဇမ္ဗူရာဇ်၊ ရွှေထိဆစ်လျက်၊ ကျူနှစ်သာစွာ၊ ဧဝါငွေခြယ်၊ လေးသွယ်လေခါး၊ သီးခြား ဆန်းထူး၊ မုတ်ကူးလွန်းဆက်၊ ထွန်းလျက်လျှံလန်း၊ ပျံဘုန်းမျှ၊ နတ်ယန္တရား၊ သိန္နောဿားသေား၊ရဏား တင့်ခေါင်၊ ပြာသာဒ်ဆောင်ကဲ့သို့၊ နေရောင်နီးဟပ်၊ ညီးညီးလျှပ်သော၊ သုံးထပ်ကျောင်းဒကာ၊ မောင်ကာလာ ဖိတ်ကြားလိုက်ပါသည်၊ မည်သည့်မြို့ရွာနေမည်သူတို့၊

ကွန်ပ်မှာ သံသရဝဋ်မှ၊ ကင်းလွတ် တက် ဆန်၊ နိဗ္ဗာန်အလို့ငှာ၊ ဘာဂိနေယျ၊ သားတမျက်ဂို၊ ဘုရား သာသနာ၊ ဘေးမဲ့ရာသို့၊ နှစ်ပြာနှုဂ္ဂဟ၊ မြောက်ချီးပလျက်၊ ပဗွဇ္ဇသာမဏေအသွင်ဖြင့်၊ သက်ဝင်စေမည် တစ်ရပ်၊ ပညပ်တံဆိပ်၊ လိပ်ရောစုံ၊ ဘွဲ့ပုံသာခေါင်၊ တူရွင်းတောင်မြို့တွင်၊ လူတို့သနင်း၊ ရွေးမင်းကောင်းမှု၊ အထုလဥက္ကဋ္ဌ၊ မွေခေတ်ကိန်းပျော်၊စေတီတော်၌၊ဆယ်လေ့ာ်မင်းစံ၊မျက်ပါးကျ လျက်၊ ထိမ်ယ်မိုးလယ်၊ သောက် ရှူး ကြယ် ကဲ့သို့၊ တင့်တယ်မြောက်ချီး၊ ရွှေထီးတော်လှူမည်တစ်ကြောင်း၊ ၎င်းဝါန၊အဝဝကို၊ဒီဃသက္ကရာဇ်၊မည်သည့်နှစ်၊မည်သည့်လရက်တွင်၊ သာသနာဂုဟ၊ စိတ်ကြံရည်စူးလျက်၊ အထူးထူးသော သဘင်ပွဲလမ်း တို့ဖြင့်၊ ခမ်းခမ်းနားနား၊ တရားအသင့်၊ ချီးပင့်ခြံရံရပြီးလျှင်၊ ပရိက်ပရိက္ခရာ၊ မျှားစွာလှူဖွယ်၊ ကြိုးငယ် ကျင်းပလျက်၊ နာယက ဘုရားမြတ်နှင့်တကွ၊ ပရမတ္ထအရာ၊ ထေရ်သင်္ဃာတို့အား၊ စေတနာသုံးတန်၊ ထက်သန်ပြဋ္ဌာန်း၊ လှူခါနီး အနုမောဒနာ ပြုရာ၊ ဆွေ ဥာ သင်္ဂဟ၊ တကွမကွာ၊ ဒေသနာဓမ္မကွန်၊ မိန့်ခွန်းသံကို၊ နားခံလို ပါသည်ဖြစ်၍၊ ၎င်းမည်သည့်လ၊ မည်သည့်နေ့ရက်၊ ပရိတ်တော်တရားတော်နာ၊ ကြွပါမည်အကြောင်းကို ဖိတ်ကြားလိုက်ပါဆည်း၊

မောင်ကုလားဗိုလ် တရားနာဖိတ် မေတ္တာစာ

ဇမ္ဗူသိဂ်ါ၊ ထိန်ဝါဝင်းလျှံ၊ မင်းစံပြကတေ့၊ မြေ့မဂ်ိုင်္ဂဘုံ၊ မဏ္ဍူဌေဆိုင်၊ ရွှေချိန်တိုင်ကို၊ ဦးကိုင်မှီကာ၊ ရွှေညီလာဖြင့်၊ သီတာစထုရန်း၊ ကုရုနန်းမှ၊ ဖန်ဝန်းမဏ္ဍလိပ်၊ တံဆိပ်စကြာ၊ အကွရာကို၊ ဝိဇ္ဇာဝီဂူ၊ ပါရဂူတို့၊ မြေတူမဟီ၊ ကောလီဌာန၊ ထိန်းခန်းချုပ်၊ ကမ္ဘာ့စာလုံး၊ သုံးသည် တစ်ထွေ၊ သပြေပင်ကြီး၊ မြေထီးရိပ်ဖွင့်၊ ညာနန်း မြင့်ထက်၊ ယုန်မင်းပြာသာဒ်၊ ငွေရဟတ်မှ၊ ရေဓာတ်အမြိတ္တာ၊ မူလအကွရာ၊ တစ်လုံးစာနှင့်၊ ဂေါ်ယာကြင့်နန်း၊ ပါပ နန်းမှ၊ လေယန္တရား၊ မိုးဗျားမြေဆုံး၊ ရေလုံးတုန်ဆတ်၊ ခုနှစ်ဝေတတ်သော၊ ပိဋ္ဌကတ်ထွက်၊ ဝဏ္ဏကုရာ၊ ရွှေစာ တစ်လုံး၊တောက်ပြုံးပူပန်၊ သူရကန်ထိန်ဝါ၊ ရဝိန္ဒာ ဗီတူ၊ ပေါ်စထုန်းသစ်၊ ဥဒ္ဒသ်ခေတ်မှ၊ သုရဋ္ဌာတ်၊ လျှံပတ်ပြောင်ပြီး၊ စက်လောင်မီးပြင့်၊ မြေ ကြီး ရေဘောင်၊ တောင်အနန္တ၊ မြူမျှမကွန်၊ မောက်လှန် ပျက်ရုပ်း၊ ဆုံးစေတတ်သော၊ မီးနတ်စကြာ၊ အကွရာ တစ်သီး၊ စန်းစီးတာရာ၊ ဂေါဇာဓာတ်ကြိုပ်၊ ပထိုရ် ဆော်၍၊ တော်သည်နွေဦ၊ ခြင်္သေ့ ထီး ဆောင်း၊ အပေါင်းဝင်ရာ၊ ဥသာစီနိုပန်း၊ ဝဏ္ဏာချင့်ပိုင်း၊ ဆန်းဂိုဏ်းရွေးယူ၊ လေးဆူအကွရာ၊ ကမ္ဘာစာပြင့်၊ ဝိဇ္ဇာတပသီ၊ နတ် ဧော် ဂ် တို့၊ လောကီသာထုံး၊ စီရင်၍သုံးလိုက်လျင်၊ အဆုံးမထင်၊ ဖိုလ်မဂ္ဂင်နှင့်၊ ထိုပြင်နိဗ္ဗာန်၊ သည်မျှသာကုန်တော့သည်၊ ဖန်ဆင်း လိုရာ၊ နာနာရုပ်မျိုး၊ မြေလျိုး မိုးပျံ၊ အကြောင်းသိမ်း၊ အုံရိုန်းဆာယာ၊ ပြိုစီးစွာ၍၊ ကမ္ဘာနှင့်အသက်၊ ချင့်တွက်နေမြဲ၊ ဖောက်လွဲယွင်းယို၊ မ အို နိုင် မနာ နိုင်၊ အရေးပိုင် ဇာစီးရ ဖြစ်ကုန်ကြသကဲ့သို့၊ပစ္စက္ခကုသိုလ်က်၊ သံသရာကောင်းမှုဘို့၊ ပေါင်းစု ယှက်ဆုံ၍၊ ဣဋ္ဌာရုံစီပွား ကို၊ ဝိဇ္ဇာဓိုရ် ယောကျ်ားကဲ့သို့၊ စိတ်သွားထိုင်း ငြီးစေကြောင်းဖြင့်၊ ဆုတောင်းလေ့ရှိပါသော စလေမြို့ နေ၊ ပွဲ စား မောင် ကု လား ဝိုလ် ဖိတ်ကြားပါသည်၊မည်သည်မြို့နေ၊ ရွာနေမည်သူတို့၊

ကျွန်ုပ်မှာ၊ ခေမာအမတ၊ မြတ်သုခကို၊ ရလွယ် ခြင်း အကျိုးငှာ၊ သည်းချာလှထွား၊ ရင်းသားညီနောင် ကို၊ ဘုန်းခေါင်မြတ်စွာ၊ သာသနာ၌၊ ခမ္မာပစ္စယ၊ နုဂ္ဂဟဖြင့်၊ ချီးပသွင်းသွတ်၍၊ ကျင့်ဝတ်မသွေ၊ သာမဏေအစစ်၊ ဖြစ်စေမည်ကြံရာ၊ လျှဥါနအမျာ၊ ရုပ်ပွားတော် ပိဋ္ဌကတ်တိုက်၊ ဖိုးထိုက်ပရိက္ခရာ၊ ပဓေ သာတုံဆင့်၊ ဦးပွင့်စုံလင်ပြုပြင်စီမံ၊ကုသိုလ်ကံကြောင့်၊ သင်္ခတာတ၊ မြေက မောက်မောက်၊ ပေါက်သည့် အသွင်၊ပင်ရေဆယ့်တစ်၊ တွက်ဆစ်ပြည့်ကြွယ်၊ လူ့မွှယ် အများကို၊ ဘုရားနှင့်တကွ၊ ပရမတ္ထသံဃာ၊ အရိယာ ရှစ်မည်၊ ပုဂ္ဂိုလ်ထေရ်၌၊ စိတ်ရှည်ထောက်၍၊ အာရုံ ပြု၍၊ သမ္မုတိသင်၊ အရှင်တို့ အား၊ သုံးပါးခစတနာ၊ သဒ္ဓါထက်သန်၊ နိဗ္ဗာန်ရည်မှန်း၊ လျှဥါန်းဥါန၊ ပတ္ထနုမောဒနာ၊ တရားလာကို၊ မကွာအတူ၊ နာယူလို ပါသည်ဖြစ်၍၊ သက္ကာနှစ်၊

ရှင်ဗျိုင်း မေတ္တာစာ

အာလကမန္ဒာ၊အောင်ချာပုရုန်းဌာနဒ္ဒိ၊လောက သုံးလီ၊ ဝဇီရစိန်၊ နွိုင်းချိန်နတ်စက်၊ လက်နက်သခင်၊ တော်စင်သာစွာ၊ လက်ယာသခ်ိ၊ မလွှကနှင့် ဘုဇက အမြဲတေကဲ့သို့၊ ခြောက်ထွေရောင်ခြည်၊ အရည်သွက် သွက်၊ ပြီးပြက်လျှံဖိတ်၊ မြင်သူထိတ်၍၊ ဇောစိတ် ကျွမ်းလံ၊ ခြောက်ချက်ပြန်မှ၊ ဥဇ္ဈာဒန်အပဒန်၊ စွယ်ချွန် နှစ်ချောင်း၊ မြေစောင်းတန်း၊ ခိုင်ကျန်းထောက်နင်း၊ တင်းတင်းသံမာ၊ ခြေသုံးမြွာပြင့်၊ နရာဝါဟန်၊ယာဉ် ဝိမာန်ထက်၊ ကုမ္ဘဏ်ဘီလူး၊ နတ်စစ်မှူးကို၊ လည်ဉီး ဖြတ်ချ၊ စိုးပိုင်သသော၊ ကုဝေရ သမိုက်၊ မဟာရိုက် ဒေဝိန္ဒာ၊ ဥဇ္ဈာရာမိဟတိ၊ ထိုင်းကြီးအရှင်၊ နတ်ဘုရင် သည်၊ မျက်မြင်ဘဝ၊ ပစ္စက္ခဒ္ဒိ၊ ဒေဝသမ္မတ်၊စည်းစိမ် မြတ်ကို၊ မ ဆွတ် လက် ငင်း၊ ဆောတ် နှင်း စု ဝေး၊ ပေးပစေသော၊ ဗာဟိရဏ္ဍတ်၊ ဘူတဓာတ်၌၊ ဥပစ်ရန် တေး၊ ဝေး ပ စေ သော၊ သ ဘော ဖြောင့် မှန်၊ ရည်မိဌာန်လျက်၊ ရွှေမလွှာရံ၊နန်းဘုံနန္ဒမူ၊ ဌာနုပစာ၊ နံ့သာသုံးမည်၊ မြနှင်းရည်ဟု၊ သင်းကြည်ကြိုင် ပျံ့၊ မေတ္တာနံ့ဖြင့်၊ နှးညှင်လိမ်းသပ်၊ဆက်ကပ်လေ ရှိပါသော၊ စလေဖြို့နေ၊ စာရေးတော်ကြီး သမီး ရှင်ဗျိုင်း အစိရင်တော်ခံပါသည် ဘုရား၊

ကျွန်တော်မမှာ၊ အစွာသေဝန၊ မွန်မြတ်လှသော၊ မိတ္ထသဟာ၊ ခိုမှီးရာကို၊ ဖွေ ရာ စိစစ်သော်လည်း၊ အနှစ်မျှားစွာ၊ ရက်သားကုန် ကျမ်း၍၊ ခင်ပွန်း မိတ်ကောင်း၊မပေါင်းမမှီရ၊ယခုမှပင်၊ အမရဖိမာန်၊ ဝေယန်အယ္ဟ၏၊ နန်းဌာနမှ၊ မစ္ဆ ိမရပ်ခွင်၊ အနောက် ပြင်၌၊ ရွှေစင်အထိ၊ မထီဒေတိရာ်၊ မှန်ကင်းထွတ် ကဲ့သို့၊ သဘာဝတ္ထာ၊ မုချပီပီ၊ ရဋ္ဌမေါ၊ ဥပမာမဟုတ်၊ နာမ်လေးပုဒ်တွင်၊ ပြယုဂ်သာ၊ ရှည်၊ အဓိစ္စသမုပ္ပန်၊ အနေကန်ဝတ္ထိစ္စာ၊ ယောဂါ ဇသာဝါ၊ တံ ယထာ ကဲ့သို့၊ မယူသာမမှတ်ကောင်း၊ အကြောင်းနှင့်တကွ၊ လိင်္ဂကနေမိတ်၊ ဝိသိဋ္ဌဂုဏ်ဃသီ၊ ပါရမီသမ္ဘာ၊ ဉာဏ်ရင့်မာသဖြင့်၊ ခမာဇာ၊ရိယ၊ ဥဋ္ဌာနစသော၊ နာယက ခြောက်ခု၊ ဂုဏ်အာရုံကြောင့်၊ တက္ကာလ နာဥဇာတ်၌၊ ဗောဓိသတ်ငယ်ခမ်နှင့်၊ ကဝိန်ပဏ္ဍိတ်၊ ပုရောဟိတ်ကဲ့သို့၊ ဘိသိက်ငယ်ဘင်၊ နန်းယင်ပြင်၌၊ အရှင်ကေရာဇ်မင်းမြတ်၊ ယုံမှ ်သုံးစွဲသဖြင့်၊ ထူးကဲ ကျော်ကြား၊ထင်ရှားလှပေသော၊ ရာပြတ်မင်းအရှင်၊ ဂုဏ်အင်ထင်ပေါ်၊ မိတ်သူငေ ာ်တို့နှင့်၊ ပေါင်းဖော် တွေ့ကြုံ၊ ခိုလှုံဆက်ဆံရပေးသည်ဟု၊ အတည်အတံု၊ အခံ့အခိုင်၊ ဂုဏ်ပြိုင်အားပြ၊ ပွဲကျင်းပ၍၊ ကတဝါဒီ၊ မြောက်ချီ လေးမြတ်၊ ပြော စ မှတ် ယူ ပါသည်၊ ဧမ္မုဓမ္မရာဇ်၊ တသူဖြစ်ကို၊ ။နန်တည်မှတ်၊ နှစ်ပိုင်း ဖြတ်၍၊ ယုတ်မြတ်နှက်တံ၊ ။ရည်ချင်းစံသော်လည်း၊ တစ်ဆခြည်ဖျား၊ မထူးခြားသကဲ့သို့၊ စကားနှင့်နှလုံး သွင်း၊ တစ်ချင်းတည်းညီပါ ။သည်၊

လင္ဒ ်ပေသလ၊အတ္ထဟိတ်ဝဲ ပရဟိတ်၊ သမစိတ်ဖြင့်၊ သုမိတ္ထပုဂ္ဂိုလ်ကို၊ မှီခိုရပေးသည်မှာ၊ ဓေသရာသီဟ၊ သေနကစွန်ဒုတ်၊ ကစ္ဆပလိ ်နက်တို့၊မိတ်မပျက် ကြည် ညိုး၍၊ ငှက်ဝန်သိုခင်ပွန်းတွ ်၊ငြိစွန်းသည့်ဘေးရန်ကို၊ အားအင်ကြိုးကုတ်၊ လုံ ်လာထုတ်၍၊ မဆုတ်မနစ်၊ စစ်သုံးမျက်နှာ၊ ဝဲယာရ ်ဝန်း၊ တစ်ခွန်းတစ်သံတည်း၊ ပေါင်းစည်းခုခံ၊ လုပ်ကြံ ်ကိုက်သတ်သဖြင့်၊ ငှက်ဆင် တို့ စစ်ညီး၍၊ ဝန် လို ချစ်း သာ ရ ဖူး ကြောင်း၊ စာဟောင်းနိပါတ်၊ ဗောဓိ နှင့် လျော်စွာ၊ ကေသရာ

ရန်နင်း၊ ခြသေ့မင်းကို၊ မှီတင်းထောက်ခု၊ သဟဲပြုသကဲ့သို့၊ ဥပကာရဂုဏ်ကို၊ မသုန်မလည်၊ နှလုံးရည်လျက်၊ နေ ပြည် ဇေတဝ် သို့ ဆန် တက် လာပါမည်၊ ကြံစည်ထျက် ရှိသေ ဝ်လည်း၊ ကြံမိထိုင်းမမြောက်၊ အောက်သို့စုန်ဆင်း၊ နီးရင်းသွားလာရာ၊ ရောဂါကပ် ရောက်ကြသည်ကိုမြင်ရှိ၍၊ လေတွင်ဆောင်ကြဉ်းသူ၊ လူမကြွင်းကျန်၊ ဆင်းပြန် ပစ် သွား ကြ သော ကြောင့်၊ သာမည်လေ့ငယ်နှင့်။ ရောက်လွယ်အောင် ပြန်ပြီးလျင်၊ တစ်ဖန်အားသစ်၊ ရှိရစ်သည့်လေ့ကို၊ စလေသို့ရောက်အောင်၊ အခေါက်ခေါက် သည်ပိုးရသောကြောင့်၊ ကာလမြင့်ကြာ၊ ကြံ ချာမမြောက် ရှိပါသည်၊ စေတနာစွဲလမ်း၊ ချစ် ကျွမ်း စုံ မက် သည့် အ လျောက်၊ ရွေးတန်ဆောင်မှုန်း နာတော်လမှ၊ ကိစ္စ ပြီးမြောက်၊ လာရောက် နိုင်ပါ၊ ဤ၊

ကိန်းလာမှုချ၊ ကာလကစ္ဆ ဇောတ်ထွက်၊ ပေါင်းတက် ရောနှော၊ ဘဘော မ ပြား၊ ခုနစ်ဘဝါးမျှ မြေလှမ်း၍၊ ရောပြွမ်းဖူးသည်ဖြစ်က၊ မိတ္တ အ မည် ရှိသည်၊ တစ်ဆယ် နှစ်ဖဝါး၊ လှမ်းသွား အထူး၊ ပေါင်း ဖက် ဖူး သည် လည်း၊ ကောင်း၊ ကာလခန့်တွက်၊ ဆယ် နှစ်ရက်မျှ၊ ရောက်ယှက်ဆက်ဆံဖူးသည်လည်းကောင်း၊ သဟာယမည်ရှိသည်၊ ဆယ် ငါးရက် ကာလ၊ တစ်မာသမျှ၊ တကွမ်းမူ၊ ထိုသ လူကား၊ ဆွေတူမျိုးရိုး၊ ဥာတိအမည်ရလေသည်၊ ထိုကလွန်ငြား၊ ရက်များလမြင့်၊ ပေါင်းသဖြင့်ကား၊ ကိုယ်နှင့်ထပ်တူ၊ ကိုယ်ပင်တူ၍၊ သဃမ္မ ဘုရား၊ ဟောကြားဒေသနာ၊ နိပါတ်လာကို၊ ပညာ ထောက်ထား။ မေတ္တာဖွား သဖြင့်၊ ကိုယ်အားအင်တန်၊ ကြံဖန်နိုင်သမျှ၊ သဟာယ ဓမ္မတာ၊ ကြင်နာသည့် နှလုံး နှင့်၊ သုံး ဆောင် ရန် ထန်းလျက်၊ အသား နှစ်ရာနှင့်တကွ၊ သုံးဆောင်ရန် ဆေးများကို၊ ကိုယ်အား လျော်စွာ၊ ယထာဗလ၊ မေတ္တာသလိုက်ပါကြောင်း၊

စလေမြို့နေ ပွဲစား မောင်ရွှေချန် တရားနာဖိတ် မေတ္တာစာ

အယုဇ္ဈ ဘူမိန်၊ သူရိန္ဒရာ၊ ဝထိ်သာ ဗွေဿန်၊ မြေချာကွန့်ထက်၊ ရောဝဏ်သခင်၊ မီးဘုရင် သည်၊ ကိုယ်အင်္ဂါပြိုင်၊သံထိုင်ထစ်ချုန်း၊ပြုန်းပြုန်းပြန်းကြဲ၊ ရဲရဲ လောင်ထိန်၊ ဝရဇိန်ဖြင့်၊ လက်ချိန် ထိုးလှံမှဲ၊ ဧရိုးခြိုးခြိမ့်မျှ၊ မိုး ထိမ့် ခပင်း၊ နိမ့် နင်း စောင်းထောင်၊ ရေထောင်မြေပြင်၊ ကောင်းကင် သမုဒ်၊ ရွတ် ရွတ် သဲ သဲ၊ ကွဲ လို့ တ နန်း၊ ပြန်း ပြန်း တော်လည်း၊ ဆော်သည်းလှိုက်ထို့း၊ ရိုက်ကြိုးတိန္ဒက၊ ထိန်ထိန်ပသော၊ ဌာန္တဥပဒ်၊ အာဘဿရ၊ ဩဟွတုံ ထူတ်၊ လှုပ်တုန်ညွတ်လျက်၊ ခုန်ဆွတ်စွဲထိ၊ ရဲရဲညီမျှ၊ မီ ကြီ့း ဇလျှံ၊ မိုးယံပတ်လည်၊ ထိုင်းပြည်ထီးနန်း၊ ကြင့်နုန်းဥကင်၊ တောက်ခွင်အံ့သြ၊ အလို့ လို့ဖြင့်၊ လွတို့မျက်စိ၊ ထင်မှားမိသော၊ အဂ္ဂိဥပဒ်၊ နံကြတ်စဉ်းနာ၊ အခါဝိန္ဒရတ်၊ ချိန်မှတ်ယွင်းသွေ့၊ လနေ နက္ခတ်၊ ဘုံပြာသာဒံတို့၊ ကျိုးပြတ်ကြေမွ၊ မြေသို့ ကျဟုး၊ ပုဒ္ဓန်မိတ်၊ ထိတ်တပေါင်လာ၊ ဟစ်ကြော်ငြာသော၊ နရာယန၊ ဒေဝဥပဒ်၊ သိမ်းမှတ်လောက၊ ဤသို့စသော၊ ဥပ္ပါဒရွှစ်ခု၊ ရာဟုနတ်ကြီး၊ ဟိုင်းစီး အသွရိန်၊ ပုရိန်လျှပ်ခြည်၊ ပတ် လည် ပြီး ပြက်၊ ဖိတ်ဖိတ်လက်သော၊ကြိတ်ထွက်ခြင်း တစ်ရာ့တစ်ပါး၊ အပြားထူးထွေ၊ မချေမငဲ့၊ ဌက်သံကြဲင်း၊ နဝင်းထိတ် အပေါင်းတို့သည်၊ ဩောင်းမမ မေတ္တာနုဘာဝေန ဝိနာသန္တု။ ဓရှသံ လဟုသံ၊ ရွတ်အံမန်းမှတ်၊ သွား ဟယ်ယ ဟုံးဟုံး၊ အာ ခေါင်သံ ကြဲ၊ တည့် ၍၊ သုံးကြိမ်လောက်စုတ်ရလျှင်၊ ဖုတ်တမြိုက် ပျက်စီး၊ မကောင်းကျိုး ပျောက်လွင့်၍၊ ကောင်းကျိုးနှင့် နီးတတ်သော၊ ပွဲတွေ့ကြီးဂါထာ၊ မန္တရားမေတ္တာ ဖြင့်၊ အခါခါ ရည်မှန်းလျက်၊ မန်းမှတ်လေ့ ရှိပါသော၊ စလေမြို့နေ၊ ဘုရားကျွန်တော်ပွဲစားငရွှေချန်၊ ဖိတ်ကြား အစ်ရင်တော်ခံ လိုက်ပါသည်ဘုရား။

ကျွန်တော်မှာ၊ သံသရာဘေး၊ ကင်းဝေးလွတ် စင်၍၊ အသခ်ိတ၊နိဗ္ဗာနကို၊ ရလွယ်ခြင်းအကျိုးငှာ၊ ရင်းချာဇာတိ၊ တစ်မိဝခ်ိးဝယ်၊ တမျှလွယ်သော၊ ညီငယ်ပမာ၊ မေတ္တာမယွင်း၊ မောင်ရွှေဝင်းကို၊ သနင်းလှ ဘ၊ဂေါတမသာသနာ၌၊ခမ္မာပစ္စယ၊နုဂ္ဂဟ ဖြင့်၊ ပဋ္ဌဋ္ဌသာမဏေ၊ ဖြစ်စေမည်ကြံရာ၊ ရှေကာယ၊ ဥဒ္ဓိသာ ရှပ်ရှင်း၊ ရွှေစင်မွမ်းခြယ်၊ တင့်တယ်သိုက် မြို့က်၊ စာတိုက်နှင့် စာ၊ ပရိက္ခရာအစုံ၊ စုပုံစီမံ၊ ပရိက် ကြီးငယ်၊ လှုဝါနိုးဖွယ်တို့ကို၊ ရွှစ်သွယ် ပရမတ်၊ ထေရ်မြတ် သံဃာ၊ အ ရှိ ယာ အား၊ ဧတနာအာရုံ၊ ဧောဖြင့် ထု ်လျက်၊ ယုံကြည်နှစ်သက်၊ကပ် ဆက် ပေး လှူ ၍၊မွေးကြူ ပျံ့ ရှား၊ တ ရား မ ဂ္ဂင်၊ မြို့က် ရွေ စင် ကို၊ အသျှင်နှင့်အတူ၊ ကြည်ဖြုံစုံမက်၊ ဆင် ခွက် နာ ခံ လို့ ပါ သည်ဖြစ်၍၊ သက္ကရာဇ် လ ရက်၊ ကြွ ရောက် တော် မူ ပါ မည့် အကြောင်းများထို့၊ မေတ္တာဆက်သ၊ သီနေဟကထာ၊ မင်္ဂလာ စကားဖြင့်၊ ဖိတ်ကြား အစ်ရင် ခံလိုက်ပါသည်။

သာမညတရားနာဖိတ် မေတ္တာစာ

တေသဟဿ၊ ဝိတ္ထာရ ယုဇနာ၊ ဘူပထဗျာ၊ မဟာဝန်မြို့၊ ဇလာပြွန်ဆိုင်၊ ဖုန်ပြိုင်ရစ်စီး၊ မြစ် ကြီး ဖီလာ၊ သီတာစီမြွာ၊ ဂီဝါမောရ၊ မြတစ်ခဲနက်၊ သဲချက် ချက်နှင့်၊ မျက်ပုလဲရှင်၊ ဘဇင်္ဂသာ၊ သခါစံထု၊ ပဲသုဝသုန္ဒရီ၊ ဒွေမှန်စီစီ၊ ကုန္ဒဒီကမ်းမြေ့၊ စမ်းအက္ခေနှင့်၊ ပန်းမွေ့ ရာမြေညီ တွင်၊ မဟေသီ မယ်ဒေဝီ၊ ကိန္နရီ သန်းရွေတို့၊ ဣန္ဒနီ နန်းမြေက၊ ပန်းရွှေသည် ရဂု၊ ရူပါရုံ-ဗျူဟာစုံ၊ မူဆုပ်ဟန်သာနှင့်၊ ထိ တျာ ဝုံးခေါက်၍၊ ညှင်းလုံးပေါက်ကြွေးကြွသည်၊ ကျေးသူဝ မာဂဓိ၊ ဘဏ္ဍလီ ဘဏ္ဍလာ၊ ဒန္တီ ဂူဟာ နှင့်၊ ဂန္ဓမာ ပန်း သိုက် က၊ နန်းစ ရိုက် လှု သ ဏ္ဍာ နှ်၊ ဌက် ရ ထု ဖ နံ သော အခါ၊ ပု ထု ဇွန် သ ဘာဂ၊ သံ လိုက် နှင့် အပ် ထုပ် ကို၊ မအုပ်တဲ ပြသကဲ့သို့၊ ဟဒယရုပ်ကလာပ်ကို၊ တစ်ဖြတ်ဖြတ် ထုန် လှုပ်အောင်၊ သာရပ္ပ လ ကု ဏာ နှင့်၊ ကြီ ယာ ပျိုးတတ်သည်၊ ဌက်မျိုးကတလီ၊ ကေသရီရွှေတည်၊ ဇော်ယမြို ငံနက်၊ လိုက်ချက်အငှ၊ နဝရတ်ဖန် ဂူနှင့်၊ နန္ဒမူ ခြေရင်း၊ ဒွေတလင်းဇေယျခုံဝယ်၊ နေဇာလှိုဆိုင်းကြွ၍၊ မြို့ငယ တုန်းအချိန်၊ စိန်ဆယ်ရတီ၊ ဝဇီရာဝုဓ်၊ မုတ်ပုလဲဝွှင့်၊ ချို ဝင့်ဝင့်နှင့်၊

ရွှေသမင် လက္ခဏာ၊ မြတ်နှံ့သာ မြေ ညီ တွင်၊ တစ်ဖက်ခွာခြေချီ၍၊ ဝိဝိလည်းမနင်း၊ ပရိယာယ် ရှစ်ပြာပြင့်၊ ချစ်စရာဖန်ဆင်းလျက်၊ ဟန်ခင်းကာ ကြောလိုက်သည်၊ တောစရိုက်ဘာသာ၊ ဂန္ဓာလှိုင်း ကန္ဒာမြို့ငှ်း၊ မန္ဓာအိုင်အစ၊ သတ်ဌာနဘာဂီ၊ မြတ်ဈာန လာတီနှင့်၊ ဖေဇော်ဂီလူပျိုတို့၊ ဂူစံသည်ဟေမဝန်၊ စုန်လာသည်ရေတံခွန်၊ ရွှေပြွန်တံ ကျောက်စက်က၊ အောက် မျက်နှာ တောင်ခြေဝယ်၊ လက်ယာခွေရစ် သွယ်၍၊ မြစ်ငယ်စုံငါးရာမှ များစွာသောရေစုံငှ်သည်၊ တပြိုင်ပြိုင်ဖြာပတ်လျက်၊ ရာဇမတ်ကွက်ကန့်၊ သံကွန် ချာပြုန်သကဲ့သို့၊ နတ်ဒေသန့် ကုန္ဒဒီလည်း၊ ဂုဏ်မမီ စံကင်း၍၊ အေးကြည်ခြင်း မနှိုင်းသာ၊ ရေငါးရာ မြေငါးရာ၊ ဂဏန်းထုသဲချီတွင်၊ မေတ္တာကမောက်မို၊ နှစ်ဆယ့်မှစ်စွန်းပိုသော၊ ဗြဟ္မစိုရ် ရေ လှိုင်း ဖြင့်၊ နေ့ရက်တိုင်းသွန်းပို့ လျက်၊ မည်သည့်မြို့၊ မည်သည့် ရွာ၊ မည်သူ ကြားရောက်လိုက်ပါသည်၊ မည်သည့် မြို့ ရွာနေ၊ မည်သူတို့ ဗျား။

ကွန်ပ်မှာ ခန္ဓာအာယတနဓာတ်၊ သမုဂ္ဂါဒိဝဲ၊ သဲသဲမှန်မှိုင်း၊ ခုန် စိုင်း ရိုက် ဟည်း၊ တော် လည်း ငလျင်၊ ပဲ့တင်ပတ်ကုံး၊ တောင်လုံးမြေရှိ၊ လှိုင်းအိမ္ဘန်းဝေ၊ ရေ အဏ္ဏ ဝါ၊ သံ သ ရာ ပြင် ကျယ်၊ မြစ်ပင်လယ်၌၊ အ ဓွယ် သောင်း ထောင်၊ အာ ပေါင် ငွား ငွား၊ မှင် ဖား ဖား နှင့်၊ ကိုက် စား ဟပ် မျိုတဲ့သောဌာ၊ ဈာဈာလင့်မှန်း၊ လေသင့်ရုန်း အဟုန်ကဲ့သို့၊ လိုက်ခုန်ပြေးဖမ်း၊ သောင်းကျန်းလွှစွာသော၊ ဇာတိဧရာ၊ ဗျာဓိမရဏတည်းဟူသော ရေသူမကန်း။ ငမန်းမိကျောင်း၊ သားရဲပေါင်းတို့သည်၊ ဦးခေါင်း မချီ၊ လိုက်မမီသော၊ အဋ္ဌဂီမဂ္ဂင်၊ ရွှေဖောင်ပျံ စက်ရှင်၊ ရေသဘင် ဂင်္ဂါဝယ်၊ ရွှေပဉ္စင်ကြော်ငြာ လျက်၊ ယကြာသပြီးလျင်၊ အဝိဇ္ဇာယတွေဝေ၊ အသေသ ဝိရာဂ၊ နိဗ္ဗာနဟိတ်၊ ဝိပရိတ်ပဋိလုံ၊ ဘုံဘဝ အထွတ်၊ ဝိဝဋ်နယ်ခြာ။ မီးသုံးပါး ဇောမြသော၊ အမတ

ကမ်းယံသို့၊ ဖောင်ယာဉ်ပျံကူးခတ်၍၊ ဦးကပ်ရခြင်း အကျိုးငှာ၊ ရတနာစု၊သားမျက်ရှူကို၊ အထုလခမ္မရာဇ်၊ မြတ်ရွှင်ချစ် သာသနာသို့၊ နှစ်ပြာသော နှင်္ဂဟ်ဖြင့်၊ သမဏ ဘုံရောက်၊ ချီးမြှောက်သွင်းယွတ်၍၊ အကျွတ်ဆုကြိုးယူပါသည်။

တြိဘဝ၊ ငွေဃရဓိပတိ၊ သီရိခုနှစ်ကြိမ်၊ မာရ်နှိမ် ဦးစိုက်၊ ပူဇော်ထိုက်သော၊ မင်္ဂလိကေထု၊ သတ္တဉာဏ်ကိုယ်စား၊ရုပ်ပွားတော်မြတ်၊ ပိဋ္ဌကတ်ပရိယတ်၊ မုခပါဠိကျမ်း၊ ခမ္မကွန် တုရား၊ ရေးသားကိုးကွယ်၍ သပွာယ် ကိုန်းဝပ်စေခြင်းငှာ၊ ရတနာရောင်မောင်း၊ ရွှေကျောင်းအမှတ်၊ မွန်မြတ်သိုက်မြို့က်၊ စာထိုက်နှင့် တကွ၊ ကမ္ဘနိမိတ်၊ ဟိတဲ့ဖြစ်စေခြင်းငှာ၊ စေတနာဖြင့် ခေမာမင်္ဂြိမ်း ထူပါသည်။

ဥန္ဒဝန္တီ၊ စုံညီစွယ်ရောက်၊ ပေါက်အာဇာနည်၊ သံဃာထေရ်တို့အားလည်း၊ ရှစ်မည်ပရိက္ခရာ၊ စုံစွာလှူဒါန်း ဆွမ်းပန်းဘောဇဉ်၊ အမွန်ရသာ၊ ဆြာလေးနက်၊ ဆေးဘက် စတုမဂ္ဂဖြင့်၊ ပျံ့ကြူထုံခမွေး၊ ဘဉ်းပေးစည်းဝေးစေ၍၊ သုံးထွေဘဝ၊ ဝင့်ဒုက္ခမှ၊ ထွက်ရစ်မိုခ်ကြောင်း လှူပါသည်။

ဤဝါနဝတ္ထု၊ ကောင်းမှုအဖြာဖြာကို၊ ကောဇာသတ္ထရာဇ်၊ မည်သည့်ခုနှစ်၊ မည်သည့်လ ရက်နေ့၊ အနုမောဒနာပြုရာ၊ ကလျာဏ သဘော၊ မနောကြည်ပြူ၊ ကွမ်းဝင်သူတို့နှင့်၊ အတူမကွာ၊ ဒေသနာခမ္မကွန်၊ ပညတ်သံကို၊နာခံလိုပါသည်ဖြစ်၍၊ ၎င်းလ-ရက်၊ထရာတော်နာကြွပါမည့်အကြောင်းမျှားကို၊ ဖိတ်ကြားပါသည်၊ မည်သည့်ရွာနေ၊ မည်သူတို့ဗျာ။

အမွေဝေရန်ပေး မေတ္တာစာ

ဘုဇဂဝိနတာ၊ သစ္စာမိုးနတ်၊ သမာပတ်နှင့်၊ မာရိ
နတ်မျက်မုန်း၊ ပျက်ပြုန်းကပ္ပ၊ ကာလဥထု၊ ရွှစ်ခု
သမုဒ္ဒာန်၊ ဟိတ်အခံတွင်၊ နိယ်မပျက်၊ အချက်ချက်
ကြောင့်၊ စက္ကဝါတင်းကျမ်း၊ ရေထိလွှမ်းမျှ ထိမ်ပန်း
ယှက်လိမ်၌၊ ငွေမိလွှာပြောက်၊ ဇာပေါက်ခြုံးခက်၊
ပူးယှက်ခုန်ပြေး၊ ယုန်ထွေး ကမ္ဘလာ၊ သန္တာ ပုလဲ၊
မြဲခဲညီထွက်၊အဥနာရောင်၊ဘုံဆောင်နဝရတ်၊ပြာသာဒ်
သဖွယ်၊ ထိမ်ဆေး ခြယ်လှယ်၍၊ နာဖွယ် ညီးညဲ၊
တံပိုးသံ မုရိုးသံ၊ မိုးသဘင်ခံသဖြင့်၊ နိဂန္ဆရ၊ ကာလ
မြင့်ကြာ၊ ယွန်းချွန်သော၊မဟာမေဃဝန်၊ ရေတံခွန်
ကဲ့သို့၊ စွေသွန်ထစ်ကြိုး၊ မေတ္တာမိုးကို၊ တမြိုးမြိုးရွာ
စေလျက်၊ စလေမြို့ စီရင်နက်၊ အောက် ချက် ရပ်
ဌာန်၊ နက်သန်မင်္ဂလာ၊ ခွေးချိုရွာကို၊ ထာဝရက်၊
ဆက်ခံကြိုးစိုးလျက်၊ အမျိုးအလိုက်၊ သမိုက် နာမံ၊
ဘွဲ့ ခံတံဆိပ်၊ ဂုဏ်ဝိသိဋ္ဌနှင့်၊ အထိတ်ရ သူကြီးမင်း
သူကြီးကတော်တို့၊ စေ့ဆော်စေတနာ၊ မေတ္တာ
စကား၊ မှာကြားလိုက်ပါသည်၊ ရွှေမြို့တော်နေ၊
ဘထွေးမောင်လန်း၊ အမိ ကန်ကြီးအမတို့၊

အဘ မောင်ရွှေလှောက်သည်၊ ကံအလျောက်
ဘုံဘဝ၊ ဌာနလဲပြောင်းလျှင်၊ ဂုဏ်နှင့် မကင်း၊
ကျန်ကြွင်းခဲ့သည်၊ သက်မဲ့ သက်ရှိ၊ ပရိဘောဂ၊ ဓန
ပစ္စည်းရပ်များကြောင့်၊ အမွေစား အမွေခံ အသီး
သီး၊ သားသမီးခင်ပွန်း၊ အစွန်းအဖြီတိ ရှိကြသည်
ဖြစ်၍၊ ခိုက်ဆစ်မခန့်ပွား၊ တရားစွန်းငြိ၊ ရှိကြလတ္တံ့
သည်၊ အရှည်ကို မြော်သောကြောင့်၊ ရွှေမြို့တော်
ကနေ၍၊ ပြီးပြေအောင် ပြောဆိုမည်ကြံသော်လည်း၊
ပစ္စုပ္ပန်လောကီကြောင်းတွင်၊ ဆွေပေါင်း မျိုးစု၊
နှလုံးခုန်၍၊ ကရဏာပြတိကင်း၊ ချစ်ခြင်းမရှိ၊ အဟိတ
အမနာပ၊ဖြစ်ကြချေလျှင်၊ကျက်သရေမဖွဲ့၊ လာလတ္တံ့
သံသရာလည်း၊ ချမ်းသာကြောင်း မပွင့်ဟု၊ ကျွန်ုပ်
အသင့်၊ ထောက်ချင့်တိုင်းစားသဖြင့်၊ မပွားမကျယ်၊
ပြီးလွယ်သည့်အမှုကိုသာ၊ ယခုအောက်မေ့၊လျက် နေ
ပါသည်၊ သတ္တာရသင်္ဂြိုဟ်၊ ဆန္ဒသမ္ဘာ၊ ပညာရှိ
ပုဂ္ဂိုလ် ဖြစ်သည်နှင့် အညီ၊ ဂုဏ် ဆီ နှက် လေး၊
ဘထွေးမောင်လန်းကလည်း၊စုံစမ်းပျမ်းညီ၍၊ ပတိရူပ
ဖြစ်ကြရအောင်၊ ကြံဆောင်ဝေဖန်လိုက်ပါမှ၊ ဒါယဇ္ဇ
အမှာ၊ အမွေစားတို့ကို၊ ကျယ်ပွားမပန်း၊ မနွမ်းပို့
စေရ၊ နှစ်ဖက်လုံ နှလုံးထားနှင့်၊ တရားအောင်
ဝေခြမ်း၍၊ အမွေခန်း ရှင်းလင်းမှ၊ အခင်းလျော်မည်
ထင်ပါသည်၊ ဘထွေးမောင်လန်းကပင်၊ စုဆ ပျမ်း
ညီ၍၊ ပတိရူပဖြစ်အောင်၊ ကြံဆောင် ဝေဖန်လိုက်
ပါမှ၊ သင်္ဘတစ်စု၊ မခုမခံ၊ ဆက်ခံ ချစ်ကြည်၊
အရှည်ကောင်းကြမည့်၊ အကြောင်းအရာကို၊ မေတ္တာ
စကား၊ မှာကြား လိုက်ပါသည်၊ မြို့နေဘထွေး
မောင်လန်း၊ အမိ ကန်ကြီးအစ်မတို့၊

ရှင်မြို့ တရားနာဖိတ် မေတ္တာစာ

ဂရုဏ်ဝါဟာန်၊ ယာဉ်ဗိမာန်ထက်၊ သန်မြန်ခိုင်မာ၊ လက်လေးမြှောတွင်၊ ကြာခရုသင်း၊ ရဲတင်းရုန်နိုင်၊ စက်ပျံကိုင်လျက်၊ သုံးဆိုင်လောက၊ သခိါရကို၊ မစ ဆော်နိုး၊ ဘုန်းရိန်မိုးသော၊ ဗိဿနိုးမြတ်၊ လောက နတ်၏၊ ဣဋ္ဌပါဝိဂုဏ်၊ တန်ခိုးဟုန်ကြောင့်၊ မထုန် မလှုပ်၊ စုတိချုပ်သော၊ ရုပ်ဘုတဇာတ်၊ ဓာတ် အမတေ၊ ပြဒါးသေသည်၊ တိမ်မြေပျံဝဲ၊ မြေထဲ လျှိုးငုပ်၊ နာနာရုပ်ဖြင့်၊ ပြလုပ်ဖန်ဆင်း၊ ဘေးကင်း ရန်ကွာ၊ ခန္ဓာမြင့်ရှည်၊ ကပ်လုံးတည်လျက်၊ ရည်ရွယ် သမျှ၊ ဆန္ဒဥဿု၊ လောက်လုံငွားစီး၊ အပြီးထိုင်ထိုင်၊ ရောက်စေနိုင်သကဲ့သို့၊ ခံ့ခိုင်ဥပထိ၊ အတိတ်ကံနှင့်၊ ခုခံထောက်မ၊ဝိရိယဟု၊ သုတဓာတ်ဆင်၊ နိဗ္ဗာန်ဝင် ကြောင်း၊ လိုအင်သီးသီး၊ ပြီးပစေသော၊ သဘော စိဠာန်၊ ဆုပန်လေ့ရှိပါသော၊ မည်သည့် မြို့ရွာနေ၊ မည်သူတို့၊ မေတ္တာစကား၊ ဖိတ်ကြားပါသည်၊ မည်သည့်မြို့နေ၊ မည်သူတို့၊

ကျွန်ုပ်မှာ-မဟာသီဝ၊ ခေမင္ကတို့၊ မြို့ရုန်လုံကို အာရုံသက်ဝင်၍၊ ရင်ဝယ်ဖြစ်သောသားကို၊ ဘုရား သာသနာသို့၊ နှစ်ဖြာသော ချီးမြှောက်ခြင်းပြင့်၊ သွတ်သွင်းမစ၍၊ သာမဏေအနေ၊ အခြေရောက်စေ မည်ကြံရာ၊ ရွှစ်ဖြာပရမတ်၊ ပုဂ္ဂိုလ်မြတ်ကို၊ရည်မှတ် ထောက်ရှု၍၊ သမ္မုတိသခင်၊ အရှင်တို့အား၊ရွှစ်ပါး ပရိက္ခရာ၊ လှူဒါအစုံ၊ စုပုံခင်းကျင်းလျက်၊ လေးစင်း သမုဒ်၊ ဝဲစလုတ်မှ၊ ငင် ထုတ် ဆယ်တင်ကြောင်း၊ ကောင်းမြတ်သော အနုမောဒနာ၊ တရားလာကို၊ ဆွေညာသဂိဟတို့နှင့်၊ တကွအတူ၊ ကြည်ဖြူစိတ်သန်၊ နာခံလိုပါသည်ဖြစ်၍၊ သက္ကာရဇ်၊ မည်သည့်ခုနှစ်၊ မည်သည့်လရက်နေ့ည၊ နံနက် ပရိတ်တော်နာ၊တရား တော်နာကြွပါမည့်အကြောင်းကို၊ ဖိတ်ကြားလိုက် ပါသည်၊

ပွဲကတော် ရှင်ထွန်း မေတ္တာစာ

ဟေမန် နွေသန်၊ ဇွေအန်နှင်းလှိုင်၊ တောဂနိုင် တွင်၊ မြို့ငြိတစ်ရစ်တောင်တစ်ဆစ်၊မြစ်အခွေခွေ၊ မြေမ ဟီချာ၊ ရေသီတာဝယ်၊ ဗာရာနန်းရွင်၊ မြို့ငန်းဝင် သော်၊ မြန်းရွှင်ပျော်နေ၊ ဖော်မကွေသည်၊ တော် မဟေသီ၊ စန္ဒီသည်းချာ၊ ကိန္နရာကို၊ စကြာရဟတ်၊ လေးတော်နှင့်သတ်ပြီးလျှင်၊ နတ်ကိန္နရီ၊ မယ်စန္ဒီကို၊ ဒေဝီညာဃံ၊ ပလ္လင်ပျံမှာ၊ စံခဲတော်မူတော့၊ လောဘမူ သွေးဆောင့်၍၊ ချောက်ဖုံးသည့် ဧသ၊ စန္ဒကောင်ခြေ ကို၊ ရစ်မြောင်ခွေစီးကျသော၊ မြစန္ဒနီ၊ ဤမြစ်မှ တစ်ဖန်၊ ဘလွာတိယ၊ ရာဇဘုန်းလျှံသည်၊ မြို့ငယ် သတင်၊ ရွှေစကြာရွှင် သည်တွင်၊ တွေ့မြင်တော် မူခဲ့ဧသ၊ ယင်္ဂနဲ့မှုရွှ၊ မြို့ငနန်းသူပိပိ၊ ကိန္နရီ ချောင်းခြား၊ ဆွေမောင်မယ် နစ်ပါးတို့၊ ကစားပျော် ဆဲ၊ တစ်ညဉ့်မျှကွဲသည်ကို၊ ငိုပွဲကြီးဖြစ်ကြ၍၊ အနှစ် ခုနစ်ရာ၊ရှည်ကြာအလွန်၊ ညှိုးပူပန်သော၊မလွာဂိရီ၊ တိမဝတာ၊ မန္ဒာရက၊ ထိကုဋ္ဌအမည်၊ ချမ်းကြည် သန့် ရှင်း၊ ပန်း ဝတ် ရည် ပျံ့ သင်း သော၊ လေးစင်းမြစ် ကုန္ဓဒီ၊ တပသီ ဂုဏဝန်၊ ရှင်ရသေ့ သူမွှန်သည်၊ အဘွန်ဆရ သရက်သီးကို၊ မငြီးနိုင်အာသာ ကြောင့်၊ အညာမြစ်ယုံ၊ ရွာ လိုက် လံ သည်တွင်၊ ရေနန်းစံနတ်မယ်နှင့်၊နတ်လှယ်ချီမော၊ ဖြေတင်ကာ ပြောကြသော၊ ကောကိတ်ခေါ်ဆို၊ မြမြစ်ရေညို ညိုတွင်၊ဆီးချိုပင် တောအုပ်က၊ ဂုက်အာလုပ်တည်ည နှင့်၊ မြို့ငပတ်ရံ တင့်တယ်သော၊ မြစ် ငယ် က လည်းတစ်ကြောင်း၊ ရှင် ကောင်း မုနိန်၊ ဂု သိ သိန် ရသေ့ ငယ်ကို၊ ပရိယာယ် မာယာနှင့်၊ ချွေ နန်း သူ့ မာန်နိုးဖြ၍၊စ္ဆာန်ကြီးကို ဖြတ်ပြီးလျှင်၊ လူဇာတ်တော် သွင်းခဲ့သော၊ ကျောက် တစ်လင်း ကွန်း ထောက် မှ၊ မြောက်ခပ်ယွန်း နေ ရာ တွင်၊ ခေမာမည်ရ၊ သဲငွေ သောင်ပြုလွန်ခဲ့၊ သာလှသောမြစ်ငယ်၊ အကျယ်မူပြ၊ ဤရွှေ့မျှ သွန်းလောင်းလေ့ ရှိပါသော၊ အမရပုရ ရွှမြို့တော်မှ၊ ညာတော်လက်ယာ၊ တောင်မျက်နှာ တွင်၊ မဟာသီရိန္ဒဝန်၊ အလွန် ထင်ပေါ်လှသဖြင့်၊ သရွမနိုဒ္ဒသန်း၊အာဒီပုံဒ်သွန်ခဲ့ လျှင်၊အာဒီဝန်သဘော မှာ၊ ကြွင်းသေသ မြစ်ငယ်နှင့်၊ ငါး သွယ် သော မြစ် ကြီးလည်းပြီးလေမြဲမမှဘာ၊ ထိုမြစ်ပေါင်းများစွာမှ၊ စီးဖြာသွယ်လှယ်၊ရေငါး ရာ့ ငါးသွယ် ကို၊ အောက် ဆယ်က ထား ပြီး လျှင်၊ ရာပွား ထောင် လှောက်၊ သိန်းသန်းမြောက်၍၊ ပြီး မောက် ဧေ တ နာ၊ ရေ မေတ္တာဖြင့်၊အခါခါတန်ခိုးကျော်ဒသာ၊ဥယျာဉ်တော် ရွာနေ၊ ပွဲကတော်ရှင်ထွန်း။ သား-မောင်ကျော်၊ တူမ ရှင်ငြိမ်းတို့က၊ အကြောင်းစကား မှာကြားလိုက်ပါ သည်၊ ပင်းမြို့တောင်လက်၊ ရွှန်ရွာနေ၊ အစ်မသား မောင်ရန်ဝေး။ ညီမ- ရှင်ငြိမ်းသူ၊ ဆွေတူမျိုးထပ်၊ တော်စပ်မိတ္တာ၊ သင်္ဂဟတစ်စုတို့ရှင်။

ကွန်မတို့မှာ၊ နှစ် လို ကြည် စွာ၊ ဆွေမျိုးတို့ သွန်းပါသော၊ ရေမေတ္တာ အနောတတ်ကြောင့်၊ စေးဥပစ်ကွာကင်း၍၊ ချစ်သာ ခြင်း ရှိ ပေ သည်၊ ဆွေမျိုးများကမပြားတကွ၊ ချစ်ရည်ငှ၍၊သုခ-ဒုက္ခ၊ နှေ ညှ တိုင်ပင်၊ ကောင်း လျှင် ကောင်း ယှောက်၊

ဝမ်းမြောက်မြတ်နိုး၊ ဆိုးလည်းမပစ်၊ အချစ်မတုံး၊ အမုန်းမျောက်ဖြေ၊ အတူနေရအောင်၊ လာစေလိုကြောင်း၊ နွတ်ကောင်းမင်္ဂလာ၊ အခါခါဖြင့်၊ ကြားမှာလိုက်ဖူးပေသည်ကို၊ ကေန္ဒသတော၊ ချစ်ဧော စင်းစင်း၊ လောကဝတ် ကင်းဆိတ်ဟု၊ နှလုံးသွင်း ရှိပါ့မလဲ၊ မလာဖြစ်သေး၊ ကြာနေးသည့်အမှုမှာ၊ နေလောကီလူ့ရွာတွင်၊ ပညာခန့၊ ပုတ္တ ဆွေသား၊ ကိုယ်အားစွမ်းသန်၊ ဂုဏ်ငါးတန်တွင်၊ ဂန္ဓန္တရ၊ လောကခမ္မ၊ သုတဝိဇ္ဇာ၊ ပညာမြင်မြော်၊ အကျော်သုခမိန်၊ ကဝိန်ကဝီ၊ ဝိချင်တိုင်းဝိသော်လည်း၊ ဓနိခန်း၊ ရွှေမင်းက၊ လောကဓံသတ္တိ၊ မွန်ကဝိတို့ကို၊ ငှတိ၊ ဤသို့မျှမမှတ်ချေ၊ မျိုးဆွေကိုယ်အား၊ သမီးသားဟု၊ သုံးပါးလက္ခဏာ၊ ဂုဏ်တို့မှာမူကား၊ ကာကထာ ပဂေဝ၊ ဆိုဖွယ်ရာမရပြီ၊ ဂရုဟအနှက်သို့၊ ဆက်ဆက် ကေန် ရောက်လေသည်။ ထို့ ကြောင့် ဂဏ္ဍတိဏ္ဍုက ဇာတ်၌၊ ဓေမိသတ်ယောက်ျား။ တည်ပင်စောင့် နတ် သား သည်၊ မင်း ဗျား ပ ဥ္စာ လ၊ နရိန္ဒအား၊ ဆုံး မ တော် မူ ရာ၊ ဂါထာ ပါ ဠိ၊ ဘုရား ဟော ရှိသည် ကား၊ ခတ္တိယ- ရေမြေရှင်း၊ သမ္ဗတောဂဂါ၊ အ လုံး စုံ ဥစ္စာ မှ၊ ပရိဒီဇ္ဇ၊ ယုတ် သော သူ ကို၊ ရာဇာနံဝါပိ၊ မင်း ပင် ဖြစ် သော် လည်း၊ ဉာတိ မိတ္တာစ၊ အဆွေအမျိုး၊ မိတ်ခင်ပွန်း တို့သည် လည်း ကောင်း၊ သုဟဇ္ဇာစ၊ ချစ်သော သူ တို့ သည် လည်း ကောင်း၊ တ၊ ထိုဥစ္စာမရှိသော မင်းကို၊ မည၀ီတိ၊ သီအပ်၏ ဟူ၍၊ နမည၀္ဆိ၊မအောက်မေ့ကုန်၊ ဤသို့ သြဝါဒစေသနာ၊ ကျမ်းဂန်လာသည်ကို၊ ထောက်စာ နှိုင်းဆလျှင်၊ ကျွန်မတို့ ကိုယ်တွင်၊ ကုသိုလ်နှောင့်နှေး၊ စီးပွားလည်းသေးသဖြင့်၊ မအေးစိတ်လက်၊ ဝိတက် ထူးထွေ၊ သောကလည်းပွေသောကြောင့်၊ ဆွေမျိုးတို့ ရပ်ရွာသို့၊ မလာဖြစ်နိုင်ရှိပါသည်။ မေတ္တာနှင့်အချစ် မှာ၊ ဥပေက္ခာမဆံ၊တစ်ရံတခါမျှ၊စေတနာလက်လွှတ် ၍၊ ခွတ်ဖူးသည်မထင်၊ မြင်ချင်သည့်အာ၀ံ၊ ကြုံချင် သည့် နှလုံး နှင့်၊ မိုးချုံးမိုးသောက်၊ တ အောက် မေ့မေ့၊ တစ်ဦးမကွာ၊ သို့လောက်စဉ်ဖြစ်ပါလျက်၊ အခါအခွင့်၊ ကျွန်မတို့ မသင့်၍၊ ရက်မြင့်လမျှား၊ မရောက်နိုင်ငြားသော်လည်း၊ သားညီဖြစ်သူနှင့်၊အတူ ကြည်ညို၊ နေထိုင်လိုလျှ၍၊ နဂိုရှိရပ်မြေ၊ ပင်မြို့နေ တို့ကို၊မဟေသက္ခ၊မင်းမျှဉ်းဗိမာန်၊ အမရနက်သန် သို့၊ ရက် မြန် မ ကြာ၊ တွေ့မြင်ပါရအောင်၊ ရောက် လာ စေချင်ကြောင်းကို၊ စာလောင်း၍ ကြားမှာလို က်ပါ သည်။

ကာသိက မင်း မြတ် သည်၊ အမတ် ကြီး ဘုရား လောင်းကို၊ရောက်လာကြောင်းကြံဖန်၍၊သဝဏ်တော် စာစောင်၊ ကျီးသားကင်လက်ဆောင်နှင့်၊ လာလွယ် အောင် ဉာဏ်ပွားသည်၊ ဘုရားဟော ဓမ္မကွန်တွင်၊ " ဒုရံ ဂတံ ယေန အဒုယဉ္စ ံ "ဂါထာတော်ရှိသည် ကို၊ မှတ်သိရန် အဓိပ္ပာယ်ကား၊ မြို့ တံ သွယ် ရွှေကျီး သည်၊ ပျော့လက်တီးဝဲဆောင်၊ နွတ်အာပေါင် သန္တာ နှင့်၊ သာယာစွာ မြည်ကြွေးလျှင်၊ အဝေးကချစ်သည့်၊ လာတေ့မည် နိမိတ်ယူသော၊ ရွေး လူ တို့ အမှတ် လည်း၊ နိပါတ်နှင့်မလွဲ၊ ဤထုံးကို လက်စွဲ၍၊ ရွာ ကွဲ ရပ်ဝေး၊ တစ်ကျေးမျိုးဆွေ၊ ပင်မြို့နေတို့ကို၊ မကွေ ပေါင်း ဖော်၊ အတူပျော်ရအောင်၊ နိမိတ်ဆောင် ကျီးညီသည်၊ နွတ်သံချိုအေးမြ နှင့်၊ ခြေကြွေကာ ရပ်ဆိုင်း၊ သာလာထိုင်းလာလမ်းသို့၊ မျှော်တမ်းလျက် နေလင့်ပါတော့မည်၊ အတည်မကျ၊ လူ့ လော က လည်း၊ နိစ္စကေန်၊ မဟုတ် သည် မှန် သော ကြောင့်၊ ပစ္စက္ခ ရှုပကာ၊ ထင်ရှားစဉ်အခါကို၊ မကွာမကွေ၊ အတူ နေရအောင်၊ လာစေ ချင် ကြောင်း ကို၊ နွတ်ကောင်းဩဘာ၊ ပို့ မေတ္တာဖြင့်၊ ကြားမှာလိုက် ပါသည်၊ဆွေမျိုးတစ်စုတို့ ရှင်။

ဒေါနဆီ မေတ္တာစာ

စလေဆရာ၊ ကြားမှာလိုက်သည်၊ ရွှေမြို့တော်နေ ဒုကာမ-မိရွှေသစ်၊ ဆရာ ရွှေမြို့တော်သို့၊ ရောက်လာရာ၊ သတိုးခင်းကြီး မဟာသက်တော်ရှည်ကတော်၊ မင်းကင်း မြို့စား ဒကာတော် မကွယ်လွန်၍၊ ဆရာ ကို၊ ဒကာမမိရွှေသစ်သည်၊ အချစ် အရှိသေ၊ မေတ္တာရေဝင် သဖြင့်၊ သီသာတော်မြတ်၊ အမှတ် နှလုံးသွင်း၊ မောင်ရင်း ပမာဏ၊ လောကလည်း မလွတ်၊ ဓမ္မဝတ် မကွေ၊ ရှိသေမြတ်နိုးသဖြင့်၊ အဖိုးအနှုန်း၊ ဒေါနဆီအထုံ၊ ဂန္ဓာရုံကို၊ စည်းခုံပုထိုး၊ ရှိခိုးဝတ်တက်၊ ကပ်ဆက် သုတ်လိမ်းရန် လျှုလိုက်ရာ၊ ငင်း ဒေါနဆီဝတ္ထုသည်၊ ဥတုဇရုပ်ကလာပ်၊ ပညတ်သခါရ၊ အနိစ္စသဘော ဖြစ်ချေ၍၊ စလေသို့ စုန်သွားရာ၊ မည်သည့် မြို့ရွာ စခန်းတွင်း၊ ဖြစ်ပျက်မှုနဲ့ကို မသိရ၊ ဒေါနဆီဘဝမှ၊ စုတိမနေ၊ သေလွန်ပြီးလျှင်၊ အထောက်မတန်၊ ရေနံဘဝတွင်၊ ပဋိသန္ဓေ၊ ခွဲနေ ဖွားမြင် လာသည်ကို၊ ဆရာလည်းမသိ၊ သတိလည်းမထား၊ ဘုရားတစ်ဆူတွင်၊ ကြည်ဖြူ စေတနာ၊ သဒ္ဓါစိတ် ပြေး၍၊ ဆီမီးမွှေးပူဇော်မည် အကြံနှင့်၊ ရောင်လျှံတော် မကိုဉီးက၊ ပန်ဘုံးကိုစောင်း၍၊ လောင်းလိုက်ရာတွင်၊ ရုပ်ရှင်တော် မြတ်စွာလည်း၊ နံ့ရာတော်မူလွန်း၍၊ ရွှေခွန်းတော် မတုံ့၊ အနှိုင်သာငုံ့ပြီးလျှင်၊ ရှု့၍ ခံတော်မူရချေသည်၊

သုံးလူ့ဆွေ မြတ်စွာကို၊ အားနာသည် လည်း တစ်ထောက်၊ ကြောက်သည်လည်း တစ်ချက်၊ ရှက်သည်လည်း တခြား၊ သို့ ဖြစ်ခြေး သော် လည်း၊ နှလုံးထား စင်ကြယ်လျှင်၊ အပါယ်သို့ မလားဟု၊ တရားနှင့်ဆုံးမ၍၊ ကုက္ကုစ္စ ကင်းစေ ရတော့သည်၊ ရုပ်ပွားတော် သခင်မှာလည်း၊ အသက်ရှင် သော ဘုရားဂေါတမစဉ်လျက်၊ ရွေးသံသရာ၊ ဝဋ်ဟောင်း ပါ၍၊ ခါးနာခေါင်းခဲ၊ ဓားခွဲကျောက်ရှု့ဖွါးသဏ္ဍီ၊ ဝိပါက်တော်ရှိသေးသည်၊ သက်ရှိမဟုတ်၊ ရွှေရုပ်တော် ပွါးငါ သစ်သားပေကိုး၊ ကြိုးစား၍ ခံရပေမည်ပဟု၊ စဏ္ဍီဖွဖိုလ်သမာ၊ ဝင်စားဆဲအခါကဲ့သို့၊ မျက်လွှာကို မှိတ်ပြီ့လျင် အံကြိတ်၍ခံတော်မူရှာလေသည်။ သည် အရာတွင် စေတနာအရင်းဖြူသောကြောင့်၊ လူ့လိုက် သူလည်း အပြစ်မရောက်၊ ထိုနောက်စာစ်ကြောင်း၊ လောင်းသူလည်း အပါယ်မလား၊ ရုပ်ပွားတော် လည်း သူမဖြုန်း၊ သုံးပါးစုံဝန်ကင်း၍၊ ရှင်းကြသည့် အပေါ်တွင်၊ ဆရာတော်ကတစ်ခါ၊ ကျေးဇူးကို ရှာသည်မှာ၊ ငါလည်းစလေတွင်၊ ကဝေမြောက် ကဝီခေါ်၊ ကျမ်းဂန်တတ်အကျော်ဟု၊ နေပြည်တော် တစ်လျှောက်၊ အောက်ထိုလည်းရန်ကုန်၊ ဆန့်စုန် ကြည်၊ အာဂ ဉာဏ်ရှင်၊ အမြင်အကြား၊ အလွန်ပင် မျှားသော်လည်း၊ ဆန်းပြားပွေလီ၊ ဒေါနဆီသည်၊ ဌဏ်တွင်မတန်၊ ဘင်ဆက်ဆံ၍၊ ရေနံဖြစ်တတ်ကြောင်း ကို၊ စောဟောင်းစာတမ်း၊ ကျမ်းလည်းမလာ၊ တို့ဆရာ လည်းမပြု၊ ယခုမှသာ၊ ဒကာမ ကျေးဇူး ကြောင့်၊ အထူးအခြား၊ မှတ်သားသိမြင်ရပေသည်ဟု၊ စလေ ဆရာ၊ ပဂ္ဂိုလ်ငါမူ၊ ပညာသိပ္ပ၊ နည်းသစ်ရသော ကြောင့်၊ ဒကာမမိရွှေသစ်၊ အပြစ်ဒေါသ၊ မာနမဝင်၊ ကျေးဇူးတင်ကြောင်းမျှားကို၊ သိကြား စေလိုသည် လည်းတစ်ဝ၊ သခ်ါရရုပ်နာမ်တို့သည်၊ ဗေဒါပြန် ရွှေ့လျော၊ သဘောအနိစ္စ၊ ဖြစ်ကုန်ကြ၍၊ ဒကာမ တို့အားလည်း၊ ထုးခြားတစ်ကြောင်း၊ မဖြစ်တောင်း မဖြစ်ရာ၊ ကြိုက်ကြဲလာလျှင်၊ ဆရာနှင့်အလားတူ၊ တရားယူလျက်၊ တစ်ပါးသူတို့၊ မတင်ပြစ်ဆာ၊ စိတ် မနာဘဲ၊ သခ်ါရလမ်း၊ ဖြစ်မြဲတမ်းဟု၊ ကမ္မဋ္ဌာန်း ရွှေလိုသည်လည်းတစ်ကြောင်း၊ ဆရာကောင်းဝတ်၊ ညီညွတ်သည့်ဒကာနှင့်၊ တရားဓမ္မ၊ ညွှန်မြ ကြားမှာ လိုက်သည်၊ဒကာမ-မိရွှေသစ်။

အရှင်နန္ဒိယ (ဝန်းသို)
အဆောင် ( ) အခန်း ( )
နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်
နန်းရွှေ၊ မန္တလေးမြို့

အဘိုးကြီး အကြောင်း မေတ္တာစာ

မေတ္တာဓမ္မ၊သီနေဟဖြင့်၊ စကဉ်းတန်ဆာ၊ ကြိယာ
ကို၊ပတ်သာမုရိုး၊ တီးမှုတ်ပျိုးသို့၊ ညိုးညိုးငြိုမှိုငြိုမှိ၊
ထောင်သူ့နားကို၊ ကြားထိုင်းစိမ့်အောင်၊ မိန့်တတ်
သည်နှုတ်၊ သို့ပင် ဟုတ်သော်လည်း၊ ပုဒ်မကြီးခံ၊
ပေယျာလကို၊ အစကကန်ပြီးလျှင်၊ ဥာဏ်တာဂံ၊
လူပါပဟု၊ဝမ်းဝရွာမိုး၊ အဘိုးကြီးနှင့်၊ ဘုန်းကြီး
သနစ်၊ သည်နှစ်ဖြစ်ကို၊ စီစစ်အတတ်၊ သင်္ဘင်းရှိ
မကင်းတတ်လျှင်၊မှတ်လေတော့မုချ၊ ကျုပ်ဒကာမ၊

ပထမရွေးအခါ၊ထိုသတ္တဝါသည်၊ (ငါတို့အမျိုး၊
ဘိုးလည်းမမြွေး၊ ဘေးလည်းမသီ၊ ဘီလည်းမတော်၊
သို့ဖြစ်သော်လည်း၊ အဟော်ဝတ၊ ရွေးကင်္ခွေ့၊
ဆုံလို့တွေ့ကြသည်၊ မအေ့တသိမ်၊ ဆွမ်းခံအိမ်မှာ၊
ကြိမ်ဖူး သည်နှင့်၊) တစ်ပွင့်က တစ်ညောင်၊ တစ်
ယောင်္ကတစ်ရာ၊ သည်ကိုစာလျက်၊ ငါလည်း
ထောက်ထား၊လောကီသားမို့၊ (စားသောက်ရာမဲ့၊
ကိုယ်ခွဲခွဲနှင့်၊ စောင်နွဲ့မြောက်ယိမ်း၊ ကထိမ်း
ကပါး၊ ရေသားခန်းခြောက်၊ ရင်မောက်နံကား၊
လွားပါးရှုံ့ဝင်၊ ခါးတင်ကောက်ကုန်း၊ မျက် လုံး
မွဲသေ၊ မသတီအောင်၊) ငါ့ဆီသို့အလျှောက်၊ ခိုဝင်
လာရောက်လျှင်၊ တောင်မြောက်ကယ် လေးပါး၊
မတော် စားပြီဘူး၊ အခြားကတစေ၊ မဟုတ်
ပေဘဲ၊ နေဦးတော့ သူ့ဆို၊ သနားခြင် ဆိုလိုက်
သည်၊ သို့ကို တစ်ခါ၊ ရက်မကြာခင်၊ ဌင်နှင့်လည်း
မအေး၊ စာရေးနှင့်လည်း မချမ်း၊ ရဟန်းနှင့်လည်း
မသာ၊ အာကာနံသည်ဋ္ဌ ကြောင် ဟဝါ၊ ထမင်းမှား
ဝလို့၊ တစ်လလောက်ကြာလျှင်၊ ဆရာကိုပင်မချောင်၊
တဘောင်ဘောင်နှင့်၊ ဟောင်မည်နယ် ဟိန်းမည်
နှယ်၊ ကျယ်နိုင်ဃမ္မ ဇာဘိုးကြီး၊ သူတစ်ထူးပြီးစေဖို့၊
(တူကြီးလျှင် ပေ၊ လူကြီးလျှင် ထေ၊ ဥပဒေကဲ့သို့၊)
ဖြစ်ချေမည့် နောင်ရေးကို၊ ရွေ့ပြေး၍ သိနှင့်သော၊
ကဝိမြောက်ပုဂ္ဂိုလ်၊တက္ကသိုလ်မို့၊ အထိုနှင့် ဆက်ဆံ၊
စောစောက လှန်သည်ကိုမှ၊ မတန်ရာသေး၊ ဆိမ်သို့
ပြေး၍၊ (စေးသော နဲသော၊ ကျိုးသွေးနှင့်၊ သော
တစ်ရာ့ခြောက်ဆယ်၊ သောက်သောက် လယ်အောင်၊)
ကြောက်ဖွယ် ကြီး လန့်ဖွယ်ကြီး၊ စကားတင်စီးနှင့်၊
ယီးတီးယားတား၊ သင့် စကားကို၊ ကြားသူလည်း
မခံသာ၊ နာသူလည်း ကျိုးမရှိ၊ သိသူလည်း ဂုဏ်
မထင်၊ ခံရသူ အရှင်လည်း၊ သဲကွဲနာ ရှိမတတ်၊
အရပ်ရပ်ကို၊ သင်း ဝေ်ထိုင်း ခွဲနွဲ့၍၊ ကျေးဇူးမဲ့
ပြောလေသည်၊ တောတစ္ဆေ အဘိုးကို၊ အကျိုး နှင့်
ထပြစ်၊ဖြစ်အပ်သမျှ၊ ဘုရားမုခပါဠိ၊ ဇောတ်အစုစု၊
ဝတ္ထုအတန်တန်၊ဓမ္မကွန်ဖြင့်၊ တစ်ရံတထောက်၊အိမ်
သို့ဆောက်မှ၊ဝမ်းမြောက်ကြည်မော၊ယပ်လွဲကာတော
ဦးမည်၊ လောကဓ္ဌေ့မလွတ်သာ၍၊ ရံခါတွေ့က၊
စေ့စေ့အခွင့်၊ တွေးတောချင့်၍၊ ယုံသင့်မှ ယုံရာသည်
စကာတို့၊

အဂ္ဂရတ်အကြောင်းအရာ မေတ္တာစာ

သာရမတ္ထ၊ စသည် ငါးရပ်၊ ကမ္ဘာ ကပ်တွင်၊ စတုသဋ္ဌိ မီး ရေ လေကြောင့်၊ ဖျက်ဆေသော ဝါရမှ၊ မီးစဉ်၍ တစ်ဖန်၊ ခုနှစ်တန်လောင်ပြီးသော်၊ နောက် ရေ မီး ဖျက်လတ်၍၊ ကပ္ပဋ္ဌိတိ နိယမဟု၊ သစ်လောက တည်လေရာတွင်၊ ဘုံ သုဒ္ဓါ ဝါသက၊ မိုးပြဟ္မာ ဆင်းကြွ၍၊ ဒုကုဉ်လှသင်းပိုင်၊ သတပတ် ရှစ်ဆိုင်နှင့်၊ ကြာဝါးခိုင်ဟိဘံရပ်ကြောင့်၊ ဘဒ္ဒကပ် ကမ္ဘာဟု၊ နှတ်သည်ရာ တံဆိပ်ခတ်သော၊ မဟာကပ် အစုတွင်၊ သေးခုမြောက် သေသက၊ ဝိဝဋ္ဋဌာယီဝယ်၊ မြေလွှာဆီ သုခာနှစ်ကို၊ လွန်ချစ်သော ပြဟ္မာကြီး တို့က၊ ပွားစီးစည်ကားခြင်း၊ သား မြေး မြစ် စဉ်ဆက်လျက်၊ သခ္ခါသက် အဆုတ်တွင်၊ ဇာယုတ် ဓမ္မသတ် ဝင်၍၊ ကိုယ်တွင် သီလ၊ ယွင်းပသော အချို့သူသည်၊ လူယုဒိုးစားပြု၍၊ အမှုရောက် မှားသောကြောင့်၊ ကပ်ဦးသား စုရုံးလျက်၊ ဘုန်းပညာ တေဇော်နှင့်၊ အာဏာတော် ရိုက်ချောင်း၊ သမ္ဘာတော် ရှင့်ညောင်းသော၊ အလောင်းတော် မဟာသမ္မတ မင်းကို၊ ဝပ်စင်းဦးနှိမ်၊ အကြိမ်ကြိမ် ဖိနိုးဘီလျက်၊ ဟိဒေါစိသတ္တာ သမ္မာခိယိတဗ္ဗ ဒိယ၊ သမ္မာဂရဟိတမ္မ ဂရဟ၊ စသော စီးယိနိကာဃ်၊ ကျမ်းဧတ်နယ် ဝင်ရာ၊ ပါထေယျဝဂ်၊ အဂ္ဂညသုတ် အလို၊ အို အလောင်းတော် သမ္မတ၊ ရွတ်ချ ထိုကိုအောင်၊ ကျင့်ဆောင် ဟော့ရမ်းသော့သွမ်းလူဟူသမျှကို၊ ရွတ်ချတော်မူပါ၊ ကဲ့ရဲ့ထိုက်တန်အောင်၊ ကျင့်ကြံသောသူကို၊ လူဥဿုံမှ၊ ဂဏ်လျှံကို ချိုးမှဲ့၍၊ ကဲ့ရဲ့ တော်မူပါ၊ ပြည်ရွာမှ နှင့် သင့်အောင်၊ ကျင့်ကြံသော လူတစ်သင်းထို၊ အလောင်းမင်း ရွေးနှတ်၍၊ နှင်ထုတ်တော်မူပါ၊ ဒသဘာဂ ခွန်တုပ်ကို၊ ကျွန်ုပ်တို့ ဆက်ပါမည်ဟု၊ သာကြည်ခယ၊ တောင်းပန်ကြ၍၊ ခတ္တိယဏာဇာ၊ မဟာသမ္မတ၊သုံးမည်ရလျက်၊ခမ္မကျင့်စဉ်ကို၊ တစ်အင်မယွင်း၊ မလစ်ဟင်းစေဘဲ၊ မင်းဦး အစ၊ အလောင်းတော် သမ္မတနှင့်၊ တစ်ကျိပ်ရှပြည့်လွှမ်း၍၊ တစ်ယောက်စွန်း ထွက်ပြုသော၊ ဗုဒ္ဓကို နေ့တိုင်းသည်၊ ရှေးနည်းမျိုး အသစ်တည်၍၊ ပွားစေသော အခွင့်ဝယ်၊ အဿနိတော် ဝံသတွင်၊ သမ္မတ သားဆောင်မှ၊ ခတ္တိယနွယ်သက်၍၊ ခုနှစ်ဆက် မြောက်ကျသော်၊ ပြည်ကုသဝတီ၊ ဘုံဌာနီ အရပ်တွင်၊ လောကဓာတ် တေဇာဟုန် တန်ခိုး၊ နတ် ဝရဇိန်ရှိန် ကြိုးသို့၊ မြူရန်မျိုး မဝံ့၊ အထက်အောက် ကျောက်ရွဲ့လျက်၊ နတ်ဘုံဿုန့် ဝထိန်တွင်း၊ ဒေဝရိန် သုံးကျိပ်သုံးထို၊ ရွှေဘုန်းတော် အလှ ပြုလျက်၊ နန်း သုဒဿီဓမာန်ဝယ်၊ ပျော်စံကာ ရွှင်ညောင်းသော၊ အလောင်းတော် မန္တာတ်သည်၊ ကွန်းလေးရပ်ဝိုလ်ခြေတို့နှင့်၊ စကြာ ရွှေလက်နှက်၊ သမ္မာတော် ပြီးပြက်လျက်၊ ဘုံမိုးထက်ဝေဃန်၊ သိကြားမင်းနှိုင်ငံကို၊သိမ်းစံတော်မူပြီးလျှင်၊ သားတော်ကြီးရတနာကို၊စကြာနှင့် တကွ၊ လှ,ပြည်က ဝိုလ်ခြေကို၊ ပြန်စေတော်မူသဖြင့်၊ တောင်ဓမ္မုခရီင်ကို၊ လက်နှက်ထိုင် သုံးကွန်းသားတို့၊ လုပ်စားရေး ရေမြေနှင့်၊ နယ်ပယ်နေနိမိတ်သတ်လျက်၊ ပင်လယ်စပ်ရွှေ့ဌာနမှာ၊ ဝိဒေဟ ကွန်းသားတို့ကို၊ သနားတော်မူလေ၍၊ ဝိဒေဟ တိုင်းမည်ကြောင်း၊ ရင်းပြင် မြောက်ရပ်၊ ပင်လယ်စပ် ခေတ်နေကို၊ မြောက်ကွန်းနေ လူများက၊ သနားတော် ခံစေမှ

ကြောင့်၊ ကုရုရာဇ်တိုင်း မည်ကြောင်း၊ ၎င်းပြင် လေးသောင်းက၊ စကုမြို့ထိုင် ကျအောင်၊ ရိုးမနှင့် စရာဝတီ၊ ဤ နှစ်ခုစပ်ကြားကို၊ ယာဉ်နွားထက် စီးသွား၊ အနောက်ရပ် ကွန်းသားတို့က၊ သနားတော် ခံရ၍၊ အပရန္တထိုင်းမည်ကြောင်း၊ စာတမ်းဟောင်း ရာဇဝင်၊ ကျမ်းဂန်တွင် မိန့်ဆို၊ ယင်းအလို သာဓက၊ မိုဗာယ်ရိပ် စကားကျပြင့်၊ ဂေါဃာန ကွန်းသားတို့၊ ပျော်ပါးရာအမှန်၊ အပရန္တထိုင်းအတွင်း၊ ကြာကိုးအင်း ကန်ကိုးကန်၊ တောင်ကိုးတန် ရံဆိုင်းလျက်၊ နတ်ထိုင်း ၏ ဂုဏ်တစ်ပါးဟို့၊ ဟန့်တားခြင်း ပြုသကဲ့သို့၊ ဂုဏ် သိမ်စုများမြောင်၊ စက်ဩဘာ ထွန်းပြောင်လျက်၊ တောင်ဧမ္မူ လက်ယာတွင်၊ ရွှစ်ပြတ္တာ သဟဲ့နှင့်၊ ကဒဏ်တော်ဆောက်ရာ၊ မင်းနေပြည်ခေအာင်ချာသို့၊ ခွန်ချိန်ရာ မြို့ချင်းတွင်၊ သင်းပျံ့ညာကြေးမြို့တကာ ခေါင်နေဟု၊ ပင်းရွှေမြေ မြို့မက၊ မျက်ရမ်းဆ အနမာ၊ ဂါဝုတ်ကျော်အကွာတွင်၊ ရေလက်ယာ ကွန့်မြူး၊ ရွှေသလွာ ကမ်းနဖူး၌၊ မုတ်ကတူးရင်မလို၊ ပိန်းလောင်း ကိုယ် ဝုံးနှော၊ စပ်တင်ရောကြိမ်ချပ်၊ ငှက်စလုပ် သမ္မန်တွင်၊ သိန်းထောင်တန် ကုန်ပေါင်း၊ အရပ်ရပ် မြစ်ချောင်း၊ စစ်တကောင်း ပန်းဝါ၊ မြို့ဘင်္ဂါဆင်၊ ဘရင်ဂျီလဟော်၊ ဇတော်မောက် သူဇာ၊ ဒါဂါမြို့ ဟာရီ၊ ဘင်္ဂလီ အဂီ လိပ်၊ ဗသ္သူးဆိပ်သီဟိုဠ်၊ နတိုနှင့်ရမ်းငဲ့၊ မြို့သံတွဲဘင်္ဂလား၊ မော်လမြိုင်ကွန်းများက၊ ကုလားတို့ ကုန်တကာ၊ စိန်ဂန္ဓာကောင့်၊ ထိုင်းရိပ်မြို့ ကုန်ပေါင်း၊ ဆိုက် နိုလှဲ ဝင်အောင်းလျက်၊ လူသင်းပေါင်း ရာတစ်ပါး၊ ရွာမနှင့် ဆိပ်နား၊ ဆင်း တက် သွား အထပ်ထပ်၊ ပွဲပြတ်နှင့် ရာဇုထိုင်၊ ခွဲထိုင်သူ ဂရိ,မှတ်၊ ဂဟေစပ် ပွဲစာရေး၊ ကုန်မေးနှင့် ဈေးကြို၊ ပမာကို ပုံဆိုလျှင်၊ ပြည်သိပ္ပံ ဝိုင် နုရာဓ၊ မြို့ထွက်ဝင် လမ်းမ၌၊ လူနေညာ မပြတ်၊ သိမ့်သိမ့်လှုပ် ထပ်သကဲ့သို့၊ ကုန်းကြည်းရပ် တစ်ပြင်က၊ နွားဝန်တင် လှည်း ကုန် ဘက်၊ ခေါင်း သယ် ရွက် ပခုံး ထမ်း၊ ကုန်မျိုးစုံ ကူး သန်း လျက်၊ လှပ်ငန်းစ လယ်တာနှင့်၊ ကွန်းကိုင်းယာ အုန်းထန်း၊ ကိုးရေထောင်ရန်သန်းလျက်နတ်ပန်းတောအထပ်ထပ်၊ ရှပ်ပွားစာတ် မွေရှင်တော်လည်း၊ ကိန်းစံ ပျော်တည်ရာ၊ သာသနာလင်းပွင့်၊ ဂုဏ်မြတ်တေ လွန်တင့်လျက်၊ သံကြားမင့်၊ ဝေဇယန်လို၊ ဆောင်ဝိမာန် တိမ်ညွှန်ဆိုက်၊ ဘုံဝိဟာ ကျောင်းထိုက်နှင့်၊ ညာတစ်သိုက် ဇမ္ဗူတွင်၊ တံခွန်ထူ ဂုဏ်ရှိ၍၊ သာဝတ္ထိ ရာဇကြိုက် ကဲ့သို့၊ လွန်နုပျို သာလှသော၊ ဗဒရော ဒါတေန၊ လက်ဝိတော၊ ဂါမေ၊ ဗဒရောဒါတဂါမေ၊ ဗဒရော ဒါတေန၊ နတ်ဆေးရက္ခ၊ ဩသဓဟု၊ တေဇရန်နှင့်၊ ဆီးဖြူပင်ဖြင့်၊လက္ခဏာတော၊ မှတ်အပ်သော၊ ဂါမေ၊ ရွာတည်း၊ဗဒရောဒါတဂါမေ၊ ဆီးဖြူပင်ရွာ၊ မဇ္ဈိမ လောပ၊ တပ္ပုရိသမာသ၏၊ စကားကျကောက် အဟုတ်၊ ဒဠိကိုဖွင့်ထုတ်သော်၊ ပူတိ မုတ္တ ဘေသဇ္ဇ နိ ဿာ ယ ပမ္မဇ္ဇ၊ တတ္ထ တေ ယာဝဇီဝံ ဟု၊ ပြည်ထွန်း လာရှိ၊ မဟာ ဝါ ပါဠိကို၊ အလိုသိ ဌကထာဉာဏ်ဖြင့်၊ ကျယ်ခွဲ၍ဝေဖန်၊ ဖွင့်လှစ်ဟန်မှာ၊ ဘေသဇ္ဇန် အာ မ လ ကာ ဒယော၊ ယင်းပါဠို အဟောကို၊ သဘောသိ ဋီကာလည်း၊အဋ္ဌကထာရိပ် အာဒီဝန်ကို၊ ဖွင့်သံဝဏ်နည်းအမြွက်၊ ဤသို့လျှင် အချက်၊ ပါဠိထွက် အဋ္ဌကထာ၊ ဋီကာကိုသက်သေ ထူက၊ နတ်ဆီးဖြူဩသဓ၊ ပင်ရှကွ ဟိတ်မူသော၊ ရွာ ရွှေဖြူလယ်ရပ်နေ၊ မိတ်ဆွေကြီးကိုပို့က၊ ညီအစ်ကို ရင်းချာ၊ မျိုမတတ်ခင်ပါ၍၊ မေတ္တာစာလွှာသလျက်၊ ဆုံးမကြားရောက်သို့ကပါသည်။

နှစ် ဆယ် နှင့် လေး သခြို၊ ပေါင်း ကု ဋ္ဌေ ခြောက်ဆယ်၊ ဝိုလ်ခြေဝယ် တစ်သိန်း၊ သံသရာ စက်ညွှတ်မှ၊ ပြတ် ကင်း လွတ် ငြိမ်း တတ် သော၊ အရပ်ရပ်သတ္တဝါကို၊ သောင်ခေမာ ကျွန်းငူသို့၊ ကယ် ဆောင် ယူ တင် ပို့ သော၊ မင်္ဂကူးတို့ စီးတော်ယာဉ်၊ ဖောင်မဂ္ဂင် ရွှေလောင်း ကဲ့သို့၊ တစ်သောင်းခေတ်မြေအပြင်ဝယ်၊ရာဘုရင်ထီးဆောင်း၊ မကိုင်ပျံ ရွှေဝေါင်းနှင့်၊ ဦးခေါင်းနှိမ်ချရသော၊ သာကိယနွယ်မြတ်၊ ဗောဓိသတ် ရွှေ နှုန်း ရှင် ၏၊ ရွေးကဲလွင်ထမ္ဘာ၊ ရွှေဘုန်းတော် တေဇာကြောင့်၊ နတ်ပြဟ္မာဝန္ဒစံ၊ အရပ်ရပ်ပြုပြင်၍၊ ပန်ဆင်ကာ စုန်သော၊ ရွှေလောင်းဟု နတ်ရှင်၏၊ ဟိတ်ကြောင်း အင် ပဝတ္ထာ ယင်းဌာနုပစာရဖြင့်၊ ဝေါဟာရ ပညတ်၊ ရာမည၊ထိုင်းရပ်သို့၊ နယ်စပ်ဝင်မခြား၊ ရွှေမြင်းမိုရ်တောင်ဖျားမှာ၊ သံကြားမင်းစံခင်းကဲ့သို့၊ ပြည့်စုံခြင်းဥဿုံနှင့်၊ ဂုဏ်တေဇော်ရိုက်ညောင်းသော၊ ရွှေလောင်းကြီးမြို့ နေ၊ ငယ်မိတ်ဆွေ ကိုရွှေစီး၊

ဤကျွန်ုပ် မှာမည်စာကို၊ ဥပမာပုံပြသော်၊ သံဝဋ္ဋာယီ၊ ကပ်အာဇီဝါဆီကာ၊စံတော်မှီသိဂိနှစ်၊ သိန်းခုနှစ် ဘုံခါးရစ်၊ အင္ဒဇာစွန်း နယ်ခေတ်၌၊ မြဟွာရာဇ်

ပညတ် ဆယ့်နှစ်ရပ်စက်ခန်း၊ သုံးဝိဇိယာဥ်လမ်း၊ ကမလာသ နတ်နန်းဝယ်၊ စံမြန်းကွန့် သေလာဋ္ဌ၊ သီဟာဗျူဟ် ၄ နှ ဂုဏ်၊ ကန့်မူသို့ ခွာချဉ်း၊ စက်နဝင်း ဆုံးဖြတ်၊ ဆယ့်နှစ်လုံး တစ်ပတ်တွင်၊ လောကဓတ် ကျွန်းထိပ်မှ၊ ယုန်တံဆိပ် စက်ငွေဝန်း၊ လေယာဉ်ပျံ နတ်ကွန်းနှင့်၊ စွန်းအသံ ထုတ်ဘက်၊ လိတ္ထာပုံပြိုင် လျက်နှင့်၊ ပေါ်မြူးထွက်ဟသာ၊ မိန်ဟေဝန်မြိုင်ဝက၊ မောရိယဗီမာန်၊ ဝေဟာသတီမိယ်မှာ၊ သဟဿ ရောင်လျှပ်၊ ပတ္တမြားပျံ ဖန် ရဟတ်ကို၊ ဘုံလွှ ရပ် ကွန်းခွင်က၊ လွန်ခင်မင် တောင့်တ၊ စိတ်ပီထိဝ သက္ခဲ သို့၊ ယင်းပုံမှတစ်ပါး၊ ကိုရွှေစီ နောင်ထားလေ၁၊ ယန္တရားစက်ပျံ၊ သံကွန်ယက်ခြဲရဲ၊ နတ်ဗိုလ်မျူး ကုမ္ဘကဏ်၊ ဗျူဟာစုံ စောင့်ရံလျက်၊ တောင်မျက်ပျံ ဝေဘူတွင်၊ ရန်မြူလွှာမရှိ၊ အဘွန်ဆရာမှမလိ၊ သရက်မြတ်ဘုန်းရှိကို၊ စားမိသူအလားသို့၊ ကြိုးစား၍ နာယူလေ၊ ဂွမ်းဆီထိပုံအနေ၊ စိတ်ပီထိဝေဝေနှင့်၊ အင်္ဂေလုပ်ရပ်၊ ဝါသနာ ကပ်ကြသည်၊ အရပ်ရပ် ဆင်းရဲသား၊ ကိုယ်တို့နယ်လူအများနှင့်၊ ဉာဏ်ရည်သွား သိလိမ့်မာ၊ ငွေကဲဖမ်းခတ်စာလျှင်၊ မိုးပေါ်မှာ နေနှင့် လကို၊ လူ့ပြည်က ရန်းနှင့်၊ ကြိုးစား၍ လှမ်းသော် လည်း၊ ပင်ပန်းကာပုံအက္ခ၊ ပြတ္တဂကတစ်စင်း၊ လူ့ဝ်က အပဲတစ်သွား၊ ချလိုက်လျှင်ညား တန်၏၊ ကံပုညသမ္ဘာ၊ ဆယ့်ခြောက်လီးရွှေးတန်းမှာ၊ ပဲတီခြမ်းရွေးကွာလျက်၊ သမ္ဗဒွရာနှင့်နွားခြေရာ၊ ကေသရာနှင့် ဖားတစ်လက်၊ ဝကဲသားနှင့် ငပိဖုတ်၊ တဲစုတ်နှင့် ရွှေနန်းဆောင်၊ နေ ရောင်နှင့်ပိုးစုန်းကြူး၊ လူရွှေးနှင့်နှတ်သား၊ ပတ္တမြားနှင့် မီးလွေးကျောက်၊ ထင်းပေါက်နှင့်ပျဉ်ယောင်၊ မြင်းမိုရ် တောင်နှင့် ဆီးဝေ့မျိုး၊ ရွှေပုဆိုးနှင့် ဖျဉ်ကြမ်းထယ်၊ ဟင်းရွက်သယ်နှင့် လေ့သူကြီး၊ ရွှေထီးနှင့် ခမောက် စုတ်၊ မှန်စီအုပ်နှင့်ဆိုးကင်းပဲ့၊ မဆိုင်တဲ့ နေရာမှာ၊ အ နာ ဓဟက် ချက် မကျသကဲ့သို့၊ ပေါရာဏ ပုံ တစ်ကြောင်းလည်း၊ ငါးကြင်းခေါင်း အဖိုးတန်ကို၊ တလမျက်ဆန်-ဆန်ကွဲနှင့်၊ ဈေး ထဲ မှာ ဆိုင် ဘိဖို့၊ အင်မတိအင်မတန်၊ ဗလဝံဒုလ္လဘ၊ လွန်တရာ ဖြစ်ခဲလှသော၊ ဟင်္ဂိယဝညာဉာဏ်ကို၊ ကြံလေတဲ့ ကိုရွှေစီ၊ ကန့်စိန်နီမြင်းသွား၊ ယမ်း ပေက်ချား ဆီမီးတောက်၊ ဤမျှပေါက်အချိန်မှန့်၊ ရွှေပြုဆန့်တဲ့ ပဲတောင့်တက်၊ ကန့်ကြုတ်နက် ခတ္တာနှင့် ဒေါင့်ဆပ်ပြာ ကြွေပဒိုင်း၊ မဲ့ရိုင်းပြုချိန်ညီမျှ၊ ပတတ်စာပိန်း ဝနှင့်၊ ပင်ဖိုမလဲလှ၊ ကျိမ္မမူအချိန်ဟု၊ စာထိုစုမှတ်စာထွက်၊ သူတကာ ပြောဆိုချက်ကို၊ ဉာဏ်နေက ကြက်တစ်ယက်နှင့်၊ နားရွက်နှင့် မျက် စိ လို၊ ထင်းစတို့လောက်လက်၊ ဖွတ်တက်သည့်အိမ်တစ်ချက်၊ လက်ပုန်းကျား ချိုတယ် လူး၊ အိမ်ထောင်ဦးဝယ်နွား၊ ငိုသံကြား ငိုသံနှာ၊ သဒ္ဒါပြန်ဇွဲချက်ဖောက်၊ ငါးပါးမှောက် မြင်းတစ်ခု၊ ကျိဟာစုဝင်လာလျှင်၊ နှစ်ကြောတလင်းလဲ့၊ ပြောင်စင် အောင် မွဲ တတ် သည်၊ ငွေ လုပ် နဲ့ ဗွေကြမ်းမျိုး၊ ဖွတ်နွားထက်ဆိုးတတ်သည်၊ မြွေငွေးမျိုး နည်းနာ များကို၊ ခါးပိုက်ထားမဆောင်ရာ၊ အင်းဂါထာ ပြဒါး၊ သံဆေးဝါး ဝိဇ္ဇာတို့မှာ၊ ဓောတ်လေးဗြာအရ၊ မူလနှင့်အင်းမန္တန်၊ နည်းမုန်ကိုရှာဖွေ၍၊ အထွေထွေ လုပ်ကြသည်၊ အဂ္ဂိယမည်ရှိ၊ သဘောကို ပြဘိသော်၊ အဂ္ဂိမိုနီယုတ္တောအဂ္ဂိယော၊ အဂ္ဂိမိုး၊ လျှံ ဝါတောက်ဦး၊ မီးပုံကြီး၌၊ နိယုတ္တော၊ ယှဉ်သည်တည်း၊ အဂ္ဂိယော၊ လျှံ ဝါ၊ တောက်ခြင်း၊ မီးပုံကြီး၌ ယှဉ်သည်၊ ကျိဒိဂ္ဂိဟ် ဝနေတွာ၊ သဘောကျအဆိုက်မှာ၊ မီးပုံ၌ ယှဉ်လာရ၊ ဓာတ်မူလဝတ္ထု၊ အစုစုဆိုသမျှသည်၊ အဂ္ဂိယ မည်ကြောင်း၊ ၎င်းပြင်တစ်ဝလည်း၊ ဓာတုရသတ္တော ဝါတကေန္ဒြေ၁၊ ဟူသော ယောဂယတြာ၊ ကျမ်းဂါထာ တွင်၊ (ဝါတံ ကရောတိ တေနာတိ ဝါတကော၊ ဝါတကဿ ဋ္ဌန္ဒြော ဝါတကေန္ဒြေ၁၊ (တေန၊ ထိုဖိစ သောအဆောက်အဦဖြင့်၊ ဝါတံ၊ လေကို၊ ကရောတိ၊ ပြုတတ်၏၊ ဋ္ဌတိတသ္မာ၊ ထို့ကြောင့်၊ ဝါတကော၊ ဝါတကမည်၏၊ ဝါတကဿ၊ ဖို့လေအသုံး၊ အလုံစုံကို၊ ဋ္ဌန္ဒြော သာမိ၊ အစိုးရသော လူတည်း၊ ဝါတကေန္ဒြေ၁၊ အဂ္ဂိရတ်သမား၊ ဤဝိဂြိဟ်သဘော များကို၊ ထောက်ထား စာမီးသော်၊ မီးနေမီးရပ်၊ ဓာတ်နှဓာတ်ရှင်၊ ထောက်ချင့်လိမ့်မာ၊ များစွာသိုးခွက်၊ ခက်လက်ပင်ဖြစ်၊ ရသာနှစ်တို့ကို၊ စိစစ်၍သိငြာလျှင်၊ သံ ပြဒါး စိန်ဆေးဝါန်းတို့ကို လမ်းသင့်အောင် စီရင်တတ်သော၊ အဂ္ဂိရတ်သမား၊ ကောင်းဖြစ်သင့်သည်၊ ယင်းဆိုခဲ့သော စကားတွင်၊ ပြဒါး၏ မည်ဟန်မှာ၊ အဘိဓာန်ကျမ်းတစ်ခု၊ စတုဒ္ဒဏ္ဍဝဂ်အဖွင့်တွင်၊ ပါရဒေါရသောဟု၊ နှစ်ခု သော ပရိယာယ်သဒ္ဒါကို၊ အဘိဓာန် ဋီကာ၌၊ ပါရတိ သက္ကတိ သဗ္ဗလောဟံ ကဗ္ဗန် ကာတုမိတိ၊ ပါရဒေါ၊ အဂ္ဂိမှ ပဋိက္ခိတ္တော ရသတိ သဒ္ဒ် ကရောတိတိ ရသော၊ စပလော၊ သုတော ဟု၊ ခွင့်ပြုဝိဂြိဟ်၊ မိန့်ဆိုချက်၌၊ ထိုအနက်ကို သမ္မ နိသော်၊ သဒ္ဒ်၊

အလုံးစုံသော၊ လောဟ၊လောဟမျိုးကို၊ဝါ၊သမ္မောဟ ဝိနောဒနီအဋ္ဌကထာ၌ လာသော၊ ကာဠလောဟ၊ ဇာတိလောဟ၊ ဝိဇာတိလောဟ၊ ကိတ္တိမလောဟ၊ ပိ်သာစလောဟ၊ မည်ရင်းဖြာ၊ သညာခေါ်ရိုး၊ လောဟမျိုးကို၊ ဝါ၊ အယ၊သဏ္ဌေ၊သုဝဏ္ဏ၊ထိပုံ၊သီသ၊ တမ္ဗ၊ ဝေကန္တဟု ဆို အပ်သော ဇာတိလောဟမျိုး ခုနစ်ပါး၊ နာဂရာသိကဟု ဆိုအပ်သော ဝိဇာတိ လောဟမျိုးတစ်ပါး၊ကဲသ၊ဝဋ္ဋ၊ အယကူဋဟု၊ ကိတ္တိမ လောဟမျိုး သုံးပါး၊ ရက္ခက၊ မူဇုက၊ မလိနက၊ ပစလက၊ သေလက၊ အတလ၊ အလ္လက၊ ဒုဿီလဟု ဆိုအပ်သော ပိ်သာစလောဟမျိုးရှစ်ပါးကို။ ကဋ္ဌန်း အထူးရွေးကို၊ ကာတုံ၊ ပြုခြင်း၌၊ ပါရဂတိ သက္ကတိ၊ စွမ်းနိုင်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ ပါရဂေါ၊ ပြဒါးမည်၏၊ အဂ္ဂိမှိ၊လျှံဝါတောက်ဦး၊ မီးပုံကြီး၌၊ ပက္ခိတ္တော၊ ပစ်ချလိုက်သည် ရှိသော်၊ ရသတိသဒ္ဒ၊ ကရောတိ၊ ဖျစ်ဖျစ်သောအသံကို ပြုတတ်၏။ ဣတိ တသ္မာ၊ထို့ကြောင့်၊ ရသော၊ပြဒါးမည်၏။ စပလော၊ ပြဒါး၊ သုတော၊ ပြဒါး၊ ဤစကားအရှေ့တွင်၊လောဟ သဒ္ဒါဖြင့်၊ ရတနာခုနစ်ရပ်၌၊ ယုအပ်သောအရာကို၊ အဘိဓာန်၌ ကာသာ ဖွင့်လာသည်မဟုတ်၊ သက်သေ ထိုထုတ်ပြန်လျှင်၊ဥမင်္ဂဇာတ်၊မဟာနိပါတ်အဋ္ဌကထာ တွင်၊ လောဟဝိဇ္ဇာတိ လောဟသိပ္ပါ၊ ၎င်းဋီကာ၌ လည်း၊ လောဟဝိဇ္ဇာတိ သတ္တရတနမယာဟု ဖွင့်လာ သည်ဖြစ်သောကြောင့်၊ ကြေးများ၊ သံများကို ပြဒါး နှင့်ထုပ်က၊ အဟုတ် ရွှေ-ငွေ ဖြစ် လေ သည် ကို၊ ဋီကာဖြင့် သက်သေထုလျက်၊ ယူ ရန် ရှိ သည်။ ဤ စကား၌ ပြဒါးကိုခွဲပြသော်၊ဘူမိပြဒါး၊အာကာသ ပြဒါး၊ ဝိဇယပြဒါး၊ ပုရိသပြဒါး၊ ဥတ္တိပြဒါး၊ နုပုံသကပြဒါး၊ မြေအောင်းပြဒါး၊အပုစ်စားပြဒါး၊ အပွင့်စားပြဒါးဟု၊ ကိုးပါးပင်ရှိကြောင်း။ လောကီ ကျမ်းပေါင်း၊စာဟောင်းဝတ္ထု၊သရဘင်ပုံစံမျာ၊တွင်၊ နာဘင်၊ စိန်သံ၊ဇံ၊ခပ်ပြာ၊ကြွပ်သွပ်၊ ကျောက်ဖွယ်၊ ကြေးထေး၊သထိုးစု၊သုတ အမျိုးမျိုးတို့ကို၊ လုပ်ရိုး နှင့်တကွ၊မူလအပြား၊ ဓာတ်ခွဲစပ်ပါးတို့ ကိုခွဲပြလျက်၊ ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ စီရင်ရဟန်ကို၊ အတန်တန် လာရှိကြောင်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မရဏာ နုဿတိနိဒ္ဒေသ အဖွင့်တွင်လည်း၊ ရက္ခော မတော လောဟံ မတ္တိ္တ အာဒီသုဟု ဘင်၊ နာ၊သံ၊ ကြွပ်၊ သွပ်၊ ဒံ၊ သုတ အစရှိသည်များကို၊ ဆေးဝါးနှင့် သတ်လျှင်၊ မုချပင် သေတော်ကြောင်း၊ နေတို့ အဋ္ဌကထာ၊ ဋီကာကျမ်း နှစ်ရပ်၌၊ မသေတတ်သော ဆေးကား တစ်ပါးသာရှိကြောင်း၊ သာရတ္ထ အဋ္ဌ ကထာ၊ ၎င်းဋီကာတို့၌လည်း၊ ထိပုတမ္မေ မိဿောတွာ စသည်ဖြင့် ကြေးဖြူ၊ ကြေး၀ါ၊ ခပ်ပြာ၊ ကြေနီ၊ ဤဝိဇာတိလောဟ၊ သဘာဝဓာတ် နေတို့သည်၊ အ ထွေထွေ ဖြစ် ကြောင်း။ ဝိနယာလင်္ကာရဋီကာ လင်္ကသန်းများ၌လည်း၊ ပြဒါး၊ဒုတ္ထာ၊ များစွာသော ဆေးနည်းတို့ဖြင့်၊ ကြေးနီကို ထိုးလေ့က၊အထွေထွေ ကြေးဖြစ်ကြောင်း၊ ၎င်းပြင်ပတစ်ခန်း၊ လုပ်ရုပ်ကျမ်း တစ်ချက်၊ အသီတိစက်ကမူ၊ သူရဋ္ဌ၊ ပါပ၊ အမိတ္တာ ကောလီ၊ ဗာဟီနှင့်အန္တ၊ဓာတ်ဖိုမရုပ်နာမ်၊ လေးဝံသ အက္ခရာ၊ သန်္ခါနှင့် ပိဋကတ်၊ ဗေဒင်နည်းယူစပ်လျှင်၊ အင်းအတတ် ဂါထာ၊ ဆိုခဲ့တိုင်း သိလိမ္မာလျှင်၊ သရေခေတ္တရာ ပုဂံပြည်ကဲ့သို့၊ ရွှေငွေမိုး ရွာတတ် ကြောင်း၊ ၎င်းပြင် အတန်တန်၊ ကျမ်းဂန်တွင်အရှ၊ လောကနှင့် ထောက်ဆလျှင်၊ မုချပင် ငွေဖြစ်ဟန်၊ ကေန္တ မှတ်ယူ၊ ဖြစ်မည်သူ လက္ခဏာမှာ၊ သမ္ဘာက မြင်းမိုရ်တောင်၊ လူနေက သူဌေးယောင်၊ ဥာဏ်ကိုက နေလိုပြောင်၊ အတတ်မှာ ထိပ်ပိတ်ခေါင်၊ ဤ လူ့ဘောင် ဤခေတ်တွင်၊ ငွေဖြစ်မည် မြေလက်ဝါး၊ တီးမမှား၊ပုံသေဟု၊ ကိုရွှေစီ မှတ်လေ။

ယင်းသက်သေ သာဓက၊ ဖြစ်သူကို ဖော်ပြလျှင်၊ ဓမ္မပဒ ကျမ်းအရှိ၊ ဇဋိလဝတ္ထုတွင်၊ ကောင်းကင်ယံ ဝိဇ္ဇာသည်၊ ဟိမဝန္တာမှ လာပြီးလျှင်၊ သူဌေးသမီးနှင့် ကုစ်၍၊ ဘုံပြာသာဒ် ခုနစ်ဆင့်တွင်၊ သင့်မြတ် ပေါင်းဖော်ကြ၍၊ ဇဋိလ သတို့သား၊ကို၊ ဖွားမြင် သည် လာရှိကြောင်း၊ ၎င်းပြင် တစ်တန်၊ အပဒါန် ပါဠိတွင်၊ ရွှင်ကန္ဒည်း မထေရ်ကျော်၏၊ အလောင်း တော်ဝိဇ္ဇာသည်၊ သုမေဓာဘုရား၌နှင့်၊ ကောင်းကင် ခရီးမြင့်တွင်၊ အ ခန့် သင့် တွေ့ ငြား၍၊ မ ဟာ လှေကားပွင့် အလှူဖြင့်၊ ပူဇော်တော် မူဖူးကြောင်း၊ ၎င်းပြင်တစ်ဝ၊ဇာတ်ပြိုဟ်ပြည်တွင်၊ ဥတ္တရ သာမဏေ ကျော်၏၊ အလောင်းတော် ဝိဇ္ဇာသည်၊ သုမေဓာ ဘုရား၌ကို၊ ကောင်းကင် ခရီးတွင်၊ ပန်းထီးဖြင့် လှူဖူးကြောင်း၊ ၎င်းပြင် တစ်ရပ်၊ ဆက္ကနိပါတ်၊ ဝိဒေဟဇာတ်၌လည်း၊ ပြဟ္မဒတ်မင်း၏ နန်းတော်ကို၊ ဝိဇ္ဇာခိုရ် ရောက်သွား၍၊ မိဖုရားကြီး အမှတ်နှင့်၊

ပြဟ္မဒတ်မင်း လိုက် ကြည့် လျှင်၊ ကောင်း ကင် သို့ ပျံ သွားကြောင်း၊ နဝကနိပါတ်၊ သမုဒ္ဒဇာတ် တွင်းလည်း၊ ယသ္မာဒ္ဓမ္မ ဝိဇ္ဇာသည်၊ ဒါနဝဘီလူးနတ်၌၊ ကြုတ်ဖြင့် ဝုံထားသော၊ လူသားစစ်မိန်းမငယ်နှင့်၊ စပယ်၍ လိုက်ရာ၊ ဒါနဝဘီလူးမင်းသည်၊ ခံတွင်းမှထုတ်၍၊ ကြုတ်ကို ဖွင့်ကြည့်လတ်က ယသ္မာဒ္ဓမ္မ ဝိဇ္ဇာပျံသည်၊ မန္တန်ကို စိပ်ရွတ်၍၊ သန်လျက်ကို ကိုင်ပြီးလျှင်၊ ကောင်းကင်သို့ပျံသွားကြောင်း၊ ရာဇဝင်ထုံးဟောင်းတွင်၊ ရာမည၀ေဿန္တိ၊ သုဝဏ္ဏမြို့ပြည်ကို၊ မတည်မီကာလ၊ နဂါးမနှင့် ဝိဇ္ဇာညား၍၊ နဂါးဟု သိကာမှ၊ ဝိဇ္ဇာခိုရ် ပျံသွားကြောင်း၊ ၎င်းပြင်တစ်ဝ၊ ယခင်က စာစောင်တွင်၊ တောင်ကြီးတစ်ခုမှာ၊ ဝိဇ္ဇာခိုရ်နေလေ၍၊ ရေတွးကို စေလိုက်လျှင်၊ မြစ်တွင်ရေကိုသွတ်၍၊ တောင်ထွတ်သို့တစ်ဖန်၊ ပြန်သွားသည့်ကာလ၊ နာရဒ ညီနောင်မြင်၍၊ ယ ခင် တုန်ကို မိတ် ဖြင့်၊ တောင် ထိပ် သို့ တက်သွားရာ၊ ဝိဇ္ဇာနှင့်တွေ့ကြ၍၊ နှုတ်ဆက်သွားလျှင်၊ ပညာကောင်း ရခဲ့ကြောင်း၊ ၎င်းပြင်တစ်ဝ၊ သုဓမ္မပုရမြို့တွင်၊ ပြည်ထဲရှင်ဆရာမြတ်သည်၊ တောအရပ် လှည့်လည်ရာ၊ မဟာ ဇမ္ဗူ သပြေသီးကို စား၍၊ ကိုယ်အလုံးမပုပ်မနံသော၊ ဝိဇ္ဇာပျံအသေကိုရခဲ့လျှင်၊ ကျောင်းဝတွင် မွေးထားသော၊ ကုလားညီနောင် နှိုးစား၍၊ ပေါ်ပါလျင်မြန်ကြောင်း၊ ၎င်းပြင်တစ်ဝ၊ ရတနာပူရမြို့တွင်၊ ဆင်ဖြူရှင်တရဲဖျားသည်၊ တရားနှင့်မယွင်း၊ မင်းပြုသောအခါ၊ ဝိဇ္ဇာခိုရ် လှလင်နှင့် ပြည်ထဲရှင် တွေ့ရကြောင်း၊ ဟံသာဝတီ မြို့တွင်၊ ဆင်ဖြူရှင်ဂျုံးတူးရာ၊ မြေအောင်းဝိဇ္ဇာ တွေ့ဖူးကြောင်း၊ ပါဠိအဋ္ဌကထာ၊ ဒီကာ ကျမ်းပေါင်း၊ စာဟောင်း စာတမ်း၊ ထုံးတမ်း ရာဇဝင်တို့ကို၊ ဆင်ခြင်ထောက်စာ၍၊ ဝိဇ္ဇာခိုရ် ဖြစ်ရပ်ဟန်မှာ၊ ပြဒါး သံဃေစား၊ အင်းမန္တရား အတတ်များကြောင့်၊ ကောင်းကင်သွား ချွေ-ငွေ၊ အထွေထွေ တန်ခိုးမျိုးတို့ကို၊ အစိုးရလတ်၍၊ လူ့ရပ်နတ်ပြည်၊ လှည့်လည်သွားလာသော၊ ဝိဇ္ဇာခိုရ်ငါးရပ် ရှိသည်။

ဤကဲ့သို့ ငါ့အစ်ကိုလည်း၊ ဝိဇ္ဇာခိုရ် ဖြစ်လိုရှိ၍၊ ဖိုအလုံပြဒါးနှင့်၊ ယိုးဒယား ရှမ်းပြည်၊ ပတ်ပတ်လည် အရပ်ရပ်၊ ဌေဖြစ်တတ်ဆေးဝါး၊ လှည့်စားဉာဏ် နည်းများကို၊ သန်လျက်သွားမှတ်ယူ၊ လူလိုက်သည့် နွားကန်းကဲ့သို့၊ လမ်းမမှန် နည်းမကု၊ လူတကာ အထုအပ၊ ပွဲလယ်မှာထ၍၊ ကမီသည့်လူမျိုး၊ ခြင်္သေ့ မျိုး စိတ်လောက်ကြွား၍၊ ဟောက်မှားသော ခွေးတစ်ခု၊ ပုစွန်ဆိတ် ငါးကိုတုန်၍၊ ခရုက ခုန်ပွက်လျှင်၊ အိုင်ပျက်သည်ပုံတစ်ရပ်၊ ငှက်ပျော့ဖပ်လက်ပံသားက၊ ငါတကား သံချားနှစ်၊ ဝိဒေဟ ရာဇ် ပုတ် သင်၊ ပဒိုင်းပင်က မီးတကျည်၊ နတ်ပြည်မှာ စိတ်စွဲနှင့်၊ ရွှံ့ထဲက လူအသွင်၊ တင်းတိမ် ဆင်မည်းပုဆိုးကို၊ အောက်ပိုးဝတ် ကျိက်ခါးတောင်း၊ ကောက်ရိုးချည် ခေါင်းပေါင်းနှင့်၊ ပွဲရုံကောင်းဝင်ချင်၊ အရပ်ရပ် ပုံပြင်နှင့်၊ မှန်ထဲတွင် ကိုယ်အရိပ်ကို၊ တစ်ဆိတ်မျှ မဆင်ခြင်တဲ့၊လတွင်ယုန်ဝပ်၊ ဆန့်ဖွပ်တဲ့အဘိုးကရင်၊ ညောင်ပင်နှင့် ခွေးနှက်ကျား၊ ကလေးကိုလှည့်ဖြားသည်၊ စကားမျိုးတစ်ပုံ၊ ရွှေယုန်နှင့်ရွှေကွား၊ သက်ကယ်ရိတ် သွားသည်ဟု၊ ရွေးစကားတစ်ခု၊ လူပုကလေးငလက်မသည်၊ နေလကိုစစ်ပြိုင်၍၊ နီဉီလေဟန် တစ်ချက်၊ လူမျက်တို့စကား၊ လောကတွင် ထင်ရှားသော၊ လှည့်စားဉာဏ်ပုံများကဲ့သို့၊ ပြဒါးသေလျင် တစ်ဆွေ၀၊ သံသေလျှင်တစ်ပြည်၀၊ခဲကျိုးတစ်ပဲ့ငွေတစ် လှည်း၊ဘယ်နဲနှင့်ဘယ်နှယ်လုပ်၊ မီးမှာဖုတ်၍ မှာစိမ်း၊ ဘယ်နှစ်ကြိမ်ခံရလောင်း၊ အလုံးပေါင်းဘယ်မျှထိုး၊ ငွေဖြစ်ရိုး နည်းမှန်၊ လက်တွေ့ကြီးကေန်ဟု၊ သံချောင်လယ် အင်္ဂရိုးတို့၊ ဖြစ်ဖုံးဟန် ယုတ္တိပြလျက်၊ပါးစပ်က အမြဲပိတ်ထွက်အောင်၊ ခဘတ်စက်ပုံတစ်ဝ၊ မူလနှင့် သတ်ခန်း၊ သဆေးလမ်း၊ ကပ္ပသက်ဂ၊ သီရိခေတ္တရာ ရှင်ဥတ္တမ၊ ဘယ်ကျမ်းက ဘယ်နှယ်ဆိုဟု၊ မင်းသား ကိုယ်မှာ မွေးကံခေါင်းတပ်၊ငါးပိစတ်တဲ့ ကျွဲနို့ဟင်း၊ မြင်းခင်းမှာ သိကြားထွက်၊ လှည်းထက်မှာ ရွှက်ထု၊ မီးပူမှာ မျိုးသစ်စေ့၊ ကျည်ပွေ့ကို ထရံရက်၊ ချက်မရှိ လက်မကျ၊ဆင်ကန်းထိုးပမာဏ၊သဘောကအထင်နှင့် ယုံချင့်ဖွယ်ပြောစကားများကို၊ ခြေဖျားကခေါင်းထိ၊ တအောင့်ခန့် မြောသေလျက်၊ မြွေဆိပ်မမိုး ပိတ်နှင့်၊ စိတ်မျက်စိတရေးရေး၊ ဇောတိကသူဌေးလို၊ ရွေးဟိုလ ဟိုနှစ်၊ တကယ်ပင် ဖြစ်တော့မည်ဟု၊ မဆည်နိုင်ယု ဖောက်ပြန်၊ ကြက်ကန်းနှင့် ဆန်ကဲ့သို့၊ အင်မတန် ဝမ်းသာလျက်၊ ကွယ်ထောက်ရာအရပ်မှာ၊ ဝါပခုင်း နတ်တေးခုင်းနှင့်၊တစ်ယောက်ချင်းကလိုက၊နှင်းရနှန်း မြေမသီ၊ စိတ်ကြီးကိုဝင်ဘိ၍၊ အင်္ဂရတ်ဖြစ်ပုံမျှားနှင့်၊ ဟန်လုပ်ကာသွားတယ်လို့၊ ခါးမှဖြင့်ဗလချာ၊ စား စရာဆန်ပြတ်၍၊သုံးထပ်နေခင် ကြီးကာ၊မင်းသမီးရနိုးပုံ၊

ဖိုအလုံ ဆေးစုံ၍၊ ဥဒယတို့ စကောစျဲခန်သည်၊ ကောင်းကင်ယံပျံသွား၊ကလိမ်ချုံ့ဆုံးကြား၌၊စုတ်မွှား မွှားကျဟန်သို့၊ လုပ်ရပ်ကြံကိုရွေစီမှာ၊ ဖြစ်ကပြီမုချ၊ ဝမှုနဏာယု၊ ပြာသုတလျက်လို့၍၊ အထက်ဆိုနည်း မျှားနှင့်၊ ပြဒါးကို ပြာချသော်၊ ပြဒါးကားပြာမကျ၊ လုမှာသာ ပြာကျ၍၊ ကာနစုတ် ဗျာရဇွင်၊ နံဂျိဟ်တွင် ရန်စွန်းမျှား၊ ဝသလစုတ်ကြိုက်ငြား၍၊ ဒွန်းစဏ္ဍား ဖွားဇာတာ၊ ကုံငင်ရာခုတင်ရွေ့၊ စနေတွေ့လင်္ဂနှင်း၊ အခင်းရောက်ဒွေကွန်သူကဲ့သို့၊ မွဲဖြူလို့ပါစင်၊ ဖိနပ် တန်းသို့ မရောက်ခဲင်၊ ရပ်တန်းက ရပ်စေချင်၊ လှုပြည်တွင် ငါတကား၊ မာနတော် စိတ်ကြွားလျှင်၊ ခရီးသွားလှုထိုးဖြစ်မည်ကြောင့်၊ ချစ်ကြည်သေဝန်၊ ကလျာဏအင်္ဂါဒေသနာအညွှန်းဝယ်၊ခင်ပွန်းကောင်း လက္ခဏာနှင့်၊ ရောဂါမကျွမ်းခင်က၊ ဆေးတင်၍ ကုလျက်၊ အမှုမသည်း ခင်က၊ ဆင်ခြင်ပါမည့် အကြောင်းမျှားကို၊ တရားလျောက် စကားလျောက်၊ လမ်းပေါက်ကိုပြသလျက်၊ ဆုံးမ ကြားရောက်လိုက်ပါသည် ကိုရွှေစီ ဗျား။

မော်လမြိုင်သို့ပေး မေတ္တာစာ

အာဗီကပ်ပွဲ၊ မဆွေရှေးဖျား၊ အစအားဖြင့်၊ ရထားချာန်ယာဉ်၊ စက်ရုံထုလွှတ်၊ ယုဂန်ထွတ်မှ၊ ရွှပ်ရွှပ်ထွက်စံ၊ သူရကန်ကဲ့သို့၊ ဘူမဇ္ဇလာ၊ မြေချာဝဟို၊ မြင်းမိုရ်ညာယံ၊ တမွှဒိပ်ကွန်း၊ ပြည့်ဦးစွန်းထက်၊ မော်ကွန်းစိုက်ချည်၊ တန် ခိုး နှည် ၍၊ အပြည်ပြည်ထောင်၊ အခေါင်ကေဆာင်၊ မင်းဖြစ်တကာ၊ မစ်ရာသော၊ မဟာသုဒဿန၊အယုဇ္ဈပုရိန်၊နန်းဝတိန်မျှ၊မျက်ရှိန် ဂေါမုတ်၊ ဥဿဖယား၊ ပတ္တမြားပုလဲ၊ရွှေခဲငွေခဲ၊ လည်ရွှဲမုတ္တာ စိန်ကြောင်နီလာ၊ရတနာဟူသမျှ၊မနာပအာရုံ၊ဆယ့်တစ်ဘုံတွင်၊ ကုန်ပေပြီတည်းဟု၊ အရည်းရွှင်မွန်၊ ပညာဝန်တို့လျက်၊ လက်ခတ်ရင်ထီး၊ ချီးအုံကုံစီခြင်းငှာ၊ မဆုံးသာသော၊ သဒ္ဓါဗျူဟာတံ၊ အနွတ္တထင်ရာ၊ ရတနာပုံအောင်မြေ၊ မင်းခန္ဓရွှေပြည်တော်ကြီး၌၊ နည်းမှီဥပဒေ၊ ခွဲဝေပို့ဌာ၊ ပုဝ်ပဒကို၊ နွေညပတ်လည်၊ ပြည့်ကြောင်းဖြည့်သည်၊ တပည့်တော်ရွှင်ဝါဃမ၊ ရှင်သောမတို့၊ ညီမိသနှံ၊ မေတ္တာကံဖြင့်၊ စာပြန်ကြားရောက်လိုက်ပါသည်၊ မြူမြေမှိုင်းညို့၊ ရေဝန်းဆို့သား၊ မြို့မော်လမြိုင်၊ ယှက်ပြိုင်ဝန်းပတ်၊ မော်ကွန်းတပ်သည်၊သုံးထပ်ထိုက်ဆရာ၊ဦးသာသနနှင့် တကွ၊ ဦးဝိစာရမည်တွင်၊ အရှင်သူမြတ်တို့ဘုရား၊

လေးပါးသုခို၊ မြူညီမကပ်၊ ပြူလှပ်စင်သန့်၊ ရဟန်းသာကီ၊ မိလွသောဆရာ ဘုန်းတော်ကြီးသည်၊ အထီးကပွန၁၊ တဏှာပုန်းအောင်းရာ၊ ခန္ဓာရုပ်စည်း၊ ရထားလှည်း၏၊ လဲလျောင်းသွားလာ၊ ဣရိယာပထ၊ စတုရစက်၊ ယွင်းခဲ့ပျက်က၊ ချက်ချက်မလည်၊ ဖြစ်လေသည်နှင့်၊ တိမ်ခြည်မိုးယံ၊ ပျံ သည့် ကြယ် ကဲ့ သို့၊ ကွယ်လွန်သည့်အရေးကြောင့်၊ ဆွေး နွေး နှိုင်း ရှည်၊ မြေဒေါက်ကြည့်၍၊ တ ပည့် ဖြစ် သည် နှင့် ညီ စွာ၊ စုန်ဆင်းလာရမည်၊ မိန့်မှာသည့်အမှုမှာ၊ ယခုခါမှီ၊ အာသဋ္ဌိလည်း၊ ထိထိပြည့်ဝန်း၊ ထွန်းလှဆဲဆဲ၊ ဝါဖွဲ့နှင့် ဆိုက်၊ အ ခိုက် ကြဲ သည် တစ် ကြောင်း၊ နေဟောင်းဇာတိ၊ အမိချက်ကြွေ၊ ရေသမုဒ်ပြိုင်၊ မော်လမြိုင်လည်း၊ခရီငံနယ်ချောင်၊ခေါင်လှသည်နှင့်၊ တဖွဲ့တစ်ပါး၊ သွားလာမဖြစ်၊ခရီးဆစ်လျက်၊သံဟစ်ရိုက်ကြိုး၊ တံပိုးဒီယက်၊ ရေဝက်မလွတ်၊ ကြက်ခွပ်လှိုင်းစုပ်၊ဝဲကမုတ်နှင့်၊စလုတ်ညွှတ်ကွင်း၊သည်းကတွင်းတွင်၊ လေပြင်းမုန်တိုင်း၊ နယုန်ပိုင်းမို့၊ လှိုင်းကြီးသည်းစွာ၊ ထန်ထုန်းခါကို၊ နွေတာရက်ထို၊ အလျင်လိုပင်၊ပုဂ္ဂိုလ်များမှောက်၊ကြာမြောက်မတင်၊လာရောက်ချင်လည်း၊ မခင်နိုင်သေးဖြစ်၍၊နွေဆစ်ရက်ပိုင်း၊ခန့်နိုင်းပြီးပြတ်၊ မဆိုတတ်သော်လည်း၊ ဆက်ဆက်မန္တတ်၊ သီတင်းကျွတ်လျှင်၊ အလွတ်ရွန်းခွာ၊ မြို့အောင်ချာက၊ မိရွာဘဋာန်၊ နေရပ် မွန် သို့၊ တစ်ဖန် လှည့် ခေါက်၊ အဆော လျောက်၍၊ ပြန်ရောက် ပါမည် အရေးကို၊ စာပေးကြားရောက် လိုက်ပါသည် အရှင်ဘုရား၊

မန်းမြို့မှ ပန်းချီသို့ပေး မေတ္တာစာ

ဝင်ီရစ်နှ်၊ ချိန်၍ရွယ်ရွယ်၊ သိကြားနတ်မှ၊ ယွတ်လ
ကလျှင်၊ ခန္ဓမူလီ၊ ထိုဤကြွင်းမဲ့၊ ပြဲ.ပြဲ.ကုန်အောင်၊
ဧောင်းထောင်ယွင်းဖောက်၊ထက်အောက်ပြောင်းပြန်၊
လှန်၍အားလုံး၊ ကျုံးဘီသကဲ့သို့၊ ပါပံ နိဝါရေထိ၊
ကလျာဏ နိဝေသေထိ၊ ပါဠိလာရှိသည်နှင့်၊ သတိ
နိုင်ကျည်၊ တည်ပစေသောဟု၊ ဩဓိသပထ္ထနာ၊
မေတ္တာရေထူး၊ မိုးသို့နူးလျက်၊ ဦးပဋ္ဌင်းစျစ်၊ ရင်နှစ်
ပိုက်ပြား၊ သားနှင့် မကွာ၊ ဆရာဦးဇင်၊ မြွက်ဟ
ချီအိမ့်၊ ဆိုမိနှိမ့်မှာကြား လိုက်ပါသည်၊ ပန်းချီတိုက်
အတွင်း၊ ကျေးရင်းနှိဂမ၊ရွာဝမင်္ဂလာ၊ နေစပါသော၊
ဧကာ မောင်သာပေါနှင့်၊ သဘောတူမျှ၊ မွေးမြူကြ
သည်၊ အဘဖြစ်သူ- ဘိုးတုတ်ဖြူ။

ရွှေဂူသခင်၊ ရင်ပြင်တော်မှောက်၊ ဆောက်မည့်
ပြာသာဒ်၊ အလှူဝတ်တွင်၊ အမြတ် တနိုး၊
အား ကြိုး အင် တက်၊ ဖြည့် စွက် ရဒ္ဌာ၊ အခွင့်
ရှာသော၊ ဧကာ ဇ သိန်း ကို၊ လှူကိန်း ချို့ ရန်၊
ကံအချည်းနှီး၊ နှလုံးကြည်းအောင်၊ မစည်းမနှောင်၊
ရောင်ပယ် ဟန် စ ကား၊ ကြား ရ သည် မှာ၊ ဧကာ
နှင့် ဆရာ၊ ရွာနှင့် ရပ် သား၊ သား နှင့် အ ဖ၊
ဖြစ် ကြ သည် တစ်ကြောင်း၊ သဘော ပြောင်း ၍၊
ကောင်းရာယှဉ်- မကောင်းကို ကြဉ်စိမ့်မည်၊ အစဉ်
ရွေးဦး၊ ပကတူးက၊ သွင်းဖူးသည်နှလုံးနှင့်၊ အဆုံး
အဖြတ်၊ တရားနှင့် ဇေ့စပ်သော်၊ စိတ်မတတ်၍
ကိုယ်ကြေသည်၊ မိတ်မစပ်၍ ငြိုလေသည်၊ ရည်စောင်
ချက်စကား၊ လူဟောင်းတို့ ထား သည်နှင့်၊ အလားတူ
မရှိအောင်၊ သတိကို ဧထောက်တည်မူ၊ ပြုစွာသဘော၊
သဒ္ဓါအား ပြောသဖြင့်၊ ရောလိုသည့် ကုသိုလ်ကို၊
မရွှေ့လို အာသာနှင့်၊ နှင်လာစမ်းအဝေး၊ ဘေးထိုမှ
သတ်မည်၊ လက်ဝှေ့ကောင်း အရည်ကဲ့သို့၊ မကြည်
အောင် ကန့်ကွက်၊ အလွှာတက်ကို၊အမျက်မယှဉ်စေရာ၊
မသဒ္ဓါလျှင်၊ သဒ္ဓါစေကြောင်း၊ သဒ္ဓါ ကောင်းလျှင်၊
နောက်နှောင်း လွန်စွာ၊ ပွားစီမံ့ဌါသာ၊ ဝါဃမ
မ ယုတ်၊ အား ထုတ် ရာ သော၊ ကျမ်း လာ ဓမ္မ၊
သမ္မပ္ပဓာန်၊ တရားမွန်လည်း၊ သာမန်လူစား၊ မဟော
ထားဘူး၊ ဘုရားရှင်ချစ်၊ မှုခပါဠိ စစ်သောကြောင့်၊
ဖြစ်ပြီးသော သူ့သဒ္ဓါကို၊ပါအောင်သာ ရုံးသင့်သည်၊
ထုံးဥပဒေ၊ သက်သေခံရုံ၊ ဗဟုဇာတမှာလည်း၊ မဇလ
ရွာစား၊ သုံးယောက်သားတို့သည်၊ သိကြားသုံးကျိပ်၊
ပေါင်းရုံးကြိတ်၍၊ အတိတ်ဘဝ၊ ဖြစ်ဖူးကြသည့်၊
ကုသလအထုံ၊ အာနိသင်ထုံသော ကြောင့်၊
ဘုံဝတိန်စွန်း၊ မြင်းမိုရ်ကွန်းထက်၊ ထွန်းလေကလျှင်၊
အသူရာ့ရန်၊ ပရွက်လို ခြံသော်လည်း၊ စိတ်မာန်
ထကြုံ၊ ညီညွတ်ကာ လုန့်သည်နှယ်၊ မတန်ရပ်နိုင်၊
သဲကမ်း လို ယိုင် ရ သည်၊ ကျမ်း ခိုင် ကျမ်း မ၊
အ ဆို ကို ဆ လျင် လည်း၊ ဒါ နကုသိုလ်၊ သူ ပြု
လိုလျှင်၊ မလို အဖော် မရှိ ရာ၊ အ ထာ ပရုံ၊
လာပြန်သည်ကာ၊ ရွေးဘုရားတွင်၊ အရပ်သားတစ်စု
တို့၊ ကျောင်းတော်ကံ ပြုရာတွင်၊ သူ့အိမ်လုပ်စား၊
ဖြစ်သကား၊ဟု၊ အမျှားမဟူ၊ သူတစ်ယောက်လျှင်၊
ဝင်ခဲ့စဖူး၊ ကုသိုလ်ထူးကြောင့်၊ ဘဝကူး လှ၍၊
တို့ဘုရဉ်ရွှေလက်ထက်၊မဂ်သစ်-ဖိုလ်သစ်၊ ဓာရင်၏
ဆန္ဒက၊ ဖြစ်လာရသည်၊ ဘုရဉ်းနောက်ပါ၊ ရဟန္တာ

ကို၊ ပမာနွန်းလျင်လည်း၊ နှလုံးနှောင့်ယှက်၊ အလှူဘက်ကို၊ မပျက်စေသင့်၊ သည်အခွင့်ကြောင့်၊ မချင့်မရှု၊ ပြုလိုကသာ၊ မပြုရာဟု၊ ဒါနံ နာမ ယေန ကေနစိ ပတ္တိတေန မန္ဒေတွာ၊ ဒါတုံ ဝဋ္ဋတိ၊ ဤပါဠိလည်း၊ ရှိပချေသည်၊ အတည်တည်ကို၊ လည်လည်ပတ်ပတ်၊ ဉာဏ်ဆုံးဖြတ်လျက်၊ သင့်မြတ် စေချင်၊ သဘောမင်၍၊ တင်ပြသောအထိုင်း၊ ရှည့်နှိုင်းထောက်စာ၊မျှတပါက၊ သာသနာတော်၊ ထင်ပေါ်ထွန်းကား၊ စီးပွားအရှည်၊ တည်လမည်အကြောင်း၊ အောင်းမေ့သည်ဖြစ်၍၊ ချစ်ကြည်လှစွာ၊ ဒကာသီန်းနှင့်တကွ၊ ဘဝလွန်ကျူး၊ နိဗ္ဗာန်ကူးကို၊ ထိုယ်ထူးကတ်သတ်၊ မပြုအပ်ဟု၊ စေ့စပ်ထိုင်ပင်၊ ဖြစ်ကြောင်းဝင်လျက်၊ ရှင်ပင်နှစ်ပါး၊ သားနှင့်ဆရာ၊ မေတ္တာခံစကား၊ ကြား ရောက်အပ်သည်၊

လူဖျိုမလည်ကြောင်း မေတ္တာစာ

သဗ္ဗေသတ္တာ၊ သတ္တဝါကို၊ ခုက္ခာမုဉ္စန္တု။ ခုဒ္ဓေ လက်ထက်၊ မြင်မြင်တိုင်းကျက်ကြသည်၊ ဈေးပျက် မေတ္တာစာ၊ ဥာဏကာတို့ကို၊ ပေလာယျက်၊ ဝက္ကုဏ်၍ ချုန်ပြီးလျှင်၊ သမန္တာစက္ကဝဠေသုကကို၊ ပုဗ္ဗိအာ မကြောင်း၊ ပုစ်မပါ သွင်းပြီးလျှင်၊ မြို့ အုပ် မင်း ကျုပ်ခကာ၊ မာပါစေဟောန္တု။ သာပါစေဟောန္တု၊ တစ်အိမ်လုံးတစ်ရပ်လုံး၌သမ္ပသိမ်းရုံး၍၊ အားလုံးကုန် ဟောန္တု၊ သဝေချာပြွမ်းစုရ၍၊ ခုလုပ် ခုရေး၊ အေး မေတ္တာစာ၊ ရှိဂါထာကို၊ ဇဝနပဒ္ဓိဘာန်၊ ပင်ထွက် ဉာဏ်ဖြင့်၊ အမြန်စီရေး၊ အမှုပုံပါပါနှင့်၊ မေတ္တာစာ ပေးလိုက်သည်၊ ဒေတီထိ ခါယကာ၊ ဒကာတော် မြို့အုပ်မင်း၊ ကိုယ်တွင်း ကိုယ်ပ၊ ဆနဝု ရောဂါ၊ ကပ်လာညှဉ်းပန်းလျှင်၊ ရဟန်းတို့အား၊ ဆေးဝါး အလို့ငှာ၊ ခါယကာနေအိမ်သို့၊ အချိန်ကာလ၊ နေ့ည မဟူ၊ အလျှုခံသွားတော့ဟု၊ ဘုရားဟောဒေသနာ၊ ပညတ်တော် လာသည်ကို၊ ဒကာကြီးအသိ၊ အမိန့် ထောသို့ရှိလျက်မို့၊ ခုကို့တဝေခုနာ၊ စွဲကပ်လာလျှင်၊ သပ္ပါယဆေးဝါးဖြင့်၊ ကုစားသော် ကောင်း၏ဟု၊ အကြောင်းထူးမရှိ၊ ဆေးဝါး၏အလို့ငှာ၊ စေတနာ သက်သက်၊ ပယောဂမစွက်ဘဲ၊ တစ်ရက်မျှတည်းသာ၊ ကျန်ပ်လာသည်ကို၊ ဒကာကြီးအရပ်က၊ ပါးစပ်နှင့် မအား၊ လဲ၍ထားသလို၊ ယောကျ်ား တစ်ယောက်၊ နွားလောက်နီးနီး၊ မိုက်လုံးကြီးနှင့်၊ နှုတ်သီးမစောင့်၊ သကောင့်သား လက်ထိုင်း၊ ငွေပေး၍ ဝိုင်းသည်နှယ်၊ အိမ်ထိုင်းကိုသူ၊ ကြွတော်မူပြီးလျှင်၊ လူတကာ့နာ၊ မကြားကောင်း မနာသိ၊ ဘုန်းကြီးတန်မဲ့၊ လူဖျိုလှည့်သည်ဟု၊ တကယ့် အဟုတ်၊ သင်း အမှုလုပ် သောကြောင့်၊ မြို့အုပ်မင်း အသည်းကို၊ ကွဲဝင်၍ ခတ်သည်နှယ်၊ အရပ်ကသူ့ထက်ငါ၊ ဘယ် ဟာမှ ကောင်းမကြံ၊ သို့ဖြစ် ဟန်ကြောင့်၊ တိုင်ပင်ရန်မရှိ၊ သတိမ့ရစေဟု၊ အထွေထွေ အပြားပြား၊ အရပ်က ကြားသည်ကို၊ စကားကွဲတို့၊ ဒကာကြီး ပို့ပေသည်၊ သို့သည်ဒကာ၊ ကျေးဇူးကို ရှာလိုက် လျှင်၊ ဆရာ၏အလိုမှာ၊ အစိုကိုဟု နှလုံးသွင်း၍၊ အရင်းကြီးထင်ပါသည်၊ ပြင်ပြင်မဲ့သား၊ တရားနှင့် မညီ၊ လူတကာမသတီအောင်၊ နာရီကိုကြိုက်တတ်၍၊ ဣဋ္ဌာရတ်လိုက်သည်ဟု၊ ကတိုက်ကုန်းချော၊ တစ်ရပ် လုံးမနာလို၍၊ ကြာခိုသည်ပြောသော်လည်း၊ သတော နှင့်ထောက်ခွင့်၍၊ ယုံသင့်မှယုံပါ၊ သင်းမျိုးကို ဝါသ နာ၊ ကျန်ပ်၌ပါတတ်လျှင်၊ ဒကာမို့ပြောလိုက်မည်၊ အချောအနု၊ မပုမမြင့်၊ အခန့်သင့်ကလေး၊ သေးသေး သွယ်သွယ်၊ သပြေရိုအရွယ်၊ မငယ်လွန်းမကြီးလွန်း၊ ဇွန်းခြစ်တစ်မျိုး၊ အထိုးခံအုန်းသီး၊ ဘုန်းကြီးကြိုက် မင်းကြိုက်၊ ကာလသားများနှင့်၊လားလားမျှမထိုက်၊ ဗျာဆံဝိုက်ဗျာဆံခါ၊ အပျိုတွေလာသွန်းလို့၊ ဆရာ တော်ကျောင်းပေါ်က၊ ကြိမ်ဆော်၍ ချရသေးသည်၊ ကာလခုတော်၊ သို့ဝင်ဖြစ်ရှိ၊ ညစ်ညစ်ညမ်းညမ်း၊ သင်္ကန်းကိုမရုံ၊ ခေါင်းမြီးခြံပြီးလျှင်၊ ရွှေဘုံဝိဟာ၊ ကျောင်းတော်သာဂ၊ ဝါရှင်မထီး၊ ဒကာကြီးဆရာ၊ ညနေသူရှာရအောင်၊ စကြာတော်မဖြန့်ကြောင်းကို၊ အပေါင်းလူများတို့၊ မှားယွင်းသင်္ဂ၊ မိစ္ဆာဥာဏ် ရှင်းကွာအောင်၊ မေတ္တာစာ မောင်းခတ်၍၊ အရပ်ကို လှည့်ပါလေနော်- ဒကာတော်၊

ညောင်ရွှေမြို့ မယ်နန်းပုသိုပေး မေတ္တာစာ

ဇမ္ဗူဒီပ်တွင်၊ ရန်နိုပ်ဌာန၊ အမရမြေချာ၊ မန်းရွှေညာက၊ အဝေရာဟာန္တို့၊ မနေသာ လွမ်းမှကြောင့်၊ သဝေချာ ပြွမ်းစုရ၊ မယ်နန်းပု သက်ဝေ၊ မောင်ပန်းကြင်ဆွေက၊ မေတ္တာရေ ထပ်လောင်းရ၊ အကြောင်းစကား မှာကြားပြန်ဆိုလိုက်ပါသည်။

တော်နန်းကျက်သရေ၊ ပဒေသရာဇ်၊ သင်းကျစ်ကေထု၊ ရွှေနန်း သူ့ ထီး၊ သခင်ကြီးထံ၊ နိယံမကွေ၊ မြဲနေ ထမ်းရွက်ရာ၊ သက်ဝေတို့ မေတ္တာကြောင့်၊ မာရဲသာမက၊ ခားမရှ လှ်မစွဲ၊ ကျောက်ခဲ စိန်အနေ၊ ကမ္ဘာပင် ဝေသော်လည်း၊ မသေနိုင်မည့်အရာ၊ အခိုင်အမာ၊ ဘေးပေါင်းကွာ၍၊ ရောဂါ ကင်းရှင်း ပါပေသည်၊ ညောင်ရွှေမင်္ဂလာ၊ အောင် မြေ ချာ ဝယ်၊ ကြင်ရာသက်စု၊ မယ်နန်းပုက၊ ဝတ်မှုစားရန်၊ မရှိဟန်နှင့်၊ မှာပြန်လိုက်သည့် အကြောင်းမှာ၊ ညောင်ရွှေမြို့က၊ ခွာခဲ့ရသည်၊ ကာလလည်း ကြာသော်ကြောင့်၊ ပါရင်း လက်ဝယ်၊ ရွှမ်းတို့ဖွယ်လည်း၊ ကြေးသယ်တို့ ချိန်ခွင်သို့၊ ရောက်ဝင်၍ ကုန်ချေပြီ၊ ရိက္ခာ နတ္ထိ၊ ဖွယ်မရှိက၊ ဇာတိချက်ကြွေ၊ မြို့ညောင်ရွှေသို့၊ ပြန်စေလိမ့်မည်၊ ထင်ပါသည်ကို၊ ယွန်းပြည်လုံးထီး၊ သခင်ကြီးဘုန်းမော်ကို၊ အမိန့်တော် ရွှေမဋ္ဌနှင့်၊ ဇမ္ဗူလုံးမျက်မှန်က၊ ပြည်တော်ပြန် ခွင့်မပေး၊ ရှေ့ဖို့ကို တွေးလိုက်လျှင်၊ လွမ်းရေးကလည်း တစ်ဖက်၊ ဝမ်းရေးက အခက်၊ စားကွက် စားလမ်း၊ အခန်းမပါ၊ မရှက်ဘူး သရော်၍၊ နေပြည်တော် ပတ်ရံ၊ တောင်းစား မည် ကြံသော် လည်း၊ အ လှူ ခံပု ဏ္ဍား၊ သူ တောင်း စားတစ်ဝ၊ မယ် သီ လဖိုးသူတော်၊ လူပေါ်မှာ ကြောကြသည်၊ တယောသမား စောင်းသမား၊ အကြိုတူ များသောကြောင့်၊ စားပေါက်ကိုလည်း မမြင်၊ အခက်တွင် ထိပ်မိတ်၊ ကြိတ်ကြိတ်ကြီးမြည်အောင်၊ ကြံဆောင်ရသဲ၊ ခဲရတုန်း အခါတွင်၊ ကြင်ရာသက်စု၊ မယ်နန်းပုက၊ ဝတ်မှုစားရေး၊ ပေးစေချင်ကြောင်းနှင့်၊ မေတ္တာစာ လောင်းသည်မှာ၊ ကောင်းလျှင်လည်း လုပ်ပါရော့၊ အရေစုတ် ပွဲခံရာတွင်၊ အရေလုံဝင်၍ ကသည်နှယ်၊ တွေ့ကြပြီသည်တစ်ခါ၊ သီဒါယာဉ်ဘောင်၊ မြစ်လယ်ခေါင်တွင်၊ ဝါးဖောင်ချင်းချင်း၊ ထိုက်မိသည့် အခင်းကြောင့်၊ မင်းရွှေ့နီးထံ၊ အယူခံကြရာတွင်၊ မင်းပျံချီ ကောက်ချက်မှာ၊ လေ့မပျက် ရေမယို၊ လောင်းကိုလည်းမပပ်၊ လေ့စပ်လည်းမပပ်၊ ရေစုန်ချည်းဖြစ်ခဲ့၍၊ မရွှံ့မယိုင်၊ ဇာတ်တူချင်း ချိုင်သောကြောင့်၊ ရှုံးနိုင်ကိုမစီရင်သာ၊ မင်းမာတို့အလိုလို၊ ကိုယ့်စရိတ်ကို ကိုယ်ထိန်း၍၊ ပြီးငြိမ်းကြစေ၊ ဖြတ်စာနှင့်ပြေသကဲ့သို့၊ မြို့တော်ခန မောင်ပန်းနှင့်၊ မန်နန်းပု ငယ်ပေါင်းသို့၊ စရိတ်တောင်းစကားမှာ၊ တရားနှင့်ထောက်လိုက်လျှင်၊ ဝါးဖောင်ထိုက်ဖြတ်စာကဲ့သို့၊ အသာငြိမ်ငြိမ်နေ၍၊ သရေကမ္ဘမှ၊ လှတော့မည်ထင်ပါသည်၊ ကျွန်ုပ်တို့ ထိပ်ထား၊ သခင်ကြီးဘုရားလည်း၊ များများမကြာ၊ ပြန်ရမည် အရာသည်၊ နီးပါပြီဖြစ်သောကြောင့်၊ ချစ်မှုနှင့် လွမ်းရန်၊ ကျန်းမာဟန်ကိုသာ၊ စာပြန်၍ပေးရတော့သည်၊ ဝမ်းရေးကို ဆိုင်းနှင့်ပါဦးမည် အကြောင်းကို၊ ကြားမှာလိုက်ပါသည်။

ဝါးကျောင်းပျက်ပြင်ရန် မေတ္တာစာ

ဟိုင်းနှင့်ဗျာ့ မုသိသခ်ျာ၊ သခ်ျေကိုဖြာလိုက်လျှင်၊ ဝစနာလင်္ကာရ၊ ဝိတ္ထာရစကား၊ အကျယ်ပွားမည် ကြောင့်၊ မကြွားလိုက်ချင်၊ လိုရင်းငင်၍၊ ယခင်က ဟိုင်းဗျာ့၊ မုသိကသခ်ျာ၊ ဂျိမေတ္တာဖြင့်၊ ဆရာ၏ ဖြစ်ချက်၊ကျောင်းပျက်၏ဖြစ်ခြင်း၊ မိုးမင်း၏ ဖြစ်ထွေ ကို၊ စကားပြေကြားမှာလိုက်ပါသည် ကျောင်းဒကာ၊

ဆရာမူမထောင်းတာ၊ ဒကာမှာလည်း တွက်မရှိ၊ ကျောင်းဓာတ်ကို သိလိုလျှင်၊ ဂဏ္ဍာဟိ မှတ်လေ၊ ဤဝေဠုဝိဟာသည်၊အရ အကာ၊ ဝရဉာဓိ့ နွေခါ မူ ဖုတ်ထ၊ မိုးကျလျှင်ရွှံရွှံစို့၊ ဆောင်းကိုဆိုလျှင်၊ ကောက်ရိုးစင်မယွင်း၊ နှင်းရောဆီးရော၊ စကောရာမျှ မလုံ၊ဤယခုကြုံချက်မှာ၊ ကဆုံနှံလ မိုးကောင်းဝယ်၊ ကျောင်းကလည်းဟာလာဟင်း၊ သိကြားမင်းကလည်း၊ အလျှင်းမှ အာမနာ၊ မကျည်းတောတိုက်တာမှာ၊ ကံကြမ္မာနွမ်းပါး၊ ဝါးကျောင်းပျက်တစ်ခု၊ရှိ၏ဟုတ သိ၊စွေချင်တိုင်းစွေဘိ၍၊မိုးရိုင်းကြိုးမိုးဗာလ၊ ဆိတ်စာ မျှ မညာ၊ ဝိုက်ကွင်း၍ ရွာပါမူ၊ ဝရဉာကျောင်း ပျက်မှာ၊ သက်သာရာအမှန်၊ ရတောဉမည် ကေန့်၊ သို့ဖြစ်တန်ကြောင့်၊ ဧဝဝါမှန် မောင်သိကြားကို၊ စိတ်များပင်ပေါက်မိ၊ အိပ်စရာကလည်းမရှိ၊ လူမသိ အောင်၊ ဟိုအဆောင်သည်အခန်း၊ အိပ်စရာကိုစမ်း လျှင်လည်း၊ ကြမ်းကွဲ၍ကျမည်စိုး၊ မိုးကလည်း တရစပ်၊ မတတ်နိုင်တိတိတိတိ၊ ထိုင်ရင်းမျာ အိပ် သော်လည်း၊တစ်မိုတ်မျှမပျော်၊ အော်ငါက်ပင်၊ဖြစ်ရ အင်ဟု၊ မန္တင်နိုင်ငြား။ တပည့် များမှာလည်း၊ ဝါး ကျောင်း အို ကြမ်း ပျက် မို့၊ သက် သက် သာသာ၊ ဖေဒ့လို့သာ နှင်းပါလျက်၊ ကြမ်း ပျက်ကလည်း ကွဲ ချင်တေ့ သည်သာ၊ ကွဲ ကျ သည့် သူများမှာလည်း၊ အနာများ ဖြစ်မတတ်၊ ပြတ်သူ ဝဲ့ သူ၊ ဝရပူ ဝရဖွေ၊ သေချင်အောင် ဆင်းရဲ၊ လူလှတွေအထဲမှာ၊ ဝဲစွဲသည့်လူတစ်ယောက်၊ လာရှိမျာ နောက်သည့်နှယ်၊ အထောက်သင့် မယွင်း၊ ထိုက်တော်ကြီး အတွင်းမှာ၊ ဟင်းလင်း ဟောင်း လောင်း၊ဝါးကျောင်းအို ငါ့ဗိုမာန်၊ နောက်ပြန်သည့် အမှုမှာ၊ အာဂန္တု ဓာတ်မသိ၊ ယောင်လို့ များတက် မိလျှင်၊ ဖီထောင်းသည့် ပမာ၊ ကျောင်းပျက်နှင့် ကံ ပါ၍၊ မျက်နှာမဲ့မှန်ဆန်ဆန်၊ ရှုံ့ ၍များပြန်ရသည်၊ နိဗ္ဗာန်ကို မရသေးသမျှ သတ္တဝါ၊ တရားနှင့်စာလိုက် လျှင်၊ ကံမှာသာ အကြောင်း၊ ဆိုးကောင်း တွေ့မြဲ၊ ဝမ်းမနည်းသာ၊ ကျောင်းဒကာကိုလည်း စိတ်မဆိုး၊ မိုးကိုလည်း စိတ်မထွက်၊ ကျောင်းပျက်ကိုလည်းစိတ် မချဉ်၊ ကံကိုပင် စိတ်နာ၍၊ ဝတိ်သာက၊ ဣန္ဒာ သိကြား၊ နတ်များတို့ သတောမှာ၊ ဤလောကလုံ ရွာ၊ သီတင်းနေ့အခါကို၊ ယူလာသည့် စာရင်းတွင်၊ နတ်မင်းကြီးလေးပါးတို့၊ သိကြားကို ပြသောအခါ၊ ဝါးကျောင်း ဝရဉာနှင့်၊ ကျောင်းဒကာကျောင်း အမတို့လည်း ပါကြလိမ့်မည်၊ သည်တော့ကိုသာ၊ ကုသိုလ်ပေးလျော်စွာ၊ ဝတိ်သာမှာ၊ ဝရဉာ ဘုံ ပျက်ကို၊ နတ်လက်သမားများနှင့်၊ အလကားပြုပြင်၊ မြင်ပြင်းစရာ၊ ကြာသာကြာရောဉ်မည်၊လူ့ ရွာကသခင်၊ ဘုံ ပျက်ကို မမြင်ရအောင်၊ ဆင်ခြင် စဉ်းစားလို့၊ သနားလှ ကျောင်းဒကာ။

မောင်ကင်းပေး မေတ္တာစာ

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော၊ ဘဝရှင်မင်းတရားကြီးက၊ နှမတော်အား၊ ရထား ယာဉ်သာ၊ တပ်တောင်တာ သင်းပင်းနှင့်၊ ဆောင်နှင်း အပ်ပေး၍၊ ကံကျွေးခံ သနားတော်မူသော၊ တောင်တွင်းကြီး မြို့နေ၊ မျိုးဆွေရင်းချာ၊ ဥတုကာ တော်စပ်၊ အရပ်အိမ်နီးချင်းမှစ၍၊ မိဘတို့ ကြား မှာလိုက်သည်မောင်ကင်း၊သီတင်းကျွတ်ခါ၊ ဦးနှိုင်ပါ၊ ဝါလည်း ဝါတွင်း၊ ရှေ့ကခင်း၍၊ တော်သလင်း ခံတတ်သည်၊ မုရင်းစိုက်ခါ၊ မိုးမရွာ၊ လွင်တာ ကျွံယိုဝင်း၊ လယ်ကန်သင်းမှာ၊ ရေတွင်း တူးမြဲ ဖြစ်ချေသည်၊ချွေရည်ဆယ်သွေး၊ စံနှင့်ဝေး၊ အရေးမလှ ရှိချေသည်၊ နေခြည်လျှံပြေး၊ထိမ်နှင့်ထွေး၊ မှိန်မေ့မပူ ရှိတတ်သည်၊ နေသည်မှာ တောင်တွင်း၊ ငယ်မည်မှာ မောင်ကင်း၊ ၊ကောင်းသတင်းအရနှင့်၊ ဌာနကျေးရွာ တွင် မနေ၊ ၊မျိုးဆွေရင်းချာ၊ ဥတုကာတစ်စုတို့၊ အမှုသေးဖွဲ ကင်းငြိမ်းအောင်၊ ကြံဆောင်ကြိုးစား၍၊ မင်္ဂလာတရားတော်နှင့်လျော်စွာ ဥတုကာနဋ္ဌာ၊သင်္ဘာ ပါဠိ၊တတ်သိသည်နှင့်အညီ၊အမှုတော်ထိုထမ်း၍ရွက်ရာ၊ ရတနာပုရရွှေမြို့တော်ကြီးတောင်မျက်နှာ၊တံသာဝတီ တံခါးတွင် သေနတ်သားတစ်ဆယ်ကျော်နှင့်၊ နှီးဆော် ကြီးကြပ်၊ ပေးအပ်ခန့်ထား၊ သနားတော်မူသည် တစ်ကြောင်း၊ ၎င်းနေရာဝယ်၊ ဆနဝတိရောဂါ၊ ဒဏ္ဍာဒဃ၊ဒွတ္တိသင်္ကြမ္မာ၊ဘယာရှစ်ရပ်၊ဥပဒ်ဆယ့် ခြောက်မည်၊ မတည်ချမ်းသာ၍၊ ကျန်းမာပကတိ၊ ရှိ သည်တစ်ဝ၊ ကြားသိရသောကြောင့်၊ဆွေရင်းမျိုးချာ၊ နှစ်ပြာသော မိဘတို့၊ အလွန်တစ်ရာ ဝမ်းမြောက် ဝမ်းသာ၊ ရှိပါသည်၊ ဖွေနည်းရေးသား၊ ရှေးစကား ပြုက်ရယ်၊မုတ်ဖွယ်ဥဒါန်းမှာ၊သိုက်ကန်းကိုမလိုက်နှင့်၊ ကြက်ကန်းကို မထိုက်နှင့်၊ တစ်ခုလပ်ကို မကြိုက်နှင့်၊ သိုက်ကန်းကိုလိုက်က ကြေတတ်သည်၊ ကြက်ကန်းကို ထိုက်က သွေတတ်သည်၊ တစ်ခုလပ်အား အကြိုက် မှားသော်၊ ဘုရားလွဲသာရာ၊ အကြံသာ၍ သေတတ် သည်၊ သုံးမည်သော စကား၊ တန်ခွန်း မှတ်၍ ကြပ်ကြပ်တား၊ တံခါးစောင့်နေရာ၊ ဓမ္မတာ-ထာဝရ၊ ယောက်ျားတို့ဘာဝ၊ ကြံကြသည် လောကဓံတွင်၊ မိတ်နံကြင်ဖက်၊ နှစ်သက်သူ ရှာဖွေရာ၊ ကညာစင် မရ၊ နှစ်ရေကျ မရမဲ့၊ နှစ်မီးလွန် ရွက်နှိုက်မျိုး၊ ပိုး ထိုး ပြီး မဟာကာ၊ နှစ်လင်ကွာ မိန်းမလှ၊ ရည်းစားမှာ အနန္တ၊ ကာလသား ချစ်ခင်ဖော်၊ အသွင်တော်ပုံပွားလို၊ ရောဝတီမြစ်ရိုးမှာ၊ ရေချိုးဆိပ် မမှီ၊ နာရဏီ ကမ်းထွက်နှင့်၊ ပြိုးပြိုးပြက် စီရင်၊ ထံတျာတေ တယောနှင့်၊ ဆီချင်းပြော ကုမ္ဘာရီ၊ တေဠုတ္တိချာပေါ်၊ လာသောပင်ငြိနှင့်အညီ၊ လူမမို နတ်မမျှ၊ အလှတကာ့ ကွန်ချာပျို၊ သူ့နာမ် ဆုတ်ဆုတ် ဖြူ၊ တို့သူငါ လန့်ထိတ်၊ သူ့စိတ် ငါစိတ်၊ မြင်တဲ့ လျင် ယိုဖိတ်၊ မောင်ကင်းက လှုပျို၊ မဖေ့ က ပြုံးခါချို၊ ခွာကြိုက်၍ ကြည်ညို၊ နှစ်ထိုယ်နှင့် တစ်စိတ်၊ ထိတ်ထိတ်ခိုး အကြံနှင့်၊ သွင်းလိုက်သည့် စရန်မှာ၊ နီဗလ် ရွှေပလာ၊ နာမကာ လက်ကောက်၊ လက်စွပ်ကျောက် လက်စွပ်ကွင်း၊ ဆီမီးတွင်း နား ဇွေ၊ဦးနှီး၊ ပုလဲစီ ခြူးအုံရေး၊ ချေစတေး ငွေကြွေတံ၊ ဝရုတ်သုတ်ခ အသွယ်သွယ်ကို၊ ရိုင်းတယ်လို့ သူ မသွင်း၊ ငွေဂင်္ဂါး-ငွေဖလား၊ ကွမ်းစား အစ်မွန်၊ ပြောက်စုံသေတ္တာ၊ ကမ္ဘလာကောင်ဇော၊ အချော

တစ်မြေရွာ၊ ဇေယျာ နေ ဇာ ချမ်း ပြို့ မို့၊
အပန်းပြေ နေမဆိုင်း၊ ရွှေ့ကစစ်ကိုင်း။

အပိုင်းအခြားနှင့်၊ ကောင်းမှုတော်သွား၊ တစ်ခန်း ကြီးထားခဲ့၍၊ လမခြားရက်မကြာ၊ မဟာမုနိရုပ်ပွား၊ မန္တလေးဘုရားသို့၊ သွားရမည်ထိုင်ပင်ရာ၊ ဥာတကာ တစ်စုတို့နှင့်၊ ကုသလဝိပါက်၊ ထပ်မံဆော်နိုး၍၊ ကြိုးနိုင်သည့် အခိုက်၊ လိုက်ရမည် အကြောင်းကို၊ ၎င်းရွင်ဖေဉက ဆိုလျှင်၊ ကြည်ညိုစွာ လိုက်သွား၍၊ ဘုရားကြီးဧသဝယ်၊ တစ်ည ဆိုင်းနေရာ၊ အထက် ကာရံ၊ နာ မည် မှာ မောင်တေး၊ လူမှာ စာရေး၊ ယဉ်ကျေးသည့်မူရာ၊ နောက်ပါလူတစ်နှင့်၊ အချိန် သင့်အခါ၊ မှီလာဆိုက်ရောက်သော်၊ ထိုက်လျောက် သော နေရာတွင်မနေ၊ မသေမကွေမျက်နှာထား၊နှင့်၊ တစ်ဖက်သား အမြင် ကတ်အောင်၊ ပြောင်တောင် တောင် ချော်တော်တော်၊ မလျော်သည့် စကား၊ မကြားဝံ့မနာသာ၊ ချစ်ကြိုက်ဟန်မူရာနှင့်၊ စေတနာ သော၊ ထွေရာသော၊ ဟောပြော ကျိစယ် သည်ကို၊ ရိုင်ခြည်ကြည့်ရှု၊ သည်အမှုကို၊ ဆွေမျိုးစု တဝေးနှင့်၊ မန္တလေး ဘုရား သွား ရာ မှာ လည်း၊ နောင် လာ မောင်တေး၊ ငွေသုံးမတ်ပေး၍၊ လှည်းယဉ်ကျေးတွင် ရွှင်ဖေဉနှင့်တကွ၊ စီးကြသည့်အခင်းကြောင့်၊ အကြပ် မောင်ကင်းမှာ၊ စေတနာ ခါး ကျိုး၊ သဝေ ထိုး စိတ်လေဉွေ့၊ ဝဲရေကျ ကြက်သူငယ်၊ ရှက် စဖွယ် အသွင်နှင့်၊ တစ်ရင်လုံးသိမ့်သိမ့်တုန်၊ စိတ်ထဲမှာ ဆွေ့ဆွေ့ခုန်၊ ကြုံရသည်ယခု၊ ကောင်းမှု တော် ဘုရားက၊ ထားခဲ့သည့်သစ္စာ၊ တစ်ခါ ပိတ္ထာစ၊ ဧောဝါးတန်ပြန်၍ ကျသည့်နှယ်၊ မစ္ဆေရစေတနာ၊ ကမ္ဘာလောင်မီး ကဲ့သို့၊ ရွေးကြီးများ ပြန်ရတွင်၊ ဂါထာများ ရွတ်သည်မှာ–

(ပြောင်း- ဣတ္ထိဓာဆရာခွာ၊ ရတနာရွင်ဖေဉထို၊ နောက်လာသူခွာဆရာခွာ၊ မေမယာ-ဤငါ၌၊ ကြိုက် ဆရာကြိုက်၊ ထိုက်ပလို့ ရှိဝင်ကြောင်၊ လက်ယာပေါင်း ဗူးဝမှာ၊ ထဆရာထ၊ မဖေဉ်ဖြူဖြူကို၊ နောက်ပါသူ ခွာဆရာခွာ၊) ဂါထာပြန်မန္တရား၊ ရွတ်ပါခြား၍၊ ပါးများပင် ပေါက်သော်လည်း၊ သူ့သား ရှင် မှာ၊ အကြင်နာထိုးပွား၍၊ ယိုးဒယား ဇာတ် သိမ်း တွင်၊ ဗိုးပတ်ကြီးဟိန်းသောကြောင့်၊ တိတ်ပိန်ပိန်းမြည်သံလို၊ ကြည်နူးရင်းမေတ္တာနှင့်၊ ချစ်ပဏ္ဍာကျောက်ဆူးချလျှင်၊ ဂါထာရွင်မောင်ကင်းမှာ၊ တော်သလင်းလပွဲတော်တွင်

"လာပြီတဲ့ ပြန်ခဲ့ပေါ့ခုလေ၊ အစ်ဇွန်မှာ၊
နှစ်ဆွေထေယ် ကြင်နာလို့၊ သစ္စာပဲသောက်ကြ
ပေါ့၊ ယောက်ဖနော်ကွဲ့လေး။

နောင်ခါသာ၊ ရှောင်ခွာပယ်ဖြုတ်၊မကြီးက
ဆုတ်ပါနှင့်၊ အချုပ်ကယ် ပြင်ပြင်၊ ကြူမဆုံး
လို့တဲ့၊ လူမှန်းအောင်ကြင်ပမယ်၊ ပန်းပင်ဆင့်
ကေခိုင် ငယ်၊ တောင် မကျိုင် ပြီကွဲအောင်၊
မြဲပမယ်လေး။

မဝေးဘူးတူညီ၊ ပြန်ဆိုင်းတယ်၊ လမ်းငဉ်
အထိုင်း၊

ကံချော်သည့် နွေးကွဲသို့၊ အရေးမလှ၊ ရွေးမဆွက၊ ကြိုးသမျှ ဖြစ်ထွေကို၊ တွက်ရေစိစစ်၊ တစ်နှစ်တွက် ကျုံး၍၊ ကုန်ရှုံးသည့်အသွင်၊ မရွှင်သည့် မျက်နှာထားနှင့်၊ တံ့ရားကိုရိုမနီး၊ ခေါင်းလောင်းကို ထိုးပြီး လှင်း၊ ဤတောင်ရိုးသက်သေ၊ သည်မြေကြီး အသိ၊ တိုင်ကြားမိမယောင်ယောင်၊ လက္ခဏာနွေ သန့်ခေါင်၊ မိုးမှောင်ကျဉ်မင်၊ အိုးထုတ်တွင်တစ်ဌာန၊ ထန်းပင်ကျသန္ဓေယူ၊ အိပ်ပျော်သူ ဖိုလ်ဝင်စား၊ ရေနစ်သူ ငါးပါး၊ မယားလုတစ်သွယ်၊ သေဖယ် သေခြောက်ပါးတွင်၊ ဘွားခနဲသတိရ၍၊ ဘုရားက အပြန်မှ၊ အတန်တန်သောစကားကို၊ ခြားနားအောင် ငါမေးမည်၊ ကြံစည်စိတ်ကူးနှင့်၊ တစ်ကိုယ်ထူးနေသည့်ခိုက်၊ ဘုရားလိုက်လူအပေါင်းကို၊ တောင်စောင်းက လွှတ်လိုက်သည်မှာ-

"ဖန်သမျှ၊ ကြံဆလို့ ဆည်ဖြေ၊ သည်ဖြစ်ထွေကို၊ မြစ်နွေ့ရှင်ပင်သိပါစေ့၊ အိမ်နေ့မေလေး။

ဟိုရင်များမှာ၊ ဘုရားလာကို၊ သာယာမည်၊ သည်လိုသို့နှင့်၊ သည်ဂုယ်နေ့-သူလက်ဝယ်ပျော်ဆဲမို့၊ ကံတော်နဲသူ၊ ကျုပ်သဲမှာ ဆူလှဲချည်၊ ညှိုးပူသည့် မျက်နှာကို၊ တစ်ခါမြင်ပါလို့၊ လို့၊ စိမ်းတဲ့မေလေး။"

အထွေးထွေး အယ့်ကယ့်က်၊ တောင်ထက်တောင် အောက်၊ ခွန်းထောက်လွှင့်သံ၊ တည်ညံများကို၊ အတန်တန်ထားခဲ့၍၊ ဘုရားက ပြန်ရာ၊ လျော်စွာသော လမ်း၊ ကွန်းထောက်တော် စခန်းတွင်၊ အပန်းဖြေ၊ နားနေသည့်ကာလ၊ အကြပ်မောင်ကင်းက၊ ဗျာပါသံ ညှင်းညှင်းတွင်၊ သီချင်းနှင့် မေးသည်မှာ-

"ချစ်တဲ့သူ-အမူ ဘယ်တွက်ကြောင့်၊ သည်ထက်ထိုင်း။

စိမ်းပလေ၊ ဘက်သား သေချင်သေလို့၊ ကြံမွေသူ သည်သနစ်ကို၊ ဆန်းသစ်လို့လင်း"

ကြင်ရင်းစွဲ စိတ်ဟောင်းတွင်၊ ထပ်လောင်းသည့် စေတနာ၊ သေချာစွာမေးမြန်းရာ၊ သိသာအောင် သိမ်းပိုက်၍၊ ငြိမ့်ငြိမ့်ကြီးဖြေလိုက်သည်၊ အရွေလိုက်စကားမှာ-

"လူညီညီ-အလိုမောင် မရွက်လား၊ ဆိုခက်ရန်ကော၊ တန်ပါပြီ မပလီပါနှင့်၊ ကံသာရာ မညှာရ ချည်လေဗိန်းမသဘော"

ပြောလိုက်မည်နားထောင်၊ တောင်မြင့်လှ ဇဝါ၊ အောက်၊ ကျောက်မဲ့ဖန်ကွဲ၊ ပုလဲမရှိ ယောက်သွား၊ ငါးမွှေငပိချဉ်၊ လင်မရှိအကြပ်၊ ရွှေမရှိခပ်ပြာ၊ လမသာမီးရောင်၊ ကြောင်မရှိကြွက်မြူး၊ ရှက်ပါဘူးအစာဟာ၊ ဟိတ်စာမှ သူမဖြုန်လိုက်၊ စိတ်ကြိုက်တိုင်းပေါက်ရာလျှောက်၊ မှောက်ချင်မှောက်-သွန်ချင်သွန်၊ တီတွန်သို့ပုစွန်က၊ အားလုံးအစလပ်၊ ခေါင်းလမ်းတစ်ချပ်၊ ငွေတစ်မတ်၊ အကြပ် တစ်ယောက်၊ မမှတ်လောက်၊ လျှောက်ချင်လျှောက်၊ ထားချင်ထား၊ သစ်မရင်စပ်ကြားမို့၊ ဝါးပေါင်းကွက်ဒီသည်ကို၊ ထွဲထွဲစောင်နဲ့၊ ညှဉ်လှည့်တန်ပါဆို၊ မခိုင်တဲ့ကျောင်းအိုကို၊ ပြောင်းပြောင်းကြီး ပြီစေတော့၊ အိုတန်ကွဲမပိုင်၊ တတ်နိုင်လျှင်၊ အုတ်ခိုတတ်၊ ပြုအောင်ပြုတိုလို့ စား၊ ဆိုလိုက်သည့် စကား၊ အကြပ်မောင်ကင်းနား မှာ၊ ကျွဲခတ်ချသွားသည်နှယ်၊ တဝင် တစ်လျှောက်ဝယ်၊ ကျောက်ကပ်ကို ထိုးချန်၍၊ နူရာတွင်ဝဲစွဲ၊ အလဲကို ဆင်နင်း၊ အဆင်းကို ချိတ်ချချ။ ရေမွန်းသူ ဝါးနှင့် နှိပ်၊ စိတ္တဇ ရောဂါ၊ သန့်ပါတ် ဝန်းကွန်ချာတွင်၊ စုန်းလာချ မှောင့်သောကြောင့်၊ အောင့်တောင့်ကြီး နူတ်ထွက်နှင့်၊ ရုတ်တရက်ဆိုလိုက်သည်၊ ထိုထိုသော သီချင်းမှာ-

"ထင်လှတယ်- နောက် လူ ငယ် ဘယ်လောက်ချော၊ ပြောပ ဖိုက်ရိုက်၊

ကျုပ်မှာဖြင့်လေ၊ ခုမှား မှန်တော်တော၊ ဟိုရွာနေ ရွှေတောင်တွင်းမှာဖြင့်၊ သတင်းတော် တယ်လို့ကောင်းတယ်၊ နွားကျောင်းစရိုက်၊

ရိုက်လို့ရှု - လှလှဖိုဘက်က၊ အမြီးနှင့် ငေါက်ငေါ်၊

ကြုပလေ - နိုင် သေ အ မေ ပစ် လို့၊ အသစ်ကယ် ဖို့ မှာ သာ တဲ့၊ ရွှေ ညာ ကို ပျံ့တဲ့ဂွက်ကယ်၊ မီးရှိုက်ဇနက်၊"

အခက်တွင်ကမ်းကုံး၊ လှုံ့ဆော်တက္ခသား၊ ရည်စားပူမယားပူ၊ သူမျှား မူသည်နှင့်၊ မ တူ တို့ တတ်၊ ကိုအကြပ်မှာ၊ နှစ်ခုလပ်ကြံဖန်၍၊ ညောင်ဦးနှင့် ပုဂံ၊ နှစ်တန်ဆော စပ်ကြားတွင်၊ ဖွားမြင်သောခွေးကဲ့သို့၊

အရေးမလှ၊ အဖနှင့် တကွဲ၊ ထီးတင်ပွဲကိုလဲ မမှီ၊ ပီပီစိတ်ချ၊ ကတြချင်ခဲလယ်၊ ဒရဒယ်တောက်တီးရှိ၊ ကြီးလှသည့် ပူဗျာပါနှင့်၊ တွေ့မိုင်ကာနေတုံးတွင်၊ ဆန်လုံးထီးထမင်း၊ ချဉ်ပေါင်ဟင်း မပါ၊ ပလာထိပ်စနှင့်၊ သုခနုမင်းသားကို၊ မရိုးတော်ခြောက်ပါး က၊ ပုံတော်များဆက်သည့်နယ်၊ ရွှေကြက်ယက်ထမင်း ဆိုင်တွင်၊ သူ့ကိုယ်ထိုင်ချက်ပြုတ်၍၊ ငါးခြောက်ဖုတ် နံရိုး၊ ခြေထောက်ကျိုးဗျတ်ပဲ့နှင့်၊ အမှတ်တမဲ့ နေတုန်းခါကို၊ သဇာစွာထမင်းကျွေးလျှင်၊ အကြပ် ကလေး မောင်ကင်းမှာ၊ ကြင်ရင်းလက်စကြောင့်၊ ရွှင်လှသည့် မျက်နှာ၊ ဝမ်းသာအားရနှင့်၊ စိတ်ထဲက ဆိုလိုက်သည်မှာ-

"ရော သည်တစ်ခါ၊ ဘယ့်နယ် ပေထို့၊ တောက်တဲ့ ရွှေကြာငံ ဒီးကွက်၊ အချစ်တော် သုံးပြက် တစ်ပြက်ကယ်နှင့်၊ တို့ဘက်ကို ပါ ပြီလေ၊ အေဟေးဝါး။

သည်တစ်ခါ လူကိုထားလို့၊ သီကြားပင် သေအောင်ဖျက်စေတော့၊ ပျက်ရီးလား။"

ကြားလျှင်ကြဲ-ကြဲလျှင် ခေါင်ပင် မှတ်ပါ တော့၊ အကြပ်မောင်ကြီး။

အဖန်ဖန်၊ မကြီးသူကြင်ပြန်ပေါ့၊ အာကာယ် နယ်တစ်ရှိုးမှာ မီးဘယ့်လောက်ကြီး။"

"မမကြီးချစ်ပြန်ပြီ၊ ဘယ်ရန်မာန် ပေါ်လို့ ပေါက်မယ်တုန်း၊ ဒလံကျော် မော်လို့မောက် ချည်ငံ့၊ မကြောက်ပေါင် မောင်အကြပ်ကယ်၊ မိုးနတ်မင်းညီ၊ ဘာမထီ၊ ဌာနီတောင်တွင်း က၊ ရွာဆီကို မောင်မချဉ်းပြီဘု၊ ထိုင်းကျော်တဲ့ ကောင်း။"

"ထမင်းမြင်၊ ကောင်းရွှင်စ၊ အကြင်နာ နဲ့တော့ မယေ၊ ရွှေသစ္စာမြဲကြစို့ သည်ဝယ်၊ တကယ်လားကွဲ၊ ဘုရားစူး ဓေ့ မောင်ကြီးမယ်၊ နိုးပါနှင့်နော်မေ၊ တို့လူကိုမုန်းပါတော့မေ။"

"ထမင်းကျွေးလို့ အရေးငင်၊ တစ်ခါ သည်တွင် သေပန်းပွင့်၊ ရွှေစေတီဘုရားမှာတဲ့ သစ္စာထား၊ နောက်နောင်ထွေပြား။"

သွေမယ်လား၊ စားရင်းစားကွဲ့ လောက်ရီးလား၍၊ စကားများ- ကြား ပြင်း လှ ချည်၊ အလှည့်လှည့် ထပတ်မတ်၊ အမှတ်တမဲ့၊ တကယ့်ဟန်ပန်၊ သန္ဓာပြန် သူ့စိတ်ကူးမှာ၊ ဘုရားဖူးရင်း၊ ကြွက်တူးရင်းသို့၊ မောင်ကင်းကိုချော့မော့၍၊ တစ်ပတ်ကျော့ဉာဏ်ပလီ နှင့်၊ စိန်စီသည့် ထမင်းကို၊ စင်းစင်းသေအောင်ကျွေး လိုက်သည်၊ မြေ ခွေး ရွာ ဝင်၊ သ မင် ရဲ လောင်း၊ မိကျောင်းပြန်တစ်၊ သားတင်းလင်းတ၊ မြွေးကျသော ငါး၊ မယားတိမ်ညင် ချင့်လင်မုဆိုး၊ သူခိုးခေးကမ်း၊ စက်ယန္တရား၊ ဆင်၍ ထားသည့်နယ်၊ ထမင်းစား မှားသောကြောင့်၊ အူယား သည်းနာနှင့်၊ ရောဂါခွဲ ရောက်၍၊ ကွန်း ထောက် တော် သ ပြေ ပင် ဝယ်၊ တစ်ရင်လုံးလျိုက်ဖိသော်-

"အလိုမြင့်ဝံ့စ၊ ရင်ညွှန့်မှာခွေး၊
သေပါလေ-သည်သက်ကယ်ကြာပါစေနှင့် ကြဲလေက်ပေမှေး၊ သူကျွေးတဲ့ဆေး"

သေဘေးရောက်ဇနဲ၊ ဇောင်းတန့် မိန်းမောချိ၊ မျောလူလုရှိရာတွင်၊ ခရီးသွားဧည့်သည်များကလည်း၊ သနားကြသည် တစ်ဝ၊ မေးမြန်းကြသည် တစ်သွယ်၊ ရယ်မောကြသည် တစ်စုတစ်ဝေ၊ ဆေးများ ထိုက်သူ ထိုက်၊ ကာလသား လူတစ်သိုက်ကလည်း၊ လူမိုက်ကြီး ဖြစ်ပလေ၊ မတော် သေရော့မယ်၊ သင်းမေ့မို့လား၊ ယိုမိလို့ မှားပြီ၊ တို့များနှယ်ဖြစ်လျှင်၊ နောက်လင်ကို သေအောင်ထောင်း။ သင်းမယားကို ခေါင်းရိတ်၊ အစိတ်လောက် ငွေသားနှင့်၊ တခြားမှာ ရောင်းမည်၊ ဆိုကြသည်တွင်၊ လာရင်းစွဲ လူတစ်စုကလည်း၊ မဖော့နှယ် ပြုပလေ၊ တို့တစ်တွေ ရှက်ပါဘိ၊ လူတစ်ယောက် ခက်နိုင်မျှ၊ သည်လူကလဲ မိန်းမထင်မှား၊ စားဝံ့ပေ မျိုင့်ပေ၊ မတွေ့ဖူး မကြုံဖူး၊ ထူးဝိသေသ၊ ပြောဆို ကြ၏၊ မဖော့ဆိုသူမှာ၊ ဟိုလူနှင့် ချစ်တုန်းမို့၊ ပြုံး သလို၊ ရယ်သလို၊ လူကြုံလူကြားက၊ လက်ဖျား ညှတ်အောင်ချိုး၊ ပါးစပ်က တိုးတိုး။ တိတ်တိတ်နိုး ဆိုသည်မှာ-

"အောင်ပါလေ-သပြေပင် နယ်တကြောမှာ၊ မင်းစိန်နှင့် ပိတ္ထော၊

သေပါလေ-တန္ဆေနောင်ဖြစ်လျှင်၊ လူ့ဘောင်မှာ သည်သနစ်ကို၊ ပြောဖြစ်အောင် ပြော"

ရယ်မောဝမ်းသာ၊ ရှိတုန်းခါကို၊ ဆေး ဆရာ တစ်ယောက်က၊ တောက်ခနဲ လာတဲ့၍၊ ရောဂါကို မေးပြီးလျှင်၊ ဆေးနှံခါနှိုး ရွတ်သည်မှာ-

"ကွတ်ကရာ၊ ဖာလာ ကရဒေး၊ ဆား ဆယ့်နှစ်လေး ငန်းဆေး။
ဇာခီပွိုလ်၊ ကနဉီ ဗမုံနက်၊ ချင်းဖက်လို့ပေး-လေဆေး။
ဤတွင်သာ၊ အင်္ဂါ၊ ကြာသပတေး၊ ပျောက်နေကျဆေး။
သည်ရောဂါ-ဝေဒနာ မူလလို၊ ဟောပြလို့ပေး။
ရေမဖျော်၊အဆွဲတော်ရှင်ဖေဘုန်း၊ကြင်တော့ယောင်ယောင်နှင့်၊သည်မောင်ကို မြူလို့ချော့ကာမှ၊ပျောက်တော့မယ်လေး"

ဆေးနိဝါန်း အစသတ်တွင်၊ တစ်မတ်လောက် လက်ချားကို၊ ရေများနှင့်ဖျော်၍၊ ထိုက်တော်မူမိ၊ ဆရာမှန်းသိ၊ ပကတိရောဂါ၊ ရွေ့ကထက် သာလိမ့်မည်၊ ဆရာကဆိုသောကြောင့်၊ ဆေးခွက်ကိုသူကိုင်၍၊ ပိုင်ပိုင်ကြီးထိုက်လိုက်သည်၊အရှိုက်အမျှိတွင်၊ လူလိုလို သတိရ၍၊ မပေ့ာက နွဲ့လိုက်သည်၊ တွဲ့တွဲ့ကြီး နှုတ်သံမှာ-

"သစ္စာ မှန်ဖူးလို့၊ ဉာဏ်ကူးသည့် မေ၊ ဆန်းနိုင်ပေ့လေး။
သေလိုသေ-ထိုနေဖူးလို့၊ ဘဝ ဆယ်ပြန်ကူးစေတော့၊ကြင်ထူးမေလေး"

သေလိုသေပြုလိုက်တယ်၊ ကိုယ်ထိုက်တဲ့ ဆေး၊ ထမင်းကျွေး ဥပစ်ရာကို၊ နှစ်ခုလပ် မာယာသယ်မို့၊ ကိုယ်ပေး၍ ကျုပ်မျှသည်၊ သေလိုသေ ရွှင်လို့ရွင်၊ ကိုယ်လင်နှင့်ကိုယ်နေ၊ မသေနောင်သီလိမ့်၊ သတိသာပြုရော့၊ သူသားကောင်းကျုပ်လူ၊ အစ်မကနှစ်ခါအို၊ ကျင့်လိုရာကျင့်ကြံ၊ လက်ခံရင်းပထမ၊ စရန်သွင်း ဒုတိယ၊ တတိယတောင်တော်၊ ဘုရားဖော်စတုတ္ထ၊ ကောင်းမူတော် ပဉ္စမ၊ ဆဋ္ဌမ ကနဉီတော့ခံ၊ သတ္တမံ ရည်းစားရောက်၊ ရှစ် ကြိမ် မြောက် မ နဉ္ဇ လေး၊ ထမင်းကျွေး ကိုး ခါ၊ စီးနင်းဆေးပါ တစ်ဆယ်၊ အသွယ်သွယ် အဝေ၊ ဖြစ်သမျှ အပေါင်းနှင့်၊ အကြောင်းသင့် သာယာစွာ၊ ပြော ဆို ပါသည်ကို၊ ရွှာအုပ်မင်း လင်မယား၊ သားနှင့်တကွ၊ မာနထောင်လွှား၍၊ လျှောက်ထား အမှုလုပ်မည် ဆိုရာတွင်၊ နရာကျော်ခေါင် ယာဉ်တော်ကြပ်၊ သွေးသောက်ကြီး၊ မီပတီလေးကျော်၊ကျယ်သူပေါ်ထွက်ခဲ့၊ အရွဲ့အကတ်၊ အလျှပ်အပလီ၊ ဤသောအာသော၊ ယှဉ်လာသျှင် လောရမည်၊ အကြောမခံ၊ ထိတ်မိတ်သံ အရတည်၊ ဆိုကြသည် နှုတ်ရည်မှာ-

"လာပေစည်-နာမည်ကိုရွဲတဲ့၊ လူမွဲညီကြီး၊ ထီးမတင် - တူရွင်ရင် သာပြီမှတ်တော့၊ တူယှဉ်ရင် ကာတတ်ပါ၏၊ မိုးလျှပ်ကြယ်မိုး"

ဆေးခတ်၍ အပြီးမြောက်၊ မောင်ကင်း အမှုရောက်၊ သွေးသောက်ကြီးရွှေ့နေနှင့်၊ စာပေစီကုံး၍၊ ရုံးတော်မှာ လျှောက် သောကြောင့်၊ အလျှောက်ဆင်ခြေမျှားနှင့်၊ တရားဆုံပြိုင်ကြကြောင်း၊ မကောင်းသောသတင်းကို၊ ဆွေရင်းမျိုးချာတို့ ကြားသိရသောကြောင့်၊ မသာနှလုံးနှင့်၊ ယူကုံးမရ ရှိချေသည်၊

အတည်တည် အစုစု၊ အမှုမှု အဝဝ၊ ကြားသမျှသနစ်၊ ပြစ်သမျှအခင်း၊ သတင်းအတိုင်း မှန်ပါလျှင်၊ ဒဿ မကောင်း၊ ဂြိုဟ်ပြောင်း ဂြိုဟ်ထွက်၊ စနှင်းလင်မခိုင်၊ ထိုင် သ မ သတ်၊ နက္ခတ်အောက်တွင်၊ နွားပျောက်သော ပုဏ္ဏား သည်၊ မယားကိုရသော်လည်း၊ ဘီလူးမကိန်းတွင်၊ ချွေဝင်တေးဟန့်၊ ထန်းလျက်ဝယ်တယ်ကန့်လန့်၊ ဇာဓာဉ် အခါ၊ ကညာစုတ်ပြတ်တွင်၊ နှစ်ခုလပ်တည်သီး၊ အမယ်ကြီးကညာပုံ၊ ဒုံမဟုတ်ပတ်မခေါ်၊နာမ်တော်လပ်နှင်း၊ တထိန်းထိန်းထုသော်လည်း၊ သူ့နေရာမှာ၊ အစာမတုတ်လျှင်၊ ကြပ်ကြပ်ကြီး မမြည်သက်သို့၊ မှတ်သားရန် ပမာမူ၊ တောရွာနေ ဆရာတော်ကို၊ မိန်းမချောဖျက်ဆီး၊ ဘုန်းကြီးလည်း နားမလည်၊ ကျား မည် ဌက် တွန်၊ လယ် ထွန် ရာ မီးလောင်၊ ကြောင်ကောင်းလည်းတစ်ခု၊ မိန်းမလုပုဏ္ဏား၊ မယားစိတ်တတ်၊ နိုးသူသတ်လင်ကြီးသေ၊ ပေါင်ပင်ပေနောက်တံအိပ်၊ ဖျာလိပ်ဝင်ယောကျ်ားဝယ်မိန်းမကြီး လွှသယော်၊ စလောင်းနှင့်ဆီဝယ်၊ ဆင်ကျီစယ် ဆိတ်ကစား၊ လင်မယားမြစ်ရေကူး၊ တစ်တီတူး ခြေမိုးမျှော်၊ ဆင် ဝန် ကတော် အကြောင့်ကြ၊ ထန်းပင်ကျခုလပ်က၊ ဆေးတံသဖွယ်၊ ဆီသယ်ပင် သူ့အတတ်၊ နှစ်ခုစပ် ငါးထမ်းရွက်၊ ဖားဝလက်

နေရာမှာ၊ မလိမ္မာ ရေမီကျောင်း၊သည်းပွတ်တောင်း တောမျောက်မင်း၊ အောက်ချင်း တံဆိုပ်ခတ်၍၊ လက်ဆေတံရန်မူ၊ပိုးဖလံဆီမီးတောက်၊ ရေမသောက် ငှက်ကြီးကြာ၊ ပြဟ္မာဏာယားသော အမိုက်နှင့်၊ စရိုက်တူ လူအပေါင်းတို့၊ အကြောင်းသင့်ရှောင်ခွာ၊ ဆရာယဉ်တော်ကြပ်၊ ကြီးစား၍ကပ်၊ ခုနစ်ခွေ၊ တောင်ခြေမြေဖျားက၊သိကြားမင် ဆိုင်လာစေတော့၊ စိတ်သောက မသတ်၊ မအပ်သည့်အခင်း၊ သတင်း ကြားမလျော်၍၊ ချစ်ဖော် ကြင်ရင်း၊ တစ်ဖန်တစ်ခါ တွင်၊ ဖွေရှာရောက်လာလျှင် စုံထောက်စဉ်းစား၍၊ မှတ်သား သတိပြု၊ ယခု အဌမ ဖြစ်ဟန်ကိုလည်း၊ မှန်မမှန် ဟုတ်မဟုတ်၊ အတ္ထုပ္ပတ္တိသေချာစွာ၊ လူလာ သူသွားတွင်၊ သတင်းကြားစာ၊ ပေးမှာလိုက်စေ ချင်သောအကြောင်း၊ ပုံပြင်ပမာ၊ နည်းနာနယ၊ နရိန္ဒ ဝတ္ထု၊ လဟုက သခ်ၤာကို၊ အကျဉ်းချုံး၍ မှာလိုက်သည်၊ အကြပ် စိန်စားကျော်သူ၊

မယ်ရွှေပေး မေတ္တာစာ

ဇာတိအာဏာ၊ ဝိသယာဟု၊ သုံး ပြာ ခေတ္တ၊ အနန္တတို့တွင်၊ သတ္တ သတ္တဂိန်ာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ၊ စထုသဋ္ဌိ ယဝါ ပုဏ္ဏာ၊ ဧကော 'ဝါယု ဝါရောသီယာ' ဟု၊ ဋီကာကျော်ကျမ်းမြတ်က၊ ပြအပ်သည်နှင့်အညီ၊ စဉ်စီမျဟုက်၊ ခုနစ်ချက်-ခုနစ်ချက် သောဒီး၊ ကပြီးထိုင် ရှစ်ကြိမ်မြောက်-ရှစ်ကြိမ်မြောက်၊ ရေတစ်ကြိမ်စီ လှောက်သောကြောင့်၊ ခြောက်ဆယ့် လေးကြိမ်စေ့မှ၊ လေတွေ့၍ တစ်ကမ္ဘာ၊ သံဝဋ္ဋ သုံးထွေဖြင့်၊ ဖြစ်ချေမြဲ ဓမ္မတာ၊ မဟာကပ်တစ်ခုတွင်၊ အသင်္ချေယျ၊ လေးကပ်နှင့် ခုံညီသဖြင့်၊ ဝိဝဋ္ဋ ဌာယီတွင်၊ ထိုယ်ထင် ဥပပတ်၊ ပြဟ္မာသက် ပြုထိခဲ့၍၊ ခွဲကပ်သည့် ပဋိသန်၊ လူသက်ပင် မှန်သော်လည်း၊ ကောင်းကင်ယံ မိုးအလယ်၊ ဈာန်တန်ခိုး ပြယ်သော ကြောင့်၊ ရှေးကနှယ် ကိုယ်ရောဂ၊ တပြောင်ပြောင် ထွန်းလင်းဃျက်၊ တက်သက်လူသား၊ နေကြရာဝယ်၊ တဏှာရသ၊ လောလုပ္ပကြောင့်၊ မိုက်စွအတိ၊ ဖြစ်ဘိရကား၊ ကပ်ဦးသားတို့၊ တည် ညား လတ် သော်၊ တစ်ပြိုင်နက် ပေါ်ကြသည်၊ လောကဓာတ် စက္ကဝါ၊ တံတိုင်းတွင် အကွရာ၊ သေချာစွာ ရှင်မနု၊ ဟိန္ဒဂု အများ၊ လူတို့၏ စီးပွားကို၊ ထောက်ထား ရှုမျော်၍၊ ရေးသားတော်မူခဲ့သော၊ ဓမ္မသတ်ကျမ်းအစောင်စောင်တွင်၊ ပညာရောင် ရှေးဆရာတို့၊ နောက်ထပ်ကာ ဆင့်ပွားရှု၊ ရေးသားတော်မူခဲ့သော ကျမ်းတစ်စောင်မှာ၊ ရှေးအရင်းပါကြ၍၊ သူငယ်ချင်း ကြဲဆောင်ကြောင်း၊ ဂုဏ်မိတ သဘောတူ၊ သွင်း ပေး သမျှ ဥစ္စာ ကို၊ လက်ခံကာ သိမ်းယူပြီးမှ၊ စိတ်ဖွဖွ တစ်တန်၊ မပေးစား ခြင်းဆန်လျှင်၊ အကပ်ခံ ဘုန်းကြီး ကဲ့သို့၊ သမီးနှင့်မစပ်၊ ကွက်လပ်တို့ မောင်လူမျိုမှာ၊ ကိုယ်ပေးရင်း ဥစ္စာနှင့်၊ ပလာခွေ ယောင်ချောက် ချောက်၊ မောင်းကျောက်မှန် ကြက်ကန်းသို့၊ လမ်း စပြတ် နေပစေ၊ ဆိုထွေမပျက်၊ ဤအချက်လည်း၊ သမက်လောင်း သမီးတို့၊ နှီးနှောကာမ၊ စပ်ယှက် ကြကြောင်း၊ ဂုဏ်မိဘတို့၊ မသိသော်သာ၊ သိချေပါ လျက်၊ နူတ်မြွက်၍မဆို၊ အလိုတူ နေဘိက၊ သမီးထိုယ် ဖိုးငွေ၊ လျော်စေ ဆုံးဖြတ်ချက်၊ ရွှေမျှင်းကျမ်းမြတ်၊ ဓမ္မသတ်က၊ အဓိပ္ပာယ်ပြသည်၊ ထောက်ဆ နှိုင်းသက် လျှင်၊ သမက်တစ်ယောက်၊ ဆို့စလောက်တန်၊ စုံမြို့ပင် ယံ ဟိမဝါ၊ စာမရီသားတို့၏၊ ဟျော်ပါးရာ ဒေသ၊ သဒိသူပစာရဖြင့်၊ ဟိရညတောင်၏ အရှေ့ဘက်၊ စံကျောက်စက် ရေပြာသည်၊ စာမရီမြစ်တစ်လျှောက်၊ ကျောက်ဖြင့်သာ အောင်မြတ်၊ ကျောက်ဖားကတ် ဂုံညင်းတန်း၊ ခေါ်မှန်းသည်၊ ဝိုင်မွှန်းရွာ သုတ၊ လင်း စင် ကျောက် ဆုံး၊ ကျုံး ဝိသို့ အကြိမ် ကြိမ်၊ ကလသို့ သို့ အခေါက်ခေါက်၊ ခေး ဝယ် တောင် ရောက်အောင်လို့၊ စိတ်ပေါက်ထိုင်း သွားလေရာ အရပ်က၊ မပြတ်သော မေတ္တာနှင့်၊ ပတ္တနာ ရည်ညွှန်း၍၊ သွန်းလောင်းလေ့ရှိပါသော၊ သားမောင်ဆောင်း၊ အကြောင်းစကား ကြားရောက်လိုက်ပါသည်၊ မွေး သမိခင် မယ်ခွဲ၊

ရခဲခြင်းငါးပါး၊ ဘုရားဖြစ်ရာ၊ ကာလခွဲကြို၊ က်ကြုံ၊ မနုဿ လူ့ဘုံတွင်၊ လူစင်စစ် ဖြစ်ရသော်၊ ဘုမှန် သူတော်ကောင်း တရားသဲ၊ အဖန်ဖန် ကြားနေရ၊

ပဋိရူပ ဒေသဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ၊ အတ္တ သမ္မာ ပဏိဓိစ၊ သပ္ပုရိသူပ နိဿယ–တည်းဟူသော စက်လေးဖေါ်၊ သူတော်ကောင်း ဥစ္စာ ခုနစ်ပါး အားထုတ်၍ ရအောင်ရှာ၊ ပဋိသဓိတ၊ လောဘမွန်ထူ၊ မသူတော်စင်ကို၊ ပညာတည်း ဟူသော ရွှန်းနှင့် ချိန်၊ သမာဓိန္ဒြေကို အမြဲထား၊ ယခု ပစ္စုပ္ပန်၊ ဒုစ်တန် စီးပွားဖြစ်ရာသည်၊ လောကမျက်မှောက်၊ တစ်ယောက် ချစ်က တစ်ယောက်ခင်၊ တစ်ယောက်ကြင်က တစ် ယောက်စိုမက်၊ တစ်ယောက်မျက်က၊ တစ်ယောက် မုန်း၊ ထုံးစံသက်သေကို၊ ရှာဖွေ၍ စိစစ်လျင်၊ အချစ် အမုန်း နှစ်ပါးတို့တွင်၊ သားသမီးတို့အား၊ မိဘတို့ ဆိုဆုံးမသည့် အရာသည်၊ စင်စစ် ဒေါသ မဟုတ်၊ အိုးလုပ်သော ဉပမာဖြင့်၊ လောကနီတိ ဆရာပြသော ကြောင့်၊ အေရာမ ထုတ်ကြိုးနှင့်၊ သမီးရော ကွန်တော် ပါ၊ နာနာကြိုး ရိုက်နှက်၊ ဗရဘွက် ပြောင်းဆန်၊ နှင်ရော ဟယ်ရော၊ အာဏာသံ ပါကာသံ၊ ယောကျ်မ သံ၊ မိတသံ၊ တည်ညံတို့မစဲ၊ ဆဲဦးကို ဆွဲပြီးလျင်၊ ယောကျ်မ မယ်ရွှဲ၊ ဆဲရေးသည့် အမှုများမှာ၊ လူ ချင်းတူ သူချင်းမျှအောင်၊ ကြံဆောင်သည့်အကြောင်း၊ အောက်မေ့ ထင်မှတ်ပါသည်၊ သို့ရာတွင် ကာလ အလိုက်၊ လူ၌ဆန်းပြား၊ တွေ့စရာ များဟန်ကို၊ သဗ္ဗညုဏ်သမ္ဘရောန္တိ၊ နည်းစုံနှင့် ညှိလိုက်လျင်–

("တလင်-နှစ်လင်-သုံး-လေးလင်စ၊
ငါးလင် ဇဝ ဆယ်လင် တိုင်ဘိ၊
အမိ ပလိ၍ အခါခါ၊
လင်ကွာရသည်ထိ ဥာဃန္တေ၊
မိထွေး မိကြီးစ အစ်မပါ၊
သီပ်ကာ နိပ်ကာစာစုံဘက်ရှာ၊
ညီမ ဆိုသဟာကလည်း ထို့အတူ၊
ကုဖော် ပန်ဖော်ထိ ဇာနိယ၊
အိမ်နီးချင်း ကလည်း ပွေ့လိလောင်၊
တောင်ယောင်မြောက်ယောင်နှင့် လည်းပါလို၊
ဟိုဟို သည်သည်နှင့် အတန်တန်၊
လင်စိရွှေးသည်ထိ ဉာတတွေ၁၊")

ဝုတ္တောဒယ ဆန်းကျမ်းအထွက်၊ ဖွဲ့ရှက်လင်္ကာ၊ ပထျာဝတ္တကဲ့သို့၊ မြန်မာ့ဝတ္ထုသာ၊ ပါဠိဂါထာဝယ်၊ အမိပ္ပာယ်သိသာအောင်၊ ပုံပမာ ဆောင်လိုက်လျင်၊ စောင်မြူခြုံ ခဲခဲထောက်၊ အောက်ကမှာ နီတာလံ၊ အပေါ်ယံ ခွင်ခဲစီး၊ ညောင်ပင်ကြိုး ဆုတ်လှီး ဘုန်းကြီးတင်ပါး၊ သိသာရုပစ္ဆည်း၊ စည်းလည်းဥာဏ် ပိုင်လှသည်၊ အလံထိုင် ပွဲစားကဲ့သို့၊ ကာလသား ယောင် တောင်တောင်၊ ကပ်မြောင် သည့်နောက်ပို၊ နီးလေးပါး အဝင်၊ ချဉ်ရည်စိမ် ခွင်ခဲစီး၊ သမီးနှင့် မြူ၍၊ ဥစ္စာကို ယူတတ်သော၊ မွေးသမိခင်၊ ကရင်နှင့် ကုလား၊ ညားစေတော့တရုတ်၊ မုတ်ဆိတ်ပင်မြူမြူ၊ လူပင်အိုအို၊ ငွေပျိုလျှင်ပြီးရော့၊ ချော့မော့၍သမီးကို၊ လူကြီးနှင့် ပေးစားတတ်သော၊ မွေးသမိခင်တို့ကဲ့သို့ မဟုတ်ပေ၊ ကွန်တော်တို့ အမေမူ၊ လူချင်းတူ သူချင်းမျှအောင်၊ ကြံဆောင်သည့် အကြောင်း၊ အောက်မေ့ထင်မှတ်ပါသည်၊ စကားရှည် စကားထို၊ စကားမို စကားမောက်၊ စကားမြောက် စကားပင့်၊ စကားမြွင့် စကားပိတ်၊ စကားမြိတ် စကားသွယ်၊ ဆိုဖွယ်ပင် ရှိသော်လည်း၊ အဘိမွေဌ္ဌ ဝိဘာဝနီ၊ ဋီကာကျော် ကျမ်းမြတ်က၊ အလမထိပပဉ္စေန၊ နည်းညွှန်ပြ ရှိသောကြောင့်၊ အမိပ္ပာယ် သိသာရုံ၊ ပုံပမာ မကြီးလွန်း၊ ထိုထိုနှင့် ညွှန်းလိုက်ပါသည်၊ မွေးသမိခင် မယ်ရွှဲ၊

ဆရာဘုန်းကြီးက သုံးပင်ဆိုင်ရွာ ဦးဝိုက်ဇနီးမောင်နှံ တိုကိုပေး မေတ္တာစာ

ကောမုဒီက၊ သရဒအခါ၊ ပုဏ္ဏမာပြည့်ဝန်း၊ တောင်ယုစန်တွေ့စွန်းမှာ၊ ထွန်းပတောက်ထိန်၊ တရိန်ရှိန်လျင်၊ မငြိမ်မီးခိုး၊ မိုးထိမ်မြူနှေး၊ ရာဟုဟူသော၊ ရန်သူ ခပင်းတို့မှ၊ လွတ်ကင်း စင်ကြယ်လျက်၊ တစ်ဆယ်နှစ်လီ၊ ဒွါဒသီမှာ၊ ထိထိမဟုက်၊ ငွေယုဂန် ဘုံ စက်ကဲ့သို့၊ လေးချက်သောသီလကို၊ မြဲနိစ္စ ခိုမှီလျက်၊ သီလဝိပွတ်၊ အာဇီဝကင်းပြတ်၍၊ ဒုက္ကဋ် ဒုဿီလ၊ မုဒ္ဓကဝေရီမှ၊ မသီဝေးစွာ၊ ကွာစေခြင်း၏ အကြောင်း၊ ကောင်းမြတ်သောဆန္ဒ၊ ဥဿာဟဖြင့်၊ လုံ့လကြိုးကုတ်လျက်၊ အားထုတ်လေ့ ရှိပါသော၊ ဆရာ မေတ္တာစကား၊ ကြားသိစေအပ်သည်။

ရွေးသရောအခါ၊ ရွာတည်ထောင်စ လက်ဦးက၊ ထူးမြတ် လွန်ကဲသော၊ နပဲပင် သုံးခုတို့သည်၊ အပုချင်းရစ်၊ အမြစ်ချင်းထွေး၊ အပွေးချင်းယှက်၊ အခက်ချင်းမှီခို၊ ရွက်ပေါင်းရိပ် ညီညွတ်နှင့်၊ စပို့ခဲ့လောက်ဆိုင်၊ ပြိုင်၍နေရာ၊ အရိပ်သာသောကြောင့်၊ ထိုရွာဂုဏ်ဟိတ်ကို၊ သုံးပင်ရီပ် ခေါ်ဆို၊ နဂိုရိုးလည်း မဟုတ်၊ ဧနပုဒ်လည်းမမည်၊ ပြည်လည်းမရ၊ ဌာနလည်းမဖက်၊ ဗျာကရာ ရေတွက်မှု၊ ထန်းရွက်အုပ်၍၊ ပုတ်လောက်မြင့်သည့် ဆယ့်ထိုးအိမ်ခြေမှာ၊ တရွေ့ရော ခွေးရော၊ ကြောင်နှင့်နှောင်၍၊ ပြောဆိုဈင့်လျင်၊ အစိတ်နှင့် သုံးဆယ်၊ မပွယ်မရာ၊ ငယ်လွယ်သည် ထိုရွာမှာ၊ ဧကာမဘွားအေက၊ မနေနှင့် မြစ်တားလျက်၊ ထဏ္ဍာနှင့်ဥပါဒါနိ၊ သဠရဏ် ပေါင်းယှက်၍၊ ရမ္မက်မာန၊ သုံးလွန်းတင်ကြွသောကြောင့်၊ ရွာမတွင်မနေ၊ ကိုယ်ပိုင်သည့်လယ်မြေမှာ၊ နေ၍ကုပ်ကုပ်၊ လယ်လုပ်မည် အသွားတွင်၊ များများ မကြာ၊ တံထိုးအခါဝယ်၊ မဟာဧောရ၊ မောဟမိစ္ဆာ၊ သူ့ဘိုးအေက၊ အမွေရဥစ္စာကို၊ ပေးပါလို့ တောင်းသည့်နှယ်၊ ထောင်းထု၍အပြီး၊ မီးကင်၍အစစ်၊ ညစ်ညမ်းသည်သတ္တဝါ၊ မရသာ၍၊ အိုးဖျာ နီးခေါက်၊ ဆောက်တူရွင်းမကျန်၊ ဘီးမှန်မကြွင်း၊ လယ်စာရင်းပုံး၊ လွယ်ပခုံးနှင့်၊ အသုံးအဆောင် ဟူသမျှကို၊ တကွနွားပါ၊ ယူပြီးခါမှ၊ ဝိုင်းညာ၍ လိုက်သောကြောင့်၊ မထိုက်မလျော်၊ ဖိုးသူတော်ကို၊ ခွေးအော်၍လိုက်သည့်နယ်၊ ကထိုက် ကရိုက်၊ လက်၌ဥစ္စာ၊ ပါသမျှ အခင်းမှာ၊ စာရင်းပုံးကိုထား၍၊ နွားနှင့် တကွ၊ ဥစ္စာကိုရ၍၊ ဌာနရပ်ဟောင်းကို၊ ပြောင်းခဲ့သည့် အရာမှာ၊ ဥဒါဟရုဏ်၊ ပုံသက်သေ သာဓကနှင့်၊ ပြ၍ ပြောရလျင်၊ လောင်းဧောခိသတ်၊ ဘူရိဒတ်နဂါး၊ လူ့ပြည်သို့ သွား၍၊ ရှစ်ပါးသောဥပုည်ကို၊ ဧောင့်ချုပ်သောအခါ၊ မိစ္ဆာလူဟုက်၊ အလမ္ဘာယ်လက်တွင်၊ နှိပ်စက်ပြင်းပြ၊ ခံရသည့် အတ္တုပ္ပတ်မှာ၊ နတ်နဂါးတို့နေရာ၊ အလမ္ဘာယ်လာ၍၊ ပြုသာမည့် အင်းလည်း၊ ဏလျှဉ်းမရှိ၊ သုံးပင်ရိပ်တောဝယ်၊ လောဘဧောနှင့် ငြီး၍၊ နေမိသောကြောင့်၊ မိစ္ဆာလူဟုက်နှင့်၊ ပက်ပင်းပါ တွေ့ချေသည်ဟူ၊ ရွာနေအတွားမက၊ အတ္တကောက်ရန် ရှိချေသည်၊ တဇော

ဥပမာမှာ၊ သည်သာမဟုတ်၊ သမ္မုဒ္ဓ အလောင်း၏၊ ကောင်းမြတ်သော ဆန္ဒ၊ ဥဿာဟနှင့်၊ လောဘ သည်နှစ်ထွေမှာ၊ ရေနှင့်မီးကဲ့သို့၊ အသီးသီး ကွဲပြားလျက်၊ တခြားစီ ပုံဆောင် လျှင်၊ ကြောင် ရှိ ရာ ကြွက်သွား၊ ကျားရှိရာ သမင်လာ၊ မြွေပါကို မြွေတိုး၊ ထူခိုးရှိရာ တောအုပ်သို့၊ ဝန်ထုပ် ဝန်ပိုးနှင့် သွား၊ ထိုင်ဖွားကို၊ သိကြားမင်းကယ်မှ၊ ချမ်းသာရမည် ဆိုသကဲ့သို့၊ ကိုပဇာတို့ ဖြစ်ဟန်ကို၊ အသိဉာဏ်နဲ့၍၊ ဆင်းရဲနှင့် ကြုံသည်ဟု၊ လူ့ဘုံတွင် ပြောစမှတ် ပြုရာသည်။

ယခုဆိုခဲ့သည့် ထိုစကားမှာ၊ အားမရ၍၊ အတ္ထကောက်ရန် ရှိဟန်ကို၊ ကျမ်းဂန်ဝတ္ထုနှင့်၊ အနုကောက်လိုက်သည်၊ ထိုက်ရိုက်ဥပမာ၊ တရားတော် အလာမူ၊ အာကာသ ကောင်းကင်၊ လွင်တီးပြင်မိုးယံမှာ၊ ပျံသွားသော ကျီးသည်၊ မီးလောင်ကန္တာရနှင့်၊ စွပ်မိသည် တစ်ဖြာ၊ ဥဒါဟရုဏ် တစ်ထွေ၊ သေလာမယ တောင်ခေါင်းဌ၊ ခိုအောင်းသော ရဟန်းကို၊ ကြောက် ခ မန်း လိ၊ ဝိ ပါ က ဖိ သော ကြောင့်၊ ကြီးလှသည့် ကျောက် ဖျာ နှင့်၊ လွှလာ၍ ပိတ်သည့် နယ်၊ ရွေးအတိတ် အဟောင်းက်ကြောင့်၊ ဝင့်ခံရသည့် ဖြစ်ဟန်ကို၊ ကျမ်းဂန်နှင့်အညီ၊ ပါရမီ ကဗျာမှာ-

"ဝင့်နှင့်မကွာ၊မလွဲသာသည်၊ တောင်တာ တမျှည် လျားလျားတည်း" ဟူ၍ ရှင်မဟာသိဝဝံသ၊ မိန့်ပြသည် တစ်ဝ၊ သတ်ပုံမရေ ကာရန်နှ၊ စတုဓမ္မသာရ ဝယ်၊ မိန့်ပြသည့်အနေမှာ "သင္ဘေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တကို၊ ကမ္မဿကာ၊မှတ်ထင်ရာ သည်၊ ယင်း သာ ဘူ တ ဝါ ဒီ တည်း" ဟု၊ နည်းဟောင်းပုံပြင်နှင့်၊ ရှင်ရဒ္ဒသာရ၊ ကျမ်းဂန်ဆ၍ ဟောပြအလာ၊ ထိုးဟောင်းကို စာသော်၊ ဒကာကိုဟဝါမှာ၊ လူရိုက်၍မီးကင်၊ ပြုချင်တိုင်းပြု၊ သင်းအမှုသင်းခံ၊ ငါကံနှင့်ငါ၊ ငါကြွမှာ ငါအကြောင်း၊ ငါဝင့်ဟောင်းဟု၊ အလောင်းတို့ဓမ္မတာ၊ ပညာရှိတို့ ထုံးစံ၊ လောကဓံကို၊ သည်းခံ၍နေလျင်၊ ခေမာနိဗ္ဗာ၊ ဘေးမရှိတဲ့၊ ဝိရဇ သို့၊ မြန် မြန် ရောက် ခြင်း ၏ အကြောင်းသာဖြစ်ချေသည်။

ထို့ကြောင့်မဟုတ်လော၊ ဗောဓိသတ္တ၊ဝိဓုရသည်၊ ပုဏ္ဏကရှိရာ၊ မလာမရောက်၊ ကြမ္မာပြောက်သော ကြောင့်၊ အရောက်ဒုက္ခကို၊ ခံရသည်တစ်ထွေ၊ ဝေဿန္တရာတ်မှာ၊ ကဏှာဇာလီ၊ ချစ်ညီတူကွ၊ မောင်နှမတို့ သည်၊ ပါဝါကြွင်းကြုတ်၊ လူ ယုတ် မာ ပုဏ္ဏား ထံ မသွားဘဲ၊ စောင်ကာ၊ရိုက်နှက်၊ ရွေးဝိပါက်ကြောင့်၊ နှိပ်စက်ပြင်းပြ၊ ခံရသည်တစ်ခု၊ ဤဝတ္ထုကို၊ ထောက်ရှုစာနာလျှင်၊ ကြမ္မာမူလ၊ ဤလောကဌ်၊ ကမ္မဥထိ၊ ကမ္မဝန္ဓော၊ ဘုရားဟောပါဋ်၊ လာရှိသည့်တစ်ချက်၊ ရွေးဝိပါက်က ဟောင်း၊ အကြောင်းမလွတ်၊ သံသရဝဋ်မှ၊ မကျွတ်သမျှပင်၊ တွေ့ရမည်ပုံသေဟု၊ ဥပဒေကျကျ မှတ်ရာသည်။

ဘုရားလက်ထက်၊ လက်ဝဲတော်ရံ၊ မောဂ္ဂလာန်ဟု၊ ဌာနန္တရ၊ ကြီးလှသောဇာဒ်၊ တန်ခိုးတော်ရှိ၍၊ အဝီစီဝရဲ၊ မီးပုံထဲမှာ၊ အံ့အဲ့စရာ၊ ကြာပဒုံမန်ဆင်း၍၊ နေခြင်းငှာ စွမ်းနိုင်လျက်၊ မပြိုင်စံပ၊ မိုးလယ်လသို့၊ ကြီးလှသော မြတ်ဆရာမှာ၊ ငါးရာသော ခိုးသူတို့ သည်၊ ရိုက်နှက်ပုတ်ခတ်ခြင်းကြောင့်၊ ဆင်းရဲခံရချေသည်၊ ကိလေသာညွှန် ထဲမှာ၊ ကွဲ အို ကြီး ပ မာ၊ လူးလည်းသည့် သတ္တဝါ၊ မကောင်းသမျှ စုဝေးရာ၊ ကောင်းသမျှစုဝေးရာ၊ သံသရာဝယ်၊ အဝိဇ္ဇာမှောင် မိုက်သည်၊ ဦးဝိုက်တို့ကို မဆိုထားဘို၊ ဘုရားသဗ္ဗညု၊ သုံးလူ့ဘ ထွဋ်ခေါင်မှ၊ တောင်ဂိဂျကုဋ်ထိပ်မွေဝယ်၊ သေလွန်ရ ကျောက်ခဲကို၊ ဒေဝဒတ်ဖောက်လွှဲ၍၊ စုခဲသော သွေးစိမ်းနှင့်၊ ကျိန်းစက်သည့်ဒုက္ခကို ခံရချေသည်။

ဌာဖွေ၍ဝတ္ထု၊ အစုစုကို၊ ယခုထင်ထင်၊ စာနိဒါန်း ဆင်သော်လည်း၊ ကျမ်းကျင်လိမ္မာ၊ ပ ညာ ရှိ သူ၊ လူအပေါင်းတို့၏၊ ခိုအောင်းမှီနေရာ၊ ဂါမကျက်သရေ၊ ရွာကြီးမြေမှာ၊ စာပေဝတ္ထုကို၊ ကြည့်ရှုသုအပါးပါ၊ ပည်ာရှိများ သောကြောင့်၊ မှတ်ထား၍ဝတ္ထု၊ အစုစုအပွေပွေ၊ အထွေထွေကို၊ ပေယျာလ စပ်လျဉ်း၍၊ အကျဉ်းအားဖြင့်သာ၊ ယခုမှာအံ့၊ ဂန္ထာရထိုင်းပြေ၊ တရုတ်မြေမှာ၊ ဆွန့်နှင့်ကပ်၍၊ အပ်ကိုရောင်းသော်လည်း အကြောင်းမလျော်သကဲ့သို့ ရှိမည်ကြောင့်၊ နားလည်ရှဲသာ ပြလိုက်သည်။

ထို့မှတစ်တန်၊ ဖြစ်ဟန်အလို၊ ကြာသေးဘူးဆိုရမည်၊ ထိုရောအခါ၊ ဆီသည် တစ်ယောက်သည်၊ အနောက်တောင် စောင်းစောင်းမှာ၊ ဆီရောင်းသွားမည်၊ ကြံစည်ဆဲခါဝယ်၊ မင်းဆရာတစ်ဦး၊ နဗ္ဗူး မောက်မောက်၊ နှာယောင်ကကောက်သနှင့်၊ ရောက်လာ၍ ထိုအခါ၊ အသပြာငွေတစ်မတ်ကို၊ ဖြတ်ထည့်၍ပေးပြီးလျှင်၊ မေးလတ်သော အခါ၊ ဓင်းဆရာ

ပုဏ္ဏားက၊ ခရီးသွားလို၊ ထိုရပ်ပြိုဟ်နှင့်၊ သက်ကို နောထား-ရှစ်ခုစား၊ ကြွင်းခြားသေသ-နှစ်ခုရ၊ ပါပ နှင့်စုတ် ရွှပ်ယှက်ထွေး၊ အရေးခဲ့ကတ်၊ ပြဿဒါး လည်းကြဲ၊ ဖီလာလည်းဆုံ၊ လှ,ဘု,ဓမ္မတာ၊ ရှောင် ကြရာ၏၊ ဟာ-ဒကာ-လားလား၊ အနောက်တောင် သို့ မသွားလင့်၊ ပြဿဒါး ရက်စွဲ၊ တင့်မရဲနှင့်၊ မလွဲ ဘူးဟောသော်လည်း၊ လောဘဇော ခုနစ်ချက်၊ ရွှပ် ယှက်ခပ်ကွေးရရွေး၊ သပ္ပတ်အူလို ထွေးသောကြောင့်၊ နောက်ရေးကိုမမြော်၊ သွားလေသော်လျှင်၊ တစ်ခေါ် လောက်သာသာ၊ ရောက်လေသောခါ၌၊ လှလာ၍ ငုံးငှက်၊ ချူ,ပုတ်မုတ်မွှက်၍၊ ရွက်တက်မြန်မြန်၊ ပြုန်း ခဲ့ ပျံလတ်သော်၊ ငှက်သံရော လူသံရော၊ ရွှပ်သံနှင့် ရောရွှေ၍၊ တစ်တောလုံးညံ့၊ ပဲ့တင်သံရှိက်၍၊ ကုလား သိုက်ကျားဝင်၊ ပုံပြင်နှင့်စံနှန်း၊ ထမ်းခဲ့သည့် ဆီပုံး လည်း၊ ပခုံးပေါ်က၊ ချော်၍ ကျသော်၊ ရွာမရ ဆီ အားလုံးဆုံးလေ၍အလျှောက်၊ မြေမှ,ပျောက်သော အခါ၊ ကောက်ကောက်ညစ်ညစ်၊ မင်းဆရာလုညစ်က၊ ငုံ့ပြစ်လျှင် လုံးလုံး၊ ငုံးဟူ၍မပြော၊ ဖီလာသော ပြဿဒါးသော၊ ပြောလေခြင်း၊ ဟောလေခြင်း၊ မြင် ပြင်းစရာ၊ နှုတ်သီးက စွာသနှင့်၊ တာလေလံ ပုဏ္ဏား ကြောင့်၊ ဆီအားလုံးဆုံး၊ ဆီပုံးလည်းကျိုး၊ ထမ်းပိုး လည်းပေါက်၊ အိမ်သို့ ရောက်လျှင်၊ စိတ်နောက်မည် မယ်ရှင်ကို၊ ကြည်လင်အောင် စိတ်ဇောနှင့်၊ ပြောရ မည်အရေး၊ ရှိချေသေးသည်ဟု၊ ပြန်လည်၍သွား၊ သည်ဝတ္ထုနှင့်၊ ဥပမာ ဥပစာမုချ၊ ဆီသည်နှင့် ထိုဝိုက်မှာ၊ ထိုက် ရိုက် ကြိုးတူ လှသော ကြောင့်၊ ဆောင်ပြသည်ဥပမာ၊ ဝုဒ ဟုဆိုလျှင်၊ အလိုလိုသိ စကောင်းသော၊ အကြောင်းသာဖြစ်ချေသည်။

ဤသို့လျှင် ဆတ်ဆတ်၊ ဝိပဿနာကမ္မဋ္ဌာန်းဘို့၊ စီးဖြန်းရမည် အရာမှာ၊ မဟာဘုတ် လေး ထွေ ကို၊ မြွေလေးစင်း ဥပမာ၊နာနာကွဲကိုက၊ တေတ္တိ်သက်ရင်း ကို၊ မင်းမင်းနှင့်ထူး၍၊ ပဋိသန္ဓေမေါင်းရွ၊ အစ အဝေး၊သုံးဆယ့်ခုနစ်၊ ဖြစ်ဆဲကလာပ်။ သဟဇာတ် အများ၊ နာမဲတရားကို၊ စောင့်ထားသည့် ဗိုလ်ခြေ၊ ငါးထွေခန္ဓာ၊ ဝေါဟာရ တစ်သင်းကို၊ မင်းစေ ယောကျ်ား၊ငါးယောက်နှင့်ပုံဆောင်၊ မြတ်ထွေခေါင် စောဘုရားမှာ၊ သွားလေဝေးအောင်၊ ရှောင်လေ အလျင်း၊နှင်းလာသည်ယောကျ်ား၊နှင့် အလားတူမှတ်၊ အဇ္ဈတ္တိက၊ အာယတနခြောက်ဖြာကို၊ ရွာခြောက်စု အညီ၊ ဗာဟိရာယတန၊ ထိုခြောက်ဝကို၊ စောရ ခိုးသူ၊ လူခြောက်ယောက်ဥပမာ၊ ဩဃလေးဖြာကို၊ သမုဒ္ဒရာလေးစင်း၊ သက်ဆင်းကြရာ၊ ကမ်းဂျိမှာကို၊ သင်္ကာဃဒီဋ္ဌိ၊ ဝိမုတ္တိနှင့်ဂို ကို၊ ထိုမှာဘက်ကမ်း၊ ကူးသန်းသည်ဖောင်ရွင်းကို၊ မဂ္ဂင်ယူမှတ်၍၊ မပြတ် သမျှ သံသရာဝယ်၊ ဗာဟိရာယတန၊ ထိုစောရခြောက် ယောက်၊ မွေနှောက်ဟန်ကို၊ ဉာဏ်ပညာသတိနှင့်၊ မြင်သိသောအခါ၊ ဥပမာစာမျှောက်၊ မဆိုခေသက် သော၊ ကောက်ကရခိုးသူ၊ အတင်းပင်ယူသော်လည်း၊ ဖြုစင်သည့်ကိုယ်တွင်းမှာ၊ သန့်ရှင်းသည့်ဥစ္စာ၊ သခွါ သီလ၊ သုဘနှင့်စာဂါ၊ ပညာနှင့်ဟိရီ သြတ္တပ္ပိုခနှင့်၊ မီးပြ၍ ကင်သော်လည်း၊ ဆဲချည်မြင်မရ၊ အာယတန ခြောက်ချက်၊ သူမို့သာဖျက်ရလျှင်၊ တက်တက်သာ ပြောင်ရောဥမည်၊ နောင်နိဗ္ဗုအရပ်၊ မကပ် သမျှ၊ ဤစောရခြောက်ယောက်၊ မွေနှောက်၍သာ၊ နေကြ သည့်ခြင်းရာကို၊ ပညာနှင့်ဆင်ခြင်၍၊ ပူပင်သောက၊ ဗျာပါရကို၊ မွေနှင့်ပယ်ရမည်၊

ပြခဲ့သည်ဥစ္စာ၊ တံ-ထိုရတနာကို၊ ပေယျာလချုပ်၊ ဟဒယဏ္ဍကြုတ်တို့၊ ဖုံးအုပ်၍ထား၊ သတိတရားကို စွဲ၍၊ သေ့,မြဲမြံစတ်၊ မပြတ်လုံ့လ၊ ဝီရိယကို၊ နှဉ်း စောင့်ထား၊ ထိုခုနစ်ပါးဥစ္စာကို၊ မျှားစွာထုပ်၍၊ သမ္ဗုဇ္ဈအစစ်၊ မေတ္တေယျရှင်တော်၊ ပန်းကံ့ကော်တွင်၊ လေးဖော်သစ္စာ၊ ပွင့်ပြီးခါမှ၊ စွေးနာခင်း၍၊ ဆိုင် ကျင်းသောအခါ၊ နိဗ္ဗာန်ဟူသည်၊ ဝေဘူလ မြတ် ရတနာကို၊ 'ဝယ်ကာသုံးရအောင်၊ နှလုံးထားရမည် အခြင်းအရာကို၊ ဇလာမယ၊ ဝေဘူလဟု၊ ခေမာလ တောင်ထိပ်မှာ၊ ကရဝိတ်မောင်နှံ၊ ကြွေးကြော်သံဟို့၊ ဖက်သံ၍ လည်းကောင်း၊ ဂုတ္တိလ စောင်းဆရာကို၊ ပျောင်းလှသည့် တေးတျာနှင့်၊ သာယာ နာမျော်၊ လက်ရစ်သံ ဖော်သကဲ့သို့၊ ကျော်နေကျ အသံကို၊ ကာရန်ရောနှောချ၍၊ ဩဇီသ မေတ္တာ၊ ခြင်းရာနှင့် စကားကို၊ ကြားသံစေအပ်သည်၊

အလုံမြို့ ထန်းဖျားရွာသို့ပေး မေတ္တာစာ

အဇင္ဒ္ဝကာသ၊ တောင်ယုဂန်သာစွဝယ်၊ ခါသရဒ စက်ချိန်၊ မာဃဝတာရိန်တို့၊ အာဟိန္ဒစက်ရိပ်၊ ဒွါဒသိန်ကွက်စိပ်မှ၊ အကွန်ဒဿုံအထပ်၊ ဘဝဂ်ကုန် လျှပ်သည်နှယ်၊ ဂုဏ်နဝရတ် ဝင်းပြောင်၊ ဘုံပြာသာဒ် ဆောင်ဆောင်နှင့်၊ စံအခေါင်မှူးပိုင်၊ မြို့ရွာမြေ ဦးကိုင်ဂ၊ ဖူးပွင့်ဆိုင်ဖြာစုံ၊ ဆယ်ဟတ္ထာကြာပရုံ ကို၊ သမ္ဘာဂုဏ် ကြည်ဆွတ်၊ တဒါရဲ့ ရည်ညွှတ်လျက်၊ ထေရ်တမွတ်ဥာတ၊ မည်အနွှတ် သာလှသည်၊ ဒကာမ မိတရှတ်၊ ဂါရဝရှိအုပ်ဖြင့်၊ ဝိရိယပွါဒ၊ ဥဿာဟ မဖောက်၊ ထုတ်ပြကာ လျောက်ပါသည်၊ နောက် အပရဂေါဃာ၊ ပထဗျာနက်သန်၊ ရိုးရှည်နှင့်ရွှက်တံ၊ မိုးတရှိမိမာန်လို၊ အာနိသံမချို့၊ တံဆိပ်ပြန်ဂရို့ နှင့်၊ အလုံမြို့ နေဟောင်း၊ ထန်းဖျားရွာ ရွှေကျောင်း တွင်၊ ဇီနံးအောင်းလျက်ရှိပါသော၊ ဆရာ အရှင် သူမြတ်ဘုရား။

တပည့်တော်မမှာ၊ ရတနာဧောတ၊ ကျောက် မနောမယသို့၊ ဩရသအစစ်၊ ချစ်လောက်ဆံထိုး၊ သားမောင်ရှင် ကိုမျိုးကို၊ အ ဖိုးတိုက်ဥစ္စာ၊ ထောင် ကိုးရာ ကုဋေ၊ ရွှေနိုက္ခာတန်ဖြူ၊ ရေရိက္ခာစံပြုလျက်၊ အမှုဒချုပ်စပ်၊ ဝဂယက်ရှင်ဓာတ်မှ၊ မုချထွ လွတ်ကြောင်း၊ ပထွနာဆုတောင်းကြောင့်၊ သူမြတ်လောင်း အလေ့၊ ဂါးကြန်အင်စုံစေ့အောင်၊ လှုပျော်ခွေ့ မဆိတ်၊ ဂုဏ်တော်ငွေ့စက်ရိပ်၌၊ ပက္ခိတ္တ ပွဲသဘင်၊ နွဲဆင်မည်အခန်း၊ ပဥ္စင်းဖြစ် နိဒါန်းတွင်၊ ရောမြွှမ်း လျက်ကင်းမကွာ၊ ဓါနဥ္ဇ အဂါဖြင့်၊ မင်္ဂလာအပူဇော်၊ ရွှင်ကြည်စွာ ဖူးမြော်၍၊ ပရိတ်တော် တရားသံ၊ ဒေသနာ ပွားစဟန်ကို၊ နာခံလို့ အဖြစ်၊ အားဆန္ဒ သစ်သောကြောင့်၊ သက္ကရာဇ်ထောင့်နှစ်ရာ၊ နှစ်ဆယ် ပြည့်သန်္ဓာ၊ စွန်းလေးခုကောဇာ၊ အခါလည်းပျိုနှုံ၊ လပြာသို ရထု၏၊ ကံ ဥပသမ္မဗို၊ ရွှက်ဆောင်ရန် ခန့်တွက်၊ ဆန်းပက္ခဆယ်ရက်ကို၊ မြန်းရွှေစက်စုံနှစ်ဖြာ၊ နန်းမြေချက်ဘုံရတနာသို့၊ ပုံသေချာ မယွင်း၊ ကြွပါ မည်အခင်းကို၊ ဝဝ်စင်းကာ ပြန်ခေါက်၊ သတင်းစာ သံထောက်၍၊ လျောက်လိုက်ပါသည်၊ ဆရာ အရှင် သူမြတ်ဘုရား။

လူမထွက်စေကြောင်း မေတ္တာစာ

ဖြူဖြူဝါဝါ၊ ပြာပြာစိမ်းစိမ်း၊ ရွှေနုံ့သာ
ရင်မှာလိမ်း၍၊ ဝိန်းရွှိက်လို့ လာလာ၊ ပဒုမ္မာ
ကြာစစ်ကို၊ လှစ်၍ပင်ပြပြ၊ ကကခုန်ခုန်၊ ပန်းနှစ်ငုံ
နှိုင်းလွှာကို၊ ပလာပင် ထားထား၊ ပါးဆီကတစ်ခွင်၊
ဆံစည်ဗျာကိုက်၊ ပန်းစိုက်၍ လာလာ၊ ကေသာ
လောမာ၊ ဒွတ္တိ သာဟု၊ အနတ္တလက္ခဏာ၊ တရားနှင့်
ရှာသော ခါ၊ ဘာ မျှ မဟုတ်၊ ရေအိမ် ဟောင်း
ပုပ်သည့်နှယ်၊စက်ဆုပ်စရာ၊ ထိုခြင်းရာကို၊ ဉာဏ်မှာအ
ပြစ်မြင်၏ရှင့်၊ ရွှင်ရွှင်ပါးပါး၊ ထင်ယောင်မှားနှင့်၊ ညီ
ငွား မောင်တို့မှာ၊ ပမ္မင်္ဂ ိတဘာဝေါဒုလ္လဘောဟု၊ မိန့်
ဟောအမှန်၊ လာရှိဟန်ကို၊ ဇကန်မမှား၊ ချင့်ထောက်
ထားရမည်၊ တရားကျမ်းအရလည်း၊ သမ္မယောဂ၊
သိနေဟန့်၊ ချစ်လှသည့် ပြည်ဝကို၊ ပသာဒသင်္ဂဟာ၊
တို့ ပျံ လျော ၍၊ တော ကြီး မြို့ ငွင်း ခွင်၊ ချုံ ထဲသို့
ဝင်သည့်နှယ်၊ မကြင်မချစ်၊ အမြတ်ကိုပစ်ထား၍၊
အယုတ်ကို သွားမည်ကြောင့်၊ မှာကြားလိုက်ပါ
မည်၊ ယဉ် လှ သည့် ညီ က လျာ၊ စင့် ရဲ တော်
မမှုပါနှင့်၊ ဝါတော်က နုနယ်၊ ရွယ်တော်က ပျိုပျို၊
ကိုယ်ဒတော်ကနုနု၊ နုနယ်ချိန်များကို၊ ကိုယ်တွင်းရန်
လှည့်စား၍၊ မှားပါမည်အကြံ၊ လန်ပါမည်တပ်တော်၊
ချော်ပါမည် တပ်စွဲ၊ ထောင်ငါးရာသူရဲကို၊ အောင်ပွဲ
ဇယ၊ အောင်တပ်ကြီး ချမည်ကြောင့်၊ ဝါယာမ
စွမ်းအား၊ သတိတော်ထား၍ပြီး၍လျင်၊တရားနှင့်ချိန်တင်၊
ဉာဏ်တော်နှင့် ဆင်ခြင်၍၊ ညီအရှင်အများ၊ အပျို
ဖြူလွင်လွင်၊ မြင်ရုံနှင့် ထင် စား၊ လိုက် ယောင်
မှားချေက၊ ကျားမိသည့် ခွေး၊ လေးမိသည့် စွန်၊
ကွန်မိသည့် ငါး မိုက်၊ ပိုက် မိ သည့် ဣ ယုန်၊
ဆင်းရဲခံပါင်း ကြဲလိမ့်မည်၊ လူ့ဘုံတွင် တစ်ဝ၊
ဝုက္ကာရာ၊ တွေ့မည်တာကို၊ ပညာနှင့် တွေးမြော်၊
သံဝေဂေါ် ပိုက်ဖြား၍၊ သတိတော် ထားစေချင်
ကြောင်းများကို၊ ကြားမှာလိုက်ပါသည်၊

စလေမြို့ ပန်းပဲသူကြီး မောင်စပေး မေတ္တာစာ

ကေတိ်သ၊ အ ကာ လ ခြင်း ရာ၊ ကန္တာဂနိုင်၊ မြို့ငြိုင်ညိုတောအုပ်ဝယ်၊ သောသောရုတ် တိုင်းမသိ၊ အဆီထိဂေါတ္တ၊ ကိမ်ဝင် သားရဲဘို့၊ နေမြဲပျော်ပါး၊ ကျက်စားရာဌာန၊ အာကာသ အာသဝ၊ ဟေမက နှင်းမြူက၊ ဂေါတြဘုတိုင်ထိပ်ကို၊ အထက်အောက် ပုံးပိတ်၍၊ တဆိတ်မှမလင်း၊ မြို့မင်းကြီးအချက်တွင်၊ ရဲစက်စက်နီလွင်၊ ခေါင်ရမ်းပွင့်အသွင်၊ လောဟိတင် မဏိရုတ်၊ ရေသီတာ ခွေပတ်သည်၊ အနောတတ် ရေကန်မှ ဥမဂ်ရေယာဉ်၊ တ သွင် သွင် မ ကင်း၊ ဆာဝရ သင် ဆင်း သော၊ ခံတွင်း ပြွန်လဟာမှ၊ မေတ္တာရေ အေးမြတ်ကို၊ စဉ်မပြတ် ထွက်စေငှာ၊ ပို့ ဆက်ကာသွန်းလောင်းလေ့ ရှိသော၊ စလေမြို့နေ မြေသယံဇာတ်၊ သိဓာတ်လုံးကြွတ်၊ ဘာဝရုပ်ကို၊ ဖိုနွှတ်သီး၀၊ မီး၀ယ်ချ၍၊ တူမညှပ်ပေါမသွေမလှန်၊ သစ္စာခံအမျာ။ ရဲဘော်သားတို့နှင့်၊ ပြားလိုပြား လုံးလိုလုံး၊ ထုံးလိုပင် ချေလိုချေ၊ အထွေထွေ အရာရာ၊ နာနာဘာဝ၊ ဝိနာဘာဝ၊ စွမ်းနိုင်လှ သောကြောင့်၊ ကမ္မာရ အနွှတ်၊ မချွတ် မလွဲ၊ ပန်းပဲဆရာ၊ မြန်မာနည်းမှီး၊ ဖိုသူကြီးတစ်ဝ၊ အရိယ မလဋ္ဌာန်း၊ ကေန်တရား၊ မဟုတ်ပြားလည်း၊ ဖိုတစ်ပါး အဝင်ဖြစ်သော၊ ဖိုသူကြီး မောင်စ၊ ခင်ပွန်း ဇနီး သားသမီးတို့ ကြားရောက်အပ်သည်။

တောင်တွင်ကြီးမြို့ စီရင်နက်၊ ခွန်ထွက်များစွာ၊ မြေပြင်သာ ဇေသတွင်၊ သုခပျော်မွေ့၊ နေထိုင်လေ့ ရှိသော၊ နှမရင်း ရှင်ထူး၊ ကြည်နူးချစ်ခင်၊ မိတ်သင်တစ်စုတို့ ဥတုသက္ကရာဇ်၊ အနှစ် နှစ်ဆယ်ကျော်၊ ပေါက်ဖော်သာဟင္ဒ၊ မောင်နှမတို့၊ ကွဲကြကွာဝေး၊ အတွေးအထင်၊ သေရွင်မသိ၊ မချိပင်ပန်းယော်ယမ်း တသလျက်ရှိရာ၊ မဟာသိန္ဓေရုံ၊ ရွှေဘုံထိပ်ဖျားက၊ သီကြားမင်း မြတ်နိုးရှိ၊ ရွှေအိုးကြီး သုံးဂါဝုတ်၊ လက်ဆုပ်ကိုယ်ကြပ်၊ အိမ်ခွင်းသို့ လာပြီးလျှင်၊ ယူပါတော့ အပ်သကဲ့သို့၊ အောက်ရပ် အကြေ၊ ပြည်မြို့နေ မောင်စိုး၊ အစ်ကိုနှင့်တွေ့ကြ၍၊ နှမရင်း ရှင်ထူးတို့၏ ကြောင်းလမ်းကို မေးမြန်းရာတွင်မှ၊ မြေပြင်သာဌာနဝယ်၊ တကွစုပေါင်း၊ နေကြောင်းကို သိကြ၍၊ ပါမောဇ္ဇပီတိဖြင့်၊ နိဒ္ဒကိန္ဒယာ၊ ချမ်းသာသည်အကြောင်းများကို၊ မှာကြားစာ ပေးလိုက်ရသည်။ နှမနှစ်ယောက်တို့ကလည်း၊ သုခမြဲကြောင်း၊ ဘေးလွှဲကြောင်းကို၊ ပြန်ပြောင်းခြင်းရာ၊ မေတ္တာစာ စီရေး၍၊ ပေးလိုက်စေချင်သည်၊ နှမရင်းရှင်ထူး၊ ကြည်နူးချစ်ခင်၊ မိတ်သင်တစ်စုတို့။

ပုသိမ်မြို့သို့ စာတိုက်အမှုနှင့်ပေး မေတ္တာစာ

မင်္ဂလာအောင်မြေ၊ သောင်းမဏ္ဍိုင် ချက်ဗွေထက်၊ ထောင်ရဝေလက်ထိန်၊ ဘဝဂ်ထိုင် ယှက်လိမ်၍၊ စက်အာလိန်စိုက်ထောင်၊ ရိုက်ချနှံးကာ ပြောင်သည့်နှယ်၊ ထိုက်သုံးထောင် နေနှက်၊ မန်းတောင်တော် ဗွေချက်မှာ၊ ရွှေကနက်ဟို၊ တေဝဂ် အဆိုနှင့်၊ အလိုတော်ခြယ်သစ်၊ နှံးသိဂ်ါ ဆွဲယ်လွှစ်သော၊ မန်းနယ်ခေတ်အုပ်ပိုင်၊ ရွှေလုပ်မြို့ ချုပ်ခရိုင်၌ အမြို့ဝင် အဝေ၊ အလိုင်သားပြီးစွေလျက်၊ မိုးမြေသို့လိုမှ်လျှံ၊ သတင်းဂုဏ်ခြိမ့်ညံလျက်၊ ရွာရွေခြံမည်သီး၊ ဘွဲ့နာမံ စိုက်ချီးသော၊ နိဂုံးကြီးဇမ္ဗီ၊ ထိုက်မင်းကျောင်း ဌာနီက၊ စာမရီစတေ၊ ကျင့်သီလ မျှားတွေကို၊ ပွားပစေ ရည်ညွှတ်၊ နိစ္စဘတ် တည်ဝတ်ဖြင့်၊ မဆွတ်အောင် နေ့ည၊ နှုတ်ဝစီ ဖြွက်ဟလျက်၊ ဆက်သလေ့ မကင်းသော၊ တပည့်ရင်း ရှင်ပညာ၊ အကြောင်းမျိုးထင်ရာကို၊ သင်္ကာဖွယ်မရှိ၊ သာလွယ်ကူသိလောက်အောင်၊ ကြိယာနောက်ထိုင်၊ ကံကထွား မြိုင်မြို့ ငံနှင့်၊ ယှဉ်ပြိုင်ဆို လျောက်ပါသည်၊

အောက်ရပ်ခရိုင်၊ ပုသိမ်မြို့မဏ္ဍိုင်ဝယ်၊ စံမနီင်ဖက်မမြော်၊ အောက်အထက် နှံ့ကျော်သော၊ ကျုပျော်ရွာ အရင်း၊ ခေါင်းချုပ်မင်း အလှခံ၊ ဘုံသုံးဆင့် ဗိမာန်မှာ၊ မိတ်ပန် ခြယ်စပ်၊ ရိယာပိထ် လေးရပ်ဖြင့်၊ ကိုန်းဝပ်ကာ စံရွှင်သော၊ ဆရာ အရှင် ဘုရား၊ အင် ငါး ပါး အညီ၊ အောက်ပြည် အရပ်ဌာနီသို့၊ မစုန်မီကာလ၊ ဝိသုက်မာလ၊ နတ်ဆရာ မှီရသည့်၊ ပန်းချီတကာ့ ဝိဇ္ဇာ၊ စိတြဂီဝါ၊ ရွှေမင်ဆေး ဇဝါ၊ ပြာသာနှင့်ကွက်ဆန်း၊ သင်ပန်းမလေးတို့၊ နဂါးသွဲ့ခြူးနွယ်ရံ၊ ဝတ်မှုန်နှင့် ဝတ်ဆံ၊ ပြန်ဂဟတ်ပြန်ဂပက်၊ ဇာတ်ရုပ်စုံအထွက်၊ ကောင်းကင်ပံ့ ကျေးငှက်တို့၊ တေးချက်ကျပလီဟန်၊ ဆေးစက်ကျ စီမံလျက်၊ နီဖလံအချုပ်၊ ပန်းချီပျို ခြယ်လုပ်သော၊ ဆယ်လှော်ခုတ်မင်းစံ၊ ရွှေဓာထိုက် ဝိန်းခံကို၊ ဟိုယမန် ခေတ်အနက်၊ ထိုင်းပြည်ရွာ ဖြစ်ပျက်ကြောင့်၊ တောင်ဘက်မြို့ကျေးရွာ၊ ရွာသစ် ကျောင်းဆရာတွင်၊ ဒါယကာငချေ့၊ ကာလိကအနေ နှင့်၊ အပ်စေသည့်အလိုက်၊ သူ့အရံကျောင်းထိုက်၊ တပည့်များ နေကြိုက်၍၊ သိမ်းပိုက်မည့် အကြောင်း၊ စကားစပ် ချောင်းရွာတွင်၊ အကြောင်းမျှ မတန်၊ သူကပင်ပြောင်းပြန်၊ ခံမလို-လှန်မလို၊ မျက်နှာထား အောက်သို့နှင့်၊ ကြောက်ပို့လို ဟန်ခင်း၊ မာန်ပုံကြီး သွင်းလိုက်၍၊ အပ်နှင်းရင်းဒါယကာ၊ ပစ္စည်းရှင်ဆရာ၊ နှစ်ဦးသားဆိုလာမှ၊ ထိုအခါပေးမည်ဟု၊ အရေးလှ ထင်ပြီး၊ ဘဏ္ဍာထိန်းခင်ကြီးက၊ တင်စီးမည့် အနေ၊ ညောင်စေးနှင့်မသွေ၊ အပွေသားကုတ်ကတ်၊ တော်လှ ပြီ အမှတ်နှင့်၊ တရားရပ် မဖြောင့်၊ စကားထွက် ထောင့်သောကြောင့်၊ အကြောင့်ကြမသန်၊ အရှင်မြတ် အထံက၊ ထပ်မံကာတစ်ဆစ်၊ မှာစာနှင့်ပို့သစ်၍၊ ရက် အလစ် မဆိုင်း၊ ရွာသစ်ကျောင်း ခင်စိုင်း ကို၊ ဌာန်းရှိကြားကျန၊ စံကသိုက်းပုံပြမှ ဟဒယကြည်လင်၊ တပည့်များယူငင်၍၊ သဘင်ဘုံဝေယန်၊ အမွေရ ဗိမာန်မှာ၊ ဝန်းရံကာ ဆင့်လောင်း၊ တင့်တယ်မည့် အကြောင်းကို၊ သောင်းဘူမိ ကျက်သရေ၊ ရွာရွေဖြိုး နယ်မြေက၊ လက်ဆယ်ထွေထိပ်ပူးဖြင့်၊ ရှိခိုးတင်လိုက် ပါသည်၊

မန်းရွှေ ခင်မကန်တိုက်က စလေသို့ပေး မေတ္တာစာ

စကြာဇီစက္ကူ၌ ဒွါဒသိန်စက်အိမ်ထက်၊ အာဟိန္ဒ စရိုက်၊ ကောင်းကင်လမ်းအကြိုက်တွင်၊သောင်းတိုက် လုံးကြွေးမှု ်၊ ဗဟိဂုဏမ်းခဲ့သို့၊ ဓနဲ်းယုန်နှင့် သဟ ဇာတ်၊ ကြမ္ဘ ်ကာလနတ်တို့ ်၊ သမသတ်မျှော်ကာ၊ ရွှေကျီးမင်းတာရာနှင့်၊ ငြ ်စွာသို့သွန်းသွန်း၊ ပဏ္ဍာ ဖြန့်ဝန်းရွှဲ၊ ကွန်းအား လုံး ကျက်သရေ၊ တရွှန်းရွှန်း ဝေသည်နှယ်၊ ပရမေရန်နိုပ်၊ ရွှေမင်းစံစက်ရိပ်ထက်၊ နန်းကျိပ်ကျိပ်ဝန်းခြံ၊ မိန့်ဗျာဒိတ်ခိုလှုံသည့်၊ ရတနာ ပုံ မည်သီး၊ ကိုနိုးသိုက်ဝင်ပြည်ကြီးဝယ်၊ မြူထီးရွက် စတေ၊ စက်ဆွေဥဇာ ပျံ့စေလွက်၊ မြန့်သရေနှဲရံ၊ ဘုံဝါးဆင့် ဗိမာန်နှင့်၊ ခင်မကန် ကျောင်းဟိတ်၊ ထိုက်တော်ကြီး နိမိတ်၌၊ ဣသာရမှူးပိုင်၊ နတ်သမု ဉီးထိုင်၏၊ မွေးပန်းခိုင်သိဂီ၊ ထနောင်းထိုင်ဒေဝီက၊ ရွှေညီလာ ဝန်းတက်၊ ကြည်သစ္စာ ညွှန်းဆက်သည့်၊ ဧဋ္ဌနဲဒုက်ထောင်ပ ်၊ ဝဲဆောင်ကေ ့ ဝေယန်ထက်၊ ဖော့ဒွေဟန်လိုလို၊ကျင့်မူဝတ်မည်လျက်၊ ကျမ်းထိုထို ပါဠိပုဒ်၊ ခွန်းမိန့်တော်ရွှေနှုတ်ကို၊ အာလုပ်သံ ပြတ် ပြတ်၊ဌာနကရိဏ်းပယတ်နှင့်၊ တတွတ်တွတ်လွှစ်မြွက်၊ သာရကာကျေးဇူးနှယ်၊ နှုတ်လျာထက်လေ့ လာ၊ ပို့ ချ လျက် ရှိ ပါသော၊ ဆ ရာ တော် ဦးသဒ္ဓမ္မ၊ ဆန္ဒနှင့်အလျောက်၊ စာပြန်ကာ လျောက်ပါသည်၊ အောက်ပြည်ရွာအကြေ၊ နေရပ်မြို့စလေဝယ်၊ ကျက် သရေ မြန့်ပွား၊ ဝေဆာဝင်ခေါင်ဗျာဘို့၊စွမ်းပကား မြီးခိုင်၊ရွှေကျော့ကိုစာထိုင်ကဲ့သို့၊ နယ်မကျိုင်အဝန်း၊ ဆွယ်ရန်ဖြိုင် ထုကွန်းလျက်၊ ဂွမ်းရန်ဘက် ဝပ်စင်း၊ ခြောက်မြို့ပိုင် ဝန်မင်းဏီ၊ အတွင်း ရောက် အထံ၊ လက်ရွေးစံယုံကြည်၊ နတ်မူးမတ် တရထည်သို့၊ပြည် စလေရပ်ကြီးကို၊ မြို့စီးလျက် နေပါသော၊ ဓကာ မြို့အုပ်မင်း၊ ရွှေကြောင်းရင်း ပကတ္တးက၊ ဖြစ်ဖူး သည့် မူလမှာ၊ သုမန နောင်ဆွေ၊ နိုဂြောဓသာမဏေ နှင့်၊ တစ်မြေလုံးကေရာ၊ အသောကဓမ္မာတို့ သံသရာ အတိတ်၊ ပတ္တနာ နိမိတ်ကြောင့်၊ အခီဠာန် နွှင်းညှိ၊ ကြည်သဒ္ဓါ လှိုင်းအိုး၌၊ တိုင်းမသိ ကျေးဇူး၊ ထုံဖူး သည့် ဥပဒေ၊ အနေကျမလစ်၊ မြို့စလေနယ်ခေတ်မှ၊ ဆယ်လှော်သစ် ဆန့်ခတ်၊ ရွှေစတိ ခြယ်လုပ်သည့်၊ နန်းဥက္ကဋ္ဌညာတောင်၊ မန်းဂီရီ သာခေါင်သို့၊ ကြည်း ဆောင်သူ လေးယောက်၊ မျိုးရိကျော လုံလောက်နှင့်၊ ရောက်ပါစေ ပတ္တနာ၊ ထောက်လိုက်သည့် အ ရာ ဝယ်၊ ဒါဃကာ မြို့အုပ်မင်း၊ စေခန့်ရင်းလူစု၊ သူ ထက်ငါ မယုတ်၊ မြစ်ရော ဝဲစုတ်မှ ်၊ စွမ်းအားထုတ် ညီညာ၊ သူရဲကောင်း လက္ခဏာ ဖြင့်၊ ငါး ရာ နှင့် နှစ်ဆယ်တိုင်၊ နှစ်လှာပြိုင် ချည်အတတ်မှာ၊ရက်ကန်း တတ် ကုမ္မာရီ၊ အပလီ ဆန်းကျော့၊ ဖယောင်းပုံ လက်ပျော့နှင့်၊ ဆော့လိုက်သည့် လွန်းပျံ၊ အသံနှင့် တကျည်ကျည်၊ ဝဲလက်ယာ လည်သည့်နှယ်၊ အရွှည် နှင့် အနံ၊ နှုန်စံလံကျော်သောင်း၊ လောင်းလေ့ယာဉ် ဗိမာန်၊ ဆန်ခဲ့သည့်လမ်းခရီး၊ ငြိုးချိမျှမရပ်၊ တစ်ဟုန် တည်းလှော်ဆတ်၍၊ ဘေးဥပဒိကင်းကွာ၊ကောင်းချီးသံ ကြော်ငြာလျက်၊ ရွှေးအခါ ရွှည်ကျူး၊ သာသနာ ကျေးဇူးကြောင့်၊ သီဟိုဏ္ဍ သခင်၊ရွှင်မဟာဗုဒ္ဓဃောသ၊ သိကြားမင်း လမ်းချော၍၊ သဒ္ဓေါတော်အလျောက်၊ ဘပြီးထိုင် ရောက်သည့်နယ်၊ ခရီးထောက်မညီ၊ ဆရာ တော် ပုဂ္ဂိုလ်၊ ဥဒဟို့ ထုတ်ချောက်၊ ပုံစံတူ ရောက် ကြောင်းကို၊ မန်းတောင်စောင်း မြင့်ဝေ၊ ဗျာဒိတ်ရ နန်းမြေက၊ စာရွှေပေ လက်ကမ်း၊ ဇယားပို့ဥဒါန်း နှင့်၊ အောင်ပန်းဆက်သလိုက်ပါသည်၊

ဒီဝဲရင်း ဝသည်းရွာသို့ပေး မေတ္တာစာ

ပထဝီဇလ၊မြေမျှဉ်းဉီးစွန်း၊ ဝန်း၍တည်ရာ၊ မဟာ
ရာဇဌာနီ၊ သိဂီအဝှန်း၊ ပြောင်ပြောင် ထွန်းသည့်၊
ကွန်းမကုင်္ဒ၊ မြေဩဇထက်၊ ထာဝရကိန်း၊ ထိမ်း
သဖြင့်တုံ့၊ ငြိမ်းခွင့် ကြဲသည့်၊ ရွှေဘုံထောင် သစ်၊
မိန့်တော် ခေတ်မှ၊ ကေ် ဇဝကံ၊ ပါ ရပ် ဌာန် ဝယ်၊
မဟလ္လက၊ ပဝရဖြင့်၊ ထေရ်မျှဉ်းအစ်ကို၊ ပညာစိုရ်ဟု၊
အဟိုဝန်းကျင်၊ မွမ်းမွမ်းဖျင်မျှ၊ ဣဋ္ဌကန္တိ၊ မနာပ
အစစ်၊ ချစ်ဖွယ်အာရုံ၊ ကြာပဒုံသည်၊ ပွင့်ငုံ ရက်သုံး၊
ဝိတုန်းပျားမွဲ၊ ဝဲတလှည့်လှည့်၊ စုဝေးရာ ဖြစ်ဘိသို့၊
တပည့်သင်္ဃာ၊ အရာမာ ရှိ၍၊ အထိ ဝိယ၊ အစ္ဆရ
ဘိကျွှ၊ အဘူတပုဒ္ဓော၊ အဟာ သာဓု၊ ထောမနာ
ပြုလောက်သော၊ ကျေးဇူးရှင် ဆရာတော်ဘုရား၏၊
အပါးတော်ရှိ၊ သဒ္ဓိဝိဟာရိက၊ ပဏ္ဍိတ မည် သော၊
တပည့်ပဉ္စင်း၊ စင်းစင်း ဉီးခိုက်၊ လျှောက်လိုက်ပါ
သည်၊ ဗီပဲရင်း မြို့ကျေး၊ ခွန်ပေးဆက်ရာ၊ ဝသည်း
ရွာလျှင်၊ ကျင်လည်ရာအမှန်၊ ဂေါ်ဧရဂါဝံ ရှိသော၊
ဗီသာပါမောက်၊ ဂိုဏ်းထောက်သခင်၊ အရှင်ဘုရား၊
တပည့်တော်များ၏သမဂ္ဂ၊ ဥပသမ္ပဒသိက္ခာ၊ လေးဝါ
မြောက်ရှိ၊ တပည့် ရှင်ပညာသည်၊ ကမ္မဿကအသမီ့၊
လွန် လေ ရှေး ဦး၊ ဖြည့်ဆည်းပူးခဲ့သော၊ အထူး
ကုသလ၊ သမ္ဘာရခွင့်၊ ကြုံက်လာတွေ့၍၊ သိမ်ဖွေ့
မြတ်မွန်၊ အလွန်ကတ်ကုတ်၊ မနုဿတ္တ၊ စသည်အင်စုံ၊
ဖြစ်လာတုံမှ၊ မသုန်လှည့်သာ၊ ကြမ္မာဝဋ်မြိတ်၊
ထိမ်သို့လိပ်က၊ သလိပ်သည်းခြေ၊ သွေးဇလေအထိ၊
ကြိဒေါသ၊ ခန္ဓသုပုန်၊ အလုံးစုံသည်၊ ကုံ၍ကြွလျှင်၊
ဆေးကလျာဏ၊ သုတဇုဋ္ဌိ၊ ကဝိမြောက်သူ၊ လူ့ရွှင်
ရဟန်း၊ အပန်းတကြီး၊ ဆီး၍လက်ကုတ်၊ သိမ်းစွန်
သုတ်သို့၊ ပဋ္ဌာဘုတ်ဆေးကျမ်း၊ ဓာတ်လမ်းကိန်းသေ၊
ကဝေသာရ၊ ဆိုကမလပ်၊ ဇော်ဂီတို့ အတတ်၊
အနွတ္တလဒ္ဓက၊ စာဆိုကျမ်းဩွန်၊ သီလဝန်ဟု၊
အားသန်ကျပ်တည်း၊ ချမ်းသာကြောင်း ဆည်းသော်
လည်း၊ အသည်းအထန်၊ မဆန်ငြင်းသာ၊ ကြင်နာ
ဖွယ်ထိ၊ ကုစ္ဆိဝိရောဓန၊ ပိဋ္ဌနဖြင့်၊ ခွေလဉ်ထု၊
ယခုနှစ်နယုန်၊ ပုဏ္ဏမာအထွတ်၊ ကျော်ခြောက်ရက်
တွင်၊ ယခင်ရွင်ပညာ၊ ကမ္မဇရွပ် ချုပ် လေ ပြီ
အကြောင်းကို ၊ရုံးပေါင်းစေ့စုံ၊ သီသာရုံပြင့်၊ အပို
မထင်၊ လိုရာဝင်၍ အလျင်ကြားရောက်ပါသည်၊
ဂိုဏ်းထောက်ဆရာတော်ဘုရား။

မန်းရွှေ ထီးလင်းတိုက်က တောင်တွင်းကြီးရွှေ နုံကုန်းရွာသို့ပေး မေတ္တာစာ

ပထဗျာ အငှူ၊ သောင်းလောက ဇမ္ဗူထက်၊ ရန်မပြူ ဘက်မကြဲ၊ သဃမ္ဘူ စက်အဟုန်ကြောင့်၊ သမ္ဘာဂုဏ် မြင့်ထောင်၊ ရတနာပုံ မာန်အောင်ဟု၊ စံ အခေါင် နုထွတ်၊ မြို့ ရွာ မြေ တုလွတ် ဝယ်၊ ကျင့် မှ ညွှတ် မညီ၊ ထီး လင်း တိုက် ဗ ဟို ၌၊ များထိုထို ပျက်လျှောင်း၊ ရှိပဏာ ဝပ် ညောင်း သည်၊ ကြပို့ ကျောင်းအရှင်ထံ၊ သြဝါဒ ပုံစံ နှင့်၊ ကောင်းကင်ဟိုမြေလျှိုး၊ တန် ခိုးနှင့် အသုံး၌၊ ထေရ် ဘုန်း ရှိ ဝဲ ရံ လို၊ မေတ္တာစွာနှံ ငြဟ္မစိရ်၊ ဩဒိသ အေးချိုဖြင့်၊ တေးအဟိုသောင်းပြောင်း၊ ဝေးလံစွာ ငြိမ်းကြောင်းကို၊ သွန်း လောင်း လျက် ရှိပါသော၊ ဇာပည်တော် ဂုန္ဓာဝရ၊ ပဏာမဝန္ဒနာ၊ ပူဇော မဂ်လာဖြင့်၊ ဦးတင်ကာ လျှောက် လိုက် ပါ သည်။ နှယ်တပ် မကွေ၊ တောင် တွင်း ကြီး နယ် မြေ ၌၊ ကျက်သရေပျံ လှောင်း၊ စက်ရဝေရောင်မောင်းသို့၊ မုံကုန်းကျောင်းအရံ၊ ဝေဟာသတုံပျံ ထက်၊ အာရုံခံ ဆည်းကပ်၊ ရိယာပိုထ်လေးရပ်ဖြင့်၊ ကိန်းဝပ်ပျော်ရွှင် သော၊ ဆရာရှင်ဘုရား။

ကြားမှာချက်ရွေစာ၊ မေတ္တာတော် ပေလွှာတွင်၊ မာထိကာအချုပ်၊ ထုပ္ပတ္တိအပြား၊ သရုပ်ရေဝါးကို၊ ရှင်ဘုရားသဘာဝ၊ လို လား သည့် ဆန္ဒ ကြောင့်၊ အာလယ အလျောက်၊ ပြီး မြောက် အောင် ကေန်၊ အနည်းနည်းဖွေကြဲ၍၊ ဝေဖန်မည် လုလု၊ အစေခံ မြသော်လည်း၊ အမှု ကို စဉ်း စား၊ တပည့် တော် ဖြစ်လာမှာ၊ ကျေးလက်သား ဇွေးသုံး၊ ငါးကြင်း ခေါင်း တစ်လုံးကို၊ ဝယ်လိုနှုန်းခြုတ်ခြစ်၊ ရယ်ဖွယ် ကြီး ဖြစ်သည့်နှယ်၊ အသစ်လက်မင် ပြောင်ပြောင်၊ အရောင်နှင့် ရွှမ်းရွှမ်း၊ ကြေးကမ္မဝါ ကိုး ခန်း ကို၊ အကြမ်းသုံး အကြမ်းလှယ်၊ ကျပ်ခင်္ဂါး နှစ်ဆယ်နှင့်၊ ဝယ်ရန်မှာ အ ထပ် ထပ်၊ လယ်ရန်မှာ အရပ် ရပ်၊ မြို့အလုံး ကွက်မလပ်၊ ဘယ့်နှယ်ပင်စပ်သော်လည်း၊ ဟပ်ဟပ်မျှမရှိ၊ လိုပတ်ကိုသိမည်မှာ၊ ငွေဇာတိရွက်နီ၊ စံမှီသည့်အသပြာ၊ ကျပ်သုံးဆယ်ကျော်ပါမှ၊ အသာ နှင့်လိုရာကို ရမည်မို့၊ ပထမအမှု၊ ဤကိစ္စတစ်ခုလည်း၊ အနုပ္ပသီဠိ၊ မပြေကုန်ရှိရာတွင်၊ ဒုတိယ ကျောင်း ဆောက်ရန်၊ သုံးတန်မှာ သိမ်သမုတ်၊ စတုတ္ထစည်းခုံ တည်၊ ၎င်းနောက်ပါသည်လည်း၊ ဒကာမည် ရွာမည်၊ တည်ရာတယ်ဌာန၊ ဘယ်ကိစ္စဘယ်ကုသိုလ်၊ အဆိုနှင့် အဆပ်၊ မပါလာလပ်သောကြောင့်၊ ကတ်တတ်တတ် ခက်တက်တက်၊ လူအကြီး အိပ်မက်လို၊ အချက်နှင့် ကျကျ၊ ဆောင်ရွက်ခွင့်မရ၍၊ နောက်ခါမှ တစ်ပုံ၊ သင့်လျော်ရာ လူကြုံတွင်၊ အလုံးစုံမလပ်၊ စာကမ္မည်း လိပ်မှတ်နှင့်၊ နေရပ်မှာ မည်သည့်ရွာ၊ ဒကာမှာ မည်သည့်သူ၊ အလျှမှာ ဘယ်ဝတ္ထု၊ ပြုလိုသည့် ဘယ် ဒေသ၊ ဤကဲ့သို့စသည်ဖြင့်၊ နီသောသမကြွင်း၊ လိုသမျှ အခင်းကို၊ စာရင်းချုပ်သေချာ၊ အကွင်းလိုက် ထင် သာအောင်၊ ထပ်မံကာဆင့်လောင်း၊ ပေးနှင့်မည့် အကြောင်း၊ နေရပ်ဟောင်းဌာန၊ မွေးဇာတိဒေသသို့၊ ခါသမယဆွေးနွေး၊ ပြန်လာမည့် အရေးလည်း၊ ရွေးကနှင့် ခုမခြား၊ ပရိယတ်တရားကို၊ ပွားများဆဲ အခိုက်၊ ကာလနှင့် ကြိုက်သောကြောင့်၊ စရိုက်အား မဖောက်၊ ဘယ်ကာလရောက်မည်ဟု၊ လျှောက်ခွင့် မလင်း၊ ဖြစ်သမျှအခင်းကို၊ သတင်းကောင်း မင်္ဂလာ၊ စာရွေပေ အလင်္ကာဖြင့်၊ တင်အပ္ပာ သလိုက်ပါသည် ဘုရား။

အမရပူရမြို့တွင် သာမညသူက ဖိတ်မေတ္တာစာ

အင်္ဂါ လိန္ဒ၊ စကြာ သိန္ဒဝ၊ မြကုဟ္ဘလီ၊ သုန္ဒြီမနော၊ သဘော ကျောက်ခဲတံ၊ သတ္တမ ဘုမ္မီ၊ အဿကဏ္ဏဂီရိမှ၊ ဒဂ္ဂိဏ မျက်နှာသို့၊ စက္ကဝါ စနစ်နှင့်၊ တာဆစ်၍ ပေါင်းလိုက်သော်၊ သောင်း ပြည့်လုအထွန်း၊ ဟေမဝန်မြောက်စွန်း၊ မြက္ခန်းကြီး ထိပ်ဦး၊ ဆိပ်နဖူးကမ်းယံတွင်၊ အလျဉ်ဝင်သဝဏ်၊ အမွန်ပခန်၊ ကမ္ဘာ့တန်းဆာ၊ မင်္ဂလာညွန့်ရှင်၊ သပြေပင်ရိပ်ကြီးမှ၊ အသီးဖြစ်ချေမှုသည်၊ မြူရာဂီ မငြိ၊ ပကတိစင်ကြယ်၍၊ အံ့သြဖွယ်အနန္တဖြင့်၊ အနည့် အဖို့ထိုက်သကဲ့သို့၊ ဒုစရိုက်ဒုဗိဿ၊ ပါပိဋ္ဌအနိဋ္ဌာ၍ တို့နှင့်၊ မကြိုက်ကြဲမဆက်ဆံ၊ လောကဓံ့ရှစ်ရပ်တွင်၊ လိုအပ်သောလေးမည်ကို၊ ကြံစည်ထိုင်း ပြီးစီးလျက်၊ ဘေးမနီး ရန်မခြယ်၊ စင်ကြယ် ပြိုမ်းချမ်းအပ်သော ကကြောင်းကို၊ ဆုတောင်းလေ့ရှိပါသော၊ အမရပူရ မြို့နေ မည်သူတို့၊ ။ကျွန်မတို့မှာ၊ ရတနာသုံးဖန်၊ ချေမလွန်ဘူး၊ နံ့သာစုံကို၊ အထုံမပြတ်၊ ကိုးကွယ် လိမ်းသပ် ရသော၊ ကျေးဇူးအနေတွင်၊ ဧကရာဇ် မင်းမြတ် တန်ခိုးနှင့်၊ ဆွေမျိုးတို့ မေတ္တာရပ်၊ အထပ်ထပ် ကြောင်း ဟိတ်ကြောင့်၊ ဒုနိမိတ္တ အဝ မင်္ဂလာ၊ ကင်းကွာ လွင့်ပျောက်၊ ချမ်းသာခွင့် ရောက်ကြ၍၊ ဝမ်းမြောက် ရွှင်လန်းကြပေသည်။ နတ် ဝိသုဒ္ဓိ၊ တြိရတနာ၊ ရာဇာကေရာဇ်၊ တက်သစ် နေနွန်း၊ ချေဘုန်းတောင်ဟိတ်၊ အထိတ်ကုသလ၊ ဒုဘဒ ကုသိုလ်တို့ကြောင့်၊ မငြိုမငြင်၊ ကြည်လင်သည့် အခိုက်တွင်၊ အလိုက်သိစွာ၊ သံသရာနောင်ရေး၊ ကံကျွေးထောက်ပံ့၊ လောက်ငုံစေကြောင်း၊ ကောင်း မြတ်သောဝိတက်ဖြင့်၊ ဖိုလ်မင်္ဂအခြေ၊ ရှာပေသင့်သည် တကား၊ဟု၊ ဘုရား အစရှိသော သူတော်ကောင်း တို့၏၊ လမ်းကြောင်း ညွှန်ပြ၊ သြဝါဒကထာ ကို၊ သဒ္ဓါလွေ့လွေ့၊ ကြံအောက်မေ့၍၊ ဒွေ့နှစ် ကဆုန်လသို့ ရောက်လျှင်၊ အဆောက်အဦ၊ လှူရန် ခမ်းနား၊ ဘုရားမျက်နှာကျက်နှင့်တကွ၊ သင်္ကန်း တိစီဝရိတ်၊ မုန့်သာရ၊ လောကဓေတု၊ သင္မဉ္ဇူ မုခပါဌ်၊ ပိဋကတ်စာပေများကို၊ ရေးသား ပြန့်ပွှ၍ ဝတ္ထုအလျောက်၊ ချီး မြှောက် လှူဒါန်း ပြီးသော အဆုံး၌၊ သုံးလောကဝတ်၊ ညီညွတ်စုလင်စွာ၊ ရတနာ စု၊ စံတစ်ခုဖြင့်၊ ရွှန်းမငြီး၊ သမီးမည်သူတို့ကို၊ မင်္ဂလာ တစ်ခန်း၊ လင်စန်းကြိုက်တန့်၊ သန့်စင်သောနက္ခတ်၊ ကောင်းမြတ်သောရက်ပုံတွင်၊ သတင်စုံ ခင်းကျင်း၍၊ နားထွင်း မင်္ဂလာ ပြုလုပ်ပါသည်။ သံသရာ ပန္ဓပ္ပဒ်၊ နှစ်တန်ကိစ္စ၊ သင်္ဘာဝတ်နိဝတ်၊ လေးမြတ်ချစ်ခင်ကြ သည်တစ်ကြောင်း။ အကြောင်းကြောင်းမျိုးကို နှလုံး သွင်း၍၊ ချစ်ခင်ရင်းရှိသည်အလျောက်၊ ဝမ်းမြောက် ဝမ်းသာ၊ ကြွယ်လာပါမည့် အကြောင်းကို၊ ခြားနား သေချာ၊ဖိတ်မနှစ်စာနှင့်၊ မေတ္တာဆက်သလိုက်ပါသည်။

ထမင်းခြောက်ကြော်ငှ် မာန်မူ မေတ္တာစာ

သင်္ကေါငြိုပုဒ်၊ပြဿုဂ်နှင့် လိင်ဝုစ်ဝိဘတ်၊ ပရမတ်ရုပ်နာမ်၊ သတ္တရဒ္ဓနိမေရှ၊ မြေထုစက္ကဝတ်၊ နည်းစုံသွတ်၍၊ မရွှတ်ဟုတ်ထိုင်း၊ ဥက္ကဋ္ဌပိုင်းဖြင့်၊ အလိုင်းတကြိုး၊တောင်ကမ်းဟီးသည်နှယ်၊ အချိုးအဆို၊ စကားပိုကို၊ ထိုထို့ကဲ့ကဲ့၊ ဥာဏ်ပလီ၍၊ ဦးကာ ဒွက်ကာ၊ မဖတ်သာပြီဟု၊ ရှက်နာသည့်အဟန်၊ စာ တစ် လုံနှင့်၊ စိတ်မာန်ရှုံးရှုံး၊ မကြုံဖူးအောင်၊ ဦးစွန်မာ၊ စကားရှာ၍၊ ရတနာရောင်မောင်း၊ ထိုက်မိုးကောင်းက၊ မာန်စောင်းထန်ခက်၊ သူပြုချက်ကို၊ ထွက်ငှာ ရောင်ငှာ၊ မလွတ်သာသောကြောင့်၊ မှာလိုက်သည့် စကား၊ကြားလေသူမောင်ရှင်၊ နားဆင်သည့် ပုဂ္ဂိုလ်၊ သုံးဦးသားအလိုသို့၊ ပြွမ်းကျိ၍ ချက်လိုက်သည်၊ ဘယ်ဘက်ကမနပ်၊ ဘယ်ဘက်ကနပ်သည်ဟု၊ ကျမ်းဂန်တတ်ခုံသမား၊စုံရာသူမြတ်၊ အကဲကိုစဉ်းရအောင်၊ မှတ်လေဟော့တို့ခင် - ကျောင်းကြီးရှင်၊ ဘုရင်ထီးဆောင်း၊ နောင်းသည်ရွေးဖြစ်၊ ရှင်သူငယ်ခေတ်ကပင်၊ ချစ်ကြသည့်ဝါသနာ၊ စာရင်းပါသောကြောင့်၊ ဆရာတူစာတူ၊ သာသနာ တူအမျှ၊ တစ်ယောက်စ တစ်ယောက်တင်၊ သည်လောက်ထိုင်ကြင်ကြသည်၊ ငယ်စဉ်ကမိတ်၊ သဘောထားစိတ်ကယ်နှင့်၊ ရိတ်ခါငယ်ဝေ့ပြီးလျှင်၊ တစ်နေ့ကတစ်ခေါက်၊ သာမဏေအရောက်တွင်၊ ဆွမ်းတော်ခြောက် တစ်တောင်း၊ မင်းလျောက်၍ တောင်းခဲ့တော့၊ မိုးကောင်းထိုက်အမှီ၊ အာရာမဒေဝီ၌၊ ပျဉ်မစီသေသပ်၊ ယဉ်ပလီပွေထပ်သည်၊ ကျူဋ္ဌေစာတ်အဟန်၊ ဝေဠုဝန်ဗိမာန်ဝယ်၊ စံလေသည့်အရှင်၊ ထိုငယ်ကျမ်းဝင်ပေမို့၊ ရွှင်လိုသည်လည်းတစ်ထွေထွေ၊ ရယ်လိုသည်လည်းတစ်ဝ၊ သဘောဖြောင့်သည်ညီက၊ ကျီစယ်၍ စလိုက်သည်၊ကေန္တအဟုတ်၊ဥဇုဝုတ်ကိုပင်၊ မစစ်ဝုတ်ခင်၊ ဝကိုဝုတ်ထင်သည်ဟု၊ တို့ခင်ကအလျောက်၊သည်စာရောက်လျှင်ပင်၊ မြွေဟောက်၏အလား၊ ငါကဲ့သို့ သူမျှားကို၊ လေးစားမလိုက်၊ယားနာရာကို နှိုက်လိုက်က၊ ရိုက်ချဉ်မလွဲ၊ မျက်တော် အိုက် ဆဲ ဆဲကို၊ ဘယ်နဲနှင့်ခံ၊နတ်ဧဝကုမ္ဘက်၊ ခြောက်လုံးပတ်အချက်နှင့်၊ စစ်ထွက်၍လှန်သည်နှယ်၊ တစ်သက်ပန်လုံး၊ကြောက်ရွံ့၍ချုံးဧဗေဟု၊ နှလုံးတော်ရှ၊ ဘယ်သို့မျှားကြွပါနှင့်၊ သခင်ဘုရားညီ၊ ကြွထိုင်းကြောက်၍၊နောက်ပိုင်းသီပါသည်၊ အရည်လည်းမမျှ၊ အစလည်းဝေးကွာ၊တပည့်သို့မျှားဆရာ၊ သိက္ခာကြီးဝါကြီး၊ မထေရ်လောက်နီးမျှားကို၊ ရင့်သီးမာမောက်၊ ဆွမ်းတော်ခြောက်ကို၊ မလောက်လေးစား၊ လျှောက်ခဲ့မှားသောကြောင့်၊ ငွေပြားဟန် - ရွက်ထပ်ဟန်၊ အလံပြန်စောင်ဖြူခြေ၊ ရိုးပုံနှင့် ကွက်ဆန်း၊ စာတမ်းတွင်ပုံပုံ၊ ရိက္ခာတော်ကုလုံ၍၊ သီလဂုဏ် သိရိပုဒ်ကို၊ ဖေါ်ထုတ်၍မှာသည်ဟု၊ ပါသည်လည်း တစ်ချက်၊ အထက်တစ်တန်၊ ဆရာတို့အထံဝယ်၊ ဆွမ်းတော်ဆန်ရကြောင်း၊! တောင်းဖူးသည်တကာ၊ဟု၊ ဆိုအား သည်တစ်ထွေ၊ အလွေလွန်ငှင့်၊ စကား၌စကား တင်၊ တစ်ဝမ်းထွက်ပြင်ပြင်မှာ၊ သမ္ဘာရှင်ဥာဏ်ရှင်၊ ဆင်ခြင်၍ချင့်နှိုင်း၊ သည်ကဲ့သို့မရိုင်းဘူး၊ထိုင်းတမွှဲပိပ်၊ မြန်မာတို့ဦးထိပ်တွင်၊အထိတ်နှင့်ပစ္စုပ္ပန်၊ကံရှိဉာဏ်ရှိ၊ ရှင်လူပင်သီကြ၍၊ မိမိစရိုက်၊ ဝါသနာအကြိုက်

ဖြင့်၊ စိတ်လိုက်မာန်ပါး၊ သူများ ကိုးသည်ဟု၊ ကိုယ်အကျိုးမပွားဘူး၊၊ နားစေ့စေ့နာ၊ တရားနှင့် ရှာလျင်လည်း၊ ဣဒါနိုယခု၊ နလှသည့်သတ္တဝါ၊ ကျွန်ုပ် တို့သူငှါ၊ ချစ်ကျွမ်းဝင်မူရာမှာ၊ ဘာမျှတစ်၊ ဆိုဖွယ်ရာ ရှိ ရှိး လား၊ အရိယာဝံသ၊ ဘုရားရှင် လက်သုံး၊ ဘုန်းသမ္ဘာရှင်၊အာနန္ဒာစင်ကိုလျက်၊ရွှင်မဟာကဿပ၊ ဦး ခေါင်း တော် ပြူ လှ အောင်၊ ကုမာရသည်၊ ဤသူငယ်ခေါ်ဟာဖြင့်၊ မေတ္တာတော် ဝင်သက်၍၊ မိန့်မြွက်သည်သရုပ်လည်း၊ သုတ်ဝိနည်းဘဋ္ဌကထာ၊ နှစ်ပါးလုံးလာပေသည်၊ သို့ရာကိုလည်း၊ သူမလိုက၊ မဆိုလေထိုက်၊ ထုံးစံကိုလိုက်သဖြင့်၊ အထိုက်နှင့် အလျောက်၊ ယခုက နောက်ကို၊ ထမင်းခြောက် တစ်ရွေးနှင့်၊ သေဘေးကထမည်ဟု၊ သမားကပင် သင်သင်၊ ဗေဒင်ကပင်ဟောဟော၊ အသက်ကိုမျော်တော့မည်၊ မပြောပြီ ကေန်၊ သည်မှာ မှန်ပြီမို့၊ လောကဓံဝဋ်ကြွေး၊ အလုံးစုံဖြစ်ရေးတွင်၊ ရွေးမှာ သည်စကား၊ ခုပါးသည်အလှာ၊ အရာရာကို၊ ပညာနှင့်နှိုင်းငြား၍၊ မှားလျင်လည်း သည်းခံ၊ မှန်လျင်လည်း အရေးယူ၊ သူသဘော်ပြုပါမှ၊ သပ္ပုရိသုပ၊ နိဿယ အောင် မျှ။ အင် တစ် ပါး မ ချို့ အောင်၊ သူတော်တို့နည်းမို့၊ ခင်ပွန်းကောင်းပြီမည်ဟု၊ အပလီမသုံး၊စာမရှိနလုံးဖြင့်၊ အမှန်းကိုမခံ၊ အသက်ဆုံးဆင်ပန်၍၊ ဆက်ဆံလို့ အကြောင်းကို၊ မန်းတောင်စောင်းမြင့်ဝေ၊ ဗျာဒိတ်ရ ရွှေမြေက၊ သကၠာရေစကား နှင့်၊ နောင် ဖွား ကို ချစ် သော ကြောင့်၊ စာရစ်တံပုံထို့၍၊ ရိုးရိုးကြီး မှာလိုက်ပါသည်၊

ညောင်ကန်သို့ပေး မေတ္တာစာ

မဒွ ဘမရ ဂဏ စုမြို့တ ဝိကသိတ၊ ပုပ္ပဖလ ဝလ္လိ နာဒ ရုက္ခပ သောဘိတ ကန္ဒရဟု၊ ကျွမ်းဂန်ပြုပုဒ်၊ ပြယုဂ်အစု၊ ဥပဒေထုံးစံ၊ သုံးလွှာဆွေ ဘုန်းလျှံကို၊ နွန်းကန်သည့်နိသ ရည်း၊ကစ္စည်းလာမဆန့်၊ တစ်ကန့်နှင့် တစ်ကန့်၊ ပထျာနည်း သန့် ၍၊ ဖြန့် တ ၍ ့၊ စုထချ့် အစို့်ကွဲအင်းကွဲ၊ ဝဲသူဝဲပျံသူပျံ၊ မောင်နှံစုံအရွေလိုက်၊ ခြေချင်းရိုက် တောင်ချင်းယှက်၊ အနက် ရော အပြာရော၊ ပကောင့် အသနဲ့ ၊ ဗ ရ ပွေ ရောပြွတ်၊ ရှစ်သောင်းကျော်အထွတ်မှာ၊ ပင်လုံးကျွတ် ဝန်းရံ၊ သူ့ထက်ငါ မွမ်းမံလျက်၊ ခုနစ်သံအဆုံး၊ စုံးကြိုးနှင့်ခြောက်ပေါက်၊ တစ်ပြိုင်နက် ခေါက်သော ခါ၊ ကြောက်ပါးလီထန်သည်း၊ နတ်စောင်းကောက် ညည်းသည်နှယ်၊ ဒည်းဒည်းချင်းမ လစ်၊ဃစ်ကုန်သော ပီထုန်း၊ဆွတ်လျက်ကုံး၊ ဝတ်ရည်သုံး၊ ပုံးတချ့် ငုံတစ်လီ၊ ရာသီထိုင်းစွင့်ရရွှင့်၊ အပွင့်နှင့် မျှားလျှား၊ နွယ်ကံ့ကော်ရွှေသားက၊ သရေအား တင့်အောင်၊ စမ်းရေကျကွေ့မြောင်တွင်း၊ အချောင်ချောင်မလပ်၊ အတောင်တောင်နှင်းသတ်လျက်၊ ရွှမ်းဖတ်ဖတ်ပြာရီ၊ မြတ်စွာနလာဘီတို့၊ ဩဟွာစိုရိစာဒီနှင့်၊ ဒွါရသိ မနှောင်း၊ ဝါဆိုမီကိန်းအောင်းသည်၊ ကျောင်း သခ်မ်းရိပ်မွန်၊မန်းမြေစွန်နှင်္ဂိ၊ ဟေမဝါ ဇာထိက၊ ဂီရိရာဇ်တံဆိပ်၊ သိကြားနတ်နှိပ်သည့်နှယ်၊ ဇမ္ဗူဖီပ် မဂ်လာ၊ ဗျာဒိတ်တော်တင်ရာဟု၊နန်းသိဂ်ါ ချက်သို့၊ မန်းစက် ရိပ် ကပ် ခို သော၊ မြတ် နု ဂို ရ် ပြည်ကြီး ၌၊ ရာထီးပိုင်မဟေသီ၊ မြောက်နန်းစံ ဒေဝီက၊ စေတီတော်တ၌၊ ကြည်သဒ္ဓါလှိုင်အိအောင်၊ ထိုင်း မသီပို့ ထပ်၊ အရံနှင့်ထိုးမှတ်လျက်၊ မုခပါဠိသုံးလီ၊ ဂန္ဓဋိစုံစီမှာ၊ အဆီကာရွှေးညှစ်၊ အလီလီဆေး စစ်၊ ကျွမ်းစာသစ်သမိုက်၊ အစောင်စောင်ချည်စိုက် သည်၊ ပြည်မကိုင်္ဂါထွတ်တင်၊ ဆရာတော် ရှင်ပင်၏၊ စက်နှစ်ပြင်ကြာရိပ်၊ ရွှေဘုန်းတော် အောင်ဟိတ်မှာ၊ နောင်အထိတ်ရှည်ကြူး၊ တည်ပူးသည့် ပတ္တနာ၊ ပါသည်နှင့်လိုက်လျော၊ အာနန္ဒာရှင်စောသို့၊ ဟော သမျှဥဿုံ၊ တရားဦးနှုတ်ငုံလျက်၊ ခိုလှုံကာမကင်း သော၊ ဦးပဉ္စင်းမြေးချစ်၊ အထွေးနှင့် အရှစ်၊ အသစ် အသစ်၊ တစ်ခန်းစီနည်းဆစ်၍၊ စာရစ်တံ ထိုးလိုက်ပါမည်၊ ဘိုးဖြစ်သူကျောင်းဒကာ၊ ပထဗျာ ခေတ်အနက်၊သောင်းမဏ္ဍ ိင်္ဂဇွေချက်တွင်၊ အထက်ကို ကောင်းတုံ၊ အောက်ပြည်ကို ရန်ကုန်၊ အစုန်စုန် အဆန်ဆန်၊ လှန်ပလေပြန်ပလေ၊ ဘိုးဘတို့ချက်ကြွေ၊ ညောင် ကန် ရွာ ကျက် သ ရေ၊ အနေကျ မကြို့ ၊ သတင်းဂုဏ် ညှင်းညှဉ်နှင့်၊ သင်းရန့်တကြူကြူ။ ဖန်ရွှေ ဂူလိုဏ်မုခ်၊ စိန်ဖန်မှန်ခြယ်အုပ်လျက်၊ ပြောက်ရုပ်ပုံ ရောင်မောင်း၊ ခေတ်မွေရှင် ကိန်း အောင်း သည်၊ ကျောင်း ဘုရား အဆူဆူ၊ ပါရဂူကိစ္စ၊ ကျွမ်းထိုထို သိပ္ပနှင့်၊ ဣဿရသတ္တိ၊ ကုန်အောင်စုံ ရွှတ် ညှ ၍၊ လွတ်မခ်ိန့်.စပ်၊ကမ်းအဟိုက္ခးခပ်သည်၊ကျွမ်းကန်တတ် တလူလူ၊သူတစ်ဉာဏ်ငါတစ်ဉာဏ်၊ခမ္မခန်အထပ်ထပ်၊ ရာဇသတ် အဖုံဖုံ၊ အသိစုံ အညှိခုံ၊ နိယတ္ထံမလပ်၊ သောသောအံ့ ကြည်မြတ်မျှ၊ ရပ်မူလဇာထိ၊ ဘဒ္ဒကပ် အာဗိက၊ ပညာရှိ မျိုးစေ့ ့၊ ဩဟွာတို့ စုတေ့ ၍၊ တစ်နေ့ထိုင် မည်း၊ သည်မှာချည်း ပျိုးသည်နှယ်၊

အဘိုးတို့အနွယ်၊ တန်ခိုးဂုဏ်မပြယ်၊ ကြွယ်သည်နှင့် တစ်ကြောင်း၊ နောက်နှောင်ကိုမပျက်၊ သားမြေးမြစ် ဆက်သဖြင့်၊ ဇနက္ကသတို့။ မိဓိလာ မင်းရိုးတို့၊ အမျိုး၏သနစ်၊ အမိမှာညစ်ဖျစ်၊ မေးစစ်သည် တစ်မူ၊ သုမေဓကထာ၊ ဘုရားလျှာ လူ့အသွေး၊ ဂုဏ်ပုဒ်ကို ထေးရာတွင်၊ ဘေးမကခြစ်ခြတ်၊ အရေးလှ စစ်ဝှတ် လျက်၊ သံသုဒ္ဓ ဂဟာ၏၊ လာရှိသည်တစ်ဝ၊ အာစရိယ ပရံပရ၊ သိဿာနုသိဿ၊ ဝံသာနုက္ကမ၊ ကျမ်းထိုထို အပြာ၊ ပရမ္ပာဝရ၊ အနုနှင့်မက၊ အစုစု နှိုင်းဆလျင်၊ အဓိကသဒ္ဒါ၊ အရာကို ထောက်လှမ်း၊ ယုတ္တိစမ်း တစ်ပုံ၊ အာဂုံနှင့်တက္ခ၊ ဦးပဉ္စင်း ဆန္ဒကြောင့်၊ ဥဒ္ဓေ သ သရုပ်၊ အ ကျွဲး မျှ ရွေး နုတ် ၍၊ ချုပ် လိုက် သည့် စာ တမ်း၊ ဒ ကာ ကြီး လက် စွမ်း မှာ၊ ကျမ်း ဂန် ရင်း မူ မှန်၊ သ ဏ္ဍ ဋ္ဌ အ ဘိ ဓာန်၊ ဆရာတို့နည်းခံလို့၊ ဉာဏ်ရှိသူ-ဉာဏ်နက်သူ၊ အလွယ် နှင့်တကူ၊ ယူစဖွယ်-မှတ်စဖွယ်၊တတ်ဖွယ်ကြီးမချွတ်၊ သို့ ဖြစ် တုံ လတ် သော် လည်း၊ အ နာ ဂတ် ရွေး၊ နောင်လာသူတစ်ဝေးလည်း၊ မြေးတို့နှင်နှင့်၊ အကျယ် ၊ကို မြင်ရအောင်၊ ယခင်ရောက်ရင်း၊ ခရားစောက်ပုံ အင်း တွင်၊ စာ ရင်း ကုန် မြဲ.မြဲ.၊ ဋီကာဟိုလှိုင်းခွဲ၍၊ အကြွင်းမဲ့ကုန်ကုန်၊ သိလို သည့် အာ ရုံ ကြောင့်၊ ရတနာပုံ အောင်ချာ၊ မန်းတောင်စောင်း လက်ယာက အကွရာလုံးညီ၊ ရွှဲအကုံးသီသည်နှယ်၊ ထုံးအမှီပြည့် လျောင်း၊ နည်းနယသောင်းပြောင်းနှင့်၊ ထက်ကောင်း ကင် အမွန်၊ မေတ္တာမိုးကြဿန်၍၊ စာတံခွန်လွှင့်လိုက် ပါသည်။

သဝိတ်လှူ မေတ္တာစာ

ဘုမဇ္ဇာလိပ် ၊ ဇမ္ဗူဒီပ်ထက်၊ ဖြူရိပ် တာဝန်း၊ စက်ပြိုင်ထွန်းသို့၊ ကွန်းများနိတုံ၊ ရတနာပုံဟု၊ ကုန္ဒဒီရစ်၊ ဗျာမန်းခေတ်၌၊ နတ်စစ်သမူ၊ အောင်ပွဲလုသည်၊ ကမ္ဗလွေးရိုက်၊ ဘေးတော်ထိုက်က၊ ယာပိုထိုးစုံ၊ မျဥဝကုန်လျက်၊ အမဲပြည့်နှက်၊ ထုံပန်းရက်ကို၊ လှမ်းဆက် လေ့ ရှိ ပါသော၊ အန္တေ ဝါသိက၊ အာစာရအကျော့်၊ နာမံခေါ်အနှတ်၊ ဘွဲ့တဓူတ်ပြင့်၊ လေး ကတွတ်ဆိုင်၊ နောတဇ္ဇာပြွန်ဆိုင်က၊ တစ် ပြိုင်တည်း အထွက်၊ ထိလက်သာ- ကျောက်ထက်မှ၊ နတ်လက်နှက်ချိန်သလို၊ ကြိမ်ပစေသောဟု၊ ဧောက်စွဲအဖြာဖြာကို၊ ဩဓိသ ပတ္တနာလျက်၊ လျောက်လွှာစီရေး၊ ညီအထွေး ကိုအောင်နှင့်၊ နောင် ကနိဋ္ဌရင်းချာ၊ ဆရာ ကျေးဇူးဂုဏ် ဘုရား၊ နှစ်ပါးတို့ ပျော်စံ၊ စလေမြို့ ရပ်ဌာန်၊ လေသာထိုက် ဝိမာန်သို့၊ စာပြန်ကြားရောက်လိုက်ပါသည်၊

နောက်နောက် ရွှေ့ရွှေ့၊ အလေ့ ဘာ သာ၊ သင်္ဘဝါဓရိုက်၊ မိုက် တတ် သည့် မှော်င်၊ အဝိဇ္ဇာ နှောင်သောကြောင့်၊ ကမ်းသောင်သို့မဆိုက်၊ ဝဲအမိုက်မှာ၊ အလိုက်သင့် စုန်မျောချ၍၊ အာသဝေါမပျက်၊ နံယတုံစက်ကဲ့သို့၊ ကွက်လပ်မချ၊ ကုမ္ဘံကြာမှ၊ နွတ်အာဘော်ရွှန်ရွှ၊ အဋ္ဌကွရ၊ စတုကပါဠိ၊ တစ်ကဏ္ဍ ရွတ်လျှင်ပင်၊ နတ်အစုလူအပုံ၊ ကျွတ် သည် တုံကို လျက်၊ မကြဲရတို့နှင့်၊ ဂါတို့နယ်ဖင့်လေဟု၊ အခွင့်ကို ကြိုက်လှည့်၍၊ တပည့် တော် အာစာရ၊ ပုဗ္ဗကမ္မ၊ ရွေးကဝါသနာ၊ အရင်းပါသည်နှင့်ညီစွာ၊ တောင်ဇမ္ဗူဒီပါလက်ယာမြေကျွန်းဆက်၊ အဝန်းကိုးယူဇနာ အရှိ၊ ဇင်္ဂီမဇ္ဈေသ၊ သမ္မတက၊ စ၍စဉ်ဆက်၊ ကနက်စိုက်ဆောင်၊ ပြည်ထောင်နှစ်ဆယ်၊ ပယ်နယ်အရပ်ရပ်၊ သောင်္ဂသနဂိုရ်၊ တက္ကသိုလ်အတတ်၊ လူရပ်နတ်ကျွန်း၊ မထွန်းစဖူး၊ အ ထူး ဝိသေသ၊ အနုလောမဇာတ်၊ ပညတ်သည့်ဝတ္ထု၊ အစုစုကို၊ ခုရအင်္ဂိ၊ ဒမိကုသ၊ နလ ဗလဝါ၊ သမုဒ္ဒရာရေဝုစ်၊ ဝဲအစုပ်မှ၊ ငုပ်လျှိုးသရွေ့၊ ဖြိုးဖြိုးလွေ့မျှ၊ ချောမြေ့ကောင်းမွန်၊ ဝေကန္တက နာဂ၊နာသိကသံ၊ ပလ္လင်သွပ်၊ ဝဋ္ဋလောဟ၊ဝေဠုရိယ အ မျိုး၊ တန်ခိုးပြင့်ပြီးသည်၊ မြေကြီးသင်္ဘသင်္ကထို၊ လက် နှက် သ မား တို့၊ ယန္တရားစက်တင်၍၊ မမြင်စကောင်းရာ၊ အသူတစ်ရာ လိုဏ်ခေါင်း၌၊ ပုန်းအောင်း စီမံလျက်၊ သူရကန်မီးရှို့တွင်၊ အကြိမ်ကြိမ် ဖုတ်သကဲ့သို့၊ ပရဘုတ်ရန်၊ အလျှံအရောင်၊ ပြောင်လိုလိ-လောင်လိလိ၊ ပကတိ တွေထိ၊အဓိကရဏသာမိ၊ မှတ်အပ်သော ဝတ္ထုသည်၊သမ္မည်ရှိန်ဌေကို၊ ကြိမ်တွေ့မည်ရက်၊ ခါနဲနက်တွင်၊ အက္ကနိဋ္ဌ၊ ငြဟ္မဉကုသိုလ်၊ ပတ္တမြား ညီရောင် ကျောက်၊ ခြောက် နှစ် ခန့် အမြောက်တွင်၊ ကွယ်ပျောက်သည်အပြီး၊ ညောင်ဓောဓိအနီး၊ လမ်းခရီးအကွေ့၊ ပူးတွေ့ရမြင်သဖွေ့၊ တပူဏ္ဏသည်နောင်လျှူ၊ ခံယူမည်ခေတ်၊ အကြံတော်ဖြစ်ရာတွင်၊ မဟာရာဇ်နတ်၊ လေးပါးသောအမတ်တို့၊ လှုအပ်သည့်အဆုံး၊ ဘုန်းတော်ကြောင့်သစ်၊ လေးနားရစ်နှင့်၊ ဖြစ်ရသည့်သပိတ်၊ ဌာဒ္ဓမယ အတတ်၊ တုံ စိုး ကွပ်၍၊ ခတ်လုပ်ဖန်ဆင်းသော၊ အချင်းနတ်လက်သမားတို့၊ ဝါးပါးသော ပုဗ္ဗနိမိတ်ဖြင့်၊ စုထိစိတ်ကျခဲ့၍၊ မြန်မာ့ဦးစွန်း၊ တည်ထွန်းရာ

ဌာန၊ ရွှေဝမြို့ကြီးတစ်ဘက်၊လက်သစ်ရပ်ဒေသတွင်၊ ဂဒ္ဒဿေဃျက၊ ဖြစ်လာကြလျှင်၊ ဘဝမချ၊ ဝါသနာအဟုန်၊ထုံခဲ့သည်အရ၊ တစ်ရာ့တစ်ပါး၊ မျိုးခြားပြည်သူတို့၊ စံယူနည်းခိုး၍၊ ကြိုးပမ်း စွမ်းဆောင်ခြင်းငှာ၊ မတတ်ရာသောကြောင့်၊ နတ်သားဘဝ၊ ဖြစ်ပလေပြီဟု၊ ကေန်တိတိ၊ တွေးသိစေလောက်သော၊ ယောကျ်ားကောင်းအကျော်၊ အသုံးတော်ခံ၊ စံတစ်ခုပြု၍၊ကုသိုလ်တော်အလှမှ၊ကံကုန်၍ရလာလျှင်၊ သဒ္ဓါဝုဇ္ဈင်မဒုဏ္ဍစိတ်ဧောတွင်၊ တယော ပတ္တေကနိဋ္ဌ၊ ဒွေဘာတိကာ စရိယာနံ၊ ကေမေက် သမာဒမ္မိ၊ပရိဘုဥ္ဇတု ယထာသုခံ၊နှုတ်အာသံမဆိတ်၊ အတိတ်ပစ္စုပ္ပန် အနာဂတ်၊ ထိုသုံးရပ်ဝယ်၊ ဥပါဒ်သော စေတနာနှင့်၊ အခါခါရွှေးရွယ်လျက်၊ ပြုလိုက်သည့် ပုညကြောင့်၊ သမ္ဘုဒ္ဓ မြတ်ခေါင်ကို၊ ဃဋ္ဋိကနတ်မောင်တို့၊ နော်မာသောင် ကမ်းထိပ်ထက်၊ သပိတ်တော်လှူထူးကို၊ လက်ဦးစွာ ကပ်လေသို့၊ ဘဒ္ဒကပ် ဤခေတ်တွင်၊ ဖြစ်လတ္တံ့ထင်ရှား၊ ဘုရား၏ ရွှေလက်ထက်၊ အာဏာတော်နက်မှာ၊ တေဒဂ် အရာနှင့်၊ မြတ်သာသနာ ခိုကိုး၊ ဖြစ်လာသူ လူမျိုးကို၊ တန်ခိုးဖြင့်ရှာဖွေ၊ သပိတ်မိုးစွေနှိုင်အောင်၊ သုန္ဒရေမြေနတ်မှာ၊ ထိုင်သက်သေ စွဲမှတ်၍၊ ဧာတ်နိပါတ် ရွေးထုံးဖြင့်၊ အဖုံးနှင့်တကွ၊ သုံးလုံးသော ပတ္တကို၊ ကနိဋ္ဌညီမင်းနှင့်၊ ဦးပဋ္ဌင်းဦးကေလာ၊ ဆရာကြွေးငွေးရှင်ဘုရား၊ သုံးပါးတို့အထံ၊ သံသရာ ရွှေးရွယ်လျက်၊ ကပ်လှူဆောင်နှင်းလိုက်ပါသည်၊

အင်းချောင်းရွာသို့ပေး မေတ္တာစာ

ပထဝီပံသု၊ အဏ္ဏဝါဓမရုနှင့်၊ ခွေရထုပတ္ထနာ၊
မြေဇမ္ဗူ့လက္ကိုဝဝယ်၊ ဧတ်တရာညွှန်လမ်းသင်္ခန္ဓာ
ကွန်သန်းလျက်၊ သူယောင်နန်းရိပ်မြုံ၊ ပွင့်ဝတ်မှန်
အသွယ်သွယ်၊ ပုလဲလုံးခြယ်သည်နှယ်၊ ရယ်သလို
ပြုံးသလို၊ ပေဝံဝေးသူ ငိုစေသို့၊ဝိဇ္ဇာဓိရုံပျော်မြန်း၊
မြွေရည် ဖက်ဆန်းနှင့်၊ ယုန်စန်းကျော့ လက်ယာ၊
ရေသီတာလျမ်းပြည့်၊ သတ္တရဒ္ဓန် ဝန်းလှည့်လျက်၊
ကွန်းကွန်း၏ ကေရာ၊ဒေသစာလှည့်မြန်း၊ တေဇသာ
ပြည့် လှမ်း လျက်၊ ကြည့် မနှန်း အုံမ ကုန်၊ ဖိုလ်
ကနက် ဖြန့်လှိုင်၍၊ ဂဂိါမု့ဝါလှ၊ သဲအစုတမျှ၊ ပွင့်ကြ
သည့် စိန္တေယျာ၊ ဌန္ဒြေဝါထဲရင်း၊ ရှိန်တေဇာ
လျှံ ပြင်းသည်၊ မင်းမင်းမျှား ဇာနေရာ၊ ကွန်းဇမ္ဗူ
အောင်ချာဠ်၊ ထောင်ငါးရာ ထိလေ၊ သားရဲရန်
ညစ်တေကို၊ လှစ်ချေကာပယ်ဖြတ်၊ ဟနဓာတ်
သံရှေး၊ ကင်းဝေးစိမ့်သဘာဝ၊ မိုးကြိုးစက် ချသည်
နှယ်၊ နာဂတစိန္တီတ်၊ရာအပြန်ကောင့်၊ စက်ဝရဇိန်
ထွန်းညှိသို့၊ကွန်းသီရိစည်ပင်ရာ၊ မဟာမြို့င်-ကန္ဓာ
မြို့င်၊သာနိုင်မျစုံတော၊ ကြာငါးစုံ ရံခွေသာလျက်၊
နေဘတ္တာကန္ဒယီ၊ သုန္ဒြီနန္ဒမူ၊ နန်းချေမြို့လိုဏ်ဂူမှ၊
မာန်ယူကာကြွားကြွား၊ ယူဇနာရပ်မျှားမှာ၊ အစိမ်း
စားအရှင်ဖမ်း၊ စွမ်းတတ်သည့်ကေသရာ၊ ဝိဇ္ဇာပျံ
တပသီ၊ ဇော်ဂီတို့ အဓလေ့၊ ပျော်ရွှေ့ကြနေရာ၊
ကေလာတောင်-ဝေဘာတောင်၊ ဧရာမှောင်မြို့ငတုပ်၊
တေဇာရောင်ထိုင်ချုပ်လျက်၊ တီးတုတ်သံအာလုပ်သံ၊
ဌာနံကရီဏ်းပြိုပြီ၊ တိတိတုတ်-တိတိထုတ်၊ ခုနစ်အုပ်
ရှစ်အုပ်၊ မွတ်သူ မန်းသူ၊ ဗရပူကြွက်ကြွက်ထိုး၊
ပန်းပေါင်းနှင့်ဆေးရိုး၊ မိဠာရကြောင်မျိုး၊ ထိုးသူထိုး
နှံသူနှံ၊ ပရိတ်ကြီးဓေဋ္ဌ၊ သတိပဋ္ဌာန် ဂါထာပျံ၊
သမ္မုဒ္ဓေ သွာဈာတော၊ ဣတိပိသော ဘဂဝါ၊
သရဏဂုံအခြာ၊ ဂါထာရော-အာဏာရော၊ အင်း
ကောနှင့် အင်းစောက်၊ စားပွဲရှောက် ကြောင်
ညီနောင်၊ မိုးမှောင်ကျ သန့်လျက်စွဲ၊ သူရဲကြောင်
သူကောင်ချီ၊ အင်းမှီနှင့် အင်းထိုင်၊ ရွှေဂူလိုဏ်
ဥမင်ထွက်၊ ကြောင်နှက် လက်မနိုပ်၊ အရိပ်ဖမ်း
အသံဖမ်း၊ မြီးပျမ်းကြောင်- မြီးကိုက်ကြောင်၊ ကျီး
ညီနောင် ကြက်ကောင်ကိုက်၊ အလံစိုက်သားမအုပ်
သစ်ကျားများ ရုတ်သည့်နှယ်၊ စုတ်ကြသည့် မန္တန်၊
အပြန်ပြန်အလီလီ၊ မသီတတ် မကုံးတတ်၊ ရွှေမြင်းမိုရ်
ခုလပ်ဝယ်၊နတ်ဝိဇ္ဇာတပသီတို့၊စံမှီးသည့်ကျက်သရေ၊
သိဒ္ဓိစုံရွှေသည်နှယ်၊ ကွန်း မဟေ ညာ သိမ်၊ အင်း
ချောင်းရွာ ဂါမိနိဝယ်၊ ရပ် မဟိန် ဇော တရသီ၊
သူတော်တို့ လိုဘတ်ကို၊ ဖြည့်စွမ်းတတ်အလွန်၊ ပုဂ္ဂိုလိ
မြတ်သီလဝန်၏၊ ဂုဏ်အဝှန်တေဇော၊ ဥပမာ ဗွေရွာ
လျှင်၊ ရေသီတာရစ်ခွေ၊ မွေ့မေဇ္ဈမေရှ၊ မြဃုဂန်
ဗွေထုထက်၊ ပုလဲဥဋ္ဌေဝတ်မှန်၊ ကြဲဖြန့်လျက်ထုံသလို၊
အစုံစုံဖြာကျ၊ အင်္ဂဇာကာသဝယ်၊ နက္ခတ္တာသမယိ၊
ကြယ်အပေါင်း ဝန်းရံလျက်၊ အာကာယ် ထိမ်နှန်း၊
လမ်းသုံးဝ ကူးသန်းလျက်၊ ညာကွန်းသို့ အယွန်း၊
ဝန်းဝန်းကြီး ကြွားကြွား၊ ဒွေသော်တာ ရထားနှင့်၊
တွားခနဲထွက်ပြူ၊ မှားဗိုလ်ထု ရှင်လူကို၊ ဖြူစင်စွာ

သဘောတွင်၊ ရွှင်မောစွာ သောမနသ်၊ အထပ်ထပ် လွှမ်းမိုး၊ ကိုယ်စိတ်ပါ ရွှန်းအိ၍၊ ဂွမ်းဆီထိအတူတူ၊ ပန်းရိသူ ဝေနေလူ၊ ပြည်နိဗ္ဗုတိုင်ထိ၊ ကယ်တင်ယူ ချီအံ့ဟု၊သမ္မောဓိ ဆုပန်၊ အာအဘိမုခ်၊ သံဝဏ္ဏနာ အဖွင့်၊ ကျင့်အပ်သော သတ္တိ၊ အာစရိယ သကတ်၊ ဂုဏ်ပြပ်မှာကို၊ တတ်သိထိုင်း ဆိုရလျှင်၊ စာဆိုသူ လွယ်လွှက်၊ ကန့်ကွေး တက်မည်ကြောင့်၊ လက္ခဏာ သဘော၊ လဒ္ဓါတပတ္တော ရာဇကုမာရော၊ ဧသေဝ နယောဟု၊ အတ္ထောကို ရွှကြည့်၍၊ တပည့်နှင့်ဆရာ၊ ဩဝါဒ ပတ္တ နာဖြင့်၊ ကြောင်းခြင်းရာ စကား၊ ရှိသေစွာ ဝပ်စွားလျက်၊ ရွှေနားတော်သုခ၊ လျှောက်ထားရန် ဆန္ဒနှင့်၊ တဝတည်းရေးသား၊ မေတ္တာကြီး ပွားမည်ကို၊ ဘုရားရှင်အရာ၊ ထိုင်းကာသိ ဗာရာတွင်၊ မိန္ဒာယူ ယွင်းကွက်၊ မှသိက ထုဖက်၍၊ နတ်စက်နှင့် အုပ်ကွပ်၊ စောင်းကြိုးကုန် လွတ်သည့်နှယ်၊ စာညွှတ်ခါ ကောက်တော့မည်၊ လျှောက်ပါသည် ဘုရား၊

တပည့်တော်မှာ၊ ရွှေနှင့်သော်တစ်မူ၊မတူကြလေတိ၊ အမိလည်းစုတေ၊ ဗဇေလည်းဆုံးရှုံး၊ ညီမျှားလည်း ပျက်ပြုန်း၍၊နှလုံးလည်း မသာ၊ ရွေဝေးသည့် ရွှေကြာသို့၊သြွေးခွေကာနွမ်းယိုင်လျက်၊တမွှိုင်မှိုင် သန်းခွက်နှင့်၊ဖြစ်ပျက်ကို တွေးငေါ်နောက်ရွှေကိုထောက် မြော်လည်း၊ မလျော်နိုင်တဆိတ်၊ ဧောဘဝင် ကြံစိတ်နှင့်၊ တဆိတ်မျှ မစက်ဘဲ၊ နှစ်ဆောင်ပြိုင် ရိပ်ထဲမှာ၊ ကြိတ်ခဲ၍ ထိတ်ထိတ်၊ ခေါင်းမိုးကို ခြံအိပ်၍၊ ကိုယ်စိတ်က ကြုံးဝါး၊ လူလားဟဲ့ ယောကျ်ား၊ ဝါတွင်မှ ကွက်ပြား၊ ဘယ်တွက်ကြောင့် မှားမည်လဲ၊ အမှားတကာ ထုံးနဲ၊ မလွဲသာဇိစ္စ၊ ဖြစ်သမျှ ပျက်မည်၊ တစ်ဆင်ခြင် မလွှေ၊ သမ္မေ သခ်ါရာ အနိစ္စာ၊ ဥပ္ပါဒ ဝယ ခမ္မိနော၊မိန့်ဟောချက် ထင်ထင်၊ သို့ပါလျက် ဖြစ်အင်ကို၊ မကြည်ရွှင်ခွေလျောင်း၊မရှိအပ်စကောင်းဟု၊ ဖျောင်းဖျခါ သမတ်၊ အတန်တန် ကွပ်ညှပ်လည်း၊ မတတ်အားလေအောင်၊ဟဒယ ဖုန်းခေါင်မှာ၊ ပူလောင်၍ ညှိုးချုံး၊ ကြိမ်မီးကင် ထုံးသည်နှယ်၊ နှလုံးထားမကြည်ဖြူ။ မိန့်ဖ မဲ့သူကို၊ လူ ဆိုမည် ကိုလည်း ရွှက်၊ စိတ်ဒုက္ခ ဝိတက်နှင့်၊ မသက်သောင့် မသက်သာ၊ ဗျာပါရော-ဘယာရော၊ သောကတွေ ပြောင်းဆန်၊ ကျောင်းကန်မှာမခွေ့၊ ပုထုဇ်ခလေ့၊ သထိထား လျော့မေ့၍၊ တစ်ခွေက ဟို ရက်မှာ၊ လူဘက်ကို စိတ်ကူး မိမူးသည် တစ်ခါ၊ တွားခနဲ သထိလာ၍၊ဘာအတွက်ဝန်လေး၊ဆရာရှင် ရှိသေးဟု၊ တွေးတော လိုက်ပြန်ရာ၊ ကျန်းမာ စိမ့်လေဒ္ဓာဟု၊ ဆောင်ဦးရာ ဘုံမြိတ်က၊ ထိတ်လန့်ခြင်း သံဝေဂ၊ ရသလိုးပြု၊ မေကနှင့်မုဉ္ဇ၊ ဂါထာပြန်စထုံကို၊ ပုနပုဖန်ဖန်၊ နုပဋိလောမ်လျက်၊အပြန်ပြန်မှတ်မန်း၊ သုခတွေပြည့်လျှမ်းလျက်၊ ချမ်းသာမြဲပကတိ၊ရှိရသည့် အမှုဆရာကိုအားပြုလျက်၊ ယခုလည်းကြည်ဃို့၊ မေတ္တာဟုန်ကေးငှေး၊ထူးလှသည့်သဘော၊မိဘရောဆရာစာရှေးကထက်စိတ်စောချီ၊ ဩဝါဒခံလို့၊ ထံတော်ကို အရောက်၊လာချင်စိတ်ပေါက်သော်လည်း၊နှစ်ယောက်ကယ် မခင်၊ ရပ်ရွာကို မြင်သောခါ၊ ငိုချင်လျက် သူငယ်ကို၊ လက်တို့ကာ ပြယ်သည်နှယ်၊ ဆရာဝယ် မပြောင့်၊ စိတ်သောက နှောင့်မည်ကို၊ ကြောင့်ကြသည်အစို့စို့၊ တောင့်တလျက် ရှိမည်မို့၊ သည်ဆီသို့ ဝိဟာ၊ သည်ဆီကို ရပ်ရွာဟု၊ မည်သည်ဟာ သိရင်းနှင့်၊ သင်္ကြန်မင်းအကူး၊မိုးမြူးစ ဝသန္တ် လပြဲဆရာသီတွင်၊ စာစီ၍ လျှောက်ကြားလိုက်ပါသည်၊

စိန္ဒာမြိကိုယ်တော်က ဆရာထံပေး မေတ္တာစာ

ဂိရိဒ္ဓ၊ သမန္တပါရိဝ၊ ကမ္ဘာပြုသယံဇာတ်၊ ကျောက်ပြာသာဝန်နန်းဦး၊ ငါးဂိရိဘွတ်ဖုံးဝယ်၊ ကွန်မြူးသည်ကျေးငှက်တို့၊ ခြေတစ်ဖက် ကြွလှုပ်း၊မဠ္ဂုရုံမြနန်းက၊ ဆန်းကလာပ်ဒဏ္ဍီ၊နာဂရီသီဟိုဠ်၊အာလုပ်သိရိုဏ်နှင့်၊ မ-ဖို ခေါ်ကြွေးကြသည်၊ ဟေးဟရေးနိပါတ်ပုဒ်၊ ကြိုယာ ဝေဝုစိန္တင့်၊ လျာန္နတ်ကပေါ်ပါ၊ ဖောင်းကားနှင့် ကြက်တော၊ သာရကာ ဥညြတို့၊ အာသဝေါ မကင်းသူကို၊ စိတ်ပူအောင် နှောက်ကျိ၍၊ ကလီသည်လက္ခဏာ၊ ဂန္ဓမာ နန္ဒဝါ၊ ကေသရာမှန်၊ ပန်းမျိုးစုံရန်ကာ တပျို့ ပျို့သင်းထုံ၊ ဂန္ဓာရုံအပေါင်းလည်း၊ နှာခေါင်းနှင့် သဟဇာတ်၊ ဘူတရုပ် စေ့စပ်၍၊ ဥပါဒ်ခဏထိသောအခါ၊စိတ်ပီတိကာမဇော၊ အသည်းကို ခလောက်၍၊ ခွေးပေါက်ပေါက် လျှောကျအောင်၊ ဆွတ်မောဖွယ် အနေ၊ အမြဲတေမုတ္တာ၊ မြမဏိနီလာ၊ ဥတုဇ ရတနာတို့၊ နေရောင်ဝါလရောင်ရော၊ ထွေးယှက်ခါနှောကြသည်၊ မိဿကောဘာသ၊ ညမဟူနေ့မဟူ၊ တလုလု လျှံပလျက်၊ ဈာန်ရသည့် တပသီ၊ ဇော်ဂျီတို့ပျော်ခင်း၊ တုံဂါးဆောင်အတွင်းမှာ၊ သန့်ရှင်းသည့် ရေဆိပ်နှင့်၊ လှိုင်းလိပ်ကတအီအီ၊ ရေညိုနှင့်မြူစင်၊ ထက်ဝန်းကျင် အိုင်စောင်းဝယ်၊ ကြာနားဇောင်း ပုဏ္ဏရိက်၊ ဝတ်ဆံမှုန် ညှန့်ထိပ်ဝယ်၊ ရွှေလိပ်ပြာ ဝိထုန်း၊ ပန်းဝတ်ရည် သုံးကြသည်၊ဟုန်းဟုန်းသံ-အုန်းအုန်းညံ၊ပဒကွဏ်ကတွာ၊ တချာချာ ကွန့်မြူးလျက်၊ ပူးပြန်တုံ့ ခွာပြန်တုံ့၊ ပြန်းလေဟုန် မနဲ၊ ညင်းလေချိသိမ့်ဖွဲ့၍၊ ယိမ်းနွဲ့သည့်ကြာဝတ်လည်း၊ ကမ်းညွတ်သည့် ရေလွှာဝယ်၊ ပန်းမွှေ့ရာခင်းသည့်နယ်၊ ကျင်းပ၍နေဟန်၊ အာဇာနည်မြင်းပျံ၊ ဥန္ဒဒနံသီဟ၊ ပြောင်မာတင် ဂဇနှင့်၊ ဥသဘုခံတွင်းမှ၊ တတွေတွေ ယိုဆင်းလျက်၊ ငြဟ္မာနတ် ဖန်ဆင်းသည်၊ အိုင်များမင်း အနာဘတ်ဝယ်၊ ဖန် ရဟတ် နေလျှံနှင့်၊တစ်ရံမျှမတွေ့၊ ပြကတေ့သဘာဝ၊ အေးမြသည့် အနေထက်၊ အသခ်ျေမက၊ လွန်ချမ်းကြည် အေးလှသော၊ အဒေါဿ စေတနာ၊ နဝရတ် သိဏာကို၊ ရတနာပန်းတောင်း၊ မြအင်္ဂါဦးခေါင်းဖြင့်၊ မညောင်းနိုယ်၊ ခံယူလေ့ရှိပါသော၊ တပည့်တော် စိန္ဒာမြသည်၊ တခံဏဘုမိ၊ စက်လေးစုံ ဖြန့်ချိသည်၊ ဝရာဘို နဂရ၊ မြို့စလေဌာန၏၊ဥတ္တရပြုဖွဲ့၊ ဒက္ခိဏာဝံသရိက်၊ မဂ်လာဆုံတိုက်က၊ ဦးခိုက်၍အခါခါ၊ သတပတ်ရွှေကြာ၊ နီမွှေလကျွဏာ၊ ရတနာ ခြေတော်စုံ၊ စုပုံထိုပ်ဖျာ။ ဏမြဲထား၍၊ အသနား ခံလိုက်ပါသည်၊

သာသနာဖြစ်ထွန်း။ မော်ကွန်းဓာတ်သိုက်၊ ကြိုင်းလိုက်ဖြင့်၊ သမိုက်နှန်းတွင်းစလင်းမြို့အရှေ့ယံတွင်၊ ထလျှံလျှံထိန်ဝင်းတည့်၊စိန်မုန်ကင်းအသွင်၊ဝိသေသပေါ်ထင်သော၊ လက်ပ်ံပင်သမိုက်၊ ရွှေဘုံမျိုကျောင်းတိုက်ဝယ်၊ ရီယာပိုထိလေးတန်ဖြင့်၊ ပျော်စံတော်မူလျက်၊ နိဗ္ဗုတာဆိပ်ဦး၊နိဗ္ဗယိက္ခန်းနဖူးသို့၊ မဂ္ဂင်္ဂဖိုင်စီး၊ဝေနေယျကြာမျိုးကို၊သယ်ပိုး၍ဆောင်ယူမည်၊ ဗုဒ္ဓကိုယောက်ကျား၊ဒေဓိသတ်အများတို့၊ တရားကို

စံဒီလျက်၊ ပ့ါရမီ အထူး၊ သမွဲၵမိ ကျေးဇူးကို၊ ဆည်းပူးတော် မူလေ့ ရှိပါသော၊ ဆရာကျေးဇူးရှင် ဘုရား၊ လေးပါး ဗြဟ္မစိရ်၊ ကာမဇော ကုသိုလ်၊ ပညတ္တိ ပုဂ္ဂိုလ်ကို၊ ကြည်ညိုအောင် စုံမက်၊ သွန်းမေတ္တာ ရေစက်ကို၊ သိဂ်နိုက် ရွှေခွက်သို့၊ နာမကွန်-ရူပကွန်၊ သမ္ဗဟရုပ်နာမ်ဖြင့်၊ အဘိဏှ်ကာလ၊ တပည့်တော် စိန္တာမြဲသည်၊ ပဋိဂ္ဂဟကြီယာ၊ အာဒါန လက္ခဏာကြောင့်၊ အန္တရာဧဝမဇ္ဈေ၊ စုတိနှင့်သန္ဓေ၊ နှစ်ထွေတို့ အလယ်၌၊ ငြိတွယ်၍ ရောက်ဇာတ်သော၊ ဘေးဥပါဒ်အန္တရာယ်၊ စိုးစဉ်းမျှမခြယ်၊ ရန်ငါးသွယ် မစပ်၍၊ ရွှေမြင်းမိုရ်ခုလတ်တွင်၊ ဖန်ရဟတ်သိဂ်ိုနှင့်၊ ခြောက်ရာသီအခြား၊ အတွင်းရစ် ပတ္တမြား၊ ကျူငွေသားသာန္နာ၊ ယုန်တံဆိပ် စကြာသို့၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ၊ ပြကတေ့ ချမ်းသာ၍၊ သာသနာနှစ်ပါးကို၊ ကြိုးစားလျက်မပြတ်၊ အရဟတ် မဂ်ဉာဏ်၊ ပြည်နိဗ္ဗာန် ဆောက်ဦးကို၊ ဆွတ်ခူးကာ နေ့ည၊ မြတ်သမ္မာဆန္ဒနှင့်၊ ယာပထလေးဖေါ်ဖြင့်၊ မွေ့လျော်ရလေသည်၊ သိန္နေရ အဏ္ဏဝ၊ ဂဂဏမဟိ၊ မေဒနီ မတန်၊ ကျေး ဇူး တော် သမုဒ္ဒါန် ကြောင့်၊ အရန်သင့် အရန်သင့်၊ ဧျိး မြင့် သူ ကြည် ညို သူ၊ သားအတူ မြေးတမျှ၊ စေတနာ ဗလဝ၊ ဒကာမ မြို့ကတော်က၊ လေးဖေါ်သော ပန္ဒုည်းရပ် ဖြင့်၊ ရက်မပြတ်ထောက်မ၍၊ ကြောင့်ကြခြင်းမရှိ၊ တထာပိ အပရံ၊ စိန္တိတံသတ္ထု၊ စိတ်လိုရာကြွေယ်ဝ၍၊ မြင်သမျှ ကြားသရွေ့၊ ချမ်းမြေ့ကြသည်ချည်း၊ တစ်ယောက် တည်းသားမိခင်၊ အသက်ကိုဖလှယ်၍၊ သားငယ်၌ကြင် သကဲ့သို့၊ ပညာသင်ဆရာ၊ ဂိုဏ်းပုဂ္ဂိုလ် သဃ်ာနှင့်၊ အလွာပ သလွာပ၊ ဝိဟာရ ဖာသုက၊ ဓာတ်မိတ်ယုဝ် ဆက်ဆံ၍၊ တော်တန်ကြ ပေသည်၊ ဤသို့ သဲ့ အကြောင်းများကို၊ တရားနှင့်ဆင်ခြင်လျင်၊ ကျေးဇူး ရှင် ဆရာမြတ်မှ၊ ရအပ်သောဂုဏ်တော်၊ မြတ်ဆရာ ဘုန်းမော်၏၊ အာနုဘော်စက်ရိပ်ဟု၊ သန္နိဋ္ဌာန်ကျက်၊ ဘုရားတပည့်တော်၊ ထောက်မြော်ကေန်၊ မဖောက် ပြန်ဘဲ၊ စိတ်ဝိညာဏ် လေ့ကျက်၍၊ တစ်ရက်မျှ မမေ့၊ မြတ်ဆရာ ဘုန်းဟော့၏၊ သိမ်မွေ့သော ရုပ်နာမ်ဝယ်၊ ပစ္စုပ္ပန်ပယောဂ၊ ရှေးသံသာ မူလက၊ ဥဿန္နေ ဝေပုလ္လ၊ ကု သိုလ် တော် ဘုန်း က သည်၊ အန္တရာယ် မ လော့က်၊ ထွန်းပချိန် ရောက် သ ဖြင့်၊ မြဝတ်ညောက်ကြာပန်းကို၊ နတ်ရေစင်၊ ဆွတ်ဖျံနှံး၍၊ ရွှင်လန်းသည့် ဥပမာ၊ ကျန်းမာတော် မူကြောင်း၊ ချမ်းသာသည့် သတင်းကောင်းကို၊ နယ်တစ်သောင်း ဝထိန်သုတို့၊ ရေ့ တူရွက်မို့၍၊ သန္တာဆိုင်ချပ် ဆင့်၊ ကသစ်ပိုင်ပန်းဖွင့်ကို၊ မျော်လင့်သည်ထိုးပုံ၊ မြို့ ရွှေလေ ရန်လုံတွင်၊ ဒကို့ဏာရွှေဘုံက၊ စိတ်အာရုံဥပါဒ်ဃ်က်၊ မပြတ်နှလုံးသွင်းပါကြောင်းကို၊ ဦးခေါင်းညွတ်တွား၊ အသနားခံပါသည် ဆရာကျေးဇူးရှင်ဘုရား။

မလွန်မြို့သို့ပေး မေတ္တာစာ

သီရိန္ဒရကမ္ဘ ဂုဏ်၊ ကိုးမျက်စိတန္ဆာ ပြင့်၊ ရတ္တိ ပြည့်နှက်၊ ဥဇ္ဇုဂူ ဂြိဟ်ထက်သို့၊ ပက္ခဗိန်အလွန်၊ နှစ်ရက်နှင့်ပါ ခဲ့လွန်၊ မကွဲမီကာလ၊ ခါနာရီ သင့်မျှ၍၊ ဃဋီရက်နိုးခန်း၊ ဆယ့်သုဉာ အလှမ်းတွင်၊ ယန္တရားစက်အိမ်၊ ယူဇနာသိမ်းချိန်လျက်၊ သူရာတိမ်မှေးမြူ၊ ဝေးပစေ ဟူကိသဏ္ဌေသို့၊ ဘူပတိလက်မွန်၊ မန်းရွှေမြို့ နဝံမှ၊ စံတံခွန်မက၊ တသွန်သွန်စီးကျသည်၊ ဟဒယဝတ္ထု၊ နလှသည်တရား၊ မုဒိတာတစ်ပါးမှာ၊ အငွားနှင့်မြောက်ဆင့်၊ ဝိတ္ထာရနည်းဖွင့်၍ ချီးမြှင့်လေ မကင်းသော၊ ဦးပဉ္စင်း ဦးသီရိ၊ သားချင်းများဘုန်းရှိက၊ တူရိယာစုံစီ၊ သံတပြိုင်ချီသည်နှယ်၊ မြစ်နဒီကမ်းမှူ၊ ဝဲယာဘက်အင့်တွင်း၊ ငါဟူ၍အန်ခု၊ စိတ်မာန်နှင့်ပတုသော၊ သတြုစရိုက်၊ ရန်မိန္ဓာမှောင်ထိုက်ကို၊ နှောင်စိုက်ကာ နှိမ်နွှံ၊ ချပဏ္ဍာခံဝန်အောင်၊ ပို့က်ကွန်တွင် မီဗြား၊ အဟိတ်မျိုး ငါးကဲ့သို့၊ မန္တရားမာယာ၊ စွမ်းပကားတေဇာဖြင့်၊ ဖွဲ့စရာဒေသ၊အောင်ဘုမ္မိပထကို၊ ဝစနလိင်မှန်၊ သဒ္ဒတ္ထသမ္ဘန်လျင်၊ မလံဝိနံထိ ဇတ္ထာတိ မလွန်၊ ဓာတွန်မှာအလုတ္ထာ လဝမှာသံယုဂ်၊ ဗျူပတ္တိအရာ၊ မိဿက ဘာသာ၊ သင်္ကေတသညာနှင့်၊ မဂ်လာရှိပန်း၊ မလွန်မြို့ ဆိပ်ကမ်းဝယ်၊ သူတော်ဩမ်းမန္တတ်၊ ကြယ်ခုဝံညွတ်သည်နှယ်၊ ဝတ်နိဝတ်ပြောင့်မှန်၊ မွေးမိဘရပ်ဌာန်သို့၊ စာပြန်ကာ ကြားလိုက်သည်၊ ကံတရားအလိုက်၊ ဒုလ္လဘအခိုက်တွင်၊ ကြဲကြိုက်သည်အခါ၊ ငါတို့၏ ဝံသာဟု၊ မလွန်မှာ အမိန့်၊ ဆွေဥာတိ မျိုးစုံ၊ သဟာယ အပုံထို၊ စိတ်အာရုံ လျစ်လျူ၊ ဥပေက္ခာမူပြီးလျှင်၊ မြစ် ညာ ဥ မဟုတ်၊ စာပုလွေတစ်ထုပ်နှင့်၊ နှဿထိ ပရိက်၊ နုပ ဠိလော မံ၊ ပါဠိယိမ့တ်ယူ၊ ပခုက္ကူဂါမ၌၊ ဥဿာဟပွားထိုး၊ အခေါင်က ချိုးမည်ဟု၊ ကိုးခုနှစ်တစ်ဝါ၊ ဆိုပြီးမှတစ်ခါ၊ ထိုရပ်က စွန့်ခွာ၍၊စားခန်းတာ မှတ်ပိုက်၊တစ်စဉ်တည်း ဦးထိုက်လျက်၊သိုက်မြို့ က်ရာရာ၊ တူးလိုက်ကာဖွေရှာမှ၊ ဒေသစာကွန့်ရုံး၊ ရွာမြင်းခြံနိဂုံးတွင်၊ ကိုယ်နှလုံးကင်းပျောက်၊ပုဂ္ဂိုလ်မြတ်ရွေမှောက်မှာ၊ နေကြောက်သည့် ပဒုမ္မာ၊ မွေညောက်ပြည့် မုံအာ၍၊ သင်းထုံစွာ ရန့်၊ ကုန်းကောဒ့ကာပျို့သည်နှယ်၊ကြို့အခန့်သင့်ညီ၊မြစ်ကမ်းမြင့် နဒီထက်၊ ကျင့်ဝသီမပျက်၊ ခွန်ပဏ္ဍာသွင်းဆက်လျက်၊ အောက်အထက်သောအုံ၊ လှေစီးပေါင်းတောပုံမှာ၊ ခေါင်းတမုံသမုတ်၊ မိန့်တော်စာ လက်ဆုပ်နှင့်၊ ဆိပ်ပွဲအုပ်မောင်နှံ၊ ကြိတ်ခဲကုတ် နှောင်ဖန်သည်၊ ဆောင်ဝေယံဘုံကြွမှာ၊ စုံလှသော ဖျော်ဖြေ၊ များသံဃာ ဖော်ရွေနှင့်၊ လေးထွေသော ပစ္စယ၊ နှစ်သက်ရာ ဝါနဖြင့်၊ ချစ်လှစွာပို့က်ပြား၊ သြရသ ရင်သားသို့၊ မခြားအောင်ရည်ခန့်၊ တရားဖြောင့် ထောက်ပို့၍၊ ကုံလောက်ငံ့ ဗြီးကြွယ်၊ တစ်ဝိုးခန့်စမ္ဘယ်မှ၊ ဆွေနွယ်နက်မြေ၊ မလွန်မြို့ ချက်ကြေက၊ ခွေးဖအေ မိခင်၊ ကျေးငှားရှိအရှင်တို့၊ မြစ်ရေပြင်ကမ်းထိပ်၊ တိမ်မိလွှာလွှမ်းရိပ်က၊ လွမ်းစိတ်နှင့်တွေးဖင့်၊ရက်အရှည် သွေးလင့်၍၊ ဆွေးနွင့်လိမ့်တမင်၊ အရေးကုန် မြင်သောကြောင့်၊ ယခင်တွင် သတိ်၊ စေပြီးနောက်တစ်ကြိမ်မှ၊ ရွှေပန်းထိမ်နည်းခဲ၊ မီးချကာ ကြည့်ပြန်သော်၊ နီဖလံမာကျော၊ နာရဏဝါမက၊ သုဠေါနှစာစစ်၊ ချောလှသည့်မူသစ်နှင့်၊ ဇမ္ဗူရစ်သုံးတော်ခံ၊ တန်ခိုးရှိနိဖန်သည့်နှယ်၊ ဂန္ဓဗ္ဗရလုံးစုံ၊ မုခပါဠိသုံးပုံ၌ နှတ်အာဂုံပြတ်တောက်၊

လွှာတံခွန် ဆောက်အုံဟု၊ အားမြောက်၍ တစ်လ၊
ကျမ်းထိုထို သိပ္ပကို၊ ဝတ္ထုကျွထိုးတင်၊ နည်း နယ
စုံလင်နှင့်၊ နိဒ္ဒာန်ဝင် ချမ်းငြိမ်း၊ ဝိဇ္ဇာခိုရ် လမ်းထိန်း
ရှိ၊ ဏိန်းဝပ်ရင်းမြေကျန်၊ ဆိပ်ပွဲအုပ် ဝေယန်မှာ၊
ဝိသုက်ကြီးကြပ်၊ ဖန်တီးသည့် တောရပ်သို့၊ ဗောဓိ
သတ် စစ်ဝှတ်၊ ဆုတ်ခွာဖွယ် ဖြစ်ဟုတ်၍၊ စတုတ္ထ
ဈာန်ဉာ ဉ်၊ ဥက္ကင်္ဌထိုင် ဇီထွင်လျက်၊ ပြီပြီပင်
မစော၊ အကပ်သား ကောဇာန်နှင့်၊ သဘောက
မွန်ရည်၊ဇောစိတ်မှာကြဲစည်၍၊ ရန်တစ်မည် မသန်း၊
ဘေးဘယ ငြိမ်းချမ်းလျက်၊ ဏိန်းလင်စန်း သိုက်လုံ၊
ဗျာဒိတ်ခိုက် အကြုံနှင့်၊ ပစ္စူရုံ ဖြန့်ချီ၊ ရတနာပုံ
မြို့ကြီးသို့၊ ကုန်အနီး ဖွေလှိုက်၊ လောကုတ် မွေ
အမြိုက်ဖြင့်၊ ရောက်မဆိုက် ယခု၊ ရွှေ့နောက်ကို
မလုဘဲ၊ လိုသမျှကပ်ချန်၊ ကမ်းခတ်အောင်ကျေပွန်မှ၊
ကဝေဝန် ရာရှိပ်၊ ရွှေသဘင် ဗွေထိပ်ဝယ်၊စာသီသိက်
ခံဟန်၊ ကြိတ်လှသည့်အကြုံနှင့်၊ အတန်တန်အားဆေး၊
သို့ ရှိစဉ် အရေး ကြောင့်၊ ဖြေးဖြေးမှ ရွာပြည်သို့၊
အာဇာနည် ဥာဏ်သစ်၍၊ ပြန်ဖြစ်မည့် အကြောင်းကို၊
ထုံးနည်းပေါင်း စုံစွာ၊ သတင်းကောင်း မင်္ဂလာနှင့်၊
လကံာပြေ စာလှမ်း၍၊ မှာတမ်းဆင်သ လိုက်ပါသည်။

ပုသိမ်မြို့ပေး မေတ္တာစာ

တနံဆောင်းကြိုးဒါဃကာ၊ ဒကာတော်မြတ်ရင်း၊
လွန်ကြည်ညို၀ပ်စင်းလျက်၊ မင်းမန္နာတ်စံရာ၊ မန်းရွှေ
မြို့ အောင်ချာက၊ ပတ္တနာ အာသီသ၊ မင်္ဂလာ
နိမိတ်ပြကို၊ ဝိတ္တာဂ ပြန့်ခင်း၍၊ သန့်ရှင်းစွာလျှောက်
လိုက်ပါသည်၊ ပုသိမ်မြို့ကိုက်အုပ်ဆရာတော်ဘုရား၊
ဓဋ်သုံးပါးကုန်ရာ၊ ချမ်းသာ ဓိပတိ၊ ဘုံခေမာ သီရိ
ကို၊ လက်တော်ရှိမသွေ့၊ ပိုင်လွယ်တော် မူပစေဟု၊
ဥမဇ္ဈ နည်းအမြွက်ပြင့်၊ ကျမ်းထွက်ကို ထောက်၍
သော်၊ သမုတိအန္တရာယ၊ သမ္မာ ပညာ၊ ပစ္စက္ခ
လောကဓာတ်၊ နေ့ယျတ္တဲအလို၊ ကိလေသာဟိတ်ဝိုလ်၊
ပြည်ကာယ နဂိုရ်၀ယ်၊ နာမကွန် လူဗိုလ်တို့၊ ဥဝဘို
ထွက်ဝင်၍၊ ယှက်တင်သွားလာရာ၊ မဟာဒွါရ၊ ငှာန္ဒြေ
ပသာဒ၊ တံခါးမ ခြောက်ပေါက်သို့၊ လမ်းစဉ်း
ကွန်းထောက်ပြင့်၊ ရောက်ကြသည့် အာရုံ၊ ပရိသတ်
ရိုလိပုံတွင်၊ ပဒုမ္မာလဲ့စိမ်း၊ မြဲဦးတံနွဲ့ယိမ်း၊ လေသိမ်း
၍ ဩတ်ရာ၊ ရွှေနိတုံ ဝတ်လွှာနှင့်၊ ရေမျက်နှာ
ချက်မွေ့ဝယ်၊ နွဲ့ခွေငုံ့ဝိုက်၊ သဝေထိုး ထိခိုက်သကဲ့
သို့၊ တစ်သိန်းထိုက် တစ်သန်းတန်၊ ဆန်းဟန်နှင့်
ဟဉ်ဟန်၊ ဆတ္ထန်မျှား ရောသည်နှယ်၊ ပွင့်ရွှေ၀ါ
ငုံနှာ၊ စကားပြီငင် ရဂုံတော၀ယ်၊ မာန်မုန်ရော
ပြည့်လျှမ်း၊ ဣန္ဒြေမဆော့တဲ့၊ တကျော့ကျော့ လွှမ်း
သကဲ့သို့၊ ဆန်းသမျှ မူနည်နှင့်၊ ဆံမြူခြည် မတိမ်း၊
ခြေအသီမ်း လက်အချီ၊ ကုဏ္ဍလာ အိုင်မြတ်က၊
ကြာနှယ်၀တ် စီစီ၊ ကိန္နရီ စန္ဒ၊ သန္တုလ ပဋ္ဌာတို့၊
လက္ခဏာ ခေလ့၊ လွန် သိမ် မွေ့ ညက်ညော၍၊
သက်ဝေနှင့် ဘ၀င်၊ မျက်ကြောကို ငင် သကဲ့သို့၊
ချစ်ခင်ဖွယ် ရုပကာယ်၊ ကိလေသာ ပြည်နယ်သို့၊
ဇာကယ်၍ပြန်ရောက်လျင်၊ ပုထုဇန်ပုဂ္ဂလ၊ လောကီ
နှယ် ဟုတ်သမျှ၊ ဥဇ္ဈာမပူရံ၊ ဝိက္ခမ္ဘန ပဟာန်ပြင့်၊
အပွနာဂျာန်ပြီးမောက်၍၊ မိုးလောက်ပင်ရှိရှိ၊ ငှသိ
သိဂ်၊ တာပသသည်၊ အာစာရ ဖြိုးဟုန်၊ ဈာနင်္ဂတန်ခိုး
ဂုဏ်ကြောင့်၊ မိုးတုန်၍ပြည်ဖြိုးအောင်၊ မြတ်နိုးဖွယ်
သီလဖြင့်၊ ဤဘ၀ သက်တွင်၊ ပျက်နှိုင်မည်မထင်၊
သို့ က လောက် စင်သည်ကို၊ ငါးကြန့်အင်နှိုက်ဂယ်၊
ပရိယာယ် နှစ် ဆယ် ငါး၊လေး လီ ငွား ဆယ် ပြန်၊
မာယာညာဏ်ချစ်မူနှင့်၊ ဝတိ သူယဉ်နှ၊ ကျောက်မျိုးစုံ
စုရသော၊ အလင္ဂသာ၊ သူအမှုရှာသောကြောင့်၊
သူ့ခမျာ ရသေ့ ရှင်သည်၊ ချစ်ခင်နှစ်ခြိုက်၊ ဘ၀င်သို့
ထိခိုက်အောင်၊ မူးမိုက်မျောနှစ်၊ ဆ၀ါရ၀ိထိဒေါနှင့်၊
လတ်တလောတုံး ဖြစ်၍၊ သုံးနှစ်တိုင် ကြာခါ မှ၊
သက်သာရာရဖူးသော၊ ပကတ္တုံးထုံးနွယ်၊ ပါရမီ
နုနယ်၊ သူ့နှယ်ငါ့နှယ်၊ ဉာဏ်ငယ်သည်ပုဂ္ဂိုလ်ကို၊
မဆိုနှင့် ထားဘိ၊ ဟရိတစ၊ တာပသ ရှင် ကျော်၊
အလောင်းမြတ်သူတော်သည်၊ ဉာဟျော်ဒေဝီ၊ ကြာရိပ်
လှုံမဟေသီ၊ သုံးရံဆွေရွှေညီက၊ တပသီအလာတွင်၊
သီကရီဗျာပါနှင့်၊ ဗျာကယာအထ၊ ကာသိပြည်
ကန္တာရ၊ ကောဋ္ဌမွတိုင်းဖြစ်၊ ကိုယ်တော်ကိုအနှံနှင့်၊
ဝတ်လဲတော်လစ်သည်ကို၊ ရှင်ချစ်သခင်၊ ရွှေမျက်နှာ
လှစ်ဆဲတွင်၊ တပ်ခနဲ မြင်လတ်သော်၊ ဈာန်အင်္ဂါ
စွမ်းအားဖြင့်၊ ဖုံးလွှမ်း၍ထားအပ်သော၊စိတ်ရွှမ်းပါး
လောဘမူ၊ ကြက်ကောင်းကိုဆန်ပြ၍၊ အဝေးကမြူ
သကဲ့သို့၊ထွက်ပြူကာမာန်ဟုန်၊ ဘ၀နာခင်ရိုးကို၊
ဇွတ်ထိုး၍ခုန်ပြီးလျင်၊ ကာမဂုဏ်ရစ်လိမ်၊ မိဗုဏား
နှောင်အိမ်တွင်၊ ငြိမ်၀ပ်စွာမွေ့လျော်၊ ကုတ်နှင့်ပင်
ကော်သော်လည်း၊ ခွာရက်တော်မမူငြီ၊ ကာမေသု
စာရီကို၊ ပါဓိမိသခင်၊ အတတ်ကောင်း သူထင်၍၊
နရက်ခွင်ကမ်းချောက်သို့၊ လမ်းထောက်တော် မူဖူး
မျှသည်၊ တထေ၀ထိုပုံ၊ သဒ္ဓါရုံသောတ၊ ဂန္ဓာရုံ
ဃာန၊ရသာရုံဇိဝှာ၊ ဖောဋ္ဌဗ္ဗာရုံကာယာနှင့်၊ ပသာဒ
လေးပါး၊မြို့ဒွါရတံခါးဦး၌ကွန်းထောက်နားကြိုက်ကြဲ

သော၊ အာရုံခွင့်ဝိညာဉ်၊ ဘိမုခစပ်ယှဉ်သော်၊ ကြည်နိုင်မည်ခက်ချေတောင်း၊ ရသေ့မြတ်စွာနှိပ်ပိုင်မှ၊ မခံနိုင်ပျက်သည့် ကြောင်းကို၊ ရှေးထုံးဟောင်းတန္တုပြင့်၊ စက္ခုဠဲပြသကဲ့သို့၊ ကြင်းငွေ့ရလေးတံခါးကို၊ သဘော ဉာဏ်ပိုင်းခြား၍၊ အလားတူ သိသင့်လေတော့သည်၊ ငါးမည်ရပ် ကာမဂုဏ်၊ မြစ်ရေယာဉ် စုန်သကဲ့သို့၊ တသုန်သုန် မျောသည်ကို၊ ရောနှောချိမလိုက်၊ ကမ်းရေဆိပ် သာသာနှင့်၊ အညာမှာ ဆိုက်ရအောင်၊ အားထိုက် ကုတ်ကော်၊ ကြိုး စား၍ လှော် နိုင် မှ၊ အဟော်ဝတသုခံ၊ တုံသိဝဒေမံ၊ စံရမည်သိလေဟု၊ ဣန္ဒြေ သု ဂုတ္တ ဒွါရတာ၊ မုခပါဠိ ဒေသနာကို၊ လွှေ့လျာတော် ရစ်သွဲ၍၊ လွှစ်ခဲ့သည့် အာဘော်နှင့်၊ ညီလျော်စွာ ကျင့်မည်ဟု၊ မြတ်ရှင်ပင့် သာသနာ၊ သာဏိယ အာသာကို၊ ရှေးကြမ္မာတော်ဘိ၊ ပါရမီ ဘုန်းငှို၍၊ ဝင်မိတော်မူရသည်၊ ရှေးကတပသီ၊ ဆံကျစ်ထုံးဇော်ဂျီသို့၊ ဈာန်ဝသီကင်းကွာ၊ သီလဂုဏ် ညှိုးခဲ့၍၊ အကျိုးမဲ့ဖြစ်ရာမှာ၊ သာသနာစက်တွင်းသို့၊ သက်ဆင်းမည်မဟုတ်၊ ဗာဟီရဝေဝုစ်၊ ဝိမုတ္တိသုခံနှင့်၊ ဝေးလံစွာ စက္ကဝါ၊ အာဏာတော် ဝိနယဖြင့်၊ ဗီလာကျဝေဘင့်ပြတ်၊ ကျမ်းသုံးပုံ ပိဋကတ်၊ မဇ္ဈိမ ပဋိပတ်လည်း၊ သတ်သတ်ကြိုးအလျင်း၊ သို့စင်သည့် ခေတ်တွင်း၌၊ ပျက်ရှင်းသော သိလ၊ ရှင်ဇော်ဂျီ ဗာဟီရတို့ကို၊ ပမာဏထောက်၊ မြို့ဒွါရခြောက် ပေါက်က၊ ရောက်သမျှရန်သူ၊ အာရုံခွင့်ဝင်သွေး၍၊ စစ်အရေးပြုသော်လည်း၊ ဆံတစ်မြူတစ်မုခ်ညင်းမျှ၊ မြို့တွင်းကမထွက်၊ လေ့ကျက်သောသတိ၊ ဝိရိယ သမ္ဗဒေဉ်ဈာ်၊ ဘာဝနာထုံး ဆယ်ပြင့်၊ အရန်တပ် ပျက်ပြားအောင်၊ ထပ်မနားပစ်ခတ်၊ ဂေါစရရန်သူကို၊ ပြိုက်ပြိုက်ထုန် ထိုက်သတ်၍၊ အရိမစ် ပြည်ထဲတွင်၊ အောင်ပွဲကြီး သဘင်ခံ၊ ဝိမုတ္တိ ထီးယံ၊ ညီးညီးလျှံ ဖြန့်မိုး၊ အမတ ရွှေဘုံကို၊ စိတ်အာရုံမြတ်နိုး၍၊ စိုးစံတော်မူရမည့်အကြောင်းကိုသာ၊ တန်ဆောင်းကြီး ဒါယကာ၊ ဒကာတော် သဘောက၊ မနေသဏ်မီ၊ ဧောဝီထိ ဥက္ကဋ်ဖြင့်၊ မပြတ်ဆုမွန်တောင်းပါသည်။

ငင်းပြင်တစ်ချက်၊ ပစ္စက္ခကာလ၊ စတုသမုဋ္ဌာန်၊ ကိုယ်တော်မြတ် သန္တာန်ဝယ်၊ အန္တရာဝေမ ဇ္ဈေ ထိဝဋ္ဋထိ၊ ဝါကျပုဒ် ပါဠိကို၊ ပဒတ္ထကောက်ဘိမှု၊ စုထိန့်ဒုံသနွေ၊ နှစ်ထွေတို့အကြား။ ဘဝင်သန္တာန်ဟု၊ ပစ္စုပ္ပန်ကတ္ထာဌ်၊ တည်ရပ်နားကျရောက်၊ ဣရိယာဝိကာရနှင့်၊ ခေတ်ဘူတ လှဲ့ဖောက်လျှင်၊ ဇြီစွန်း ပျောက်ကပ်ကွယ်၊ မနသိကာရနှင့်၊ ဝိရိယဘုတ် မတောက်လျှင်၊ သေပေါက်ကို ရွယ်တတ်သော၊ အန္တရာယ်ထိုထို၊ အနိဋ္ဌဖိုလ်တို့သည်၊ ကိုယ်တော်နှင့် မစပ်ယှက်၊ ဤမြေ ဘုံ ဘ ဝင်၊ ထောင်ရာ ပြန် ဆယ်ထက်မျှ၊ လက်မဆက်ဝေးလံ၊ ယာဝဇ္ဈ ဇတ္ထက်၊ နိယတ်ကာလ၊ အာယုကပ်လွန်ကျော်၍၊ သဏ္ဌာန်တော် တည်သမျှဥ်၊ ဗာကုလ ဗာဝရီ၊ ဝိသာခုပါသကီ၊ အာနန္ဒာမြတ် ညီ တို့၊ ဤ ဘုရား သာသနာ ဝယ်၊ လွန်ကြော်ငြာထင်ရှား၊ သူ မြတ် တို့ သက် တမ်း ကို၊ ထုံးမှိုင်မြန်စံထား၍၊ လေးပါးသောကာလ၌၊ သမ္မတ္တ သောထွဏ်၊ ဂန္ဓဗ္ဗခ်ီဓမ္မဟုဝုစ်ဖြင့်၊ ဂရုပုစ်ဉီစေလျက်၊ ဘေးမသီ ရန်မထိ၊ ကျန်း ဤသံဝပကထိ၊ ချမ်းသာ တော်မူဘိ၍၊ ထိရဏ စန္ဒောဘာနှင့်၊ ညြခကာ ရေခဲတင်ကြောင့်၊ သတပတ်ပန်းခိုင်၊ လန်းလန်းပွင့် မြိုင် သ ကဲ့ သို့၊ ကြီး ခိုင် ပြန့် သေ၊ သု နိ တ အတ္ထဘောကို၊ ရစေသော ပတ္တနာ၊ အာသီသ မင်္ဂလာဖြင့်၊ ဒကာတော် ဦးခိုက်၍၊ အမြိုက်မေတ္တာ ရေလောင်းပါသည်၊ ဆရာတော်ပုဂ္ဂိုလ်မြတ်၊ ဝိသုဒ္ဓိ နွယ်နတ်က၊ ရည်ရွယ်မှတ် သန္ဓိဋ္ဌာန်၊ ဗြဟ္မစိုရ် ပြဋ္ဌာန်းသော၊ မန္တနာမန္တာန်၊ သဗ္ဗညွတ္တဏာ ဝိနသာန္တု၊ သဗ္ဗာနိဋ္ဌာ အာရကာ ဟောန္တု၊ လဘန္တု ဥဋ္ဌကာနိဖလာပါဠိ၊ ပါဠိအထပ်ထပ်၊ သူများထက် ကောင်းစေဟု၊ ခေါင်းဆိုက် ဦးတင်၍၊ နှေမလပ် ရက်မချ်၊ သောမနဿ သမ္မယုတ်ဖြင့်၊ မနံ့မွတ်၍ ပို့တော်မူပေသော၊ မေတ္တာရေ အာနုဘော်ကိုလည်း ဓကာတော်မပြတ်၊ မြတ်ဦးသျှောင် ကေထွတ်ဝယ်၊ ဒွေဝတ်ပွင့်ဂဝမုန်းအင်၊ ရွှေတမွတ်ကုံးနှစ်၍၊ ပုံးရစ်ခွေ ဆင့်သကဲ့သို့၊ ကြည်လင်ရုံ မနောမှာ၊ ခံရသော ဖြစ်ထွေကြောင့်၊ ဘေးကွေ ရန်ကွာ၊ ကိုယ်စိတ်လုံး ချမ်းသာ၍၊ ရောဂါကင်းရှောင်း၊ ထိမ်းစောင်းပေ သည်၊ တပည့်ကောင်း ဒါယကာလည်း၊ ကုမုဒ္ဓရာ ဝတ်ဆံ၊ ရွှေ စက် စုံ ဝင်း လျှံ ကို၊ ကာယက် မြောက်ကြောင်း၊ ပဏာမ အာရုံဖြင့်၊ ရှိလက်စုံ ပေါင်းရအောင်၊ ဆောင်းဆီတိုင်ကာလ၊ ရောက်နိုင် ပါမည့် အကြောင်းများကို၊ ညွတ်တွားရိုကျိုး၊ ရှိခိုး အသနားတော် ခံပါသည် ဘုရား၊

မင်းကြီး ရာဇသင်္ကြံပေး မေတ္တာစာ

သုခါဘိဝုနို့၊ အဘိဇယမင်္ဂလာ၊ ဆရာ မေတ္တာစကား ကြားရောက်အပ်သည်၊ ဒဏာတော်မင်းကြီး၊ မဟာ ရာဇသင်္ကြံ၊ လူ့လောကဓံ၊ ပုထုဇန်တွင်း၊ အဟံမမ၊သက္ကာယကြောင့်၊အနုမတဂ္ဂသံသာစက်ဝယ်၊ ဗရွက်ဆူးသွေတိုက်ခိုသို့၊ ဗရပူထ၊ ဥဒ္ဓံယာဝ ဘဝဂ္ဂါစအာဓေယျာဝ၊ အောက်အဝီစိ၊ ကြိုဓေတ် လုံး၊ ဗရုန်းဗရင်း၊ ဆင်းသူ တက်သူ၊ လူဖြစ်ချည် နတ်ဖြစ်ချည်၊ အတည်မဲ့မျှ၊ အနိုးမရ၊ ဂေါဏကုက္ကုရ၊ ဥဏ္ဍနှဘိသရဘူ၊ တက်တူအိမ်မြောင်၊ အကောင်ပေါက် အမြီးရောက်၊ အမောက်နှင့် ဆောင်းဆောင်း၊ ခြေနှစ်ချောင်း ခြေလေးချောင်း၊ သောင်းပြောင်း ရောရာ၊ ခြေမရှိဘဲတစ်ခါ၊ ခြေများစွာ အကြိမ်ကြိမ်၊ တာဝတိ ံတုံဖျားမှာ၊ ဆိကြားဖြစ်၍ သူ့ထက်ကဲ၊ အောက်ငရဲမှာ သေနာနာ၊ ပြတ္တာဖြစ်၍ ပြောင်ပြောင်ဝင်း၊ ဝက်စားကျင်းမှာ ဇာရွတ်ရွတ်၊ ဇမ္ဗူဒီနိုးအုပ်၊ မင်းလုပ်၍ အိုဘဲ့လူ၊ ထီးဖြူနှင့် တလျပ်လျှပ်၊ မြွေကျောက်ရှည် စပါးကြီးမှာ၊ အမြီးနှင့် တစ်ခတ်ခတ်၊ လေးကွန်းပိုင် မင်းမန္တာတ်၊ ဥဒေါင်းမှာ ဦးချွန်း၊ဦးစွန်းနှင့်တဖျတ်ဖျတ်၊ ဗာရာပိုင်နေနတ်၊ ရွှေပြည်ရှင် ဥဏ္ဍဋ်၊ ကြောက်စရာ အတတ်၊ သက္ကာယပညတ်ကို၊ ပရမတ် ဥာဏ်မဝင်၊ သူတော်စင် မဟုတ်လျှင်၊ ငုပ် ရမည် စုန်းစုန်း၊ စိတ်ချတော့ လုံးလုံး၊ ငါးအာရုံနှင့် တဖြန်းဖြန်း၊ သေမင်းကဖြင့် နွေထိုင်းမှုန်း၊ နှလုံးက ကြွပ်ဆတ်ဆတ်၊ အဝီစီမှာ အောက်ချိုးကပ်၊ ပရမတ်ကို ကြပ်ကြပ်ကြည့်၊ ပါရမီကို မပြတ်ဖြည့်၊ ခါနဲခွပ်ကြီးလို မတ်မတ်တည့်၊ ဇီကို ကုတ်၍ နတ်ရွာတင်၊ ပျော်ရွှင် စိတ်ကြိုက်၊ လိုမလိုက် နှင့်၊ မိုက်လှသည့် အဝိဇ္ဇာ၊ သခ်ါရဝိညာဉ်၊ နာမ်ရုပ်နှင့် ယှဉ်သောကြောင့်၊ မိခင်၏ ဝမ်းခေါင်း၊ ဆယ်လတိုင် ကျိန်းအောင်း၊ကျဉ်းမြောင်းလို တစ်ထွေ၊ ဆင်းရဲပေါင်းနှင့် တပေပေ၊ ဇာတိ၏ အနေကို၊ ဇရာမွှေသောခါ၊ သေရမည်မုချ၊ သောကလည်း တောင်နှယ်ဖိ၊ ပရိဒေဝ အထပ်ထပ်၊ ပဋိစ္စသမုပ္ပါဒ်၊ စက်ရဟတ် ချာလှည့်ဝဲယင်၊ ဆုံလည်သော နွားကဲ့သို့၊ လေးပါးသော အာသဝ၊ ဩဃနှင့် ယောဂ၊ လှိုင်းမတွေ ရစ်ဝန်း၍၊ ကမ္မမ်းမှောက်ခုံ လည်တတ်သည်၊ မချည်တတ်လျှင် ကြက်ချေစု၊ မမြည် တတ် လျှင် ကြွပ်ကြပ်ထု၊ ဥပမာပုံစံ၊ စာမတတ်လျှင် ကြွပ်ကြပ်အံ၊ မယူတတ်လျှင် သူ့နည်းခံ၊ မကြံတတ်လျှင် သူ့ကို မေး၊ မဖြူတတ်လျှင် ခဝါပေး၊ ထုံးရွေးတန္တ၊ အနုမှာ ဝါဂွမ်း၊ အကြမ်းမှာ လွှဲသွား၊ အကျားမှာ ဘဲတောင်၊ အမှောင်မှာ တိမ်နက်၊ အထက်မှာ စိန်ကျောက်၊ အကောက်မှာ ဝက်ပါ၊ အပူမှာ မီး၊ အကြီးမှာ မြင်းမိုရ်တောင်၊ အရောင်တွင် နေလျှံ၊ အမြန်တွင် နက္ခတ်၊ ဌာက်တွင်လည်း ခတ္တရဋ်၊ နတ်တွင်လည်း ဝတ္ထရဘူ၊ လူတွင်လည်း စကြဝတေး၊ အအေးတွင် သီတာ၊ အမွေးတွင် နံ့သာ၊ ဘုံလောကီ ဥပမာ၊ ဓမ္မတာ လမ်းကြောင်းမှာ၊ အကြီးတွင် တဏှာ၊ အပူတွင် ကိလေသာ၊ အမွှေးမှာ မေတ္တာ၊ အအေးတွင် မြတ်သီလ၊ နုရမည့် ဌာန၊ အကောဓမှာ မြတ်ခန္တီ၊

ပါရမီအား ရှစ်ဆင့်၊ အမြင့်မှာ နိဗ္ဗာန်၊ အရောင်မှာ ပညာဉာဏ်၊ မှတ်သားရန် အရပ်ရပ်၊ နတ်တို့တွင်လည်း သိကြား၊ လူတွင်လည်း ဘုရား၊ ဝပ်တွားကြည်ညို၊ စည်းစိမ်ကိုလိုသော် ၁ နာ၊ ချမ်းသာစေလိုသော် သီလ၊ ၁နာနှင့် စည်းစိမ်ကိုတပ်၊ သီလနှင့် ရန်သူကိုသတ်၊ တာဝနာနှင့် သံသရာစက်ကိုဖြတ်၊ ဓေါ်၌ ရှစ်ရပ်မင္ဂဋ်ကို၊ ပညာဖြင့်ဆင်ခြင်၍၊ လူတော်အသွင်၊ သမာဓိပေါ်လွင်၊ အညီမငဲ့၍၊ ပျော်ရွှင်မြူးတူး၊ ကာမကြူးလျင် မွဲတတ်သည်၊ သေရည်ကြူးလျင် ဆဲတတ်သည်၊ အတည်တည်အဝ၀၊ အနှစ်သွမ်းဒုက္ခမှန်း၊ ယောင်ယမ်း မမြင်၊ ပျော်ရွှင် မြူးထူး၊ သဘင်ကြူးလျင် အရူးဆိုသည်၊ ဂုဏ်တံဆိပ်နှင့် ရေဆိပ်ပိတ်၊ အဝီစိကို ရောက်လိမ့်မည်၊ သတိထား၍ ဘုရားမြတ်ကို လွန်ကြည်လင်၊ တရားတော်ကိုနားမှာဆင်၊ သင်္ဃာတော်ကို ပခုံးတင်၊ သင်ပုတ်ရေချမ်း၊ ကြိုးပမ်းနေည၊ နိစ္စမပြတ်၊ ၀ါပဝါတွင်း၊ သီတင်းမမေ့၊ သိမ်မွေ့သည့် ဂုဏ်၀သီ၊ သန္တုဋ္ဌိသလွေ၊ အလောဘနှင့် အဝိဇ္ဇာ၊ မနုဟာဇ္ဇဏာ၊ ပဉမာပုံထုတ်လျင်၊ ဂိဏ္ဍာကုဋ်မှာပြိတ္တာလျှံ၊ စိတ္တက္ခဏ်မှာသိကြားပေါ်၊ မဟဂ္ဂါတ်မှာဒြဟ္မာလျှော်၊ ဥမင်္ဂါတ်တော်မှာ၊ မဟော်နှင့်သေနာ၊ ဆိုကြသည်အရာမှာ၊ ဥစ္စာမှာငရဲအိုး၊ ပညာမှာနိဗ္ဗာန်မျှော်၊ အစိုးရသည့် မြတ်သခင်၊ ကိုင်းဝိဒေဟပြည်ကြီးရှင်၊ မယားမှူးကြင်သေလုပင်၊ စန္ဒီမိကြောင့် သိမ်မြင်၊ ပိုက်တွင်း၀င်သည့် သမင်ပုံ၊ သေဘေးတွေ့၍ဆွေ့ဆွေ့ခုန်၊ ဥမ္မာဒန္တီ ကုမ္မာရီအယဉ်ကြူး၍၊ အမူးပေါ်သည့် မင်းတရား၊ မယားကို ချစ်သည်စိတ်နှင့်၊ ဆိတ်မနှင့်ယိုးစွပ်သည်ကို၊ အဟုတ်မှတ်သောကောသလ၊ မယ်ဗွာရန္ဓတီ၊ ကုမ္မာရီ ငွေဖေ့ကြောင့်၊ တောင် သေလာ မွေးကြောင့်၀ယ်၊ လောင်းဝိဓူဠေပြောင့်၍၊ ဘည်းအူးတာ် မကြေလျော့အောင်၊ မြင်းသေသည်လုလင်၊ အိမ်ရှေ့တော်စံရှင်၊ ရွှေကိုယ်တော် သန့်စင်၊ မယားကို မင်သောကြောင့်၊ ညွှန်ပျောင်းတွင် ကပ်လိမ်း၊ ထိမ်းထိမ်း လုပ်သည့် လူမင်းသား၊ အမှားပုံကို ဉာဏ်ဖြင့်ရှု၊ အမှန်ပုံကို လိုက်၍ဤ၊ မိန်းမမွေကြောင့်မရိုင်းစေနှင့်၊ ငွေမတ္တာလာ၊ လက်ယာသောင်းရပ်၊ ဘဂ္ဂကမ်မာ၊ မိန်းမမြတ် လေးမျိုး၊ အဖိုးမြဲခဲ့၊ ပုလဲပြည်တန်၊ ကုမ်းဂန်မိန်းမှာ၊ အမရာဝေဒီ၊ ကိန္နရီနှင့်၊ မဂ္ဂဓိသမ္ဘူလ၊ ယောကျ်ားမျက်ချစ်၊ ဧမ္မူရစ်သို့၊ အပြစ်နှင့်ပါး၊ ဓရွမယား၊ ငွေမယား၊ မယားသူခေတ်၊ ပေါင်းဖော်သမျှ၊ သုခွားမှု၊ ဒုဝတ္ထမာန်၊ ပစ္စုပ္ပန်အကျိုးရောက်၊ မျက်မှောက်လည်း မျော်၊ နောင်လည်း တော်အောင်၊ မြင်မြော်ရန် တစ်ဌာန၊ ဇာထိနှင့်ပဝတ္ထာ၊ ကာလနှင့်ဒေသ၊ ဌာနနှင့် ဌာနီ၊ ယာယီနှင့်နှဂိုရိ၊ ထိုရွှင်ပေယ်ကြီး၊ အနိုးနှင့် အဝေး၊ အအေးနှင့်အပူ၊ မှတ်ယူရန်နည်းနယ၊ ဇာတိနှင့် ပဝတ္ထာ၊ ရာမည၀ိုင်းဌာနီ၊ ရွှေမြို့တော်သိဂီဝယ်၊ ဓမ္မစေတီမြတ်မင်းလောင်း၊ ရဟန်းတော်အပေါင်းကို၊ သိက္ခာဟောင်းစွန့်ပစ်၍၊ သိက္ခာသစ်ယူဇေဟန်၊ ကာလကိုဆင်ခြင်ရန်၊ ဧင်ပုပ် နှင့်ဂွက်ကျိုးကို၊ နည်းမှီ၍ဝေန်၊ ဒေသမှာထူ ်း၀်၊ သိန်းစွန်ကို ရန်တို့၊ သီလုံးဌက် အာဂဠာ၊ ဌာနနှင့် ဌာနီကို၊ နည်းမှီ၍ကောက်၊ ကြွက်မနိုင် ကျီကိုထိုက်၊ မီမြိုက်သည့် လူဟန်၊ ယာဃီနှင့်နဂိုရိ၊ ပုံဆိုမည် အမှန်၊ နကေဝဋ် ပုဏ္ဏား ဘို့၊ စူဋ္ဌနီ ထင်မှား၍၊ ပြေးသွားရသဠါလန်၊ တို့သင့်သည် ရန်စ၊ မှတ်ကြလေ အသွယ်သွယ်၊ ဗ်ဟာဝုပုဒ္ဓကြွယ်၊ အဝယ်နှင့်အကြိုး၊ အနိုးနှင့်အဝေး၊ အအေးနှင့်အပူ၊ မှတ်ယူရန်နည်းတခြား ရထား၌းပွတ်၊ တစ်စင်းပြတ်၍၊ ယုတ်မြတ်မရွေး၊ မြို့လုံးမွေ့၊ ခွေ့အနန္တသတ်လေရ၏၊ ထိုမှတစ်သီး၊ ဆင်တစ်စီးကြောင့်၊ ကျီးအနန္တ သတ်ရလေငြား၊ တစ်ယောက်သားကြောင့်၊ မျောက်များအပေါင်း၊ ထောင်းထောင်း ကြေပျောက် တစ်ကောင်မျောက်ကြောင့်၊ မထောက်မညာ၊ မျောက်များစွာတို့၊ သေရာလေရ၊ သိဟဠဟ၊ နာမခေါ်သွန်း၊ ဘီလူးကျွန်မှာ၊ မော်ကွန်းအသွင်၊ ရာဇ၀င်နှင့်ရိုင်းပင်ပေါက်အောင်၊ မထောက်မထား၊ နွားနှင့်သားကို၊ ပုံထား၍ဒေသစည်း၊ ဧလာရ ကျေးမင်း၊ အဖွင်းတကာခေါင်ချပ်၊ နရာရီပြည်ကြီးကို၊ ရွှေထီးအုပ်၍ မင်းလုပ်သည့်ဓမ္မရာ၊ ဌက်နှင့် သားကို ပုံထား၍သတ်သည်တာ၊ ဗာရာဏသီ၊ သံဂိုရောင် လျှမ်း၊ ထီးနှင့်နန်းကို၊ တစ်ကွမ်းစားတန်၊ ဆန်တစ်ခွက်ပြတ်၊ လူသွပ်မာ၊ လာလေသမျှ၊ အောက်ကျနောက်ကျ၊ မြင်ရသည်အဖြာဖြာ၊ မြွေခွေးနှင့် ကေသရာလင်းတင့်ဥပမာ၊ မိဓိလာထိုင်းပြည်တွင်း၊ ရွှေနန်းခွင်ကို၊ ပုတ်သင်ငယ်ပြိုင်ဘက်၊ ရွက်စရာထိရွာန်၊ ဆင် ပြောင် ကို စစ်ထိုး၊ ဆင် ချေး ပိုး ဖက်မတန်၊ မာန်တံခွန်လှည့်ကာနှိမ်၊ ဇာမြွေ သမ္မတ္တိ၊ ရှိရမည် အခါ၊ ဥဒ္ဓါးဆရာ၊ ဥပမာတွက်စစ်၊ မြစ်နှင့် သဲသောင်၊ ဆုနှင့်လက်ဆောင်၊ ကြောင်နှင့်ကြွက်၊ မြွေ

နှင့်ဖာ။ ငါးပါးဂတိ၊ စွန်းငြိမထင်၊ ကောင်းကင်ဖျား ရထားနှင်သည်နှယ်၊ ဆင်ခြင်ရန်အဝ၀၊ သာမျှဘေဒါဒါနဒဏ္ဍာ၊လေးဝဥပါဝိယ်၊ ရွှေပုစွန်ဉာဏ်ကျယ်၊ ဥဗျိုင်းငှက်အန္တရာယ်၊သားသူငယ်ဉာဏ်ကဲ့၍၊ ရင်ကွဲသည့်ကေသရာ၊ နှံစုတ်ငှက်ရန်မီးကြောင့်၊ ဆင်ပြောင်ကြီးသေရရှာ၊ ဝဂ်နွှဉာဏ်အရာမှာ၊ ဝေဿကာပုဏ္ဏားလေ၊ ရန်မီးစသူမွေ့၍၊ ဝေသာလီပြည်ထဲ၊ ကျားရဲဝင်သည့် ဥပမာ၊ သပ္ပါရိသ နိဿယအရာမှာ၊ ဥပမာ ပုံထုတ်လျှင်၊ ခင်ပုပ် ဇရက်၊ ဝက်လည်း တစ်သီး၊ ကျီး-ခွေး- မျောက်-ဆင်၊ သမင်ဥဒေါင်း၊ အလောင်းလင်းတ၊ စန္ဒာလသို့၊ နှည်းပြသည့်အရာမှာ၊ မှတ်နာကြသည့်အစုစု၊ ကလာဝုနှင့် မြတ်ခန္ဓ၊ ဒဏ္ဍကီနှင့်ရှင်ကိသ၊ ဒီပါဃနှင့်က သမင်း၊ ဆတင်းပြုဆွဲ၊ ဂေါတမနှင့်အဠနာ၊မာတင်္ဂနှင့် မစ္ဆမင်း၊ ဖွဲတ်ယွင်းကြသည့်ဝတ္ထု။ အရင့်အနှံ၊ကောင်းမှုသမာ၊ က သာပြုပြင်၊ ဇရင်လိမ့်မည်၊ မရည်လေရာ၊ သမ္မာသတိပ္ပ၊ဝိရိယကြောင့်၊ ဇနကဘုန်းဝေ၊ ပင်လယ်မွေ့ဝယ်၊ မေခလာမိုး သူ၊ ရွှေပေဉ့ဇူနတ် ရင်ငွေ့ကို၊ တွေ့ရပြီးလျှင်၊ ရွှေထီး မိုးကာ၊ မိမိ လာတွင်၊ ဘုံသီဟာပလ္လင်မှာ၊ဥကင်တော်ဖွင့်ရသည်၊မှတ်ချင့်ရန် တစ်ပုံ၊ ယုံတန်မယုံတန်၊ ဆင်ခြင်ရာမှာ၊ဉာဏ်ပေတုံးထာ၊ယုန်မိစ္ဆာဏ်၊ မဟာပထဝီ၊ မြေပြိုပြိုဟု၊ နူတ်ဝစီမြွက်စကားကြောင့်၊သားအပေါင်းသေဆုံး၍၊တစ်ကောလုံးကြွက်ကြွက်ဆူ၊ဗုဒ္ဓကိုရွှေခြေသို့၊ ကျင့်သိမ်မွေ့သည့် မြတ်ဗောဓိ၊ အထုံတော်မရှိ၍၊ ပကတိချမ်းသာ၊ မစီးရိမ်သင့်သည့်တာ၊ စီးရိမ်သင့်သည့် အရာမှာ၊ ကြီးကြာနှင့်ပုဏ္ဏား။ တိတိတူးငှက်တစ်ပါး၊ မြေစားသည့်တိယုတ်၊ ဟုတ်မဟုတ် လျော်မလျော်၊ မြင်မြော်သည့်အရာမှာ၊ မဟောသဓာဉာဏ်ရှိ၊အနာဂတ်နောင်လာရန်၊ ရွှေဉာဏ်တော်မြင်သိ၍၊ စူဠနီ့ရင်သွေးတော်၊ ဝိဒေဟ နန်းပျော်နှင့်၊ ဖွားစာတော်စပ်ရာ၊ ရက္ခမွေ့၊ ဇာတ်မှအလာ၊ ဆွေဉာ မျိုးဝတ်၊ ညီညွတ်သည့်အရာမှာ၊ ပိုက်ကွန်ပြိုရန်း၊ ငုံးမင်း၏တ်ထွာ၊ ဉာ တတ္ထ ဧရိယာ၊ ကြည့်ရမည့် ထုံးပုံမှာ၊ မဟာကုက္ကု၊ရ သုနက္ခနှင့်၊ မစ္ဆရာ၊မဟာကပိ၊ လောင်းဗောဓိ မျောက် မွန်၊ ကျေး ကွန် တို့ အ တွက် ကြောင့်၊ အသက် သေဆုံးသည့် အရာ မှာ၊ မဟာဇုဠကို့ရ၊ နိဂြောဓ ရွှေသမင်၊ သခင် ကျေးဇူး၊ အထူးထူးဆောင်သည့်အရာမှာ၊ မဟာသုမုခ၊ ကာကသေနာပတိ၊မှတ်သိရန်တစ်သွယ်၊ ဆန့်တစ်စလယ်လွှဲရတာနဲ့၊ ဝေဿန္တရာ ထင်မှတ်သည့် စိတ်ယုတ်၊ ဥပသံသီလ၊ တစ်နေ့တစ်ည၊ စောင့်ကာမျှနှင့်၊ စိတ်ကကြွပ်ဆတ်၊ မနုးနပ်၍၊ ဘူရိဒတ်နဂါးလောက်၊ သွေးမြောက်သည့် သတ္တဝါ၊ ပုဆိုးစွန့်မှာ၊ ရတနာငွေ၊တစ်မတ်လောက် ထုပ်ရလျှင်၊ ဇောထိုက ငါပင်ဟု၊ မှတ်ထင်သည့် စိတ်ထားနှင့်၊ စဉ်းစားလျှင်အဝ၀၊ မဟာကုသလ၊ ပုညဝတ္ထု၊ ရောင်းမှုအရာ၊ ရောက်သောခါလည်း၊ လျင်စွာ လျင်စွာ၊ ပြုရာသည်ချည်း၊ ထုံးနည်းဟပ်၍၊ စပ်ခဲ့သည့်အရာမှာ၊ မဟာကေ သာဠက၊ စူလကေ သာဠက၊ ကဘိအရေထကဏ္ဍာဏ၊ ရွှေခွန်းတော်မြွက်ဟ၊ အဇ္ဈေ သုဝေ၀ါ၊ ပရသုဝေ၀ါ၊ နှက်ဖြန် သံဘက်၊ ဆက်ဆက် မှန်စွာ၊ သတ္တဝါ သခ်ါရ၊ အနိစ္စမျိုး ဒုက္ခအိုး၊အစိုးမရ၊ မရဏာသန္န၊ ယမမင်း စိတ်ကြိုက်၊ လိုက်ရမည်မှုခ၍၊ ဇီဝိတံဗျာဓိကာလောစ၊ သင်ကား ငယ်က၊သင်ကြီးမှဟု၊ မုချဆတ်ဆတ်၊ မသိအပ်စရာ၊ ခြေလက်မှာ၌၊ သေစာသေဟိတ်၊ နှိမ်တ်ကွင်းကွင်း၊ မရှိလျင်းက၊ အတွင်းဗာဟိရ၊ ကြောက်မက်ဖွယ် လောက၊ လူကရှင်က၊ ကိစ္စတင်းလင်း၊ လက်စကြွင်းနှင့်၊ သေမင်းယမရာဇ်၊ မီးထုတ်ပစ်၍၊ နွမ်းညစ်ခါမှ၊ သံဝေဂလည်း၊ နောက်ကျတတ်ငြား၊ သတိထား၍၊ ပတ္တမြားတန်ဆောင်းမြတ်ပညောင်နှင့်၊ ဉာဏ်ရောင် နေဝန်း၊ ထွန်း လင်း သည် အခါ၊ သာသနာဝယ်၊ ကြိမ်လာစင်စစ်၊ လူဖြစ်ကျိုး နပ်၊ နပ်ကြီးနပ်အောင်၊ ဇာတ်ဆယ်စောင်တွင်၊ အမောင်တေမိ့.ထုံးနည်းညှိ၍၊ သတိသမ္ဗဇ၊ ကြိုးလို့.လဖြင့်၊ ယုဆန်ိုင်သည် ဖြစ်စေသောဟု၊ ဩဓိသာ ရတနာ၊ သိနေဟာဖြင့်၊ နာစေသမျှ၊ သာဓုဝါကျ၊ နီတိကျမ်းအပြတွင်၊ ကြည်လှသည့်မြေဆီ၊ မေဒနီဩဇာထို၊ ထုတ်ယူကာ ပြသည့်နှယ်၊ သဒ္ဓမ္မရသာ၊ သူတော်ကောင်း ဩဇာထို၊ ကျမ်းလာထိုင်း ဖွင့်ဆို၍၊ ထိုထို မှာကြားလိုက်သည် ဒကာတော်၊


ဆေးထည့်ပုံ

တေးထပ်များ

လိမ်ဥာဏ်ဆင်

ကလိမ်တွင် လိမ်တင်ရ၊ လိမ်ပင်ကဘုရင်၊ လိမ်ချင်လှ သခင်ရယ်၊ အလိမ်တွင် ခေါင်ဆုံး၊ လိမ်ရှုပ်လို့ လိပ်ရုပ်ဖော်သည်၊ လိမ်နှုတ်တော် စွဲသည်နှလုံး၊ လိမ်ဟန့်နှင့် လိမ်ဉာဏ်ဆင်၊ လိမ်စံသွင်ဘန်း။ လိမ်ပြန်လျှင် တဖုန်းက၊ လိမ်အသုံးခက်အောင်၊ လိမ်သလေလိမ်နေကျ၊လိမ်မေက ဝမ်းနဲပါတ်ဆောင်၊လိမ်လွန်းလှ လိမ်ကွန်းဆောင်မှာ၊ လိမ် မွန်း ရောင် ချိန် သစ် လို့၊ ကလိမ်ပြစ် အမျိုးဝင်၊ တိုးလို့ လိမ်ချင်း၊ ကြိုးလိမ်ရစ် ဆံတိုးခင်ရယ်၊ တစ်မျိုးပင် လိမ်အုန်းကွဲ့ လေး။

(အလိမ်မွဲ)

အင်္ဂေ့နှင့် မမူ့လေသူ

ကာမဂုဏ် ပျော်မြူးလို့၊ မတော်ဘူး ဘုရာ၊ အင်္ဂေ့နှင့် ရွှေ့မခွာတယ်၊ လူမှာသာအတွေ့၊ ဝါဒ တော် သည်လောက်ထုံတယ်၊လူ့ ဘုံကိုဆုံးစတိုင်မေ့၊ ငုံ့လို့မှ မ ရှု နိုင်သည်၊ ခုတိုင်တိုင်နေပေ့၊ မမှုပိုင် လေသရွေ့ဟာဖြင့်၊ မကြေမြေ့နိုင်ပါ၊ စည်းစိမ်ရှင် အ တွင် မြူ တာ ဖြင့်၊ ထင်မြင်သူ့ ဆွေးချက်ဖို့သာ၊ အင်္ဂေ့ဝ သုဝေါ၊ နက်ဖြန်ခါသန်ဘက်လို့၊အတွက် နှင့် အစိတ်ဖြာ၊ လေးပါးမိတ်ကလျာ၊ လှ,ပြည်က ရှားတာကို၊ အားကျကာ ပျော်တုန်းထင့်လေး။

(ဆိကြားတိုင်ခဲ့)

ကျွတ်ခန်းတိုင် ပေါင်းပါ့မယ်

ကုဏ္ဍလာဒုမ္မာမြင့်၊ မုန့်လာပွင့်ဖြစ်စေ၊ ယုံပါ သင့် ချစ်တဆွေငယ်၊ ပစ်မသွေပါဘဲ။ ရွှေပဏ္ဏ ခေါင်ရမ်းရေငယ်၊ မှောင်သန်းစေ မည်းတော့မလွဲ။ ကွေးသူဝ မြကိုယ်ရောင်မှာ၊ လှနီတောင် ဖြစ်လဲ၊ ဃိတိမ်တောင် ရိပ်ထဲက၊ လိပ်ဝဲလို့ ပျံစေ။ ပဂ္ဂက် တောင် ငှက်ကောင်ဖြစ်စေတော့၊ ဖက်နှောင်ချစ် ဘုန်း ကမလွဲ၊ မြွေမလို့ ခရဲရွေစေ၊ သမုဆွေသာကိုင်၊ ပါရမီ သစ္စာခိုင်၊ ယိမ်းလို့ မယိုင်၊ မေတ္တာယှဉ် ထွတ် နန်းပိုင်တောင်၊ ကျွတ်ခန်းထိုင် ပေါင်းမယ်ပလေး။

(သစ္စာဏဒေဝဲ့)

သိကောင်းပါ၏

ကုသိုလ်ကံ ဓွေးကျလို့၊ မွေးရသည်ခေတ်ဝယ်၊ အဝေးက ချစ်ရွယ်သည်၊ ပစ်ပယ်တယ်ထင်နှင့်၊ ဘုရား ဟော သဘောမှန်သည်၊ လောကဓံ ကင်းခွင့်မသင့်။ ပုထုဇန်နယ်လိုဟာ၊ ဘယ်ဆိုရာမတင့်၊ ရွယ်ခိုကာ ညက်ချင့်လို့၊ ကံမြင့်မှကြီးမယ်၊ အသက်နှယ် မက် တွယ်ချင့်သော်လဲ၊ ပျက်ပြယ်လင့် ဘုန်းမို့ ခွာတယ်၊ စက်လယ်မြင့်မျိုးအမှန်ရယ်၊ထမ်းပိုးဆယ်ပြန်စံပြလို့ အ နှ စ္စ စေတ နာ၊ ဘုန်းမောင့်မတ္ထာ၊ မလွဲဘု ဇွဲမှတ်ပါကွယ်၊ ကဲခတ်ကာ သိကောင်းခဲ့ လေး။

(ကုသိုလ်ကံ ခွဲ)

ဟိတ်မလိုချင်

ကုသိုလ်ကံပေးသမျှနှင့်၊တေးကြမ္မတော်မယ်၊ဘေး ဘယပေါ်လွယ်အောင်၊ မလော်လယ်ချင်ဘူး၊ သက် တမ်းခဏ မနောကြည်အောင်၊ သဘော်ချည် ဝတ်မည် စိတ်ကူး၊ ၊ငွဲတော်ချက် ဝက်သနီကို၊ မမက်ပြီအထူး၊ ကြက်အဆီမလူးတဲ့၊ဘူးဆိုမျှဟင်းချို၊ ၊တစ်ပြားတန် ဂွယ်ထမင်းငယ်နှင့်၊ သည်လည်ပင်း ကြိတ်လို့သာမျိ၊ ရည်ရွယ်ရင်း စိတ်နဂိုမှာ၊ ဟိတ်မလိုချင် လှလို့၊ မရွှင်ပျမျက်နှာတော်၊ ကြွားချီမမော်၊ ခုမှားဖြင့် မြူ မပျော်တယ်၊ လူခေါ်ရင် အ ချင်ရဲ့လေး၊(ဆံဒေဝန္ဒဲ့)

ကာဇဆိုး

ကာလနယ်ဆိုးပါဘိ၊ ထူနီးကလူလူ၊ တော လေ့ပေါက်နန်းမူ၊အိမ်သူကိုဧည့်စောင်း သူကောင်း

ကိုအပြစ်တင်၊ တောင်ယာခွင်မျောက်လိုက်လို့မောင်း၊ လေးတရာ့ ဆီမုန်လှုင်၊ ရေနံလောက်မကောင်း၊ စိတ်အနေ ရုပ်ပြောင်းလို့၊ ချောင်းကိုပါမြစ်ထင်၊ တူရိယာနတ်စည်စောင်း၊ သူဖုန်းတောင်း ချင်းကတဲ့ သွင်၊ ဝါးလုံးခေါင်း လသာချင်တယ်၊ အိမ်ထဲတွင် ကင်းဝပ်လို့၊ မုန်းစာတ်ကြဲကြပြီ၊ ဘုန်းရှိ၀သီ၊ ခုများပြင့် မုသားညီတယ်၊ အပလီဗိုလ်မင်းပလေး။

(ကဆိယုဂ်မွဲ)

ယုံရခက်သူ

ကက္ကရုပန်းညွှန့်လှမ်းကွန့်၍ယူလို့၊စမ်းရွံ့ရှံ့မူပိုသည်၊ သူဆိုတဲ့စကား။ ခင်မသိဆွေးပုအင်ကို၊ ရေးယူရင် အေးလိမ့်မလား၊ တရံတွေ့ဆုံစခါကို၊ ယုံရမှာ ခက်သား။ ကြုံလှပါအများတို့၊ တရားမဲ့ကျင့်ကြံ၊ သစ္စာတော် ခွာပျက်ဆုံးရင်ဖြင့်၊ ရာသက်လုံး ကောင်းဘူးအမှန်၊ ငိုလွယ်လို့ ရှိုက်ခက်ဟန်ကို၊ ပုံစံတော်မေထား၍၊ စဉ်းစားလျက် အသွယ်သွယ်၊ တွေးကြံရတယ်၊ မုန်းပျက်လို့သေကွက်မယ်ကို၊မေခက်တယ် စိုးရွံ့လှလေး။

(ဆကြောက်မွဲ)

စန္ဒီကိုမြည်မပါမယ်

ကံကုသိုလ်ခေတုန်းမို့၊ ငွေအုန်းတော့ဖအေ၊ ရွှံ့ဖက်က မယ်နေမယ်၊ နောင်ရေရှည် သိတမ်း၊ ခုများဖြင့် တုံ့မဆိုတယ်၊ ခန္ဓီကိုမြည့်တဲ့အခန်း၊ ရိပ်ပါဒဲ့ အဓိဋ္ဌာန်ငယ်၊ နိမိတ်ကယ်ကွက်ဆန်း၊ အကြိတ်ဉာဏ်ပွက်ကြမ်းလို့၊ အဟာ့ပြုချောင်းသံ၊ ခေါင်းညိတ်ကာ လက်ညှိုးနှင့်၊ စကားထိုးနှပ်ကြတဲ့ ဉာဏ်၊ ကာလက ပြောင်းပြန်ကို၊ ကြောင်းမတန် မခံချိအောင်ပဲ၊ သဃေန်မသူတော်၊ သြဒျပါနော်။ လောကဓာတ် မောင်ဘုန်းမော်ယေ၊ ကတုံးပေါ် ထိပ်ကွက်လှလေး။ ။

(အလိမ်မွဲ)

ဓင်္ကပါမယ်

ကောက်အလိမ် ငွေမှန့်၊ ဆွေခင်ပု အမူ၊ ကြိုး ခက်လို့ ကြိမ်ကုသည်၊ လိမ်တော်မူ မဆုံး။ ငမြွေတွန့် လိမ်မမှီတယ်၊ မြစ်နဗ္ဗဒီဉီးခိုက်လို့ ရှုံး၊ခင်လေးတို့လိမ်ပုံမှာ၊ ကြခတ်ရိုတန့်နှိ၊ ရွှေပန်းထိမ်ဉာဏ်ချိန်သုံးပါတဲ့၊ နော်ဇာကိုးမမှီ၊ ပဲလင်းခွေ စင်တော်ကူး၊ ကြင်ဖော်ဉီးသုံးရွေ့ ဝသီး၊ဆံကုပ်တဲ့ ဖေဇော်ဂျီရယ်၊ မုတ်ဆိုတ်နီ လိမ်ရှုပ်က၊ နောက်ဆုတ်လို့ ဦးတော်တင်၊ ဝေးကရှောင်ချင်း၊စာပေါင်းသိုက်က ကရွတ်ခင်ယော်၊သရွတ်စင် ခေါလောက်ကဲ့လေး။

(အရွှမ်းမွဲ)

ထမင်းထက် နှစ်လေးသာ

ကောင်းခြောက် ဆယ်လေးရပ်၊ သွေးထပ်ထပ် ရွပ်ညီ၊ ရွေးနိပါတ်ထုတ်မှီသည်၊ ဗုဒ္ဓတိတ္တုတ်ထား။ ဗိမ္မာနတ်ကိန္နရီလို၊ တသ်ိဂီယိုးတော့မမှား။ ဥမ္မာဒ ရစာမယ်လို၊ နုရွာတယ်အသား။ ကုမုန္ဒယ် နှုတ်ဖျားက၊ ပတ္တမြားသဖွယ်၊ ကြယ်ဥက္ကာ ညည့်ရောင် မီးလိုပ၊ ခင့်မောင်ကြီး ထင်လိုက်လုတယ်၊မြင့်ဆောင်ထီး ညောင်လယ်မှာ၊ ရွှေဖွယ်ပဝင်းလို့၊ လမင်းထက် နှစ်လေးသာ၊ အေးမြလိုက်ထာ ၊ မြင်ရသူ ဖေသက်သာတယ်၊ ရွှေမျက်ခွာ ကြည်ထွန်းလို့လေး။

(အမြောက်မွဲ)

ကာမသံနောင်အိမ်

ကိုယ့်ကိုယ်ကို ကိုယ်ကြည့်လို့၊ သတိနှင့်ချင့်နော်၊ သင့် မသင့် လျော်မလျော်ကို၊ မှန်တင်တော် ရှဉီး၊ သေတင်္ကကိုတစ်ကပါတယ်၊ တက်စရာရွေးမျှ ရှိဘူး၊ ဣကာမ သံနောင်အိမ်မှာ၊ အကြိမ်ကြိမ် ဃစ်မူး၊ တင်းမတိမ်နိုင်ဘူးထင့်၊ သူ့စိတ်ကူး သူ့ အထင်၊ အပျိုပုံအမူလေ့လို့၊ ငယ်လေ့ကို သိမ်းနိုင်အောင်ပင်၊ အတွေ့ကိုမဆင်ခြင်ရင်၊ နောက်ဆံပင် ကုန်လုပေါ့၊ ပျော်မှု တော်တော်သာ၊ မလိုက်သင့်ရာ၊ အရှိုးကို အားမနာတယ်၊ သံသရာရှည်လှချည်လေး။

(မှာထမ်းမွဲ)

မောင်းမ တစ်ထောင်

ကိုယ့်လင်ကိုသာ ချစ်စေလို့၊ ထု ်းအသစ်မထင်၊ လောဘနှင့် ဘောထချင်၊ ဒေါသဝင် စိတ်ထား။ ကေန္ဒလမ်းမှန်ထင်၊ ကျမ်းဂန်တွင် ရှိကြရဲ့လား။ ယောကျ်ားကို မျှစားဝေ၊ ကုသိုလ်တွေ အများ။

သဘောဉာဏ် ယူသင့်သားနှင့်၊ ရန်စကားသူကြွယ်၊ အင်မတန် လင်မာန်ရောက်၊ ဆင်ရန်ပေါက် နှင်းပြန် တော့တယ်၊ ဝိဇ္ဇရ မတ်ဘုန်းကြွယ်ငယ်၊ အသိမ်းဝယ် မဆို့ထားပါနှင့်၊ မ ယား ကြီး တစ် ထောင် စံ၊ ကျွမ်းထွက်အမှန်၊ မောင် လို နှ တဲ့ ပု ထု ဇနီ ကို၊ မယ်ဆိုရန်ရှိဘူးကွဲ့လေး။

(သဘောကြီးသင့်ကြောင်းဖွဲ့)

ကြေ့မှုးသို့

ကိုးပြည်တန် နောင်ညိုလို့၊ ဘိုးနွယ်လျှံထိန်၊ ဇောမဏိဝေဘူစိန်လို့၊ ပုဏ္ဏမိန်ငွေစန်း၊ မြင့်သမျှ ယံ့အမှုတွင်၊ ဆင်မတူ ဘုန်းကြေ့ကြော့ဆန်း၊ သုံးပန်လှ ပိထုန်းကေလုံ၊ ဂမုန်းခွေ ဖေ့ပန်း၊ မာယာမှာ တစ်ခါလွမ်းလျင်၊ ရွှေတစ်သန်းကုဋေ၊ တင်တင် ခင်ခင် ပုငယ်ကြောင့်၊ ကွမ်းကြွေလှ လွမ်းခဲ သာငွေ၊ တပါးက သနားပေလျင်၊ တအားလေ မှီခိုရမည်ကြောင့်၊ လွှာသသည် အရေးပို၊ ဝေးက လူကြို၊ သိမ်ငါဘူးလို့ ကြေ့မှုးသုန်ရင်၊ ရွှေဂဠုန် ဆား ချက်မယ်ပလေး။

(မယ်မဲ့)

မန်းမြို့သူ

ကျက်သရေတက်နေသင့်၊ စက်ငွေပွင့် သော်တာ၊ မျက်ရွေပွင့် နော်ဇာလို့၊ မော်တကာခေါင်ဆုံး၊ မန်းနဂရ နန်းမြလယ်မှာ၊ စန်းလနွယ် နှိုင်းခလောက် တဲ့ဖုန်း၊ ဥန္ဒြေသွင်တဟန်ငယ်၊ တစ်ပင်စိတ်နန်း၊ ဘုရင်ခံတဖုန်းသို့၊ တစ်ကုဋေစိန်မျက်ရှင်၊ အလှတွင် ကုန်ကုန်ဆန်း၊ ဘု ခန်းကို လွှမ်းလောက်တဲ့ခင်၊ အယဉ်ထက်အယဉ်တွင်၊ မြမြသွင်မြခဲ့သို့၊ ပုလဲငွေ သခါစင်၊ သွန်းရွှေရုပ်သွင်၊ အလှဆုံးနန်းရှိ ခင်လို့၊ မန်းမြို့တွင် ရှာပါငဲ့လေး။ (မယ်မဲ့)

ထုမြူတေ

ကျက်သရေအစုံပျို့၊ ပ ဝုံတို့တန်ဖို့၊ ဝုံဏ်မချို့ စံညီတယ်၊ မဒ္ဒီတို့မူဆုံး၊ ဆံကေသွဲ မြိတ်မြသျှောင်မှာ ဘမရာရောင်ကျန်းဖွယ်တဘုန်း၊ ငွေသွားညွှန့် စီရင်ငယ်၊ ဝဇီရာတန်နန်း၊ အဋ္ဌနာရောင်ပြုံးတဲ့၊ မျက်လုံး တော့် နှစ်ဆူ၊ ရွှေမြင်းမိုရ် မြောက်စူးက၊ ဃောက် ရှုးကြယ် ထွန်းလာသည့်တူ၊ ငါးကြန့်သန့် စံအမူငယ်၊ ဇမ္ဗူတွင်ကုန်ခန်းလို့၊ ဘု ခန်းထွတ်မဟာဆွေ ကျော်လောက်တဲ့မေ၊ လောကဓာတ် သည်လူ့ပြေမှာ၊ အမြဲတေ သူကဲ့မို့လေး။

(အမြောက်မဲ့)

မှူးဒေဝီ

ကြော့ဒေဝီ နန်းအညွှန့်မှာ၊ ဆန်းအကွန့်ဓာတ်ဖန်၊ မန်းအဝှန့်မြတ် သဟဲငယ်၊ နတ်ထဲထီတသိမ့်၊ သိန် သီရီခုအရှိန်သည်၊ သုဘကိတ် လွှမ်းတဲ့အခြိမ့်၊ နောင် ဇမ္ဗူမန်း ငွေဖန်းပြင်မှာ၊ ရေဖျန်းပင် ခံစိမ့်၊ ရွှေ နန်းစဉ် စံလိမ့်ဟု၊ ပြန်အမိန့်ရွှေဗျာ၊ အထိတ်လာ သမ္ဘာရင့်သော်ကြောင့်၊ ပြဟ္မာ မင့်းဝန်းရံရွှေ့ကာ၊ ကျွန်းမြန်ဘွေ့မြေလာ်ယာမှာ၊ ရွှေစကြာညွှန်းဆက် လို့၊ ထွန်းတက်မဲ့မှူးဒေဝီ၊ ထူးပေ့ပါရမီ၊ စာဂီ သုံးလို့ ကပ်လုံးမှီအောင်၊ နတ်နှန်းရွှေစည် ဆော့ အုန်းမယ်ဖျာ့လေး။

(မယ်နဲ့)

ဒွေစကားနှင်မြူသူ

ကြောင်းမတန် ဓေါင်းသုံရိပ်လေတော့၊ ပေါင်းရန် စိတ်ပျက်တယ်၊ ဆင်ကိုးမဲ့ခင်ဘုန်းကြွယ်မှာ၊ မြင် ထုန်းဝယ်မကောင်း၊ ဖူးစာသ နတ်သားရှင်ငယ်၊ ကျွဲ ပြားတွင် ရေးတဲ့အကြောင်း၊ အရပ်က နှစ်ထပ်မြင် အောင်၊ မကပ်ချင်စတောင်း၊ မျက်နှာထွက်ကာ ရောင်းသော်လဲ၊ ရက်ကြာညောင်းနေကြွယ်၊ ချစ်လေ ဟန် မြို ကဉာဏ်သစ်လို့၊ ပိုက်ဆံညှစ် စောပါလှ တယ်၊ ကိုကျောက်လုံး အနီပသယ်လို့၊ စိတ်ကြွယ် အောင် ဒိုင်မပြနိုင်ဘူး၊ နှိုင်ရခ ယူတော်မူ၊ ဖွဲနိုင်မျှလူ၊ ဒွေစကားနှင့် မေထားမြူရင်၊ ရွှေနားမူ(တယ်)လာ ပူးမှတ်လေး။

(သန္ဓာမျက်မဲ့)

မျက်နှာဖုံးမလဲခေချင်

ကြင်ပဏ္ဏာနံသလို့၊ သံသရာ့နယ်ကုန်၊ ဖြစ်သမျှ ဘဝဘု မှာ၊ ကြုံသမျှ ချစ်တမ်း၊ ပနက်ငယ်သင်းကြည် သည်၊ နတ်နှင်းရည် ကြူဖူးတဲ့ပန်း၊ ဘဝကိုနောင်မဆို

ပြီ၊ ခုညို့ရုံညို့စမ်း၊မသာရင်သည်စခန်းက၊ ခြေလှမ်းတော့ရွေ့မယ်၊ဇာတ်ပုံကုန်မဆုံးခင်က၊ မျက်နှာဖုံးပုံလဲလွယ်လုတယ်၊ သည်မိတ်ဆွေတဘီးလည်ကို၊ ငြိမ်းလွယ်အောင် သည် ဘဝက၊ ရွှည်သမျှ သံသာဟို့၊ မနီးရလို့၊ မန်းစီခွန်. ဘုန်းမိုမှာ၊ ဆုကြည်ညို့ ပန်းတောင်းငံ့လေး။

(သစ္စာပျက်မှု)

ခူဝ်ကြယ်မြေဇေ

ကြယ်ခူဝ့် မြေခလို့၊ နေပတော့ ကောင်းကင်၊ ရွှေလမှာ ဒေါင်းမြင်ဇေ၊ ပေါင်းမိလျင် ခွာဘူး၊ နီဗွာနှိမ့် မရခင်၊ဘဝတွင် မုန်းစိတ်မကူး၊ လူသားနှင့် နတ်ကညာငယ်၊ သတ္တဘာနှံ ဦး၊ မြ ကျောက်ဖျာ ရေမှာ ကူးခေတော့၊ မသွေဘူးတကယ်၊ ယုံစရာစိန္တေ ပေါင်းမှာ၊ ကြိမ်ရေလောင်း ခံဝံ့ပါတော့တယ်၊ မှန်သစ္စာ ကတိရွယ်တယ်၊ပရိယာယ် ဥာဏ်မဖက်ပါဘူး၊ သေကွက်လို့ သေထိုင်အောင်၊ စွဲလိမ့် နောက်နောင်၊ မသွေတမ်းပ ငွေနန်းဆောင်မှာ၊ ရွှေကျမ်း စောင်စောင် ကျိန်ဝံ့ပါရဲ့လေး။ (သစ္စာဖောက်မှု)

ကျမ်းကျေ သူကြီး

ကျင့်သိက္ခာ ဝါကြီးနှင့်၊ ထွာပုတီး လက်ထိုင်၊ ညာမှန်ညဉ်း တကယ်ချိုင်တယ်၊ ပိုင်ပါပေ့ လိမ်နဲ့၊ ကြောင်းမတန့် ပုဂ္ဂိုလ် ကျော်ငယ်၊ ထုတ်ဆိုဖော် ဇာတ်နိပါတ်လဲ၊ လူတွေ့ထိုင်း ယပ်ကို ထိုင်တယ်၊ မတတီနိုင်အောင်ဘဲ၊ ထပ်ဝိုင်္ဂြိဟ်ဖွဲ့နဲ့တွဲလို့၊ ညှပ်မစဲ ဟောချင်၊ ပိဋ္ဌကတ်ကျေသည် ဘုန်းပေမို့၊ ဘဝလုံးဆုံးမဲ့ မထင်၊ ဝတ္ထုက ထုပဆင်တယ်၊ ရာဇဝင် ဟူ ပေါ်ကိန့်၊ ဆူနောက်လို့ လုံးလယ် လိုက်လေ၊ ဩကာသပေး၊ စာပေါင်းသိုက် ပြွမ်းလျက်မွေတယ်၊ ကျမ်းအကျေ လွန်လွန်းလို့လေး။ (အလိမ်ခံ)

မစေ့နိုင်

ကြွသွားတော်မူသနေ့ရယ်က၊ ယနေ့တဲ့ ခုထိုင်၊ မေ့မယ်လို့ ပုံထိုင်သည်၊ မေ့နိုင်ပုံ ရဘူး၊ ရွှေနှလုံး နောက်ပွေသည်၊ ဖျော်လေလေ လွမ်းသာလို့ ထူး၊ မြင်လိုက်ထိုင်း ခေါ်တဲ့ချင်၊ တော်မည့်ပင် ထင်ဘူး၊ ညောင်သရွာငေ ဘွဲ့ဦး၊ ရူးပြီပမောင့်ကိုယ်၊ တွေးလေခါ အေးဆာရနိုင်ဘူ၊ ဆွေးဖျာကြွေမှေးတဲ့ကုသိုလ်၊ သည် ကလောက် လွမ်းမှုပိုတယ်၊ ယခုလို ပုံများနှင့်၊ နတ်အများ ရှင်ဒေဝါ၊ ရေးတဲ့ဖွဲ့စာ၊ ချစ်ရက်နဲ့ မနီးပါတယ်၊ခရီးတာကြာလွန်းလို့လေး။ (အမှုမဲ့)

မဆင်လိုပြီ

ခဝါဝိုဝတ်လဲနှင့်၊ ဖွတ်မွဲကာပြာခြံ၊ ဘူးပေါ်ဆင့် ရွှေဖရုံလို့၊ မသေရုံကြဆဲ၊ ချစ်လွန်းလို့ သိမ်းကာမြိုတယ်၊ အိမ်ထောင်စုသန်းတွေ ကခဲ၊ဆန်ရေးကြောင့် စိုးကွာတယ်၊ ကံပေးတာ တည်လွဲ၊ ကြံရဟန် ငေကြောင့်၊ ငနဲတို့ဖြစ်ပုံ၊ မဖြူရင် မမျိုသိပ်နိုင်ဘူး၊ မဌ္ဍစိတ် ရှေးကထက်ကုန်၊ ပန်ချင်လျက် ပန်းတဝ့်ကို၊ စိတ်အာရုံ ခတ်ကူးလို့၊ကပ်ဦးသူ့ စန်းငွေရည်၊ မှန်းရတော့သည်၊ ပန်းသက နတ်နှင်းဆီကို၊ မဆင်လို ပြီဘူး၊ကွဲ့လေး။ (အမှုမဲ့)

မူတော်ကုန်ကြိုးချင်လှ

ခါနဂ်ရီချိန်ညောင်းလို့၊ သုံးမောင်းကျော် သာသာ၊ ဝန်းပြူစသော်တာလို့၊မျက်နှာတော်ရွှေရေး၊မြင်လိုက်မိ သူ့ပုံကို၊ ခု အာရုံ စွဲကပ်လောက်သေး၊ သည်တည်းက ခုပင်၊ဆင်ခြင်လို့နှောင့်နှေး၊ ကိုယ့် ကိုယ် ကိုယ်တွေးလို့၊ ဆွေးရက်နှင့်တန်တန်၊ ဘယ်ဝေယန် ဘုံကဖွားလေသိ၊ ချစ်အားတော် ထိုးလို့သာဖန်၊ သနားခွင့်ပြန်ပြန်မှာ၊ ထင်စရန် မလွယ်ခက်ပါဘို့၊ မမြွက်ကယ် စာပါနော်၊ ဝေးငယ်ကသော်၊ ထောက်လှမ်းကာ ရှမျော်တယ်၊မူတော်ကုန် ကြိုးချင်လှလေး။ (မှတ်ဆမ်းမှု)

မြည်ကိုမှောက်နိုင်ဧ

ခါးစောင်းတင်ပြည်ကိုမှောက်နိုင်ငဲ့၊အကောက်နှင့် အလိမ်၊ ရောက်တတ်ရာ ရွှေပုသိမ်ငယ်၊တစ်ရေစီမ်ခင် လေး၊လူတွေ့ကမရွှေ့ချင်အောင်၊သည်မေခင်ဟိုးတတ်တဲ့ဆေး၊ လမ်းမကဗန်းပြပြန်၊ တမ်းတဟန် မှိုင်ငေး၊ နပန်းဆံဆီပေးလို့၊ မဒီသွေးထင်တယ်၊ ရွယ်သက်တော် ဆင်တံတားမှာဖြင့်၊ ပျဉ်တလား ရောက်လှပေါ့ကွယ်၊ ကြောက်ရရာ့ ပြည့်ဖောက်သက်ငယ်၊ မှောက်ပမယ် ထောက်ထားပ၊ ယော ကျွဲးလို့ အသံ ဆို၊ စားတော့မလို့၊ နောက် များ ကို မ ကြွး လို တယ်၊ ဘုရားကို စူးပါစေ့လေး။ (ဆစ္စာပျက်မှု)

မယှဉ်နိုင်းရာ

ခါးတောင်းကျိုက် ပိတုန်းပိတ်နှင့်၊ ကျုံးထိပ်က ငပေ၊ ကုန်းပြိတ္တ တစ္ဆေလို၊ အသရေဟိတ်နွမ်း။ အသွင်နှင့် အမြင်မုန်တယ်၊ ဘဝင်ခံ မဲတဲ့စိတ်နွမ်း။ မနှိုင်းအပ် မယှဉ်ရာ၊ နှင်ဘာပြုဟော့ရမ်း၊ ဝက်ခုသော့သွမ်း၊ ကြေဉ်ကြမ်းလိုက်လေတယ်၊ ကြောင်းမတန် စောင်းမသင့်ခက်၊ ပြောင်းပြန်ရှက် ရက်ရချေမယ်၊ ဆီးစေ့နှင့် မြင်းမိုရ်ရွယ်သလို၊ ခင်းဆိုဖွယ် ကြောင်ကျားနှင့်၊ ဖားခြင်္သေ့ ရွေးသင်္ဘ၊ ကျီးနက် ပြိုင်လာ၊ နဂါးနှင့် တီလောက်ကွာတယ်၊ ခြေထောက် တာ လွန်လွန်းလို့လေး။ (ဂုဏ်နိမ့်မှု)

တေမိလို နေမယ်

ခုဖြစ်ပုံကြောင်းတွေကို သိသူမို့၊ ခေါင်းခွေယိ ခွေကာ၊ လောင်းတေမိဆွေမဟာလို၊ နေသာအောင် နေရ၊ နားမျက်စိခံတွင်းတော်ကို၊ ကင်းသနာ်ခွေးမှ မဟ၊ ရပ်ပြစ်ရှစ်ဝေးစင်ကွာအောင်၊ တွေးသင်္ဘာယန၊ အေး ချင် တာ ဘ ဝမို့၊ အအလိုနမယ်၊ အမှုတွေ လန်းကမန်းငယ်ကြောင့်၊ ရေ့ဖမ်းလုပ်ရတဲ့မယ်၊ ကန့်အခန်းသူဟုတ်ကယ်ရင်၊ မြူဆုတ်မယ် မရောင်လှပါဘူး၊ ရွှေကြောင်ကျ လေးဖက်ခုပါ၊ ရွေးတွက် တဲ့ခါ၊ ခုမှားဖြင့်တေးကွက်ကိုရှာမယ်၊ ဈေးမျက်နှာလုပ်ထုန်းမို့လေး။ (အကျင့်ဆိုးမှု)

ဘဝင်မျှခက်ရသူ

ခက်ငွေသူခက်ရေးမို့၊ စက်မှေးလို့မပျော်၊ ခက်မှုကြောင့် ခက်သော်မော်ရယ်၊ ခက်ငွေဧော်နိုင်ပန်း၊ ခက်သမျှခက်အငွေ့ဆို၊ ခက်ခဲဘေးထပ်နှင့်ကမ်း၊ ဘဝင်မျှခက်ရသူမှာ၊ ခက်အပူထွေသွန်မ်း။ မြင်ကြိုး လိမ်ခက်သန်းလို့၊ လက်ပန်းကျခက်ပုံ။ ခက်သူမှာ သက်ရှူလွဲတာမို့၊ ခက်မှုပွဲဆွေးလို့ရစ်ဆို့၊ ခက်သမျှ အကြောင်းပုံကို၊ တစောင်းချို့ခင်မကြောင့်၊ ရွှေရင်ဝ ခက်တုပါ၊ ခွဲငြိတောက်လာ၊ ခင့်အတွက် ရတက် ဖြာတယ်၊ အသက်ဟာသေလုပေါ့လေး၊ (အခက်မဲ့)

သူ့ထောင်ခင်ပါ

ခင်ခင့် လူ စိတ် ချ လို့၊ ဟိတ်မပြလိုပါ၊ အနီစွ ကိုယ်ခန္ဓာငယ်၊ အပိုပါတကား။ သိရက်နှင့်ဝင်နက်လူ၊ ပင်ထက်မှုမှားတဲ့အမှား။ ကျွန်းဇမ္ဗူ၊ တောင်ရပ်ခွင်၊ သူ တော် စင် အ များ။ မင်း သု ဝွါ လူ သား သို့၊ ခေမာလား ရောက်ပြန်တယ်၊ ရဟန်းခံနိမ့်ခန်၊ ဘယ် ဗုဒ္ဓဟောပါသကွယ်။ ဘယ်ရွက်ဆားတာအလယ်၊ သဘော ကွယ် လူကြောက်မို့၊ ဆယ့်သုံးနှစ်လောက် ကညာပျို ဖော်၊ လေးတောင်လောက်နော်၊ ပါရင်ဖြင့်စောမျက် ဖျော်ရယ်၊ တောထွက်တော်မူစမ်းချင်လှလေး။ (အဋ္ဌင်မဲ့)

သွေမကွက်ပါနှင့်

ခိုင်စပယ်ငွေရည်၌၊ မာလာယုမျက်ခြယ်၊ မောင် ဆွဲတဲ့ပုလဲသွယ်ငယ်၊ ထယ်တော်လေမှအား၊ ဆောင် ညှဉ်တဲ့ သဠာကို၊ မသေချာစွဲမည်စိတ်ထား၊ ရွှေစိတ် တော် ခုခါခံသည်. ဘယ် ဂုဏ် မာန် ထောက် ပွား၊ ညာပင်သူမြသားက၊ စိမ်းကားမည်အနေ၊ ရွှေဘော တော်သွေမကွက်ပါနှင့်၊ စိန်ဘယက်နန်းကြေဉာဉာမေ၊ မောင် က ဖြင့် သက် ဝေ ကို၊ က မ္ဘာ လေ အ ကုန်၊ ထိမ်းစေတော့၊ ယိမ်းပါဘုမောင့်သစ္စာ၊ စွဲတဲ့စိတ်မှာ၊ ငွေသခ်ါ သော် တာ ငယ်၊ မှန်သေချာပြောလိုက်ပါ့ လေး။ (သစ္စာဓိုဋ်မှု)

တစ်ကွက်မှား

ချိမေတ္တာ ပြိုင်နေ့က၊ ကြိုင်ဖွေ့သည် နွှတ်ရည်၊ ပိုင်မရွေ့ ဟုတ်မည်ကို၊ ယုံမိသည်တနဲ၊ ခု ချစ် တဲ့ အချစ်လိုမှာ၊ စက်စက်ယိုဆေးလောက်မစွဲ၊ ထင်ရေးနဲ့ မြင်ဝေးကွာတယ်၊ ကြင်ရေးစာဖက်လွဲ၊ ခင်လေးမှာ ခက်ခဲလို့၊ ပျက်မြပနောက်နောင်၊ အ မှား ပုံ သည် တက္ကက်မှာ၊ ရှည်တသက်ပြောင်ကို၊ မခွက် ယောင် သာ ဆိုင်း လို့၊ ခါထိုင်းလိုက္ခာန်း၊ ထားရတော့ပေ၊ သစ္စာပျက်မဟာ ဆွေကို၊ကန္တီဘကျေပြေတူးကွဲ့လေး။ (သစ္စာပျက်မှု)

သိုက်တူးမည်

ဂြိတ်ဇာတာစန်းအဖွင့်မို့၊ လန်းအသင့်တွေ့ဝ၊ ပန်းပလွင့်ခွေ့ရာဝယ်၊ မေခလာထင်သို့၊ လောင်း ကုသ ဘုရားနွယ်ကို၊ သိကြားကယ်ကိန်းနှင့် ကြဲလို့၊ ခုလိုဖြင့် ပျော်ထုန်း အရွယ်၊ မော်အုန်းမယ်ကလို့၊ စိန်ရွှေငွေထိုထိုသို့၊ ဖိုမို့မို့သုံးကာ၊ ပို့ကညာ သိုက် တစ်ပွဲ၊ မြို့က်ခဲ့ တူးလိမ့်မကြာ၊ ကြဲသမျှစီတ်ရိထာ၊ ဂုစ္ဆ်တာလို့ ပြေ့လို့၊ ပျိုတတွေ့ချစ်ဖို့အရွယ်၊နှစ်လို့ စဖွယ်။ ဆောင်ဆောင်မြင့်ခြေ့ အလယ်မှာ၊အရှေ့ သယ် ရံဝိုင်းလို့လေး။ (စန်းမှုန့်မဲ့)

နှိမ်းမိုက်တဲ့ဥာဏ်

ကျပ်ကောင်နှယ် ပန်းကြွားက၊ သန်းစကားခုဝါ၊ ရမ်းကားလို့ ထုလာလျှင်၊ ဥပမာဆို၊ ချေးပုံနှင့် မြင်းမိရံတောင်၊ ခင်းဆိုယောင်နှိုင်းကြပါစို့၊ သေးကွက်နှင့်ပင်လယ်၊ နှင်တကယ်ထင်လို့၊ သဘင်ဝယ် ယှဉ်မတို့လေနဲ့၊ သခင်တို့ဦးချီ၊ အုန်းမှုတ်လိုအနေစား တွေက၊ ရွှေဖလား မနှိုင်းသင့်ပြီ၊ ဥထုနှင့် ပုဇွန်ဆီ၊ ဖွန်ပြိုပြိုယှဉ်တွဲလို့၊ စပ်ဖဲအတွင်းခံ၊ ရိုင်းမိုက်တဲ့ဉာဏ်၊ မိုးကြိုးနဲ့ အီးသံလို၊ ခရီးမှန်ကွာလွန်းလှလေး။

(ဓနှိမ်မဲ့)

ဓာသူရိန်မှောင့်ရော့ထင့်

ငါးအာလိန် နန်းစမုတ်၊ မကန်းရပ်ရင်ဆိုင်၊ ရွှေခြသေ့ ယှဉ်ပြိုင်၊ ပလွင်ပိုင်ဘုရား၊ ငွေသခွတ် နဝင်းအိမ်၊ အသူရိန်မှောင့်ရော့သလား၊ ယခုမှလူ့ရွာ၊ မရွှာသွေဖြား၊ ကရဏာတရား၊ သိကြားမှလွတ်တယ်၊ သူဇာဆွေ ကသစ်ပန်းယော်ကြောင့်၊ စိတ်ညစ်ခန်း ထွက်ရပါတော့တယ်၊ ခိုတမ်းပ ငိုခြမ်းခြယ်၊ ကိုယ်ရမ်းနွယ်သီပဲမို့၊ လဲလှပေါ့မောင့်လှပုံ၊ အားစိတ်ဖြစ်ကုန်၊ စိတ္တကုဋ်တံခါးခုံမှာ၊ သိကြားပုံထုသုန်းထင့်လေး။

(သိကြားတိုင်နဲ့)

ဓာဝင်းမည်

ငွေကန့်ကွ တချက်ချရင်ဖြင့်၊ အဖျက်ရ ဆယ်ခါ၊ ကွက်မကျပျက်လာသည်၊ ဓာကွရာယိုးငှင်းနှ ကန်းကမျှ နားမလည်ခင်၊ ဓာအောင်သွယ်ရေးရလေခြင်း၊ ဓာစနှင့် ဓာချီမှာ၊ ဓာညီတဲ့ ဓာခင်း၊ ဓာစီသူမရှင်းလို့၊ ပူမကင်းကြဲတယ်၊ ရွှေဖူးစာ ဓာစပ်ယွင်းရော့ထင့်၊ ဓာပ်စာရင်း ရေးလေသည်နှယ်၊ ဓာတန်းက ဓာဆန်းကြယ်သည်၊ ဂဏန်းဝယ် ပဲ့ဓောင်းနှင့်၊ ဓာကြောင်းပုံ မသေ၊ ဓောင်းရွဲ့ရွှေရွှေ၊ ပေါင်းရချက် တာမရွေတယ်၊ ဓာသဝေဓောက်ထိုးမို့လေး။

(ဖူးဓာပျက်မဲ့)

ကကြုံလှိုက်

ငွေစန္ဒီသိမ်ကြွေ့မှ၊ ထိမ်ငွေ့တဲ့ပုံညီ၊ ကံကုသိုလ် ကြုံလှိုသည်၊ ဂုဏ်သီသီနွဲ့တုန်း၊ မကြည်တဲ့ မျက်ဒှာကို၊ သက်သာအောင် ရေးယူကြအုန်း၊ ကြံရက်နဲ့ သည်ကိုယ်မှာ၊ ချစ်ကြည်ညို မဆုံး၊ မညာဟန်သာဆုံးက၊ မုန်းမာန်ရိပ်ပါပါ၊ မြေနိမ့်ရာ လှံထား၊ ကြံအားပေ့ပုံလကွဏာ၊ မျက်နှာထား၊ တဆိတ်မာလျှင်၊ လိပ်ပြာတော်သေးသူမို့၊ အရေးယူစေချင်၊ ဖုန်းလက်ရှိခင်၊ မီးခတဲ့ ရွှေရင်ကို၊ ချစ်ရေစင်ဖျန်းပါမှလေး။

(မှာဏမ်းမဲ့)

ရွှေမင်နှင့်ရေးချင်ပြီ

ငွေကလောင်စုတ်သေးနှင့်၊ ချုပ်ဆေးက မနိုင်၊ ရွှေဖူးစာနှစ်ပြီဉင်၊ မနိုင်တဲ့ ရေကျဲ၊ ခုလက်သစ် စိတ်တွေးပိုအောင်၊ ချိပ်ဆေးညှိလောက်မှမစွဲ၊ လက်ရေးတော်မသေ၊ သဝေနှင့်ဇခွဲ၊ အခွေနှင့်အဆုံက၊ မမြဲခုဝယ်၊ အကွရာသက်သေမှတ်ကယ်က၊ ကြက်ခြေတ်ရေးပြန်ခဲ့တယ်၊ စခန်းနှင့်အလှမ်းကွယ်အောင်၊ ဂဏန်းဝယ်သုညမို့၊ ကြုံရတဲ့သည်အကြင်၊ ကျိုးကမထင်၊ ကညစ်ဆေးနှင့် ချစ်ရေးထင်အောင်၊ သဇွေးရွှေမင် မောင်ရေးချင်ပေါ့လေး။

(ဖူးဓာပျက်မဲ့)

ဧစတိယဖွားဖက်တော်

ဧ စ တိ ယ လက် ထက် က၊ ဖွားဖက်တော်ရဲဒိုလ်၊ မဟုတ်မသူဆိုတယ်၊ တကိုယ်လုံးမုသား၊ **အလွဲမျာ့**ဘုရင်ငယ်၊ အလိမ်တွင်မင်းတရာ့ဖျား၊ အမှားမျာ့ဥသျော်ငယ်၊ အကောက်တောင်ပိုင်စား၊ သဘော်ပါမှန်ကုန်များကို၊ မှားခေါ်လို့ရောင်းစေ၊ မှန်ဆိုလျှင် အာကုံပဲစေဟု၊ မောင်းလှည့်မယ့်လူစားပါပေ၊ တစ်မိုးအောက်လူ့ပြေမှာ၊ သည်တဖေတပါးသာဖြင့်၊ မုသားစောင်ပြုခြဲ၊ ပိန်းပိတဲလို့မှန်၊ မျက်လှည့်ကြိုးဉာဏ်စုံတယ်၊ လှည့်စားပုံဆန်းပေငဲ့လေး။ (ကဆိန်မဲ့)

သိစိမ့်မယ်

စောတမယ် ဆွေတစ်ပါးရယ်ကျောင့်၊ သေများပဲသေချင်၊ ခွေ့စုလျှားမဆင်ခင်၊ မြင်ပါလိမ့်ရန်ပွဲ၊ ရာမနှင့် သိဆိုင့် စံလို့၊ လေးတင်ဟန် ပြုကြမှ ပဲ၊ သည်တော့မှ **သိတာမယ်**၊ ကြည် သာဖွယ် မလွဲ၊ လေးတင်ရန်သည်ပွဲမှ၊ အကဲကိုသိမယ်၊ သည်ဇာတ်တော်တယ်ပုံဆင်းမယ်လို့၊ တိအလင်း သိချင်လှတယ်၊ ရာမနှင့်ဒသ နှယ်လို၊ ကျုပ်တို့ဝယ် ပမာကျတာမို့၊

ညာန့ မခင့်စိတ်တွင်၊ စွဲလိုက်ပခင်၊ ရာမဟု၊ ဘယ်သူ့ ထင်တယ်၊ ရွှေဆင်ခြင်မိန့်စမ်းပါလေး။
(အကဲစမ်းမဲ့)

ဘုရားကိုဝါသူ

စည်းစိမ်တော်ယစ်မူးလို့၊ မဖြစ်ဖူးဣန္ဒာ၊ ကသစ်ဦး သိဂ်ါမှာ၊ အ လိမ္မာ လွန်အား၊ ရွှေ ငါး သန်း နှစ်ကုဋေမှာ၊ အ ပျော်လေ ကျူး ခိုက် မို့ လာ၊ ဘယ်သူ့မှ မမှုလာသည်၊ ကရဏာတရား၊ လှ ရွှာကို ရွှပါငြားမတဲ့၊ ဘုရားကိုသူဝါ၊ အင်ကြင်းမြိုင်ကသိန် နန်း၊ ရွှေစာတန်းထိုးလျက်ရှိပါ၊ ကောဝိဠသမီးပါမှာ၊ အိုဣန္ဒာဘုရား၀့်၊ သိကြားလို့ ခိုကိုးရန်၊ ဆင်းခဲ မြန်မြန်၊ ထောင်စကျ၊ မိုန်ပြန်လျှင်၊ စိန် မျက် မုန် ဆက်မယ်ပလေး။
(သိကြားမဲ့)

တော်လေးဝန္ဓနေလာက်သူ

ဆက်သဝါ အသားနှင့်၊ ပတ္တမြားမုခံ၊ ဘုရားမှာ ဆုပန်တယ်၊ နုကမံငွေသွား၊ မွေနှုတ်ထွက်၊ လိမ္မာ တာမှာ၊ စိန်ခရာ လှည်တဲ့ အလား၊ စောင့် သိလ ငြိမ်ဆိမ် လေတ၊ သိန်ရဝေ ရှည်လျား၊ ဣန္ဒြေ စည်ကားလို့၊ ဆည်ထားတဲ့ဝသီ၊ အမရာမဋ္ဌိလှ ကဲ့သို့၊ ပြိုပြိုပန္နန်းတော့အညီ၊ သမ္ဘူလချိန်မှီတယ်၊ ကိန္နရီသန်းသို့၊ ခံတွင်းနဲ့ ကုက်မ်၊ သင်းတဲ့သဏ္ဌာန်၊ ဆင်းဇာထိန့စ်ဖြာမှန်တယ်၊ သမ္ဘာခံရင့်သူမို့ လေး။
(အလှမဲ့)

မဆိုလျင်

ဆယ့်လေးနှစ် ဖူးစတောင်၊ ဘီလူးမ ထင်တယ်၊ တစ်ဦးမှ ခင် တွယ် ပေါင်၊ စင်ကြယ်တဲ့ စိတ်ဇော၊ မိန်းမက လက်ကုတ်လာအောင်၊ စက်ဆုပ်စာများတဲ့ သဘော၊ ပုဂ္ဂိုလ်မြတ်တောင်ဖီလာလို့၊ ချောင်မှီကာ စုံတော၊ မောင်သည်ခါဘုံလျောလို့၊ ထုဏ့်ဘော နေချင်၊ နတ်ကညာလာ၍ စီးသော်လဲ၊ သဘက်ကြီး မောင့်စိတ်က ထင်၊ မ တလို့ ဘ ဝ ကို ခင် ပေါင်၊ မ ဆိုလျင် ရွှေဝေးမနှင့်၊ ခြေမ လက်မကို ပယ်၊ သိမ်းဖြတ်တော့မယ်၊ ပိန်းကောမလေ့ငယ်ငယ်တောင်၊ ပေတစ်ကယ် စီးချင်တူးလေး။
(သံဝေဂဖွဲ့)

နေတစ်ထောင်ထူက်ဇေတော့

ဇာကတိ ဆောင်ခန်းမှာ၊ မောင်မှန်းတဲ့ သစ္စာ၊ မရွှောင်တမ်း ခွစ်ပါမယ်၊ ၅စ် ကမ္ဘာ ပတ် လုံး၊ ဒက္ခိဏာ စိန္ဒေယျော်မှာ၊ ကိုန်ရေတော် သုံးကြိမ် ဖုန်း၊ အာကာသ ဇေဠာဝယ်၊ လ တာရာ ကွယ် အုန်း၊ ဘဝတွင် ဘယ်မနှန်းပါဘူး၊ ဖေတဖုန်း သစ္စာ၊ ရွှေမြင်းမိုရ် အရေဖြစ်စေတော့၊ သွေမပစ် ပေါင်းမယ့်လူပါ၊ ရွှေနန်းညွှန့် နွယ်မဟာယ်၊ ဆယ်ကမ္ဘာ ပျက်အုန်းတော့၊ ဖေသုံးတဲ့ ရွှေကျမ်း စောင်၊ မြဲခံ့ငဲ့မောင်၊ မြူလုံးခွန့် သွေမရွှောင်တယ်၊ နေတစ်ထောင် ထွက်ဦးတော့လေး၊ (သစ္စာထားမဲ့)

ညစ်မည်သူ

ညစ်မယ်ဆိုရေပစ်၊ မသစ်တဲ့ မျက်နှာ၊ မဖြောင့် ဘူး ထင်ပါလျှင်၊ ဝက်ပါသည်က၊ သူဆန်းလျှင် မော်ရုံခွင်မှာ၊ ရွှေသမင် လုပ်တဲ့လူပ၊ ဆိုးကြစို့ ဆိုပြန် သော်၊ ဝိုလ်ခံခေါခွားပြ၊ သူမာလျှင် စိန်မက ပါဘူး၊ သူတင်းကပြတ်မယ်၊ သူဝါလျှင်လည်ပင်းမှာ၊ နှ နွင်း ဘူး ဆွဲ လို့ သာလွယ်၊ သူစိမ်းကမြအလယ်၊ ထည်ခြေ့ထည်စိမ်းငယ်နှင့်၊ ဖန်စိမ်းမှန်ကိုကာ၊ လိမ်းငဲ့ ဒုတ္ထာ၊ဟုတ်မယ်လို့ ဟုတ်ပါလျှင်၊ မှုတ်ပါမယ် လက် တင်လို့လေး။
(ဆန့်ကျင်ဗဏ်မဲ့)

ဝံရစ်တော့ သက်နှံငယ်

တောင်ပတ်လည်ခွေဝိုင်းလို့၊ ရွှေကိုင်းမြို့ ဇေယျာ၊ ဝေမိုင်းညို့ ချောင်ရွှေဝါမှာ၊ နောင်သေရာ ရည်ရူး၊ သုံးတောင် ကျော့ ဖန်လျော်တေကို၊ စံလှေ ရွှေ ဝတ်မည်စိတ်ကူး၊ စံရစ်ဘဲ့ လှသက်နှံငယ်၊ မြမျက် မှန် ကျော့မူး၊ ကာယက် ရည်ရွယ်မြူးပါလို့၊ မယ် ကူးဖို့ကြံတယ်၊ တလည်လည် သံသာဝဲမှာလ၊ သည်နဲ့ ဖြင့် ဘာပြုရမယ်၊ သနားလို့ ကယ်ဆယ်လျှင်၊ လှုဖွယ် သာ တင်လိုက်တော့၊ နန်းထိုက်တဲ့ ခင်ခင်လူ။ ဘုန်း မောင်ကြောင့်ပူ၊ ဟိုအမတ အောင်နိဗ္ဗူမှာ၊ ဖောင် ရိပ်ဖြူ တူစီးဖို့လေး။
(သံဝေဂဖွဲ့)

ရွှေယုန်နှင့် ရွှေကျားပမာ

ထမင်းဖြူဆီဆမ်းနှင့်၊ ရွှေလင်ပန်းလဲလှယ်၊ ပေး တော့မည်နှယ်နှယ်လို၊ သူယေရှို့ ထိတ်ဆေး၊ ကြက်

ကလေးမိခင်လို၊ရဲ့ဦတင်ပြောသည်အရေး၊ မှောင်ချိန်ညဉ့် သားကောင်လို၊ အုံမီးရောင် ခက်ဝေး၊ ပျားမျက်ချို မြသွေးနှင့်၊ မြင်ဝေးကသမင်၊ ချေဉမြူကာလှည့်ပြာတော့၊ လိုက်စားမည့် ကျုံးတော်ရောက်ဆင်၊ ရွှေကျားနှင့်ယုန်သွင်လို၊ ဉာဏ်ပါစင် လိမ်ရင်းမို့၊ ထမင်းမူမမှန်၊ သဲဖြစ်ခဲ့ပြန်၊ သက် ကယ်ရိတ်ထုံးစံကို၊ ခြွင်းချန်တော်မူကောင်းငဲ့လေး။

(သစ္စာဖျက်ဖွဲ့)

မက်တော်မူစမ်းချင်

ထက်ဝေယန်ဘုံကြွမှ၊ ဝါသဝဘုန်းကြွယ်၊ရွှေဖူးစာနီးလွယ်အောင်၊ ဖန်လာတယ်လေသိ၊ ထည်ကောင့်ညံ့ညဉ့်လွှာကို၊ ဖွင့်လှာတယ်ရေးထင်တဲ့မိ၊ ကွမ်းနှဝါနှတ်ငုံ၊ ရှပ်ပုံတော် ပကတိ၊ ပလီဉာဏ် ထူပါဘို၊ အမှုကြီးသင်၊ ပန်းနှစ်ခိုင် လွှာဝတ်ကို၊ ဟာလွှတ်ပညည်းရှာတဲ့သွင်၊ အိပ်မက်တော် ကိုယ်ထင်၊ ပဏ္ဍိရိစင် ဘုံကြေဉ်က၊ ကြုံတော့ကြုံလေနော်၊လေးသံငြိမ့်ဆော်၊ ညကူးအောင် စက်မပျော်တယ်၊ မက်တော်မူစမ်းချင်လှလေး။

(အိပ်မက်ဖွဲ့)

ဧမောလမ်း

ထုံးရွှေရောင် နောင် မကျော့ချင်ဘု၊ တောင်တမော်၊ ဧရွစွန်၊ မြောင်ကတော့ ဟေဝန်မှာ၊ မြေသလွန် စက်ကိန်း၊ ကျင့်ခြိုးခြံဖြေဖျော်တယ်၊ နေရာတော် တောသစ်ရွက်စိမ်း၊ ပင်စကဝါ ရိပ်သာမှာ၊ အဝိဇ္ဇာ ဖျော်ကသိမ်း၊ တသိကွာ စောင့်ထိန်းလို့၊ တယောက်ငြိမ်းကြံစည်၊ ကမ္မဝါ ရွှေစာထမ်းဝါလို့၊ ဧမောလမ်း ကူး လို့က်တော့မည်၊ ဆွတ် လှမ်းလို့ ကျွတ်တမ်းရည်တယ်၊ ဝတ်ပန်း ထည် ဆင်သစ်နှင့်၊ ကြင်ချစ်သူဖော်မဧခေါ်၊ မြန်းချင်ပေါ့နော်၊ မေတ္တာသွန်းတဲ့ ငယ်ကျွမ်းဖော်ငယ်၊ ခင်လွမ်းတော် ဖြေရစ်ရှာတော့လေး။

(တောဆွတ်ဖွဲ့)

ထယ်စမ်းပါ

တကယ်တမ်း အခါကျရင်ဖြင့်၊ ဝါယမစိုက်ပါ၊ ကဗျာမျှားသိုက်ဆရာ၊ ကြိုက်ရာကနေရော့၊ ဆဒ္ဒန်တွဲ နှစ်စီးဆင်လို့၊ ခရီးစဉ်မြန်းဖို့ အသော့၊ လာပါ လိမ့်ဘဝဂ်လျှံအောင်၊ဂယက်သံတွေနော့၊ ကနက်ပျံဒွေကြော့တောင်၊ ကြွေရာ့မည့်ပုံနှယ်၊ ရာဟုတွင် စနေသွင်းပါလို့၊ လေအပြင်း လွှတ်လိုက်ပါတော့မယ်၊ ဉာဏ်ဖောင်ကြီး အနွယ်ငင်၊ ထယ်နိုင်ရင် ထယ်စမ်းပ၊ တောင်ကမ်းလုံးမဟီချာ၊ ခွင်းမယ့်လေပါ၊ ခုများဖြင့်စံဖက်ကိုရှာတယ်၊ ဉာဏ်စကြာသွက်ထုန်းမို့လေး၊ (အဖြိုင်မှဲ့)

သမားမိုင်

တစ်ရက် တစ်ရက်နှင့်၊ သန်ဘက်က နှက်ပြန်၊ လက်ငင်းပ အလိမ်ပြန်တယ်၊ မာဂဏ္ဍ ရင်သွေး၊ မျက်လှည့်ကြီးအတတ်မြန်တယ်၊ သူ့နည်းခံများကြဲလေး၊ ကျွတ်ပါပေ့သည့် အရာမှာ၊ အစွာဖြင့်ပဂေး၊ ပယောဂထူဘဲ သွေးမို့၊ မတွေးတတ်နိုင်ဖွယ်၊ သမားတွေ လက်မှိုင်ရ၊ အိပ်ခါချပြောရချည့်မယ်၊ မာယာမီဆန်းကြယ်သည်၊ ကျွမ်းတကယ် ရှာကြည့်တော့၊ အသီတိနိပါတ်တော်၊ မှန်းဆချေမျှော်၊ ကုဏာလဇာတ်ကျော်မှာ၊ ကတတ်တော် ကြည့်စမ်းပလေး။

(မယ်ခွဲ)

ကယ်သင့်မှကယ်မယ်

တာဝတိ ဘုံအုပ်က၊ စာလုပ်တိုင်း ငါပ၊ ဘယ်တော့ကမှ လူ့ရွာကို၊ မရွတာမရှိ၊ စိတ်ညစ်တိုင်း အပြစ်တင်သည်၊ငါဘုရင်မိုးကအသိ။ အကျင့်ဉာဏ် စာဂီမှာ၊ တဆေချည်မရှိ၊ ဘယ်သူမှာ ဘာမရှိတဲ့လို့၊ ငါမသိထင်တယ်၊ ဘယ်ပူးစာ ဘယ်မှာညားတာလဲ၊ ငါသိကြား သိပါရဲ့ကွယ်၊ ကယ်သင့်မှငါကယ်မယ်၊တကယ်ပင်ဇကနဲမှတ်ပါတော့၊ ဝတ်ရပ် ဝါးဘုံစံ၊ကြေးတွက်မည့်ကြံ၊ မကောင်းမှကျန်ခဲ့ကြဲလှင်၊ ရွှေစာရံစုးပါစေ့လေး။

(သိကြားညည်းဟန်ဖွဲ့)

စပ်မှနည်း

တေးထပ်တေးထပ်နှင့်၊ ရေးစပ်ကြသူငါ၊ တွေးကပ်လှ နုမှုနှာမှာ၊ ချူအချာလွန်ပေါ၊ ယခုခေတ် ပြုသစ်စာမှာ၊ရွှေချစ်စရာရွေးမျှမနှော၊ သို့မို့ ကြောင့်ကျွန်ုပ် ညီငယ်၊ မဟုတ်သည် နယော၊ နှတ်ဝစီသတောမှာ၊ အဟောသိပယ်ပါ၊ သပြေမှာ စေလနည်းကိုလ၊ ဆွေမျိုးလို့ ပြုသင့်သည်သာ၊ စပ်မှနှည်း

ရေးလိုပါလျှင်၊ စေးကိုသာ ရအောင်ကျက်ပါတော့၊ ခက်လှပူးမျိုးသိင်္ဂါ၊ စိုးရိမ်နှင့်ဗျာ၊ ပြီးထိန်တဲ့ ကိုးစိန်လွှာယော်၊ ခိုး ဂျိန်ဝါစောက်ပါလိမ့်လေး။

(စေးထပ်ရေးနည်းနွဲ့)

ကိုရွှမ်ဆိုး

ထိတ်စရာ လိပ်ပြာလှပ်၊ ပြိတ္တာရုပ်သဖွယ်၊ မဲချက်က ကဲတက်ကြွယ်၊ ကျွဲနက်ဝယ်မခြား၊ ချေးသူဌေးမီးသွေးငို သည်၊ ကျီးမွေးကို ရှုံးရတကား၊ ညစ် ထေး လို့ ပြစ်ထွေးမှောင်တယ်၊ သစ်စေးရောင်အလား၊ အနက်တွင် မက်လင်သားပါဝဲ၊ မျက်မြင်အားအမှန်၊ အမှုမှာ ငါးခွန့်ရ၊ လာမှုံ့ ကျွမ်းသည် သဏ္ဌာန်၊ သပိတ်နှင့် ခရိတ် ဆန်လို၊ မနိပ်ဟန်ဆင်ကွပ၊ မင်ခဲခဲနှင့် ပုလင်းဖင်လို၊ မဲမှောင်လို့ ညို၊ မီးလောင်သည့်တုံးငုတ်ထိုမှာ၊ ပုံးစုတ်ကိုစွပ်ထားသို့လေး။ (အရွပ်ဆိုးမွဲ)

နယ်ကိုးရပ်ရွှစ်မည်

ခေါင်းယာဉ်ပုံရိပ်နှန်း၊ အိပ် တန်း ခု တက် သော်၊ စိတ်မှန်းလျက်ရွှမျော်တယ်၊ ခုမပျော်နိုင်ဆုံး၊ နေဝင်စ ချိန် ဆည်း ဆာ ဝယ်၊ ထိမ်ကြီးလွှာ ညိုးလွင့်ဖွဲ့ဖုံး၊ နယ်ကိုးရပ်ရွှစ်မည် ကယ်ရစ်လည်တင့်ချနဲ့၊ ညိုးတဲ့လှမူမပြုံးနိုင်ဘု၊ ပူနလုံးမသာ၊ ဝဋ္ဌာမွေဆင့်တန်၊ မခြင်ရဲဝံ့ ဘူးခင်မှာ၊ သို့ကလောက်ဖြစ်ရတာကို၊ နှစ်တရာသာကီ စစ်ကယ်က၊ ချစ် သ လောက် သိ မ ထင် ရှာ၊ လေးခင့်ဗျာပါ၊ မျော်ဝံ့ဘူး၎ မွအာစာကို၊ ထွေရာရာ ထင်လွန်းလို့လေး။ (အဆွေးပွဲ)

လွှမ်းပိုမို

နဝတတ်ခွေပြုဂုမှာ၊ ငွေကမ္ဘာရိပ်စံ၊ တနေ့ရွှဖိတ်လျှ သည်၊ နှစ်မိတ်နံ စုလျှား၊ အောင်ဘိသေသဖန်းပျဉ်ဝယ်၊ နှန်းပလွှင်မြန်းတင့်နှစ်ပါး၊ ဆယ့်နှစ်ရပ် ဒွါဒသိဝယ်၊ တသာကီဘုရား၊ ခါအညီမလှားပ၊ သိကြားနတ်လူ့ပြည်၊ ဒေသစာ ရှောင်သွေလွဲသည်နှင့်၊ ညောင်ရေတွဲ ရှေးပြု အညီ၊ မင်းမန္တာတ်ဘုန်းစည်လို၊ နွှန်းအရှည်စာတမ်းကိုဖြင့်၊ ကွာနုန်းမြင့်နရိန္ဒာ၊ ယွင်းလေသည်တာ၊ သည်ဌေလစန်းအခါတွင်၊ လွှမ်းစရာပိုဆဲဗျာ့လေး။

(အလွှမ်းပွဲ)

ကိုယ်လုတ်ရှောင်မယ်

နွေမြင်လို့ ညဲပျောက်၊ ကြောက်စရာ့ရွှဲကောင်၊ ကျိကာယ အပုပ်ဟောင်းကို၊ မဟုတ်အောင်ကြံဘူး၊ မွေ့လို့ ယနွေခွာမယ်၊ ပြည်ဇေယျာ ကမ်းသို့ ရည်စူး၊ သည်ဝင့်က ကိုယ်လွတ်ရှောင်မယ်၊ ထေရ်ထွတ်ခေါင် ထံဦး၊ ဓမ္မချာင်တောင်ထူး၊ နောင်ကူးလိမ့်ပြောင်ပြောင်၊ လေးတရာရွှေဆီမွေး ငယ်နှင့်၊ ခင်ခင်လေး ထုံးနေကျ သွေ့ာင်၊ မုန်းပါပေါ့တော့ ဘုန်းခေါင်ငယ်၊ ကျေ့ာသုံးတောင် သင် ရိတ် လို့၊ ရွှေစိတ်က အနှမြဲ၊ စိုးမရွံ့သူ၊ ကြင်မွေ့လို့ ခင်လေ့လူကို၊ သာခုမူ ခေါ်ရစ်ပါတော့လေး။

(သံဝဂဒွဲ)

နတ်ပန်းချီမယ်

နတ်ပန်းချီမင်ဆေးနှင့်၊ ပုံရေးတော့ မမှီ၊ ယုန်သွေးကြော့ စွန်လို၊ ဘရဏီတန္ဆန်း၊ ရွှလိုက်တိုင်း နဂိုယဉ်၊ စာဆိုဝင် လေးခင်ခင်ဖုန်း၊ ပုဏ္ဏဿိဂီါ၊ ရွှေမျက်နှာ ချိုပြု၊ ဇမ္ဗူမှာ အမှုတံုးသာပ၊ ရွှေမျက်လုံး ရာတန်၊ မြယုဂန် ဗွေစွန်းက၊ ငွေလေဝန်း ထွက်လာသည့်ဟန်၊ ပီတုန်းရောင့် ကေဆံမှာ၊ သံးထောင်မှန်ထွာကွန့်လို့၊ ခက်ဘွန့်တွန့် ယဉ်တစ်ဆူ၊ ဖြံးစိုက်လိုမူ၊ ဘုံကြိုးပြတ် မိုးနတ်သူငယ်၊ ပူသူကို ယူဦးကွဲ့လေး။ (မယ်ပွဲ)

ဘုရားကို နှစ်ရစ်လိမ်

နန်းမေရှုပြာသာဒ်၊ လမ်းဖြတ်တဲ့ ဣန္ဒာ၊ ကမ်းသတ်လို့ နှိမ်ရာတယ်၊ အလိမ္မာလွန်သား၊ ဆောက်လှမ်းချက် သုမေ္မာဝယ်၊ ခုအခါ လစ်ကြသလား၊ ဘုရားက သိကြားကို မှာတယ်၊ ဌကဏာ ရှိသား၊ သာသနာ ငါထားငဲ့၊ မမှားအောင် စေ့ဆော်၊ မကောင်းသူ့ ကောင်းသူတို့ကို၊ ကြောင်း ယူ လို့ ဆန်းစစ်ကာမျော်၊ ဝိမလနန်းသစ်ပေါ်၊ သန်းရွှစ်ဗေဒ်ရွှေများနှင့်၊ ဘုရားကို နှစ်ရစ်လိမ်၊ ညစ်တဲ့မာယိနဲ့၊ ပစ်ရွာမယ့် ဝရဇိန်ငယ်၊ ပန်းထိမ်မှာ ပြင်တုန်း ထင့်လေး။ (သိကြားထိမ်ပွဲ)

အကြားမှိန်

နန်းရံတစ်ရာပဏ္ဏာခ၊ မန်းမန္တလေမွေရိပ်စံ၊ စန်း
စန္ဒရ ဒွေဗီမာန်လို ပင်ရွှေထိပ်ပန် ယဉ်များပန်း၊
ဂုဏ်ထူးကေလျာ့၊ တစ်ကျော့ မှန်ငယ်၊ မဟော့
သက်နှံ့ တော်လေးအမရာဥပမ်း၊ ကပို့ကရို့ ထူ့
အမူငယ်၊ ဧမ္မူ့မတူပြိုင်သူလှမ်း၊ အမူ့အယူ လှိုင်
ကြူပန်းသို့၊ ဆန်းဆိုသမျှ ခေါင်ထက်ခေါင်၊ ရွှေလေ
ယဉ်လေ မြင်သူငေး၊ ခင်လေးခင်ခင့် ယဉ်လေး
ယဉ်ယဉ် ယဉ်တတ်ပါတဲ့ နောင်၊ ပန်းချီ ၅၂်းတဲ့
တော်ဖုန်းခေါင်ငယ်၊ တစ်ကျော့ထုံးနှောင် ကေသီ
လျော့ခွင့်၊ သုံးထောင်ထွာကျော့် လျော့ရွှေကေခိုင်၊
ပိတုန်းမင်ညွှန့်ဆိုင်၊ စံပုံ၌ဘုံတဲ့ သိကြား မြိုင်ငယ်၊
သနားပိုင်ပိုင် ခံစမ်းချင်လှလေး။ (အမြောက်မဲ့)

မုန်းခွင်မယူ

နှစ်တစ်ရာ သစ္စာချုပ်နှင့်၊ ပစ်ခွာဆုတ်မရှောင်၊
မေတ္တာသုတ် ရွှေစာစောင်ကို၊ မေနှင့်မောင် ဝံ့လို့၊
မသွေတမ်းမန်းစိန္ဓေမှာ၊ကျမ်းကျိန်ရေသုံးကြချည်စို့၊
မြမျက်နှာ သွင်နှစ်ဆိုင်ငယ်၊ ယှဉ်ပြိုင်ကာနှစ်ကိုယ်၊
ကြင်မယ်ကျိုင် မခိုင်ချို့သော်လဲ၊ ယိမ်းယိုင်လို့ မယို၊
နှစ်ပါးရွှေဂဟေချုပ်ကယ်နှင့်၊ ကေဝုစ်မြို့ နှစ်ကိုယ်၊
နဲ့ပွေလို့ မသွဲလိုတယ်၊ ပုလဲကို သန္ဓာဖြစ်စေတော့၊
အချစ်ကယ်သွင်တမူ၊ မုန်းခွင့်မယူ၊ စိန်နက်လို့ မြဖြူ
စေ၊ ဘဝဟူကြင်တမ်းကွယ်လေး။ (သစ္စာထား၌)

အေးရေစင် ထောင်းချင်ဘု

နှစ်နိုင်ငံကွာကြလို့၊ မြို့ငှစ်ရခက်တယ်၊ ကြိုင်လျှံပ
မျက်ကွယ်မှာ၊ သက်လှယ်ကရွှံစိုး၊ ရေခြားလို့ ဝေး
ကွာတယ်၊ ဖြေမသာကြီးတဲ့ပူမျိုး၊ ရာပြသာဝ်ကြာချပ်
လယ်မှာ၊ ညာနှတ်မယ်ရှိခိုး၊ရွှေစိတ်တော်ရွှယ်ကိုးငံ့၊
မယ်စိုးလို့ ကြောက်တယ်၊ ဥဒ္ဓိသ ထွတ်ဘုရားငယ်၊
ဖွတ်ငမ္မား ထွက်တတ်လို့ ကွယ်၊ လွတ်တရားဖျောက်
ပယ်တယ်၊ နောက်ကွယ်မှာ တပုံများတာကြောင့်၊
ထောက်ထားလို့ မယ်မြေခြင်း၊ ဆွေးတဲ့ဖြစ်အင်၊
ရွှေမေတ္တာချစ်ပင်ကို၊ အေးရေစင် လောင်းချင်ဘုလေး။
(အချစ်မဲ့)

နိုမဟ်ရွှပ်

နှစ်ပြည်ထောင် တယ်ကြ၊ အလယ်က ကျောင်း
ဆောင်၊ အနောက်က ရွှေဂူချောင်၊ ဝေဘူတောင်
ထရွှေ့၊ မင်းကြီးနှင့်ကိန္နရာ၊ ငူနွာပါထွက်တဲ့ရသေ့၊
သုပဏ္ဏာဇာ၊ နာဂကိုအတွေ့၊ ထောင်ကုမ္ဘကာ
ရံ ကြွလို့၊ စံမွေ့သည့်ကြာပျော်၊ ဇော်ဗေဂီ တပသီ
ဝိဇ်ကယ်တို့၊ တည်စိတ်မြန်းကြဟေမော်၊ လင်းကြက်
ဖြင့် အတန်ဆော်ပြီ၊ ဘယ်ဇာတ်တော်လေမှန်းသိ၊
အခန်းနန်းအထွေထွေ၊ များနိုင်မျှပေ၊ နိပါတ်နှယ်
ရွှပ်လေသည်၊ အရွှပ်တွေ ပြည့်ဖိုးနှင့်လေး။

(ထိုင်းပြည်ရေးဖွဲ့)

ထတ်မျိုးဝိဇ္ဇာ

နွတ်ကောင်းလို့ ပြည်စိုး၊ သူ့မိုးက ကောင်းချင်၊
မှုမျိုးကို ဝလောင်ဆင်သည်၊ တစ်ထောင်တွင် တစ်
ယောက်၊ သန္ဓေက အခြေပါတယ်၊ ဗွေတစ်ရာစွဲတဲ့
အကောက်၊ ပြောင့်လေက ထောင်လေ၊ အမှောင့်
တွေ ပွေမောက်၊ ယှဉ်မိရင် သူနောက်လို့၊ ကြောက်
စရာ့ သိက္ခာ၊ တစ်ဖက်သတ်မျက်နှာကြီးနှင့်၊ တက်
ကာစီးလုပ်ချင်တတ်ရှာ၊ မြောက်လိုက်ရင်ထက်ပြတ်ရာ၊
မသမ္မာအဝီစိပ၊ ဥ့်ဟေဖွမဆို၊ ပျောက်နိုင်တဲ့ကိုယ်၊
အတတ်မျိုး ဝိဇ္ဇာမိုရ်တယ်၊ဆယ့်နှစ်ကိုယ် ပွားနိုင်ငံ့
လေး။

(ဂုဏ်မာနဖွဲ့)

မိုးပလီ

ပြုချင်ထိုင်း ပြုမတတ်၊ ခရုပတ်လိုလို၊ နှစ်ခုစပ်
အညီမှာ၊ ဝိုလ်ပေထင့် ရွှေမိုး၊ ရင်စလို့ စိုမှောင်
တယ်၊ ပြိုမယောင်ဟန်ဝိရုက်ဆိုး၊ မကြည်သူ့ လွမ်း
ပုံကို၊ အစွမ်းကုန်သူနိုး၊ နွမ်းစေရုံသူပျိုလို့၊ ဆိုးပါ
နှင့် နတ်မောင်၊ မစုံသူ အခံကပ်အောင်၊ ပြန်ကဟတ်
မိုးဆင်သင့်ပေါင်၊ ဘုံသည်မြင့်စံစက်ညောင်မှာ၊ ခံခက်
အောင် ဆင်သိုင်းလို့၊ သင်တိုင်းဝတ်မှန်ရိုရို၊ မှိုင်း
ဆင်ခဲ့ပြီ၊ ဖော်ဝေးသူ ညိုးမကြည်အောင်၊ မိုးပလီ
မူလွန်းလို့လေး။

(မိုးဖွဲ့)

တကယ်မုန်းတော့မှာလား

ပစုမှာလွှာချပ်၊ ကြာပြာသာဒ်ရိပ်လယ်၊ သန္ဓေသူ့
မိတ်ဆွေငယ်၊ စိတ်ငယ်တော်မူအား၊ မောင်ချစ်လို့

ကျိစယ်၊ မေတကယ် မုန်းတော့ မှာ လား၊ ငိ မှက်ရည်မြရေကို၊ ကျစေနှင့်ဆည်ထား၊ ကြင်စရာ မယ်ကပါ။ ကျိစား၊မီပေတယ်၊ မပြေလည်ညာမကိုင့် ကို၊ သာပိုက်လို့ မောင်ချော့ပါတော့မယ်၊ ကြဲဖူး ပေါင့် သူ့ရှိ့နှယ်၊ သည်သူငယ်များလိုဖြင့်၊ ဖန်သား ကြေပန်းကန်၊ ဇွန်းကျမခဲ၊ ပရိယာယ်အပိုလျှ်တယ်၊ နဂိုမာန်ကြီးပေမို့လေး။

(မယ်ဖွဲ့)

မြန်းချင်ပြီ

ပဋိစ္စသမုပ္ပါဒ်မှာ၊ ဆုပ်ကပ်မို့ကြောက်ရန်၊ ချွဲ ကလာပ် ဖောက်ပြန်တယ်၊ မှောက်အလှန် ထွေပြား၊ ဝင်သက်နှင့်ထွက်သက်လှယ်တယ်၊ ဘဝဂံဝယ် စိုးမရ ခြား၊ သည်ကဲ့သို့ ပျက်မူဟာကို၊ လက်မကွာစာရား၊ သက်သာရာ အရှားမို့၊ ဘုရားရှင့်သင်းဝင်၊ စိတ်မလှ ရိပ်ပြုရုပ်ပါလို့၊ ဘိကျူလုပ် မူးမယ်လို့ပင်၊ နေ့ ရမနဲ့ ဥယျာဉ်မှာ၊ မူးသင် ရွှေကျောင်းနှင့်၊ ရွှေ သောင်းလုံး ရွှေကေတီ၊ မြန်းချင်တော့ပြီ၊ သဃ်မိတ် ဆွေသေရီလို့၊ နေသာကိုကြဲဆဲပလေး။

(သံဝေဂမွဲ့)

ကိုယ်သိပ်ထော်မူစမ်းပါ့

ပုလဲဥနင်းပေါက်၊ ကင်းထောက်တဲ့လေပြန်၊ မင်း မြောက်ပေ့ ဟေမန်၊ မသေကျန်ကံကောင်းလူမို့ သာ လျှလျှခံတယ်၊ မြရေနံခဲရတဲ့ဆောင်း၊ အေးလှလို့ ဝဇီရာ၊ ဝီဇနာမကောင်း၊ ကတ္တီပါ စောင်ပေါင်း၊ ထောင်သောင်းလောက် ခြုံတယ်၊ ပန်းညောင်မှာ ချမ်း နှောင်တွေ့၊ မနုံးတောင်ငွေ့ နုံးတာမို့ကွယ်၊ ခန်းဆောင်မြေ့ ထီးလယ်မှာ၊ ပြီးစလွယ်သာဖက်လို့၊ ဟာစက်ဖျာ့ ကြောင်မြီးတိုနော်၊ ကိုက်လိမ့် ကိုယ် တော်၊ ငိုချင်စိတ်နှင့် အိုအိပ်ပျော်အောင်၊ ကိုယ်သိပ် တော် မူစမ်းလှည့်လေး။

(ဆောင်းဖွဲ့)

ဟုတ်မှကြင်မယ်

ပုပင်လယ် ကျယ်ခွင့်ကို၊ ကယ်သင့်မှ ကယ်မည်၊ ဆယ်သင့်က ဆယ်မည်၊ ရွယ်ရည်ကာမျော်၍၊ မထိုက် သို့ မလှမ်းသာသည်၊ နှန်းအာသာ မန်းကို့လေ့၊ သနားလျှင် သနားပါမယ်၊ မှားစရာမငွေ့၊ တရားဟာ အပြေ့ဖြင့်၊ အတွေ့ကို ရှောင်လေ၊ အင်္ဂါပြင် ရာဟု သန်းပါလို့၊ အာယုစန်း ညှံ့တော့မသေး၊ ဘာဏ၊ နှန်း တက်နေတောင်၊ထက်မသွေ ဝင်နေတော့၊ အရင်းဖြင့် ကံကိုပင်၊ ဟောပြစ္ဓဋ္ဌင်၊ ဟုတ်ရင်ဖြင့်အဟုတ်ကြင် မယ်၊ မဟုတ်ရင် ဟုတ်ဘူးရှင့်လေး။ (မှာထမ်းဖွဲ့)

သာတော်မူလိုက်မယ်ပါ

ပန်တော်ဝင် ယုဇနံထို၊ ထုမရဖက်ကွာ၊ သူ့အလှ မြမျက်နှာမှာ၊လစကြာတစ်ခုခုမျက်လုံးတော်စိန်ဝဇိမှာ ဣန္ဒ နီ မိုး ကျ တန္တူ၊ မြင် ရ သူ့ သဲလွှင်ပြင်မှာ၊ လဲသေချုံစလုံး ထဲမရွှင် ရင်ဆုတို့၊ ခင်ပုကြောင့် ခက်တယ်၊ ဥမ္မာခန် ဂါထာဇာတိတွင်၊ ဘာရာနတ် ရွှေးတဲ့ပုံနှယ်၊ ကမ္ဘာကပ် ကူးမယ့်နယ်မှာ၊ မူးလယ့် လယ် မှောင်ကျလို့၊ စောင်မတဲ့ သီတဂူ ထုံးရိုထပ်တူ၊ သည်ကဲ့သို့ ညာမျော်ကူယင်၊ သာတော်မူလိုက်စမ်း ပလေး၊ (ဈာန်ဖွဲ့)

ပါရမီကူပြည့်မယ်

ပန်းမုတ်ပျံ ဆောင်ကုန်ငှဲ့၊ သျော်း တော် ဦး မြင့်မော်၊မဖုရားညီမတော်မှာ၊ ထွက်မျော်တော်မူ၍၊ ညီမလေးစံရာကို ဖန်ခါခါလွှမ်းတစေ့စေ့၊ ထိဂုံမြင့် စေတီကို၊အလှလီချီလေ့၊ပါရမီကူပြေ့လို့၊ ညီမလေး တွက်တာ၊ ကျက်သရေတည်စေကြောင်းကိုဖြင့်၊ လက် ရွေပျော်းဆုပန်ခဲ့ပါ၊ စံအိမ်သို့ ရောက်ခါဝယ်၊ အဝေရာ ချီစလို့၊ မေတ္တာမြေအရင်းလျှ်၊ ထွန်းင့် တန့်တန့်၊ ငြဟ္မာဝိလေးတန့်ကို၊ နေ့အမှန် ပွားပါ ဘ့်လေး။

(မေဏ္ဍာဖွဲ့)

တစ်နပ်ဥာဏ်

ပြည်ထိုက်တဲ့စိန်သီးငဲ့၊ အလိမ်ကြီးသူလိမ်၊ ကျိန် ပြီးမှစွတ်ထိန်သည်၊သပွတ်အိမ်စာပေါင်း၊ ဖြစ်သမျှ မဟာခင်ငယ်၊ရာဇဝင်ခွဲချမ်းကောင်း၊ တစ်နပ်ဥာဏ် အဖတ်တင်အောင်၊ဇာတိဘမင်သူပြောင်း၊ မှတ်မထင် ပြုကောင်းပါဘုး၊အကြောင်းမှမလျော်၊ စောင့်ရသူ တစ်ဖက်သားမှာ၊ မျက်နှာထား ပျက်ရလေနော်၊

ခက်ဆုံးပသက်ဆုံးမော်ငယ်၊ ရှက်ဆိုးနော် အိုကြဲကြီးကိုလို့၊ မကိုင်ကယ်မတာသိန်၊ ဖိုးပြည်ထိုက်စိန်၊ တစ်ခွေထဲကမှ ဆယ်နဲလိမ်သည်၊ ခြောက်ဆယ့်လေးကြိမ် အိုကြောက်ပါင့်လေး။ (သစ္စာပျက်မှု)

နုထွားဇဲ့ဖော့ဘူ

ပြုံးချီချီ နဂိုရိုးကြော့၊ သန်းရွှေမော့ နတ်တူ၊ မြင်မဝပြုမူကို၊ ဆည်မယူနိုင်အား၊ လှဆုံးထက် မိုးတပြင်မှာ၊ ယဉ်ပေါ်တွင်ယဉ်ဆင့်လို့သွား၊ ကြော့မျိုးက ကြော့လို့သာတယ်၊ မိုးသူဇာမခြား၊ ကိန္နရာဟန်လားလို့၊ နုထွားငဲ့ဖော့ဘူ၊ ကြင်သက်လျာဆင်ခြင်ဒေသယ်နှင့်၊ ကုန်ဖောလို့ ပျိုက်ကာသာဆူ၊ စန်းဌေပွင့် သီတဂုလို့၊ သင်းကြူကြူ ရွှေနှုတ်က၊ မိန့်ထုတ်ကယ် မပြန်ပါလို့၊ လေးမယ့်စိတ်ကို၊ သနားပုံခရာပို့တယ်၊ ရွှေကိုယ်ကိုတွေ့ချင်လှလေး

(မယ်ဖွဲ့)

အခိမ်းဖမ်း

ဖမ်းပုံကို ကမ်းကုန်သိပါဝဲ့၊ လမ်းစုံကြိုးဇီမာန်၊ ယဲ့ဒုန္ဒိမိတ္တ်ကို၊ အံ့ရမည်လေလား၊ မဟုတ်ဘူးသက်လှယ်ငယ်၊ ဝုတ်ကွယ်တော်မူချက်ကခြား၊ မဆုတ်နှင့် အထုတ်ခံမယ်၊ စမြဲ့ပြန်စကား၊ ဝေဝစ်ဉာဏ်မကြင်ဒြားပြီတူ၊ ကဲထားရာနေမယ်၊ ဘိုးသူတော် ဝတ်နှလိုမို့၊ ညွှန်စံပြကြောက်ရပါတယ်၊ နိမိတ်နှင့်ဝိတ်တဲ့မယ်ငယ်၊ ရိပ်ကဲ့ကွယ် သည်ကဖြင့်၊ ထိတ်လှလို့ လိပ်ပြာခေါ်၊ ရဲလိုက်ကဲ့နော်၊ အစိမ်းဖမ်းနိမိတ်ပေါ်လျှင်၊ ပရိတ်တော် ရွတ်မယ်ပလေး။

(အကြောက်မှု)

မမွေ့ချင်ပြီ

ဖော်မမီ ဇော်ဂီလေ့၊ မြော်ရည်ချိသီကွာ၊ ဖျော်ဆည်မွေ့ ရိပ်သာဝယ်၊ အဝိဇ္ဇာမသန်း၊ လိုက်နှန့် ခြောင်ကေငူမှာ၊ တောင်ဝေဘူ ဆိတ်ငြိမ်တဲ့လမ်း၊ ပုတီးနှင့် အငြိုးကိုဖြေမယ်၊ အသီးရွေ ဆွတ်လှမ်း၊ နည်းထွေထွေ ဝင့်ခန်းက၊ ကျွတ်တမ်းသို့ရည်ရွယ်၊ မှန်မသွေ ဆံခွေရစ်ပါလို့၊ ဖန်ပေသစ် ထဲလိုက်တော့မယ်၊ နောင်ကူးတို့ သောင်ထူးရွယ်တယ်၊ ဖောင်မူး မယ်ဉာက်ဇောနှင့် ၊မာန်ခေါတဲ့သံယောဇဉ်၊ သောက မယှဉ်၊ မက်လောဘ မမွေ့ချင်တယ်၊ ယနေ့ပင် မြန်းမယ်ပလေး။ (သံဝေဂမှု)

ဥပေက္ခာနယ်သို့

ဗဟန်းချောင်ရိပ်သိဂ်၊ နိဗ္ဗိန္ဒပွားယူ၊ ဆိတ်ငြိမ်စွာ့ မှားမကုအောင်၊ တရားယူကျင့်သုံး၊ ကိလေသယုတ် ခဲမွေကို၊ သမ္ဗန္ဓကင်းဖြတ်အဆုံး၊ စက်ဩဃ ဝဋ္ဋ နှောင်ဟာကို၊ လွတ်အောင်သာ ခွာရုံး၊ အရိယာ ကျင့်ထုံးဖြင့်၊ ဆင့်ဆင့်သုံး ဘာဝနာ၊ ကသိဏ်းစွာန် ဆင်မြန်းလို့၊ တင်ကမ္မဋ္ဌာန်း ပွားချင်စေဘူသာ၊ မရွှေ့လွှဲ လွှဲဖြစ်ဟာကို၊ ဥပေက္ခာ ပယ်ကန့်လို့၊ နယ်ကပြန့် ပြည်သီဝံ၊ မြန်းဖိုစိတ်ညွှန်၊ အဝိဇ္ဇာ တဏှာဝန်ကို၊ မဟာမွန် ပယ်ကြောင်းကွယ့်လေး။

(နိဗ္ဗိန္ဒမှဲ့)

ကေသိမှုး

ဗျာဒိတ်ခံမန္တလ၊ အနန္တကုသိုလ်၊ စံမမွေ့နုပျိုသည်၊ သူ့နဂိုရိယဉ်ဆုံး၊ ထိမ်စင်လတစ်ခက်ငွေလို့၊ ကျက် သရေ ထွန်းတင့်တဲ့ဖုန်း၊ နွဲ့ငြားအထု ဖက်ကွာသည်၊ ရွှေမျက်နှာချိုပြုံး၊ ဖေလက်ယာညာအုံး၊ ကိုယ်လုံးပြည့် အရောင်၊ ဆယ့်ခြောက်တောင်ဆောင်ပြဒူ၊ ဆောင် စလုဝင်းလို့ ထိနဲပြောင်၊ ရွှေသန်းနှင့် လေဖျန်း ဆောင်သည်၊ ရွှေနန်းတောင်ညာမြင့်က၊ ကြာပလွှင့် တဝေဝီ၊ မှုးမည့်ကေသီ၊ ဘဝင်စောမျှ တလောက်မှာ၊ အပြောသိသီ ကျန်သေးတယ်ဟုလေး။ (မယ်ဖွဲ့)

အဇ္ဈောနတ်နန်းက

ဗျာဒိတ်ခံသရေတင့်ပါတဲ့၊ မြေပလွှင့်မန်းရန်၊ ရဝေ မြင့်ဆန်းဟန်ငယ်၊ တနန်းမှန်အောင်ခန်း၊ စောရဘက် ဗျာပါစည်သည်၊ တသာကီ အောက်မေ့တလွမ်း၊ တိမ်ပန်းခက်ငွေရည်လျော်သည်၊ ရွှေစည်တော် ဆော် ရွှမ်း၊ အဇ္ဈောနတ်နန်းက၊ ပတ်သန်းလို့ ရွှာမည်၊ တူလေးဖော် ယှဉ်မှီမွေ့ပါလို့၊ သဉ်လီကြွေ့နန်းနှင့် ပုံညီ၊ မာလာမြ နောင်လည်သည်၊ ဆောင်လေပြည် စည်ဝင်းလို့၊ မြခင်းသည်ငွေဝူပေါ်၊ ရမ်းဆရည် ရော်၊ တနေ့တ ငွေညီဖော်မှာ၊ ရွှေပြည်တော် ရွှဆဲပလေး။ (မိုးဖွဲ့)

တစ်ဖက်သတ်

တယ်တော့မှ ကြားမလပ်ပြီဘူး၊ ချားရဟတ်စ်ကြာ၊
ဆောင့်တစ်ချက် အောင့် တစ် ခါ၊ မခြာကဲ့ ပတ်လုံး၊
သူ့ စိတ်နှင့်သူကိုယ်၊ အလိုလိုဆိုးချင်တဲ့ဖုန်း၊ တစ်ဖက်
သတ် သူ့အယူ၊နှန်းမူနှင့်မမှန်း၊ ဆိုပြန်လျှင်ငိုမျက်လုံး
နှင့်၊ အငယ်ဆုံးမမို၊ တစ်နာရီကြည်တစ်ချက်၊ညီဖက်က
ဆယ့်နှစ်ရာသီ၊ စကားမှ ပြီ့တပြီလို၊ ယာ ယီ တော်
တွေပြားလို့၊ ဖက်သား နိုင်မယ် ဗိုင်မယ်၊ တင်းသူက
ကျယ်၊ သည်ကလောက်နိုင်တဲ့မယ်မှာ၊ ဘယ့်နှယ်နယ်
ရှိလေသည်လေး။ (မာယာမွှဲ)

နှန်းသူ့ချောဟန်

ဖြိုးပုံတော်ကေဆံပတ်ကယ်ခဲ့၊ ကြွေမတတ်မူယာ၊
ချွန်ဒားကပ် မကူသာတယ်၊ မဟူရာ ဆင်၍၊ သိမ်ရေ
ကျရေ့ရည်းခြံတယ်၊ ကြွေ့နည်းပုံဆန်းလိုက်ပါ၀ေ့၊
ဝတ်လဲတော် ကြိုးအ၀ါမှာ၊ ခိုးနံ့သာ မတွေ့၊ ရိုးရှာ
သည်ဓလေ့နှင့်၊ ပြကတေ့ ယဉ်ပြန်၊ မျက်လုံးတော်
တမူသစ်တာက၊ ဧမ္မူရာဇ် သိန်းမကတန်၊ ရွှေ နှန်း
သူ့ချော ရွာ ဟန် မှာ၊ သောတာပန် မိသူငွေးကဲ့သို့၊
မြေး ရွှစ် ကျိပ် ရ အောင် ဝယ်၊ ဒွေး က ထက် ငယ်၊
လေးဆယ်ပြည့် ဇရာလယ်တောင်၊ ကညာမယ်သာဘူး
ဗျလေး။ (မယ်မွှဲ)

သစ္စာမူမယ်

တုံတပင်နန်းမြင့်မှာ၊စန်းတစ်ပွင့်သခ်ါ၊နွမ်းသဖြင့်
တင်ပါမယ်၊မင်္ဂလာရှိန်ကြွေ့၊ ဥကင်သကျက်သရေကို၊
သက်သေစေဖုန်းဖြင့်မမေ့၊ ထီးဖြူဖွင့် သစ္စာမူမယ်၊
ချစ်ရှာသူယဇန္ဒ၊ မေတ္တာတူ ပူလေ့က၊ ကုမြည်လို့
ကြံပါ၊ စောသီတာဆင်းကြာကြွေယ်နှင့်၊ မင်းရာမ
ထု်းသို့မကွာ၊ ခင်းဇာလှအုံးညာမှာ၊ ဖုန်းနှစ်ဖြာ
တူနီးဖို့၊ဖြူထီးတော်ဖင့်ပါစေ၊ လောင်းပညောင်ရေ၊
အောင်လျှင်ဖြင့် ရဝိဆွေငယ်၊တဘိသေခံငွေပလေး။
(သစ္စာဆားဖွဲ့)

မဏ်တော်မူစမ်းချင်လှ

ငွေသဥ္ဇာကြာကြွမှာ၊ ဂါသဝဘုန်းကြွယ်၊ ရွှေဖူး
စာကံနှစ်သွယ်ကို၊ ဖန်ရွယ်တော်မူသိ၊ ပကောင့်ခြင်္
လွှာကို၊ ဖွင့်လာတယ် ရေးထင်လိုက်မိ၊ ကွမ်း၀ါန
နှုတ်ခုံတယ်၊ ရွပ်ပုံဖော်ပကထိ၊ ပလီဘာဏ် ဆင်ဟန်
ညီတာက၊ မူးရချည့်သခင်၊ ပန်းနှစ်ခိုင် မြည့်၀တ်ကို၊
ဟာလွှတ်ပါ ညည်းရှာသည့်သွင်၊ အိပ်မက်တော်
မောင်မြင်သည်၊ ပဟိုရိုးဝင်တုံးကြွေ့မှာ၊ ဖက်တော့
မက်လေနော်၊လေးသံဇြိမ့်ဆော်၊ လက္ခဏာအောင် စိတ်
မပျော်တယ်၊ မက်တော်မူစမ်းချင်လှလေး။

(မယ်မွှဲ)

တိတ်တခိုးငိုမိတယ်

မကြည်တဲ့သဘောမို့၊ မနောမှာမပါ၊ သည်
လောက လွှ.ရွာမှာ၊ ခုအခါလိုမျှား၊ ခံချင်ဘု
သေမင်းထံကို၊ နွေချင်းပြန် လိုက် ချင် တော့ သား၊
ဘယ်တော့မှအေးမယ်ကို၊ တွေးရတယ်ဖြစ်လား၊ သည်
အပူ သည်လှပွားစေလို့၊ ကံထားကာပန်ရွယ်၊ ကိုယ့်
ကိုယ်ကိုစိတ်ဆိုး၊တိတ်တိတ်ခိုးငိုမိရပါတယ်၊ခက်ဆုံးပ
စက် အုံး လယ် မှာ၊ မျက်ခုံးရယ်တောင်ပို့နှင့်၊ရောင်
မို့.မို့.မျက်နှာတော်၊လင်း၍ မပေါ်၊ ဧမ္မူရာဇ် စံရွှေ
လွှေ်ငယ်၊က ခေတော်မူလွန်းလို့.လေး။ (အမွှဲ့.)

မိုးတင့်ရဲ

မချိသူကိုယ်ကြွ.အောင်၊အိုလှို့.လို့ဖွေတာ၊ညိုအို့
လို့ခွေရွှာသည်၊ ဒေ၀ရာဖန်နဲ့၊ လွှမ်းရသူဘ၀င်မသာ
သည်၊သင်ညွှာ တိမ်းခွေညွှတ်ဆဲ၊ရေနစ်လို့ အားမ
လှသည်၊ ဂါးကုတော်မူနဲ့၊ အလာတူဆင့်ကဲလို့၊
တင့်ရဲပေ့ နတ်ကယ်၊ ဟံသာမှာ ကြံရာခက်စေသို့၊
ဖန်လာချက်ကိန်းဆုံရတယ်၊ တသာကို့မိတ်နွယ်မှာ၊
ရွှေစိတ်ဝယ်မကြည်နူးတာမို့.၊ ရှိဦးသကြိမ်ကြိမ်တင်၊
ဖုံးခပန်းပင်၊ ဆိုင်းပါဦး မိုးတုရင်ယော်၊ ညီးမရွှင်ပွေ
ဆဲမို့.လေး။ (မိုးမွှဲ)

လူဖြင်ကို နှလုံးနာ

မပူယောင် ထူထောင်ရ၊ ကြူညောင်ကြွက်နှံးဝွေ၊
ဆူလောင်ရ ကျွမ်းကြွေသည်၊ လွှမ်းလေစေဆင့်ကဲ၊
ဘယ်တော့မှမသက်သာတယ်၊ တစ်မျက်နှာ အေးလှည့်
ကြံဘဲ၊လူဖြစ်ကိုနှလုံးနာသည်၊ မုန်းပါတော့ရောင့်ရဲ၊
ချမျက်တောင်တလှစ်ထဲ၊ နှစ်နှစ်ခွဲမကြည်၊ ချိုမရွှင်
ငြိုငြင်ရိပ်ကယ်နှင့်၊ ငိုချင်စိတ် များလှတော့သည်၊

အကျိုးမဲ့တွက်စီလျှင်၊ မျက်ရည် တော် ကောမည်
ကြောင့်၊ သဘောက တူစုံနှစ်ဖြာ၊ လမ်းကြုံတော့
ကာ၊ မြမျက်ရည် ထုံနံ့သာငယ်၊ ယမုန်နှာ ဖြစ်စေ
တော့လေး။ (အပူဒဏ္ဍ)

ဆိုက်ထိုးဆိုက်စေ

မယုံသင့်ယုံသင့်ကို၊ ပုံချင့်လို့ ယုံတော်မူ၊ မထောက်
နှင့် သည်လူကို၊ ကူတန်မှကူတမ်း၊ သမုဒ်ပြင်အဏ္ဏဝေ
မှာ၊ သင်္ဘောစေ ဘုန်းကံ ကံစမ်း၊ ဆိုက်လိုရာ နန်း
မြေမှာ၊ ဆိုက်စေတော်မပန်း၊ မခေလာ ကွယ်ခန်း
ထင့်၊ နိဒါန်းက မပေါ်၊ ဇာတ်တော်ကို ရေးကျော်
သန်းပါလို့၊ ဖြတ်လမ်းကို့ခင်းတတ်လှနော်၊ သံဆန်းဆို
ယင်းတော်လို့၊ ထူပေါ်မူဟန်လေနှင့်၊ ခပ်ထေ
ထေ မျက်နှာပုံ၊ ပြောမှသူယုံ၊ သံရိုးဖြင့် မာန်ပြုံး
သုန်လျှင်၊ ယင်းတော်ပို့ ဖမ်းမယ်ပလေး။ (မောင်ဒွဲ)

ထူးထက်ဝ

မရှိက်ခင်မငိုကြပါနှင့်၊ မဆို့ရသေးပေါင်၊ နဂိုရိုက
အတွေးခေါင်၊ အရေးဆောင် ကာဆီး၊ မဆစ်ခင်
အဖိုးကုန်တယ်၊ အိုးမလုံအုံ့ပွင့်လှန်း၊ အမှုကိုမဆိုင်ခင်၊
အနှိုင် ချင် သူကြီး၊ မဟောခင်ကျွတ်ပြီးမို့၊ ဧရိုး
တိုင်း တွင်ချင်၊ အပြစ်တော် စနစ်ကြီးတာမို့၊ မပြီးခင်
ထီးတော်ကတင်၊ တစ်နပ်ဉာဏ်အလျှပ်သင်သည်၊ လျှပ်
လျှပ်မြင် လက်လှမ်းလို့၊ ကြက်ကန်းဖွဲ-စွဲတော်မူ၊ ရဲတဲ့
ဖုန်းလူ၊ အောင်ထိုးထက် အဆီဆူတယ်၊ တူတရူ လုပ်
ပါနှင့်လေး။ (အကျော်ဖွဲ့)

နန်းကြာဖွား

မာလာငုံထုံရန်၊ ကုက်မံ ဝတ်လွှာ၊ ဘုံကြွင့်နှိ :
ထွတ်ချာမှာ၊ တမွှတ်လွှာ ညွှန့်ဖျား၊ ကျွန်း ကုရု
တဧယျာမှာ၊ ပဒေသာ နန်းပင်မြင့်ဖွား၊ ထီးကသစ်
ရိပ်ကြာမှာ၊ မိတ်လျာတော်တစ်ပါး၊ ဇမ္ဗူမှာ အတူ
ရှာပါလိမ့်၊ နမူဝွားပျက်ကွယ်၊ လှမန်ကုတစ်ဆူဖုန်း၊
ဇမ္ဗူလုံးခဲမြင်ရတယ်၊ ရွှေဘုံသူ ကိုယ်စားလှယ်လျှင်၊
လိုတဖွယ်လွှာသမို့၊ ဝါသဝပါရဂူ၊ ရေးတော့မတူ၊
ကံထူးလို့ ယဉ်သူကို၊ မင်မတူနိုင်ဘူးဖျာ့လေး။
(မယ်ဒွဲ)

ငါးမာန်အောင်

မာန်ငါးသွယ်အောင်ရပ်မို့၊ နောင်မှတ်ဗို့ ထုတ်
ခွေ့၊ ညောင်မြတ်သို့ရှက္ခေဝယ်၊ ဗုဒ္ဓဟေသီရှိ၊ အပွဏာဇီ
ပလွင်သာကို၊ မင်္ဂလာကြူးလို့မဝံ၊ လေးထောင့်
ထွာချင်းအကွာတွင်၊ များရတနာဇာတိ၊ လားမပါ
ပါ၌လိမ့်၊ အာစရိဉီးဆံ၊ နတ်ငြဟ္မာကပ်လှာခရ၊
သင်္ဘာဟမှုးစနာမ်၊ ရပ်ဌာနပြုဇွာသန်းတွင်၊ ဗုဒ္ဓါနံ
ဂုဏ်ဟိတ်နှင့်၊ ပဋိစ္စသမုပ္ပဒ်ကိုပင်၊ သုံးသပ်ဆင်ခြင်၊
ဖန်မောရနေမဝင်ပဲ၊ ရွှေပုလွင် အောင်ပွဲနှောင်လေး။
(အောင်ခြင်းပွဲ)

သေခဲ့ပါရဲ့

မုန်းမယ်လို့ မုန်းတော့၊ ဆုံးအစမထင်၊ နှန်းတမျှ
အသွင်မှာ၊ အမုန်းတွင်ခေါင်ကဲ၊ တိရစ္ဆာန် လူ့ရပ်
ပါအောင်၊ သုဘဋ္ဌါ မုန်းသလောက်ပဲ၊ ပြင်မရှိ
မုန်းမူပေါ်တယ်၊ သုံးလူ့ပေါ်တန်၊ မြတ်သဟန်
ဆွဖွဲ့ပွဲတွင်၊ သတ်ခံရဲ့ မောင့်ကိုယ်၊ မာန်မဖီ
စံညီညွတ်ပါလို့၊ ခန္ဓာတိ သည်းခံစိတ်ပို၊ သဘောဟုတ်
လောကုတ်ဆိုလျှင်၊ သောနတ္တိုရ် မ စေ လေ့ပါနှင့်၊
ဆွေ သ မေ့ သု ဘ ဋ္ဌါန့် ယဲ့၊ မင်း သတ် လှည့်
ကွယ်၊ နတ်ဖန်တဲ့ မြတ်ကန်လယ်မှာ၊ ဆဖွဲ့နှစ်
သေပဲ့ရဲ့လေး။ (အမုန်းဖွဲ့)

မခေါ်ခင်ထူးပါနှင့်

မောင်ခေါ်လျှင် ရောင်ပွတ်လို့၊ ပိန်းကောမ
ဦးထောင်၊ သိန္ဓောက ဆားခေါင်သည်၊ တစ်ထောင်က
တစ်ဖီး၊ သမီးတော်ချောတယ်ဆိုရင်၊ ယောက်မကို
ဇက်တပ်လို့စီး၊ ပါးရက်နှင့်ထူတော်မူ၊ သွားလေသူ
မကြီး၊ စားတော်ရန် ချဉ်သီးနှင့်၊ အကွာကြီးသခင်၊
နွားကြော့ဆို့ချဉ်လွှာလို့၊ ဖြတ်ခကာပြောတော်
မူချင်၊ စာတတ်ကို ခါမှတ်သင်တယ်၊ မောင်ခေါ်
လျှင် သင်းပိုင်ပင့်လို့၊ အခွင့်တယ်မလေ့၊ နောက်အိပ်
ကပျော်၊ ဘူးသီးမှအရီးတော်တယ်၊ မခေါ်ခင်ထူးပါ
နှင့်လေး။ (ဂုဏ်မာနဖွဲ့)

စာနာပါလျှင်

မိုးနှင့်မြေစံထားတော့၊ ညာဖွားမြင့် သည်းအူ၊
ဆန်းပါဘိသည်အမူရယ်၊ ရွှေမဏ္ဍူတစ်ခက်နှစ်ခက်၊
မအေးဖို့ ခါကြုံတယ်၊ ဇိုယ့်အာရုံစောက်စောမက်၊

သေသွားလျှင်အကယ်ကယ်၊ အပယ်ကျ နရက်နရက်၊ ဝိပါကတော် အဆက်အဆက်၊ တစ်သက်တစ်သက် ကမ္ဘာ၊ သံသရာအချပ်အချပ် အထပ်ထပ်မောင်နှဉ့် မယဲသာ၊ သင်းမျိုးကိုစာနာလျင်၊ ညာတာတော် မူကောင်းရဲ့၊ တစ်ကြောင်းနှစ်ကြောင်း တစ်သွယ် နှစ်သွယ်၊ အောင့်မေ့သင့်တယ်၊ သောင်းရွေမြမျက် ခြေယုယ်၊ မထယ့်မထယဲစမ်းပါနှင့်လေး။ (ဖေဖွဲ့)

အာယုကပ်ဆုံးတိုင်

မြစကြားစုံ ညောင်တို့မှာ၊ နှောင်ခဲ့တဲ့သစ္စာ၊ ရှောင်မမဲ့ ချစ်ပါမယ်၊ ရှစ်ကမ္ဘာပတ်လုံး၊ အာယုကပ် အဆုံးထိုင်အောင်၊ ငုံးဆွေမြိုင် ပျက်တေ့မမုန်း၊ ဗျာဒိတ်ရမန်းသေလာမှာ၊ ကျမ်းရွှေစာ ဆင့်သုံး၊ ပန်းချေညာတင့်တဖုန်းကိုဖြင့်၊ ခွင့်လုံးပြည့်သက်ပန်၊ ခင်မယ် ပင်လယ်ခန်းစေတော့၊ ကြင်ဖွယ်လမ်းသိမ်း မည့်မကြံ၊ တစ်ကေဝစနံကို၊ မုန့်မမုန့်ကုန်ချင့်လို့၊ ယုံသင့်တဲ့သစ္စာတော်၊ ထိန်းပါမယ်နော်၊ ယိမ်းသွေ ကောက် ဆန်းပေါက်ပေါ်ရင်၊ မန်းကျောက်တော် စူးပါစေ့လေး။ (သစ္စာတိုင်ဖွဲ့)

ညီမှုဘးဇာမယ်

မြကျီးဥအရေပါးလို့၊ ငွေယပ်မှားသွယ်ကာ၊ ဆွေအသား လဲ့ပြာမှာ၊ မွဲ့ဆံညာမသန်း၊ လှသူမျှား နှစ်ကျော့စံယော်၊ ဥကင်ယ တော်ဖွင့်မည့် ပန်း၊ မင်းနန်တွေဒေဝရင်မှာ၊ သေမင္ဂလာအနွမ်း၊ ချေပလွင် အလှမ်းမို့၊ ကမ္မဋ္ဌာန်းကယ်ဆယ်သည့်လုပ်နတ်တစ်ပါး လို့ဖြင့်၊ မြတ်ညီဖွားဇာတ်ရာတော့မယီ၊ ပြာသာဒ်ဖွား သက်လှယ်မှာ၊ ကနက်နွယ်ကေညွှန့်မို့၊ နေအဝှန့် ရွှေနာရီ၊ ဝဲယာကခို၊ အာသဏ် ဆွေသာကီလို့၊ ရွှေပါရမီသင်းပါဘိလေး။ (အလှဖွဲ့)

စိမ်းဖြတ်စာထိုးကြစို့

မြကြီးနှင့် ခက်သည့်နှယ်၊ လှမျိုးဆက် စိမ်းခင်၊ မြရိုးရွက်စိမ်းပင်မှာ၊ ကိန်းဝင်၍တလဲ့၊ ရင့်ရင့်ကြီး စိမ်းတတ်ပါတယ်၊ စိမ်းဖြတ်စာထိုးကြစို့ ရဲ့၊ မြရည် လဲ့ အစိမ်းလွှာမှာ၊ စကားစိမ်းညာစာနဲ့၊ အစိမ်းကွာ ကွာမဟဲ့လို့၊ ညာနဂါးသွဲ့ကန့်ကွ၊ အရိပ်ပါအပို့နှင့် စိမ်းနိုင်ငံ့၊ နဂိုရစိမ်း စိမ်းနိုင်တဲ့လူ၊ မြထွန်းတဲ့ သပြေဥဝယ်၊ အရေတူ နှစ်ယောက်စိမ်းတာဖြင့်၊ ကျောက်စိမ်းခဲ့တော်တင်၊ ရှင်းကွာကြလျှင်၊ မင်းရာမ နတ်စင်မှာ၊ မြတ်စာတင်လှမ်းမယ်မလေး။

(စိမ်းကားမွဲ)

ထွယ်ထုရာရှိဘူး

မြပဒုံစမွေ့က၊ မှန်ပြတော့စိန်ကြာ၊ ဖန်ရဝေ့ သိဂ်ါမှာ၊ ကိန္နရာထိပ်ထား၊ ဝေပုလ္လ စမ္ဗေ၌မှာ၊ သနွေသူ ဒေါနပင်ဖွား၊ ပိုကရို့လှမဒီ၊ ဒုမ္မနိ သက်ထား၊ စုံတည်ညက်အသားရယ်နှင့်၊ စက်ရထား လသွင်၊ ခုံးမျက်တောင် သေးသွယ်ကော့၊ လေးမယ် ကြေ့မျှားနှုတ်ကယဉ်၊ ဈာန်ရသည့်တိမ်ပုံရှင်ဟာ၊ ဘီဉာဏ်ပင်ပြတ်လျှေလို့၊ လတ်တလောမြင်ကျလာ၊ ထူးလှ ရုပ်ဝါ၊ ဥမ္မာဒ မယ်ရစာလို့၊ ဆွယ်ထုရာ ရှိဘူးပလေး။ (မယ်မွဲ့)

ကမ္ဘာနှစ်ခါပျက်စေတော့

မြမြင်းမို့ရိုးတောင်ကွဲမှ၊ ရှောင်လွဲမည်သက်ကယ်၊ မောင်ဆွဲတဲ့ မျက်ခြယ်ကို၊ ပျက်ပြယ်ပြယ် မမုန်း၊ မိုးပြိုလို့ မြေထောင်ခေ၊ သေထိုင်အောင် စွဲတဲ့နှလုံး၊ ကြွေကျလို့ နေလကွယ်ရင်၊ သွေပါမယ် အဆုံး၊ ရွှေမျှားမယ် တဖုန်းထို၊ မမုန်းဘူးအလွန်၊ ကမ္ဘာထို နှစ်ခါပျက်စေတော့၊ မခွာရက်ပေါင်းမယ်လို့သွန်း၊ ကြာကံနက်သောင်းဝှန်မှာ၊ ဒေါင်းပုစွန် စံငါးနှင့်၊ ညွှန်ကြားတဲ့ စာလေးမယ်၊ ပိန်းပျောက်လို့ကွယ်၊ နှင်းဆက်တဲ့ ဆင်းမျက်ခြယ်ကို၊ ယွင်းကွက် မယ် ကြံဘူးပလေး။ (သစ္စာတိုင်ဖွဲ့)

လေးမောင့်ဖြစ်ဟန်

မြမျက်ရည် စမ်းစိမ့်လို့၊ မချမ်းငြိမ့် လေတယ်၊ ခန်းရွှေအိမ့် ဗွေလယ် မှာ၊ သေ ငယ် လေ သေမီး အာဟာရ သုံးမဝင်တယ်၊ ဖုန်းမယ်ခင် မင်းကမသိ၊ ရေအသား ဆုတ် ယုတ် ကွယ် ပြီ၊ ဒုက္ခသယ် မချိ၊ ဟုတ်လှတယ် ဘယ်မရှိလို့၊ ရွှေသထိ လွတ်ကွာ၊ သည်ခေတ်လို မကြုံဖူးပါဘူး၊ ကုန်ထူးလို့ ဆွေးဝံ့ ဗျာပါ၊ ရွှေးဝင့်စသံသရာမှာ၊ ကံကြမ္မာ ဘယ်တရား ရယ်လို့၊ ဘုရားလျှောက်ချင်ရန်၊ လေးမောင့်ဖြစ်ဟန်၊ သုံ့ဘုံသူ့ ဗွေထိပ်မန်မှာ၊ ရွှေနီဗွာနန်စပြီးမို့လေး။

(ဘူမွဲ့)

တစ်နေ့ထက်တစ်နေ့ယဉ်

မြယုဂန် မွေစွန်းက၊ ငွေဝန်းပွင့်မူရာ့၊ ရွှေကွန်း ဖြင့် ကွန်းမာလာဝယ်၊ ယူဇနာ တစ်ခန့် နှစ်ခန်း ကြာကုမုခ် ရည်ရည်၊ ဆွတ်ကြည်ကြည် သင်းပျံ့ သင်းပျံ့။ နုကြဲ ကြဲ ငုံစီမြွာ၊ ပဒုံနီတျာ မဖန့်တဖန့်၊ ရွှေဒါလီ အကန့်အကန့်၊ အတန့်တန့်တွဲမှီ၊ ဖန်ရောင် ခြည် အချပ်ချပ်၊ အထပ်ထပ် စိန်ဆင့်လို့ စီ၊ ကမလ မြကေသီယ်၊ နှတ်ဒေဝီ ပုံနွှဲင်းတော့၊ ဘုံထိုင်းမှာ မမြင်မမြင်၊ လေးခင်ခင့်ပြင်၊ တစ်နေ့ထက် တစ်နေ့ ယဉ်သည်၊ **တစ်ဆင့်နှစ်ဆင်** ဆန်းပါဘိလေး။(မယ်ဖွဲ့)

သစ္စာတူပြိုင်

မြစ်ပင်လယ် သွေ့ခြောက်လို့၊ မြေအောက်က မိုးရွာ၊ ကွေ့ကောက်လို့ ဆိုးလာရင်၊ ကိုးကမ္ဘာ ပတ်လုံး၊ **အဝီစီ**ငရဲဖို့မှာ၊ တကယ့်ကိုခံရစေ့ဖုန်း၊ နေထဲက ရွှေဒေါင်းတွန်တယ်၊မြေသောင်းဝှန်ပတ်ကုန်း၊ စက္ကဝါ ပျက်ပြုန်းလို့၊ ဘဂဝန်ဖုန်းမြေပြိုအဏ္ဏမြွေသွေ မကွက်ပါဘူ၊ **ဓောဂဝ်**ရဲဝံ့တဲ့ကိုယ်၊ ယုန်ပျောက်လို့ လမင်းကိုယ်မှာ၊ မြမြင်းမိုရ် အရည်ပြစ်စေတော့၊ ရွှေသစ္စာ တူနှစ်ပြိုင်၊ ယိမ်းရှိမယိုင်၊ ဓိဋ္ဌာန်ချက် နှစ်ကိုယ်ပြိုင်တယ်၊ နိဗ္ဗာန်ထိုင်မြဲမယ်ပလေး။

(သစ္စာတိုင်ဖွဲ့)

ဧေးမောင့်ဝံကျောင်း

မြတ်လေးရုံတော၁၈၊ ဒေါနလမ်း မြေညီ၊ လျှောကျ စမ်း ရေသင်းကြည်တယ်၊ ရွှေနှင်းဆီကန်ချောင်း၊ လွှမ်းမတတ် **စကား**ဝါဂူမှာ၊ နံ့သာပြူလေး မောင့် စံကျောင်း။ ဗယ်ချပ် သရဖီချောင်မှာ၊ ခွာညီတောင် ခိုအောင်း၊ ရွှေသင် စုပေါင်းလို့၊ နဲညောင်စောင်း ထက်မှာ၊ ပဒုမ္မာ ကြာသက်နဲ့ယဉ်၊ ခါဆင်မြန်း တောမွေ့ပျော်ရာ။ ပန်းသောဂ တံထိုင်းကာသည်၊ ဇီဇဝါမုခ်ခြားလို့၊ တံခါးက ခွာကြိုင်၊ သင်းတဲ့ ဂန္ဓိင်၊ ယုဇန မဟာမြို့ဝင်မှာ၊ တစ်ဝါဝိုင် ကြိုးချင် ပေါ့လေး။ (တောထွက်ဖွဲ့)

မေဒ့်ထက်မော်

မြို့စလေ မော်ကိုးသို့၊ မော်ရိုးမှ မဖော်ကြေဘိုး သူ့ အမှုပေါ်ရင်၊ စကုမော်သာကဲ၊ မော်တုံနှင့် **မော်ကယ်လို့ခွောင်မယ်၊ မော်ရွှေတောင်** ဦးမျှကပဲ၊ မော်ဘီနှင့် မော်လမြို့ငှ်မှာ၊ မော်လှုးထိုင် မစဲ၊ အမော်ကို အဖော်တွဲလို့၊ မော်မြဲမြဲ မော်နော်၊ ရွှေလိမ္မော်သာမကတောင်၊ ထာဝရ မော်ထက်သာ မော်၊ တင်းဂမော် မြို့အပေါ်မှာ၊ တရုတ်မော် ဝန်ချလို့၊ လွန်သမျှ ကိုယ်နှင့်လွန်တာ၊ ဦးချခါခါ၊ ရွှေမော်ဓော မြတ်စွာမှာ၊ မော်ဖြတ်စာ ချမယ် ပလေး၊ (အမော်ဖွဲ့)

ရိုးခဲ့ချစ်သူ

မျက်နှာ ကိုခြေနှင့်ကျောက်စေတော့၊ သွေမဖောက် ခုနော်၊ လင်ငါးယောက် ခုပေါ်စေ၊ ကျွန်တော်က မ လွဲ၊ တစ်သက်လုံး လင်ငယ်နေပါ၊ သည်မေကို ရိုးပြာကျခဲ့၊ ချစ်လှလို့ သည်းညည်းခံသည်၊ ဆဲရေး သံကိုလဲ၊ အငြိမ့်သံသည်ပွဲလို့၊ စိတ်ထဲကထင်တယ်၊ ကွာမည်ကို မဆိုလိုက်နှင့်၊ မယ်ရိုက်ရင်ဖုန်းခုပါမယ်၊ ဖိနပ်နှင့် အရုပ်လယ်မှာ၊ မပြတ်ကွယ် မယ်နိုက်တော့၊ နာလိုက်တဲ့ စိတ်ကယ်နော်၊ ရွှေးမျှမပေါ်၊ ခင်လေးက ကြင်ရေးမျော်လျင်၊ ထဘီလျော်ခိုင်းပါ**တော့**လေး။

(အစ္ခဲဖွဲ့)

ခြောက်ပြစ်ကွာ

မျက် ခုံး တော် ဖြစ်ချက်က၊ ရှစ်ရက်လ သဖွယ်၊ ထင်မှားရ မင်သားနှယ်ကို၊ မျှင်ဖျားသွယ် ကော့ဖြူး၊ မြမျက်နှာ မူသရေမှာ၊ ဇမ္ဗူရွှေ နွဲနဲ့သာသင့်ဘူး။ မျက်လုံးတော် ရ တ နာ မှာ၊ မ ဂ် လာ တစ် ဦး၊ သွယ်နှစ်ဆိုင် လှယ်ပြိုင်ဖြူးသည်သို့၊ ကြယ်စိုင်ရွှေး ပမာ၊ ရွှေနှုတ်ရည် သာချိုည့်၊ ကြာညိုနဲ့ သင်းပျံ့ ကြိုင်စွာ၊ ချစ်လောက်ပေ့ ပြစ် ခြောက် ကွာ ကျဲ၊ စစ်ပေါက်ကာ ရွှန်ိုင်းလို့၊ လှ့ ထိုင်းဇမ္ဗူမြေ ရှားနိုင် မျပေ၊ ခုံးမျက်တောင် တစ်လှစ်ခြွေရင်၊ ရှစ်ကွင်း ရွှေထိုက်ကဲ့လေး။ (မယ်ဖွဲ့)

ဆင်ဖြူ.ရှင်ထို

ရတနာပူရမှာ၊ ဆင်ဖြူမျာ့းသခင်၊ တဝဂ်သမင်ထို့၊ မဆင်ခြင်လိုက်မှား၊ မနုံးသိန္ဒု တောင်စဉ်နွယ်သည်၊ အောင်ပင်လယ်တောဌ်ပျော်ပါး၊လက္ခဏာရစ် ခရွေးထို့ သမုဆွေပါသွား၊ နုပီယေစကားနှင့်၊ လှည့်ပြ ားတဲ့ ဇော်ဂျီ၊ လက်ဖျစ်သံ တစ်ချက်ကီးရုံနှင့်၊ နတ်သမီး ကျလာရသည်၊ သံ ဝါ သ စပ် မှီ တယ်၊ ရဿတီ

ကွယ်ပျောက်သို့၊ သေမလောက်ဆင်ဖြူရွှင်၊ ရူးရ
သည်သွင်း၊ သည်ကဲ့သို့ ဖြစ်နှုန်းတင်မယ်၊ချစ်ဇာတ်ကွင်း
ခွဲပါ၌ဒွင့်လေး။ (အစွဲဖွဲ့)

လွမ်းစိတ်မပြယ်

ရုပ်ပုံတော်ကမ္ဘန္ဓ၊ မမြင်ရကြာပြီ၊ သင်္ဂမြ
ညာမခိုက်၊ တစ်နာရီမမေ့၊ စွဲစက ယနေ့တိုင်တယ်၊
မမေ့နိုင် လွမ်းလိုက်ပါပေ့၊ လွမ်းစေ ဖို့အကျိုးဖန်
ဆိုးတစ်ဉာဏ်ဓလေ့၊ အဖိုးတန်သည်တစ်ဖေ့မှာဖြင့်၊
မငြိုးငွေ့မုန်စွာ၊ ဝေဆာဆာ အကုန်ငြီး၊ အပုံကြီး
လွမ်းသည်တွက်တာ၊ သက်သာဖို့ သတိုးညာရယ်၊
တစ်မျိုးရှာ ဖြေငြားတော့၊ ဖေတစ်မ၊ ယောင်
လယ်လယ်၊ လွမ်းစိတ်မပြယ်၊ အခြေဆန်းတဲ့ ဇွန်း
လယ်မှာ၊ ဖေ လွမ်းတကယ် အို ထူးပါပေ့လေး။
(အလွမ်းဖွဲ့)

နှုန်းဟန်ထင်ရှေမိုး

ရွာတော်ယောင်ရိပ်ပြလို့၊ ထိတ်လှုချည့် ဒေဝါ၊
စိတ်ရွှပ်အောင်ပွေလှာတယ်၊ ဆွေဝလာမာန်သွင်း။
ခုညိုလို့ ခု ဝါ တယ်၊ ပြာချင်ပြာ မှိုင်းမှန်တဲ့ရင်း။
ရှလုံက်ထိုင်း အဆန်းပိုတယ်၊ မ ရန်း လို အ ဆင်း၊
ခရမ်းညိုအင်းမှာ၊ နှုန်းတန့်တန့်ခြေယ်၊ ကာလပေါ်
ထိမ်မရန်းငယ်နှင့်၊ ပန်းထိပ်ဆန်း ဖျန်းလေတဲ့နယ်၊
ပန်းသန့်သန့်ကွက်ကျယ်မှာ၊ သက်တံသွယ်ရောစပ်တဲ့၊
လောကဓာတ်ပုဆိုးဆင်၊ မိုးသွန်းချက်ယဉ်၊ မျော်မိ
ထိုင်း ပန်းမရွှင်တယ်၊ နှန်းဟန်ဆင် ရွှေမိုးပလေး။
(မိုးဖွဲ့)

အညာတောင်သာဘူးကွယ်

ရှင်ဘိုမယ်တစ်သက်၊ မင်း ဆက် က ငါ၊ သွယ်
နှင်းမျက် စုလျှားခြယ်သည်၊ ထားတသွယ်ဥခိုး၊
ဝိဒေဟမယ်ဥစုံလို၊ ငယ်နုပုံ ပြောဖို့ထင်မိုး၊ သရေ
ခေတ် နေသာကိမှာ၊ ဘေခါရီတစ်ခန်း၊ ဝေသာလီ
ကြင့်နှင်းက၊ နန်းခြောက်ဆက်သာမာ၊ ကြက်တောင်ပျံ
ဝကုဋ္ဌပ်ကဲ့သို့၊ တစ်ခု လပ် ကောင်း လေ သည် တာ၊
သမုန်တ် လျောင်းလျာသည် ကြောင်းရာကို သူသိလို့၊
ယူမိသည်ရွှေစာစောင်၊ နှင်းမယ်ညာတောင်၊ တခုလပ်
မာယာနှောင်သည်၊ ကညာတောင် သာဘူးကွဲ့လေး။
(တခုလပ်မဲ့)

အသက်ပါဆက်မည်

အင်မတန် ဖူးချင်လှသူဖို့၊ ထူးတင်ရလျင်စွာ၊
ဥကင်သ သင်ခါဝယ်၊ ကြင်ပဏ္ဏာမမျှ၊ လျှပ်တစ်လက်
စက်မပျော်တယ်၊ မျက်နှာတော် ဖူးလို့ မဝ၊ ပွဲတော်
ချက် ချင်ရဲပြေဖို့၊ ထင်လွဲလရှည်စွ၊ ဘွင်သံခြေ
ကြည်မြလို့၊ မတည်ပဒုက္ခ၊ ငါးတစ်မြင် ရွှေ
ကျော့ကွင်းကဲ့သို့၊ လျော့မတင်း ဖြစ်ရသည်ဟန်၊
တော့သနင်း မကြံပါလျှင်၊ ကံသာပင် တရားလို့၊
နှစ်ပါးနတ်စက်တော်သာ၊ထိုးရတော့သာ၊ ဖျာ့ကွန်မ
တစ်မျက်နှာမှာ၊ အသက်ပါ ဆက်ပြီဖျာ့လေး။
(အနွံဖွဲ့)

လှော်ဦးရွှေ

ရွှေလေလေသရေတင့်၊ ကျူငွေပွင့်စန်းယုန်၊ ယင်
သရွှေ့ ကမ်းကုန်၊ နယ်ခြောက်တုံမရှိ၊အလှနှင့်အယဉ်၊
ကမ္ဘာစဉ် နောင်ထွန်းမယ့်မိ၊ သိကြားနှင့် ငြဟွာ၊
ရုပ်ပုံလွှာပြကတိ၊ လုံမမယ်စံတော်ညီစေဖို့၊ ပုံဆင်ရှိ
ကားစေ၊ နှတ်ငြဟွာ ချာချာရူးစေတော့၊ မ တူ ဘူး
ထင်လိုက်လှပေ၊ ကံထူးတဲ့ လှော်ဦးရွှေကို၊ စုတ် ထူး
တွေမင် မတူနိုင်ဘု၊မြင်ရသူ့ ဇောဘဝင်၊ မြောသေလု
ပင်၊ဂုဏ်ထူးတဲ့ကညာခင်လို့၊ ကမ္ဘာတွင်ရှိဖူးကွဲ့လေး။
(မယ်ဖွဲ့)

လှခေါင်ကျူး

ရွှေစကြာရတတ်နှင့်၊ မင်းမန္တာတ်ရာစေ၊ ဆင်း
ကြာနတ်မဟာဆွေလို့၊ ကမ္ဘာကြေမရ၊ ယဉ်အလှ
နှစ်ပါးဆောင်တယ်၊ဘုရားတောင်ဟောလောက်ပေစွ၊
ကောင်းကင်က စိန်ဥက္ကာငယ်၊ ပြုတ်လာပြီ ထင်ရ၊
ရုပ်သာကီမြင်ရမှ၊ ရင်မလို့ စုတ်ခေါ်။ ရွှေကုန်
အနန္တ၊ တဟန်ကြွတန်လောက်ကဲ့နှော်၊ စန္ဒရ လ
အပေါ်မှာ၊ နှစ်ဆကျော် ဝေရွှန်းလို့၊ ငွေဝန်းဖွဲ့ရွှေ
မျက်နှာ၊ သောင်းပြည့်နယ်သာ၊ သွန်းရုပ်ပုံမယုဉ်သာ
တယ်၊ မင်္ဂလာခေါင်ညွှန့်ပလေး။ (အလှဖွဲ့)

တစ်သက်မှဲရဲကြစို့

ရွှေနှုတ်က မြွက်မိရင်၊ တစ်သက်နှင့် တစ်ကိုယ်၊
အပျက်ကဖြင့် မဆိုတယ်၊ အညိုပုံမဖွင့်၊ ချစ်မယ်ပ
နှစ်တစ်ရာငယ်၊ နှံသစ္စာမြဲမည်အခွင့်၊ မုန်းစိတ်ဖြင့်
အရှင်းသိအောင်၊ ယွင်းမဖိအကျင့်၊ ရွှေနှင်းဆီ သင်

ဝွင့်စေတော့၊ တစ်သွင်ဖြင့် မကြံ၊ နှစ်ပါးသွေ ကျိန်ရေချုပ်ကယ်နှင့်၊ သွေမစုတ် ရဲစို့သက်ပန်၊ ရှောင်ထိမ်းမယ့် ဥဘောဉာဏ်ကို၊ မနောက် ထွေမသန်းပါဘူး၊ ကျိန်ချွေကျမ်း အဆူဆူ၊ ဖုန်းအပ်တော်မူ၊ မှန်ပနက်လို့ သက်သေထူမယ်၊ ငှက်ချွေငှဲလို့ အနှံ့ဝံ့ပါရဲ့လေး။ (သစ္စာဆားဖွဲ့)

ရက်ထကြာ

ချွေလိပ်ပြာနှစ်ဆူနီးရက်နဲ့၊ အယုကြီးခက်တာ၊ အပူမီးရက်ကြာအောင်၊ မျက်နှာသာမငွေ့ ရှိလျှင်ဖြင့် ဘုရားရှင်ကို၊ နားဝင်အောင် လျှောက်ကဲ့ယနေ့၊ ဝိပါက်ထင့် မကြံသာတယ်၊ ကံကြမ္မာလည်ချွေ့၊ သံသရာရှည်မြေ့လို့၊ မကြည်မွေ့နောက်သူ၊ ဥဒါရွက် မသွေထားရင်ဖြင့်၊ ငွေယားနှင့်အဖြစ်ပုံတူ၊ နေထားကျစနစ် ကို ယူသော်၊ ချစ် မ တူ လေခြင်းကြောင့်၊ ကွေကွင်းရ အားပျက်ကာ၊ များရက် လကြာ။ ယပက်လက် အကွာရာလို့၊ နှစ်ဖက်ပါကျင့်နဲ့ထင့်လေး။

(မှာတမ်းဖွဲ့)

တွေးကြံမော

ချွေဝက်ပျိုလည်ချွဲမှာ၊ သလဲနှင့်စီစီ၊ စားရမယ် မသတီတယ်၊ အဆီမို့နှမြော၊ ပစ်ရန်ကခက်လေတယ်၊ အထွေထွေ တွေးကြံရက်မော၊ ကြောက်ချစ်ရက် နှစ်ထပ်ပါကို၊ လပ်ရာကသူရော၊ ချွေမေတ္တာ ကြူသတောနှင့်၊ လောကဝတ်ထူးရှာ၊ ဖြစ်ထွေကို မယ်သနားပါဦ၊ ကြောက်အားတော်ပိုလှလို့ပါ၊ ဥကင်ဖွင့် ကနက်လွှာဝယ်၊ သက်တစ်ရာ ရှည်စေကြောင်းနှင့်၊ ဆုတောင်းကာ ပန်ရည် ရွယ်၊ စောမိရက်ကယ်၊ ချွေမေတ္တာ ကူမလှယ်တယ်၊ နီးမယ်ဆို ကြောက်ဆုံးပလေး၊

(အကြောက်ဖွဲ့)

တက္ကသိုလ် ခင်တစ်ပါး

ချွေသက်တော်သီသီ ချွေ့သူမို့၊ ပီပီမေ့ကြံတယ်၊ ဘယ်တော့မှ ကံနှစ်သွယ်၊ နီးနီးငိမယ်ထင်စား၊ ချွေသစ္စာ ညီမတူသည်၊ သီတဂုဖုန်းအသီသား၊ အစပျောက် ကာလဘာဏ်ကို၊ တကယ့်ဟန်ထင်မှား၊ မတဲ့အောင် အကြံများမတော့၊ အားမရတော်ရုံ။ တက္ကသိုလ် ခင်ရင် တစ်ပါးမှာ၊ သွင်တခြား ရှေးက ထက်စုံ၊ ဗလာပျက် ဇာတ်ပုံကို၊ ရယ်ရရုံဖန်သလို့၊ ဘယ် တော့ကမှ ၊ဇာတ်ကို ဆင်မယ်၊ ဖုန်းသီတတ်ဖွယ်၊ ပြီးကပျောက် မနီးလွယ်သည်၊ ခရီးသည် ခင်လေး ထင့်လေး၊

(သစ္စာပျက်ဖွဲ့)

အလွမ်းနှင့် အချမ်း

ချွေသစ္စာလှလှရွှင်ကြွ၊ တုံသဖွယ်းညောင်၊ ထုံသင်းမြတ် လွမ်းနှောင်တယ်၊ ကျွမ်းကြွေ ယောင် ခမန်း၊ ငိုစိတ်နှင့် ပျိုမိတ်လျှမှာ၊ တဆိတ်စာချွေးမှမချမ်း၊ သဉ္ဇာကြွေ ဇွေကတိညောင်မှာ၊ ဖြေဆည်အောင် ပင်ပန်း၊ ချွေလိပ်ပြာရစ်သန်းလို့၊ အချစ်ခန်းမကုန်၊ မြောက်လေလေ ပျောက်ပြေဆဲဟာမို့၊ နှောက်မွှေနဲ့ ရွေးကထက်ကြံ၊ အလွမ်းတော့ ရိုးလို့ ပုံတယ်၊ နှလုံးတုန် စင်ဝေးလို့၊ ခင်ခင်လေး ချွေမျက်နှာ၊ ချွေးမျှမသာ၊ တွေးဆလို့ ဆွေးစဖြာသည်၊ ပြေးကြာ ရှည်းဖျာ့လေး၊

(အဆွေးဖွဲ့)

ခေမာပွဲသို့

လွန်း ကြိုး လိမ် ရာ မိုက်မှာ၊ အပြာလိုက်မဆင်၊ မဟာကြိုက်နှန်းအစဉ်မှာ၊ ဆန်းအယဉ်ဆင်ကွဲ၊ ဝတ်လဲတော့ ငွေတွဲ့ဖြူကို၊ ဆွေမယ်လူ ဖုန်းဆင်ဖို့ပဲ၊ ဥပုသ်တော်သုံးယူသည်၊ နှလုံးမူစိတ်ထဲ၊ ဆုံးနိဗ္ဗူ စေနာစွဲပါလို့၊ ခေမာပွဲရောက်အောင်၊ ကန်တော့တင် ဒုမ္မာပိတ်၊ ငွေဇာမြို့ တ်သိုင်းဖွဲ့လို့ နောင်၊ လူထိုင်းစိတ်ပုတီးရောင်မယ်၊ ဆီမီးရောင်ရောဝင်းနှင့်၊ မကာဖျင်း အုန်းစိုင်ဖြူ၊ ရိုင်းတဲ့တူတူ၊ ကသိုဏ်းကျ အကျိုးယူမယ်၊ အရိုးဖြူပုတီးနှင့်လေး၊

(နိဗ္ဗိန္ဒဖွဲ့)

မင်းဆိုသမျှ ကွင်းချောင်မယ်

လက္ခဏာ ဟန်မကျချင်တော့၊ အနန္တခက်ထွေ၊ ကံမမှ အသက် ရှေမယ်၊ ကျမျက်ရေ ယိုဆင်း၊ တွေးမိတိုင်း စိတ်နာတယ်၊ မအိပ်တာ လေးညဉ့် အလင်း၊ ကာလကိုထောင်းချင်သည်၊ ကြောင်းအင်

နေ့ မချင်း၊ ကောင်းချင်သော် နံ့ ဖျင်းလို့၊ ခုံရင်း သို့ လှည့်မယ်၊ မချိလို့ ပေါ်တဲ့သွားကောင်၊ ရယ်သလား မေးကြလေတယ်။ စကားကြောင့် တရား ကွယ်၊ အ လာ့ ဝယ် ကုန် ခန်း လို့၊ တုံ့ နန်း မြင့် အဆောင်ဆောင်၊ ကင်းရလေအောင်၊ မင်းဆိုသမျှ ကွင်းချောင်မယ်၊ ထမင်းတောင် စာချင်တုံလေး။

(စိတ်နာမွဲ)

ရသေ့ ယောင်ဆောင်မည်

လူ့ ပြည်မှာခုနေရ၊ မှုပွေလှပါတယ်၊ သူ့ မေက အဆာကျယ်၊ သူ့ မောင်ဝယ်တခြား။ အစ်မတော် ကြိုးကိုင်သည်၊ မထိုးနိုင် ဝင်ပေါက်ကခြား။ ဝေပုလ္လ တောင်ယံမှာ၊ ရောင်စ လျှံ ပတ္တမြား၊ ထောင်ကုန်ကျ ဟန်ထားလို့၊ တန်စားငယ်မထီ၊ ဆယ်လှော်ရွေ့ ကေသွယ်လျော့ကို၊ ဘယ်တော့မှ နီးနိုင်ပါ့မည်၊ မယ်သီတာ ပတ်လည်မှာ၊ မတ်ဇာနည်ကာဆီးလို့၊ တစ်ကြိတည်း ဝင်နိုင်ငယ်ပေါင်၊ မင်းဒသမောင်၊ ချင်းခ ကတွေ့ရအောင်၊ ရသေ့ ယောင် ဆောင်ဦးမှလေး။

(မှာထမ်းဖွဲ့)

ရိုင်းတဲ့ကံ

လူ့ ဘုံမှာ ခုကြုံချက်လိုဖြင့်၊ စုံမက်ပေါင်ပြင်ပြင်၊ တစ်ရက်ကမှ မစက်ချင်တယ်၊ တစ်သက်တွင်ရွံဆုံး၊ နေ့ပြင်းလို့ သေမင်းထံကို၊ နွေချင်းပြန် လိုက်ချင် တော့ဖုန်း၊ သေတဲ့လို့ ခြွေသွဲယူသည်၊ ဆွေမယ့်လူ ပူတုံး၊ ဘဝ်မှာ မ ရွှင်ပြုံး နိုင် ဘူး၊ ရွှေနုလုံး နောက်တယ်၊ ဇမ္ဗူဒီမြေတစ်လျှောက်မှာ၊ ခြေထောက် လို့ရိုင်းတဲ့ကံယော်၊ခုလိုမျာသိမ်ငယ်ရင်၊ကြိမ်တစ်ဆယ် ပြန်ဆက်တော့၊ အသက်ကိုမြူတစ်ဆ၊ စိုးလန့်မချွန်၊ ဗောက်ထွင်းလို့ နောက်ငြင်းဆန်ပေါင်၊ ခေါက် ချင်းပြန် သေဝံ့ရဲ့လေး။

(ဆပူဖွဲ့)

ဌေးမကြင်မယ်

လော က ခံ ချောက် ချား လို့၊ ကြောက်ပါးလိ လူ့ ပြေ၊ နောက်ပွားမည့် ဥပဒေ၊ မှုအနေမကျ၊ လူ့ ဝာ လ ထင် ပေါ်၊ မြင် မြော် သူ နည်းတဲ့ကာလ၊ တကိတပ်မှာပညာ၊ ဆုတ်ကပ်မှာနေ့။ ခေတ်အလာ ဝိသမ၊ပြဟ္ဒ စိုရိုရ ပျောက်ကွယ်၊ ပညာရှင်မှန်ကတဲ့၊ မွဲရင်ဖြင့် မိုက်ရတော့မယ်၊ ငွေရှိမှ တင့်တယ်သည်၊ လူမမယ်ဦတိတ်မို့၊ ဒေါင်းနိုင်မှခုခါတွင်၊ လောက မျက်မြင်၊ ခင်ဂါးငွေးမှ ခင်လေးကြင်မယ်၊ ကချင်-ကရင် အို....ဖြစ်စေတော့လေး။

(ကဆိယုင်္ဂမွဲ)

လူတ်ဦမ်းခွာမယ်

လောကခံပြည်လေ့ ကို၊ သည် က နွေ သိမ်း မယ်၊ ကြည်မမွေ့ ကိန်းနယ်ကို၊ ဦမ်းလွယ်အောင်ကြံပေါ့၊ သူ တော် မြတ် ခန္တီ ဝါလို့၊ စိမ့်ကာယွန်းစို့ အသေ့၊ သခ်ါရဖြစ်ပျက်ခမှာင်ကို၊ နှစ်သက်ပေါင်တန်တော့၊ သစ်နက်ရောင်ဖန်ဝါပျော့နှင့်၊ ကန္တာကြော့ရိပ်လယ်၊ ခင်လေးမောင် စေနာထူးပါလို့၊ခေမာကူးကြည်လိုက် ပါတော့မယ်၊ သို့ပုက်လို့ ကိုယ်တွက်ရွယ်တယ်၊ ဖိုလ်မင်္ဂကယ်ရည်စူးလို့၊ ကြည်နူးတဲ့ ဘာဝနာ၊ပွားချင် တော့သာ၊ ဝဠ်ကိန်းနှင့် လွတ်ငြိမ်းခွာတယ်၊ဒွတ္တိ သာ ဓြချင်ပေါ့လေး။

(သံဇေဖွဲ့)

ဥာဏ်ပွေသူ

လောကခံ ဘုံလေ့ မှာ၊ ဂုဏ်သေ့ တဲ့ ဖအေ၊ ဥာဏ်အားဖြင့် လူ့ ပြေမှာ၊ ငွေနိုင်မှုပါဘဲ၊ သခ်ါရ တရားတော်ကို၊ မယ်ထောက် မြော်နိုင် ကြိတ်လို့ ခဲ၊ ခါးတော့ကာသူချီတယ်၊ ချီတော့ကို နုယ်ခဲ့၊ သမ္မာ တော် ငယ်နဲ့မှာ၊ ရယ်ပွဲကြီးဘုန်းကြွယ်၊ အလိုလို ကိုယ်တော်စားကို၊ မယ်သနားလိုက်ပါဘိတယ်၊ နေသူ ရိန်နန်းနွယ်ငယ်၊ မြို့ငရိပ်လယ်ဝင်ဆဲက၊ ယာဉ်ဆို့ တော် အမည်ခံ၊ ဖွားဖက်မောင်ဆန်၊ ကောင်းကာမှ နောက်စံတယ်၊မောဂ္ဂလာန် တူလွန်းလို့လေး။

(ဗောက်ပြန်မှုန့်)

မြိမသွေ

လယ်ပုစွန် ခေါင်းထွက်တော့၊ ပြောင်း ကွက် လို့ မသွေ၊ ငေါက်ငှက်က ခြေနှစ်ထွေ၊ ဒီရေက ချီအုန်း၊ ပင်ကသစ်လက်ပံကျူမှာ၊ အနှစ်ယူထားတော့ တန္ဒန်း၊ ထုံးနက်တော့ မုန်းကွက်ညာဏ်ကို၊ ဖုန်းသက်ရန် မသုံး၊ ရေမြွေမှာ ခြွေတွေ့အုန်းစေတော့၊ သွေမုန်းဖို့ မယူ၊ ရွှေပေဠင်နှစ်ခါသီးကာမှ၊ အခွာကြီးခွာလိုက်တော်မူ၊ ရေခဲတော့ ပွေနဲကူပေါင်၊ သွေလွဲသူဝင်္ကပို့၊တင်သမျှ မောင့်သစ္စာ၊ မြဲငံ့သေချာ၊ဘဂွကပ်ကမ္ဘာမှာ၊သံပုရာ ချီအုန်းတော့လေး။

(သစ္စာဆိုင်မွဲ)

မိုးအင့်ရဲ

ဝဇီရိန်လျှပ်ပန်းနှင့်၊ ပတ်သန်းလို့ ရှိန်ဖြာ၊ မြတ်မရန်း မှိန်ပြာပြာဝယ်၊ ထိန်ဝါဝါတစ်လွှဲ၊ ဆတ္တန်ရောင်အရောထင်သည်၊ အသွေးဆင်နှောနှောက်ပြန်ခဲ့၊ ဗဲထည်ကြေ့ ညီစွာစံလျှင်၊ အိတာလျှ ရောင်လဲ့၊ သည်ခါမှန်ညောင်မှိ့မှာ၊ နှောင်ခဲ့တဲ့ လွမ်းဗျာ၊ ဒုန္ဒုဘီဘောရီနှိုးပါလို့၊ ရွှေစည်မိုးချုန်းစွေလို့ ရွှာ၊ ဖန်လျက်က မှန်ရက်ချာပေါင်၊ ဟန်မျက်နှာစံကွန်းမှ၊ လွှမ်းနိုက်မို့ ဟန်မူတော်သုန်၊ နန်းဇာတိကြုံ၊ တရိရိ ကွေးကြေကုန်သည်၊ ရွှေအမွှေနံတင့်ရဲလှလေး။

(မိုးဖွဲ့)

လေးခင်နှင့်အတူ

ဝိဇယ နန်းနွယ်လျက်သို့၊ လမ်းသွယ်ပြ တည်၊ မှန်းရွယ်ဆ ဂန္ဓိဝ်ဆီမှာ၊ မဝိုင်မှီစဉ်က၊ ကုဝဏ္ဏယက္ခ မယ်ထို့၊ သက်မျက္ခယ် ခေတ္တခဏ၊ သည်က နောက်ညွန်းပွင့်သာလျှင်၊ ကျွန်းလက်ဒီပ၊ ထွန်းတင့်ရာ မဟိပလို့၊ တပြည်ကနွယ်တော်၊ ဘိသိက်ခံ တစ်ပါးနတ်ကို၊ စုလျားပတ် လက်ထပ်စံပျော်၊ နှစ်ပါးနတ် သန္ဓာန်မော်မှာ၊ ကံနှစ်ဖော်ဆင့်ခါမှ၊ ခွင့်သာစွာ အလိုနှစ်မှု၊ လေးခင်နှင့် အတူ၊ မွှေးငင်ပွင့်တင့်တဆူ ငယ်၊ ခွင့်တမူလွဲပါနှင့်လေး။

(သစ္စာထားဖွဲ့)

ရင်ငွေ့ကူစမ်းပါ

ဝိပါကဝဋ်ကြီးလို့၊ အထီးမဲ့မွှိုင်ပူ၊ မီးမထဲ့နိုင်သူကို၊ ဆိုင်ရာလူမမ၊ သင်းခွေချပ် ခွေးတွေ့တာလို့၊ ကွေး၍သာ ဖုန်းဖြင့်နေရ၊ ဝဲကျတဲ့ ဆိတ်ပမာလို့၊ အိပ်ရာမှာမထ၊ ထိတ်စရာဘဝမို့၊ အနိစ္စ မြည်ကာ၊ ဧည်းစိမ် ဂုဏ်တက်မဟာများနှင့်ဖြင့်၊ လက်ဖက်စား ဖြတ်သလောက်ကွာ၊ အထက်သွား ငှက်ဖျားနာလို့၊ ရက်များစွာ ထုန်ချမ်းလို့၊ ခြဲ့လွမ်းမယ့် သူမပြူ၊ အေးရတဲ့လူ၊ မေခင်ငွေ့လို့ ရင်ငွေ့ကူလျင်းခင်လေ့ ကိုယ့်လူ ကျန်ကောင်းတန်ငဲ့လေး၊ (စကေဖွဲ့)

ခုံးခေခင့်သီကွာ

ဝိသုဒ္ဓိမဂ်နန်းသို့၊ စက်ပန်းထောက်စိုးရန်၊ ထွက်လမ်းပေါက် ခြိုးခြံသည်၊ ဘိုးနှုတ်ဆပ်လို၊ ဝဋ္ဋဘဟ ဘဋ္ဌဝဝယ်၊ ရတနာ နွှန်းသို့တင့်ကဲ့၊ ငွေမုတ္တ နေခြည်ဖြာသည်၊ ရွှေလည်မှာ ဆင်မြဲ၊ ဒေဝီညာ တင်စွဲလို့၊ စဉ်မလွဲလဝါ၊ ပဋိဇာ မလွှင့်ပါးရ အောင်၊ ကျင့်တရား သုံးစောင့်သိကွာ၊ ရွှေသတို့ မြတ်ခမ္မာထို့၊ ဘာဝနာ ဆိုက်ပွားလို့၊ မဘုရား ကုသိုလ်တော်၊ ညွှန်းဟမြွက်ဖော်၊ မာလာဥကြာနု မော်ဝယ်၊ သာခုတော် ညွှန်းလိုက်ကဲ့လေး။ (စာဂီဖွဲ့)

မြကြဈိ

ဝက်ငယ်ပင် ကြက်နှယ် ဥစေတော့၊ ပျက်ကွယ်မှ မကြုံ၊ သက်လှယ်နု ကနက်စံကို၊ တသက်ပန်းထင်ရင်း၊ ချဉ်သီးတဲ့ မန်ကျည်းညီမှာ၊ ပင်ဆီးချို ဖြစ်တော့ မယွင်း၊ ရွှေရက္ခမာလကာမှာ၊ သမ္ဘရာချဉ်ကင်း၊ ဂန္ဓမာပင်ရင်းက၊ သင်မင်းပွင့်ဧ၊ ကြာပဒုံခွာင့် ဖူးစေတော့၊ ဟာသုန်ဘူးနန်းသာကီ့ဆွေ၊ သဖန်းက မရန်းကြွေတယ်၊ ပန်းသပြေ ခရေရောက်စေတော့၊ သွေမဖောက် တဆံမြူ၊ လွှဲဖြိမကူ၊ မြကြဈိ့ အချစ်တူလျှင်၊ သစ်မယူကြတမ်းပလေး။ (သစ္စာထိုင်ဖွဲ့)

မင်္ဂလမ်းချေမယ်

ဝတ်ကြောင်ကို လွှတ်အောင် ရုန်းပါလို့၊ ထွတ်ခေါင်ဖုန်းစံရာ၊ မင်္ဂလ်လို့ ယနေ့ ခွာမယ်၊ မမေ့ပါတရား၊ သခါရ ဖြစ်ပျက်ခုံကို၊ နှစ်သက်ပုံဝေးတဲ့ စိတ်ထား၊ တောင်ထူးတဲ့ ချောင်ဦးသာမှာ၊ နောင်ကူးရာမမှား၊ ဩဟ္မ စိုရိ ပို ပွားလို့၊ ထိုယ်တရား ကျင့်ညီ၊ ဖန်လျော်တေ ဝတ်လဲနှင့်၊ ကျွတ်ပွဲကို လှမ်းမည်ဝသီ၊ မောင်သင်တဲ့ လှနှင်းဆီငယ်၊ စိတ်တူညီ မယ်လွှတ်ပ၊ နောင်ကျွတ်ဖို့ တစ်ကိုယ်ရေ၊ မြန်းမယ်ပလေ၊ ကမ္မဋ္ဌာန်းနှင့် မင်္ဂလမ်းချေမယ်၊ စက်ခန်းရဝေစံရစ်ရှာတော့လေး။ (နိဗ္ဗ နွဲ့)

နိဗ္ဗာန်ထမ်း

သံသရာရေထဲမှာ၊ လှေဝဲကျသွင်လည်၊ သေဆဲပ ရွှင်ချည်ငယ်၊ အတည်တည်မမြဲ၊ ဘုံသုံးဆယ့်တစ်နယ်စီမှာ၊ အလီလီမွှန်းနစ်ကြဆဲ၊ သံယောဇဉ် ထပ်လှောင်သည်၊ ပတ်နှောင်ငယ်ချည်တွဲ၊ မပြေရက်နုံစိုဘိမို့၊ မြို့ငထဲကလွတ်ရာ၊ လှူ့ဘောဝ်မှာ ပျော်မမွေ့ချင်ဘူး၊ ဖော် မတွေ့ လှမ်းချင် တော့ သာ၊ မော် တဇ ကွေ့ကေဝလာမှာ၊ ဒေသစာကွန့်ပါလို့၊ မရွံ့တကိုယ်တန်း မြပေါ့ကေန်းဇွဲမလျှော့ရဲစိတ်သန့်တယ်၊ ပြည်နိဗ္ဗာန် လမ်းကိုတဲ့လေး၊ (နိဗ္ဗိနွဲ့)

ကုန်းဘောင်ဆက်ကဆာ

သဖန်းပြင်ရေ နွေဖြဒူ ငွေခရုလက်ဃာ၊ ဇေယျတု မြွက်ကာငဲယ်၊ စက်ပြတွာဒွန်စပါး၊ တောင်နန်းမ မဟေသီလို့၊ တစ်ခေဝီမူးတဲ့တုရား၊ ရွှေကမ္ဘာဗျာရိပ်စံ၊ တိသိက်ခံတစ်ပါး၊ ခွေမိတ်ရံဖော်အများ၊ လှထွတ် ထားကလျာ၊ သန်းခေါင်ယံခိုအလှံ့၊ ဆိုမကုန် ဗုံးတော် သမ္မာ၊ ပြည်ကပ္ပိယုံပမာလို၊ ယုန်စန္ဒာဖန်နေလ ကဲ့သို့၊ မန်းသိုက်ရအောင်နှက်သန်၊ ကုန်းဘောင်ဆက် မှန်၊ နတ်တစ်ခုမြတ်သမု သီဟာဗျိမှာ၊နီကာဉာဏ်ဆုံး နိုင်ဘုလေး။ (အန္တဲ့)

မွမြတ်သားသူ

သဘောတော်ကြီးကြမ့၊နီးရမယ့်တွက်တာ၊မီးမက ရမက်ဖြာသည်၊ ခက်သဟာမူလဲ၊ တကယ်တမ်း မယ်မှန်းကြံလျင်၊ ရွှေသန်းတန် ဘုန်းကူမှဘဲ၊ ယခု တော့ သမုညာယော်၊ ရွှစရာအနဲ၊ ကရုဏာမကွဲလို့၊ အကဲခတ် ခက်တယ်၊ ကွက်လယ်လယ် ဇာတ်စုံ ခင်းပါမှ၊ ကုန်အလင်း သိရပါတော့မယ်၊ ပြည်ဖုံး နှင့် ညဉ့်ဖယ်လျင်၊ အခွင့်ကွယ် ရည်မဆနိုင်ဘု၊ မကြည်မျှသည်က လူ၊ မီးမကပူး သိုင်းဝင်တဲ့ကညာ ဖြူကို၊ ကမ္ဘာဆူ ပူမီးထင့်လေး။ (အညူဲ့)

သီချင်မြို

သဘောတော်ကြီးကြမ့၊ နီးရမည်လှပါ၊ မီးမက ပူတာကို၊ သူမညာလေနဲ့ ၊ ရွှေမတ္တာ အထပ် ကြံလျင်၊ ခတ်မြန်မြန် ဖုန်းကယ်မှပဲ၊ သီကြမ့ဂ္ဂီဟ ထင်တယ်၊ ဝိဝါပင်မကွဲ၊ ညှိကြတာမမြဲလို့၊ အကဲ ခတ် ခက်တယ်၊ သည်ဇာတ်တော် ဘယ်ပုံခင်း မယ်လို့၊ ကုန်အလင်း သီချင်လှတယ်၊ လမင်းနှင့် ယုန်နှယ်လို့၊ စပြယ်ပြယ်မှန်မှာနှင့်၊ ပုံများဖြင့် အခက်ပို့၊ မီးစနက်ဖို့၊ နီးလျက်နှင့် မမြွက်လိုတယ်၊ နားရွက်လို ရွှေဝေးထင့်လေး။ (ဓယဖွဲ့)

မြို့ငြိုး

သူဆိုးရင် သည်ကညစ်ပ၊ သူသစ်ကသစ်မယ်၊ သူ ချစ်က အမြစ်တွယ်၊နှစ်မယ်ဆို နှစ်ချင်း၊ သူမုန်းက မပြုံးလို့၊ အဆုံးကို ချလို့ စိတ်သွင်း။ သူလျှော့က ကိုယ်လျှော့မယ်၊ သူထယ်လျှင် ထယ်ချင်း၊ သူ ဓကောက် လျှင်၊ အ ကောက် ကင်း ကာ စာ ရင်း နှဲ့ ကောက်မယ်၊ သူချီလျှင် ထန်းလျက်အိုးမှာ၊ ပွမ်း ထိုးလို့ ချလိုက်ပါတော့မယ်၊ သူရိုင်းလျှင် ပလိုင်း လွယ်မယ်၊ မေ့မယ်ဆို မေ့တမ်းပ၊ ရေဖျန်းလို့ ယူရအောင်၊ ကွမ်းစို့သက်နှောင်း၊ သုံးဆယ့်တစ် ဘုံပါ ပြောင်အောင်၊ လောင်မယ်ဆို လောင်ကြစို့ လေး။ (ဂုဏ်မြဲ့)

ကြောင်ဝံတဲ့လူ

သူပြောင်လျှင် ခေါင်ကွန်လို့၊ကြောင်ဝံတဲ့လူပါ၊ ရှောင်မချွေကျောက်သော်မာလျှင်၊ နောက်တော်ပါ သံချောင်း။ ပြောမယ်ပ ညီလွှယ်လျှင်၊ ရွှေဆီဝယ် ချက်တဲ့ ဖယောင်း၊ အိုးတော်က ပဲ့ ပိန်ပိန်၊ ခွဲ လိမ်လိမ်စဲလောင်း။ သူချီလျှင် ကြံချောင်းပ၊ဥာဏ် တစောင်းခါးမူ၊ တမာပင်ထိပ်ဖျားက၊ ကြက် ဟင်းခါး သီးနှိပ်တဲ့လူ၊ သူမဲက မှောင်ကူမယ်၊ သူပြုလျှင် ပြုချင်ပ၊ ကြင်ချင်း ကြင်မယ် ဆို၊ ကိုးဆလောက်ပို့ ၊ဆိုးကြစို့ တကယ်ဆိုလျှင်၊ ခေးပြဗိုလ်လုပ်နိုင်ငဲ့လေး။ (ဂုဏ်မြဲ့)

ဆင်မူခွဲနောင်း

သရကန်ဖန်ညီလို့ ဂေါ်ယာသို့အခို၊ ညချမ်းရိ နေညိုလျှံ၊ ရွှေပဟိုရိန်းတစောင်း၊ ဆော်လေးချက် အခါမှကို၊ လေးတော်သူ ဟန်ကြီးနှင့်ပျော်း၊ ပုလဲ ညွှန့် ကိုက်ပုံ၊ ထိုင်းကောင့်ရဲ့ ထည်ကောင်း၊ ဆင်တော် မူ ခွဲ့နောင်းမှာ၊ လဲ့ဖယောင်း သဏ္ဌာန်၊ နဂိုတော် ငွေဖူးကို၊ လေကြူးလို့ ဖွင့်လွှစ်ခဲ့ပြန်၊ မြင်ရသူ့မနော ယ်မှာ၊ ဧောင်းတန် ပြန်ငြိမ့်လို့ ၊ ကျောတောင်စိမ့် မှိုင်တွေဝေ၊ မောလောက်တဲ့မေ၊ ကြင်စမ်းပါ ကသစ် ဆွေရယ်၊ သပြေမှာဖွေကောင်းရဲ့လေး။ (မယ်ဖွဲ့)

ငွေခားနှင့်သတ်လှည့်ပါ

သေလုပြီ အသက်ကဲ့၊ နေထွက်နှင့်နေဝင်၊ လှငွေ ခက် သင်္ဘင်္ကို၊ ရွှေမျက်မြင် အနီး၊ နွှတ် ခွန်းရည် မကြူသာတယ်၊ပူဗျာပါသောကလောင်မီး၊ ဖြေတတ် ဖူး နေ နတ် ညာ၊ သေသတ်လာအပြီး၊ ရွှေ မြတ်လျှာ တသီးနှင့်၊ မနီးရပြင်ပြင်၊ ရေဆိုရင် မြေမပြားပါဘူး၊ ရွှေ ခေး နှင့် သတ် ပါ တင် တင်၊ လေလျားတဲ့ပပြား

ပင်လို့၊တစ်ပါးပြင် မနိုင်သူမို့၊ ငိုရတဲ့ ရွှေမျက်ရည်၊ သွေးဖြစ်ရုပြီ၊ နန်းစစ်ထဲ့ နေသာကိုရယ်၊ မသေမီ ကယ်ဦးဟု၎်လေး။ (အပူဖွဲ့)

ထွေးချင့်ပါဦး

သည်ပူဝန် ရှင်းတဲ့အောင်၊ ဆင်းခဲ့ပါ့ မြန်မြန်၊ ဝါသဝ ဖုန်းလျှ်ငယ်၊ မုန်းမာန်တော်ပိုပွား၊ လေး သူဇာ့ မြတ်သခင်ငယ်၊ နတ်သတင် ကျင်းခိုက်မို့လား၊ ဆွေးမှုနှင့်ဝေးသူကို၊ တွေးယူလို့ ချင့်စား၊ ရေးမမှု နေတာများကဖြင့်၊ ထွေပြားပေ့ ထိပ်တင်၊ နှိပ်စက် ညှက်ဖိစီး၊ မျက်နှာကြီးလိုက်ပါပေ့ ရှင်၊ ရောဝက် သခင်ငယ်၊ ရှမြင်တော်မူလာပဲနှင့်၊ ဗျာပွဲစည်စေဖန်၊ လေးခင့်ဖြစ်ဟန်၊သိကြားလို့ တံဆိပ်ခံလျှင်၊ မိဠာန်ရာ မြေ်မြပလေး။ (သိကြားတိုင်ဖွဲ့)

သုမ္မာပွဲ

သည်မေထုန် နယုန်ရက်မှာ၊ ကုန် ဓက်ရ သာကီ၊ ဘုံကနက် ဌာနီမှာ၊ ခါအရှည် စံတုန်း၊ သာလာယ နုမဟာမှာ၊သုဓမ္မာပွဲပလို့ နန်း၊ ဝိဋ္ဌကတ်မြတ်ဓမ္မာကို၊ ပြ ဿ နာ ပြု ထုန်း၊ နတ် ရွာ လို ရွှမဆုံးသာပ၊ ခြိမ့် အုန်း၍ ကြေညာ၊ ပြည်တော်သူ ဘုမြေမန်းတွင်မှ၊ လှုရွေဆွမ်း သသည့်ချိန်ခါ၊ အမတ ပြည် ဧမောကို၊ ရည်ဝေကာ ကြည်ဇောနှင့်၊ မြတ်ဘောဇဉ် အတည် တည်၊ ဆွင်းဆက်ခဲ့သည်၊ တွေးမိထိုင်း ဖိုဟိုက်ကြည် တယ်၊ ငိုလိုက်မည် ကြံဆဲပလေး။ (စာပြန်ပွဲဖွဲ့)

သစ္စာယာဂု

သည်ရှပ်နှာမ် သောင်တက်အောင်၊ ဆောင်ရွက်ပါ သခင်၊ နောင်လက်စဆက်ချင်သည်၊ သက်ရှင်လျှင် မသွဲ၊ အာဟာရ လှမ်းမဝင်တယ်၊ နန်းသဇင် ဖုန်းမကြောင့်ပဲ၊ ပြီးပါပေါ့ အသဲတုန်တယ်၊ မီးစာကုန်ဆီနဲ့၊ ခရီးဆုံ သည်ဝဲက၊ တွဲလှည့်ပါ့ မြည်၊ ဓာတ်မီးလောင်ကြွေလို့ ချုံးသည့်နှယ်၊ ရွှေနှလုံး နောက်လို့သာပြာ။ မေမုန်းလို့ ဖေဖုန်း နာတယ်၊ သေဆုံးတာမြင်ကောင်းဘု၊ အကြောင်း သင့် ဖန်ရစေ၊ အောက်မေ့ပေါ့လေ၊ ရွှေသစ္စာ ယာဂုရေကိုးအာယုရှေ့သွင်းလှည့်ပါ့လေး။ (အညုဖွဲ့)

ရှင်းလှည့်ပါ

သည်လူသည်ဘဝ၊ ရှင်မာဏနှိုင်၊ ကောဝိဠ ကြေ့ဒန်းမြို့ငံမှာ၊ ဝါဂွမ်းဆိုင်မတင်း။ သိကြားမင်း ကုမဂြော်တယ်၊အယူတော် လွဲရလေခြင်း။ ကိုယ်ရေး နှင့် ကိုယ်တာ၊ သွေဖယ်ကွာရှောင်ကွင်း။ လှ့ဘုံ တစ်ခါဆင်းလို့၊ ရှင်းလှည့်ပခုနေ့၌၊ လောကဓ တစ်ဖန်မျောချည်ပေါ့၊လံကဓော မောဟိုက်လို့ ပေါ်၊ ထောင်မျက်စိပီပီနေ့၌၊ မှန်သီတော် မူရောထင့်၊ တယ်တော့မှအိုပိုင်ပိုင်၊ ဖုန်းရွှေတော့နိုင်၊သည်လောက် တောင် အပျင်းနိုင်လျှင်၊ တံခွန်တိုင် သိကြားထင့် လေး။ (သိကြားတိုင်ဖွဲ့)

ဆောင်ခန်းတွင်ဓရဏ်တော့

သခ်ါရ ဖြစ်ပျက်ကို၊မနုစ်သက်ဓကန်၊ နိဗ္ဗာန် ရွှေ ဥာဏ်ကို၊ စိတ်တန်တန်ကြဲဆဲ။ ဦးဒွေ့ပေါ့ လူတို့ ဘောင်ကို၊ ပြုလို့ တောင်ကြည့်ချင်တော့ပဲ၊ သောက ကြောင့် တောရခိုမယ်၊ဓေါသကို အမြဲ၊ လောဘကို မစဲလို့၊ ငရဲကို ကြောက် တယ်။ ကေသီ ဓေဝီ နတ်ကယ်က၊ စေတီမှတ် ကိုးကွယ်ရစ်ကွယ်၊ရွှေညီလာ့ ပြာသာဒ် အလယ်မှာ၊ ဖြူပင်ယစ်ရစ်တော့၊ ဆံကျစ်နှင့် တစ်ကိုယ်ခွင်၊နန်းနှင့်မယှဉ်။ မောင်နမ်းတဲ့ အောင် ပန်းပင်ငယ်၊ ဆောင်ခန်းတွင် စံရစ်တော့လေး၊

(နိဗ္ဗာန်ဖွဲ့)

မမြဿောလောကဓ

သတ္တဝါမြင်သမျှငယ်တို့၊ သခ်ါရအနေ၊ ဖြစ်ကြက မသွေ၊ ပျက်ရာလေမယွဲန်း။ မြဲတဲ့ လောကဓ ကို၊ မြတ်ရွှေဥာဏ် သိရက်နဲ့ညွှန်း။ သို့ပါလျက်ကိုနေ့၌၊ မမြော်ခေါ်နေလွန်း၊ မြတ်ကြူဗျာ ရွှေခွန်းဖြင့်၊ တစ်ခွန်းမှမတည်း နိုင်သည်လို့ နှိပ်စက်ရင်၊ ခရဘက် ဖြစ်ပါတော့သည်၊ ရွှေသစ္စာချစ်ကြည်ကို၊ မတည်ရင် ဝဋ်ဟောင်းပ၊ သူမကောင်း ကြံရွေ့ရင်ကိုယ်မကောင်း ပင်၊ တွေ့ကြုံရ မျက်မြင်ကို၊ ဆင်ခြင်တော်မူကောင်း သင့်လေး။

(နိဗ္ဗာန်ဖွဲ့)

တန်ခိုးဈာန်လျှော့ပါဦး

သံယောဇဉ် မရှာသင့်ပြီဘု၊ သမ္ဘာရင့် ချိန်ပေ၊ ဖြဟ္မာမင်းဋ္ဌာန်ကြွလို့၊ မကြိမ်စေးယဉ်ရှား။ လောင်း တေမိကိုယ်တော်ကို၊ အလိုနော်စမ်းမှလေလား။ စိတ် ထားတော် မသိဖွယ်၊ ပရိယာယ်ပုံများ။ ဝိဒ္ဓာတယ် ယုံမှားနှင့်၊ တစ်ပါးသူ့ ထင်ဖွယ်၊ ဣသိသိန်စံခန်းသို့၊

မှန်နန်းသူ့ ကိန်းကြဲလိမ့်မယ်၊ သည်တော့မှ ရွှေနန်း နယ်မှာ၊ ရေချမ်းနှယ် ဘယာကင်းလို့၊ လေမင်း ဖြောင့်လို့မှန်၊ မေမယ့် ရေဆန်း၊ ကသိုက်းတော် တစ်မျိုးပန်တယ်၊ တန်ခိုးချာန် လျှော့အုန်းဖျာလေး။

(ဌာန်ဖြဲဖွဲ့)

နန်းရပ်ညာဏ်

သံသရာစက်ဝဲ၊လက်ခနဲသူ့မှာ၊ မျက်နှာလွဲပြုရှာ၊ ကရုဏာမပွား။ အိုချင့်ပ ဆိုသင့်ပါတယ်၊ ကိုယ်ပင့် တာ ကောင်း ရေ့ သ လား။ လူ ညိတ် မှ ကျွန်ုပ်ပြန်၊ သုဇီမာနဲ့စိတ်ထား။ ဖြူနိပ်ဟန်ရိပ်ပွား၊က၊ ထိတ်မလား ခြောက်ပြန်၊ ဘဝက အရပ်သား၊ဟာမို့၊ သတ်မလား ကြောက်ရတဲ့ ကံ၊ မှောက်သွားတဲ့ ယောကျ်ားမှန်၊ ထောက်ထားညာဏ်ချိန်ညှိလို့၊ ကလိမ်စိမ်ခြဲမ်းတန်တန်၊ ကန့်သတ်လို့ကြ၊ လမ်းဖြတ်ဖို့ စမ်းသပ် ပြန်တယ်၊ နန်းရပ်ညာဏ် လက်တန်းထင့်လေး၊

(မှးထမ်းဖွဲ့)

တူတူပုန်း

သံသရာဝင့်ထဲ၊ မကျွတ်ဘဲနေနေ၊ ဇွတ်ဆွဲလို့ တပေပေထယ်၊ သေပစေခင်ရဲ့၊ နိဗ္ဗာန်မြို့အမြိုက် ခွင်ကို၊ မလိုက်ချင်ရန်းကန်လို့ဖြဲ့၊ နှစ်ယောက်ထဲစီပါ မယ်၊ ကံနှစ်ဖြာနယ်လှဲ့။ သံသရာ အကျယ်ခွဲပါလို့၊ တလယ်လယ်မောင်မယ်၊ ဂင်္ဂါဝါ ဆူဆူဆုံးစေတော့၊ တူတူပုန်း ပုန်းဖို့သာရှယ်၊ တေဘုမ္မဝင့်နန်းလယ်မှာ၊ ကျွတ်တမ်းကွယ် စာမလိတ်ချင်ဘူ၊ အဝါဇိတ်မွှိုင်း မှောင့်ညစ်ပေ၊ ရိုင်းခေါင့်မြစ်စေ၊ နောက်ချန်၍ အပို့ နေမယ်၊ နှစ်ကိုယ်ရေစပ္ပါစမ်းချင်လို့ လေး၊

(အချစ်ဖွဲ့)

တယ်သူ့မှုန်ပေါင်

အနောက်ခန်း စကားနှင့်၊ တစ်ပါးက မက်ရှာ၊ သီကြားကို ဖျက်လာစေ၊ တစ်မျက်နှာမရှု၊ ငါရိန်း ရွှေတွဲ့ခံမယ်၊ သွေမယ့်ဟန် ဖုန်းဖြင့်မပြု၊ မနှပ်ဖူး ပြည်ဆိုပါစေ၊ ကြည်ညိုတာတစ်ခု၊ သည်လိုတာ အမှုကြောင့်၊ တယ်သူ့မှုန်ပေါင်၊ ထိုက်လာရင် သိုက်စာကျတယ်လို့၊ ကြိုက်တာပ ပြောရဲ့ပြောင် ပြောင်းလက်ဖက်ကောင်းစားရအောင်၊ အားပြဆောင် ပလောင်လင့်တာမို့၊ တဘောင်နှင့် သည်မှာထိုင်၊ စိုးအုံ့ပိုင်ပိုင်၊ ထိုးဘဝ ပေါက်နိုင်တယ်၊ တစ်လက်ထိုင် ကြည်ဆဲမို့လေး၊

(ဧနာဂ်ိုးဖွဲ့)

အခြေမမှန်သူ

အကျင့်တန့်ကွက်ဆန်းနှင့်၊ သရက်ကြမ်းခင်ခင်၊ နှစ်ဖက်လမ်းကြင်ချင်သည်၊ ကိုယ် ပြင် ပြင် ညှ အား။ ဇာတိတော် ခြေမမှန်တယ်၊ တောစော်နံပျောက်ကြ ရဲ့လား။ ခင်လေးတို့ စက်လှည့်ပုံ၊ မက်ကဲ့တဲ့ မမှား။ နက်တဲ့ပုံဟန်မျှားနှင့်၊ ပြုငြားပေသက်လှယ်။ အသွင်မှာ ချိပုံသွေးပါလို့၊ ကိုယ်ယုံဆေး တိုက်ပါနှင့်ကွယ်။ ဘန္ဓရသရက်နှယ်လို့၊ ရွက်ဖစွယ်ဟန်ပလို့၊ နှစ်ပြန်ကြွ နှင်နဂို၊ ကျောဘက်ကပို၊ တောဆန်လှ မစားလိုတယ်၊ ငွေသွားကို ကျိန်းပါပေါ့လေး။ (အကြေကောက်ဖွဲ့)

မဟာဆံသူ

အယဉ်နှင့်အလှ၊ ဘုရင်မတစ်ဆူ၊ တဒဂ်အမူကို၊ ရှုမြင်သူစိတ်ချုံး၊ နန်းဇာတိ ဥရွန်ဖြမှာ၊ ချိန်ကုဋေ သိန်းထိုက်တဲ့ပုန်း၊ ဝေဿန်မင်းမြတ်မဒ္ဒီလို့၊ ထပ် တစ်ညီပန်အုန်း၊ နတ်ပန်းချီစိတ်ဖွဲ့တဲ့၊ဟန်လုံးကျော့နဂို၊ ရှုမြင်သူဘဝင်ဆိုက်အောင်၊ တံခွန်စိုက်လှထက်လှပို့၊ ပြုံးဘဲ့လို့ တစ်ဆိတ်ချိရင်၊ အရိပ်ကိုရွှေဖြစ်ကဲ့၊ ကေရာင်မဟာဆံ၊ နန်းကြေ့ ရိပ် စံ၊ ကြင်ရလျင် အသေခံမယ်၊ နှစ်ပြေတန် ခင်လေးငဲ့လေး၊ (မယ်ဖွဲ့)

လွတ်ချင်ပြီ

အဝိဇ္ဇာမကုန်ကြ၊ ဘုံဘဝစက်ခွင်၊ သုညတ မရွင်မှာ၊ ဖက်မဝင်နိုင် ၍၊ ချမ်းသာခွင့် လှည့်မကြဲသည်၊ ဆယ့်တစ်ဘုံ မီးရှို့နံ့ကတ္တူ၊ ကြာရိပ်စံမယ်ခင်မှာ၊ ယော် စဉ်ကလေ့၊ နန္ဒာမူလိုက်ကွေ့၊ မြို့ငွေ့တဲ့ စိတ် ကျယ်၊ သံသရာညတ်ကွင်းက၊ လွတ်ကင်းအောင် စောမီပါတော့တယ်၊ ဥဒယထုံးနယ်ကို၊ ဖုန်းမေမယ် ဖြေကြားလို့၊ ဆွေတစ်ပါးဖောင်တော်စုံ၊ စီးလှည့် ခိုက်ကြုံ၊ ခင်လေးကိုဖြင့် စောမကုန်တယ်၊ မောပုံကို မြင်လွန်းလို့လေး၊

(သံယောဇဉ်ဖွဲ့)

နံ့သာဖြူကျောင်း

အ ဝိ ဇ္ဇာ ရှက် သန်း လို့၊ မဂ် လမ်း မ မှန်ယိ၊ ရွှေသက်တမ်းပျက်လွယ်အောင်၊ ရက်ကမ်းရွယ်စက်ဝဲ၊ အရင်ကဟန်မျှားကုန်တယ်၊ ကံထားပုံရွှေးကနှင့်လွဲ၊

ဆေတတ်တဲ့ ကပု ပ်ကောင်ငယ်၊ မဟုတ်ပေါင်အမြဲ၊ ခေတ်လေးဖြာလျှံ့ ဆဲမို့ ၊ခွတ်ခနဲကြောက်တယ်။ စိတ် မလူရိပ်ဖြူ နန်းငယ်က၊ နိဗ္ဗုဒြမ်း ဆောက်ပါတော့ မယ်၊ ရွှေမန်းတောင့်တောင်စွယ်မှာ၊ ချောင်ငယ်ငယ် ကွေ့ကောင်းက၊ ရွှေကျောင်းတော် နံ့သာဖြူ၊ မြန်းမယ့်အယူ။ ရိပ်ဖွားကြောင့် စိတ်များပူတယ်၊ ထီပ်ထားလူ ပုန်းချင်ပေါ့လေး။ (သံဝေဂဖွဲ့)

ညစ်ပတ်တော်မူလွန်းသူ

အသားတော် အရောင်ထွက်တာက၊ မှောင်နက်လို့ မဲညီ၊ ထောင်ထွက်နှင့်မကွဲလိုတယ်၊ သူရဲဆို ဇာတိ၊ ခံတွင်းကသာ ထုတ်ဖော်လျှင်၊ အာပုပ်စော် ထိုးလှ ပါတိ၊ သူ့ပါးစပ် အပြီးပေတယ်၊ သွားချီးထွေ အပြည့်၊ အနီးလေ လွန်မကြည့်ချင်ဘူး၊ ရှု စလီ ကြောက်ဖွယ်၊ ဘုတ်တစ္ဆေ ရုပ်ရေကျအောင်၊ ငြုတ် တွေက ပေါလိုက်လှတယ်၊ ကိုယ်နံ့ကခွေးသူငယ်လို၊ မွေးပေတယ် မသီပျို့အောင်ပ၊ ညီစို့စို့ လင်းတ စော်၊ နည်းတူရဲ့နော်၊ ဂျီးထူချက် ရှစ်ထပ်ကျော် အောင်၊ ညစ်ပတ်တော်မူလွန်းလှလေး။

(ညစ်ပတ်ဖွဲ့)

ပလီညာဏ်

အားထားကာ စောသမျှ၊ ကောရရုံအနေ၊ ခု လောကဘုံဗွေမှာ၊ကံခေတဲ့အကြောင်း၊တစ်ဖက်သတ် ကြင်မစုံသည်၊ ပြင်တစ်ဖုံ သူလွှဲလို့ စောင်း၊ ပူရသူ့ လက်မှီင်မှာ၊ မရှက်နိုင်ရှာတောင်း၊ စက်ရာမှာသာ လျော်င်းလို့၊ အောင်းမေ့တိုင်း ကြည်ပေါင်၊ ရုံပုသိမ် ခဝါပေးသလို၊ အထဲဆွေး ပေါ်ရုပ်သာဆောင်။ ပြုသမျှမမေ့ပေါင်၊ယနေ့တောင်ထင်သေးငဲ့၊ ခင်လေး တို့ ပလီညာဏ်၊ နည်းယူလောက်တန်၊နိသဘရည်း တစ်စောင်ခံသည်၊ မူမှန်မှန် ကူးချင်လှလေး။

(သစ္စာဗျက်ဖွဲ့)

နောင်ရိကွာပါဒေအောင်

အင်္ဂေဝ သုဝေဝ၊ ခုတွေးဆပြန်လှန်၊ ယခုလား နက်ဖြန်၊ရက်မှန်မှန်မသိ၊ အနိစ္စလက္ခဏာ၊ သန်ဘက် ခါ ဆုံးစမျှ်၊ လူ့အသက် ပုံပမာ၊ ပဒုမ္မာနေထိ၊ ကုန်မကြာ ကြွေရိလို့၊ ဓာတိပဋိသန္ဓေ၊ ဝဋ်ဒုက္ခ သံသာဝဲ၊ တနံစီပြစ်ပျက်သာဝွေ၊ နောင်ရိကွာ ပါလေအောင်၊ အဋ္ဌင်္ဂ သီလနှင့်၊ တစ်လ လေးရက် ဝယ်၊ မြပါတော့မယ်၊ ကျွန် နှစ်ဆယ့်ခြောက်ရက် ဝယ်၊ ငါးပါးကွယ် သီလနှင့်လေး။ (သံဝေဂဖွဲ့)

တူပေါင်းစို့

အဏ္ဏာဝါလေ ရေထု၊ ရွှေမေရွှကွန်းပါ၊ အနန္တ ညွှန်းတာငယ်၊ ကျွမ်းပြန်ကာ မှောက်အုန်း။ အဋ္ဌ ဌွေး ဇင်္ကေ နုရက်ရွာပါ၊ ဘဝဂ်ပါ ပျက်တော့မမုန်း၊ နှစ်ဆယ်သော ဩဟွာမှာ၊ ပြာသာဒ်ပါ ကြေပြန်း၊ အောက်ထပ် ရွာ ရေ လေ ဆုံး၊ နေအုန်းတော့မကွာ၊ ကိန်းပါဏာ သိန္ဓု၊ ဆဒၶသျှူ- ရောက်သောခါ၊ အန္တရဓာန်း ဖြိုတာလို၊ အခါခါ ပြိုအုန်းတော့၊ မမုန်းပေါင် စိတ်မကျွဲ့ိုင်၊ ယိမ်း၍မယိုင်၊ နိဗ္ဗာန်က ကူးပို့နိုင်အောင်၊ ပြုးမြို့ထိုင် တူပေါင်းစို့လေး။

(သစ္စာဆားဖွဲ့)

ကေဝစ်နဂိုဉာဏ်

အဏ္ဏဝါ လှိုင်းဂယက်လိုပ၊ ကသိဏ်းကွက် ထင်အောင်။ လာလိုက်တဲ့ စာစောင်ငယ်၊ ဖောင်ပေ ရဲ့စကား၊ လေပုပ်လို့ ခွေထုတ်ပြန်တယ်၊ ဝေဒုစ် ဉာဏ်လွှင့်လှချည်လား၊ ဖွတ်အောင်းတဲ့ ခြတောင် ရယ်၊ မြင်းမိုရ်ယောင် ဝါကြား။ သင်းလိုကောင် ပါမှားကို၊ လွှားလိုက်မယ် ရွှေကိုယ်၊ နဂိုဉာဏ် ကေဝုစ်ပါဝဲ၊ ပွေအရွှပ်ပြောဘုအပို၊ လေဖျောက် လို့ မှောင်ခိုတယ်၊ တောင်ပြိုတာ ဘယ်သို့လို့၊ နောင်ဖြိုပ ထင်အမြင်၊ သီလမံ့အစဉ်၊ ဖွတ်အောင်းတဲ့ တောင်ရှင်ငယ်၊ မှောင်ချင်လျှင် မှောင်စမ်းတော့ လေး။

(ဇာပြိုင်ဖွဲ့)

နှစ်ကိုယ်တွေမှ ရွာပါ

အမျှန္နာ ဝဠာဟ ရယ်က၊ အာဏာပြ ပြင်းထန်၊ ဝါသာပ တင်းပြန်တယ်၊ မင်းဆဲတဲ့ရွှေမိုး၊ကိုးခွင်ပိတ် ပြာမှန်တယ်၊ ရာဇဂုဏ် ခြိမ်းသံနှင့်ကြိုး၊ မကြည်သူ့ တစ်ကိုယ်ရေကို၊အိုသေစေမှုပျိုး၊ ဆိုလေလေ သူထိုး လို့၊ဆိုးပါနှင့်နတ်ဆွေးမစုံသူ ဖော်နှင့်ဝေးခိုက်မို့၊ မြော်တွေးလို့ ဆိုင်းငံ့ပါလေ။ ပန်းသတဲ့ သဉ်ညောင်ငွေမှာ၊ ခင်မောင်မေ နှစ်ကိုယ်တွေ့ခါမှ၊ ပိုသရွေ့ ရက်ပြန်တစ်ရာ၊ ချန်းသွန်လို့ ရွာ၊ မှန်းပါတဲ့ မိုးဝဠာရယ်၊ ကိုးကမ္ဘာ ငွေဦးတော့ လေး။

(မိုးဖွဲ့)

အပျိုရှုံး

အိုတယ်သာဆိုရ၊အပျိုကရွံးပြန်၊ နဂိုလှသုံးပန်လို့၊ ထုံးစံတော်ခလေ့။ ကညာများ မူဆိုတာတောင်၊ သလိုဟာ ပုန်းဖြင့်မတွေ့၊ ဇမ္ဗျဒီနယ်အကုန်၊ကညာစုံခို့၍။ နှစ်ပြာလွန်ကိုယ်တွေ့ပ၊ ပျိုကလေးနှင့်။ ရွှင်ဘို့မယ်ထားသက်နှင်း၊ငါးဆက်မင်း မြွောက်သည့်ပုံလို့၊ မျက်လုံးတော် ကြည်သာချိသည်၊ ရီတာလို့ ထင်လွန်းလို့၊ ကြင်ဦးနှင်းဘွဲ့ ရွှေမေတ္တာ၊ ဖျန်းသင့်လောက်ပါ။ ကျန်းကန်ထွက် စာညီညာသည်၊ ကာလီဒါ ငေးလောက်တဲ့လေး။

(တခုလပ်ဖွဲ့)

တစ်ဖက်သတ်စေတနာ

အောင်မအောင် ရိပ်ရောင် သိပါဘို့၊ မောင် ချစ်တီးအိုးစည်၊ သာဘက်က သူမြည်တယ်၊ ကြံစည်တော်နိုင်ပေ့ ၊ တစ်ဖက်လှည့်စေတနာကို၊ ဆွေမဟာ တွေ့ကြုံရရွှေ့ ၊ ကံ မှေး တဲ့ ခေတ်ဆိုမှာ၊ ချစ်မည်သွေလေ့ ၊ သည်ဆွေလို ပွေခေါင်ကြွေ့ကို၊ နောင် တွေ့ ရင် ကွင်း မယ်၊ ခေါင်း ယာဉ် ပျို့ ဘုံနေးမှာ၊စာရေးလို့ ထားချင်လှတယ်၊ ကပ္ပဋ္ဌေါးသွယ်မှာ၊ တစ် ပါး မယ် ဆူလိုက်လို့ ၊ ပူ ခိုက် ကို သူသုန်မှန်းအေးမှရိပ်လှံ၊ ဘဝထိုင်းသည်ပုံလို့၊ နောင် ကြုံမယ် ကြောက်ဆုံးပလေး၊ (သစ္စာမျက်ဖွဲ့)

ဝေးကခွာ

ဤကာယေရီးအစု၊ ပိုးအထုခွစ်ဆယ်၊ ဆိုးသမှဉစ်တွယ်၊ ချစ်စဖွယ်မကောင်း၊တစ်နေ့ထက် တစ်နေ့အို၊ တရွေ့ ကို တောမျောက်အလောင်း၊ သေမင်းက မညှာယူလျှင်၊ ခ နွာ မူ ရပ်ဟောင်း။ မကြာထူ

ပုပ်လှောင်းလို့ ထုတ်ခနောင်းသဖွယ်၊ ချစ်တဲ့ သူ ကွေကွင်း၊ သေမင်းက ခွဲပါလိမ့်မယ်၊ မျက်နှာသုတ် လက်ဖုပ်ကွယ်သည်၊ စက် ဆုပ် ဖွယ် ရှောင် ရှားလို့၊ နောင် များ ကဲ့ ပ မာ၊ ဝေး က ပယ် ခွာ၊ တရားနှင့် အသားရှာလျှင်၊ အလကားဟာ ကောင်ပုပ်ပလေး၊

(သံဝေဂဖွဲ့)

တပေါင်းမိန်ခါ

မြသွေးအခံ ပင်ယံတိမ်းမှာ၊ ရွှေလိမ်းပြန်ကြဂုဏ်တပြိုင်၊ သွေယိုမ်းဟန်ပြ ပုံအကိုင်ငယ်၊ လေသိမ်းမခိုင် ကြွေစလှု၊ မရီတစ်ခါ ရီတစ်ခါငယ်၊ ပလီပလာညီမင်းလွင်ကစု၊ ကြိုင်ကြိုင်သင်းပျံ့ အင်ကြင်းချိသည်၊ ပင်မင်းရွှေဖီခါရထု၊ ပြင်ကွင်းပြီပြီ လောင်စာနှင့်၊ တောင်ယာအပြု ခေတ်တစ်ပုံ၊ ပုလဲရောင်ဝေသောင် ဇွေ့ မေ့ မှာ၊ အောင် ဆွေ မယ် ကြေ့ဂွက်ပေါင်းညီလာစုံ၊ ဖြေမရဲပ ကြေကွဲကြုံအောင်၊ ငွေသဲစိန်မှုန် စေတီဆင့်လို့ ဘရဂု နှင့် ယုန်ပွင့်ချိန်ဘာ၊ မိန်ဦးသာတင့်စွာ၊ ထေရ်ကာဥုဒါ ကြောက်ဖွယ်လျာငယ်၊ ခြောက်ဆယ် ဂါထာ သီကုံး ပေရလေး။

(ရှစ်ဆယ်ပေါ်ထေးထပ်ဆုသီဖွဲ့)

သူ့ဂိုက်းသင့်မယ်

မပြုမပြင်ပင်ကိုယ်လှ၊ယဉ်ဆိုသမျှ ယဉ်ထက်ယဉ်၊ ယဉ် မျိုး စု တဲ့ ကြေ့ သူ ခင် ရယ်၊ ရွှေ ဖေ့ ရုပ်သွင် စိတစိန္နန်း။ တုမန္ဒိုင်းနှင့် လူ့ထိုင်းလယ်မှာ၊ သူ့ဂိုက်းသင့်မယ် ဆိုလောက်ပေ ဇ့်ပုန်း။ ရွှေရင် မောက်နှင့် ခြောက် ပြစ် စင်၊ နှစ် ယောက် မ မြင်ပြိုင်လျင်ရှုံး၊ ပြုပုံ မှုပုံ မတူတုန်းမို့ ၊ သူတနိုဂုံးချုပ်လို့ ယဉ်၊ သားနုပျိုပျို ကိုယ်တန်ခွန်နှင့်၊ဆိုရန်စာဖွဲ့ မဆုံးနိုင်သည်ပင်၊ မေတ္တာရောက်လို့ မြွောက်တယ် ထင်ရင်၊ မျက်မှောက်မျက်မြင်ရှလိုက်စမ်းကြ၊ယဉ်ပန်းယဉ်လှ ယဉ်မြေကနိုင်၊ ယဉ်မျိုးသူကလိုင်၊ တန်ခိုးတွေ့မို့ မေ့လို့မှိုင်တယ်၊ မတွေးတဲ့နိုင် သေဇောင်လို့လေး၊ နတ်ပြည်ခြောက်သို့ အရောက်ကျော်တယ်၊ သူ ဇာ လေး ဖော် မီ ဘူး ဆိုစို့ လေး၊ ရှင်သိကြားမှထင်စားမျော်တယ်၊နန်းအထောက်တော်ထောက်ဦးမယ်တဲ့ လေး၊

(ရှစ်ဆယ်ပေါ်ထေးထပ်အထွဲဖွဲ့)


မော်ကွန်းမျာ:

မေဝ်ကွန်းများ

ရတနာနှစ်ဘဲ့ မေဝ်ကွန်း

၁၊ ချိုးလေ့ ကျက်သရေ၊ တက်ပြိုးဝေစိမ့်၊ ရေ
ဌန္ဒနီ၊ သိန်တည်လျင်၊ နုနစ်လီဆင့်၊ ဝန်း၍ မြင့်သည်၊
မြေပြင့်ဗိမာန်၊ သွဏ္ဍာယန်ထက်၊ ဝေ ယန် သာ စွ၊
ထာဝရလည်း၊ မာဃဲကုသိုလ်၊ ကံနဂိုရ်ပြင့်၊ အလို
ပြီးမြောက်၊ ဘုံကြီးပေါက်သို့၊ မိုးအောက်မျက်နှာ၊
စက္ကဝါကို၊ လက်ယာတုံ့ ခတ်၊ တန်ခိုး လွှတ် သား၊
ရန်ပြုတ်လွှင့်မှန်း၊ တို့ခွင်ဘုန်းကြောင့်၊ အနှန်းမစံ၊
သပြေယံဝယ်၊ ဝေလျှ ညီးလျက်၊ ရာထီးချက်တို့၊
မုံလျက်ရိပန်း၊ လက်မှဲသွန်းသား၊ မန္တလေး ညွှင့်၊
မြေအဝွန့်ထက်၊ ရွှေခွန့်အလာ၊ ဗျာဒိတ်မှာနှင့်၊ မဟာ
ပနာဒ၊ သမ္မာရကြောင့်၊ မြေမှထွားမြောက်၊ ဖွား
ဖွား ပေါက်သား၊ မြားထောက်တထောင်၊ နန်း
ရွှေတောင်သို့၊ ပြောင်ပြောင်ဝင်းဝါ၊ လင်းလင်းဖြာမျှ၊
ရတနာပုံ၊ နန်းနိတုံ့ကို၊ အမုံရင့်သန်၊ ရွှေဘုန်းဖန်သော်၊
ဘုမ္မလွှာလာ၊ ဒေဝါရွှေညီ၊ ကေဝိန့်၊ မြေမဟီဆုံး၊
သစ်သစ်ကြုံး၍၊ ခေတ်လုံးညွှတ် ယိုင်၊ ခြိမ့်ခြိမ့်အိုင်သည်၊
သံပြိုင်ဇေတု ကောင်းချီးတည်း။

၂၊ တစ်ကမ္ဘာလျင်၊ မဟာဗြဟ္မာ၊ လျှာကုဋေဖြင့်၊
ဆန်းနေဂိုဏ်းညီ၊ ဂါထာစီ၍၊ ကြူး ချီ မြွက်ဖော်၊
ဆိုလည်သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊
ဝေဖန်ချီးမွှော်က်၊ ပြီးမရောက်လိမ့်၊ မြကျောက်ခါး
ပန်း၊ စက်နရန်းပြင့်၊ ဝန်း၍ရစ်ငုတ်၊ မြစ်သမုဒ်ကို၊
ချုတ်ချုတ်နှောက်နည်၊ ပတ်ခေါက်လည်သည်၊ မန်း
ပြည်တည်ထောင်၊ တေးရန်အောင်ကား၊ စက်ရောင်
ရွှန်းတ်၊ ဥက္ကာမုခ်နှင့်၊ ဝိသုဒ္ဓစစ်၊ ထောင်ခြည်ရစ်
သည်၊ နေမြစ်မန္နာတ်၊ ကုန်းဘောင်နတ်၏၊ မြစ်မြတ်
ဇနီန်၊ နွယ်သမ္ဘီန်တိ၊ ထိန်ထိန်ဇေတေ၁်၊ သပြေ
ကျော်သည်၊ ဘိုးတော်ရန် ဂျီး၊ ၎မည်းစက္ကဝတ်၊
နောင်စောထွတ်သို့၊ တမွတ်မင်္ဂလာ၊ ပြည်အင်္ဂါခုင့်၊
ဧယျာအဝ၊ အမရဝယ်၊ မြန်မာ့သရဖူ၊ ကြင့်နိုး
ထူ၍၊ မန်းဘူမဟိန်၊ ရေခဲချိန်သည်၊ နာဂိန်ဥက္ကင်
တောင်ကြီးတည်း။

၃၊ ဘဝန္တဂူ၊ သယမ္ဘူလျှင်၊ နှစ်ဆူစကြာ၊ ဒေသ
စာဖြင့်၊ သုနာပရန်၊ နက်သန်ဌာနီ၊ တမွဒီသို့၊
ပါရမီနှ၊ ဝေနေစုကို၊ မျော်ရွှေရွှယ်ရည်၊ ရွှတ်အုံလည်
သော်၊ မြန် ပြည် အ ခေါင်၊ မန်း ရွှေတောင် ဝယ်၊
လရောင်စက်ဝါ၊ လက္ခဏာနှင့်၊ မျက်နှာ ကြည်မြွ၊
ရွှန်းရွှန်းပသည်၊ စန္ဒမုက္ခီ၊ နတ်နာရီလျင်၊ သီဂီဠ်းသစ်၊
ဇမ္ဗူရစ်သို့၊ ကျစ်လျစ်ဖွံ့ထွား၊ ရင်ညှံသားထို၊ တရား
ညွတ်ခူး၊ ပန်းနှယ်ခူး၍၊ ကျေးဇူးလေးနက်၊ လွှဝါန်း
ဆက်သော်၊ ရွှေဌက်ကရဝီက်၊ တောင်လုံးညိတ်မျှ၊
ထိတ်ထိတ်သဟန်၊ ရင်ကတွန်သို့၊ ဆင်းကြန့်အင်ည်၊
မယ်ဒေဝီအား၊ ဝစီနက်တံ၊ ဗျာဒိတ်သံဖြင့်၊ တောင်ယံ
နီးနိမ့်၊ ဖြိုးဖြိုးသိမ့်သည်၊ ငြိမ့်ငြိမ့်ပဲ့တင် ခတ်တီး
တည်း။

၄၊ ဒီပလင်္ဂာ၊ သုဓမ္မာနှင့်၊ ခေတ္တရာစ်၊ ပုဂံ
ထောင်တည်၊ ဝရွှေပြည်၌၊ မြိုက်ရည်ဓမ္မစက်၊ ငါနှတ်
နက်လျင်၊ မွန်းချက်သူရိန်၊ ထွန်းခဲ့ထိန်ပြီ၊ အာလိန်ဒွေ
ညွတ်၊ သိန္ဒေထွတ်သို့၊ ဝင်သတ်ရောင်၊ မြခိုးမှောင်
သည်၊ မန်းတောင်သမိုက်၊ မြေမကိုင့်ထက်၊လွှ.ရိုက်
သာသနာ၊ နှစ်ထောင်သာ၍၊ ငါးရာခွန်ရှည်၊ အညွှန့်
စည်သော်၊ ဤသည့်နတ်နယ်၊ ကလျာငယ်လျင်၊ နယ်
ဇမ္ဗူပြင်၊ ရနံမာနှံနှင့်၍၊ အိမ်ရှင်စည်ကြီး၊ အလိုတီး
လိမ့်၊ ခွဲချီးကြော်ကြွေး၊ နှစ်ထောင်ရွှေထိ၊ လေးရာ
အစ၊ ထွန်းသည်ကပင်၊ ဧယျတေဇ၊ နေလရောင်ခြည်၊
မန်းတောင်တည်သား၊ ကြည်သရာနံ၊ စက်ပျံစီးလွှတ်၊
လောကဓာတ်ကို၊ ဆုံးဖြတ်ဆောင်နိုး၊ ကုန်းဘောင်
ရိုးလျှင်၊ တန်ခိုးပြည့်စုံ၊ ထိုက်လုံးခြဲ၍၊ ရွှေဘုံရတနာ၊
ပြည်အောင်ချာထို၊ နိမ္မာနတ်တူ၊ တည်အံ့ဟူသည်၊
ရွှဆူရိပ်ကြာ ညီးညီးတည်း။

၅၊ ဇမ္ဗူမန်းမွေ၊ ပြဋ္ဌာန်းမြေထက်၊ နွတ်ရွှေမှာ
ထိုင်း၊ ဗျာကရိဏ်းနှင့်၊ နန်းပိုင်းသိုက်လျော်၊ အကြိုက်

တော်သော်၊ တေဇော်၀ရဓိန်၊ စက်နှယ်ထိန်သည်၊ ပြည်သိခံဧကေတ်၊ ဘူမရာဇ်ဝယ်၊ ထီးသစ်နန်းဦး၊ စိုးမှူးပိုင်နင်း၊ အလောင်းမင်း၏၊ မြစ်ရင်းတော်မြတ်၊ လောကနတ်လျှင်၊ တုံထွတ်အမရ၊ နန်းဌာနထက်၊စတုတ္ထရွှေအိမ်၊မာန်နိမ်တားဖျင်၊စပွာယ်စဉ်တည်းစျာန်ယာဉ်မိုးယံ၊နတ်စိုးစံသည်၊ သဟံပြဟ္မာ၊ အရိယာနှင့်၊ ကာမာတနှီ၊မြင်းမိုရ်မကိုင့်၊မဟာရိုက်တို့၊သိုက်လည်းအမြတ်၊ ဓာတ်လည်းအကျော်၊ စနည်းတော်လည်း၊ အဟော်၀တာ၊ မွန်ရှည်စွာဖြင့်၊ အလာတည်၊ အခါကြိကား၊ ပါရမီသခင်၊နတ်ရှင်ဘုန်းခေါင်၊ မန်းရွေတောင်၀ယ်၊ နန်းဆောင်ဗိမာန်၊ တည်ချိန်တန်သည်၊ မှန်ပြိဿုတရား၊ မန်းညာဖျားသို့၊ ဖ၀ါးစက်လျှံ၊ ကြာချက်ခံ၍၊ ယာဉ် ပျံ စွင့် စွင့်၊ စီး စ ဓာင့် ဟု၊ ချီး ပင့် နှတ် ချီ၊ ကြင်းဆိုသည်၊ နဂိုရိတည်အံ့ချိန်နီးတည်း။

၆၊ သာသနာလျှင်၊ သုံးဆူဖြိုးသစ်၊ ကိုးဆယ့်ရှစ်တည်း၊ အနှစ် နှစ်ထောင်၊ နေ နှယ် ပြောင် သော်၊ မြရောင်ရွှန်းဝေ၊ ကျွန်းသပြေထက်၊ ဝေဒီသမျိုး၊ နေကရိုးသည်၊ သတိုးပဝရ၊ အသောကတို့၊ အမရ သာစည်၊ တေးတော်ပြည်ဘယ်၊ ၀ါးမည်ကိုယ်အမ်း၊ လက်နက်စွမ်းဖြင့်၊ နုတဲ့ဖမ်းနိုပ်နှံ၊ ရိပ်ရိပ်ပျံသည်၊ မှင်တံ၀ေသီ၊ ကေသရီလျှင်၊ လည်ချိုလှန်ဟောက်၊ ခုစောင့်ရှောက်သား၊ ရန်ထောင့်နှင်ဟန်၊ ပလွင် ပြန့်ထက်၊ စင်သန့်ဖြူနှစ်၊ ပင်လယ်ဖြစ်သည်၊ ညာရစ်ငွေရောင်၊ ခ ရူ ချောင် ဖြင့်၊ သျော်ငကေ တု မာ၊ ရတနာကို၊ ဂဂိါနဝတတ်၊ သုန်သုန်ဆွတ်၍၊ ဘုံထွတ်ဥကင်၊ မု ဒ္ဓါ ယင် သော်၊ ကောင်း ကင် မြေ ရော၊ လေအဆုံးရောက်၊ ချွန်းချွန်းပေါက်မျှ၊ ဘုန်းခြောက်ပါးရှင်၊ရွှေပလွင်၀ယ်၊အောင်မြင်သစ္စာ၊ ပွင့်ဆဲခါသို့၊ ငြဟ္မာသံပီ၊ သာခုဂိုဖြင့်၊ ထိပ်ဆီစုံလင်၊ လက်မုံ ပွင့်သည်၊ တို့ရှင့်ဘုန်းရောင် နေမီးတည်း။

၇၊ ရာဇဗျူဟာ၊ ဘီသေကာဟု၊မင်္ဂလာမျှို့ကြီး၊ အောင်ပွဲပြီးသော်၊ ဝဲဗွဲပျံ့ရှား၊ အဝှန့်ကြားသား၊ ပြုတားချေင်၊ စံနည်းသံကို၊ ကံပါရမီ၊ ဉာဏ်ဂန္ဓိ ဖြင့်၊ လီလီဆယ်ဆယ်၊ ရှာရွေးချယ်လျက်၊ အုံဖွယ်အလွန်၊ ဤတောင်မွန်၌၊ ဗိမာန်ပြန့်ပြော၊ တည်အံ့သောဟု၊ ဩရောကဗိ၊ မတ်ဉာဏ်ရှိနှင့်၊ ပွတိဟာသ၊ တကွဂါးပုံ၊ နှတ်ဝယ်ငုံသည်၊ အင်စုံပဏ္ဍိတ်၊ ပုရောဟိတ်တို့၊ သန့်ဌာန်နှုတ်၊ ဒေ၀သုတ်လည်း၊ ဇုပ်ယုဂ်ဇာပြီ၊ လိုတော်ညီသော်၊ တောင်ဂီရီထူး၊ မြေများမွှေးထက်၊ နန်းဦးတည်ရန်၊ ဘူနက်သန်ကို၊ ကောင်းကြန်လှစ်ဖွေ့၊ စံနစ်လေဟု၊ မိန့်ကွေတော်ခွန်း၊ ညွှန်းပြဋ္ဌာန်းသည်၊ ပို့မွန်းနာဖွယ် မပြီးတည်း။

၈၊ ထိုအခါဝယ်၊ ဣန္ဒာဘုန်းလျှံ၊ ဝိသုကံနှင့်၊ ဗိသမ္မတော၊ပရမေသူရိန်၊သီဝိန္ဒရာဇ်၊နတ်စစ်တေဇော်၊ အာနုဘော်ကြောင့်၊ မတ်ကျော်ကဝိန်၊ သုခမိန်တို့၊ ကာယိန္ဒြေ၊ ကိုယ်တွင်းနေလျက်၊ မြေကိုဘဏ်လှစ်၊ ဖန်စနစ်သော်၊ ကြန်ရှစ်အင်္ဂါ၊ ပထဗျာ၀ယ်၊ သဘာ၀ထွေ၊ သဏ္ဌာနနှင့်၊ မမျှ နိမ့်မြင့်၊ သစ်ပင့်အနေ၊ မြေစာရဟန်၊ ကုန်းစွန်ကျင်းဝှမ်း၊ ရေစမ်းနှီးငံးညှိ၊ ရေရှိရေတည်၊ အင်ရှစ်မည်လည်း၊ ချမ်းကြည်ပြည့်စုံ၊ ဥဒ္ဒဂါရုံဖြင့်၊ စုပုံလောက်လွှေ့၊ ·တွင်ချည်းတွေ့၍၊ မြေ့ အမြေတေ၊ မှန်လှ ပေရွှင်၊ ကိုးထွေ အင်္ဂါ၊ လက္ခဏာမှု၊ ကမ္မာဧတ္တရင်၊ ဦးခေါင်း မှတ်လည်း၊ အမြတ်ကိန်းရ၊ ဥဿဘနှင့်၊ဂဇနာဂီ၊ ကေသရီတို့၊ လက္ခဏ်ကျက်သရေ၊ ဖြိုးဝေကဲ့ဖြင့်၊ ဗဲဗဲဘင့်သည်၊ အသင့်ရှစ်ဦး၊ မြို့ ကံကျေးဇူးလည်း၊ ရွယ်လူးနုရိန်၊ ဘုန်း တော် ရှိန် ကြောင့် ၊ ဧ၀ီ န္ဒ ရာ၊ ညီ ညာ ရွှက်ဆောင်၊ ရန်ထိုင်းအောင်၍၊ ရွှေတောင်ကြီးအောက်၊ ဘုံကြီးပေါက်သည်၊ အံ့လောက်ပြောပ မပြီးတည်း။

၉၊ ပုရာဏ်ဧ၀ံ၊ ကျမ်းအညီတည်း၊ ပထ၀ီပြင်၊ ရွှေကြေးမြင်ကို၊ ဝန်းကျင်ဥဿဒ၊ ထိထိလှသည်၊ ဇကရွစ်ဆယ်၊ တမျဉ်းသွယ်မှ၊ အလယ်ဗြဟ္မာ၊ ရွှစ်မျက်နှာ၀ယ်၊ ခေတ္တာမိ၀ယ်၊ အစရှိသည်၊ အဘိတေဇနှံ၊ နတ်မွန်ရွစ်ကျိပ်၊ ရန်မာန်နှိပ်တို့၊ ဘုန်းရိပ်ထွမ်းခြုံ၊ အသပွာယ်တုံပြီ၊ 'ဥဒိသန္တုတေ ထလေနဂါ၊ လောကပါလာစ ကာမဓါ၊ ဂေဟေ တသ္မိ'စ ထိဋ္ဌန္တု၊အာရက္ခဇာရ သဒါ'ဂါထာဝစီ၊ ခုနစ်ချီဖြင့်၊ သံပီတွတ်ထွတ်၊ တောင်းပန်ရွတ်၏၊ နတ်လည်းမိုးဗျား၊ နဂါးမြေယ်၊ ပတ်ဝန်းခြံလျက်၊ အောင်သံရဲ့ရွှ၊ခါတမူကား၊ ဇမ္မူပျံ့မွှေး၊ မန္တလေးဝယ်၊ စဉ်ရွေးကမ္မာ၊ ကြိုက်ခဲစွာသား၊ ရတနာပုံ၊ မျက်စုံရောင်ခြည်၊နှန်းမြို့ပြည်ကို၊ ဇာနည်ဘုန်းခေါင်၊ ထိုက်လုံးအောင်သည်၊ ကုန်းအောင်နတ်ဆွေ၊ဆယ်ပွင့်နေရှင်၊ ကျက်သရေကြီးခံ၊ ပြီးစေအုံဟု၊ ရဲဝံ့မနှစ်၊ အားတော်သစ်၏၊ မမွှာဇဗင်းဆုံး၊ မြတ်နှလုံးကို၊

ပိုက်ကျုံးနှစ်ထောင်း၊ ရွှင်စကောင်း၏၊ နတ်ပေါင်း လျင်မြန်၊ ပြည်ကြီးဖန်သည်၊ ဗိမာန်ထုမဲ့ဘုံသီးတည်း။

၁၀၊ ခြောက်ရာ - ခြောက်ရာ၊ လေးမျက်နှာ လျင်၊ သခ္ခါထိ်သ၊ ဥဿဘထက်၊ သူရဇ္ဈခဲတင်၊ ရွှေပြာသာဝင်နှင့်၊ နဝရတ်စီးကွန့်ကွန့်ချီသည်၊လောကီ မြေစိုးဧရာဘုံလည်း၊ ဝိဇ္ဇုံပြုကထိ၊ လျပ်နှယ်ညိ၏၊ ပဋ္ဌာန်မစက်၊ပါပကွက်ဝယ်၊ တွက်ချက်နဂိုရှိ၊ ဖိတ်ဖိတ် ယိုသာ၊ တံသိုက်မွမ်းပြောက်၊ ကြင့်နိုး ပေါက်လျက်၊ မြောက်ဥတ္တရာ၊ စမုတ်ညာထက်၊ ရတနာမြတေ၊ တခဲထွေသည်၊ ဝသေဉီးထိုင်၊ ဖြူးဖြူးပြိုင်မျှ၊မဏ္ဍိုင် မြင့်သွန်း၊ဘုံကြီးထွန်း၏၊ ဝန်းခဲ့ကြာ၊တစ်မျက်နှာ၌၊ ပရာပရှိ၊ ဝဲယာခြံသည်၊ မြေခံရေနတ်၊ လေခွတ်၊ လေခွာတ် မီးရှိန်းညီးညီးထိန်မျှ၊ဝရဇိန်ရောင်ရွန်း၊ ပြောင်ပြောင် ထွန်းသား နန်းဆယ်နှစ်ဆောင်၊မိုးခေါင်ကြွားကြား၊ ဧ ရွှေတံခါးလည်း၊တရားစောင့်တတ်၊လိုတော်ညွှတ်၍၊ နတ်ဂုဏ်မြိမန်၊ သင့်ကြောင်းရန်သည်၊ ဗိဂန်ဘုံနှင့်ရောရီးတည်း။

၁၁၊ခေတုမဏ္ဍာ၊ပန်းလည်ချသား၊ကွန်းမြေပြာသာဝ်၊ ဒွါဒရဝ်လည်း၊ မျက်ခတ်တသွန်၊ စတုကဏ်၌၊ဗိမာန် လေးသွယ်၊ ဘဝဂ်ကယ်မှ၊ တနယ်နယ်၊တလာပယ်မှ၊ ရွှေကြယ်ငွေကြယ်၊ မျက်စိုခြယ်လျက်၊ တိမ်စွယ်ထဲ ချောင်း၊ ရဲရဲ ပြောင်သည်၊ ရွှဆောင် ရွှဆောင်၊ ရစ်မြောင်ဝန်းလည်း ရွှန်းရွှန်းကြည်မျှ၊ ရောင်ခြည် တွဲ့တွဲ့၊ ယိုအုံကဲ့သို့၊ လေးဆယ့်ရွှစ်တန်၊ဝေဇယန် လည်း။ ဘုန်းဝဿသတိုး၊ ရှင်တန်ခိုးကြောင့်၊ လိုစိုး မျက်မောက်၊ မြေမှပေါက်၏၊ ပတ်လျှောက် ရစ်ခြုံ၊ ခက်ဆစ်ကြုံလည်း၊ မြစ်တံဇလုတ်၊ ရေထိဝှတ်လျက်၊ ဥဿဘတွန်၊ နက်ကျယ်ဝှန်သည်၊ ရွှပြွန်သွတ်ရွန့်၊ မြရည်သန့်ရှင်းမကန်လျှာဖျား၊ တန့်မနားတည်၊ ပတ္တာ မြားမြှဲခဲ၊မျက်ရှင်ထဲ၌၊ သူရဲပုဏ္ဏက၊ လိုထိုင်းပြသည်၊ သမ္မတိရိယာ၊ ရဖွယ်ရာသို့၊ ရွှေကြာငှက်ခါး၊ အပါး ပါးလည်းဘုန်းသားဘုန်းက၊ဘုန်းစီမ်သည်၊ဃ ထာက် ခံကုသိုလ်ခိုင်ဖြိုးတည်း။

၁၂။ မဂ်လာလျှင်၊အင်္ဂါမချို့၊ရွှန်းရွှန်းပျို့သား၊ မြို့၏ချက်မွေ့၊ လယ်မငွေ့၌၊ သု မေ ဓာ မြတ်၊ ညာပျော်နတ်ကို၊ လက်တတ်မှုကုံ၊ ဝိသုကြှဲနှင့်၊ ရွှေဘုံသခင်၊ နတ်သွင်းနှင့်ဆောက်၊ ဆုကြီးမြောက် သား၊ မြေပေါက်ရတနာ၊ နန်းသိဂ်ါလျှင်၊ ယူဇနာ မြင့်ဖျား၊ နှစ်ဆယ့်ငါးတည့်၊ ဘုန်းအားဖန်ဆန်း ချက်ချင်းထွန်းသို့၊မြေနန်းလွှတ်စိ၊ပြာသာဒ်ပျံလည်း၊ တိမ်ယံသီဝေ၊ အထွေထွေလျင်၊ ရွှေတစ်ခဲတည်း၊ စက်စက်ရည်းမျှ၊ မြလည်းဥန္ဒနှီ၊ ဝ ဇီ ရောင် ရှိန်း၊ စိန်လည်းပြိုးပြက်၊ မိုးချက်ပျံ့ဝဲ၊ ပုလဲခြည်လျှပ်၊ အထပ်အထပ်၊ ချပ်ကာချပ်ကာ၊ ဆယ်မျိုးဖြာသည်၊ ရတနာမွန်နစ်၊ သင်္ဂရာသစ်လျက်၊ မြေဖြစ်ရေဖြစ်၊ နတ်စစ်လူ့ဘုံ၊ မျက်မြတ်ပုံကို၊ ဥဿုဂ္ဂါတွင်၊ သီကြား ရင်ခွင်၊ ကောင်းကင်ဗိမာန်၊ ဝေဇယန်ကား၊ ကေန် မုချ၊ ကြားကာမျှတည်၊ ဘဝသခင်၊ ရွင်ပင်စောထီး၊ ရွှေနန်းကြီးကား၊ အတီးရွေးကျူး၊ ကုသိုလ်ထူးတွင်း၊ နတ်မှူးငြဟ္မာ၊ ကိုယ်တိုင်လာ၍၊ မေတ္တာထပ်ပွား၊ ဖန်သောအားဖြင့်၊ သီကြားနေတန်၊ ဝေဇယန်ထက်၊ အပြန်ထောင်ရာ၊ လွန်ကဲသာသည်၊ သမ္ဘာစုံပြည့် ရင်းနှီးတည်း။

၁၃၊ အဆန်း အဆန်း၊ ရွှမခန်းတည်၊ ရံနန်း ငါးဆောင်၊ စံရွှေဘောင် လည်း၊ မှောင်ကိုလွှစ်ခွာ၊ ယုဂန်ချာဠ်၊ အာဋ္ဌာနာဋ္ဌ၊ အမည်ရသည်၊ သီတာ့ ထိပ်စွန်၊ ရွှေဗိမာန်လျှင်၊ အပြန်လေးဆယ်၊ ဂါဒိတ် ကျယ်၍၊ငါးသွယ်ချိန်ခြင့်၊ အာလိန်ဆင့်ထက်၊ စွင့်စွင့် ထက်ဝန်း၊ ပေTပြိုင်ထွန်းသို့၊ ကျီးရုန်းတုရင်၊ ရုပ်ရှင်ပြောက်ပြိန်း၊ အကိန်းကိန်းလည်း၊ ပိတ်လိန်း ခဲကျီ၊ရွှေစုထိပြင့်၊မျက်စိမူးနောက်၊ဟူးဟူးတောက်၏၊ တောင်မြောက်ဝဲယာ၊ ရံစကာသည်၊ ရတနာရောင်စီ၊ ဆောင်တိုက်လည်း၊ မြင်းမိုရ်ခွတ်လတ်၊ ခါးပန်း သတ်ဝယ်၊ နက္ခတ်တင်ဆုံး၊ရောင်ပြိုးပြဲ၊လျှင်၊ မိုးလုံး ပြည့်ဝန်း၊ လှည့်၍ ထွန်းသို့၊ ရွှေ နန်း ပ ရိက်၊ ပတ်သန်းခြံသည်၊ အလှ ဖိတ်မျှ ယိုစီးတည်း။

၁၄၊ အဝန်းကိုးရာ၊ မဇ္ဈိမာဟုတ်၊ ကမ္ဘာနဂို ၊ မြေဝတိုနှင့်၊ သိန်းသိုင်္ဂသထို၊ ရွှေဘုံခေတ္တာရိုမွှဆက်၊ ရွှေကကျော်သောင်း၊ ဘေးစော လောင်းတို့၊ ရိုက် ညောင်း ရွှေစည်၊ မြို့နန်းတည်သား၊ ခိုင်ကျည်ကြီး ကျယ်၊ အုံစဖွယ်ဟု၊ ကျမ်းဝယ်အာဂုံ၊ လာလှည့်တို့ လည်း၊ ဘုမ္မန္တရ၊ ဒေသဝေါဟာ၊ နိုးနှောစာသော်၊ ယူဇနာဖွဲ့နည်း၊ အပည်းပည်းတိ၊လှည်းတမဲ့ဦး ပြန်၊ တာအခန့်ကို၊ ရှည်ရွန့်တစ်ယူ၊ ဇနာဟူ၍၊ လူ ဥပဒည်၊ များလတ်သည်ကြောင့်၊ မကြည်မလင်၊ ဗုဟဝင်ခွဲ၊

မျက်မြင် ကိုယ်တွေ့၊ ဆိုသရွေ့ လည်း၊ ဘုန်းဟေ့ မြတ်စွာ၊ တို့ထုတ်ချာ၏၊ ရတနာပုံ၊ အာရုံရွေမျှော်၊ ရွေပြည်တော်နှင့်၊ စံသော်လက္ခဏာ၊ သိကောင်းရာ၏၊ သီတာပတ်လည်၊ ရံကျုံးသည်လည်း၊ မျက်ခြည်ရှမြင်၊ ဘယ်ပြည်တွင်မှ၊ လေးခွင်ထုတ်ခတ်၊ ရေရှတတ်ဖြင့်၊ မပတ်စတောင်း၊ အင်းမြစ် ချောင်း ကို၊ ခနောင်း တစ်ဖက်ကျုံးရေတွက်၍၊အမြက်ဝစီ၊ ဆိုရုဋ္ဌိခွဲ၊ပါရမီ အထုံ၊ပြည့်လေ၀က်လုံသည်၊ ရွှေဘုံဦးကင်း၊ မန်းပြည်ရှင်၏၊ ရင့်မင်္ဂလာ၊ တစ်ပြည်သာသည်၊ ယထာဝါဒီ ဂုဏ်တူးတည်း။

၁၅၊ ရာနာပုံ၊အင်္ဂါစုံသည်၊ မြေခုံနှက်သန်၊ ရွှေဗိမာန်ထက်၊ ရှစ်တန်ပလ္လင်၊မာရဘင်ဝယ်၊ဌေစင်ပစ္စ္ဈ။ ရှစ်ဆိုင်ထူလျက်၊ မြူမရစ်ဘွဲ့၊ နှစ်နှစ်လိုသည်၊ ခြောက်ဆယ့် လေးဦး၊ ကျေးဇူးပျို့ ပျို့၊ အင်မချို့ တည့်၊ မြို့ကျက်သရေ၊ မြတေ၀ါဝင်း၊ လမင်းသတိ၊ သမာဓိတို့၊ သီလဂုဏ်တည်း၊မမွှန်မထင်း၊ ညစ်ကြေးကင်းလျက်၊ မြစ်ရင်း နှစ်ဖြာ၊ နေကိုက် ညာဟု၊ ရိပ်ကြာဝန်းဖြန့်၊ ရေသွန်းသန့်သည်၊ ညာနှင့်ကေသီ၊ နတ်ဒေ၀ီနှင့်၊ ရွှေညီလာရုံ၊ဗိုလ်ရွှခံလျက်၊ ဘုံပျံဦးကိုင်၊ ရွှေမဏ္ဍိုင်ကို၊ စိုးပိုင်သိမ်းယူ၊ ထိန်းတော်မူဟု၊ လွှလည်းလေးမြတ်၊ နတ်လည်းမေဏ္ဍာ၊ ဖြဟွာအဟို၊ ကြည်ညိုချီးမြှင့်၊ ရွှေလက်ပဉ်၍ ရင့်ရင့် ရော်ရော်၊ မန္တာန်ကျော်နှင့်၊ ပင့်ခေါ် သွင်းနှံ၊ ကြင်းသံဖြင့်၊ ညှင်းညံကြူးရွင်၊နန်းဦးတင်သည်၊ လူ့ခွင်မကြုံစဖူးတည်း။

၁၆၊ ရိပုံဇေယျာ၊ မန်းသင်္ဂါဟု၊ အောင်ချာတမွတ်၊ရွေဘုံထွတ်ကို၊ စက္ကဝတ်သတိုး၊ တန်ခိုးကျုံးပြီ၊ ကျင့်သုံးရာဇ၀ံ၊ ဓမ္မကံသည်း၊တစ်ရံခဏွေ၊ တည်လတ် တွေကြောင့်၊ သရေခမ္မာ၊ စောနရာအား၊ မုဒ္ဓါနိသင်း၊ ဘုန်းကျိုးထင်သို့၊ ဘုရင် ကေရာဇ်၊ သိဂီစစ်ကို၊ ထီး သစ် ဖွေး ဖွေး၊ တည်သန္ဓေးသည်၊ ကလေးမည်သာ၊ ပြည်အချာမှ၊ ရဇာတန်ခိုး၊ ဆွန်မျိုးကို၊ မြတ်နိုးစုံမက်၊ နတ်တို့ ဆက်၍၊ ရွှေကမ္ဘူး ထင်ထောက်မူရှင့်၊ ထိမ်ဖြူ ပန်း၀တ်၊ လှမ်းကာဆွတ်သည်၊ အဆာတရ၊ နတ်သ ယာဉ်ကျော်၊ စိုးရသော်ကား၊ ဝေရော် မျက်ရှင်၊ ဘူဇင်္ကလာ၊ ရတနာတင့်မော၊ ခေတ်သဘောလည်း။ မနောမယိဒ္ဓိ၊ ဘုန်းရှိစောထီး၊ လို့တော်ပြီး၏၊ ညီး ညီးလျှံထိန်၊တစ်ချက်ချိန်က၊ ဝရဇိန်သွား၊ ဏာထောင်ပွား၍၊ သွားသွားဖြတ်စဉ်း၊ ရန်လုံးညှဉ်းသည်၊ ယင်း တရားစကြာ၊ ရိန္ဒမာလည်း၊သမ္ဘာတော်ဟု်၊ လိုပြည့် စုံသည်၊ ရွှေဆုံပြည်ကြီးကျေးဇူးတည်း။

၁၇၊ တစ်ရံသော်တုံ၊ ဘူပေါ်ဇနိန်၊ အသမ္ဘိုဝ်ကား၊ ပညာခန္ဓိ၊ ဖန်စိတ်ဝေ၍၊ သပြေမန်းငှ၊ ပြည်ကြီးသူတို့၊ ငွေကြူပင်လယ်၊ ရှစ်သွယ် ခွေဝန်း၊ ဥတင်ကျန်း၌၊ မြင့်သွန်းယူဇနာ၊ ပဒေသာမှ၊ လွယ်ကာဆွတ်ရံ၊ လူမှုကုသို့၊ မကြုံမရှာ၊ ရေစာများ၍၊ စီးပွားချမ်းသာ၊ ဖြစ်ကြောင်း ရှာသော်၊ ရွေးခါ အရှည်၊ မင်း ဘုန်း စည်တို့၊ မြ ရည် ရွှေ လောင်း၊ ရေယဉ်ချောင်းကို၊ ဝိုလ်ပေါင်း ဝန်းလျား၊ မင်းဘုန်းအားဖြင့်၊ ကြိုးစားကုတ်ကော်၊ တတ်လှည့်သော်လည်း၊ ဖျော်ဖျော်ရေကြည်၊ မစီးသည်ကြောင့်၊ ရွှေပြည်ရိက္ခာ၊ လုပ်စာခွန်ထွက်၊ ကျိုးမနက်တည့်၊ ကျွန်းချက်မြန့်ဘောင်၊ မန်းရွှေတောင်၌၊ နန်းဆောင်သမိုက်၊ ကြင့်နှံစိုက်၍၊ တည့်ထိုက်တုံ့စွာ၊ ထိုမင်းသာလျှင်၊ သီတာသွယ်မြောင်း၊ ဤရွှေလောင်းကို၊ ပြီးကြောင်းမရည်၊စွမ်းနိုင်မည်ဟု၊ ဘုန်းစည်ဗျာဒိတ်၊ သိုက်နိဓိတ်နှင့်၊ သန့်ဌာန်ကျ၊ည်မောလှသား၊ဓသမ စကြာ၊ တို့ရှင်သာသည်၊သမ္ဘာကဲအံ့လွန်ကျူးတည်း။

၁၈၊ သုံးထောင်ယူဇနာ၊ ဟေမ၀ါဝယ်၊ စုလွှာသီထွတ်၊ သားသားညွှတ်သည်၊ ကျောက်ခတ်မဟီ၊ သေလာဂီလည်း၊ ထိမ်ဆီသွန်းသွန်း၊ ခိုက်တန်းမျှ၊ အဆန်းအကြယ်၊ အုံသြဖွယ်ကို၊ မြောက်ဆွယ် စိန့်ထိုင်း၊ တောင်ယွန်းခိုင်းလျက်၊ မိုင်းလုံခရိုင်၊လွန်မြို့ ခိုင်သည်၊ တောင်ပိုင်ပြည်ကြီး၊ တစ်စင်းထီးမျှ၊ စီးခဲ့ အမုန်၊ နတ်လွှတ်ပြန်လျှင်၊ တောင်စွန် ပိုက်ခကြာ၊ ရေမလျောထိ၊ မိုင်း၀ေါမ်း၀ေ၀၊ ပလောင်နေသည်၊ တောင်သေလာ၀န်း၊ နံ၀ဝန်းက၊ ဖြန်းဖြန်းထွားကွန့်၊ နဂါးလွန့်သို့၊ တွန့်၍ဝဲယာ၊ ရေယာဉ် လာသော၊ ခွဲ့ခွာတန်ခိုး၊တောင်တစ်ရိုးလည်း၊မ်လျှိုးမငုပ်၊ မထိမ်မြုပ်တည်၊ ဟင်ခုပ်ရွာမြိတ်၊ ပတ်ခဲခဲ့ချိတ်မှ၊ မိုးဒိတ် နယ်ကုန်၊ တွေတွေစုန်သည်၊ အမျှန္တရ ရေဦးတည်း။

၁၉၊ အထွေအထူး၊ တောင်နှစ်ရေတည်၊ မြို့ငြိခြေရုံ၊ သာမျိုးစုံသည်၊ မိုင်လုံနယ်ပါ၊ နားခါးရွာမှ၊ ဒက္ခိဏာယာဉ်၊ ညာစဉ်ပတ်ချုပ်၊ စီးခဲ့ဟုပ်

သော်၊ မံပုပ်နားရော၊ တကြောနားရောင်၊ တောင်တဆုံးရောက်၊ ညောင်ထောက် တစ်သီး၊ မြောက်ရီးဖြင့်၊ လယ်ကြီးပတ်ကုံး၊ ကျောက်တစ်လုံးကို၊ ကျုံးသို့ရစ်ဝုတ်၊ လွှဲခဲ့ထုတ်၍၊ မိုးကုတ်မြို့နယ်၊ ညောင်ကုန်းဝယ်ကား၊ တစ်သွယ်ခွဲခြား၊ မြောက်သို့ပါးလျက်၊ ကားတောင်မြေ၊ မြစ်ကြီးရေလျင်၊ လေတသုန်သုန်၊ လှိုင်းကြက်ခုန်နှင့်၊ စုန်ခဲ့ဆောလျင်၊ ဖောဖောနှင့်မှ၊ ကျပ်ပြင်နယ်မြေ၊ လက်ယာခွေသော်၊ ရေဝေစွန်းက၊ ပစ္စိမသို့၊ မြနဒီကြော၊ ယာယီမျှောပြီး၊ မြစ်ရောမြိုင်နှင့်၊ ဂနိုင်တစ်ခွင်၊ ပျော်ပွဲဖြင်သည်၊ လောင်းစင်ရွာအောက်၊ ပြီးပြီးမောက်မျှ၊ ကျောက်တစ်ခဲဆွေ၊ တောင်အခြေဝယ်၊ မြေကိုစုပ်စုပ်၊ လျှိုဝင်ငုပ်သည်၊ ချုပ်ခဲ့တယ်ညာ မကူးတည်း။

၂၀။ ။အာဝင့်ဂင်္ဂါ၊ ရေသီတာလျင်၊ ဝေဟာသဓာတ်၊ မိုးခွတ်လတ်မှ၊ ရဟတ်ခေါက်တုံ့၊ ပြန်ကလှုံ့ဖြင့်၊ လျှိုးငုံ့ငုံ့လျင်၊ ပြုန်းပြုန်းနှင့်၍၊ တိထဂ်လ၊ ပါသာဏကို၊ ခြခြခြစွဲ၊ မြေအထွဋ်၊ ရေဝဲရစ်ဆွဲနှင့်၊ ဗီးခဲ့တွန့်မှ၊ တစ်ဖန်တက်လာ၊ မြေမျက်နှာဝယ်၊ ဂါးရာရစ်ဝန်း၊ ဖြစ်ကြီးထွန်းသို့၊ နှုန်းနှုန်းတပြိုင်၊ ကြဲကြဲနိုင်သည်၊ မကျိုင်တည်ဆောက်၊ တောင်ကြီးအောက်သို့၊ လျှိုးဖောက် ရေဖွင်၊ ကွယ်ငုပ်ဝင်ပြီ၊ ဥမင်ရွာဦး၊ ကမ်းနုပူးထက်၊ ထန်းလုံးတမြှင့်၊ ရေပန်းပွင့်လျက်၊ မူတ်ယွင့်ထွက်ပြန်၊ သဲသဲဝှန်၍၊ ထွန်ခဲ့ပြီးသော်၊ ကုံးကြီးအုတ်ဖို၊ အလျှိုလျှိုတည်၊ နဂိုရံရပ်သာ၊ မတ်တရာကို၊ ပတ်ကာခွေခ၊ ရောမနှင့်၊ တကွရောယောင်၊ နှောလာပေါင်သည်။ ။ပလောင်ရေတက် ဖက်ဦးတည်း။

မန္တလေးတို့ မော်ကွန်း

ပထမပိုင်း

၁။ ခြိုးလေ့ထိုက်လုံး၊ အောင် သံ ကြုံး ပိမှ၊ ပတ်ကုံးရှု၊ သောဠသတွင်၊ သုဒ္ဓအရိယာ၊ မိုးပြဟ္မာ ထွင်၊ ကမလာဇာတ်၊ ဩပါပတ်သား၊ ကြာမှတ် ဟိတ်ဖိုလ်၊နီမိတ်လိုဖြင့်၊ ဗြိတ်ဥဏှူ၊ ငွေနှစ်ကွရတ်၊ ဘုံပြာသာဒ်တို့၊သမသတ်ရောင့်ရွှန်း၊ ပေါ်ပြိုင်ထွန်းသည်၊ မော်ကွန်းပညတ်၊ ဘဒ္ဒကပ်ကား၊သရမ္ဘဉာဏ်၊ နီဒ္ဓာန်ငါးမည်၊ ကြငွန်းတည်လျက်၊ အောင်စည်ကြူး ရိုက်၊ အဧည်လိုက်ဖြင့်၊ အမြိုက်သဘင်၊ ဃဋ်လတ် သေ့အား၊ ကပ်တစ်ပါးထက်၊ ထွတ်ဖျား ဓိပတိ၊ တင်ထိုက်ဘိ၏၊ တြိသဟသ်၊ လောကဓာတ်လည်း၊ ဥဏ္ဍဋ်မှန်ကူ၊ ဤထိုက်မူလည်း၊တစ်ဆူပြဋ္ဌာန်း၊သပြေကွန်းထက်၊ ဦးစွန်းမကိုင်ရှ်၊ မှန်သမိုက်၏၊ ထိုက်တလောက၊သြကာသဋ္ဌ၊ပြဟ္မာ့ဂုဏ်ထားပွား၊ ကမ္ဘာသားတို့၊ မြောက်စားဘိသ်က်၊ ရှိဦးညိတ်သည်၊ ဝိသိဋ္ဌလူ့၊ ဝုဋ္ဌဂ္ဂါကား၊ဘူမဏ္ဍလိပ်၊ လေးကွန်းဗိပ်ထို၊ ဘုန်းရိပ်မိုးပြန့်၊ တန်ခိုးကွန့်လျက်၊ အဝှန့်များစွာ၊ သတ္တဝါအား၊ ဓမ္မာနုဇ်၊ထွေတော်သံဟု၊ ကျွဲ့ကျွဲ့ကျူးမည်၊ တရားစည်ဖြင့်၊ ပတ်လည်ကျော်ဟိန်း၊ဇမ္ဗူထိန်းသည်၊ အောင်ကျိန်းလက်မွန်ပွဲဦးတည်း။

၂။ မဟာသမ္မတ၊ ခတ္တိယရာဇာ၊ ခရ တံ ဆိပ်၊ ဘွဲ့ချွေလိပ်နှင့်၊ အဓိပ္ပတိထွတ်၊ ကမ္ဘာနတ်မှ၊ သိဒ္ဓတ်တုရား၊ ဒုစ်ပါးခွဲဝေ၊ ဂိုဏ်းနှစ်ထွေဖြင့်၊ နေအာဒိဝင်၊ သာ ဏိ ဝင် ဟု၊ နွယ်စင် သမ္ဘ ိန်း၊ ထွန်း ခဲ့ ထိန် မှ၊ အာလိဂ်စည်၊ သဏ္ဌာန်တည်သည်၊ ပတ်လည်ရစ်ဝိုက်၊ ကိုးရာ ထိုက်ဝယ်၊ အကိုက် အညွှန့်၊ ကွန့်ကွန့်ကဲလျှံ၊ မင်းပွဲခံ၍၊ စံခဲ့နှောင်းလည်း၊ တ ကောင်း မြစ် ခြေ၊ ခေတ်သရေနှင့်၊ မြေဘုမရှစ်၊ ရိမခ်မြင်စိုင်း၊ စစ်ကုဋေး ပင်းယ၊နေဝဲသတို့၊ ရွှေဝမဏ္ဍိုင်၊ ဘုံဦးထိုင်ထက်၊အပြိုင် အပြိုင် ရွှေစိုင်ရတနာ၊ သန္တာရီးလက်၊ မြတ်မျိုးမျက်တည့်၊ ကိုးချက်နေဟန်၊ ပစ္စုပြုန်လျက်၊ သတ္တဘန့်နောင်၊ တောင်၏တံခွန်၊ ဝေဇယန်သို့၊ ဝိမာနရွှေဘုံ၊ တရားထုံသည်၊ ချက်ကုံလောက်ငံ ကျေးဇူးတည်း။

၃။ ပူရ ရတနာ၊ပြည်အောင်ချာလျှင်၊သခ်ါရမျိုး၊ သိုက်ဓာတ်ညီး၍၊ တန်းခိုးမိုန်သော်၊ဆုံးချိန်အာဘသ်၊ တုံအထွတ်ကုံ၊ သံဝဋ်ညီးညီး၊ ကမ္ဘာမီးပြင့်၊ အကျီးမဟဲ့၊ လောင်သကဲ့သို့၊ပြည်ထဲ့အလုံး၊ ညိုးချုန်းပျောင်းမျှင်း၊ တလိုင်းညှင်း၍၊ လုံးကျင်းပြိုပြွင်၊ ရှိရာတွင်၌၊ ကောင်းကင်ပိတ်လိန်း၊ သူ့ဘကိုထား၍၊ သိန်းကဋေ့ထိုက်၊ ပတ်ဝိုက်ဖြိုးမောက်၊ အောက်အဇဋ္ဌာ၊ ညီညာတင်းကျမ်း၊ ရေထိမွမ်းလျက်၊ လျှမ်းလျှမ်းပြည့်ဝှန်၊ကပ်မိုးသွန်သို့၊မန္တန္တရာဇ်၊ နေမြစ်ခွယ်ရင်း၊ အာဒိမင်းနှင့်၊ ခံတွင်းကြာမှ၊ ရွှေပဒုမ္မ၊ ဝိဇ္ဇုံမာလာ၊ ဝင်းဝင်းဖြာသည်၊ ဥဏ္ဍာမုက္ခ၊သာကီယမှ၊ ပေါက်ပြမထင်၊မဟာဝင်ဖြင့်၊ သုံးခွင်လုဗိုလ်၊ ဘုန်းရီဝိန်ဒိသည်၊ ရွှေပိုဘုရား၊ လောင်းမြတ်ဖျားလျှင်၊ ဖွားဖွားဖွင့်

ထွတ်၊ ဣန္ဒ္ဓိ ပါဒ်ဟု၊ အာဝဇ္ဇဂ်ဂ်ါ၊ ဘုန်းမိုးရွာသျှက်၊ မဟာရဟ၊ သိဒ်ရန်အောင်၊ ပြည်ကုန်းဘောင်၌၊ တစ်ထောင်ရွေရ၊ ငြဟ္မာစိသို့၊ အသမ္ဘ ိန်ဝင်၊ ငြမ်းကြီးဆင်၍ ဘုရင်ဗိုလ်ပုံ၊ စက်ရိုဝ်လှိသည်၊ အုပ်ခြုံသပြေစိုးမှုးတည်း။

၄။ နေရှလက်ယာ၊ သပြေညာထက်၊ ရာဘုရင်ချည်း၊ မကိုင့်လှည်း၍၊ ယမ်းပည်း ညှတ်ပျောင်း၊ စက်အောက် လျောင်း သည်၊ အဲ လောင်း မင်း တ ရား၊ မင်းခေါင်ဖျား၏၊ ပတ္တမြားစတေ၊ မြရွက်ပေနှင့်၊ ရွှေကက္ခရာ၊ နေဆက်စာမှု၊ ငါးပြာမာန်သတဲ၊ အရိမစ်ဝယ်၊ နတ်ဝေဇယန်၊ အောင်ဗိမာန်ဖြင့်၊ ရန်မာန်ဈေးနည်း၊ သပြေလည်သည်၊ ဧည်သူမင်းစစ်၊ ဗီပရာဇ်၏၊ မြစ်ရတနာ၊ သိဒ္ဓိကာမှ၊ အာဒိစ္စဝန်၊ သွေးမလွန်တည့်၊ ရွှေသန်လျက်ခုံ၊ ဇေယျတု ထိုး၊ စက်စုံကွန်နှင်း၊ ဘုန်းဖန်ဆင်းသား၊ မိုးညှင်းဘုရား၊ ယင်းသို့အား ဖြင့်၊ သားသားဝှန်တင့်၊ တံခွန်လွှင့်သည်၊ ဘုရင့်စတေ၊ ခုနစ်နေတည့်၊ ပရမေမှန်ကင်း၊ မိုးညှင်းမင်းမှ၊ ဖြစ်ရင်းစင်ကြယ်၊ သကျန္တယ်ဖြင့်၊ နန်းလယ်ရိပ်ဖြူ၊ ဆဲ့ နှစ်ဆူတွင်၊ ဝုဒ္ဓကုံကျော်၊ ဘေးလောင်းတော်ကား၊ အဟော်ဝတ၊ ဤလောကထိ၊ စောင်မဖန်ဆန်း၊ မြို့ကရည်သွန်းထွက်၊ ကြင့်နှင်းရွှေတောင်၊ ပြည်ကုန်းဘောင်၌၊ နောင်ရာဇဂုဏ်၊ ကဿာကုန်လည်း၊ တစ်မှန်မြဲလွှာ၊ မတိမ်သာအောင်၊ သမ္မာချိန်ဆုန်း၊ ထုမဲ့ဘုန်းဖြင့်၊ အနှန်းတော်မြတ်၊ တံဆိပ်ခတဲသည်၊ နာဂတဲပြောပ ရှည်ကြူးတည်း။

၅။ အလောင်းမင်းမြတ်၊ တေဓိသတ်၏၊ သည်းပွတ်တော်ကြီး၊ ဘုန်းမီးလှိုထိန်၊ ဘေးနရိန်ကား၊ သိခ်ရတနာ၊ ပြည်အောင်ချာနှင့်၊ ဧဇယာပုရဂြဒန ရန်ကြိုး၊ စစ်ထိုင်းမြို့ကို၊ မြင်းမိရိသွင်းကျန်၊ မရှရာဇဲလျှင်၊ ကသစ်မဟာရိုက်၊ နှစ်ပြည်ပိုက်၍၊ ထိန်ရိုက်တန်ခိုး၊ နှစ်နန်းစိုးသို့၊ ဖြိုးဖြိုးဘုန်းလျှံ၊ ထီးသစ်စံသော်၊ နိုင်ငံငါးရာ၊ နှယ်ပါဧမွှာ၊ မြကွန်းဥထက်၊ ရန်သူခပ်သိမ်း၊ ဦးခေါင်းကျိုး၍၊ မထိမ်းစည်ဝေ။ ပြည်ထဲအေးစွာ၊ သျှင့်ဘေးတော်လတ်၊ သုရိန်နတ်လည်း၊ ထုထဲခတ် စကွဝဠာ၊ ကောင်းချီးငြာလျက်၊ သိဂီဧဇယာ၊ ရတနာပုရ၊ သုံးဌာနထက်၊ ကမ္မဇတန်ခိုး၊ ဘိသိက် ကျိုးဖြင့်၊ ထိမ်မိုးခုန်ဆွတ်၊ သုန်သုန်လွှတ်သည်၊ အာစွတ်မုန်သောက်၊ ဥပေါ်ပေါက်ထို၊ စက်အောက်ထားတင်၊ ဆင်ဖြူရွှင်ဟု၊ သောင်းခွင်ကျော်ချောက်၊ ဘုန်းရှိန် တောက်သည်၊ ရန်ညောက်ထွင်ထွင် ထူးထူးတည်း။

၆၊ ဆင်ဖြူသျှင်သား၊ တရားပဝရ၊ နရိန္ဒနှင့်၊ ဘဝသန်း၊ အောင်းကာမင်းဟု၊ ဘေးရင်းမြတ်ခေါင်၊ ဇမ္ဗူအောင်၍၊ တန်ဆောင်နှစ်ဆူ၊ ထွန်းပြီးမူကား၊ ဝိဇ္ဇလောက၊ မည်ထိုက်လှသည်၊ ဘုရားဘေးလောင်း၊ မင်းကောင်းဘုန်ဟေ့၊ ဘူပတေ့ ကို၊ ရေမြေ့ အလုံး၊ ပတ်ကုံးခါးကြေး၊ အောင်ဆုပေးသော်၊ ကမ်းမှေးမြစ်ဆုံး၊ သန်လျက်ခံမှ၊ ဗိုလ်ပုံအပြီ ပြောင်းခဲ့ချီ၍၊ မဟိနက်သန်၊ မြေကြိန်ဇလာ၊ ဧဃောသန်း၊ ထီးပေါင်းခထက်၊ အမရဗိမာန်၊ ပြည်ကြီးဖန်ပြီး၊ နိဗ္ဗာန်လက်ဆောင်၊ ရွှယ်လူးပြေဒ်နှင့်၊ မိုးခေါင်လည်လှည့်၊ လိုတော်ပြည့်၏၊ စည့်စည်းထွန်းတင်၊ နေလုလင်သို့၊ ဇင္ဒင်ခမူ၊ ဒနုဂူဖြင့်၊ ဗီပတ္တ ေပေါ်၊ သောင်းလုံးကျော်သည်၊ မြေးတော်စောထီး၊ သျှင့်ဘကြီးလည်း၊ ရန်မီးသတ်နိုမ်၊ ဝဏ္ဏအိမ်ကို၊ လေးကြိမ်ဆိုမိုက်၊ နန်းရိုးစိုက်သည်၊ ဆော်ရိုက် ပဋ္ဌေ ရင့်ကျူးတည်း၊

၇၊ စတုတ္ထဘုရင်၊ ကွန်းလုံးရှင်ဟု၊ ချစ်ခင်သက်နှင်း၊ ညီတော်ရင်းဟု၊ ခပင်းအဟူ၊ နတ်ခွင့်လူတို့၊ သျှောင်စူဌာဆင့်၊ တင်ထိုက်သင့်သည်၊ သျှင့်ခမည်းမြတ်၊ လောင်းမန္တာတ် ကား၊ ဘထွတ်အမရ၊ ပြည်ဌာနထက်၊ ဒုထိယ ကွန်းပြောက်၊ ကြင့်နှင်းဆောက်လျက်၊ ထက်အောက်ညာကြေး၊ မြေကြွေးကျန်၊ လောကဌာန်ကို၊ နှံ့မွန်တင်းကျမ်း၊ ဘုန်းရှိန်လွှမ်း၏၊ နတ်ဒြမ်းစိုက်ထူ၊ ဘရာယူသည်၊ ဇမ္ဗူသွ့ ကျော်၊ သျှင့်နောင်တော်လည်း၊ နဘော်စက်ရောင်၊ ထိန်ထိန်ပြောင်မျှ၊ လောင်လလိလိ၊ အုံ့ဘွယ်ရှိ၏၊ ဇာထိတော်ရိုက်၊ စိုးလုံက်မင်းလာ၊ ထိုအခါကား၊ သာသနာစောင့်၊ နှစ်ထောင့်သုံးရာ၊ သန်္ဓာထိုးပွာ၊ ကိုးဆယ့်ငါးထိ၊ ခဘ်သွားဂထိ၊ ဝိထိဝင်၊ စုဒ္ဓသဟု၊ မြိတ္ထကိန်းဝင်၊ ဆန်းဆဲတွင်၌၊ ပလ္လင်ကဏ်၊ ဗိမာန်စိုးညံ့၊ ညိုးလတ္တ ဟု၊ မိုးပျံ့စတေ၊ မုနေသရာ၊ ပညဝါတို့၊ အခါပရိစ္ဆိန်၊ သုံးကန့်ချိန်၍၊ ဥုန္ဒြိယ၊ ရဋ္ဌထိုင်းရပ်၊ စိမိုင်းကွပ်သည်၊ ဝိလပ်သ့ ရှင်၊ ဝိုလ်ထုအင်နှင့်၊ သေနင်္ဂဗျူဟာ၊ ပြိုင်ဆိုင်လာ၍၊ ဟုံသာဝတ၊ ရာမညကို၊

ခွန်းစဆီပါး၊ အရေးများသည်၊ ထိုင်းကားပူပင်ညစ်ညူတည်း၊

၈၊ သိုက်လာ ခေတ်လာ၊ ကပ်တ်ထွာနှင့်၊ နတ်စာ နိမိတ်၊ ဟိတ်အထိုင်းလျှင်၊ ထုံးပိုင်းတည်၊ ထိုခါပြီကား၊ လောကီသိမ်းပိုက်၊ တစ်ထိုက်သနင်း၊ မင်းနှင့် မှူးမတ်၊ မည္ဆတ်မည်၊ ဝါဒီယုံ ယွက်၊ နှတ်လက် မခောင့်၊ တရားထောင့်၍၊ မခေါင့်မအား၊ ပြည်ရိပါးသော်၊ ပြည်သားအထု၊ မကြည်မှုကြောင့်၊ လိုဆုမတောင်း၊ ထိုအကြောင်းကြောင့်၊ နတ်ကောင်းမမ၊ ထိုကိစ္စကြောင့်၊ တန္ဆေမိန္ဆာ၊ အခွင့်သာ၍၊ ရောဂါနှိပ်စက်၊ စစ်မက်မဆိတ်၊ ဒုဘိက်ညှဉ်းဆဲး၊ ပြည့်တန်ခိုးလည်း၊ သမ်းညှိုးသိမ်ဖျင်း၊ ပြည်ဉီးကင်းလည်း၊ အတွင်းလုံးပိုး၊ သစ်ဆွေးကျိုးသို့၊ ကိုးရာမဲ့ကြီး၊ အချည်းနှီးလျှင်၊ ပျက်စီးတတ်လှည့်၊ သို့ဖြစ်သည့်ကြောင့်၊ လူ၏အ ကွပ်၊ ဟိရောတ္တပ်ကို၊ ထက်ကြပ် မြဲမြံ၊ အ သက် နှံ လျက်၊ ရာဇဝတ်တော်၊ ဝတ်ညီ လျော်အောင်၊ ပယောဂပြု၊ သူ မမှုလည်း၊ ပွင့်ဆုံဘီသိက်၊ ရွှစ်ပါးဟိတ်နှင့်၊ ဗျာဒိတ်လက်ရှိ၊ ဖြစ်ဘိ ရကား၊ကိုယ်တော့်အား၊ကို၊ကိုယ်ပွားမကူ၊ သဃမ္မူ ဖြင့်၊ ခ မ္မူ ပ ဒေ သ၊ တင်ထိုက်လှ၏၊ ရာဇဓမ္မ၊ စာရ ထိန်းစောင့်၊မင်းလမ်းဖြောင့်က၊ ပြည်ထောင့်မျက်နှာ၊ လမျောကြာသို့၊ ချမ်းသာပြည့်လင်း၊ ရန်မျိုးကင်းသည်၊ မင်းလည်းဘုန်းရောင် ကွန့်မြူးတည်း၊

၉၊ အပရန္တ၊မြန်ဒေသလျှင်၊ တန္ဆာပူဇိုက်၊ စစ်မက် ဆိုက်၍၊ အရိုက်အရာ၊ သာသနာလည်း၊ အဝါနွမ်း ညှိုး၊မင်းသထိုးလည်း၊ထန်ခိုးလှ ကြုံ၊ လူဝိုလ်ပုံလည်း၊ မလုံကိုယ်စိတ်၊ ဝိပရိတ်ဖြင့်၊ လန့်ထိတ်ဗျာပါ၊ ရိုက်ခြဲသော်၊ မြတ်စွာဘုန်းဌန် ၊ ခန္ဓမာဝ်ကို၊ ပယ်လွှဲချိုးဖျက်၊ အောင်မည်ရက်တွင်၊ ရွှေစက်တော်ပါး၊ မိုးသိကြားအား၊ ရှစ်ပါးသံအိန်း၊ဗျာဒိတ်မိန့်ကြောင့်၊ ဝတိန့်မိပတိ၊ ထောင်မျက်စိဖြင့်၊ ဇာတိလွှ ပြည်၊ ရွှလသည်တွင်၊ သုံးမည်သာသနာ၊ ဝန်ကြီးစွာကို၊ သမ္ဘာခိုင်ခံ့၊ ဘုန်းတော်ပုံ၍၊ ဆောင်အုံသံကျန်း၊ ပြည်ရေးငန်းလည်း၊ တစ်ကျွန်း မျှသာ၊ မတူရာထိ၊ စကြာဝိုက်ခွေ၊ တစ်ထိုက်မြေနှင့်၊ဒေဝါလယ၊ နှစ်ဌာန သို့၊ ဒေ သစာ၀ီ၊ ရွှေစက်ချီ၍၊ လောကီပတ်ဝုတ်၊ ဗိုလ်အစုတ်ကို၊ ဝိမုတ်မြို့က်ဆေး၊ ပေးအုံသကား၊တို့ဘုရား ကို၊ ထင်ရှားမျက်မြေ၊ မြင်တုံလေသော်၊ ဘယ်ခွေ ညာကွန်၊ မလန်းဟန်ပြင့်၊ သံဒုန်ထစ်ထစ်၊ ဥခါန်း ဟစ်လျက်၊ ကသစ်သခင်၊ ဝမ်းတော်ရွှင်သည်၊ သို့စင် မဖြစ်စဖူးတည်း၊

၁၀၊ ကသစ်သခင်၊ စိတ်ရွှင်ဝမ်းသာ၊ သောင်းမျက်နှာ၌၊ ပြဟ္မာနတ်ကောင်း၊ ဖော်ညီ ပေါင်း၍၊ ဆယ်ချောင်းဦးညွတ်၊ ဗောဓိသတ်ကို၊ နတ်တုသိတာ၊ ဘုံဝိမာန္မ၊ လူ့ရွာသက်ခွင့်၊ သင့်ပြီဩမွန်၊လျောက်တောင်းပန်သို့၊ စတ္တာန္တရ၊ လောကတစ်သွား၊ လူနတ်များလျှင်၊ ဘုရား၊ဘုန်းကြီး၊ ဟို့ဓောထီးကို၊ မြှောက်ခိုးရှိဝန်၊ ခွင့်တောင်းဟန်အား၊ နောင်ဖန်သာသနာ၊ နှစ်ထောင်သာ၍၊ လေးရာထိုင်းရှည့်၊ အလိုင်းပြည့်သော်၊ ငါ၏ဓမ္မက်၊ မြို့က်နှက်တံကို၊ နွှင်းစဖက်ကွန်း၊ တုမဲ့ထွန်းသား၊ မန္တလေးတောင်၊ သာခေါင်မင်္ဂလာ၊ မြေအချာထက်၊ ရတနာပုံမည်၊ ပြည်ကြီးတည်သည်၊ မြန်ပြည်အုပ်စိုး၊ နေ့နတ်မျိုးလျှင်၊ မြတ်နိုးချီးပေ့်၊ ဆောင်လတ္တံဟု၊ ချို့ပျံ့သံခြေ၊ ဗျာဒိတ် ထွေ ကြောင့်၊ ရက်ရေမြင့်ကာ၊ လင့်လျက်ကြာ၏၊ အခါလျော်ညီ၊တော်ပြီဘုရား၊ လူသုံးပါးကို၊ သနားထောက်ကူ၊ ကယ်တော်မူဟု၊ ဇမ္ဗူစိုးရန်၊ ခွင့်တောင်းပန်သည်၊မုဋ္ဌာန်သာယာညို့နှုးတည်း၊

၁၁၊ ထိုသရော်ခါ၊ တို့မြတ်စွာကား၊ မင်္ဂလာ ရွှေအိမ်၊ ရိပ်ငြိမ်ခံ့ဝဲ့၊ စံပယ်ဆဲတည်၊သဲသဲကျော်လျှိုက်၊ ကျွန်းလုံးမြို့က်မျှ၊ သို့က်တဘောင်တော်၊ ကောင်းကျော်စံနည်း၊ ဓာတ်လည်းဇုဝိယုဂ်၊ နှတ်ဩမက်မွှက်၊ အိပ်မက်တော်ရိပ်၊ နတ်တံဆိပ်ကို၊ နိခဓ္ဓ ဝိညာဉ်၊သမ္ဘင်ဖြင့်၊ ခိုင်မှုဉ်မရှိ၊ လုံးထွန်းသိ၍၊ စရိယသုံးပါး၊ ဘုရားဖြစ်စာ၊ ကျင့်တံထွာကို၊ ငါတည်းသင့်လျော်၊ ဖြည့်ခွင့်တော်ပြီ၊ ဝုဋ္ဌေါ ဓောဓေယျံ၊ မုဏ္ဍောမောဓေယျ်၊ တိဏ္ဏော တာရေယျ်၊ ကြိုးသံတွတ်တုတ်၊ ရွှေခွန်းလွှတ်ပြီး၊ သိဒ္ဓတ်ဘုန်းစည်၊ ကဋ္ဌ လ်ပြည်မှု၊ ရွှယ်ရည်အာရုံ၊ ဓောဓိဘုံသို့၊ ကိုယ်ယုံညဉ်ဝယ်၊ ထွက်စံပယ်သို့၊ ငြိတွယ်လေးမွား၊ မာန်ကိုတားလျက်၊ မြေသားမိုးသူ၊ စိုက်ထူညီထော်၊ မီးရှူးရောင်ဖြင့်၊ ရွှေတောင်အမရ၊ နန်းဌာနမှ၊ သတ္တသတာ၊ အဝါညီးညီး၊စက်ယာဉ်စီး၍၊

ထီးလိုမင်းလို၊ ယာယီကြိုသည်၊ ရွှေပိဿဓိရည်စူးတည်း။

၁၂။ နေမြစ်ပထမ၊ နန်းသိခိုဠ်၌၊ ဘုဝအခေါင်၊ ပြည်ထဲအောင်သော်၊ နောင်တော်ဘုရင်၊ လက်ထက်တွင်က၊ သူ့ရွှင်သနင်း၊ ဝိလပ်မင်းလည်း၊ ဝင်းဝင်းလှုံမောင်း၊ နေရှိန်ထောင်းသော်၊ ဖယောင်းခဲဆိုင်၊ ကြေကွဲယိုင်သို့၊ လက်ပြိုင်ခုခံ၊ မလုပ်ကြံဘဲ၊ ကျိုးနွံကြောက်ရပ်၊ စက်အောက်တုပ်၍၊ ထည်အုပ်ဖိုးလွန်၊ အမွန်ရတနာ၊ စကြာသတ်ဘော်၊ ဆင်ရောမြင်းပုံ၊ လက်နက်စုံဖြင့်၊ ကြည်ယုံဆက်နွှဲ၊ အညှဲခံလျက်၊ သံလည်းစေလွှတ်၊ မာန်စွယ်ကျွတ်၏၊ မည္ဆတ်သည်တိ၊ မရှိရလေ၊ မိုးနှင့်မြေကို၊ ပရမေဘုန်းစည်၊ မျက်နှာရည်က၊ မတည်ထိန်နန်း၊ ဖြန်းပြန်းလန်း၍၊ လေးကျွန်းအလုံး၊ ရွှေစက်အုံးသည်၊ ပတ်ကုံးရန်ညာ ဆွတ်ခူးတည်း။

၁၃၊ မြေပြင် ခပ်သိမ်း၊ ရန်မီးငြိမ်းသော်၊ ခြောက်ခြိမ်းစကာ၊ အသုရာကို၊ အောင်ခါရွှင်ကြည်၊ ဝထိန်ပြည်သို့၊ ရွှေစည်ငြိမ့်ငြောင်း၊ နတ်ဗိုလ်မေငြိုးနှင့်၊ တင့်ကြောင်းကဲ့သို့၊ သိကြားပြန်သို့၊ အောင်ပန်လယ်အောက်၊ ကွန်းပြောက်ဗိမာန်၊ ဘေးတော်ဖန်သည်၊ တောင်ဆမန်ညာ၊ နန်းသိဂ်ါသို့၊ အာကာမိုးမွှေ၊ နတ်ဗိုလ်ခြေသို့၊ မြေ တကြောတုန်၊ အခေါဘဏီ၊ ဆဲ့ရွှစ်လီတည့်၊ ရုံးညီဗိုလ်လူ၊ ထီးရာဆူလည်း၊ ကြယ့်တူရုံပတ်၊ ဓဇ္ဇာရဉ်နှင့်၊ နတ်ရေနဒီ၊ ဗာသုကီသို့၊ ကိုယ်စီခြံရံ၊ ကိုယ်တုန်းကံဖြင့်၊ စက်ထိုဦးခိုက်၊ နောက်တော်လိုက်လျက်၊ မကိုင့်မုံရင့်၊ ပွင့်အုံကြာတြား၊ တုန်းတုရားလျင်၊ ဘဝါး ဦးတည်၊ ပြန်တော်လည်သည်၊ ရန်နည်စက်ခွိန် ဟူးဟူးတည်း။

၁၄၊ ။အမရရွှေနန်း၊ မြန်းဦးချိန်ခိုဠ်၊ ဂေါဝိန် ဂေါဇာ၊ ဗြိတ်လာဗြိတ်သွား၊ ဆယ်ပါးဂတိ၊ ပရိမဏ္ဍလ၊ နိုင်ငံငှသား၊ ဂြဟရာသီ၊ သုံးလီတြင်း၊ နဝင်းကိုးချက်၊ အပျက်အဆန်း၊ ဓာတ်ပန်း ဇုဂ် ယုဂ်၊ အဆုပ်အရပ်၊ ကပ်ခရာပုံ၊ မိပ်ခုံ နိမိတ်၊ အစိတ်အဖန်၊ ဤ ရွှေဥာဏ်လည်း၊ မ ကန် လေ စွ၊ ဆ ဌ ဂ် တိ၊ ဝေဒသုဇ္ဇမ်း၊ သုတိ ကျမ်းကို၊ ဖက်ကမ်း ထုတ်ချောက်၊ ရွှေဉာဏ်ပေါက်သည်၊ မြောက်ဦးတင်သူ၊ ဟူစ ခေါက်ရက်၊ စံမဖက်တည့်၊ စကြာ့ သနင်း၊ မင်းဏ်ရတနာ၊ ညာမဟေသီ၊ နတ်ဓေဝီနှင့်၊ လေးဒီပ ရှင်၊ ဘီညာဏ် မြင်ကို၊ ဆန်ကျင်မရှိ၊ နှစ်ပါးညီ၍၊ ဂီရိမဏ္ဍိုင်၊ မန်းဦးကိုင်တက်၊ နေပြိုင်လဝါ၊ မန္တန်းသာသား၊ ရတနာပုံ၊ ပြည်ရန်လုံကို၊ အာရုံဆောက်တည်၊ ဖန်အုံရည်သည်၊ ဇာနည်နရ ရန်ဝူးတည်း။

၁၅၊ ခေတ္တပြည်ထောင်၊ ဒွတ္တဓေါင်နှင့်၊ ကျော်ခေါင်နှံ့သိ၊ ပါဠိလိဝယ်၊ သီရိဓမ္မာ၊ ရာဇာသောက၊ သီဟဠ၌၊ ဒုဋ္ဌဂါမဏီ၊ အရိမဒ်စီး၊ နေမျိုးမင်းကြီး၊ စောထီးရာဇာ၊ နော်ရထာတို့၊ သာသနာ့ရှင်၊ ဘုရင်မင်းကောင်း၊ ဟူထုံရှောင်းလည်း၊ ဆူးစောင်းတစ်စက်၊ ပျားတစ်ခွက်သို့၊ သက်သက်မြူမှဲ၊ မကင်းခဲ့တည့်၊ ချို့ထဲ့အင်္ဂါ၊ အကြောင်းမှာကား၊ ပါဏာတိပါတိ၊ မလွတ်ငြိစွန်း၊ တက္ကထုန်းကို၊ ရဟန်း အရှိယာ၊ ထင်စပါ၍၊ သရဏာဂုဏ်၊ ယုံဗဟူဗိ၊ ဇဲ့ဖွယ်ရှိ၏၊ ဟာရိတနတ်၊ ငြဟ္မာမြတ်တို့၊ အထွတ်မာရဇိန်၊ ဘုန်းရှိန် လျှံတောက်၊ တို့ရွှေမှောက်ကား၊ မြူလောက်ပြစ်ဆား၊ မရှိစွာ၍၊ သာသနာ့ရှင်၊ ဗျာဝိတ်ဝင်နှင့်၊ သိုက်ဝင်မင်းဆုံး၊ ဘက်မဲ့ကျုံး၏၊ သုံးလေးငါးခြောက်၊ မြောက်တုံခုနစ်၊ ရှစ်နှင့်ကိုးသွယ်၊ ဆယ်ဆဲ့နှစ်မည်၊ စွမ်းရည်သင်္ကြိပ်၊ ဗိုလ်ဂုဏ်ရင့်၊ မင်းတွင်ကျေးဒူး၊ ရောင်မြူးနဝရတ်၊ မြတ်ရာဇဓေ၊ စက်ပျံယာဉ်စီး၊ မင်းကြီးကျင့်တမ်း၊ ဖွယ်ရာငြမ်းလည်း၊ ညွှန်လမ်းမရှိ၊ လုံးစုံသိ၍၊ ဝိနာယက၊ မည်တင့်လှသည်၊ စကြာ့သင်္ဃ ရွယ်လူးတည်း။

၁၆၊ ဝနမိဂ၊ ဘုပါလနှင့်၊ ဓိရတ္တက်ကျုံး၊ ပုဂ္ဂိုလ်သုံးတို့၊ နှလုံးနိုးနှန်၊ ဘေးကိုလန်၍၊ လိုလွန်စိတ်ချ၊ မအိပ်ရဟု၊ ရွေးကဥပဒေ၊ ရှိပလေလည်း၊ ကျက်သရေမရှိန်း၊ မင်းဖြစ်ဆန်းတို့၊ မာန်ကျန်းစွမ်းဇက်၊ ကိုယ်ထက်အားခွန်၊ ဂုဏ်လွန်သည်ရှေ့၊ လူ့ရွှေသေး၍၊ ဘေးကိုင်ဖဲ့မြေ၊ စက်မပျော်တည့်၊ သင္ဘော်ဘူမ၊ စကြာရသည်၊ လောကလုံးမှန်၊ ဘဝဝန်ကား၊ တသွန်လှုနှတ်၊ ပရိသတ်တို့၊ ခရိယာယ်ယ၊ ဂုဏ်သဒ္ဒကြောင့်၊ ချေသားဦးခေါင်း၊ မာန်စောင်းမထော်၊ ရွှေကိုယ်တော်ထက်၊ လွန်ကျော်သည်ရှေ့၊ ။ လူမဟဲ့၍၊ မင်္ဂလာ၊ နန်းသိဂီါထက်၊ ချမ်းသာရွှင်ထိန်း

စက်တော်ကျိန်း၏၊ အကိန်းအခန်း၊ ဂဏန်းမရာ၊ စက္ကဝါကို၊ ယော်စွာသိမ်ခွေ့၊ မုန့်ညင်းစေ့ဖြင့်၊ ဤရွှေ့အစ၊ ဤမှအဆုံး၊ ခန့်တွက်ကျိုး၍၊ တလုံးတထုံက်၊ စဉ်လိုက်ချထွေ၊ ငြဟ္မာရေလည်း၊ ရေနှိုင်မည်သာ၊ ရွှင်သမ္ဘာကား၊ သခ်ျာသက်သက်၊ ကိန်းမထွက်သည်၊ နဂိုဂ ဇွီဂုဏ်ထူးတည်း။

၁၇၊ ဘဝအထွက်၊ ရွှင်သိဒ္ဓတ်အား၊ ဒုက္ကဋ်ခြောက်နှစ်၊ ဘုရားဖြစ်၍၊ သံဝစ်အတွင်း၊ မာန်နတ်မင်းလျှင်၊ ညီးလင်းထိမ်းစောင်း၊ မကောင်းကျင့်နှိုး၊ လင့်နိုးမပြတ်၊ ကြည့်ရှုလတ်လည်း၊ နိရယ်ထွက၊ အာစာရကို၊ မြူမှုမမြင်၊ သန့်ရှင်းစင်၏၊ လုလင်ဥဏ္ဍရ၊ မာဏဝလည်း၊ ခုနစ်လစင်၊ ထံတော်ဝင်၍၊ ရှင်ပင့်အပြစ်၊ လစ်မလစ်ကို၊ ကုတ်ကျစ်ထဲသံ၊ ခွင့်ရှာကြဲလည်း၊ ဆံတမျှင်ရှိ၊ ပြစ်မမှီ၍၊ ငြီးဘိသော့အား၊ ခွာထွက်သွား၏၊ နှစ်ပါးခြင်းရာ၊ ထို့ပမာတည့်၊ နာနာစေ၁ဂ၊ ဝိတက္ကတို့၊ ရာဇလက္ခဏာ၊ ဧမ္မာစ်ရီ၊ ညီမညီကို၊ နှစ်လီကြာမြင့်၊ စီးစောင်းချင့်၍၊ ခုရင့်ဧဝါသ၊ ရှာကြံကြလည်း၊ သူရိယမိတ်၊ ထိတိတ်ဘုရား၊ နရဗျာ၏၊ လေးပါးပေါင်းညီ၊ အဘိသမန်း၊ တရားကိုယ်ကား၊ မယိုမယွင်းတစ်မုန့်ညင်းမျှ လစ်ဟင်းမမြေ့၊ ကျေးဇူးတော်သည်၊ ဇမ္ဗော်နိထု့လျှော်ဦးတည်း။

၁၈၊ အဓိပတိ၊ ထိုင်းမသီသား ဗါရမီ့သခင်၊ စကြဲ့ရွှင်ကို၊ သောဏ်ဆွင်ပြောထူ၊ နတ်နှင့်လူတို့၊ ကြည်ဖြူသဒ္ဓါ၊ လက်မှဲ့ ကြာဖြင့်၊ အာဏာတန် ခိုး၊ ဖြိုးထက်ဖြိုး၍၊ ထိုးပစ်မှဲ့ငှာ၊ သာသနာလျှင်၊ သုံးရာ ညွန့်သွယ်၊ ကိုးဆယ်နှင့်ရွှစ်၊ နှစ်ထောင်နှစ်ခွဲ၊ ဘုန်းသစ်နုဘော်၊ အောင်မျို့တော်ကို၊ ခေါ်လေ့ ပရမေ၊ တောင်းပန်ထွေကြောင့်၊ ရေမြေတောင်ထွတ်၊ ဥပပတ်တည်၊ နတ်နဂရာဇ်၊ တစ်လွှစ်မိုးဖျား၊ သိကြား သုယ၊ သန်ကမာ၊ သုဒ္ဓါဘုံသူ၊ သယမ္ဘူသို့၊ ပစ္စုဖွင့်ဖွင့်၊ ပူဇော်လင့်လျက်၊ လိုက်သင့်ညီညာ၊ ရံစကာတည်၊ စုလွှာသီထိ၊ တောင်ရှိခရိုင်၊ ထီးနန်းပိုင်လည်း၊ အပြိုင်လက်အုပ်၊ ကြာသို့ရုပ်လျက်၊ ပတ်ချုပ်ဗိုလ်တဲ့၊ သုံးဆယ့်ခြောက်ယူဇနာ၊ ငြဟာနိကာယ်၊ သဘင်လယ်၌၊ စယ်ဥန္ဒာခန်၊ ခုန်စဟန်နှင့်၊ ဂုဏ်ဟန်ရောင့်ရောင့်၊ ခြသို့ စောင့်သည်၊ အမြောင့်စား၊ ပတ္ထမြောရောင်ရိပ်၊ ပလွင်ထိပ်ထက်၊ မာန်နှိပ်နင်းနှင့်၊ တင်းတင်းစံလျက်၊ အောင်သံဩဘာ၊ မဂ်လာဖြင့်၊ မုဒ္ဓါရေစင်၊ သိဒ္ဓိတင်သည်၊ ကောင်းကင်ဘဝ် ထိမူးတည်း။

၁၉၊ မုဒ္ဓါဘိသေ၊ ကျက်သရေမျှ၊ ခေါ်၊ အာနုဘော်ကြောင့်၊ မနော်ရထနာ၊ သုံးထွာလုံးဝန်း၊ သွန်း သွန်း အ လျား၊ လေး တောင် အား သည်၊ သားသားကွန့်ဗြီး၊ ကြိုးဝါးဆယ့်ခြောက်၊ ရာလောက် ထိန်ညီ၊ ဝေဠုရိန်ခုံ၊ ဇုတိမန္တ၊ ကာသစာရီ၊ မူးချိန်မှီသည်၊ တိမ်ဆီကွန့်ဗ်ဒ္ဓါ၊ ပုလဲမျက်နှစ်၊ တစ်ကြိမ်ပစ်က၊ ခြစ်ခြစ်သံဝါ၊ လောင်မီးပါမျှ၊ တစ်ရာအံ့သွား၊ ဖွားဖွားထွက်စည်၊ ဖြတ်ပိုင်းရည်လျက်၊ ဝိညာဉ်ရှိသူ၊ ရွယ်ရာယူသည်၊ ဂုနဆူကျွိက်ပွက်၊ နတ်လက်နက်က၊ စက်နရိန်ထိပ်၊ လျှပ်တရိပ်ဝယ်၊ ခွာနိပ် ခုန်ဆွတ်၊ သုန်သုန်ပတ်သား၊ အဃာဇာနည်၊ ဒွေရည်ကိုယ်သွေး၊ ကိုယ်မွေးမင်း၏၊ မျက်လျှ ရွဲရွဲ၊ ပုလဲရတနာ၊ လျှာအာခြေသည်း၊ သန္ဓာချည်းတည့်၊ လှည်းရထားသန်၊ ဤသာဒနိလည်း၊ ဆဗ္ဗဏ္ဏာရောင်၊ ဝဋ်ထိုင်းပြောင်လျက်၊ မိုးခေါင်လှည့်ပတ်၊ ရွှေဂူနတ်ကို၊ မင်းမြတ်ဘုန်းသန်၊ သုံးဘော်ရန်ဟု၊ ထုတ်ခွန်နတ်တို့၊ ဆက်လာပို့သည်၊ ပျို့ပျို့သမ္ဘာငှံ့ဖူးတည်း။

၂၀၊ စတုရာသီတိ၊ သဟဿီဖြင့်၊ ပရိမဏ္ဍုိင်၊ သောင်းဦးကိုင်ထက်၊ ခရိုင်သီးသီး၊ ရိပ်ဖြူထီးနှင့်၊ ပြည် ကြီး စိုး ချုပ်၊ တစ် ဂိုဏ်း အုပ် သည်၊ တရုတ်သင်းတို့၊ လွှဲခဲ့သီခေါင်၊ သံဒေါင်တံတား၊ ဘုရားဌက်ကြီး၊ ထီးငသေည်၊ ညာစည်လှည့်သွား၊ ဥဒည်လားသော်၊ နားခါး တစ်ဖက်၊ စာနက် ထင်ပြဲ၊ မွဲနဖူးစည်း၊ ကျော်ကသည်းက၊ ယွန်းလည်း ဥသို့၊ ခုံလည်းပတ်ဝိုက်၊ သမုဒ်ခိုက်လျက်၊ စရိုက်တထူး၊ ပသ္သူးဘုမ္မ၊ နာဝိမဟီလ၊ သရစ်ကြာ၊ ပန်ထွာပဋိက္ကရား၊ ကုလားရှက်ကွဲ၊ ကံတူးတသီး၊ နေးကြီးနှင့်၊ ရေမီးထိန်ထိန်၊ ကက်စိန် တက်ခေါင်၊ ဂေါရခေါင် ဂါဟတ်၊ အက္ကပတ်အာသံ၊ ပတ်ခြံ့ရံသည်၊ တမွှေးသေးပရန္တဟု၊ ထိုင်းမ နိမိတ်၊ ခရိုင်စိတ် နှင့်၊ အမြိတ်အစွန်း၊ ပင်လယ်ရန်းသာ။ ကျွန်း အတည်တည်၊ မင်းတို့သည်လည်း၊ ဖြိုးစည် မျှားစွာ၊ ရတနာနှင့်၊ ကညာတင့်စံ၊ ပဏ္ဏာနဲ့လျက်၊ စက်ထံလျှောင်းလျှောင်း၊ မာန်ညှဉ်ပျောင်းသည်၊ ဦးခေါင်းမြေထိ နမူးတည်း၊

၂၁၊ ဤရွှေ့ လာသည်၊ ကထာ မဂ္ဂ၊ ဝစနကာ၊ ဧသမ ဘုရား၊ မင်းခေါင်ဗျာဒိ၊ ဆက်ပွား စီလျဉ်၊ နွယ်တော်စဉ်နှင့်၊ ခညပုည၊ ပဝရလက္ခဏာ၊ တုဘက်ကွာသည်၊ အသာခရွက်၊ ရာဇာဂုဏ်မူ၊ဝသုန်ဘဝဂ်၊ ခုန်တက်လည်လိုမှ်၊ တခြိမ့်ခြိမ့်တည်၊ ရွှေအိမ့်အသည်၊ တမွတ်ရည်လျက်၊ ဥဒည်မဂ်လာ၊ ဧခြင်းရာကား၊ သမ္ဘာတော်ရင့်၊ အောင်ချိန်သင့်၍၊ ပွင့်သည်ထိုင်ထိုင်၊ အကိုင်အကန်၊ မရေရန်ကို၊ ရွှေမန္တာပြန်၊ နတ်မြစ်သွန်သို့၊ ဖန်ဖန်ငြိမ့်ရွှန်း၊ သီတာသွန်းသည်၊ မော်ကွန်းတင်ထ ပဏ္ဍမတည်း။

ဒုတိယပိုင်း

၂၂၊ အထူးအထူး၊မြတ်ကျေးဇူးကို၊ကျမ်းဦးပထမ၊ ဂါထာပြဖြင့်၊ သာတဂုမ္ဘ၊ ဒေဝသုဝဏ်၊ရွှေစ်လွန်ကို၊ အမွန်ဖိုးနှက်၊ ဝေဠု မျက်နှင့်၊ မိတ်ဖက် စပ်နွယ်၊ တင့်ကြောင်းခြေယ်သို့၊ သုံးသွယ်လက်ား၊ ဩဇာချိန်ခုံ၊ မြိုက်ဆီညှစ်ပြီး၊ ဘုန်းသစ်ရွှန်းရွှန်း၊ ရွှေစောင်းတန်းကို၊သွန်းထွန်းညွှန့်လူ၊ တစ်ခန်းထူပိမ့်၊ တစ်ဆူဝမွေရတ်၊ နောင်တော်မြတ်၏၊ ထိန်းမှတ်သာသနာ၊ ဗျာဒိတ်မှာလျှင်၊ လေးရာပြည့်ရန်၊ လေးနှစ်ကျန်နှင့်၊ သာလွန်ဖြိုးမောက်၊ နှစ်ထောင်မြောက်ထိ၊ ရွှေမှောက်ရာဇာ၊ မူဒွာသွင်း၊ မယင်လခီ၊ နှစ်နှစ်ဆီက၊ မဟိတလ၊ ယောနကဟု၊ရဋ္ဌဂိုဏ်းသီး၊ထိုင်းရပ်ကြီးထက်၊နန်းထီးသမုတ်၊ ထိုင်းစိတ်ထုတ်သည်၊ အယုဇ္ဈာရင့်၊ ဝန်းပတ်ရံကာ၊ ဒွါရာဝတီ၊ ပူရီနန်းရိုး၊ ကြွနှဲ့နှံးသည်၊ ယိုးဒယားမင်း၊ ယွန်းသနင်းလျှင်၊ ရွှေအင်းဝပြည်၊လေးကြိမ်တည်နှင့်၊ ဘုန်းစည်အမြတ်၊ နောင်စောထွတ်တို့၊ တမွတ်တင်ထ၊ လက်ထက်ကပင်၊ မြန်မာ့နိုင်ငံ၊ အရံထီးနန်း၊ ရွှမ်းနှင့်ယွန်းကို၊ တစ်စွန်းတစ်စ၊ နောင့်ယှက်ရ၍၊ မာနကိုးစား၊ ထင်ပိုင်ဝါးနှင့်၊ဘုရားဘုန်းဘက်၊ ရွှေလက်ထက်လည်း၊ အာဏာမရ၊ ကြံစကာသည်၊ အာဏာကြွးကြုံးဝါးဝါးတည်း။

၂၃၊ တစ်ဆယ့်နှစ်ခရိုင်၊ နယ်ဆိုင်ယှက်ကူး၊ ပြည်ထောင်လူးတို့၊ ကွပ်မှူပိတ်ချုံး၊ ထုတ်ခွန်ကျုံးသား၊ ကျိုင်းရုံးကြီးစား၊ သေည်ဝီဘွားနှင့်၊ မပြားတစ်ဝမ်း၊ ချစ်ကြည်ချမ်းသည်၊ နန်းငြမ်းဟူစွာ၊ ဥပရာလျှင်၊ ကြမ္မာထိတ်ပြာ၊ အနီဋ္ဌဖြင့်၊ မိတ္တဂိန္ဓာ၊ တလွှအလား၊ ယိုးဒယားသို့၊ ဝင်စားခိုကပ်၊ နှလုံးလျှပ်နှင့်၊ မအပ်မလျော်၊ မကြံတော်ကို၊ ဝက်ကော်စားကျင်း၊ နားပါးသွင်းသော်၊ ယွန်းမင်းဝမ်းထဲ၊ ကြဲရင်းစွဲတွင်၊ သတဲကံငြိ၊ ခုပုဂ္ဂိုလ်၏၊ အလိုဇြိတ်က၊ အဘိဿာဖြင့် မဟာဝင်ပေါက်၊ ဂုဏ်လွှဲလောက်သား၊ ကျောက်သီဝရာဇ်၊ ညီတော်ချစ်ကို၊ စစ်အမှူးကြီး၊ ဝိုလ်မျာ.ထီးဟု၊ မြောက်ချီးဘုရင်၊ သိဒ္ဓိတင်မှ၊ အမှင်ရဲရဲ၊ မာန်ကော်ခဲသည်၊ စစ်ကဲဝဲယာ၊ နာခွာနာလုံ၊ ရန်ပုံဖိုလ်ထဲ၊ ငှက်နှယ်ဝဲသည်၊ တောက်စဲမည်ရှိ၊ တောက်သိဒ္ဓိတို့၊ ဂိရိဂျောက်ဆိုင်၊ တောင်မကွဲ၍ဝိုင်ကို၊ ပစ်ချိန်မာန်လို၊ ငါတို့ဖြိုက၊ ဖြိုချအပြီး၊ နှလုံးကြိုးနှင့်၊ ခတ်ဘီးခကြွာ်ငြာ၊ စည်ခရာလည်း၊ ကြာကြာမည်ရွှန်း၊ ခြိမ့်ခြိမ့်အုန်းမှု၊ ခြကုန်းနွှိုင်းပုံ၊ ဗိုလ်ပေါင်းရံလျက်၊ ကျိုင်းတို့မြို့ ရောက်၊ ချီလာပေါက်၍၊ တပ်ခထောက်ဖွေးဖွေး၊ နှစ်ဆယ့်လေးကို၊ စည်းဝေးခင်းကျင်း၊ မာန်ရည်သွင်းသည်၊ ရန်တင်း လိုလိုလားလားတည်း။

၂၄၊ မူလဖွဲ့ါရာ၊ ပြည်အောင်ချာမှ၊ ယတြာရည်စောင်၊ ပြောင်းတည်ထောင်သည်၊ ဗန်ကောင်ပြဋ္ဌာန်း၊ ထိုင်းနွယ်ယွန်းက၊ ဇနန်းမြို့စား၊ မိုင်းပုံသားတို့၊ လူင်းထောင်ကျော်၊ ဗိုလ်ခဲဇောဒ်နှင့်၊ ဆော်ဆော်ဖန်ဖန်၊ မာန်တရိုရို၊ မိုင်းဟံမြို့က၊ ဆီးဆို့နောက်အုပ်၊ တပ်ခခြေလုပ်၏၊ ပြဖွာတကြော၊ ကိုးပြည်မောကို၊ ထိုက်လောကသျှင်၊ ရွှေဘုက်မြင်၍၊ ဘုရင်အသီး၊ တင်မြောက်ချီးသည်၊ မင်းကြီးမဟာ၊ မင်းလှမင်းထင်ကျော်၊ ဇမွော်နိုတို့၊ ဘွဲ့ပုံတမွတ်၊ မတ်စိန်ထွတ်လျှင်၊ နတ်စစ်သည်မူး၊ သားစားကြူးသည်၊ ဘီလူးပမာ၊ ရဲရွပ်ဝါနှင့်၊ မဟာဒေဝ၊ ထိမ်ကြဲးမင်း.ခါင်၊ သံတောင်ကျောက်ထိုင် တခဲစိုင်သို့၊ နောက်ယိုင်မယို၊ တပ်ဦးဗိုလ်ကို၊ ဆီးကြို့သတ်ဖြတ်၊ ထိုက်စိမ့်လွတ်သော်၊ ရေးတတ်မြောင်ဘင်း၊ တပ်ဦးမင်းလည်း၊ တစ်စင်းထီးခြာ၊ ကျိုင်းရုံးစားနှင့်၊ ထံပါးနေ့ည၊ ဖြဲစွဲရသည်၊ ဝလဧယျကျော်၊ တေဇော်စက်မီး၊ သူရဲကြီးကို၊ ဦးစီးကဲကွပ်၊ အရေးအပ်၍၊ ရာတင်သုံးသွယ်၊ ကျိုင်းရုံးနယ်က၊ ညာဘယ်ဖြန့်ခို၊ ခံစေဘိသည်၊ တောင်ကြီးသဏ္ဌာန် ငွားငွားတည်း။

၂၅၊ မြအရည်ရွှင်၊ ကြည်သွင်သွင်တည်၊ သံလွင်ရစ်ရံ၊ ရွှေကမ်းခိုဘွင်၊ ကျိုင်းတုံ့ စော်ဘွား၊ မိုင်းလိပ်စားနှင့်၊ ဘယားခန်းဝင်း၊ တင်းတင်းသံကြား၊

လွန်ဆတ်မြားသည်၊ ဘယားဗွတ်ပါ၊ အာဏာဝှန်ချောင်း၊ ရှမ်းမတ်ပေါင်းကို၊ လူကောင်း လက်ရွေး၊ သုံးထောင်ပေး၍၊ စစ်တလေးကွန့်၊ တံကြောင်းခန့်မှ၊ လည်ညွတ်ခွးဆွတ်၊ ဦးမချတ်သည်၊ မြန့်ရပ်ထင်ပေါ်၊ မင်းကျော်တန်ဆောင်၊ ခေါင်ခေါင်မာကျန်း၊ သံကိုသွန်းသို့၊ တုတ်တွန်းထိုက်နှင်၊ လေ့နှယ်လျင်သည်၊ မင်းထင်ဧယျကျော်ခေါင်၊ လက်စောင်ယာဝဲ၊ တပ်စစ်ကဲနှင့်၊ စိတ်ရဲမာန်ကိုး၊ ရွှပ်ရွပ်ချီးသည်၊ နေမျိုးသမန္တကျော်သူ၊ ဇမ္ဗူတရီး၊ လွန်ကျော် ဟိုးသည်၊ နေမျိုးသူရနော်ရထာ၊ ကေသရာမျိ၊ ရင်ဆိုင်ခံလည်း၊ မရွံ့ငြား၊ တန့်တန့်နင်းသည်၊ မင်းကျော် သီဟမင်းထင်၊ ရန်မျှင်လွှင့်မောင်း၊ လင့်မည်ောင်းသား၊ တကောင်းမိုးတား။ ငပင်းဆုတ်ဖြတ်၊ ဝါးမတတ်မျှ၊ သည်းမွတ်ကြီးကျယ်၊ စိတ်မငယ်သည်၊ စမွာယ်နှင့်ရှိရ၊ တပ်မှူးဗိုလိတို့ ၊ အလိုညီတူ၊ တဆောင်လှနှင့်၊ စိုက်ထူဝင့်ဝင့်၊ အောင်လံလွှင့်လျက်၊ အသင့်ပြင်ဆင်၊ ထိုက်တံ့ရင်သည်၊ ဆဲမျှင်မခံ့ မညားတည်း၊

၂၆၊ အခိုင်အကျည်၊ တောင်ကြီးတည်သို့၊ မုန်ရည်သွင်သွင်၊ ပြောင်မာတင်ကို၊ ပြုတ်ချင်မှုလောက်၊ လက်တွင်ပျောက်အောင်၊ သွေးပေါက်စိုစွပ်၊ ဆုပ်ဖြစ်သတ်သည်၊ ကြီးမြတ်ဂုဏ်ရှိန်၊ ဒါဋ္ဌာသီဟ်နှင့်၊ တစ်ချိန်ထိုင်းထွာ၊ နွှင်းလောက်စွာသည်၊ မဟာဒေဝ၊ တိမ်ကြွေးမင်းခေါင်၊ စစ်ဆောင်ထိန်းအုပ်၊ တပ်ဦးချုပ်သာ။ ဇာဟုဗ္ဓလ၊ သူရဗိုလ်ပါ၊ လူငါးရာနှင့်၊ သုံးဖြာသုံးကြောင်း၊ တပ်ချုပ်ပေါင်းကို၊ အုပ်ဆောင်းခြဲလျက်၊ ကျိုင်းတုံမြို့တောင်၊ တာတစ်ထောင်တွင်၊ သာခေါင်ပညပ်၊ ပြိုန်းဆံရပ်၌၊ တပ်နှစ်ဆယ့်လေး၊ ယွန်းရန်လေးကို၊ တစ်ကြွေးခွန်ကျော်၊ စည်မောင်းဆော်လျက်၊ ဖျော်ဖျော်ပစ်ကြဲ၊ ထိုက်သတ်မဲသော်၊ နွားကွဲ ကျားဖမ်း၊ ယွန်းမျိုးပွမ်းတို့၊ ပရမ်းပတာ၊ ရှုံးချက်နာ၍၊ ခွဲရာမူလ၊ ပြိန်းဆံကလျင်၊ ခိုပတိုသို့၊ လှည့်ဝိုက်ကြို့လျက်၊ မြို့အနောတ်ဆီ၊ စွန့်စလီကို၊ မိအုံလျင်ခုပ်၊ တပ်ခြေလှုပ်တွင်၊ ပတ်ချုပ်ညီညာ၊ ရှမ်းမြန်မာတို့၊ ညာ၍အားသစ်၊ လိုက်ထိုးပစ်က၊ ယွန်းစစ်ယောက်ျား၊ ဧင်းမယ်စား၏၊ ညီတွားမင်းလျှာ၊ စောဝန်းနာနှင့်၊ ကြေညာထင်ရှား၊ လက္ခနွန်းစား၏၊ နောင်ဖွားတပ်မှူး၊ မင်းနှစ်ဦးကို၊ ဟူးဟူး ပြင်းထန်၊ လှံချက် မုန်၍၊ ဝိညာဏ်ပျောက်၍၊ အသေရ၏၊ ရဲကစင်တင်၊ အာဝင်မုန်အိုက်၊ အလိစိုက်လား၊ စိုးထိုက်မင်းစီး၊ စစ်ဆင်ကြီးလည်း၊ ဖမ်းဆီးလက်ရ၊ အရေးလှသည်၊ ရွှင်ပပျော်ပျော်ပါးပါးတည်း။

၂၇၊ ဇမ္ဗူဒီညာ၊ ထီးတစ်ရာတွင်၊ ငါလည်းတစ်ဆူ၊ ဟူ၍ကြုံးခြင်း၊ ဗန်ကောက်မင်း၏၊ ညီရင်းဘုန်းတောက်၊ ကျောက်သေည်ဝိ ရာဇာ၊ ဘွဲ့သညာနှင့်၊ သေနာဓိပ၊ စောသူရကား၊ ဘဝစိုးတန်းတို့ထိပ်ပန်၏၊ ကျွန်သာမည၊ မတ်ငယ်မျကို၊ ပွဲရဆိုင်ပြိုင်၊ မယူနိုင်လျက်၊ ကြုံခိုင်စိတ်မာန်၊ အားမာန်မလျော့၊ မကန်တော့ဘဲ၊ ဟော့ဟော့ရမ်းရမ်း၊ နှလုံးသွေးနှင့်၊ အဟမ်းမမ၊ ကြုံးသံ၍၊ အဋ္ဌဝီသတိ၊ ရုံးညှိထိုထို၊ တပ်ပေါင်းဗိုလ်နှင့်၊ ခိုပတိဆီ၊ စွန့်စလီသို့၊ တက်ခြီဝိုင်းဝန်း၊ မြို့ကိုပန်းလျက်၊ ဖြန်း ဖြန်း ထိုက် နှိမ်၊ သုံးလေးကြိမ်လျင်၊ တိမ်အလိပ်လိပ်၊ မီးသို့ရိပ်မျှ၊ ကွက် စိပ် ရာ ဇ မတ်၊ ခ ရှ ပတ် တည့်၊ သေနတ်ဖြောက်ဖြောက်၊ အမြောက်စိန်ကြဲ၊ ရဲဆင်ထိုက်နှံ့၊ ကြိုးလုပ်ကြဲလည်း၊ မြို့ခံမှုထမ်း၊ မြန်မာရှမ်းတို့၊ နှမ်းကိုပတ်ပတ်၊ ဆုံးပွတ်သော့လား၊ ညက်ညက်ထွားမျှ၊ ဘုန်းအားကိုးကိုး၊ ထိုးပစ်ခုတ်သော်၊ ဆုတ်လည်းအဂတ်၊ တက်လည်းဝိုလ်ခြေ၊ တက် ထိုင်း သေ ၍၊ ဆားလေ့ရေနစ်၊ ဘေးကြိုးဖြစ်၏၊ ယွန်းစစ်သူကြီး၊ ဗိုလ်မှူးထီးလည်း၊ သေနီးမီနှံးမူး၊ ဖျပ်ဖျပ်လူးသည်၊ သွေးရွှဲကြောက်နာ ကြောက်ဖျားတည်း။

၂၈၊ ဧယျသေန၊ အမည်ရသည်၊ ယကွန္ဓယ်ဖြူး၊ ဘုတ်ဘီလူးနှင့်၊ ပွဲဦးလယ်ချက်၊ လက်ပန်းယက်သော်၊ ခုန်တက်လျင်ထွေ၊ လက်ဝဲခြေဖြင့်၊ လေသင်ခုန်းပြတ်၊ ဆန့်လိုက်ခတ်က၊ ဘုတ် နတ် ဦး ခေါင်း၊ ထိတိတောင်း၍၊ ချောင်းချောင်းသွေး၊ စိမ့်၊ မြေဝယ်လှိမ့်သည်၊ ကောင့်ရိမ့်လား၊ ယောကျ်ား ပီစွာ၊ ဟန်သည်ဝါနှင့်၊ မဟာဒေဝ၊ တိမ်ကြေး မင်းခေါင်၊ မတ်တန်ဆောင်လျင်၊ တောင်စွန်စလီ၊ စိမ့်တန့်စား။ ယိုးဒယားကို၊ လွင်လျားမကြာ၊ သည်တစ်ခါ၌၊ အာဉာဝက၊ ဒုကူလကို၊ ဝေါသမာန်ယစ်၊ မြေဝယ်ပစ်က၊ ဆယ့်နှစ်နှစ်စင်၊ မြက်တစ်ပင်မျှ၊ မြေပြင်ဟင်းလင်း၊ မပေါက်ကင်းသို့၊ တျင်း တျင်း မ ကွန်၊ မြစ် ရင်း လှန် အုံ၊ အားအင်ထောင်ထား။ သံကြဲးဝါးလျက်၊ ဘယား ကျော်သောင်း၊ ရှမ်းမတ်ပေါင်းနှင့်၊ သူကောင်းမှုထမ်း၊ မြန်မာရှမ်းတို့၊ သုံးလမ်းစည်းကြပ်၊ ဖိထိုက်

ညှပ်က၊ တပ်နှစ်ဆယ့်ရှစ်၊ ယွန်းမင်းစစ်လျှင်၊ ပြစ်ပြစ် ပျက်သုန်၊ ချက်ချင်းကုန်သည်၊ သူပုန်ပြည်းလှေး ပြည်မွားတည်း။

၂၉၊ လွတ်ဆုံးစံငှာ၊ ဘုန်းသမ္ဘာကြောင့်၊ အံ့ရာထူးလည်၊ ကြိုက် လတ် သည် ကား။ သူ့ပြည် ယွန်းသား၊ မိုင်းလွန်စားဟု၊ ထောင့်ငါးရာအုပ်၊ တပ်ချုပ်ပါမောက်၊ အပြီးမြောက်သည်၊ တောက် သေည်စီစွဲ၊ မတ်သူရဲကို၊ ပွဲကြီးတစ်ဆစ်၊ ပြစ်စေစီမံ့ငှာ၊ နတ်ဗလွန်ကို၊ မာယာဖန်သည်။ ကျိုင်းတို့မြို့ သို့၊ မရှိ့ မဝှက်၊ ပြက်ပြက်ထင်စွာ၊ ရံဖိုလ်ပါနှင့်၊ ရွှံရှာကင်းကင်း၊ ဝင်စေးလျင်းသော်၊ ခံတွင်းအပါး၊ စွဲသည်ပျားကို၊ စားငှ့်မြိန်ချို၊ မခဲငြိသို့၊ ဗိုလ်ပါနှင့်ကွ၊ အသာရ၏၊ အနန္တရဂုဏ်၊ ကြံးဟုန်ဖွေလွန်၊ ဘုန်းသန်ကို၊ ယာဇေတ္တကံ၊ ပိုင်းခြားခံ၍၊ မကြံကောင်းစွာ၊ ရှင်တော်သာလျင်၊ အနာဝရဏ်၊ ရွှေဉာဏ်ဟုန်ဖြင့်၊ အကုန်ကစင်၊ ကြွင်းမဲ့ မြင်လိမ့်၊ သဘင်ခြံမဲ့သဲ၊ ဤအောင်ပွဲကား။ မှတ်စွဲ ကောဇာ၊ထောင့်နှစ်ရာနှင့်၊သခ်ါဂတ္ဆက်ဆ၊စုဋ္ဌသတည်း၊ ဖဂ္ဂုဏနှစ်၊ သရဏ်ညွှန့်ညွှန်း၊ သာပေါင်းကွန်သည်၊ သင်္ကြန်ယတြာ၊ မင်္ဂလာဟု၊ အတာသဘင်၊ နွေသစ် ယင်သော်၊ အောင်မြင်ဥဿု်၊ အရေးကုန်၍၊ စုပုံ ရတနာ၊ မင်းလျာစိုးတန်၊ ဘဏ္ဍာမွန်လည်၊ ကိုင် ကန်ခြင်းငှာ၊ မတတ်ရာတည်း၊ စကြာ တော် အောက်၊ ဖြိုးမောက်လွန်ကဲ၊ ဆက်မစဲသည်၊ အောင်ပွဲလက်မွန် ခမ်းနားတည်း။

၃၀၊ ဇမ္ဗူဒိပ်မြေ၊ သောင်းချက်ဗွေတွင်၊ ဇေ ဇေသ၊ တဋ္ဌာနထက်၊ယောနကမျိုး၊သိမ်းပိုက်စီးသည်၊ ယိုးဒယားမင်း၊ ထီးတစ်စင်းကား။ ဘုန်းချင်းနှိုင်းချင့်၊ မနိုင်းသင့်လျက်၊ တဖွဲ့တပါး၊ ကြံမှောက်မှား၍၊ အများပျက်စီး၊ အချည်းနှီးလျင်၊ ဘေးကြိုးတွေ့လျင်း၊ ပြည်ထောင်ချင်းမှ၊ သတင်းမလှ၊ အရှက်ရလည်း၊ မချစိတ်လက်၊ ညွှန်လှုပ်ဝက်လျင်၊ ပြဉ်ထက်တစ် ဖန်၊ အိပ်တုံပြန်သို့၊ မာန်တဖီဖီ၊ လက်ရုံးချိုလျက်၊ ဇမ္ဗူ ဒီလုံး၊ ကြံးအုံရည်ချိန်၊ ငါးရိန်ကို၊ ဝရဇိန်ကွန့်ကွန်း၊ သိကြားဟန်လည်း၊ မလန့်လိပ်ပြာ၊ ဘယ်ထောင်း တာအံ့၊ အရာမလျော်၊ ခါမတော်က၊ ချွတ်ချော်စမြဲ၊ သည်တစ်ပွဲမူ၊ အမဲမကြေ၊ ရှိနှင့်စေဟု၊ ရွှေညီလာရုံ၊ ဗိုလ်ရွှံခံတွင်း၊ သံယိုစိုင်းပြင်း၊ အရေးခင်းလျက်၊ ခပင်း ဝန်းလည်၊ ရွှမ်းကိုးပြည်ကို၊ နှည်းမှုမကျန်၊မှောက်လှန် ထိုက်သိမ်း၊ ငြိမ်းပြီးခါသော်၊ သာသနာတည်ထွန်း၊ မြန်ဦးစွန်းထက်၊ ကြင့်ကြင်တစ်ဆူ၊ ထူအုံ့ ရည် သန်၊ ကိုယ်အားအနှန့်၊ မတန်လေစွ၊ ထိမာနဟု၊ ဒုက္ခ လောလော၊ ပရာဘောကို၊ မနောပိုက်ကုံး၊ အမြိုက် သုံးသည်၊ လက်ရုံး ထောင် ထောင် ထားထားတည်း။

၃၁၊ အယုဇ္ဈာသင်၊ ယွန်းသူ့ရွှင်လျင်၊ မာန်ဝင် ဟုံးစုံး၊ သံပကြုံးလျက်၊ကျိုင်းရုံးနန်းလျာ၊ ဥပဏာနှင့်၊ မိစ္ဆာရန်းလှေး၊ စင်ကြောင်းဆေးသည်၊ ဘဏ္ဍေတော် ချစ်၊ နန်းနွယ်စစ်တည်၊ စုံထစ်ကွမ်း၊ ဝံဒာဓိရသနှစ်၊ ရွှေစုလစ်နှင့်၊သင်းကျစ်သားသား၊ ယွန်းဃောကျိုးကို၊ ကိုယ်ပွားဖန်မန်၊ ကြီးမူးရန်၍၊ ဉာဏ်လက်ရုံး အား၊ အခေါင်ထားသည်၊ ဘယားဘယီဒို့၊ နှံ့သိ ကျော်ကြား၊ နတ်ယောကျ်ားသို့၊ ဘယားဂရုဓာဟု၊ ဗိုလ်စုကွပ်ကဲ၊ မတ်သူရဲလည်း၊ ယာဇဲတသွန်၊ သဲသဲ ဝှန်မျှ၊ ကျိုင်းလွန်မြို့ စား၊ ထီး စည် ခြား သည်၊ စော်ဘွားတြိဝုံသား၊ငါဘခံခံ၊ ရာဇသံနှင့်၊ မိုင်းနံစား သား၊ ဗညားပရဝုံ၊ ကိုယ် ရည် ယုံ တို့၊ ဗိုလ် ပုံ ပတ် ခြံ၊ ထပ် ထပ် ရံ လျက်၊ ဝန် ခံ နှစ် သောင်း၊ သူ ရဲ ကောင်း တွင်၊ လက် ဝေခင်း လက် ကျ၊ စွမ်းသန်သူလည်း၊ လူအပည်းပည်း၊ ခွပ်ဝပ်ချည်း တည်၊ ရိုက်ဟည်းမှန်သွင်၊ ရန်လိုခင်သည်၊ ဆင် တစ် ထောင်ကျော်၊ မြေခပါ ကြွားကြွား၊ ခွာမနားမျှ၊ ဗိုလ်ကြားဖောက်ထွင်း၊ ငါကိုင်းနင်းသည်၊ မြင်း နှင့်ရထား၊ ရေမအားတည်း၊ လေးမြားမီးပေါက်၊ အမြောက်စိန်သံ၊ မြေကြီးခွ ်မျှ၊ အောင်လံညီးညီး၊ စည်မောင်းတီးလျက်၊ စစ်ကြီးအုပ်အာ၊ ချီတက်လာ သည်၊ မြေချာပိတ်မျှ ဝန်းလျာတည်း။

၃၂၊ ခေမာဝရ၊ သာလှ ထိုင်းစည်၊ ကျိုင်းထု ပြည်က၊ ဥဒည်ပြုဗ္ဘ၊ ယုဇနာလျင်၊ သစ္ဓါဒန်ထောက်၊ ငါးပြန်လောက်၌၊ မြကျောက်တောင်ရေ၊ ဗိုက်ခွေ ရံကြို့၊ မိုင်းညောင်းမြို့ သို့၊ သူတို့စစ်အင်၊ ချင်းနင်း ဝင်၍၊ မြေပြင်မလပ်၊ တစ်ကြောင်းရပ်၏၊ တပ် တစ် သွယ်တု ်၊ များဗိုလ်ပုံနှင့်၊ ကျိုင်းထု ်တောင်လက်၊ ဘယက်မိုင်းဟဲ၊ လွန်စက်ခဲ၍၊ ရဲရဲတင်းတင်း၊ ဗိုပုံး ကွင်းက၊ ဝင်းဝင်းထောင်လ၊ စွဲရပ်ခံ၏၊ သံယိသည် ကား၊ ရေကြည်စီးရစ်၊ သံလွင်မြစ်ကို၊ အဆစ်အပိုင်း၊ ပရိုင်းတားလျက်၊ အရှေ့ဘက်က၊ ပြည့်နှက်ကျေးသီး၊ ကျိုင်းရုံးကြီးဟု၊ ထီးတစ်ပွင့်မူး၊ ဟော်ကွန်းဘူးခုံ၊

လူးဆဲ့ နှစ်ခရိုင်၊ ပနားပိုင်ကို၊ လက်နိုင်အုပ်ခြုံ၊ကျားနှယ်ဝင့်၍၊ ကျိုင်းတုံစကား၊ များလွယ်ပြိုင်းပြိုင်း၊ ကိုးပြည်ကျိုင်းနှင့်၊ မိုင်းလည်းကိုးဝှမ်း၊ အရှေ့ရှမ်းကို၊ မြွမ်းမြွမ်းပြိုက်ပြိုက်၊ အကုန်တိုက်မှ၊ နန်းကိုင့်ဟူစွာ၊ ဥပဇ္ဈာကို၊ ဧယာသတင်၊ မင်းခမ်းယင်၍၊ နန်းတင်ပြီး မြောက်၊ မြစ်အနောက်ကို၊ လက်ဖျောက် တီးကာ၊ ပြီးလွယ်စွာဟု၊ ဒွါရဝတီ၊ ပူရီစစ်သွင်း၊ စိတ်ကြီးဝင်သည်၊ ကျားသွင်မျက်မှောက် ဘားဘားတည်း။

၃၃၊ မင်္ဂလာရွှေပို့၊ ရန်ဖြိုပထမ၊ အောင်ဦးစွဲ၊ ဥဇ္ဈာရတိမဝန်၊ တောစွန်တောင်တည်၊ ထိဇက်ပြည်မှ၊ ညာလည်ရစ်သွန်၊ စီးလာဒုန်သည်၊ သံလွန်ကမဲခြေ၊ ဤဘက်မြေ၌၊ ပဇေသရာဇ်၊ မင်းစစ်သည်းခြောက်၊ ထီးကိုးပါးနှင့်၊ စောဘွားတပ်ပေါင်း၊ အသောင်းသောင်းတည်း၊ ခနောင်းရစ်ကွေ့၊ မြစ်အရှေ့က၊ ဓလေ့အထူး၊ ယွန်းလူးခုံမျိုး၊ လူတရိုးကို၊ တန်ခိုးတော်အုပ်၊ ချွေလက်ဆုပ်၍၊ ချုပ်တီသေ့လား၊ ကိုယ်တော်စား လျှင်၊ ယောကျ်ားရည်ကောင်း၊ ရန်ညောင်းခုတ်ဖျည်၊ နန်္ဒသေဋ္ဌ် သို့၊ ဥာ ဉ်ဝီရိယ၊ ဗလခံ့နိုင်၊ ရဲခေါင်ထိုင်သည်၊ ကျော်လှိုင်အံ့ချီး။ ဆောင်ယောင်ထီးနှင့်၊ မင်းကြီးမဟာနော်ရထာ၊ မည်သာတင့်မော၊ မတ်ဩ ရောကို၊ ကမ္မောဇထိုင်း၊ ပြည့်လှိုင်းဖိုလ်စု၊ ခြောက်ထောင်ပြသား၊ ကြီးထုပြောစည်၊ မိုးနဲပြည်က၊ ကျည်သရာလား၊ ရပ်တန့်နား၍၊ ပိုင်းခြားခွဲဝေ၊ စီရင်လေဟု၊ မြေသမုဒ်ဆုံး၊ ပတ်ကုံးကွပ်နှိပ်၊ ကိုးဘောင်ထိပ်ကို၊ ဘုန်းရိပ်ခြုံပတ်၊ မင်းမင့်နတ်က၊ လေးမြတ်တင့်ကဲ့၊ ရာတော်ထွဋ်သည်၊ စောရဲမတ်ခေါင် ဓယာကျ်ားတည်း။

၃၄၊ မိုးနဲရွှေပြည်၊ ရာတော်တည်သည်၊ အရှည်ရေးမြင်၊ မတ်ကျော်ထင်လျှင်၊ သူ့သျှင်ယွန်းသား၊ ယိုးဒယားတို့၊ စစ်အားအင်ကောင်း၊ ချီလာကြောင်းကို၊ ဦးခေါင်းကြေတွင်၊ သံတော်တင်သော်၊ ဘုရင်များတွတ်၊ လွှတ်သားနတ်တံ၊ ထွေတော်သံကာ၊ အကမ္ဘာသာ၊ သုံးလူ့ချာသို့၊ သစ္စာပွင့်အံ့၊ နှတ်ရန်ကို၊ တံ့တံ့စားစား၊ ခံပြီးငြားလျက်၊ သူ့အား သွေးပေါက်၊ ယင်တစ်သောက်မျှ၊ ရောက်စေသဖြင့်၊ ဝါမသင့်ဟု၊ ခွင့်မမြော်စွာ၊ မတကာသား။ ဒွါရသနင်း၊ ထီးတစ်စင်းနှင့်၊ ယွန်းမင်းသူပုန်၊ ကြမ္မာကုန်ကို၊ ကာရုဉဟိတ်၊ မြတ်သည့်စိတ်ဖြင့်၊ ထီတရံလန်ရံ၍၊ ယွန်းဗိုလ်ပုံကို၊ တောအုံ့ဝေးမြေ၊ နှင်ထုတ်လေဟု၊ ရွှေဗျာဒိတ်ညွှန်၊ သရကွန်သည်၊ လေသွန်ပို့.ပို့.ရှာရှာတည်း။

၃၅၊ ဤအရာတွင်၊ စကြာမိုးမြင့်၊ ထို့ဘုန်းပွင့်၏၊ အသင့်ယုတ္တိ၊ အရှိအမြင်၊ မုန်ရာတွင်ကို၊ မတင်နှတ်လျှပ်၊ ကမ္ဘည်းထပ်အုံ့၊ စေ့စပ်ကွဲပြား၊ စစ်သွားစစ်နေ၊ နှစ်ထွေကြံနှက်၊ ကာကကို့နည်း၊ အားသည်းကြိုးနွဲ့အည့်ခံဟု၊ ထုံးစံဇာရာဇ်၊ ဂုဏ်ခြောက်ဆစ်တွင်၊ ဝေဿဝတီ၊ လောကီစိုးခြုံ၊ မာရိမင်းတုံလည်း၊ ဗာဟုသဟသ်၊ ဣဒ္ဓိပါဒ်ဖြင့်၊ စက်လှတ်ပစ်ချိုင်၊ စစ်ကြီးဆိုင်၍၊ ပြိုင်ပစေကာ၊ မြူဆွဲသွားမျှ၊ မည်သာမကြို့၊ မတွန့်တို့သည်၊ မြင်းမိုရဲ့တစ်ချိန်၊ သမာဓိန်နှင့်၊ ဝရဇိန်ဉာဉ်၊ သမ္မင်ဒဲဖြင့်၊ ဖြတ်ယှဉ်တျင်းတျင်း၊ ဘုန်းတော်ခွင်း က၊ မာရိမင်းလျက်ကဲ့၊ တန်ခိုးမဲ့လိမ့်၊ အံ့ဘွဲ့အတိ၊ ရဲရဲညိသား။ ဣဒ္ဓိဝိဓ၊ ဘုန်းတေဇကြောင့်၊ အာသယဟူ၊ ဂုဏ်တစ်ဆူကို၊ ဘူပထဗျာ၊ တည်ကြာသရွှဲ့၊ မသုံးလေ့တည့်၊ မြေ.ထက်ဝန်းကျင်၊ ကွန်းလေးခွင်၌၊ လူစင်စစ်သာ၊ မင်းခုင်းမှာသော်၊ ဘဝတစ်၊ ကြိုးဖွယ် ရှိလိမ့်၊ သမ္မာဓိပြင်မ်း၊ တစ်ဖက်ကမ်းကို၊ လက်လှမ်းမိသူ၊ ဖြစ်တော်မူ၍၊ လူဖြင်ပည်းအား၊ ရင်တော်သားသို့၊ သနားချစ်ခင်၊ ဆယ်ကယ်တင်သည်၊ သို့စင်ပိုက်ပိုက် ဖြားဖြားတည်း။

၃၆၊ မင်းကြီးမဟာ၊နော်ရထာလျှင်၊ချွေဗျာဒိတ်သံ၊ ဦးဖြင့်ခံပြီး၊ သံလွင်ပြည့်လျှမ်း၊ အနောက်ကမ်းထက်၊ မောရှမ်းဖြင့်ပဲ၊ မိုးနဲကျော်ထိပ်၊ မိုင်းစိတ်မိုင်းပွန်၊ နောင်မွန်ခဲလဲချား၊ သီးခြားခရိုင်၊ မိုင်းကိုင်မိုင်းပ်၊ ခြရုံပတ်ဝန်း၊ ကျိုင်းခန်းတလိ၊ သိန္နီဟဲတို့၊ နတ်ကုံမလွတ်၊ သင်ညွတ်သင်မောင်း၊ သောင်းသောင်းများ၌ာ၊ ဒွေခွန်ရွာက၊ စသည်ပြောဟို့၊ သံကိုယ်စွမ်းရဲ၊ ဝိုလ်ခပဲနှင့်၊ မိုးနဲရွှဲဟောင်း၊ ငါးကြောင်းငါးတပ်၊ မလပ်မြဲမြံ့၊ ကိုယ် ရံပြွမ်းပြွမ်း၊ သူကောင်ထမ်းတည့်၊ ရှမ်း နှင့်မြန်မာ၊ရက်ရောစွာသည်၊ ဘူတာရက္ခသ၊ ဒါန်ဝသို့၊ ဖြဖြဗိုလ်ညီ၊ခေါ်ဘဏီတွင်း၊ရဲဆီဝင်းဝင်း၊ ကြောက်ရွံ့ကင်းသား၊ မင်းလှမင်းခေါင်ကျော်၊ ဤကြော်ထိုးဟုံး၊ လက်ရုံးကိုးသား၊ နေမျိုးမင်းထင်သီဟသူ၊ ခမ်ယူဘွဲထူး၊ မတ်နှစ်ဦးကို၊ ကွပ်မှူးစီရင်၊ စစ်ကဲတင်၍၊ မဂ်လာရက်၊

စည်းလက်ကြိုက်ညီ၊ အောင်တပ်ချီသည် မတိသိမ့်သိမ့် ချောက်ချားတည်း။

၃၇။ တိုင်းကမ္ဘာ၄၊ မိုး နဲ က လျှင်၊ ကာ လ ကောဇာ၊ ထောင့်နှစ်ရာနှင့်၊ သန်္ဓာအမြတ်၊ ပန္နရသ်တည်း မိုးနတ်ရာသီ၊ တိတိဆန်းတက်၊ဆယ့်လေးရက်ဝယ်၊ ကောင်းဘက်ဥုန့်ဟုံး၊ စည်းလတ်စုံဖြင့်၊ ချီတုံဖြောင့်တန်း၊ တစ်စခန်း၌၊ ရေးငန်းခွင်နှိုင်း၊ ရပ်လင့်ဆိုင်းလျက်၊ ကျိုင်းခန်းနဂိုရှိ၊ ယင်းခဲတိုလိဟု၊ ရန်လိုပေါက်ပြောင်၊ ကျော်ခေါင်ကို၊ လှ ထောင် ထားလွှတ်၊ သေနတ်လုလင်၊ ဝန်းကျင်ရံကာ၊ ဗိုလ် တစ်ရာနှင့်၊ ညီညာဆီးဆို့၊ ကျိုင်းတုံမြို့က၊ မကြို့ မရွှ၊ ခြသေ့ခဲသို့၊ မြဲမြံစစ်ခြေ၊ စွဲရပ်စေ၍၊ ယွန်းမြေလူးခုံ၊ နယ်အကုံကို၊ လုံးစုံစေ့ငင်၊ မလစ် ရအောင်၊ ကြပ်မစိမ့်ထွေ၊ ချီတက်စေပြီး၊ဝေဝေခွဲခွဲ၊ ကြောင်းတက္ကဲတုံ၊ မိုးပြိမ့်မြို့တောင်၊ ဘားပေါင် သမတ်၊ လမ်းသို့လွှတ်၍၊ ပဒ္ဓတသိဟရာဇ်၊ ခြစ် ခြစ် သံ ဝေါ၊ တောင် လုံး ကျော် သည်၊ အမော်မည်သီး၊ ကရင်ကြီးနှင့်၊ ပေါက်ထီးကျဲဆိုး၊ ချီအားထိုးသို့ ကြယ်ပိုးကြီးငယ်၊ မြို့ငရိုဂ်ကွယ်လျက်၊ နယ်တစ်သီးခြား၊ တောင်ကြီးစားသည်၊ စေ့ဘွား ကဲ့သို့ ကရင်တို့လည်း၊ ဆီးဆို့တင်းကြမ်း၊ဇင်းမယ် လမ်းက၊ ဖုံးလွှမ်းသေ့ထွေ၊ စွဲရပ်စေ၏၊ အနေအခုံ၊ ဧရင်ပုံကို၊ အစုံအစေ့၊ ပြီးကုန်ရွှေ့လျင်၊ အရှေ့ ဘုရင်၊ ဗိုလ်စစ်အင်နှင့်၊ သံလွင်ကမ်းခိုက်၊ အောင်စာပ် ဆိုက်သည်၊ ဆူလှိုက်မြေရေမိုးဖျားတည်း။

၃၈၊ မြေကြီးဝယ်သုန်၊ သိမ့်သိမ့်တုန်မျှ၊ ကုန္ဒဒီမွေ့၊ သံလွင်ရေထို၊ ဗိုလ်ခြေခဲပျည်၊ ကူးအုံစည်၌၊ စိမ်းချည်မျက်မှန်၊၊မုန်ရည်မွန်၍၊ ရန်နှိုင်မည်ခေါ၊ ဇမ္ဗူကျော် သည်၊ ဆင်တော်ပေါက်ပြောင်၊ မျက်စည်း တောင် လျှင်၊ ခေါင်ခေါင် ဟည်းဟစ်၊ ပဲ့တင်ထစ်လျက်၊ ခြစ်ခြစ်ကျိုက်ပွက်၊ တောင်ကမ်းအက်မျှ၊ လေးဘက် မြေရောက်၊ ထောက်၏ မထင်၊ စွယ်ရှင်ဝဒီ၊ ဦးနှာ ချီလျက်၊ အသီမခံ၊ လှ လည်းမစွန့်၊ ဆွဲန်းလည်း ပြောင့်စင်း၊ မြစ်ကိုငြင်းသော်၊ ရှင်ရင်းသတို့၊ တို့ဘုန်း ပြီး၏၊ တန့်စိုးကဲလွန်၊ ဂုဏ်တံခွန်ကို၊ မိုးစွန်မောက် မောက်၊ မြောက်ချိန်အဆီ၊ ခါတန်ပြီဟု၊ သံဂီရတနာ၊ ရွှေပေလွှာထက်၊ ညြဘာတော်လှ၊ ဗျာဒိတ်သံကို၊ မိုးယံ ငြိမ့်ငြိမ့်၊ ကြက်သီးစိမ့်မျှ၊ ဦးနှိမ့်ရှိခန်၊ ဖတ်ကြားပြန် သော်၊ ဆဒ္ဒန်အသွင်၊ ရန်နိုင်ဆင်လည်း၊မွေခြေသံ သံ၊ ဟောက်ကြိမ်းနွှဲက၊ မြို့ငယ်သားမျိုး၊ဦးဆက်ကျို၍၊ ခေါက်ချိုးပပ်တုပ်၊ ဝိညာဉ်ချုပ်သို့၊ မလှုပ်ရှားဝံ့၊ ညီသားမာန်စောင့်၊ ဘုန်းတော်ဆောင်က၊ မှာသောက် သက်ကျန်း၊ ဖြောင့်ဖြောင့်သွန်းသည်၊ ရေပန်းယက် သဖွားဖွားတည်း။

၃၉။ မြမြစ်သံလွင်၊ ထိုဘက်တွင်၌၊ ဟွေဟင် သောင်ပြန့်၊ ပုလဲညွှန့်ထက်၊ အဝှန့်ဝိုလ်သင်း၊ အောင် မြေနင်းစဉ်၊ဝင်းငင်းတောက်ပြောင်၊ မိုးလုံးလောင်မျှ၊ လျှပ် ရောင် ဖိတ် ဖိတ်၊ ထိုး ရပ် ဖိတ် လျက်၊ ကြိတ် လည်ရဲရဲ၊ ခြိမ်းမဲရိုက်သည်း၊ တဟည်းဟည်းတည်း၊ ရှည်းရှည်းရွှန်းရွှန်း၊ ထစ်အုန်းသံရှိန်၊ ဝရဏ်နှင်လွှဲသး၊ ထိန်ထိန်ပစ်ချိုင်၊ မြေကွဲယိုင်မျှ၊ ဖြိုင် ဖြိုင် ဖြိုးဝေ၊ မိုးကြိုးစွဲ၍၊ နတ်ရေသီတာ၊ စံသောခါ၌၊ သဲသာ သောင်ထိပ်၊ ခုံစဲရိပ်ဝယ်၊ ချိမ်ချိပ် နောင်မောင်း၊ မရွှတောင်းတည်း၊ ခြောင်းခြောင်းဝှန်ပတ်၊ အလျှံ လွှတ်လျက်၊ မိုးနတ်ဣန္ဒာ၊ ဆက်သလာသည်၊ ဝဇီရာ ဝုဓ်၊ စက်ခုတ်ဖြတ်သွား၊ မိုးကြိုးသွားကို၊ မျက်ဝါး ထင်ထင်၊ ဗိုလ်ပေါင်းမြင်သော်၊ဝမ်းရွှင်ပီတိ၊ တို့ဘုန်း ရှိကို၊ သုဇီတမောင်၊ မြိုက်လက်ဆောင်ဖြင့်၊ အောင် ပစ်မှန်း၊ ဆက်လာဖန်သည်၊ မုန်၏မုချ၊ ရွှင်အားရ လျက်၊ သတကောဋ္ဌိ၊ လှ ညိုထိန်လျက်၊ မိုးကြိုးစက် ကို၊ ဖန်းထက်ဖုန်းဖျား၊ စောဘုရား၏၊ ရွှေတွား တော်ထံ၊ဆက်သန်သည်၊တစ်ရံမကြိုက်ဖူးဩဘာတည်း။

၄၀၊ ဗိုလ် ပေါင်း ကြည် လင်၊ ပီတိ ရွှင်လျက်၊ ဟွေဟင်ကျော်ထိပ်၊ စံသောင် မြိတ် က၊ ကိုယ် စိတ် မကြည်း၊ ချီခဲ့လှည်းသော်၊မိုင်းပျည်းရောဂါ၊ မိုင်း သတ်မှာလည်း၊ ရေးရာလွဲလွဲ တပ်စစ်ကဲတို့၊ ဝံ့ရဲစွမ်း ခေါင်၊ ဗိုလ်သုံးထောင်နှင့်၊ ဘုန်းရောင်ပြထွေ၊ စွဲရပ် လေဟု၊ ခွဲဝေဉာဏ်၊ အရေးကုမ္ပ၊ ကျိုင်းတုံမြို့တွင်း၊ အောင်မြေနင်း၍၊ ခင်းကျင်းသည်ကား၊ ရဲရည် သန် ကြွား၊ ခြသေ့အားသို့၊ လဲချားကြမိုင်း၊ စိတ်မုန့်ထိုင်း ကို၊ ကျိုင်းတုံ အနောက်၊ နှစ်ရာလောက် တည်၊ တာထောက်သန္ဓာ၊ ကျော် ခန့် ကွာက၊ ဗိုလ်ပါ တစ်ထောင်၊ မြင်း သုံးထောင်နှင့်၊ တောင်တရုထည်၊ စိန်ထွတ် တည်သို့၊ ခိုင်ကျည် တံ့စား၊ ရပ်စေထား၏။ ယောကျ်ားပီပီ ကေသရီသို့၊ သိန္ဓိစစ်ကဲ၊ လှစ်ခွဲရန် ခွင်း၊ ရွှေမင်းနှင့်၊သတင်းကျော်ရှိန်၊ မိုင်းနောင်ဟိန်

ဟုဏာလိန်ရန်ဆီး၊ကုမ္ဘကံကြီးလည်း၊တစ်သီးတခြား၊ ကျား သို့ ရန်လို့၊ထိပ်သွေးမျိုသည်၊ဝိုလ်ဇော်ဘဲ့ ၊အိုဘဲ့ ယောကျ်ား၊လက်ရုံးထား၌ဖြင့်၊ လွှားလွှားတောင်းတို့၊ ခုတ်ထွင်ပြီသည်၊ ဝိုလ်ငရီမယ်၊ အံ့ဖွယ်သူရဲ၊ဗိုလ်ငရဲ ဟု၊ အင်အကွပ်၊ ငါးဦး ကြပ်ဝေါ်၊ ထောင်ရပ် မျက်နှာ၊ တာသုံးရာက၊ မဟာဝီရိ၊ စွန့်စလီဟု၊ မိုးဆီ ရိပ်ရိပ်၊ တောင်ခြေထိပ်ဝယ်၊ ပြည့်သိပ်ရဲဘော်၊ဗိုလ် ထောင်ကျော်နှင့်၊ တီးဆော်အောင်စည်၊ ရပ်စေတည် သည်၊ ရွှက်ရွံ့သော်လ် လွှားလွှားတည်း။

၄၁၊ တပ်ဦးချုပ်ချာ၊ဂုဏ်ဩဇာနှင့်၊မဟာဒေဝ၊ တိမ်ကြဲ့ မင်းခေါင်၊ ပြောင်ပြောင်တွဲပုံ၊ ရည်စွယ် ခုံကျိ၊ ကိုယ်ယုံလက်ထောက်၊ ငါးရာလောက်နှင့်၊ မြောက်ဘုရားကုန်း၊ တောင်တန္နူးက၊ ရွှေဘုန်း အားကို၊ ရပ်စေကြို၊ဇော်၊ နေမျိုးရန်အောင်၊ ရှမ်း တစ်ထောင်နှင့်၊ ရန်ဘောင်ခွင်းဖြတ်၊ မြို့ရွှေ့ပတ်၍၊ ဝတ်ကုန်းတစ်လျှောက်၊ခံစောင့်ရှောက်၏၊ထို့နောက် တစ်ပုံ၊ ကျိင်းထု စော်ဘွား၊ တစ်ပြည်အားနှင့်၊ သားကျမိုင်းခံ၊ သက်နှံမြေးရင်း၊ မိုင်းလိမ်မင်းကို၊ မြို့တွင်းထားကာ၊ တပ်မမှာလည်း၊ ပြုဖွဲ့ချပ်သီး၊ တံခါးနီးက၊ မြို့စီးတစ်ဖက်၊ ရပ်တန့်လျက်တည့်၊ စည်းလက်သန့်စင်၊ ထိုခါတွင်လည်း၊ တို့ရှင်ဘုန်းက၊ နှင်းမစ်ကြောင့်၊ မီးလျှံ မီးတောက်၊တပ်တစ်လျှောက်ကို၊ ထက်အောက်ပြောင်ရွန်း၊ နယ်တို့ထွန်းသား၊ ထူးဆန်း အံ့အော်၊ ဩဘာတော်ကို၊ မျက်မျှော် ထင်းထင်း၊ မြင်းကုန်းလျှင်း၍၊ ကောင်းတင်းချီးဝှန်၊ ရွှင်အားထွန်းသည်၊ မိုးစွန်ပျံ့လု ကြွားကြွားတည်း။

၄၂၊ အပြိအပြီ၊ နေထားညီသော်၊ သိန္ဒီ ကျော်ရှိန်၊မိုင်းနောင်ဟိန်းကို၊ ဝတိန်စစ်ဦး၊ နဂါးမြူး သို့၊ ရွှေးရွေးရဲဘော်၊တစ်ထောင်ကျော်နှင့်စစ်ခေါ်စစ်ယူ၊ မြူးခဲ့ပြဖာယ်၊ စေခိုင်းပယ်မှ၊ မိုင်းကယ်မိုင်းဝန်း၊ မြို့ ရောက်တွန်းချီ၊စခန်းတူစွာ၊ချီစေရာဝယ်၊ကြော်ငြာ အုတ်ကျက်၊နိုင်လိုကြက်သို့၊ သူ့ ဘက်ယွန်း သား၊ယိုးဒ ယားက၊ စော်ဘွားကြီးကြွေ၊ဇင်းမယ်တပ်ဟု၊ ဖပ်ဖပ် မုန်သွင်း၊ ထိုက်ဆင်စစ်ရာ၊ ဝိုလ်ပါပြည့်နှက်၊ခြောက် ထောင်ဝက်နှင့်၊အထက် မိုင်း သတ်၊ တို့ကလွတ်သည်၊ ဝဏဝရော၊ နတ်ရဲစောသို့၊ ကြောကြောမာတင်း၊ မြေညီးလင်းမျှ၊ မင်းလှ မင်းခေါင်ကျော်၊ ဘွဲ့တော် အပ်နှင်း၊ ရွှင်ကျွန်ခင်းနှင့်၊ လက်ငင်းကြဲကြိုက်၊ စတွဲကြဆိုက်သည်၊ထိုက်တုံ့ရင်ဆိုင် တျားတျားတည်း။

၄၃၊ အတိစဏ္ဍ၊မာနရက်ရော၊စွယ်ခေါင်ခေါနှင့်၊ ဒါနေခဲတွင်း၊ ကြုတ်နတ်ဆင်းကို၊ အတင်းဆက်ဆံ၊ ထွက်ခုနဲ့ပျံသည်၊ထိမ်ယဲရိပ်ခို၊ ဝိဇ္ဇာစိုရိသို့၊ ကိုယ်ကို ငှက်ဟန်၊ ခုန် တက် ကွန် ၍၊ ရန် ကို ခြုတ် ခြုတ်၊ သိမ်းနှယ်သုတ်သည်၊ ဥရွန္ဒဿန်၊ သူရဲစွန်ထက်၊ ပြန်ပြန်မောက်မို့၊မိုင်းသတ်ဗိုလ်နှင့်၊ မျက်လိုကြိုးဝါး၊ ဇင်းမယ်စားတို့၊ ရထားဆင်မြင်း၊ ခြေသည်ချင်းလျင်၊ အ ပြင်း ခတ် သွတ်၊ ထောင်း ထောင်း လွှတ် သော်၊ အလွတ်ရှောင်ရှား၊ဇင်းမယ်စားတို့၊ ဆဲဖျာသက်နေ၊ ခွာထွက်လေ၏၊ ဗိုလ်ခြေခပဲ၊ နှမ်းလျှင်ကြဲသို့၊ ကရဲ ကသီ၊ မချိလှ သွား၊ မြင်းရထားလည်း၊ ရဲသား မပါ၊ ဆင် မှာ က ချည်း၊ ဖိုင်း ဖိုင်း လည်း လျက်၊ အော်ဟည်း လွှိက်ဆူ၊ သေသူ မြေလျောင်း၊ မမြင် ကောင်းတည့်၊ အပေါင်းသုံ့ပန်း၊ သူပုန်ယွန်းနှင့်၊ ထူးဆန်းလက်နက်၊ ရွှေငွေလျက်လည်း၊ ရေတွက်မဟူ၊ အောင်ပွဲယူသည်၊ ဇမ္ဗူနတ်ရှင့် ရဲသားတည်း။

၄၄၊ ဓိဇာဗိပ္ပ၊ သေနကို၊ ဝေဟင်ပေါင်း၊ ဦးခေါင်းတိမ်းထိမ်း၊ အသည်းကြိမ်း၍၊ လေသိန်း တောင်သံ၊ မခံဝံ့လှင်း၊ ဝေးကကွင်းသို့၊ မင်းလှ မင်းခေါင်ကျော်၊ ရွှင်ကျွန်ခင်းတော်ကို၊ မျက်မြော်တည့် တည့်၊ မကြည့်ဝံ့အား၊ ဇင်းမယ်စားလျင်၊ သည်းဖျာ လောင်ရှိန်၊ ချုံးချုံးပိန်၍၊ လွယ်လိမ်တောင်ရွေ့၊ ပတ်ကွေ့ပိုက်လျက်၊ဘယက်မိုင်းဟဲ့၊လမ်းသို့လွှဲသော်၊ သူရဲကြံသိုင်း၊ ခန်းရွတ်မိုင်းနှင့်၊ မြင်ထိုင်းရန်ကို၊ မျက် ဆန်ရွှစ်နှံး၊ အံ ကြိတ်ဟိန်းသည်၊ ခရိန်းသိဂ်၊ ပဒ္မတ ထက်၊ ဃစ်သောက်စား၊ ကရင်သားတို့၊ ဆိပ်မြား သေနစ်၊ ချောင်းဝပ်ပစ်က၊ စစ်ကိရိယာ၊ ရဲတန်းဆာ နှင့်၊ သေနာပတေ့၊ ကြီးလေ့ဂုဏ်မြောက်၊ လူသုံး ယောက်ကို၊ ခေါက်ခေါက်ထိ၍၊ သုံ့ပန်းရ၏၊ ယော နကမင်း၊သတင်းကျော်လှိုင်း၊အရေးပိုင်လည်း၊ ဖြိုင်ဖြိုင် ဗိုလ်ညီ၊ တပ်ကုန်ချီလျက်၊ မိုးသီမြင့်ခေါင်၊ မုဆိုး တောင်ကို၊အနဲတောင်ခြိမ်းမောင်း။ ကျော်ခဲ့ရှောင်းမှ၊ မိုင်းညောင်းကျိင်းချိုင်၊ ရွှေ့ရိုင်ကို၊ လက်နှိုင်ထိုက် ဖောက်၊ ကျိုးထုံးရောက်သည်၊ ဆယ့်ခြောက်တပ်နှင့် ရံထားတည်း။

၄၅၊ ပြဒ္ဓဗိသာ၊ ရွှေ့မှက်နှာက၊ သီတာ မြစ် လောင်း၊ မိုင်းလင်းချောင်းသို့၊ ခြောင်း ခြောင်း မာန်ပါ၊ သူ့တပ်လာ၍၊ ညီညာဝန်းလျှား၊ အုံသည့် ပျားသို့၊ ဘုရားကုန်းထိပ်၊ ကျိင်းလိပ်ကမ်းကော်၊

ရပ်သုံးဘော်၌၊ တီးဆော်စည်မောင်း၊ ရံတုံရှောင်း သော်၊ မျက်စောင်းထိုးလှည့်၊ နဂါးကြည့် သို့ မြည်မြည့်ကြေကွဲ၊ ရန်မျိုးရှဲသည်၊ လဲချေးကျမိုင်း၊ ခွဲထိုင်းကဲ့ယိုယို၊ အရေးကုသည်၊ ကျိုင်းတုံဥပရာ၊ ကြေညာထင်ရှား၊ မိုင်းလိုင်စားဟု၊ ယောကျ်ားရန်ငူး၊ ဝိုလ်သုံးဦးတို့၊ စူးစူးရှရှ၊ စစ်ရေးမြို့မှ၊ လူနုနစ် ထောင်၊ ဖောင်ဖောင်ဒုန်းဆျိုး၊ ဖိ၍ထိုးသော်၊ ယိုးဒယားတပ်၊ သီသီရွှပ်မျှ၊ ဘောင်ညှပ်သေ့လား၊ ပြို့ပျက်ပြားဏ်၊ ဘယားမည်သီး၊ စစ်ချုပ်ကြီးလည်း၊ ထန်းသီးညှာကြွေး ဦးခေါင်းမြေသို့၊ ကျဲလဆွဲ ခြဲ၊ နတ်မြင်းဟိုလည်း၊ လှ ထုတ်ချင်းလျှို၊ အောင် လံ ကိုလည်း၊ ဝိုလ်နှင့်တကွဖမ်းယူရသည်ပြောပင်မမူတလွှားတည်း။

၄၆၊ ဒွါရာပုရ၊ နရိန္ဒနှင့်၊ တိုင်းမအလုံး၊ အမြတ်ဆုံးဟု၊ ရှိကျုံးရွက်ကာ၊ ကိုးစားရွာသည်၊ မင်္ဂလာခေါင်နှိပ်၊ ရွှေတံဆိပ်နှင့်၊ ရင်ထိပ်ခွဲဖောက်၊ ပဲ့တင်ချောက်သည်၊ အမြောက်ညီနောင်၊ စစ်ကြီးဆောင်လည်း၊ တောင်စကြာဝဠာ၊ လေးကျွန်း ထိပ်မူး၊ တို့ဘုန်းထူးကို၊ ကျေးဇူးသိထွေ၊ ကျွန်ခံလေ၍၊ သူ့စေနိုင်း ရာ၊ အာ ဏာ မနွံ့၊ အသံ မချောက်၊ မီးမပေါက်တည့်၊ ဦးစောက်နှိပ်ဝပ်၊ ဝါတို့တပ်သို့၊ လျှပ်လျှက်ရွေ့ရည်၊ ခင်ထိပ်လည်၍၊ သာကြည်ဝင်လာ၊ ထိုခြင်းရာလည်း၊ ကမ္ဘာမဆံ့၊ မိုးမြေနံ့မျှ၊ အုံ့မြိုးလတ်၊ ထိတ်နာဂတ်ဝယ်၊ လိပ်မှတ်ရွေမင်း၊ ဘယ်ခေတ်တွင်မျှ၊ ရာဇဝင်စုံ၊ အရေးပုံဖြင့်၊ မကြုံစဖူး၊ သည်သာထူးသည်၊ ကျေးဇူးရွှေဘုန်းတော်အားတည်း။

၄၇၊ ဒွါရာပြည်သား၊ ယိုးဒယားတို့၊ အားမတန်လျက်၊ မာန်ကိုမည့်၊ သုံးရက်ငံ့ပြီး၊ တံ့တံ့စစ်အင်၊ ခံရိပ်မြင်သော်၊ ဘုရင် စစ်ကွပ်၊ ဂျမ်းရပ်သနင်း၊ ဦးဒဉ်မင်းလည်း၊ ရပ်တင်းမချိန်၊ မိုင်းနောင်ဟိန်နှင့်၊ ထိန်ထိန်အောင်လံ၊ ထိမယ်လျှပ်လျှပ်၊ ခုနစ်တပ်ကို၊ ကိုယ်ကြပ်ကဲမှုး၊ ရဲဆေးဖြူး၍၊ ဟူးဟူးထွင်ရှိက်၊ အပြင်းထိုက်သော်၊ ဆောက်စိုက်တံခွန်၊ လူရည်ဆွန်သည်၊ ကျိုင်းလွန်မြို့စား၊ ယိုးဒယားက၊ စော်ဘွားကြိုဝှေ့သား၊ ဝိုလ်များစွာနှင့်၊ မည်သမျှ ကြိုးချိခံလည်း၊ ရွေရံထောင်သောင်း၊ ကြွက်ဂယ်လောင်းကို၊ မိန်ညောင်း မလေး၊ လုပ်ပြည့်လွေးသို့၊ လက်ရွေးရန်ဖြို၊ နောက်မယို သည်၊ ဗိုလ်ဆယ်ဘဲ့၊ အုံ့ကွဲခွန်အား၊ ဇာနည်သားသို့၊ လဲချားကျမိုင်း၊ ပွဲထိုင်းကျော်ရှိန်၊ မိုင်းနောင်ဟိန်တို့၊ လက်ချိန်မိမီ၊ လွှတ်လိုက်ဘိက၊ ထြိုဝှံသာ၊ ဇာတ်ချက်ရာနှင့်၊ သေစာဖွေးဖွေး၊ ထိပ်ထက်ခရေ၍၊ ထွက်ပြေးရှောင်ရှား၊ ကျိုင်းသေည်စားမူ၊ ငါးပါးလည်းမှော်၊ ခန္ဓာပျောက်၏၊ တစ်လျှောက်မြေအုံး၊ တုံးလုံးမှာက် ခံ၊ သူကောင်ပုံလည်း၊ ပြောဟိုပြည့်နှက်၊ လက်နက်မြင်းဆင်၊ ထင်းနှင်ဖြင့်မျှ၊ ဖမ်းငင်လက်မြန်၊ မတော်လှန်သည်၊ သုံ့ကွန်လူယိုးဒယားတည်း။

၄၈၊ သာရသနာ၊ ဓိဂဂိါဟ့၊ ရတနာစီခတ်၊ သင်တိုင်းဝတ်လျက်၊ စွတ်စွတ်လှည့်ဝှတ်၊ ဝင်ကာခုတ်သည်၊ သူရဂ္ဂာမ၊ ပေါက်ပြန်ကျော်ရှိန်၊ မိုင်းနောင်ဟိန်နှင့်၊ မုခီန္ဒေ့မသွေမသုန်၊ ဓိတိဂုဏ်ဖြင့်၊ အဟုန်မြန်လျင်၊ ရွေးရွှင်၍၊ ဝန်းကျင်လှည့်ရန်၊ ရန်ကိုလှခံသည်၊ ဧတြေးယောဂ်ား၊ ထိုအလားသို့၊ လဲချားကျမိုင်း၊ လိုတိုင်းလျင်မြန်၊ အားရှိသွန်၍၊ အလွန်လိုက်ဖမ်း၊ သတ်နိုင်စွမ်းသား၊ ကိုယ်အမ်းကြီးထူ၊ ကနဂါခါ၊ သတ္တိနဂိုရိ၊ မိုင်းစိတ်ဒိုလ်ဘို့၊ ဘောင်ညီတစ်နွန်း၊ ကျိုင်းလိပ်ကုန်း၌၊ ခုန်းကြူးဝိုးယော်၊ ခနကို ပြုယ်သို့၊ သူ့နယ်ယွန်းသား၊ ဖြဲ့မြို့စားနှင့်၊ ယောကျ်ား ရည်စွမ်း၊ တစ်ကြိမ်စမ်းခသော်၊ သေ့သွမ်းညစ်ကြား၊ တောင်ထိပ် ခွေးကို၊ မလေးစားလောက်၊ ခြံသမ့်ဟောက်သို့၊ လန့်ကြောက် ဝမ်းဘဲ၊ အသည်းကွဲမျှ၊ ဖြဲမြို့တပ်ချုပ်၊ ထီးစည်ရုပ်၍၊ ထိမ်မြုပ် ထွက်ခွာ၊ ပြေးလာရာတုင်၊ ရုက်နာဝမ်းတွင်း၊ သူ့သျှင်မင်းလွှင်၊ ချက်ချင်းလတ်လတ်၊ ဆီး၍သတ်၏၊ ချပ်ဝတ်စစ်သူ၊ တစ်ထောင်လူလည်း၊ မြူသို့ကြည်ဂ်၊ ပြုန်းပြုန်းပျက်သည်၊ လက်ဆက်နောင်မဝံ့စားတည်း။

၄၉၊ သက္ကရာဇ် ကောဇာ၊ ထောင့် နှစ်ရာနှင့်၊ သခ္ဓါဆဲ့ခြောက်၊ ကိန်းလက်မြောက်၍၊ ရွှေညောက်ညွန့်သား၊ ကွန့်ကွန့်ထွားလျက်၊ စကားသင်းကြူ၊ မြိုင်မင်းမူသည်၊ ရွှေမြူတာရေ၊ ကဆုန်နွေဟု၊ ငွေပုဏ္ဏမီ၊ ပြည့်ဝန်းညီသော်၊ သာကီခေါင်နှိမ်၊ နှယ်မတိမ်သည်၊ ဆယ်ကြိမ်စက္ကရာဇ်၊ တို့ရှင်ချစ်၏၊ သစ်သစ်တက်ပွား၊ ဘုန်းတော်အားထို၊ သီကြားကြည်ညို၊ ပူဇော်လို၍၊ မြင်းမိုရ်မဏ္ဍော၊ ယွဂန်ဖွေမှ၊ လေတသုန်သုန်၊ ခြိမ့်ခြိမ့်ထုန်လျက်၊ အမျှန္တရ၊ ဝလာဟကို၊ သာစွထူးထွေ၊ ကြူးစေကျိုးရင့်၊ လျှပ်မိုးပွင့်လည်း၊ ကိုးဆင့်ပိတ်ခြုံ၊ နတ်ကြိတ်မိန့်၌၊ ဝိဇ္ဇုံဝင်းစိုး၊ ဟင်းလင်း ပြို့ သည်၊ မင်းလိုသည့်မိုး၊ ဖိကာကျီးတည်၊ ကိုးဝရဇိန်၊ ပြီးပြီး

ဆိန်မျှ၊ ဝတိန် ဓိမိုင်း၊ သီကြားနိုင်း၍၊ ကျိုင်းတို့ ပြည်သာ၊ နေဘက်မျက်နှာက၊ သေချာစေ့ စိပ်၊ မြို့ရိုးထိပ်ထက်၊ ချိပ်ချိပ်ရောင်လက်၊ ကူနွာစက်ကို၊ ယွမ်လွှက်ရှိဝန်၊ ဆက်ရပြန်သည်၊ ထူးချွန်အံ့ဖွယ် ကြီးမားတည်း။

၅၀၊ ထိုသည်ဩဘာ၊ ထိုအခါကို၊ မင်္ဂလာတစ်ဆူ၊ နိမိတ်ယူ၍၊ ဇမ္ဗူကျော်ချီး၊ အုံမပြီးတည်၊ မင်းကြီး မဟာ နေဝဏ်ရထာ၊ သေနာဓိပတိ၊ ဗိုလ်ချုပ်မတ်လွင်၊ ရေး တတ် မြောက် မြင်၊ ခန့်စီရင်၍၊ သူ့ သျှင် စစ်မှာ၊ ဓင်ကြီးစွာသည်၊ ရိက္ခာသိုမီး၊ ဆင်တပ်ကြီးကို၊ ဖျက်ဆီး စိမ်ဝှင်၊ လှရည်ရွာသော်၊ ချာမံသဟသိ၊ မျိုးရေနတ်ကို၊ ဥပဓတ်ဘုန်း၊ ဂဠုန်မှန်း၍၊ ဟုန်းဟုန်းတောင်ခတ်၊ ခြိုကုပ်သတ်သို့၊ ရွယ်မှတ်တည့်တည်၊ ရန်ကိုကြည့်လျက်၊ လုပ်ပြည့်ထိုက်ဝါး၊ စားအံ့တစ်ပဲ၊ ရှူးရှူးရဲသည်၊ လဲချားဥပရာဇ်၊ ကျွန် တော် စစ်ကို၊ ရန်မြစ်တူးတူး၊ ထိုက်ချေဦးဟု၊ ကျေးဇူးတော်မြတ်၊ ဆောင်စိမ့်လွတ်သော်၊ ပစ်ခတ်သဲသဲ၊ သူ့ တပ်ထဲက၊ သွန်ကြဖြိုးဖြိုး၊ ရှောက်ရွာမိုးသို့၊ ခုတ်ထိုး ပြွတ်ပြွတ်၊ ဆင်ခွဲခွဲခလည်း၊ မရွံ့ မထိတ်၊ သံထိုင်စိတ်ဖြင့်၊ တဆိတ်အနည်း၊ မလိပ်လည်းတည်၊ အသည်းဖျားရှိ၊ သမာဓိလည်း၊ ဂီရိခံခု၊ ကျောက်တောင်ထုသို့၊ ဗိုလ်စုအတွင်း၊ တင်းတင်းမရွံ့၊ ဝင်ထိုက်နွံ့က၊ ရွံ့ ရွံ့ ရုတ်ရက်၊ ဆင်တပ်ပျက်သည်၊ မှန့်ညက်မြူသို့ ကြေထွားတည်း၊

၅၁၊ ဇာတာနဂို ၊ အလားဂြိုဟ်တို့၊ ဖိုလ်အနိဋ္ဌ၊ နိမိတ်ပြကို၊ စိတ်မျှမကြံ၊ မာန်လိမ်းကျံ၍၊ ကံကိုမမြင်၊ ဉာဏ်မြိုခြင်သည်၊ သူ့သျှင်ဦးကိုင်၊ အရေးပိုင်ကား၊ ဆိုင်လေဆိုင်ပင်၊ ဘယ်စစ်တွင်မျှ၊ အောင်မြင်ပွဲဦး၊ မရဘူးလျက်၊ ကျေးဇူးပျက်သုန်၊ မော ဟ ဂုဏ်ဖြင့်၊ သူပုန်မင်းလျာ၊ ဥပရာဇ်၊ ကြမ္မာကြဲလို့၊ ကံကိုမှီ၍၊ မထီ၏သို့၊ မခို့ ရို့ တည်၊ မြို့ ကျိုင်းထု့ ကို၊ အုံ၍ရန်း၊ ကြိုး ကာ အောင့် အည်း၊ အနိုင်ကျည်း၏၊ ကစ္စည်းလုလင်၊ သွ့ ကျော် ထင်သား၊ မိခင် မောင် ကြိုး၊ နတ်စောဆီးသို့၊ အဖြ ိုးအခိုင်၊ ရွှမ်းခရိုင်ထို၊ စိုးပိုင်ကွပ်ဆော်၊ မတ်ရဲကျော်ကား၊ ရေးမြော် ထိုင်းထွာ၊ သည်တစ်ခါသော်၊ ဒွါရာစစ်အင်၊ ဗိုလ်ဘုရင်ကို၊ ထန်းပင်လည်ဆစ်၊ လောင်မီးပစ်သို့၊ သစ်သစ်ပိတ်ချုံး၊ ရန်မြစ်တုံးစိမ့်၊ လက်ခုံးဝရဇိန်၊ ကြုံးသံရှိန်သည်၊ အောင်ချိန်ရပ်လင့် ငံ့နားတည်း၊

၅၂၊ အောင်ချိန်ငံ့ထွေ၊ ဖြည့်တင်းနေစဉ်၊ ခုနစ်ခွေဘုံ၊ နေရံမိုးညွှန်း၊ မြိုးမြိုးကွန့်သည်၊ နတ်နန်းမှန်ကူ၊ ဝတ္ထာဘူလျှင်၊ တစ်ဆူဗေဒင်၊ တို့ဘုန်းရှိ၏၊ ပါရမီ့ ကျေးဇူး၊ ဂုဏ်အထူးကို၊ ခီးကျူးပို့ပို့၊ ယွန်းမင်းတို့ အား၊ ပို့ ပို့ ထင်ရှား၊ မြင်စိမ့်မားဟု၊ လေးပါးနတ်စစ်၊ မဟာရာဇ်နှင့်၊ ကသစ်ရောက်တည်၊ နေတော်ပြည်ဝယ်၊ ရွှေစည်အာလံ၊ ဆော်ယွန်းညံလျက်၊ အရံဝန်းသည်၊ နတ်စစ်သည်တို့၊ ပြ ိုးစည်များကျိ၊ ထိုင်းမသိတည့်၊ ပတ္တိသေန၊ မူခါစသည်၊ နဝပေါင်းညီ၊ ခေါတဏ်လည်း၊ အလီကုဋ္ဌေ၊ ဗိုလ်ခြေပတ်ခြံ၊ မြင်းမိုရိယွ် မျှ၊ အသံသယ၊ မဏ္ဍာလနှင့်၊ ဘောဂဓဏ္ဍာ၊ စစ်အင်္ဂါဖြင့်၊ သူဇာယစ်မျိုး၊ ပုပ္ပိန်းကို၊ နွှဲ့ ချိုးကာလ၊ စစ်အင်မျှလည်း၊ မကဗိုလ်ယ၊ ထိုယ်တော်မှာကား၊ နာရကာရွှေ၊ အရေလည်ဆံ၊ မြီးတံဦးစွန်း၊ မွေးမှင်ရွှန်းသား၊ တင့်လွန်းကြေ့ရှင်း၊ ဟာရီမြင်းကို၊ ဝင်းဝင်းစက်ရှင်၊ ခြေတော်တင်မှ၊ ရန်နှင့်လက်ချိန်၊ ဝရဇိန်ကို၊ ထိန်ထိန်လည်လှိမ့်၊ ပတ်ပတ်အိမ့်လျက်၊ ထိမ့်အထက်ဘုံ၊ သိန္နေရှိမှ၊ ကျိုင်းတို့ မြို့ ဦး၊ သက်ကွန်မြူးသည်၊ ရွယ်လူးရှင်ပင့်ကိုယ်စားတည်း၊

၅၃၊ ကျိုင်းတု့ မည်သာ၊ ပြည်အောင်ချာ၏၊ ပြုဗ္ဗာရှေ့စွန်း၊ ချောင်းနရန်းထက်၊ ယွန်းမင်းဗိုလ်ပုံ၊ မြင်လောက်ရုံတွင်၊ လေးစုံစိမ်းအင်၊ နတ်သေနင်သို့၊ ပဲ့တင်ကြူးထစ်၊ စည်မုရာဇ်လည်း၊ ခြေခြံခြံရိုက်မှန်း၊ တီးဆော်ဖြန်းလျက်၊ သွန်းသွန်းမိုးစွန်၊ တံခွန်လျပ်လျပ်၊ ဆင်တပ်မြင်းအား၊ ရထားခြေလှုပ်၊ အတင်တင်တည့်၊ ဖာလက်သ၊ မှသလန္ဒင်းသရဝဂါ၊ ခန္ဓာအသီ၊ တော်မြီဝဋ္ဋင်၊ သုံးဆိုင်လေးမြွာ၊ ငါးဖြာခြောက်ခွ၊ မြိုက်မြိုက်ရှသည်၊ ထွန်းပရိုး၍၊ လက်နက်စွဲလျက်၊ ကြဲသေးမောက်ရှု၊ ဇမ္ဗူလွှေသား၊ ဌက်မနား ထက်၊ ပတ္တမြားတွက်ချက်၊ ဘယက်ဗာလီ၊ ချပ်အင်္ကျီလည်း၊ နာရဏီမွန်၊ ရွှေပုစွန်ဝယ်၊ ဖိုးလွန်နဂ္ဃ၊ ဝဇီရကို၊ အုံချခိုတ်တွဲ၊ စိန်မြောင်ကြသား၊ ရဲရဲရောင်စိုစို၊ မျှဉ်းရွှဲထိုးနှင့်၊ မိန်ညိုဝတ်ခြံ၊ နတ်စစ်ပုံထို့၊ ကျိုင်းတုံမြို့ထဲ၊ ဝင်ဆဲဝင်အံ့၊ မြေမဆံ့မျှ၊ ခြံ့ခြံ့ စုရုံး၊ သုံးရက်လုံးလျှင်၊ မဆုံးမျက်ခြည်၊ ယွန်းစစ်သည်တို့၊ အတည်ကျကျ၊ မြင်ကုန်ကြသည်၊ ထိတ်လှသေလုမျောပါးတည်း၊

၅၄၊ မမွေးရာဇဝင်မြတ်စွာ၊ တို့ထွတ်ချာ၏၊ ပုညာနိသံသ၊ ဘုန်းကျိုးပြဿား။ မာဃစီရင်၊ နတ်သေနှင်ကို၊ သူ့ဘျင်ငိုလံပါ၊ မြင်ကြရာတွင်၊ သာသနာပြုထိုက်၊ မြန်မာမိုင်ငံက၊ ပတ်ဝိုက်ရံဝန်း၊ ငါတို့ယွန်းကို၊ လုံးထွန်း သိမ်း ချေ၊ အောင် လွယ်စေဟု၊ ဗိုလ်ခြေလှောက်ကု၊ ထင်တော်မူသည်၊ ဟူ၏မှန်စွာ၊ သည်အခါကား။ ကြမ္မာပစ်ချ၊ တွင်းဆုံးကျ၍၊ ဒေသဝေးလံ၊ တို့နိုင်ငံသို့၊ ခွာခြံပြေးထွက်၊ ပြန်ရေးခက်ခဲ၊ အသက်ဘေးကြီး၊ ။ မြေလက်ဆီးဟု၊ ထိပ်သီးသွေးမွန်၊ ကြောက်အားလွန်၍၊ သန်ကျော်လျှို့လျှို့၊ ထိုနေ့ညဥ့်ဝယ်၊ မိုက်စဉ်အခါ၊ ခြွေရံကာလည်းမပါကျစ်လျစ်၊ ဝတ်စားညစ်နှင့်၊ စုံထစ်ကွဲနဲမမွှေ့၊ ဝံစာ မိ ရ သနစ်၊ ယွန်း စော စစ်၏၊ နွယ်မြစ်တော်ရင်း၊ ဘထွေးမင်းကား၊ မှန်ကင်းတမူတံ၊ သုံးလူ့ထွတ်ကို၊ သာဝတ်ပြည်မ၊ ယမို့ကဲ့ပြတွင်း၊ ကဿပပူရဏ်၊ ရွက်အားလွန်၍၊ ဝိညာဏ်ပြုတ်ပြုတ်၊ ကိုယ်ပယုဂ်ဖြင့်၊ ပစ်ထုတ်မိုက်မဲ၊ မြစ်ရေထဲ၌၊ အိုးဆွဲလည်ရစ်၊ ပါယ်တွင်းနစ်သို့၊ စေးပျစ်စိပ်စိပ်၊ တော ရိပ်ခိုက၊ ထွက်ပြေးခွာသည်၊ လိပ်ပြာကစဉ်ကလျား တည်း။

၅၅။ ကာယဒဠ၊ နည်းလျကိုယ်အမ်း၊ မသန်စွမ်းလျက်၊ လက်ပမ်းလိုလား၊ ဥစ္စာပါးလျက်၊ အစားကြေးထိုက်၊ ကြိုက်တတ်သည်၊ ဉာဏ်မဆူလျက်၊ ဝိဓူရလား၊မူယူထားနှင့်၊စကားကြီးကျယ်၊ ''သွယ်ဝယ်ခဲ့ဖွထွင်၊ ပြောချင်သည်၊ သုံးယောက်လူကို နောက်ဆူသည်း ခြေ၊ တွေ ဝေ သံ လည်၊ အ ရူး မည် ဟု၊ လူ့ပြည်ပြဋ္ဌာန်း၊ ကျမ်းစာညွှန်းတွင်၊ ယွန်းစစ်ဘုရင်၊ တစ်ပါး၊ဝင်၍၊ ဘုန်းအင်နည်းလျက်၊ စစ်လိုချက်ကြောင့်၊ အသက်ဆဲဖျား၊ ပြေးရမှား၏၊ နွားလားပုဂ်ဝ၊ ရှေ့ကသွားမြောက်၊ ခရီးကောက်သော်၊ နောက် လိုက် နွား ပေါင်း၊ လမ်း တိမ်း စောင်း သို့၊ ထောင်းထောင်းပြိုကွဲ၊ ဗိုလ်ခပဲလည်း၊ ငြိစွဲမီးလျှံ၊ ပျားလျှင်ပုံသို့၊ ချွဲ ချွဲ ပျက်သုဉ်း၊ သက်လွတ်ရုန်း၍၊ တောပုန်းတောင်ခြေ၊ ထွက်ပြေးလေသော်၊ ဥဒေသနင်း၊ မိုးနဲမင်းလည်း၊ သင်းတို့ရိပ်ခြည်၊ သိပြီးသည်နှင့်၊ ပတ်လည်ပြွမ်းပြွမ်း၊ တောတောင်တမ်းက၊ လမ်းကိုဆီးဆ၊ မလွတ်ရအောင်၊ ဖြဖြဆော်ပန်၊ ဖမ်းစိမ့်ရန်၍၊ လက်မွန်ကပင်၊ အရေးမြင်သည့်၊ သေနင်စေလွှတ်ခန့်ထားတည်း။

၅၆၊ နာရီလျှောက်ဆို၊ ငြိမ့်လေးချိုးသား၊ ပဗိုရ်သုန်သုန်၊ ညည်ဖို့ကုန်၍၊ အရုဏ်ခြည်ဝါ၊ လင်းရောင်လာသော်၊ အင်္ဂါလေးမည်၊ ဗိုလ်စစ်သည်နှင့်၊ ဥဒ္ဒခရိုင်၊အရေးပိုင်လျှင်၊ ကိုယ်ထိုင်လိုက်သိပ်၊ ထိုက်နင်းနှိပ်က၊တံဆိပ်ကြီးမား၊ကွဲ့ ရွေသားနှင့်၊ ဘယားဂရုဏာဟုဈ်စစ်မှုပွန်းတီး၊ အမတ်ကြီးနှင့်၊ အုံချီးခကျော်ဝန်၊ လူရည်သွန်သည်၊ ကျိုင်းလွန်တြိဝုံသာ၊ ဂဏ်ဝါအထူး၊ မင်းနှစ်ဦးကို၊ ဆွတ်ခူးလွယ်ကူ၊ပန်းနှယ်ချူ၍၊ ဖမ်းယူခဏ၊ သတ်လိုက်ရ၏၊ ထို မှ တစ် ပါး၊ ပေါက်သားမာတင်၊ မှန်ပြည့်ဆင်နှင့်၊ သွင်သွင်ထိုက်နွံ၊ ဆီးခြံခဲသည်၊ မိုင်းနဲကြီးက၊ မတ်သူရဲလည်း၊ ခွာရဲမသာ၊ ဒဏ်ချက်နာ၍၊ ဆင်ပါတက္ခ၊ အရှင်ရ၏၊ နောက်ကပိတ်ညှပ်၊ တောပုန်းတပ်က၊ လျှပ် လျှပ်ကိုယ် စွမ်း၊ ခြ ဒသိ့ မမ် သို့၊ ပြွမ်းပြွမ်းကြွေးဟစ်၊ ထိုးခုတ်ပစ်က၊လမ်းဆစ်တောတောင်၊ ချောက်မြောင်ဝန်းကျင်၊မြေမမြင်တည်း။ ရှင်ရှင်သွေးစက်၊ ဒဏ် ရာချက်နှင့်၊ ပက်လက်မှောက်ခဲ့၊ ထင်းခွေးပုံသို့၊ မလှုလိပ်ပြာ၊ ထိတ်စရာလျှင်၊ ခန္ဓာပျက်ကွေ့၊သူကောင်တွေလည်း၊မြေအလုံးညှ်ံ၊မသတိသည်၊ပူရီဒွါရာပြည်သားတည်း။

၅၇၊ ပါပကြမ္မာ၊ နတ်မိစ္ဆာတို့၊ သဒ္ဓါသေဉ်ယောင်၊သွေးကြည်းဆောင်သည်၊ကနောင်ယိုးဒယား၊ ဇင်း မယ် သား တို့၊ ပျက် ပြား ဆုံး နစ်၊ ပြေးခဲ့ပစ်သည်၊ စစ်ကိရိယာ၊ တန် ဆာထွေပြား၊ ရွှေသားငွေလျက်၊ လက်နက်ဆင်မြင်း၊ မကြွင်းပြောဟို့၊ များထို ထိုကို၊ အလိုရှိတိုင်း၊ လှိုင်းကာကျုံးသော်၊ လုံးလုံးနွေဆက်၊ ခုနစ်ရက်တည့်၊ ထွက်၍ကြိုးငယ်၊ လှပေါင်းသယ်လည်း။ ကြိုးကြယ်ကျန်းသည်၊ ယွန်းယိုးဒယား၊ အများမကြွင်း။ အလျင်းမကုန်၊ သူ ပုန် သုံ့ ကျွန်၊ အမွှန်မင်းရာ၊ တန် ဆာလက်နက်၊ မြတ်မျိုးမျက်ကို၊ ရွှေစက်တော်အောက်၊ ချီးမြောက်ကျိုးနွှံ၊ ဆက်သနှံ၏၊ တောင်တောင်ရိုး၊ ပြေးပုန်းလျှိုးသည်၊ ယွန်းယိုးဒယား၊ ကလောင်များတို့၊ ပြေးအားလည်းထိတ်၊ လမ်းဝပိတ်သော်၊ ကြောက်ထိတ်ညှိုးချုံး၊ လူစုရုံး၍၊ ရွှက်ကျုံးရှိခိုး၊ ရှိကျိုးကော်ရော်၊အိုမှောက်ဇာတ်ဟု၊ ဟစ်အော် သံကျည်၊ တောင်း ပန် သည် ကား၊ မြန် ပြည် သနင်း။ အ လောင်း မင်း၏၊ ကျယ် ဝင်း နှံ့ ငံ၊ ပြည် ပ ရဲ့ ကို၊ လှပ် ကြဲ မှာ း စွ၊ ယခုကလျင်

ကာလခန့်တွက်၊ ကမ္ဘာ ပျက်အောင်၊ နောင့်ရှက်ထိပါး။ ဝုံမည် ထားတိ၊ ကြံမှားရုံမျှ၊ စိတ်ကပီပီ၊ မဝံ့ပြိုဟု၊ သံပီကျိုကျို၊ ဟစ်လျက် ဆိုသည်၊ ကြည်ညိုဝပ်ဝပ် တွားတွားတည်း။

၅၀၊ ယွန်းမင်းဘထွေး၊ အရေးစစ်ပိုင်၊ တပ်ချုပ်ကိုင်လည်း၊ ကိုယ်တိုင်တောင်းပန်၊ မဝံ့ဟန်ကြောင့်၊ တောစွန်ဟေမာ၊ ကုန်းသာယာ၌၊ အကူရာရှန်းစက်၊ သစ်ခွ ထက်ဝယ်၊ ပြက်ပြက်လိပ်ခွေ၊ ရေးခဲ့ထွေကား သပြေတန် ဆောင်း။ မြေအခေါင်ထက်၊ ကုန်းဘောင်ဝသမ။ ကွာပိန္နဟု၊ နိယတဗျာဒိတ်၊ ဘိုသိက်ပြိုးကဲ့၊ ဝွင့်လှဆဲသား။ ငါးပွဲ မာရိသတ်၊ လောင်းမင်းမြတ်၏၊ ထုတ်ဇာတ် စကြဝဠာ၊ ဘုန်းအာဏာကို၊ ပထဗျာမြေ၊ ညာကြေကိုတို့၊ ကြားမြင် သိလျက်၊ ပါဝိမာနတ်၊ မာရ်လှည့်ပတ်၍၊ ဝတ်မသိရာ၊ ရောက်စ ပါ၏၊ ခုခါ ဤက၊ လက်မှန်စ၍၊ ဘဝသုံးတန်၊ ဆုံးနိဗ္ဗာန်တည့်၊ တဝန္တရာ၊ သံသာလည်ကွေ့၊ ရှည်သရွေ့၌၊ ဘုန်းဟေ စောထွတ်၊ ဤမင်းမြတ်ကို၊ ဆတ်ဆတ်မြားမြား၊ ကိုယ်နှုတ်ကားဖြင့်၊ မြစ်မှားမည်ကို၊ ဆရိဝေးစေ၊ စိတ်မစ္ဆေမျှ၊ မချေမိုင်းပို့၊ မကြံဝံ့ဟု၊ နှုတ်ခံ့ မာန်နိပ်၊ ခရာလိပ်ဖြင့်၊ တံဆိပ် ဧတ်နှံ၊ သစ် ပေါက် ခွဲထက်၊ ကျိုးနွံ ညွှတ်ကြည်၊ ရေးခဲ့သည် ကို၊ ဥဒည်တပ်ချုပ်၊ ယူပိုက်ထုပ်၍၊ လက်အုပ်ခိုကြာ၊ ဆက်သလာသည်၊ ဗီပါသောင်းပြန့်ထင်ရှားတည်း။

၅၉၊ မဟသရ၊ သင်္ကေတဖြင့်၊ လောကထိမ်းမှတ်၊ ကမ္ဘာနတ်၌၊ ဣန္ဒိပါဒ်အား၊ ဘုန်းရွှစ်ပါးဖြင့်၊ မိုးဖျားထိအုံ့၊ ကျေးဇူးနှံ့၏၊ ထွတ်စံ့စံရာ၊ ဗောဓိ ထျာဟု၊ မင်္ဂလာဘိသိက်၊ ခံဗျာဒိတ်နှင့်၊ တိဟိတ် ဥဏ္ဍင်္ဂ၊ တို့ဗောဇ္ဈင်္ဂကား၊ ဘဝတ္ထာယ ၊ သုံးလောကထက်၊ အထုလ်မြောက်၊ ရောက်အံ့မကြာ၊ မှန်လှစွာ၍၊ မဟာဗောဓိ၊ စောဘုန်းရှိတို့၊ ရည်မိသရွေ့၊ ပြီးမြဲလေ ကြောင့်၊ လောကေ တံခွန်၊ နတ်သာမန်ထက်၊ ရာပြန်ထောင်ပွား။ ဘုန်းတော်အားကို၊ မြွောက်စား ချီးမြှင့်၊ လွန်တိုင်းတင့်၏၊ ရွှင်ပင့်ရွေဘုန်း။ သို့အနှုန်းကို၊ ဆုန်းဆုန်းပိုင်းပိုင်း၊ မချင့်နိုင်းတဲ့၊ ထိုင်းယောနက၊ အယုဇ္ဈကို၊ နိုးရသုန်း၊ ဒွါရာမင်းလျှင်၊ မာန်တင်း မည္ဆတ်၊ ထိပါးလတ်သော်၊ ပဥ္စဿယ၊ အမည်ရ၍၊ ငါးခွတက်ရှိန်၊ နှုတ်ပုဆိန်ဖြင့်၊ ဂဇိန္ဒရာဇ်၊ ဥကင်နှစ်ကို၊ ဆန်သန်ဖောက်ထုတ်၊ သောက်မျိုကြုတ်သည်၊ ဝသုတ္တ မော်၊ သားရဲကျော်ကို၊ ပြက်ချော်မြေခွေး၊ ဂုဏ်ရည်သွေးလည်း၊ မြေခွေးဦသဲ၊ တေးထော်ရာသို့၊ လေ ညာလွှင့်လေ့၊ ပြာနှယ်ဝေ့သား၊ ယွန်းမြေ့သနင်း၊ မင်းပဝေဏီ၊ ဤတန္တ ကား၊ ဌာယီပျက်သုန်၊ ဝိဝဋ်ကုန်လည်း၊ ဂုဏ်သတင်းခဲ့၊ မပြယ်ခဲ့လိမ့်၊ ထုံးဖွဲ့စီရင်၊ ရွှေဥကင်ထက်၊ မဟာဝင်စောင်၊ ရှည်ယခေါင်တည်၊ မပြောင်မရွှန်း၊ အမှောင်စွန်းသည်၊ မော်ကွန်း အရေးပုံမှာတည်း။

၆၀၊ ဤရွှေ့ညွှန်သည်၊ မုဋ္ဌာန်မင်္ဂလာ၊အလင်္ကာကား၊ မဟာဝိသယ၊ ထိလောကကို၊ကောသလ္လဉာဏ်၊ အမြင်သန်၍၊ နိဗ္ဗာန်သဘင်၊ ယဉ်အံ့မူးမူး၊ စောရွှယ်လူး၏၊ ကျေးဇူးဘက်ထုန်း၊ ဘုန်းထက်ဘုန်းကို၊ နှိုင်းနှုန်းခြင်းငှာ၊ မတန်ရာလျက်၊ ကြမ္မာသူထွန်း၊ ပစ်ချတွန်း၍၊ ယွန်းမင်းတရား၊ အရေးမှားသော်၊ နဂါးနေတည်၊ မျက်ကိုးမည်နှင့်၊ ပြည်ခုနစ်ထပ်၊ စိုးနိပ်ကွပ်သား၊ သပ္ပဳဿရ၊ သေသအန္တ ၊ ဝါသုကီကို၊ မဟီလတာ၊ သတ္တဝါနှင့်၊ပမာနိုင်းစပ်၊ မခိုင်းအပ်သို့၊ အသပ္ပာယ၊ ကံကိစ္စကြောင့်၊မလှအရေး၊ ဘေးလည်းမျက်မြင်၊ ရာဇဝင်လည်း၊ သတင်နန်းလယ်၊ မတင့်တယ်၍၊ ထီးနွယ်မကွန့်၊နောင်အခွန့်လည်း၊ ဘုန်းညွှန့်မကောင်း၊ ဖြစ်ရကြောင်းနှင့်၊ အလောင်း မင်းမြတ်၊ တို့မန္တာတ်၏၊ သကတ်ဖြစ်၊ ဂုဏ်ဖြိုးထပ်သား၊အနပ္ပကမ်း၊သမုဒ်ဝှမ်းကား၊ ထောက်လုမ်းမမှီ၊ တိဂန္ဓီဟု၊ ရှုဦမလှိုင်း၊ သဘောထိုင်းဖြင့်၊ သံပိုင်းညွှန်းဆောင်း၊ ရွှေယွန်းပေါင်သည်၊ စာစောင်ကျမ်းလှ ဒုတိယတည်း။

တတိယပိုင်း

၆၁၊ အဆင့်အဆင့်၊မြင့်ထက်မြင့်သည်၊ မင်းမင့်းမှန်ကူ၊ နေတစ်ဆူ၏၊ သူမနှိုင်းဖွယ်၊ အလှိုင်းကျယ်သား၊ အံ့ဖွယ်ချီသောင်း၊ အောင်ပွဲပေါင်းကို၊ ငြောင်းငြောင်းငြုန်းငြုန်း၊ မိုးနှယ်အုန်းမျှ၊ ချွန်းချုန်းကြားချောက်၊ နှစ်ကြိမ် မြောက်လျင်၊ လုံးပေါက်ဓတ်မြည်၊ နှုတ်ရွေစည်ဖြင့်၊ ပတ်လည် ကျော်ရှိန်း၊ ဟိန်း လတ် ပြီး သော်၊ ပြည့် ကြိုး မ န္တ လေး၊ ဘေးမပုန်ကန်၊ နန်းနိမ္မာန်ကို၊ ခိဋ္ဌာန် ကြုံကြံ၊ အောင်ကိန်းငံ့လျက်၊တည်အံ့အားသည်း၊ ရည်းတော်မူလျောက်၊ ပြီးစီးမြောက်၍၊ထက်အောင်ကြုံးလျက်၊ သုံးဘဝဂ်ကို၊ ဘုန်းစက်ဘီးလှည့်၊ ညီးညီးပြည့်သား၊

မင်း၏ကျက်သရေ၊ အထွေထွေကို၊ သပြေတမွတ်၊ မြပင်ထွတ်မှ၊ ခိုင်ပြွတ်လုံးကြီး၊ ရွှေအသီးကို၊ ချွေပြီး လတ်ထုံ၊ ဝိသကြဲလျှင်၊ သွန်းပုံ လျောင်းလျောင်း၊ ရွှေပန်းတောင်းထက်၊ မင်းကောင်းမန္တာတ်၊ သုံးတော်မြတ်သား၊ ဇော်တရသဲခဲ၊ မြမျက်ရွှဲ ကို၊ ရဲရဲရွှင်ပျ၊ တင်ကာပြသို့၊ မုချနိုတတ်၊ သဘာဝတ်ဖြင့်၊ လည်သွတ် ဘောင်ကော့၊ စောင်းနယ် ကြော့သား၊ တော့မင်္ဂလာ၊ ညြတာကြူးထိတ်၊ ခြောင်းခြောင်းညိတ်မျှ၊ ကရဝိတ် သံရှင်၊ မြဟွာယင်သည်၊ သတင်သာစွ နန်းပွဲတည်း။

၆၂။ ပရက္ကမ၊ ယုဂ် သ ဂ္ဂ ဠ်၊ အ မ ရ ထိုက်၊ ဘေးတော်ရိုက်ကို၊ သိမ်းပိုက်တော်ဦး၊ ခါနုစ်ကြူးက၊ နတ်မူးမြဲဟွာ၊ နွတ်ဩဘာဖြင့်၊ ဇေယျာသံလေး၊ ကြွေးကာ ခြိမ့်မှန်း၊ ညွန်းလတ်သည်နှင့်၊ သက်ရှည် ယောဂေ့၊ တောင်တောမွေ့သည်၊ မောနွေဈာန်ဝင်၊ ဘိညာဏ်ရှင်တို့၊ သိမြင်တပ်ရာ၊ အပွနာဖြင့်၊ ဤခါ ချိန်းချက်၊ ဤကိန်းလက်ရှိ၊ သိန်းစက်ကောင်္ဂို၊ ထိုက် လောဂီကို၊ ပ ရိ ယတ် မြို့ကို၊ စည် ကြီး ရိုက် ၍၊ ကျော်လှိုက်လှိုင်ပျံ့၊ နံ့ မည်အာဏာ၊ ဈာဒိတ်မှာသား၊ သိခ်ီကုန်းဘောင်၊ ဘုန်းရောင်စွေးစွေး၊ လောင်းမင်း မြေးလျှင်၊ မန္တလေးမြေခုံ၊ တောင်နေရံသို့၊ ပဒုမွာ ညွှန့်၊ စကြာကွန့် ၍၊ လေးကျွန်းမကိုင့်၊ ပြည်သမိုက် လွှက်၊ စိုက်အုံကြွင့်၊ သွေမယွန်းဟု၊ ရွှေခွန်းနက်စံ၊ တြင်းသံလည်း၊ ကြဲကြကျော်ကြား။ ဉာဏ်တော်အားမူ၊ ဘုရား တစ်ဆူ၊ ကာလည ပြုဖြင့်၊ သဃမ္မ ပေါက်၊ မြောက်၍ လည်းကောင်း၊ မကြံတောင်းကို၊ ဘုန်း ပေါင်းညီညီ၊ ကြံတော်မိုဃ်၊ ဝိတိပျံ့.ပျံ့.၊ ရွှင်နှစ်လို့ သည်၊ အောင်မျှ ့.တချီး ပွဲတဲ့တည်း။

၆၃၊ ဓမ္မိဿရ.မုနိန္ဒလျင်၊ ဝေနေယျအား၊ မြို့က်စီး ပွားဖြင့်၊ ဖဝါးစက်ကွန့်၊ ထိုက်အဝုန့်ကို၊ ဖြန့်၍ ရွှကြည့်၊ ရွှတ်အုံလှည့်သော်၊ ဤသည့်အပရန်၊ ဤ ရဒ္ဓာန်ထက်၊ မြေကြန့်သာလွန်း၊ တုတက်ကွန်းသား၊ မန္တလေးထိပ်၊ မြရောင်ရိပ်ကို၊ ပြန်ပ်မထင်၊ ရွှေဥက် မြင်၍၊ ဈာနင်ရထား၊ စကြာနားသော်၊ ကြီးမား တေဇ၊ နွေနှယ်ပသည်၊ ယက္ခတစ်သောင်း၊ ဘီလူး ပေါင်းတို့၊ ဝပ်ညောင်း ကျိုးနွံ့၊ ဝတ္ထုကုံဖြင့်၊ ခြံ ရံ များ စွာ၊ ပူ ဇော် ရာ ဝယ်၊ ဝိ လာ သ နီ၊ အင် ညီ ပျို မြစ်၊ မြေ နု မြစ် သို့၊ ကြင်ချစ် စဘွဲ့၊ နွဲ့ ရန္တိ့ တည့်၊ ဆယ့်ခြောက်နှစ်ဝင်၊ ဝါးကြွနှင်နှင့်၊ ရွှေစင်ရုပ်ဟန်၊ မာန်မယွန်သည်၊ စန္ဒမုက္ခ်ီ၊ နတ်နာရီ လျှင်၊ ပါရမီခံ၊ သံလတ်သေဘုအား။ မြတ် ဘုရားသို့၊ ပတ္ထမြောစက်ဝန်း၊ ဌေယျန် နန်းသို့၊ ရွှန်းရွှန်းထွား မွတ်၊ ရင်သားမြတ်ကို၊ ကြည်ညွတ် ဆုယူ၊ ချွေ၍ လျှူ သော်၊ ဘုန်းလှ.မြတ်စွာ၊ မမြှင် ထာဘဲ၊ သာသနာ အရှည်၊ နောင်ထွန်းမည်ကို၊ ရည်ရွယ် မြော်တင်း၊ ဗျာဒိတ်နှင်းသည်၊ တောင်မင်းမြစိုင် တစ်ခဲတည်း။

၆၄၊ ပစ္စာသမၻ၊ ညီအာနန်ကို၊ ဘုန်းသန်ဘဂဝန်၊ ရွှ လက် ညွှန် ၍၊ နောင် ဖန် နာဂတ်၊ ဤ တောင် မြတ်၌၊ နတ်ကလျာမယ်၊ ဤသူငယ်ကား၊ ကြီးကျယ် ခန်းဝါ၊ ဤမြေချာထက်၊ ရတနာပုံ၊ နေရဲ့ နှိုင်းထူ၊ ပြည်ကြီးပြု၍၊ ကိန်းစု သာသနာ၊ သခ်္ခ၊ ခန္ဓဘွက်၊ ငါးထောင်ဝက်၌၊ မြေမျက်နှာလုံး၊ ကျုံးအံ့ သကား။ တို့မင်းဖျားလျှင်၊ တရားစည်ကြီး၊ မတီးလတ်မီ၊ ယောဂီ ဖြိုးပြည့်၊ အနှိုင်းရွှဲဖြင့်၊ ဝါ၏ သာသနာ၊ လေးရာ ညွှန့်ဖူး၊ နှစ်ထောင်ဦးဝယ်၊ ယစ်မူးပျက်ပြယ်၊ သူရာ ငယ်ကို၊ တွန်းပယ်သေဘုအား။ နေ ရဲ့ ဖျား ထက်၊ သိကြားဘုန်းစည်၊ နန်းဦးတည်သို့၊ ရွှေပြည်သာခေါင်၊ ရန်မျိုးအောင်သည်၊ ကုန်းဘောင်အာဒီ၊ ဝရာဘီဟု၊ သာကီသနင်း၊ အလောင်းမင်း၏၊ မြစ်ရင်းတော် မြတ်၊ လောကခေတ်ကို၊ ဆုံးဖြတ်လက်ဆုံင်၊ ဖန်ဆင်းနိုင်၍၊ ယှဉ်ပြိုင်တွေတွေ၊ ခုနစ်ခွေတည့်၊ ရေသိန္ဓမြစ်၊ မြေ တခေတ်ကို၊ ဉာဏစက်စုံ၊ မြင်းမိုရ်ခြံသည်၊ ရန်ပုံဖြို ခွင်း၊ ခြသေ့.မင်းလျင်၊ နန်းခင်လက်မွန်၊ တည်လ်မှ် ညွှန်သည်၊ ရွှေဥက်ကွန်ရွက် ပြန့်ကြတည်း။

၆၅၊ သာသနာမွန်၊ အညာဆန်သား။ ကျွမ်းဂန် အထိတ်၊ သိုက်ဗျာဒိတ်ကို၊ ထိတိတ်ဥက္ကဋ္ဌ၊ စက်နယ် ရှသည်၊ ဘဝသင်၊ တို့ရှင်ပင်၏၊ အသခ်ါရိတ်၊ ရွှေဥက်စိတ်ဖြင့်၊ သီဂီနိုက် ကြုတ်ဖုံး၊ အုပ်၍ချုံး သော်၊ ကိုးလုံးအကျရာ၊ နန်းစဉ်လာဖြင့်၊ သာသနာ စက်၊ ဘုမိနက်ကား။ ရွှေသန်လျက်စွန်း၊ ဘုံကြဉ်းမှ၊ မန္တလေးညွှန့်၊ ညာသို့ကွန့်၍၊ အဝှန့်အဝါ၊ နှစ်ထောင် သာသည်၊ လေး ရာ စွန်းကယ်၊ ထွန်း ဆဲ ဝယ် ၌၊ ဘုန်းကြွယ် ဘုရား။ လောင်းမင်းဖျားအား၊ သိကြား လို့ သိ၊ နှိုးဆော်ညှိ၍၊ ပတိသဟံ၊ သောင်းရွှေရံ နှင့်၊ အလျှ ထိုးထိတ်၊ မိုးလုံးညိတ်သည်၊ ဟာရိတ်

ဘုန်းလူ၊ သနက်တို့၊ ကြည်ပြူသဒ္ဒါ၊ ဤအခါကား၊ စကြာမောင်းနှင်၊ ဘုန်းပေါင်းရှင်၏၊ လိုအင် တောင့်မြတ်၊ ပြည့်သဏ္ဌတ်ဟု၊ ဇာမွိပါစ်ဟုန်၊ ပြဟ္မာဂုဏ်ဖြင့်၊ သုနံသုနံ လွှမ်းမိုး၊ ပြည်လုံးနှံး၍၊ ညွှတ်ကျိုး ရိုသေ၊ တောင်းပန်စေသော်၊ ပရမေတ္တာချ၊ လောကနာကား၊ ကေသရာခံ၊ ပလွင်ဖျံတက်၊ ထီးရံရှစ်သောင်း၊ ဘုရင်ပေါင်းတို့၊ ဦးခေါင်းညွှတ်ခွေ၊ ဝိုလ်လူမွေဝယ်၊ ရွှေကုမုဒ်ကြာ၊ နူတ်ပျူငှာဖြင့်၊ ရတနာပုံ၊ မြေခုံရန်လွတ်၊ ပြည်တော်မြတ်ကို၊ ခုနစ်ပတ်ခွေ၊ တောင်ရံရွှေနှင့်၊ ရွှေတည်းညီးနေရုထီးလျင်၊ အပြီး စိုက်ဆောက်၊ ဤဝယ်ရောက်သို့၊ လုံလောက်မိုင်ခံ့၊ ငါတည်အံ့ဟု၊ တံ့တံ့မြွက်သံ၊ ဘဝဂ်လျှံသည်၊ မီးယံတငြိမ့် နှဲနွဲတည်း။

၆၆၊ နေအံ့သုမာ၊ ထိတျာလျှင်၊ လိတ္ထာခန်းနေ၊ ဂဏန်းခြေပြင့်၊ ကုဋေတွက်စစ်၊ တစ်ရာ့ခွစ်တည်၊ ပတ်ရစ်လည်ဝါ၊ ယူဇနာကို၊ မျက်နှာ လေးပါး၊ ပြဟ္မာသားတို့၊ နူတ်ဖျားရှဉ့်၊ နှစ်ဟာညီသည်၊ ဂေါစရီယ၊ ကာလသံဝစ်၊ သက္ကရာဇ်လျှင်၊ အနှစ်တစ်ထောင်၊ ကျော်အောင်နှစ်ရာ၊ ဆယ့်ခွစ်သာတွင်၊ ပျူငှာတော်မြတ်၊ ဗျာဒိတ်မှတ်ဖြင့်၊ ဓတ္တုရဋ္ဌ၊ ဇသည်ပတ်ဝိုက်၊ မဟာရိုက်တို့၊ သောင်းထိုက်ကျော်ထွန်း၊ အရည်လွန်သည်၊ မတ်မွန်ကြံသိုင်း၊ ရွှေဇင်းသို့၊ မနှိုင်းမတန်၊ မြေနက်သန်ကို၊ ကြန်မင်္ဂလာ၊ ရွေးသောခါ၌၊ ဗာဝတိ ဘုံ၊ တောင်ခေရုမှ၊ ဝိသကြံကို်ယ်၊ အလိုတော်သိ၊ ဝင်ဘိရကား၊ မြေတစ်ပါးထက်၊ ထွတ်ဖျားခေါင်နှိမ်၊ မန်းမြေသိမ်ကဲ့၊ အကြိမ်တစ်ထောင်၊ ထောင်ထောင်သံလေး၊ ကောင်းချီးပေးသော်၊ လေးသောင်းနှစ်သိန်း၊ အကိန်းခန့်တွက်၊ မြေအချက်မှ၊ ဘဝဂ်မိုးဆုံး၊ လူဝတ်ကုံလည်း၊ ရွှင်ပြုံးကဲလွန်၊ ပီတိဝုန်း၍၊ ဩမွန်ခဲ့သောင်း၊ စံနည်းကောင်းပြင့်၊ ပေါင်းဝေါင်းရုရှ၊ ဘီသိုက်ပြုသည်၊ သာဒုအောင်သံ မစဲတည်း။

၆၇၊ ဇောတိသ္သတြ၊ ပုရာဏ်စသည်၊ သက္ကတဂန္ထာ၊ ကျမ်းရွေစာပြင့်၊ ရှစ်ပြာကိုးပုံ၊ ဆယ့်ခြောက်စုံတည်၊ ဘုမ္မိနက်သန်း၊ ကြန်မင်္ဂလာ၊ ရွေးချယ်ရှာသော်၊ မဟာဗုဒ္ဓဟော၊ တည်ရာမြေသို့၊ ကျက်သရေစုံညီ၊ မန်းမြေကျိဝယ်၊ ကိုးလီကွက်ကတ်၊ ကိုးပြန်ခတ်သည်၊ နဝရတ်စုံ၊ တမျဉ်းပုံထက်၊ ဝိဇ္ဇုံကျိုးရစ်၊ မိုးလျှပ်စစ်သို့၊ ရှစ်ဆယ့်တစ်ဦး၊ တန်ခိုးထူးသည်၊ နတ်မူးတို့အား၊ ရပ်စေနားပြီး၊ မြောက်စားလက်မုံ၊ ပူဇော်ဟုလျက်၊ "ဥုံဠုပါတာလ မဓေသု၊ ယေဒေဝါ ခမ္ဘုကမ္ဘဝါ" အစဖြာသည်၊ ပြဟ္မာနှုတ်မြိုက်၊ ပုခံပိုင်လေးပါး၊ မန္တရာဖြင့်၊ ဖွားဖွားမန်းမွှတ်၊ စုတ်ရှိငှဲချီး၊ မျိုယူပြီးသော်၊ လေးသီးတောင်တုတ်၊ စထုမုတ်ကို၊ ဂါဝုတ်အလီ၊ သုံးဆယ်စီဖြင့်၊ အညီသင့်ရန်၊ စနစ်ဖန်သည်၊ ကောင်းကြန်မြေ အဆီခံတည်း။

၆၈၊ ပရိမဏ္ဍလာ၊ လှည့်စကြာဖြင့်၊ တစ်ဂါဝုတ်မျှ၊ မှန်မုချသည်၊ ဥဿဒလေးဆယ်၊ နယ်ကြင့်နှံးဇွေ၊ အောင်ခန်းမြေထက်၊ ကျက်သရေဆိုင်၊ ချီးမပို်င်တည်၊ ဦးကိုင်ကမ္ဘာ၊ နေနွယ်လာသည်၊ မဟာပနာဒ၊ ဘုနာထ၏၊ ပုညနက်ကိ၊ ဘုန်းသတ္တိဖြင့်၊ ပါရမီအလျောက်၊ မြေမှပေါက်သည်၊ ထုတ်ချောက်လှလျား၊ မြားဆယ့်ခြောက်ချက်၊ အောက်ထက်မိုးခေါင်၊ စနစ်ဆောင်သော်၊ တစ်ထောင်မြားကွန်၊ ပြာသာဒ်မွန်နှင့်၊ ဝေဇယန္တာ၊ ထိုခြင်းရာကို၊ ကျမ်းလာ ကြားကျော်၊ ကြားဖူးသော်လည်း၊ မျက်မြော်မရှေး၊ ကာလဝေး၍၊ အရေးပြက်ပြယ်၊ အိပ်မက်နှယ်သို့၊ စိတ်ဝယ်ရွှန်းရွှန်း၊ မရှိလွန်းတည်ရှိ၊ အစွန်းလေးဘက်၊ မြေအချက်ကို၊ ရွှေစက်မောင်းနှင်၊ တို့ရှင်ပင်၏၊ နိသင်သန္ဓာ၊ ဘုန်းဖနဲလာသည်၊ ရတနာပုံ မြေခုံသမတ်၊ ပြည်ပြာသာဒ်ကား၊ လောကဓောတ်ဘုံ၊ ဇိုယ်တွေကြဲ၍၊ စက္ခုံတည်တည်၊ ဖူးရသည်ကြောင့်၊ အင်ပြည့်အင်၌၊ မပြစ်မြဲဟု၊ လျှိုက်လဲဝမ်းရွှင်၊ သီဋ္ဌိတင်၍၊ မင်္ဂလာမြွေက်ပြင့်၊ ချီးထိုက်၍သင့်သည်၊ တို့ရှင့်ဘုန်းတော်လွန်ကဲတည်း။

၆၉၊ ခုနစ်ခွေဆင့်၊ ရွှေ့ရွှေ့မြင့်လျက်၊ တောင်နှင့်ရေသိန်၊ ဝင်းဝင်းထိန်မျှ၊ အာလိန် ငါးထွတ်၊ သားသားညွတ်သည်၊ ကြာသွတ်ပဒုမ္မာ၊ ရွေမြူတာသို့၊ သိဂိါခဲစိုင်၊ ရွှေချိန်ထိုင်ထက်၊ မြိုင် မြိုင် ပြီး ဝှန်၊ မျက်မျိုးမွန်သား၊ ဝေဇယန်နန်း၊ ပြာသာဒ်ကွန်းနှင့်၊ နွန်းနွန်းချိန်သော်၊ ဧဝဝိန်နတ်လူ၊ မင်းနှစ်ဆူတွင်၊ ဘူပတိဗျား၊ တို့ထွက်ထားကို၊ သိကြားတစ်မည်ညွတ်ရသည်ကြောင့်၊ ပြည်ပြာသာဒ်ချင်း၊ အနွန်းထွင်းလည်း၊ သုံးကွင်းမျက်မှန်၊ ဗောဓိညာဏ်ကို၊ ကပ်လွန်မင့်၊ ပိုင်တော့အံ့သာ၊ ဖွဲ့ဖွဲ့ဘုန်းတန်း၊ လူမင်းနန်းလျင်၊ ပြဋ္ဌာန်းကဲလွန်၊ သာသဉ်ဘုန်းဟု၊ လျော်ကန်ယုတ္တိ၊ သတောရှိ၏၊ ဘူမိအချာ၊ ဗိဇယာထက်၊ ရတနာပုံ၊

နီထုံတံဆိပ်၊ ရွှေလိပ်သွန်းသွန်း၊ မြို့နှင့် နန်းကို၊ ပတ်သန်းခိုင်ကျည်၊ ဘုန်းတော်တည်၍၊ ရက်ရှည်မင်၊ ပြီးအောင်မြင်သော်၊ ရေပင်လယ်ခိုင်၊ ခုနစ်ပြိုင်နှင့်၊ ကျောက်ထိုင်ဝန်းယုက်၊ မြေအချက်ကို၊ ရွှေစကြာညွှန့်၊ ကွန့်မည်ဘုန်းဌိ၊ မဟိဒ္ဓိကို၊ မြေကြီးအလုံး၊ ရွှေစက်အုံး၍၊ ပြုံးပြုံးရောင်ရွှန်း၊ မြို့သစ်နန်းသို့၊ ဘုန်းပန်းပွင့်ပွင့်၊ ပြောင်းစံသင့်ဟု၊ အခွင့်ပန်တောင်း၊ ထိပ်ထက်ပေါင်းသည်၊ ဆယ်ချောင်း ကုမုဒ်ညာတွဲ့တည်း။

၇၀။ သက္ကရာဇ်ကောဇာ၊ ထောင်သစ္ခါးနှင့်၊ နှစ်ရာ ညွှန့်သွန်း၊ ဆဲ့ကိုးစွန်းသော်၊ ထက်ဝန်းလူနတ်၊ ပရိသတ်နှင့်၊ ယုတ်မြတ် ကျိုးမြင်၊ ပညာရှင်တို့၊ အောင်မင်္ဂလာ၊ ဇေယျာတီ ထီ၊ ကြိုက် လတ်ပြီဟု၊ မြွောက်ချီကြားက၊ တရားမင်းကြီး၊ ညီး ညီး ကျက်သရေ၊ စံပယ်ထွေကား၊ ရနဲမွေသတ်နှင့်၊ မုန်အာဝင်သည်၊ မာတင်ပေါက်ပြောင်၊ ဆင်ကိုး ထောင်တွင်း၊ စွယ်ရောင်ညီးညီး၊ ဆင်တစ်စီးကို၊ စက်ဘီး ကြွားကြွား၊ ရထားသုံးရာ၊ ရဲစကာထီ၊ စကြာရထား၊ တစ်စီးအား၊ ကို၊ မြင်းကားတင့်စံ၊ တစ်ဆာရဲလျက်၊ ချွန်ချွန် ရဲတင်း၊ တစ်စီးမြင်းဝယ်၊ လည်ချင်း လက်ရုံး၊ မခုံးမှီကာ၊ ဝိုလ်တစ်ရာတည့်၊ ဗိုလ် ပါ ယောဂကျိုး၊ တစ်ယောက်သား၌၊ ထွားထွားမွတ်မွတ်၊ ကြွားနွယ် နတ်သို့၊ ရပ်ခဲတဲလက္ခဏာ၊ တင့်တယ်စွာသည်၊ ကညာ မယ်လျ၊ ရုရဲခေလျက်၊ မြမြရှိမ်းရှိမ်း၊ ကြော့စိမ်းလဲ့လဲ့၊ ခဲ့ရရဲ့လျင်၊ ကြင်ဘွဲ့စေသာ၊ ခြောက်ပြစ်ကွာသည်၊ ကညာလှထွား၊ မယ်တစ်ပါးဝယ်၊ ဝန်းလှားဖြူဖြူ၊ လိုက်တက်မျှသည်၊ မိုနီးမရွေအုပ်၊ ရာရဲ့ချဲ့ဝ်ရှင့်၊ သိမ်းအုပ်ပတ်ခြုံ၊ ခြောက်ပါးစုံသား၊ ဝိုလ်ပုံရဲညီ၊ ခေါဘဏီဖြင့်၊ နှစ်လီစကြာ၊ ဖြန့်ချီခါဠ်၊ ရွေညီလားရံ၊ တင့်ရွှိုင်းစံသည်၊ ဘုန်းက အံ့ဖွယ်သရဲတည်း။

၇၁။ တထွေသော်တို့၊ ဘုန်းတော်ကံလွန်၊ စံပယ် ဟန်ကား၊ မုံမာန်ရွဲ ရွဲ စစ်ခြေမြဲသည်၊ ဆင်း ရဲပေါက် သား၊ တိုက်ရထားလည်း၊ နှစ်ပါးအညီ တစ်စီးစီ တည့်၊ ကွန့်ချီဦးနား၊ ကြွားကြွားမာန်ဝင်၊ တိုက်ဆင် သုံးစီး၊ မြေကြီးစောင်းပင်း၊ ပြုမျှနင်းသည်၊ တိုက်မြင်း ကား သုံး၊ လက်ရုံးစိန်သွား၊ ခြေသည် အားမူ၊ ဝါးယောက်ပေါင်းညီး၊ ဤအရှိကို၊ ပတ္တိသဒ္ဒါ၊ စစ်အင်္ဂါဟု၊ သေချာတွဲ့ယုတ်၊ အထက်ကိုကား၊ သုံးစည်းအား ဖြင့်၊ ပွားတုံပွားတုံ၊ ဌစ်ပါးစုံသော်၊ ဗိုလ်ပုံသေန၊ မုခကူမွှ၊ ဂနဝါဟနီ၊ တစ်လီပုထန၊ ဝေါဟာစမှ၊ ခေါမှသည်၊ အနိကိန္နှင့်၊ ခေါဘဏီ စစ်၊ ကိုးဂိုဏ်းဖြစ်သား၊ စက်သစ်ကွန့်လည်၊ မန်းရွှေ ပြည်သို့၊ ဘုန်းစည်စောထီး၊ ထွက်စံနိုင်၌၊ ငွေကြိုး သဘင်၊ မွမိုးမွမိုးဖျင်မျှ၊ စစ်အင်သောင်းသိန်း၊ အဂိန်းကိန်းတည့်၊ မုဒိန်းသုန်သုန်၊ ထက်သံဟုန်လျက်၊ ဒုန္ဒဘိငြာ၊ ဗိန္ဓိမာန့်၊ ခရာသံရှင်၊ မြေကောင်းကင်ကို၊ ပဲ့တင်ပြုန်းပြုန်း၊ စက်လှည်ချုန်းမျှ၊ ဘုန်းအဝဏ္ဏာ၊ ရာဇိန္ဒကို၊ ခယညီညာ၊ ရံစကာသည်၊ ဗိုလ်ပါခြံမုံခြံမုံ သဲ့သဲ့တည်း။

၇၂။ မုနိန္ဒာဘိ၊ မာရဇိသျှင်၊ ဝေသာလီဘေး၊ ရန်ဉာစ်ကြေးကို၊ လျှော်ဆေးစင်ကြည်၊ ပရိတ်ရည်ဖြင့်၊ နွှဲ့နုံည ပြီးမှ၊ မာဂဓသို့၊ ထွန်းပသီရီ၊ ဖြန့်သည် ရှိသော်၊ ဇာတိခေတ်တွင်း၊ ပြဟ္မာမင်းတို့၊ ထီးချုင်းစပ် လျက်၊ အယုံကျယုံကဘည်၊ ဓွဇရွက်ရိပ်ကြာ၊ မိုးကာ ဖြန့်လွှား၊ သိုက်ကြားနဂါး၊ အများရံခ၊ အနုဇ္ဇလျင်၊ သကလစက္ကဝါ၊ ထိုက်မျက်နှာထက်၊ မွန်ရာမြတ်ဆုံး၊ ရှိမဲ့ကျုံးချီ၍၊ ညွတ်ရုံးဦးရှိ၊ ပူဇော်ချိလျက်၊ ပရိဝါရိ၊ ပတ်ဝန်းခြံသို့၊ ထက်လျှံကျေးဇူး၊ တို့ရွယ်လူးလျင်၊ နန်းဦးသဘင်၊ မြန်းမည်ယင်သော်၊ ကောင်းကင်ရေမြစ်၊ တလှစ်တောင်တော၊ ထိုက်တစ်ကြောထက်၊ ထွတ်စော ငြဟ္မာ၊ အသူရာနှင့်၊ ဣန္ဒာဘုန်းဝန်း၊ နတ်မွန်အများ၊ နဂါးတက္ခ၊ ဝေနတတို့၊ မြေမှမိုးထက်၊ ရံလျက်ဝန်း လျား၊ ဘေးကိုတဝန်း၊ စွယ်ငွားရှစ်ချောင်း၊ ပေါင်းရာရောင်းသား၊ ထောင်းထောင်း နင်းလျက်၊ ခြေသုံးဘက်နှင့်၊ လက်နက်သံတိုင်၊ ရဲရဲကိုင်သည်၊ ဘုန်းလှိုင်ဧသေဝက်၊ နတ်မင်းကွန်ဟု၊ ကမ္ဘာဏ် မွှထမ်း၊ ဘီလူးကြမ်းတို့၊ လက်ဝမ်းဟန်လှ၊ ဆိုင်ကာ ပြုပြီး၊ ကြွကြွဝမ်းသာ၊ ရွှဲမျက်နှာဖြင့်၊ စကြာနောက်ရံ၊ လိုက်အံ့သဲ့၍၊ ကျ ကျ ရင့်ရော်၊ ဟစ်ကြွေးကြော်သည်၊ ဘုန်းတော်ချီးပင့်အံ့အဲတည်း။

၇၃။ တစ်ရံတစ်ဖန်၊ လောကခ ထက်၊ ဘုန်းအန် ကျက်သရေ သို့ အခြေကို၊ သက်သေခံတည်၊ မြင့်ဖူး မည်ကား၊ ခဲသည်မုချ၊ ကြားရံမျှလည်း၊ ဤမှအထူး၊ မကြားဖူးတည်၊ ကျေးဇူးမြင့်မြတ်၊ ဘူဘပတ်ကား၊ ညာနတ်ဦးကင်းရှစ်သောင်းသျှင်နှင့်ယည်ညင်ဘုံပျံ၊ ထီး ပြိုင်စံလျက် မိဿ ရံရွှေ့အကုင်္ဂေတည်၊ မြေဇမ္ဗူချက်၊ ရာထီးရွက်တို့၊ ပြိုင်လျက်ထူသော်၊ မြူပြကတေ့၊ မွတ် လွှင့်လေ့သည်၊ အိမ်ရှေ့ဥပရာဇ်၊ ညီတော်ချစ်နှင့်၊ နေ မြစ်နွယ်စင်၊ မဟာဝင်လည်း၊ ဝန်းကျင်ရံပတ်၊ မှူးမတ်

နိုထုံတံဆိပ်၊ ရွှေလိပ်သွန်းသွန်း၊ မြို့နှင့် နန်းကို၊ ပတ်သန်းခိုင်ကျည်၊ ဘုန်းတော်တည်၍၊ ရက်ရှည်မင်း၊ ပြီးအောင်မြင့်သော်၊ ရေပင်လယ်နှံ့၊ ခုနစ်ပြိုင်နှင့်၊ ကျောက်ထိုင်ဝန်းယုက်၊ မြေအချက်ကို၊ ရွေစကြာညွှန့်၊ ကွန့်မည်ဘုန်းခို၊ မတီခွံကို၊ မြေကြီးအလုံး၊ ရွှေစက်ဆုံး၍၊ ပြပ်းပြပ်းရောင်ရွန်း၊ မြို့သစ်နန်းသို့။ ဘုန်းပန်း ပွင့်ပွင့်၊ ပြောင်းစံသင့်ဟု၊ အခွင့်ပန်တောင်း၊ ထိပ်ထက် ပေါင်းသည်၊ ဆယ်ချောင်း ကုမုဒ်ညာတို့ တည်း။

၇၀။ သင္ကန္တရာဇ်ကောဇာ၊ ထောင်သခိုးနှင့်၊ နှစ်ရာ ညွန့်သွန်း၊ ဆဲ့ထိုးစွန်းသော်၊ ထက်ဝန်းလွန်တံ၊ ပရိသတ်နှင့်၊ ယုတ်မြတ် ကျိုးမြင်၊ ပညာရှင်တို့၊ အောင်မင်္ဂလာ၊ ဧ ဃာ တိ ထိ၊ ကြွက်လတ် ဦဟု၊ မြွေကဲချီကြားက၊ ထရားမင်းကြီး၊ ညီး ညီး ကျက်သရေ၊ စံပယ်ထွေကား၊ ရန်မွေသတ်နှင့်၊ မုန်အာဝဇ်သည်၊ မာတင်မေ၊က်ပြောင်၊ ဆင်ထုံး ထောင်တွင်၊ စွယ်ရောင်ညီးညီး၊ ဆင်တစ်စီးကို၊ စက်ဘီး ကြွားကြွား၊ ရထားသုံးရာ၊ ရဲစကာထိ၊ စကြာရထား၊ တစ်စီးအား၊ကို၊ မြင်းကားတင့်စံ၊ တစ်ရာရဲလျက်၊ ချွန်ချွန် ရဲတင်း၊ တစ်စီးမြင်းဝယ်၊ လည်ချင်း လက်ရုံး၊ မခုံး ဗိုက၊ ဗိုလ်တစ်ရာတည့်၊ ဗိုလ် ပါ ယော ကျိုး၊ တစ်ယောက်သား၌၊ ထွားထွားမွတ်မွတ်၊ ကြာနွယ် နတ်သို့၊ ရုပ်ခေတဲလကဏာ၊ တင့်တယ်စွာသည်၊ ကညာ မယ်လျ၊ ရာရဲ့ခဲလျက်၊ မြမြရှိမ်းရှိမ်း၊ ကြောစိမ်းလဲ့လဲ့၊ နွဲ့ရွဲ့လျင်၊ ကြင်ဘွဲ့စေသ၊ ခြောက်ပြစ်ကွာသည်၊ ကညာလှထွား၊ မယ်တစ်ပါးဝယ်၊ ဝန်းလျားဖြုံပြု၊ လိုက်တက်မျှသည်၊ မှိန်းမရွေအုပ်၊ ရာရဲ့ချုပ်ရှင့်၊ သိမ်းအုပ်ပတ်ခြုံ၊ ခြောက်ပါးစုံသား၊ ဗိုလ်ပုံရံညီ၊ ခေါဘဏီဖြင့်၊ နှစ်လီစကြာ၊ ဖြန့်ခြိုခါ၌၊ ရွေညီလ၊ရံ၊ တင့်နွှင်းစံသည်၊ ဘုန်းက အံ့ဖွယ်သရဲတည်း။

၇၁၊ တထွေသော်တုံ၊ ဘုန်းတော်ကဲလွန်၊ စံပယ် ဟန်ကား၊ မုံမာန်ရွဲ ဇွဲ စစ်ခြေမြဲသည်၊ ဆင်း ရဲပေါက်သား၊ ထိုက်ရထားလည်း၊ နှစ်ပါးအညီ တစ်စီးစီ တည်၊ ကွန့်ချီဦးနား၊ ကြွားကြွားမာန်ဝင်၊ ထိုက်ဆင် သုံးစီး၊ မြေကြီးစောင်းပင်း၊ ငြိမ္မနင်းသည်၊ ထိုက်မြင်း ကား သုံး၊ လက်ရုံးစိန်သွား၊ ခြေသည် အားမှု၊ ငါးယောက်ပေါင်းညီ၊ ဤအရှိုက်၊ သေချာတွဲ့ယှက်၊ အထက်ကိုကား၊ သုံးစည်းအား၊ဖြင့်၊ ပွားတုံပွားတုံ၊ ဒွစ်ပါးစုံသော်၊ ဗိုလ်ပုံသေန၊ မုဇကုမ္မ၊ ဂနဝါဟန်၊ တစ်လီပုထန၁၊ ဝေါဟာဇမု၊ ခေါမှသညီ၊ အနိကိနှင့်၊ ခေါဘဏီ စစ်၊ ထိုးဂိုဏ်းဖြစ်သား၊ စက်သစ်ကွန့်လည်၊ မန်းရွှေ ပြည်သို့၊ ဘုန်းစည်စောထီး၊ ထွက်စံနိုင်၌၊ ပွဲကြီး သဘင်၊ မွှမ်းမွမ်းဖျင်မျ၊ စစ်အင်သောင်းသိန်း၊ အဂိန်းဂိန်းတည့်၊ မုဒိန်းသုန်သုန်၊ ထက်သံဟုန်လျက်၊ ဝုန္ဒဘီပြာ၊ ဖိန္ဒိမာနှင့်၊ ခရာသံရှင်၊ မြေကောင်း ကင်ကဲ့၊ ပဲ့တင်ပြုန်းပြုန်း၊ စက်လျင်ချုန်းမျှ၊ ဘုန်းအဝဏ္ဏ၊ ရာဇိန္ဒကို၊ ခယညီသ၊ ရဲစကာသည်၊ ဗိုလ်ပါခြိမ့်ခြိမ့် သဲသဲတည်း။

၇၂၊ မုနိန္ဒာဘိ၊ မာရဇိသျှင်၊ ဝေသာလီ ဘေး၊ ရန်ညစ်ကြေးကို၊ လျော်ဆေးဓင်ကြည်၊ ပရိတ်ရည်ဖြင့်၊ နွံ့နည် ပြီးမှ၊ မာဂဓသို့၊ ထွန်းပသီရှိ၊ ဖြန့်သည် ရှိသော်၊ ဇာတိခေတ်တွင်၊ ပြဟ္မာမင်းတို့၊ ထီးချင်းစပ် လျက်၊ အယှက်ယှက်ဘည်း၊ ငွေချက်ရိပ်ကြာ၊ မိုးကာ ဖြန့်လွှား၊ သိကြားနဂါး၊ အများရံခ၊ အနန္တလျှင်၊ သကလစက္ကဝါ၊ ထိုက်မျက်နှာထက်၊ မွန်ရာမြတ်ဆုံး၊ ရှိမှဲကျုံး၍၊ ညွတ်ရိုးဦးရှိ၊ ပူဇော်ချိလျက်၊ ပရိဝါရဲ့၊ ပတ်ဝန်းခြံသို့၊ ထက်လျှံကျေးဇူး၊ တို့ရွယ်လူးလွှင်၊ နန်းဦးသဘင်၊ မြန်းမည်ယင်သော်၊ ကောင်းကင်ရေမြစ်၊ တလှစ်တောင်တော၊ ထိုက်တစ်ကြောထက်၊ ထွတ်စော ငြပွာ၊ အသူရာနှင့်၊ လူနွာဘုန်းဝုန်း၊ နတ်မွန်အမျာ၊ နဂါးတက္ခ၊ ဝေနတတို့၊ မြေမှမိုးထက်၊ ရဲလျက်ဝန်း လျား၊ ဘေးကိုတားဏ်၊ စွယ်ပွားရှစ်ချောင်း၊ ပေါင်းရာရောင်းသား၊ ထောင်းဆောင်း နင်းလျက်၊ ခြေသုံးတက်နှင့်၊ လက်နက်သံထိုင်၊ ရဲရဲကိုင်သည်၊ ဘုန်းလှိုင်ဧသေ၀ဏ်၊ နတ်မင်းကွန်ဟု၊ ကုမ္ဘာဏ် မှုဆမ်း၊ ဘီလူးကြမ်းတို့၊ လက်ပမ်းဟန်လှ၊ ဆိုင်ကာ ပြပြီး၊ ကြွကြွဝံမိသော၊ ရွှင်မျက်နှာဖြင့်၊ စကြာနောက်ရံ၊ လိုက်အံ့သဲ့၍၊ ကျ ကျ ရင့်ရော်၊ တစ်ကြွေးကြော် သည်၊ ဘုန်းတော်ချီးပင့်အံ့အဲတည်း။

၇၃၊ တစ်ရံတစ်ဖန်၊ လောကခ ထက်၊ ဘုန်းအန် ကျက်သရေ သို့အခြေကို၊ သက်သေခံတည်၊ မြင်ဖူး မည်ကား၊ ခဲသည်မှာ၌၊ ကြားရှိမျှလည်း၊ ဤမှအထူး၊ မကြားဖူးတည့်၊ ကျေးဇူးမြင့်မြတ်၊ ဘူဘပတ်ကား၊ ညာနတဲဦးကင်ရစ်သောင်းသွင်းနှင့်ယည်ညင်ဘုံပျံ၊ ထီး ပြိုင်စံလျက် မိဿ ရံရွေ့အကုဋေတည့်၊ မြေဇမ္ဗူဖျက်၊ ရာထီးရွက်တို့၊ ပြိုင်လျက်ထူသော်၊ မြူပြကတေ့ မွတ် လွှင့်လေ့သည်၊ အိမ်ရှေ့ဥပရာဇ်၊ ညီတော်ချစ်နှင့်၊ နေ မြစ်နှယ်စင်၊ မဟာဝင်လည်း၊ ဝန်းကွင်ရံပတ်၊ မျှူးမတ်

ခေါ်ဘွား၊ နယ်ခြားထိုးစင်း၊ ၅စ်သောင်းမင်းလည်း၊ စက်ရင်းကျိုးခွဲ၊ ခယရဲလျက်၊ တင့်စံကျက်သရေ၊ ဂုဏ်မြူတေဖြင့်၊ ရွှေစင်္ခါခိုင်၊ တောလုံးကြိုင်သား၊ နတ်အိုင်သာစွ၊ ကောင်္ခိယဟု၊ သက္ကဋ္ဌအလို၊ တြိင်းချီသည်၊ ဝါဆိုဝေါဟာ၊ လွန်ခယ်တာ၌၊ ရတနာပုံ၊ မျှော်ငါးစုံသား၊ ဇေယျခုခုချည်း၊ ပြည်များထီးကို၊ ညီးညီးလျှံပ၊ ဘုန်းကျိုးပြလျက်၊ ဆန့်ကြွေစကြာ၊ ဒေသစာဖြင့်၊ ရန်ညာနှိပ်ခွဲ၊ နန်းသစ်စံသည်၊ ပတ်ခြံဝိုလ်ဖြန့်ယာဝဲတည်း။

၇၄၊ ယောဂလက္ခဏာ၊ ယုဂိဇာတာဖြင့်၊ စကြာထိုက်တန်၊ တို့ဘုန်းသန်ကား၊ အမွန်ရတနာ၊ မြတ်သုံးဖြာကို၊ ဆဂါရဝ၊ ညွှတ်ကြည်လှ၍၊ ယိဒ္ဓကျေးဇူး၊ ဂုဏ်ဖြင့်ထူး၏၊ လေးဦးဗိပ်ကွန်း၊ စထုရန်းကို၊ စက်ဝန်းရွှေ့ရန်၊ စိုးထိုက်တန်၍၊ မဏ္ဍလီဆာရ၊ ဆုဂုဏ်ထူး၊ ဘုန်းရောင်မြူး၏၊ ဟူးဟူးကွန့်မှန်း၊ တန်ခိုးဘုန်းကို၊ အန္တန်းယူယူ၊ ဤမျှတူ၍၊ ဂဏ္ဍုပဒေး၊ မရှိထွေကြောင့်၊ အညေယျသတ္တိ၊ အမည်ရှိသည်၊ သီရိသွန့်ဖူး၊ အခေါင်ကြူး၏၊ သုံးဦးပဝရ၊ ဂုဏ်သေဋ္ဌကြောင့်၊ သမြာဒုမင်း၊ တုဘက်ကင်းဟု၊ ဝင်းဝင်းနိုတုံ၊ ရွှေလိပ်ပုံဖြင့်၊ မြေခုံရန်ထိမ်း၊ ပြည်ဘေးငြိမ်းထက်၊ ခပ်သိမ်းရာဇ၏၊ ကျင့်သုံးစံသော်၊ မိုးပျံစျာန်ကြွ၊ ဝလာဟဟု၊ ကာလရွှည်ကျူး၊ မကြွားဖူးသား၊ မှုပ္ပဝီ၊ချိန်မီရောင်ပြီး၊ မုဏ္ဍာလုံးကို၊ ပတ်ကုံးရန်မှောင့်၊ ကုန္တာဏ်စောင့်သည်၊ တောင့်အတွတ်ထက်၊ ဝေဘုဓျက်မှ၊ ရွှေလက်ဆွဲတ်ချူ၊ သီကြားယူ၍၊ မြူအစွန်းစက်၊ စည်းကျောက်မျက်ကို၊ ငှက်ကာကာဝဏ်၊ ကျိုးသဏ္ဌာန်ဖြင့်၊ တမန်နတ်သား၊ ဖန်ဝေ ငြားပြီး၊ ဘဝါးရွှေစက်၊ ချိုပို့ ဆက်သည်၊ ဘိုးနှင်ဝေဘူ ပုလဲတည်း။

၇၅၊ ရတနာပုဏ္ဏား၊ မာဂဖြေင့်၊ သာစု ဩဘာ၊ ပြည်အောင်ချာကို၊ ပဏ္ဍာဒိတ်၊ တည်ထောင်စံသော်၊ တရဲရောခါ၊ ဧတဝဲ့ ဇာတက်သစ်၊ ဘဥနှစ်ထက်၊ မြစ်ဥတ္တရာ၊ မြောက်ညာကယ်ကယ်၊ သာကိန္နယ်တို့ စံပယ်ဖူးကြ၊ မောရိယဟု၊ မြသေလာမြိုင်၊ ငါးဆိုင်ရံလည်၊ ကလေးပြည်မှ၊ ဇာနည်ဘုန်းဟော့၊ ရွှေဂူ ရွှေ့သား၊ ရွှေ့အရည်ရောင်၊ ကေလာ တောင်သို့၊ အာဘောင်ဝယ်ရာဂွက်၊ ခြေလက် အသည်း၊ စက်စက် ရည်း မျှ၊ တလည်း မှည့် သွင်၊ စုံစွယ် ၅ွင်လည်း၊ ကောင်းကင် ပတ်လည်၊ ခြောက်ရောင်ခြည်ဖြင့်၊ အသည်အဝါ၊ ဖြာဖြာကွန့်၌၊ ရွှမရဲတည်း၊ ပုလဲမှက်လုံး၊ တင့်မျိုးကျုံးသား၊ ပြုံးပြုံးလျှံညီ၊ ယိုဘိတန်း၊ ကြိုးစုံထွန်း၏၊ ရွှန်းရွှန်းစွေးစွေး၊ ကိုယ်မွေးနီတုံ၊ အစုံခြေလက်၊ မြီးရွက်စွယ်ဖူး၊ ခုနစ်ဦးလည်း၊ ဖြူးဖြူးသွယ်ညွတ်၊ မြေညွန့်ဆွတ်လျက်၊ ဆန္ဒန့်ဇာတိ၊ ကြန်ညီညီသည်၊ မောရိယပစ္ဆယ၊ နာဂရာဇ၁၊ မင်္ဂလာမောတင်၊ ပေါက်လုလင်ကို၊ ၅ွင်ပင်ဘုန်းစုန်၊ နှင့်သာတန်ဟု၊ ဝေ ယန် ဘုန်း စည်၊ ပဏ္ဍာ ရည်သည်၊ စည်၅ွည် မကြိုက်ဖူးမြဲတည်း။

၇၆၊ အရိယာဝတ္တ၊ ပုညဘူမိ၊ မည်ထူးရှိသည်၊ ဂီရိသာခေါင်၊ မန်းပြည်ထောင်ကို၊ ပြောင်မြောင်ဘုန်းလျှံ၊ တည်၍စံသော်၊ ရာဇမဲမြတ်၊ ဖွယ်ရာဝတ်လည်း၊ မဒ္ဒတ်ကေန်၊ ကထိမှန်၍၊ ဝိမာန်ဂ္ဂိဟ်လမ်း၊ ကောင်းကင်ငြမ်းလည်း၊ စည်းကမ်းမကျိုး၊ မိုးလည်းချိန်ညီ၊ မြေဆီထိုးတက်၊ စစ်မက်မပွား၊ သစ်ကျားရန်ငြိမ်း၊ မုဒိမ်းလည်းကင်း၊ အချင်းချင်းတို့၊ ချစ်ခြင်းလွန်ကဲ၊ မည္ဆဉ်းဆဲတည်၊ ခွဲမြဲဖြောင့်ဖြောင့်၊ စောင့်သည်တရား၊ သုံးပါးရတနာ၊ သင္ခါကြည်ညီ၊ ပုဂ္ဂိုလ်သီလဝင်၊ အရည်းရွင်တို့၊ သုံးအင်သာသန၁၊ တည်ထွန်းကြာအောင်၊ သိက္ခာ စောင့်မှန်၊ ဤဆယ်တန်ကား၊ မြတ်မွန်ခဲ့ဘုန်းတက်၊ ရွှေလက်ထက်၌၊ မျက်လေဘဲ၊ အစဉ်မြဲ၍၊ ပြည်ထဲဇြိမ်ဆိမ်၊ ရေချမ်းစိမ်သည်၊ နိမ္မာနတ်ဘုံတစ်ပဲတည်း။

၇၇၊ လေးကျွန်းဥက္ကဋ္ဌ၊ မကိုင့်မှတ်သည်၊ မန္ဒာတိဝီတာ၊ တို့ထွတ်ချာကား၊ ရတနာပုံ၊ ပြည်စုံကဲလွန်း၊ မြို့ဝိမာန်ထက်၊ တံခွန်လွှင့်လွှင့်၊ ဘုန်းပန်းပွင့်၍၊ ကိုးဆင့်ပစ္စူ၊ မိုးရှိထူလျက်၊ မင်းမူမင်းကျင့်၊ သင့်သည့်၌သာ၊ တတ်လေ့လာသည်၊ သမ္မာယကာရီ၊ တန်ခိုးမွေ့မွေ့၊ သုံးဆောင်လေ့၏၊ ဤရွှေ့ကားလျော်၊ ဤမတော်ဟု၊ ဖော်ဇနည်း၊ ရွှေဘုံကလျက်၊ မြစ်မြူမဖုံး၊ အမြိုက်သုံး၏၊ ဆံးဆုံးဖြတ်ဖြတ်၊ သင့်လျော်ပတ်သား၊ ဆေးမြတ်မှီမှီ၊ နှစ်လည်စက်စုံ၊ လှည့်ပြောတိုလည်း၊ နုလုံညက်တော်၊ ချင့်နှိုင်းလျော်မှု၊ မြေပေါကောင်းကင်၊ စံပယ်ရွှင်၏၊ ပြုစင်နုဂို၊ ငြဟ္မနီရိကား၊ ရွှေကိုယ်တော်လုံး၊ တရားတုံးဟု၊ ပတ်ကုံးလူ့ခေတ်၊ ပြောရာပြစ်ရွှင့်၊ ငါးဆစ်ပိုင်းခြား၊ ဤတရားကြောင့်၊ ရွှည်လျားမြင့်ကြွယ်၊ ရာနှစ်ဆယ်လွင်၊ အန္တရာယ် မချည်၊ သက်တော် ရှည်၍၊ ရွှေပြည်ပတ်လျောက်၊ ဗွ ဆောင် ပေါက် သို့၊ မင်ဆောက်

ဖိုလ် ကျိုး၊ ကုသိုလ်မျိုးလည်း၊ ဖြိုးလှမိုးမှု၊ ထိုးစွ
မင်္ဂလာ၊ ထိုင်းထက်သာသည့်၊ အ၀ါ ခြောက်ရောင်
ရဲရဲတည်း။

၇၀၊ ဤသို့ဟောသား၊ မိ၀ေါသထ၊ နိရောဂဟု၊
သြဇချိုစွာ၊ ကာလကံ့ကာ။ မဟာသမတ်၊ ကမ္ဘာ
နှတ်မှ၊ မပြတ်ယခေါင်၊ နေနွယ်ဆောင်သည်၊
ကုန်းဘောင်တည်ရင်း၊ အလောင်းမင်း၏၊ မုန့်ကင်း
တစ်ဆူ ဖြစ်တော်မူ၍၊ ဘူပထဝီ၊ တမြေညီ၀ယ်၊စေတီ
ဂူထွတ်၊ပုထိုးမှတ်ဖြင့်၊ အမြတ်ပြဋ္ဌာန်း၊ ရှိလက်၀န်း
သား၊ မန္တလေးနဂရ၊ ပထမတည်ထောင်၊ မင်းမင်း
နောင်လျှင်၊ ဘုန်းရောင်နေခြည်၊ ပြိုနန်းတည်နှင့်၊
အပြည်ပြည်ထိုက်၊ တစ်၀ိုက် မိုး ယံ၊ ခံသူတို့၊
ဆောက်ဦ ဂန္ဓိ၊ ပါရမီကို၊ မြှောက်ချီ လေးမြတ်၊
ရှိသေညွတ်၍၊ လိပ်မှတ်ရွေစာ၊ဆက်ပဏ္ဏာနှင့်၊ စကြာ
တော်သို့၊ ကြိုး သည်ကြောင်းနွယ်၊ ရှည်ကြွယ်ရာကျော်၊
သက်တော်ဖြိုးမြင့်၊ ပန်းသို့မွှင့်လျက်၊ လေးဆင့်သစ္စာ၊
သမ္ဘာရင့်ကျိုး၊ ဘုန်းသစ်နွယ်သား၊ ပုထိုးသရီ၊မဟေသီ
လည်း၊ မြေဖိပါနဲ့ ၊မိုးမဆံ့မျှ၊ တံ့တံ့ အာ၊သည်း၊
ဆည်းတော်မူတိ၊ ထိုင်းမသိသား၊ ဒေါဓိဝံဖူး၊ သျှင့်
ကျေးဇူးကို၊ မြစ်တူးရင်း စစ်၊ကပ်လုံးသစ်၍၊သက္ကရာဇ်
ယခေါင်၊ယင့်ထိုင်းပြောင်စိမ့်၊ စာစောင်တင့်နွဲ့င်း၊
ဆင့်ဆင့်လျှိုင်းသည်၊ သံပိုင်းတင်ထတထိယတည်း။

ခုံချင်းများ

ဖောဝဖောပြောင်ရုံးချင်း

ပြဟ္မာ့မျိုးနွယ်၊ စင်ကြယ်လှသည်၊ သုံးသွယ်မွေ
ပြည့်စုံလင်၊ စလွယ်ကြောတဲ့ ဒွေဖေ့မြင်၊ ဝတ်ပြု
ဆင်ယင် ဒွေခရုနှင့်၊ အောင်သံဧေထုရေကြည်သွန်း၊
လွန်းဘိုသိက်တင်၊ မဟာသာလ၊ ဇာနည်ကာ၊ ဇမ္ဗူ
နှံ့မျှ တန်ခိုးတင်သည်၊ ဗာရဝီရွှင် ထုံးနှင့်မလွဲ၊
ဣတိဟာသန္တတ်အာဂုံ၊ ဗေဒင်သုံးပုံ ဖွာဆန်ကြွလို့၊
ဟောနဲ့ ပြောနဲ့ ထိုင်းမသိ၊ ဣတ္ထိပုရိသ လက္ခဏာ၊
ဝရပတ်စကြာ မွေ့ကာနေ့ာက်လို့၊ ဗိသာပါမောက်
အမည်တွင်၊ ဗာဟီဗေဒင်ကျမ်းလှန်ကိန်း၊ ငါဆိုလျှင်
ခွဲနေကြ၊ လွဲနိုင်ဘူး မှန်ပုံသေ၊ မယ်မယုံမေးလွဲ၊
ဟေးလုံမရ၊ ကြိုးဖြူငွေ ရစ်ခွေဆိုင်း၊ ယဉ်နဂိုရ်
ဗိုင်းပေမို့၊ ကသိုင်းနေ့ာ်ဖိုလ်လနေ့ာ်စေ့၊ ဩော်–
ဖြဟ္မာနွယ်တော်ရင်း၊ ဧဃောအောင်သံညှင်းတယ်၊
ညောင်ကြာပျော်ရွှေမင်းက၊ ဗွေပြုတင်းသဥ္ဇာမှာ၊
ကြင်နာတော်မူတူးထင့်၊ ထူးထွေထွေ၊ ဗျာပါပွေကဲ၊
လွှမ်းလေစေညာနေမယ်နှင့်၊ လွဲအောင်လေသဲရွှေဘွင်
ပြိုလုပေါ့၊ ဇိမ္ဘမောင်ကြီးမှာ၊ ပူမီးလျှံလောင်ကွမ်း
လို့၊ အိုးလွမ်းရန်များ၊ ဩော်–ပွားပါဘိုဗျာပါဝယ်၊
မင်းဆရာ ကိုယ်ရေးနှင့်ညား

ဇာတာပြတဲ့အိုမခင်၊ စုတ်ဝင်လာတ်ဝင် မေးမလို့
လာ၊ ပြီးစက်စက်နှင့် ရွက်လေဟန်၊ ငါရယ်ချင်ရန်
ဟားဟား-ဟားဟား။ မစိန်ရိုးနှင့်ထိုးလို့ကြိ၊ ယနေ့
နက်ဖန်ကားရား-ကားရား၊ အိုဘယ့်ပုဏ္ဏား၊ နတ်သိ
ကြား၊ သည်သာမို့လား ငါဉာဏ်စွမ်းမှာ၊ ကော်ငွေး
ဈာန်း၊ အခြေထုတ်လို့၊ ဧောကုတ်ဗျည်းကုတ်
နောနဝင်းနှင့်၊ ဖျားရေးနာရေးမကြွေးကျန်းတစ်သက်
တန်အောင် ငါဆိုခဲ့မည်၊ အနာမဲ့လျှင် မာစစ်ရှိခဲ့၊
ရောဂါငြိလျှင် နာကိန်း ထွက်ချည်၊ အသက်မရှိ
ဘိတ်မရှူ ဤလူသေပြီ၊ ရဲရဲဟောတော့၊ မင်းသာစိုး
သော ထို့မထောက်ဘူး၊ ခရီးရောက်ထုကို မေးပြန်
လျှင်၊ အိမ်သို့ဝင်ရောက်နေကျဘဲ၊ ဥစ္စာခန ရှိ-မရှိ
ကို၊ နတ်မျက်စိလို ဆရာဟောမယ်၊ ရွှေငွေပေါလျှင်
လူရည်တတ်ပဲ၊ ရိက္ခာပြတ်လို့ စင်အောင်မွဲလျှင်၊ ထူ
ဆင်းရဲတဲ့မလွဲပြီ၊ သွာရဿတီ စောင့်တဲ့နှုတ်ဖျား၊

ဉာဏ်မာယာ သွားငယ်နှင့်၊ ရွာနိုင်မျှ မောင်
လိုလူ၊ ငွေစလွယ်ကုံးငယ်နှင့်၊ သုံးဆင့် ဝတ်ပြု၊
နန်းညာသူပြာပြု၊ထွား၊ ပုဏ္ဏားတော်များငယ်နှင့်
စုလျားတော် မှန်လနေ့ာ်ကွဲ့၊ ဩော်– သီတာရေစင်
လောင်းတယ်၊ သည်မယ် ကြင် နာ ကောင်း တယ်၊
ကြင်မေတ္တာသွေစောင်းလို့၊ ရွှေသောင်းလုံ့ မှန်ကုံဝယ်၊
ကြိယူတော် တယ်နဲ့နှင့်၊ လွဲစေဖန်၊ ရွှေဉာဏ်ကျယ်
မေ့ဘုန်း၊ မြဧကန်၊ မောင်ကြံပါ ရဟုန်းထိုတဲ့၊
မှန်းနိုင်တော် မူလွန်းတော့အား၊ ငြိ့ုဟစ်ကျမ်းနှင့်
ထိုင်တမ်း ထူ၊ ဂြိုဟ်နိမိတ်ယူ ဟောစို့တနဲ၊ မြင်လျှင်
သိင့် ရုပ်နိကာယ်၊ ဘယ်သူ ဘယ့်နှယ် ဟောထိုင်း
မလွဲ၊ ဝမ်းမယောင်ဘဲဖျင်းမစွဲ၊ သူ့လင်ရှိဆဲ ဗိုက်မူ
ချေ၊ ပဋိသန္ဓေတည်ပြီ ဟောတော့၊ နွေလောညလော
ဖွားမည့်ရက်ကို၊ ဆရာတွက်ပ သူ က မေး လျှင်၊
မွေးသန့်ကို ဖွား မည်ဆို၊ မပို မမို ထိုထိုပြောမယ်၊
မိန်းကလေးလော၊ ယောကျ်ားလော၊ စုတ်စောဘက
တစ်ခန်းလာလျှင်၊အင်္ဂါဗိဇ္ဇာ ဤပ်နေထူကြည့်၊ ဖွားဦး
ဖွားစ ကလေးငယ်ကို၊ ရွှေ့ နောက် ပတ် လည်
ကုန်အောင်ရွှ၊ တစ်စုံတစ်ခု၊ ကိုယ်မှာကပ်လို့၊ ခဲ့အိတ်
သေနတ် ထိုးတံပါလျှင်၊ ယောကျ်ားဇာတာ တကယ်
ဟုတ်စွ၊ ငြောင့်ပုန်းခလုတ် တပ်ဘာခင်းလို့၊ စစ်
တလင်းနှင့် အလားတူ၊ မိန်းမဟူ၍ ကေန်မှတ်တော့၊
သူရဇ္ဈဘောတ်နဝင်းပုံ၊ တန်ခူးကုန်လျှင်၊ ကဆုန်
ဆန်းချည်၊ နာရီစက်ခန်း ဝိဇနာ၊ နံနက်အခါ ထိမ်
မလွှမ်းလျှင်၊နေဝန်းပေါ်စ မှန်မယွင်းတူး၊ကြယ်ရောင်
လင်းရှိ နေမင်းဝင်၊ ညဦးအချိန်ပင် ဟုတ်ကဲ့မူချ၊
ဆောင်းလေးလ ညထိုးလို့၊ နွေလေးလ နေ့ကိုပူ၊
ငါလို ဘယ်လူ မှန်နိုင်ရိုးလား၊ ပဲခိုးဆားခဲ့၊ ငန်စမြဲ၊

ခွေး တောက်မုတ်ခဲ ခါး လိမ့် မည်၊ သံ ပု ရာ ရည် အချဉ်ကြီးငဲ့၊ ဂျင်းရေတိသီး စပ်ပူလောင်၊ ကမ္ဘာ ကုန်အောင် မှတ်လို့ထား၁ဝ်း။ ငါ့ဝေဒင်ကျမ်း ငါ့ ကိန်းသေ၊ မမှန်ပေလျှင် ရှာကိုလိုးတော့၊မင်းဆရာကြီး နေတစ်ဆူ၊ဤမြေဇမ္ဗူနှံ့ မျှတင်းကြမ်း၊အောင်ဘီသေ ဖျန်းပါလို့။ ပန်းညှိ့လဲ့ နေဇာနွယ်၊ ဆုလိုရာ ရွေးပါတော့၊ ပေးလိုက်ပါမယ်၊ ယွန်းဘုံဖျားက ပုဏ္ဏားဖြူ၊ ငြဟွာဘစ်ဆူမြတ်တဲ့အမျိုး၊မဟာငြဟွာ့ နွယ်စဉ်လာ၊ အမျိုးတကာ ဦးချရှိခိုး၊

တန်ခိုးငယ်ကြွယ်၊ ဘုရားငယ် တစ်ဆူဆိုတော့၊ ယင်းနဂိုရ် အောင်မြေပေါက၊ ပုဏ္ဏားတော်ကြီး။ မီးနေသို့လျှံ၊ တက္ကသိုလ်ဆရာခံမို့၊ ဗေဒင်ဉာဏ် မြေအထုမှာ သောင်းဇမ္ဗူထီး။

ကြီးကျယ်လှဂုဏ်ရောင်၊ ခတာင်မေရွှတ နွှန်း၊ ခါးအံ့ မကုန်၊ ယွင်းရွှေဘုံသာရပ်က၊ ရန်တပ်ကို ပြိုအောင် နှိမ်ချည်၊ ဝရဇိန်ဘုံတမျှ ထွန်းပလက်ရုံး၊

သူငယ်စု်းချင်း

လေးကျွန်းဦးကိုင် မဏ္ဍိုင်စက်မှာ၊ ကုန်းဘောင် အောင်ချက်တိုင်းကြီးရွင်။ ဘုန်း တော် တောက် လို့ နောက်မှပေါ်၊ သုံးခါလည်ကျော် သူငယ်တန်းမို့၊ ပေါက်လွတ်ဝလပွေ၊ ပွေအောင်ကြမ်းချည်၊ ရွယ်မတူ ဘယ်သူစမ်းမလဲ၊ လမ်းရှေ့ကထွင်။ ရွှေလမင်းကျား ဘကြီးသား၊လွတ်ရာရှားဟဲ့ သွားလာစေ၊ ယွန်းတန်း အောင်မြေ ရပဲမြေမှူးက၊ ပွဲတော်ဦးမို့ ဖူးမဲ့လာ၊ ရန်မျိုးဆုတ်ခွာ ဝေးကရှင်းရွင်း၊ မိန့်တော်အပ်လို့ လက်မှတ်ဆောင်၊ သူငယ်ဇမောင် လိုသရွေ့၊ ဘယ်နေ့ဘယ်ရက် မရွေးချယ်၊ ဘယ်နယ် ဘယ်ရွာ ဘယ်အရပ်လို့၊ ကမ်းမသတ်ဘူး စိတ်ကြိုက်ရာ၊ ပျိုခင်ကညာ ရင်စိုစို့၊ နို့ထိန်းလုပ်ဖို့ ကောက်ယူစေ၊ နို့မှာထိုရွှဲ၊ ရွေးဆက်လို့သွင်း၊ ဝါဝါဝင်းတဲ့ ကြေဉ့ရွင်းပြာဖြူ။ သိမ်းပိုက်တော်မူမယ်လေ့၊ အေးဟေ့မယ်မြူ။ မြရွှေကြူ ဇာပုခက်မှာ၊ တေးဆက်လို့ မြိုင်မြိုင်၊ သံထိုင်နှင့်လွဲ၊ မအိပ်လို့ မဝိုးအောင် အပျိုပိုက်မယ်၊ အသားပုံ သူငယ်ကြိုက်ကို၊ သွားကိုက်လို့ ခဲ့၊

ဝိဇ္ဇာစု်းချင်း

လိုက်နန္ဒမူ ဖန်ဂုဝမှာ၊ ဝိဇ္ဇာဗိုရိရ အမည်ချုပ်ညည်း၊ ဝုံးရုပ်တကဉ်ဘွားအေလင်း၊ စိန္တာမဏိ နတ်ဂါထာ၊ စုဉာဂန္ဓာ မဟာစိတ်နှင့်၊ ကောင်းကင်ထိပ်လိပ် ဝေယန်ဖျားက၊ ငါ့မန္တရား ဂုဏ်တန်ခိုး၊ ဃျိုးထုတ် ဖောက်ဝင်း၊ စိန်ဆေးခေတ်နာ၊ ပြာပြဒါးနှင့်၊ မူလ ခြောက်ပါး၊ ခတ်ခေးဆော့ ဥစ္စာ ရွှေငွေလုပ်သမျှ၊ သျှင်ငှက်ထိုယ ပုရိသာ၊ ငါနတ်ဝိဇ္ဇာ တဏှာအိုးက၊ လောဂ်ထိုးသလို၊ သိုဘိမ်ထလို့၊ ခါးတကြွကြွ၊ နားရွက်လန်အောင်၊ အစိမ့်ခံချင်သေး၁ဲ့ ခတ်ကြိုက်၊ သူယောင်မနှင့် မမွေ့နိုင်၊ ယခုပြိုင်တဲ့ အရပ်ပွဲမှာ၊ နခန်းပခန်း အံသွားကြိတ်လို့၊ သိပ်လိုက်ရချည့်၊ ငါစိတ်ကူးနှင့်၊ ဝုံးတော်ဦးက စီးလို့လာ သန်လျက် စကြာ၊ ဓားဘိုက်ပိုက်၊ မြိုင်ထိုက်ကယ် စုံဖောမာ၊ ဝုံးရွှေဝါ ညာတ်စိမ်း၊ ခိုင်ဝေဆာ လေလာယိမ်းပါလို့၊ ခွေကာသွားဘိထိမ်း ပူမွေ့အောင်၊ မေသူယောင် ယဉ်ခလာနဲ့၊ ကျေးဉူးညီ မောင်နှံတွဲပါလို့၊ အောင်ဂါ ယှဉ်နွဲ့၊ ကြည်ကွဲဖွယ် ကြုံလေတယ်၊ သည်မြိုင်လယ်၊ သဘောရှာကြွယ်၊ တောနယ်က ဇော်မင်း၊ သဲကြွလုံအောင် နတ်ဆေး မန္တာန်ဆောင်လို့ လူ့ အောင်မှာ ပျော်ချင်စမ်းပါဘို့၊ နန်းသူ့ထံရင်း၊

ဇီဝကဗုံးချင်း

မုတ်ဆိတ်ဖြူစင် ကြင်ငယ် ဝုတ်နှင့်၊ တယ်လူး ချိုကုပ် ထိုရွှည်ပေါက်လို့၊ ပြောင်နုဖူးမောက် နထင် ကျယ်၊ ဖြူမှက်ခိုးနှင့် ပြုံးရွှင်ရွှင်၊ ကပ်ပဲ့ပေါင်ဝင် ယောင်တမတ်နှင့်၊ ဖျင်နဲယဲဖြတ် တတောင်လောက်၊ ပုဖွန်ထုပ်ခေါက် ဖွာအောင် ချသည်၊ ဗောင်းနှစ်စ သွယ်၊ သုံးရာ့နှစ်ဆယ် ကျဲအူစင်းနှင့်၊ ဘဲတောင် နီမှဲနှင့် ခါးပုဖွဲ့လို့၊မင်တဲ့ကော်ရခ် ကျော်နှစ်ပေါင်၊ လူပုံအယ်အောင် ကောင်းတဲ့ သက်ကြား၊ဗီမွဲသာရ မြေးတော်ဆို၊ မြည် ရာဇကြိုတ်မာဂမော၊ဂွင်ဇီဝက သမားကျော်၊ အတော်အတန် စာပေများမှာ၊ ငါ ကြားဖူးရဲ့ သို့ကတဲ၊ သူလည်းတန် ရှိစေဦးတော့၊ ကုန်ဦး ကုထုံး အတန်တန်၊ ကာလံဒေသ နာဟန် ခြားလို့၊ ဉာဏ်ဗိုးကြီးများ မကြံတတ်ဘူး၊ ယန်းတန်း ရပ်က သမားကျော်၊ ကာလ နောက်ပေါ် ရွေးက သမား၊ အယဉ်နှစ်ပါး နေ လ သွား၊ ဥတုသုံးပါး သမုဒ္ဒာန်၊ ရတုးခြောက်ဘန် သကြိန်စက်နှင့်၊အာဂန္တုရက် စတုထိန်း၊ ခတ်ဆောင်ရတဲကိန်း၊ ဝါးစတ္တာ၊ ခတ်ခြေသန်ချာ နည်းသူလုပ်၊ ဆောင်ပျက်ခိုက်ငုပ်

လွန်ဆုံး ချုပ် သန္ဓေနာမ်ရုပ်လက္ခဏာ၊ စိတ်ဓါဒရာ ကျမ်းကြီးစကား။ ငန်းမျိုးတခြား ကေဝိ၊ ဝါနှုန်း ဆရာပြု၊ ဥဒ္ဒံဝါတလေ ခြောက်ဖြာ ဒီပနီလာ သရဲ့ ထိုးလို့၊ ရွှံဆယ်လေမျိုးခွဲဝေဖန်၊ ဖျက်ချင်း ဖျက်ချန် ဇမ္ဗူထိုးနှင့်၊ ရွှမ်းရက်တြိရုဏ်းတြိသတ်၊ အဋ္ဌကလာပ် ပြုပြုပြောင်၊ ကျမ်းအစောင်စောင်တတ်တဲ့ယောကျ်ားမျာ ဗျာပွားဆူဝေ၊ နာဗျားပူပွေ ရောဂါထွေ ဓာတ်ရေ ဆေးဆရာပေးပ မေးလာချေ။ ဉာဏ် ကဝေမျိုး၊ သီတာ ရေအိုး၊ မယ်ဘာကို စိုးပါနှင့် အဖိုးလူကျော်၊ ပေးမယ်ပခုန်၊ ဇမ္ဗူချင်းလို့ သတင်းမော် ယန်းပုံ ပေါ်က ဘကြီး၊ မီးယပ်မိန်းမ သူမေးလှာ၊ ဝအောင် နာနာ စားဟဲ့ ငွေးသီး။ အူကို ရွှောက်လို့ ထုတ် ချောက်နာ၊ ကျမ ရောဂါ ဘယ်ဟာ မျိုးလဲ၊ ရောဂါ နိဒါန်း ကွမ်း အဆို၊ ညည့် အနာကို သက့်တန် ခေါင်းတဲ့၊ ကုပ ဆရာ ရော့ ငွေဖြူ။ ထမရေပူ ပြည့်အောင် လောင်းဟဲ့၊ ဇမ္ဗူတစ်သောင်း ဂုဏ်နဲ့ လှောင်း၊ ငါ ဆရာကောင်း သမားကျော်၊ ကုပ ခေါ်နေပေရိုးလား။ ဆေးဖိုး ဝါးခ ငွေ သပြာ၊ ဟ မှန်းဟ မှန်း လုံမ ညည့် လက်ဝါး၊ စုန်းလား နတ်လား ထွေးသား စမ်းလို့၊ အဟမ်း-အဟမ်း အလယ်သယ်၊ညည့်လက်ဝါးလယ်ပူခွေးခွန်း၊ပယောဂ သွေးအတန် ကပ်ချည့်၊ တစ်ပင်တိုင်နှတ် မတင်သေးလို့၊ ရောဂါပေ စစ်ရှိချေသည်၊ ကြာမျိုး ဝါးမည် ကြာငုံပုံနှင့်၊ကြာမွှေးကြာဥ သည်သုံးဖြာ၊ လိပ်ဥကာ နှင့်ကျေအောင်ကြိတ်၊ မျက်စိမှိတ်လို့ ဝင်အောင်မျိ၊ ညဉ့် သုံးဗဟိုရ် စည်တော်ခတ်လျင်၊ တစ်ပင်တိုင် နတ်ပူးပါစေ၊ မန်းရေထွေထွေ ဆင်းလို့ ပျောက်မြဲ၊ ရင်ကွန့်ထဲက သွေးခဲခဲ့၊သည်သွေး တစ်ပုံ အဆိုခက် ချည့် ဆရာ့လက်ကိုအခွင့်ပေး၊ရာဇဝတ်ရေးမမှီတမ်း၊ ဆရာစမ်းလို့လက်နှင့်မွေ့၊အလိုလေးလေးအာကာသွေး ဟိုသင်းကလေး ဓမဲလို၊ သန်ကောင်ဝိုလ်ကို ရိတ်တဲ့ သွေးခဲ၊ တစ်ခါလွဲလို့ သည်ကထောက်သော်၊ ငါး ပိုင်းအောက်ကပဲ့ အိုင်ဆီ၊ မအိုမအီခွိုလိုက်ပါဘီ၊ပက ထီ သွေး၊ စုန်းနှက်သွေး၊ဖုတ်မွဲကလေးသူတမှောင့်ပဲ၊ ပါဒရက်နှောင့် ဥလာစွဲနှင့်၊ မီးယပ်ပဃဲ ဗလချူ။ လူပျိုနာပါ ပြုံးစပ်ဘလုံး၊ ပူပွဲသည်တွင် ဆူသံ ဖျေရင်၊ မိုးမြေမမြင် သေချင်ဇော၊ ဆရာမောလို့ မျောခွိုက်ငင်၊ ခွာချင်ပြီမဲ၊ နတ်ဆိုက်ကျော်ခဲ၊ ဖေအို ကို တွဲပါလို့၊ ကြိုးနဲသည်ကိုယ်၊ ရောဂါအို ဥတုလန်း လို့ ပန်းရည်ယို၊ ဂုံ့ရွက်ဟင်းချို သောက်ပါတော့ လား။ ဥတုငုပ်လို့ ချုပ်ပြန်သော်၊ မုံ့ဖြူဆီကြော် စားတေဘုမှား၊သားယော်စို့ ပြိုနို့ မယို၊ သောက်တော့ ချီချီ လက်ပတ်ဟင်းခါး၊ လင်္ပါစို့ တော့မကုန်နိုင်၊ ဖွားဖွား လှိုင် အောင် ထွက် တဲ့ နို့ ဖျား။ ဓာတ် ခုနစ်ပါး ဓာတ်ရှစ်ပါး၊ ငါး ပါး လေးရုပ် အထွေ ထွေ၊ ဃလိပ်သည်းချေ၊ သွေးလေလျှပ်လို့၊ ပုတ် အာကာသ ဓာတ်အနေ၊ အရွက်ငါးထွေ ဆယ်လီစိပ်၊ အရိပ်နိမိတ် ထောက်ဆမျော်၊ ဆကဲစုဖော် တော် အောင်လုပ်၊ နေ့ချုပ်ဟလိဒ္ဓကပ္ပုရ၊ ဇာတိဝင် သွာရဒေ၊ ဘုမ္မဒေဝ သေး များအထွတ်၊ နှာနှပ် လျှာပွတ် ဤဆေးမှာ၊ သိဂ်ရာဇာ ဝံသိန္ဓောနှင့်၊ ဝဿ ဝရော လေးတူဆ၊ ယထာရဟဖက်စပ်လေ၊ ရွှလေ ပွတ်လေ ဝမ်းတဖွတ်ဖွတ်၊ လက်မလွတ်နှင့် ဓာတ် လည်းကူ၊ သလိပ်လွန်သူ ရွှောက်ရေစွက်၊ ဂွင်းတမာ ရွက် ဓာတ်ဧလို့၊ သည်းချေမောက်ပို့ လွန်သူများ မှာ၊ ဆီးသီးသကြား တစ်ခုခု၊ ကင် ပွန်း ရွက် နု ချဉ်ခပါင်ရေ၊ သွေးမကြေလျှင် နွားလျှာကြီး နှင့်၊ သဘော်သီးနှင့် ဇောင်ချမ်းရွက်၊ ဝါဃောမထွက် ဧလေ့ပ်နာ၊ ကန့်ကလာ ဆတက်နော၊ ဆေးပုလဲရော တော်ရာပေး၊ ဆား ရေ နွေး နှင့် သောက်ကာမျှ၊ မြေကြီးပြိုအောင်၊ ပဲ့တင်ထပ်လို့၊ လေတဖြစ်ဖြစ် ပန်းဘဲဖို၊ ထောင်တပ်ပျက်ပြို ပြေးလိမ့်ကျတ်ချွတ်၊ ဂုတ်လေးဇက်ညွတ် မျက်စိသီ၊ အပုပ် လွန်ပြီ သီးသီး မှည့်နှင့်၊ မန်ကျည်းသီးမှည့် ရှောက်ရေဆား၊ နမ်းဆီ ရင်းဖျား တော်နိုင်မျ၊ အာကာသမှ ချွေးကိုထုတ်၊ နွားသားမီးဖုတ် နှမ်းလှော်ရှူ၊ အနာစင်ပြူကင်းလိမ့် လွတ်လွတ်။

ဂဠုန်ဂုံးချင်း

ရွှဲသောင်းလေးထောင် နှစ်ပြန် ဆောင်သည်၊ လေးရောင်လျှံတောက် တောင်မြင်းမိုရ်၊ ရေစုနှစ်ထပ် ရစ်ပတ်ခြံ၊ သတ္တရာနဂ် ကျောက် တောင် ဆင့် လို့၊ အာလိန်ငါးတန် စိန်ဖန်ဖွဲ့မှာ၊ သူရာရန် မာန်မှောင် ကို လွှင့်သည် ကြီးမြင့်ဝဟို၊ တောင်ဟုန်လေထိုက်၊ ဟူးဟူးရိုက်၊ ပင်လယ်ဆူလိုက် ပွက် ပွက် ကြိုက်၊ စက္ကဝဠာထိုက် ကွဲအက်ပြို၊ ဗုန်းတော်နေလိုထွန်းဟဲ့ ဌက်မင်း၊ ကမ္ဘာ ခွင်း တဲ့ ပင် မင်း ဓေါင်၊ လက်မ်

သုံးတောင် အောင် မြေ စိုးလို့၊ တန် ခိုး ထိန် လျှံ ထိမ် ယံ ထဲ က၊ ဈာန် ပုံ ကွန့် ဝဲ တောင် ပုံ ခတ်လျင်၊ သောင်း လော က ခတ် ဆတ်ဆတ်ဟုန် သည် ငှက်မင်းဂဠုန်ကြီးတဲ့ သတင်း'ဆက်တဲ့ မှင်းကြဲ ငှက်မင်း ငါ၊ ဖက်ခွင်းမစာ ဂုဏ်မမျှဘူး၊ ပုဏ္ဏကနှင့် ရာမရှိင်း၊ ဝိဇ္ဇာအင်ထိုင်း တောဘာသာ၊ ရသေ့ အိုချာ ဂူလာစွဲ၊ ပုဏ္ဏားကသည်း မြောက်ပြိတ္တာနှင့် ဇော်ဂီ မိစ္ဆာ အရပ်ရပ်တို့၊ ငါတတ်တုံသော ဖြစ်တုံသောနှင့်၊ တကယ့်ဟန်ပန် ဂုဏ်သိန္နောလို့ ပြောပြော သမျှ ပပျောက်စေ၊ ဂဠုန်ဖုန်းဝေ ကြားကနားပြင်း။ အောင်မြေနှင်းချည် ငှက်မင်းရာဇိန်၊ ဘုန်းလက်လက် ထိန်တယ်လေ၊ ကြီး အာ ဏာ ရှိန်၊ နှုတ်သီးတော် ဝရဇိန်နှင့်၊ ရန်နှိမ်ဖျက်ပြုန်းမယ်လေ၊ ဝဲ့ တင်သံ ချန်းပါလို့၊ နှုန်းနေသူရီန်၊ တောင် ပုံ ဟုန်း လို့ လက်ရုံးချိန်၊ နှစ်ဘုံအာလိန် အောင်ပွဲခံလို့၊ ပင်လက်ပံ မူးပေမို့ ထူးတဲ့ဂုဏ်သိမ်၊ ရန်ညှဉ်းဆိုပယ်နိမ်သည်၊ ဈာန်တိမ်ညွှန့်ဝဲဝဲ၊ ငါဖဲ့ လို့ မာန်၊ မြေဝသုန် သဒ္ဒါ လန်လို့ မြစ်လေးတန် ကြိုက်ဆူပွက်သည် ဖုန်းနေစက် ရဲရဲ၊

သာရကာဝုံးချင်း

ဟေမာ မွေချာ ဝေဆာညွတ်သည်၊ ကေလာ တောင်ထွတ် သိုက်နန်းလှံး ကြာဝတ်မှိုက ထုံဝတ်ညာ၊ ခုန်ဆွတ်ခြေကာ ဟေဟာဟစ်လို့၊ တက်ကာတက်ကာ လဲက်ယာရစ်သည်၊ လွမ်းခေတ်နှင့်ကြိုး ရှစ်သောင်း ရံရွေဟန်နေတင့်သည်၊ စံရွှေတစ်ဝွင့် အာဏာပ သည်၊ သာရကာမျှ သိုက်နန်းလုံး၊ လျှံ ဗြီးသိန်ဂုဏ်ကဲချည်း လင်းလင်း၊ မိလ္လာကုံးနှင့် ကိုယ်ပြောင်ပြောင်၊ မြင်း သီလာဆောင် အာပေါင်ကြွေ့နှင့်၊ လေသာတောင် ကေ့ ငွေမင်တိ၊ ရွှေသင်းခြံရံ နန်းချိုင့်အတွင်း၊ ခင်မယ်မွေးတဲ့ ဆယ်လေးရွှေ၊ ဥဏ်လေ ကံနေ စံဧကမို့၊ ကြံလေသမျှ ပြိုင်ထိုင်းအောင်၊ သာရကာ မောင်ဗုန်းမယ့် သက်နင်း။ ဆောင်းဟေမာ လေသာ ညှင်းပါလို့၊ ငွေလွှာဖြူနှင်း ကြွေခဲ့ပြီ၊ နေဇာဟီ တိမ်းပါလို့၊ ရွှေကြာညီစိမ်း ဟိုယိမ်းယိုင်၊ ထုံကြိုင် ကြိုင် ဆိုင်လုံးမွေး၊ သံစာစာ ဘာသာကြွေးပါလို့၊ သာရကာလေး မိမောင်နှံ၊ ခိုင်ကြာဆံ သုံးပါလို့ လေး၊ ရွှေရည်အနှန်းကိုယ်မိလျှာ၊ လည်ထင်းစာခွ ကျွေး၊ မြူးပျက်ကာ ခေါ်ကာမေးပါလို့၊ ဖော်ကွာပူ ဆွေးဆိုင်သံ၊ ထိုမြိုင်ယံစောင်းဥယ်ကလေ၊ ဥဒေါင်း ညီလာခံ၊ သီတာကန် တွေတွေစီး၊ လင်းပြောင်ပြောင်၊ ပလောင်မီးငယ်နှင့်၊ တောင်ကြီးဇီလာကွယ်၊ သည် ခါဝယ် လွမ်းစေဖို့ဖန်၊ ဟို ကမ်း ပါး ယံ စောင်း တောင်ပုစာ၊ မှောင်မြူလွှာ ကာရစ်ဆိုင်း၊ စောင်း ဝေဝေ၊ ဂုဏ်ခရသွေးပါလို့ လေး၊ နှုတ်ချင်းဆိုင်ကာ ရွှယ် မြိုင်သာလယ်အောင်မြေနင်း၊ ရစ်ဆင်းငယ်သွန်၊ ရေတံခွန် သုန်သုန်မြည်လို့၊ ကျောက်စက်ရည်လွှိုင်း၊ နှလုံးငယ်ငွေ့၊ ဝိထုန်းထုံရည်ခြွေလို့၊ ကြိုပလေ သည်ခရီးနယ်ကော၊ ရပ်ကြီးပုံပေါ်ပါဘိ၊ နန်းတော် ကြီးထိုင်း၊ ဂိုဏ်းအုပ်ချည့် မြေပြင်မှာ မယ်မခွင် မမှတမ်း၊ ဆန်းတဲ့မာယာ၊ ငှက်မင်း သာရကာက၊ စ ကွ ဝါ နယ် ကျယ် လှ သည်၊ လေးဒီပ ထိုက်ခန်း၊


သာသနာလျှောက်၊ ခဝမ်းဝေဒ်ကြီးတင်စာတမ်းများနှင့် အခြားစာများ

သာသနာလျှောက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကကုသန်ဘုရားပွင့်တော်မူခြင်း

၁၊ ဇယထု၊ ဘဒ္ဒကမ္ပာ၊ ပေါဉီးစွာက၊ မဟာသမ္မတ၊ ခတ္တိယဟု၊ ဂေါတမအလောင်းမင်းကောင်းမင်းမြတ်၊ လောကဓာတ်ကို၊ ဆုံးဖြတ်ကြည့်၍၊ ဖန်ဆင်းပြု၍၊ အာယုအသခ်ေ့၊ တည်နေစုံးစံသည်မှ၊ နောက်ကာလ၌၊ ငြဟ္မဉ္ဇနယ်တူ၊ လောကီ လူတို့သည်၊ အမှုအကျင့်၊ မသင့်မတော်များ၊ ဖောက်ပြား ယွင်းသွေကြခြင်းကြောင့်၊ အသခ်ေ့ယူအသက်မှ၊ လျှော့ပျက်နောက်ဆုတ်၊ ယုတ်ကာယုတ်ကာ၊ ဟာယနဂေတ်၊ အစဉ် ဖြစ်၍၊ အနှစ် ၎ငါး သောင်း တမ်း သို့ ရောက်လတ်သော်၊ တဒ္ဓကပ်မည်သာ၊ ဤကမ္ဘာတွင်၊ ပဌမာဒီက၊ အမတနိဗ္ဗာန်၊ ခရီး ညွှန် သော၊ ကကုသန်ဘုရား၊ သုံးလှ ဖျားသည်၊ ပတ္တမြားမြည်၊ ကုဏ္ဍိဒေါဓီ၊ သီရိသွန်ခွင်၊ ပလ္လင် ၃ ဦး၊ အောင်မြေစည်း၌၊ ဖြတ်လိုး ၎ငါးရာ၊ ပယ်တွန်းလှန်၍၊ အနန္တဉာဏ်၊ ဝေနေယ်ကို၊ မြေခုံရိမဗံ၊ ဘူမိရတ်သို့၊ လက္ခဏာတွယ်၊ ရထားပျ ံနှင့်၊ ယူဇနမေ၊ တင်ပို့သ၍၊ ပထမပွဲကြီး ယင်ပါသည်၊

ကောဏာဂုံဘုရားပွင့်တော်မူခြင်း

၂၊ ထိုအနှစ်၎ငါးသောင်း၊ သက်ပေါင်း အာယုကပ်၊ ပညတ်သည်မှ၊ တစ်စတစ်စ၊ ခယဝယော၊ ရွှေ့လျော့ဆုတ်နစ်၍၊ ဆယ်နှစ်မြောက် သက်တမ်းတွင်၊ သောင်းကျန်းဆိုးရွား၊ ကပ်သုံးပါးထိခိုက်၍၊ ပြိုက်ပြိုက်ညက်ကြေ၊ ဤမြေဒမ္မူ၊ လူ့အလုံးတို့၊ သေဆုံးပျက်စီး၍၊ အချည်းနှီး ဖြစ်ကြလေကုန်သော်၊ ပုညသမ္ဘာ၊ ပညာရှိသူ၊ အနည်းလူတို့သည်၊ ကြောက်မှ လန့်ကြား၊ ပြေးသွားပုန်းရှောင်၊ တောတောင်ဝင်ခို၊ ငြဟ္မစိရံတစ်ဖန်၊ ကျင့်ကြပြန်၍၊ လူ့ဌာန်ဝင်မြောက်၊ လူ့အလျောက်ဖြင့်၊ အဆောက်အ ဦ၊ ထောင်ထူဝတ္ထု၊ ပြုစုကြ ရာတွင်၊ ဓမ္မတာ နိယံ၊ ကုသိုလ်ကံတရား၊ ဟိတ်နှစ်ပါးကြောင့်၊ ပွားတုံ ပွားတုံ၊ လူပုံဗိုလ်ပါ၊ သတ္တဝါ တစ်စု တို့သည်၊ အာယုအသခ်ေ့၊ တည်နေဖြစ်ထွန်းပြီးမှ၊ ဌေးကာလ ငြမ်း၊ စည်းကမ်းယွင်းယို၊ ငြဟ္မစိရံလစ်လပ်၍၊ ဆုတ်ကပ် တဆစ်၊ အနှစ်သုံးသောင်း ခုနစ်ထောင့် ငါးရာ၊ အခါအဖို့၊ လူတို့သက်တမ်း ရောက်ပြန်လတ်သော်၊ နိဗ္ဗာန် စိုး ခြံ၊ ကောဏာဂုံမည်ရာ၊ ဘဝသနင်း၊ တရားမင်းသည်၊ ဝင်းဝင်းဇ္ဇ ံမောင်း၊ မြတ်ဆောင်းသို့၊ ရိပ်ကောင်းပင်ဝန်း၊ ရေသဖန်းဟု၊ ရွှေနန်းဥကင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ဗေဃခဲ့၊ မြေရန်လုံ၌၊ သုံးဘုံတစ်မွတ်၊ အထွတ်မြောက်ထိုင်၊ တရားပိုင်၍၊ သုံးဆိုင်တုံသူ၊ ဝေနေယလူကို၊ မရွရသ၊ အမတမြို့ကဆေးဖြင့်၊ ထိုက်ကွေးဖြန့်ချိလျက်၊ ဒုတိယ ပွဲကြီး ယင်ပါသည်၊

ကဿပဘုရား ပွင့်တော်မူခြင်း

၃၊ ထိုမှနောက်လည်း၊ ထို့နည်းထို့ပုံ၊ ယုတ်တုံတက်ပြန်၊ တစ်ဖန်လျော့ကျ၊ တတိယအန္တရ၊ ဟာယနဆုတ်ကပ်၌၊ သတ္တဟိန္ဒူ၊ လူတို့သက်ဆစ်၊ အနှစ်နှစ်သောင်း ငါးထောင်၊ ယခေါင်ခန့်တိုင်း၊ သက်ပိုင်းဆုံးဖြတ်၊ ရောက်ပြန်လတ်သော်၊ ကဿပဘုရား၊ ငါးပါးစကျွ၊ သတ္တညုဘုန်းခေါင်သည်၊ ပညောင်

ရွက်စိပ်၊ ဗောဓိရိပ်တွင်၊မာရ်နှိပ်စိစယ၊ အထုလမြေ၊ ပလ္လင်မွေ့ဝယ်၊ ငါထွေဥေယျ၊ မြတ်ဓမ္မကို၊ လက်ရဆွတ်ချူ၊ ပိုင်တော်မူ၍၊ လူဝေနေဒိုလ်၊ မျှားအံ့ဟိုက်ို၊ မင်္ဂဖိုလ်ရွစ်ပါး၊ ယမားကျိုင်းထီး၊ အကြီးအကျယ်၊ မင်းဖွယ်စိုးခမ်း၊ ပုံးလွှမ်းသားနား၊ မြောက်စား ပြန့်ပြူး၊ ရာထူးဝိသေသ၊ အောင်ဆုဌ၍၊ တတိယ ပွဲကြီး ယင်ပါသည်၊

၈၀ါတမဘုရားပွင့်တော်မူခြင်း

၄၊ ထိုမှနောက်တဲ့၊ ရွေးပုံပမာ၊ ဆုတ်ကာ ပွားပြန်၍၊ စတုတ္ထန္တရာ၊ နှလောမမြင့်၊ ကာလ ရှင့်တွက်၊ လူ့အသက် တစ် ရာ တမ်း သို့ ရောက်လတ်သော်၊ သာရမဏ္ဍာ၊ ကမ္ဘာ မဠာ၊ စတု ဏ္ဍ မင်း တ ရား ၏၊ ရွှေဖဝါးတော်အောက်၊ လျားဧမောက်ဝင်စင်း၊ ကိုယ်ဖြင့်ရင်း၍၊ တင်းတင်းသန့်စွမ်း၊ မွှေထမ်းအားကြီး၊ နှီးခဲ့သည့်အထိုင်း၊ အပိုင်းအခြား၊ ထားတော်မူအပ်သော၊ ပညတ်သမုတ်၊ ရွှေနှုတ်မင်္ဂလာ၊ သိုက်ဩဘာသည်၊ အဓါဓေ့လတ်တုံရကာ၊ ကမ္ဘာဦး မဟာသမ္မတမင်းကစ၍၊ သူ ရိ ယ မိတ်၊ အာဝီစုဂိုက်း၊ ထိုင်းပြုပြည်ပြု၊ ဇမ္ဗုံသနင်း၊ မင်းသုံးသိန်းသုံးသောင်း လေးထောင့်ငါးရာခြောက်ကျိပ် ရွစ်ယောက် မြောက်ခဲ့ပြီးသော်၊ ထိုင်းကြီးသက္ကာ၊ ကပ္ပိလရွှေပြည်၌၊ ဧယျသိန်မင်းကြီး၏သား သီဟဟနုမင်းကြီးသည်၊ ရွှစ်ထီးစိုက်ထူ၊ မုနောယူ၍၊ ဇမ္ဗုသိမ်းတော်မူသည်တွင်၊ ထိုမင်းယောက်ဖ၊ ဒေဝဒဟ၊ ပြည်ဌာနဒ်၌၊ သကျဝံသာ၊ မဟာသုပ္ပဗုဒ္ဓမင်းကြီးသည်၊ ဓာတီးပညတ်၊ ယုဂ်မလေးရပ်တွင်၊ သမ္ဘေအန္ဒီ၊ ကလိယုဂ် ဓာတွင်း၊သက္ကမင်းမှ၊ဓာရင်းအမြစ် ဝေါဟာဖြစ်သော၊ သက္ကရာဇ် ရွစ်ထောင့်ခြောက်ရာ လေးဆယ့်ခုနစ်ခုကို၊ ဟေထုဘုမ္မိ၊ ကိန်းလက်ရှိဖြင့်၊ ဗြိဘုချေခွင်း၊ အကြွင်းနှစ်ပါး၊ ထားသည်ကကို၊ ကာလမကြာ၊ ကောဇာသက္ကရာဇ်၊ ခြောက်ဆယ့်ရွစ်တွင်း၊ ခေတ်ဝိသယ၊ လောကအပေါင်း၊ ဥက္ကောင်းရှိ ရှိ၊ နှိမ်ဝပ်ကြို့ ရသော၊ ငါတို့ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည်၊ ဝန်းလျားပတ်ဝိုက်၊ တစ်သောင်းထိုက်ကို၊ ကျိုက်ကျိုက်ဂွန်ဝေ၊ ကျော်စောစေလျက်၊ ရွှေနှဖလံ၊ ဝစ္ဆိပျံ့သင်း၊ အင်ကြင်းမင်္ဂလာ၊ မြိုင်ခန်းဝါဠိ၊ မာယာပုရား၊ ရွှစ်သောင်းဖျားဏ်၊ ပတ္တမြားမြဆိုင်၊ ဂူလိုဏ်သစ်မ်း၊ ထိုက်တော်ဝမ်းမှ၊ ငြိမ်းချမ်းသန့်စင်၊ ဖွားမြင်တော်မူပါသည်၊

ဇမ္မူချက်၌၊ မင်းဆက်တကာ၊ မစံရာသည်၊ မဟာသမ္မတ်၊ စည်းစိမ်မြတ်ဖြင့်၊ လောကခေတ်လုံး၊ သိမ်းကျုံးတက်မှဲ၊ ခံစားခဲ့၍၊ သုံး ဆယ့် ငါး နှစ်၊ သက်ဆစ်တော်အခါ၊ ကောဇာ တစ်ရာ့သုံးခုတွင်၊ မြေထုရေထု၊ နေရွစ်ဂ္ဂဓါ၊ သောင်းမျက်နှာကို၊ ချာချာသံ့ရှင်း၊ ပဲ့တင်ခတ်တီး၊ ကောင်းချီးခံမော်၊ ခေါ်ပစေလျက်၊ ဗုဒ္ဓဟေညောင်၊ မာရ်အောင်ရန်နိုပ်၊ ပလ္လင်ထိပ်ထက်၊ တစ်ကျိပ်နှစ်ဦး၊ ဗိုလ်မူးယာဝဲ၊စိုးကွပ်ကဲလျက်၊ သူရဲကီလေသာ၊ထောင့်ငါးရာကို၊ ပါရမီရဲမက်၊ လက်နက်ခေးလှံ၊ မြတ်ဘုန်းကံဖြင့်၊ လုပ်ကြံထိုက်သိမ်း၊ ငြိမ်းစေတော်မူ၍၊ လူဝေနေစု၊ ဗိုလ်ထုအများ၊သုံးပြည်သားတို့ကို၊ထိုက်သည့်အားလျော်စွာ၊ သရဏာဂုံသီလ၊ မဂ္ဂဖလဌာန်၊ နိဗ္ဗာန်ထိုင် ထိုင်၊ ပည်းပျိုင်တင်းကျမ်း၊ စုည်းစိမ်ဝွမ်းကုံ၊ ပေးကမ်းဝေ၌၊ ဆုတော်ချ၍၊ စတုတ္ထပွဲကြီး ယင်ပါသည်၊

ပရိနိဗ္ဗာန်ဝင် ဝံတော်မူခြင်း

၅၊ ထိုစတုတ္ထမဂ္ဂင်၊ ပွဲသဘင်သည်၊ ကြာ တင်မြင့်ညောင်း၊ နှစ် ဒေါင်း လေး ဆယ့် ငါး၊ တရား တူရိယာ၊ ခြိမ့်မြဋ်လျက်၊ ကောဇာ တစ်ရာ့လေး ဆယ့်ရွစ်၊ သက္ကရာဇ် ယုဂ၊ ကဆုန်လ အချိန်တွင်၊ ကုသိန္နာ၌၊ ရုဂ်ဂနိုင်၊ အင်ကြင်းမြို့ဂ်၌၊ သုံးဆိုင်ဘုမ္မိ၊ မိဃထိရာဇာ၊ ထွတ်သကျာသည်၊ အနုပါဒိသိသ်၊ ထိတ်ဆိတ် ဥပါဒါန်၊ မကျန်ကုန်စင်၊ နိဗ္ဗာန်ဝင်၍၊ သဘင်ပွဲကြီး သိမ်းပါသည်၊

နိဗ္ဗာန် အောင် ချက်၊ ဝင်မည့်ရက်တွင်၊ ရွှေစက်တော်ပါး၊ နေခစားသော၊ သီကြား မင်း ကို ခေါ် တော်မူ၍၊ သူဇမ္ဗတေ့၊ ဤယနွေကား၊ ခြင်္သေ့မင်းမြေး၊ ပျံ့မွှေးနာမ၊ ဝိဇယကုမ္မာ၊ လောင်းပွင့်ထျာကို၊ ဝိုလ်ပါသင်းပင်း၊ ကျွန်ရင်း ခုနစ်ရာနှင့် တကွ၊ လာဥထိုင်းစည်၊ သီဟပြည်မှ၊ မကြည်မျက်ကြုတ်၊ ဗြိုန့်ထုတ်၍၊ သမုဒ်ကျယ်ပြော၊ ပင်လယ်ကြော သို့၊ စွန့်မျှော်ပစ်ပယ်ကြလိမ့်မည်၊ ထိုဝိဇယကုမ္မာ ဥပရာဇာသည်၊ လက်ာကျွန်းခွင်၌၊ ရာဇဝင်ဖြစ်ရွာ၍၊ ဝါတုရားသာသနာကို၊ ကောင်းစွာမြင့်ရှည်၊ တည်

ပိုမို့သည့် ဖြစ် ပေ သည်။ ထို သို့ ဖြစ် ၍၊ ဥပရာဇ် နန်းနွယ်၊ မင်းသားငယ်အား၊ အန္တရာယ်ရောဂါ၊ ဘေးဘျမ်းကွာအောင်၊ ဒကာ စောင့်မရုစ်ရမည်ဟု နှတ်ပြည်စိုးရ၊ မိုးမာဃကို၊ ချီမြန်ပျော်၊ အာလုပ် ဖော်၍၊ အမိန့်တော်မြတ် ထုတ်တော်မူခဲ့ပါသည်။

ဘုရားဘဝဝန်၊ နိဗ္ဗာန်မွေ့လျော်၊ စံတော်မူသည့် နှစ်၊ ဂင်္ဂဃယအင်္ဂ၊ ထိမ်း မှတ် ကောဇာ၊ ယုဂ် သန်္ဒာကို၊ အဇာတသတ်၊ ထိုမင်းမြတ်နှင့်၊ ကဿပ ဘုန်းမော်၊ မထေရ်ဒကျော် တို့၊ ခေါ် ဝေါ် သည်ရာ၊ သာသနာသက္ကာရဇ်၊ တစ်ချက်တည်း ဖြစ်ကြကောင်း၊ ပယ်ပစ်အကုန်ဖြိုပါသည်။

ပဏ္ဏာသဂင်္ဃနာတင်ခြင်း

၆၊ လောကဉီးစွန်း၊ နိဗ္ဗာန်နန်းသို့၊ မြန်းသည်မှ နောက်၊ လေး လ မြောက် တွင်၊ ပါမောက္ခဖျား၊ တရားဓမ္မိက၊ ကဿပရဟန္တာသည်၊ အဇာတသတ် မင်းနှင့် ထိုင်ပင်၍၊ လေးအင်သန္ဓိဒါ၊ ဝိန္ဒာသုံးတန်၊ အဘိညာဏ် ခြောက်ပါး၊ ဂုဏ်မြောက်မြားသော ဂိုဏ်း သား ငါး ရာ၊ ရဟန္တာ အ ရှင် မြတ် တို့ နှင့်၊ ပိဋကတ် ဓမ္မခန်း၊ သုတ် သုံး တန် ကို၊ သမယန္တရ၊ ဝိတဏ္ဍဂိုဏ်းငွား၊ ဒေဟီသားတို့ ပြစ်မှား မွေ့နေ့က်၊ စုဝစောထောက်၍၊ လှုပ်ချောက်ခြင်းငှါ၊ မဝံသာအောင်၊ အကွဲရာ ဝဏ္ဏ၊ တစ်လုံးမျှနိုက်၊ ဒေါသ မမြင်၊ သုတ်သင်ပုစ်ပါ၌၊ အာဂုံရွတ်လျက်၊ ညီညွတ် ဝါဒ၊ ခုနစ်လပြင့်၊ ပထမ သင်္ဂါယနာ တင်ပါသည်။

သောဏသနဂိုရိတွင်၊ ရာဇဂြိဟ်ပြည်မြတ်က၊ နာဂ ဒတ် မင်းကြီးနှင့်၊ ဂါတို့မြန်မာ၊ သုနာပရန်၊ ထိုင်းကြီး မှန်သော၊ ပစ္စန္တရာဇ်၊ သရေခေတ်က၊ နေမြစ်နွယ်လာ၊ မဟာသမ္ဘဝမင်း ထိုမင်း နှစ်ဉီးတို့ သည်၊ စိုးမွှား သိမ်း ပိုက်၊ ထီးစိုက်နန်းပြိုင်ဖြစ်ပါသည်။

ဒုတိယသင်္ဂါယနာ တင်ခြင်း

၇၊ ဘုရားပရိနိဗ္ဗာန်၊ စံလွန်သည်မှ၊ သက္ကရာဇ်တစ်ရာ၊ ရောက်လတ်ခါဝယ်၊ ဝေသာလီပြည်ကြီးရှင်၊ ဘုရင် ကာဠာ သောကမင်း တရား လက်ထက်၊ ဆယ်ချက် သော အမွေ့်က၊ ဥဒ္ဒီနယဝါဒီပြင့်၊ ဝဇ္ဇီတိုင်းသား၊ ရဟန်းမျာတို့၊ ဖောက်ပြားသည်ကို အကြောင်းမူ၍၊ နိဗ္ဗုတာရံ၊ ပြည့်စုံလင်စို့၊ သိဒ္ဓိမြောက်ပြီး၊ ထေရိကြီး ခုနစ်ရာ၊ ရဟန္တာတို့ သည်၊ ရွှင်မဟာယသ၊ ထေရိန္ဒကို၊ ဂဏပါမောက်၊ အကြီး မြောက်၍၊ မေးလျှောက်ပြေပြန်၊ ကထွန္တရ၊ ဖော်ပြလင်းလင်း၊ ရွှင်းပစေလျက်၊ ကိုးထွေအင်္ဂါ၊ ဝေသနာကို၊ မုခါရွှဲ၊ ပေါင်းညီ ရွှင်လ၊ အံ့ရွတ်ကြ၍၊ ဒုတိယ သင်္ဂါယနာ တင်ပါသည်။

ထိုင်း မင်္ဂလာရှာ၊ ပြည်ဝေသာက၊ ကာဠာသောက မင်းမြတ်နှင့်၊ မြန် ရပ် သင်း ကျစ်၊ သရေခေတ်က၊ ထိနေကြ၊ သကလဇမ္ဗူ၊ သိမ်းပိုက်ယူသော၊ အသူရာအောင်၊ ဖွတ္တပေါင်း မင်းကြီးသည်၊ ထီးပြိုင်နန်းပြိုင် ဖြစ်ပါသည်။

တတိယသင်္ဂါယနာတင်ခြင်း

၈၊ ရှင်ချန်ဘုရား၊ နိဗ္ဗာန်လားသည်မှ၊ နှစ် ပွား ကာလ၊ နှစ်ရာသုံးဆယ့်ငါးခု၊ ကိန်းစု သာ သ နာ၊ ထိုအခါတွင်၊ ပါဋလိပုတ္တ၊ ပြည်ချက်မဋ္ဌိ၊ အသောက် မင်းကောင်း၊ သောင်းဇမ္ဗူဒီပ်၊ စိုး နှိပ် စဉ် အတွင်း၊ သီတင်းဝိသုဒ်၊ ဥပသိဉဝါရဏ်၊ ဖောက်ပြန်ဝိသဘာ၊ နာနာဝါဒ၊ ကဲ့ဆောင်ကြသော၊ ဗာဟိရတက္ကတွန်း၊ ရဟန်းအလင်္ခီ၊ ရှင်ဒုဿီတို့ ကိုစွဲ၍၊ လွန်ကဲဂုဏ်ဖို ပါဒ်၊ အရဟတ္တအရိယာ၊ ရဟန္တာတစ်ထောင်တို့သည် အခေါင်ဓိပတိ၊ မောဂ္ဂလိပုတ္တ၊ ထိသမဟာ၊ ဂိုဏ်း ဆရာကို၊ ပရိနာယကပြု၍၊ ပေါင်းစုကိုးလ၊ အံ့ရွတ် ကြ၍၊ တတိယသင်္ဂါယနာ တင်ပါသည်။

ခမ္မုဩ၊ တတိယဠွဲ၊ စဲသည်နောက်၌၊ မောဂ္ဂလီ ပုတ္တထိသ၊ သံဃရာဇာ၊ ထေရ်မဟာသည်၊ မဗျိမာ ဒေသပြင်၊ လွင်ဗာဟိရ၊ ပစ္စန္တကိုးရပ်၌၊ သဗ္ဗညူ သာသနာ၊ အဝါကဲလွန်၊ ထွန်းစိမ့်ရန်လျက်၊ မဗျန္တိက အစရှိသော၊ ဣသျိမန္တ၊ ခီဏာသဝ၊ လောကဆီမီး၊ ဂိုဏ်းထောက်ကြီးတို့ ကိုးကဿီသီးစေနိုင်း၍၊ ကိုးထိုင်း ကိုးဌာန၌၊ ဘုရ့ဉ်သာသနာကို၊ ကောင်းစွာပြုစု စေပါသည်။

ကိုးဌာန ထိုင်းခန်းတွင်၊ ယွန်းရဟန်း ဓမ္မရက္ခိတ၊ ပြုစုရသော၊ အပရန္တ ထိုင်းကြီးသည်၊ ဘုန်းမီးလျှံဝင်း၊ မြန်မာမင်းတို့၊ နန်းခင်းရာရှိက်၊ ထောင်စိုက် စိုးမိုးရာ၊ မင်္ဂလာအောင်မျိုး၊ မောင်မည်ရွှေသော၊ ကွန်ပ်တို့ မြန်မာတိုင်းကြီးပင် ဖြစ်ပါသည်။

အဝန်းကိုးရာ၊ မဟာဘုမိ၊ ထိုင်းမင်္ဂီက၊ သီရိ ဓမ္မာသောကမင်း။ သမုဒ်ခြားရာ၊ ကွန်းလ ကံ၁ က၊

ဒေဝါနဲ့ပီယတိဿမင်း၊ သီရိခေတ္တ၊ မြန်မာ့ဗိမာန်၊ ထိုင်းရပ်ဌာန်က၊ ရန်ပေါင်မင်း၊ ထိုမင်းသုံးပါးတို့သည်၊ တရားစည်ကြီး၊ အညီတီး၍၊ ထီးတစ်ပြိုင်နက် ဆောက်ပါသည်။

အထက်ကလ၊ ဗျာဒိတ် ရသော ဝိဇယ ကုမ္မာ၊ လောင်းပွင့်လျၢသည်၊ လင်္ကာကွန်းကြီး၌၊ ထီးနန်း ထိုင်းပြည်၊တည်ထောင်သည်ကစ၍ ဝိဇယ ဘုန်းကြွယ်ဆဲ ၊အနွယ်တော်တစ်ဖက်၊ သက္ကဌာနီ၊ကပီလဝတ္ထု။ ပြည်ပျိုနှက၊ ဝန္နၤသာဂီဝင်၊ ဘုရင်ပြည်စိုး စော သတိုးဆဲ၊ နေမျိုးလည်းတစ်ဖက်၊ အဆက်ဆက် ပွားပြန်၍၊ နိဗ္ဗာန်ဆိပ်သာ၊ ကွန်းလင်္ကာ၌၊ မဟာဝင်နွယ်၊ ဆက်သွယ်စည်ကား၊ အလွန်အားဖြင့်၊ ဘုရား သာသနာတော်၊ ထွန်းပေါ်ပွင့်လင်းလှပါသည်။

စတုတ္ထသင်္ဂါယနာတင်ခြင်း

၉၊ ထို တမ္ဗပဏ္ဏီ၌၊ ဝိဇယမင်းမှ၊ ဆယ့်ရှစ်ဆက်မြောက်၊လျ့ တောက်တေ၊ ဝဋ္ဋဂါမဏိမင်းကြီး လက်ထက်၊ မဂ်ဝေဇယန် ၊ ဖောင်တော်ကန်၍၊ နိဗ္ဗာန်ဝင်တော်မူသည်မှ၊ လေးရာ့ငါးဆယ်၊ မြင့်ကြွယ် နှစ်ပုံ၊ ရောက်လတ် တုံသော်၊ အာဂုံ ပိဋကတ်၊ ကျမ်းတတ်ငါးရာ၊ ရဟန္တာတို့သည်၊ ဤအခါမှ၊ နောက်ကာလ၌၊ မဋ္ဌဟာနီ၊ သထိပညိန္ဒြေ၊ ယုတ်သွေ ယွင်းချို့၊ လူတို့ ဉာဏ်နည်းပါးစေတော့မည်၊ ဉာဏ် နည်းပါး၍၊ ဘုရားမှတ္ထပါဠိ၊ပိဋကတ်ကို၊ နှုတ်လွတ် ဖောင်ဖောင်၊ မဆောင်နိုင်ကြ၊ ရှိချေကလည်း၊ မူလ ပရိယတ်၊ ပိဋကတ်သုံးဖြာ၊ သာသနာသည်၊ မကြာ ကွယ်ပျောက်ချေတော့မည်ဟု၊ အရှည်တလျား၊ ရွေ့ အလား၊ကို၊ ထောက်ထား၊ဆင်ခြင်မြင်တော်မူကြသဖြင့် လည်းကောင်း၊ ထေရာဝါဒမှ၊ ပက္ခတစ်စု၊ ဂိုဏ်းသီးပြု သော၊ကုပိဂိုလ၊ မဟာထိဿမထေရ်တို့ ၏၊ မူနည်အာ စာရ၊အဓမ္မတို့ ကို၊သံဝေဂ ရှိတော်မူကြသဖြင့် လည်း ကောင်း၊ အကြောင်းနှစ်တန် သာသနာ့ဆန္ဒ ရှယ်၊ မိန္ဓာ နွယ်တို့ကို၊ ပယ်တော်မူ လို့သောကြောင့်၊ သီဟိုဠ် ကွန်းထဲတွင်၊ မာလဝ အမည်ရှိသော ဇနပုစ်ဌာန၊ အာလောလလိုဏ်ကြီး၌၊ နီးနှောင်းစု၊ တိုင်ပင်ပြု၍၊ သုံးလူ့သန်း၊ ဟောရင်းပါဠိနှင့်ထက္ခ၊ အဋ္ဌကထာစုံ၊ ပိဋကတ်သုံးပုံကို၊ ခိုင်လုံသော့ရှိက်၊ ဝမ်းရွှေထိုက်မှ၊ နှိုက်ကာနှိုက်က၊ ပေရွက်လွှာတွင် ငါးရာဘုရား၊ ထေရ်မြတ်ဖျာတို့၊ ရေးသားပီသ၊ တင်ထားကြ၍၊ စတုတ္ထသင်္ဂါယနာတင်ပါသည်။

လင်္ကာဒီပ က၊ ဝဋ္ဋဂါမဏိမင်း၊ ခေတ္တ သရီ၊ ဌာနီအောင်ချက်၊ ငါတို့ဘက်က၊ ကြက်ဦးခေါင်း စား၊ ၎- တစ်ပါး မင်း။ ထိုမင်း နှစ်ဆူ၊ ရိပ် ပြူ ဖြန့်ဝန်း၊ ရွှေနန်းစိုးကြ၊ သကာလလည်း ဖြစ်ပါ သည်။

ပဉ္စမသင်္ဂါယနာတင်ခြင်း

၁၀၊ နိဗ္ဗာန်အောင်ချၢ၊ ဝင်သောခါမှ၊ ၎ါးရာ မျ လောက်၊ နှစ် ပေါင်း ရောက် သော်၊ အောက် ၌ ညွှန်ပြ၊ ကိုးဌာနတွင်၊ ဟောနကထိုင်း၊အပိုင်းအခြား၊ တစ်ဂိုဏ်း ထား၍သော၊ ယိုးဒယား လူမျိုးတို့နေရာ၊ သာဂလပြည်ကြီးကို၊ ဘုန်းမီးထွန်းပ၊ အစိုးရသော၊ မိလိန္ဒမင်းမြတ်သည်၊ ပိဋကတ် သုံးပုံကို၊ အာဂုံ နှုတ်ပါ၊ ကြစီတံဖြာ၍၊ ပညာရှိဟူသမျှ၊ပဏ္ဍိတတို့ ၏၊ ဟဒယဝတ္ထုရုပ်ကို၊ တုန်လှုပ်ပူပန်စေခြင်းငှာ၊ စွမ်းနိုင် ကောင်းသော၊ ကျိုးကြောင်းနက်နဲ၊ ခက်ခဲလှသော ပြဿနာ ဖြင့်၊ ပုစ္ဆာ စောဒက တင်သည် တွင်၊ ရွှင်နာဂသိန်း၊ ထေရ်မုနိန်သည်၊ မိလိန်မင်းမြတ်၏၊ ခဲကတ်လှသော ပြဿနာ စောဒကကို၊ ဝေဿဇ္ဇ၊ ထိထိုင်းရှသော၊ ဝိဇယစက်၊ ဉာဏ်လက်နက်ဖြင့်၊ ခုတ်ဖျက်သင်ပြေလျက်၊ သုံးထွေသာသနာ၊ ထွန်းစိမ့် ငှာဟု၊ ပညာဝီရိယ၊ ဥဿာဟဖြင့်၊ ပဉ္စမသင်္ဂါယနာ တင်ပါသည်။

ယောနကလောက်၊ ယိုးဒယားနိုင်ငံတွင်၊ ထီးရဲ နန်းတည်၊ သာဂလရွှေပြည်က၊ ဘုန်းစည်ကျော်ရှိန်၊ မိလိန္ဒမင်း၊ အပရန်ဂိုဏ်း၊ တိုင်းသီရိခေတ်၊ မြစ်၏ အရှေ့၊ ရသေ့ပြုဖန်၊ ပြည်ဗိမာန်က၊ ပါဝိရန်မင်း၊ ထိုမင်းအပြိုင်၊ နှစ်နန်းဆိုင်၍၊ စိုးပိုင်စပွါယ်ကြပါ သည်။

နိဗ္ဗာန်လွန်မြောက်၊အစဉ်ရောက်သော်၊ခြောက်ရာ့ နှစ်ဆယ့်လေးခုတွင်၊ ဥဟုစိတ္တ၊ ဒွဇ သမုဒ္ဒဘန်၊ သင်္ကြန်ခီမာသ်၊ နက္ခတ်ယောဂ၊ နေ-လ-နှစ်ပါး၊ အသွားယွင်းဖေါက်၊ ကိန်းခန်းရောက်သောကြောင့်၊ အောက်နှစ်ဘုံနတ်၊ တမွတ်စိုးရ၊ အယုဇ္ဈာသင်၊ မိုးဘုရင်သည်၊ ဆင်ခြင်ရှုမြော်၍၊ လော်ကနန္ဒာ၊ တည်ရာရပ်ကွက်၊ မြကျောက်ထက်၌၊ ရွှေလက်တံဆိပ်၊

ခံတ်နှိပ်ပြေချေ၊ ဒေါဒေါရသ၊ ဖြိုကိန်းကျဟု၊ ဒေဝဋ္ဋဖွဲ့ပါဒ်၊ ထိမ်းမှတ်အသစ်၊ ကိုနှိုးစနစ်ဖြင့်၊ သက္ကရာဇ် တစ်ကြိမ်ဖြိုပါသည်။

ဆဋ္ဌမသင်္ကန်းတင်ခြင်း

၁၁၊ ယင်းသို့ဖြိုချ၍ အတိုနှစ်ခု ထားသည်မှ၊ သက္ကရာဇ်သုံးရာ့ခွန်၊ ရှင်ချစ်ဝုဠ္ဂ၊ မုနိန္ဒာ၏၊ ဗီဃသာသနာ၊ ကိုးရာသုံးဆယ်တွင်၊ ကျန်းလယ်မဆို့၊ ဒေဝဓိအနိုး၊ ရွာကြီးဂါမ၊ ဆော်သကဋ္ဌိ၊ ပုဏ္ဏားရင်သွေး၊ ရွှေးအတိတ်က၊ ဗျာဒိတ်ရသော၊ ကလျာဏ ပုထုဇန်၊ ထေရ်မှန်ဝုဠ္ဂဿာသာ၊ ဆရာကျော်ပုဂ္ဂိုလ်သည်၊ သီတိုင့် ဘာသာဖြင့်၊ အက္ခရာတင်ထားသော ဘုရားပိဋကတ်ကို၊ ပုဗ်ပါဠိမယွင်း၊ ဟောရင်းမူလ၊ မဂဓဘာသာဖြင့်၊ အဋ္ဌကထာစီရင်၊ ရေးတင်ပြုစု၍၊ သုဝဏ္ဏဘုံ၊ သထံ နဂရ၊ပြည်ဌာနသို့၊ လုံ့လဆောင်ယူခဲ့ပြီးသော်၊ မြေပါနံ့ပြား၊ ဇမ္ဗူသားတို့ကို၊ သင်ကြားကူးယူစေသဖြင့်၊ ထေရသဘင် ရှင်ယောသသည်၊ ဆဋ္ဌမ သင်္ကန်းတင်ပါသည်။

ဆာသနာလျောက်

လက်ာဒီပံ၊ ကျွန်းနိုင်ငံက၊ မဟာနာမ်မင်း၊ တောင်ဇမ္ဗူယာ၊ မြန်နိုင်ငံက၊ ပုဂံဈာတိ၊ အရင်းရှိသော၊ သီရိပစ္စယာဖြို့တည်၊ သေဉ်လည်ကြောင်းမင်း၊ သုဓမ္မပူရ၊ သုဝဏ္ဏ-က၊ ဓမ္မပါလမင်း၊ ထိမင်းဇကရာဇ်၊ မင်းစစ်သုံးပါး၊ တရားဓမ္မ၊ ရာဇဉာတို့သည်၊ ကာလတစ်ချက်တည်းဖြစ်ပါသည်။

သာသနာဝဿာ၊ ထောင့်တစ်ရာ့ ရှစ်ဆယ့်လေးခု၊ နေရှသနင်း၊ မိုးနတ်မင်း၏၊ ဖြိုကြွင်းလက်စ၊ ငါးရာ့ခြောက်ဆယ့်နှစ်၊ သက္ကရာဇ်ကောဇာကို၊ ပေါက္ကာရာမ်၊ နန်းစံမပျက်၊ မင်းဆက်ဇာဝီသ၊ နေမှန္တယ်ခြား၊ ပုပ္ပါးစောရဟန်း၊ လူ့ကြွင်းသည်၊ ကိန်းခန်းနေကျ၊ ခ-ဆ-ပဋ္ဌာ၊ သခ္ခါအလို၊ နုတ်သိမ်းဖြို၍၊ အတိုနှစ်ခု ထားပါသည်။

သတ္တမသင်္ကန်းတင်ခြင်း

၁၂၊ ဝိနာယက၊ မုနိန္ဒလည်း၊ အမတရွေနန်း၊ သိမ်းမြန်းတော်မူသည်မှ၊ ကိန်းရှည်သာသနာ၊ သခ္ခါအဖြောင့်၊ ထောင့်ခြောက်ရာ့တစ်၊ သက္ကရာဇ်အလို၊ ကိန်း ထို ရ ဃ၊ လေးရာ့ တစ် ဆယ့် ကိုး ခု တွင်၊ အနုရုဒ္ဓ၊ ဒေဝရာဇာ၊ နော်ရထာမင်းစောသည်၊ အာသဝေါ မလိမ်းကျံ၊ ဝဠုကူ ဆိတ် ညှဉ် သော၊ အ ရ ဟံ မည် ခေါ်၊ မ ထေရ် ကျော် ကို၊ အဖော်သဟဲ၊ တကဲ့မှီငြမ်းပြု၍၊ သုဝဏ္ဏဘူမို့၊ သထုံရှိသာသနာ၊ လင်္ကာ ကျွန်းဘောင်၊ သွား ယူ ဆောင်သော၊ မြားမြောင်မွေခတ်၊ ပရိယတ် ကျမ်းစာ၊ သာသနာတို့ဖြင့်၊ ရဟန္တာရှင်အရဟံသည်၊ စီမံပြသ၊ လမ်းမှန်ချ၍၊ မူလရှိဟောင်း၊ ခြောက်သောင်းကျော်စင်၊ အ ရည်း ရှင် တို့ ၏၊ ဥမ္မတ္တဂ်၊ နီရယစီးပွဝ်း၊ အယူမှားတို့ကိုးပယ်ရှားဉာဏ်ရောင်၊ နှိပ်နင်းအောင်မှ၊ တစ်ထောင်အရိယာ၊ ရဟန္တာတို့သည်၊ အောင် ချာပူရ၊ ရိမဒ္ဒဠိ၊ သတ္တမ သင်္ကန်းနာ တင် ပါ သည်။

သာသနာတော်၊ တစ်ထောင့်ကိုးရာ့ရှစ်ဆယ့် နှစ်၊ သက္ကရာဇ် ရှစ်ရာ၊ နှစ် ကောဇာတွင်၊ ရတနာပူရ၊ ပြည်ရွှေဝဋ္ဋ၊ မြန် မာ့ သ နင်း၊ မိုးညှင်း မင်းသည်၊ သီတင်းသမာဓိ၊ ပညာရှိသော၊ သမ္မတိရွင်ကောင်း၊ မင်းကျောင်းပုဂ္ဂိုလ်၊ စာကြို့သူမြတ်တို့နှင့်၊ ညီညွတ်နှိုင်းဆ၊ ထိုင်ပင်ကြ၍၊ ရိမဋ္ဌမင်း၊ ဖြိုကြွင်း စဉ်လာ၊ ရှစ်ရာပြည့်နှစ်၊ သက္ကရာဇ်အစုကို၊ ပဿု နောသတ်၊ ကိန်းလက်မှတ်ဖြင့်၊ ချေဖြတ်ပယ်ချ၊ သေသ နှစ်ခု၊ ကိန်းသစ်ပြုသည်တွင်၊ သမ္မတိမမြောက်၊ နောက်ပုဂံဖြစ်၊ သက္ကရာဇ်တစ်မျိုး၊ မိုးညှင်းသက္ကရာဇ်၊အသစ်တစ်တည်၊ အရှည်အတို၊ အလိုမပြီး၊ နှစ်သီး နှစ်ပို ဖြစ်ပါသည်။

အဋ္ဌမသင်္ကန်းတင်ခြင်း

၁၃၊ ရှင်စောဘုန်းစည်၊ ငါးမာရ် နည်သည်၊ ရွှေပြည် ကျွန်းဦး၊ ကူး တော် မူ သည် မှ၊ ကဆ်ပသက္ကရာဇ်၊ အနှစ် နှစ်ထောင့်ခုနစ်ဆယ်၊ ဂ-ငယ်သုံးခု၊ ဥသျှစ်ထုဟု၊ လူ့သင်္ကေတ၊ ရှစ်ရာ့ ရှစ်ဆယ့်ရှစ်၊ သက္ကရာဇ်ကောဇာတွင်၊ မိစ္ဆာမျိုးခြား၊ သို့ဟ်ဘွားသည်၊ တရားယွင်းဖောက်၊ မင်းဖြစ်မြောက်၍၊ မွေနောက်ညှဉ်းပန်း၊ ရဟန်းကိုသတ်၊ မွေခတ်သရီ၊ စေတီကိုဖျက်၊ နှုတ်နက်ဓမ္မခန်၊ ကျမ်းဂန် ခပင်းကို၊ မီးထင်း ရို့ ထိုက်၍၊ စရိုက်ယွင်းမှား၊ ရှမ်းဖျက်ပြားသောကြောင့်၊ ဘုရားသာသနာ၊ ထိုခါ တစ်ကြိမ်၊ သေးသိမ်နွမ်းနယ် လေသည်တွင်၊ ကေ တု မ တိ သို့ သွား၍၊ ရှောင် ရှား လွတ်ကြောင်း၊ နေ ကိန်း

အောင်းသော၊ ရှင်ကောင်း ထေရ်မြတ်၊ သဒ္ဓမ္မ ကိတ္တိဆရာဏ်၊ သိက္ခာ ပညာ၊ နည်းနာ ဓံမှီ၊ ဂုဏ်ရှိရာ ဥာဏ်၊ စွမ်း သန် ထက် မြက်၊ တ ပြက် သာ မြို့ သား၊လေးပါး သုဒ္ဓိ၊မြို့မငြိသော၊ရှင်ထိသာသနဓဇ၊ ဒုတိယဧကတဝန်ဆရာတို့သည်၊ မြန်မာမျိုးရင်းသမာဓိ မင်းတို့နှင့်၊ အသင်းအပင်း ပြုလုပ်၍၊ သာသနပပ္ပဒ္ဓဝ၊ ပျော်ပင်ကင်းကွာ၊ ပွင့်လင်းသာအောင်၊ ရတနာပူရ၊ ပြည်ရွှေဝဋ်၊ ဇာဋ္ဌမ သင်္ဂါယနာ တင်ပါသည်။

နဝမသင်္ဂါယနာတင်ခြင်း

၁၎၊ မဟာဝီရိယ၊ သုံးလုံ့ဘသည်၊ သီဝဉ်ကင်၊ နိဗ္ဗာန်ခွင်သို့၊ ဝင်စံတော်မူပြီးနောက်၊ နှစ်ပေါင်း နှစ်ထောင့် နှစ်ရာ့ ကိုးဆယ့်ငါး၊ လူမျှားဝေါဟာ၊ နှစ်ကောဇာ တစ်ထောင့် တစ်ရာ့ တစ်ဆယ့်သုံးခု တွင်၊ သိန္ဓုသမီပ၊ ရာမညမှ၊ တန္တပုန်ကန်၊ တလိုင်း ရန်ကြောင့်၊ ဗိမာန်ဌာန၊ ပြည်ရွှေဝဋ်၊ ကြွေမွှပျက် ပြား၊ တိန်းပါးယို ယွင်း၊ မလင်းသာသနာ၊ တစ်ခါ တစ်ဖန်၊ ညစ်နွမ်းပြန်သည်တွင်၊ ဆက်မှန်နေမျိုး၊ တန်းခိုးဝန်ချောင်း၊ ပွင့်ဆုတောင်းသော၊အလောင်း မင်းတရားသည်၊ ဘုန်းအား ငူဇိုပါဒ်၊ ရန်လုံး သတ်၍၊ သိုက်ဓာတ်ညီစွာ၊ ရတနာသိဿံ၊ ပြည်မ ကုန်းဘောင်၊ တည်ထောင် မှုနန်း၊ မြန်းသည် ကာလ၊ တစ်ထောင့် တစ်ရာ့ တစ်ဆယ့်ငါး နှုန်စ် တွင်၊ ကေရာဇ် မင်းမြတ်၏ ဆရာ၊ အတုလ မဟာ ဓမ္မရာဇဂုရု၊ တံဆိပ် နာမံတော် ရှိသော၊ သမုတိထီး၊ မထေရ်ကြီးသည်၊ နေမိးလဝါ၊ မနိုင်းသာအောင်၊ သာသနာ ရောင်ရွှန်း၊ ထွန်းပ စေလျက်၊ သပြေအခေါင်း၊ ကုန်းတောင်နဂရ၊ ပြည် သိဒ်၍၊ နဝမ သင်္ဂါယနာ တင်ပါသည်။

ဒသမသင်္ဂါယနာတင်ခြင်း

၁၅၊ အသရှေ်ယျ၊ နာမတံဆိပ်၊ ငါးမာန် နှိပ်သည်၊ ပြည်နိဗ္ဗုန်ခွင်၊ ဝင်တော်မူသည်မှ၊ တွက်ဆ သင်္ချာ၊ သာသနာ နှစ်ထောင့် သုံးရာ့ နှစ်ဆယ်၊ လူဝယ် သိကြား၊ မှတ်သား သံဝစ္ဆရ၊ တစ်ထောင့် တစ်ရာ့ သုံးဆယ့်ရှစ်ခုတွင်၊ ဇမ္ဗူဥသျှောင်၊ ကုန်း ဘောင် တည်ရင်း၊ အလောင်းမင်း မြေးတော်၊ တေဇော် ကွန့်မြူး၊ ဇဉ်ကူး မင်းတရားသည်၊ ဆယ်ပါးရာဇဓံ၊ ရွှေနန်းစံ သည်တွင်၊ ဟံသာဝတီ ရောက် မင်းဘိုးတော်၊ ဘူပေါ်ရာဇ၊ ရွှေဝန်းရိုး၊ စိုးစဉ့်အခါ၊ တုံရွာ ခွင် ဂုဏာ ဘိ လင်္ကာ ရ၊ အရည်ပုဂ္ဂိုလ်သည်၊ အလိုက်ပြေား၊ ဝါဒအားပြင့်၊ ရွာသားမြို့ဝင်၊ အတင်းဒုက္ခ၌၊ ဂိုဏ်းသီးထုတ်၍၊ မဟုတ်သောဝိနည်းကဲ့ကိုးကျင့်ကြံဆောင်ရွက်သည်က ဧ၍၊ သမယပုံ၊ အရံဂိုဏ်း၊ အတင်ဂိုဏ်း၊ တစ်ပိုင်း တစ်ကွဲ၊ လိုးလွဲဝေးကွာ၊ ဝိဝါဒါဓိကရဏ်း ဖြစ်ကြွလျှင်၊ ဝါဒနှိပ်နင်း၊ ပြေရွင်းသုတ်သင်နိုင်သူ မပေါ်မထွက်၊ ခြောက်ဆက်မင်းပေါင်း၊ ကာလည်ပေါင်း အောင်၊ ထုံးဟောင်းမကျ၊ သာသနာ့အန္တရာယ်၊ ငြိတွယ်မြွေးယှက်ခဲ့သည်ကို၊ ပြည်ထက်သန်း၊ တရား မင်းနှင့်၊ ရှင်ရဲမထိမာန်၊ နန္တမာလာ၊ ထေရ်မဟာ တို့၊ အာဏာခမ္မ၊ စက္ကနှစ်ပါး၊ သုတ်သင်ရှာ၍၊ ပိုင်းခြားဆုံးဖြတ်၊ လမ်းမှန်ပြောင့်မတ်အောင်၊ သဒ္ဓမ္မ ဝါဒီ၊ အညီပတ်ကုံ၊ နှိုင်ငံလုံး၌၊ ဂျေးထုံးအထိုင်း၊ အရံဂိုဏ်းဟု၊ တင်ဂိုဏ်းတည်းသာဖြစ်စေ၍၊ အောင် မြေဌာန၊ အမရ၌၊ ဒသမ သင်္ဂါယနာ တင်ပါသည်။

ထိုဒသမသင်္ဂါယနာ၊မဟာသဘင်၊ ဃင်သည်ကဏ္ဍ၊ ပထမဝတ္ထု၊ အစပြု၍၊ သဒ္ဓမ္မင်းဘရားကြီး လက်ဆက် တော်တိုင်၊ ဘုန်းလိုင်သက္ခ၊ ဂေါဘမ၏၊ ဩဝါဒ သာသနာသည်၊ မိစ္ဆာဒိဋ္ဌိ၊ မငြိမယှက်၊ စင်သန့်သက်၍၊ တစ်နှစ်ထက်တစ်နှစ်၊ ဆုတ်နှစ်မည့်၊ ဖြိုးဖြိုးဖွံ့၍၊ ပျံ့နံ့စည်ပင်ထွန်းလင်းလှပါသည်။

ဤသို့လျှင်တုံ၊ သုံးခွင်မှန်ကွ၊ ၊သဃမ္မ၌သည်၊ ပျံ့ကျူးအေးမြက်၊ ရွှေနုတ်ပွက်၍၊ မှတ်ချက်သားနှား၊ ထားတော်မူသော သာသနာ၊ သင်္ချာတွက်ရေ၊ ငါး ထောင်နေတွင်၊ ရွှေပြည်ခေမ၊ ဝင်သည်ကဏ္ဍ၊ အမရ ရန်အောင်၊ နန်းရွှေတောင်၌၊ ကုန်းဘောင်သတိုး၊ နေမျိုးရန်နိမ်၊ ဆယ်ကြိမ်ဧကရာဇ်၊ ဘုန်းသစ်ပြီးလျှင်၊ စိုးစံထွန်းတောက်၊ ယခုရောက်အောင်၊ နောက်အထိတ် သာသနာကို၊ သင်္ချာတွက်စောင့်၊ ဂဏန်းပြောင့်သော်၊ နှစ်ထောင့် လေးရာ တစ်ဆယ့်ငါးခု ဖြစ်ပါသည်၊ အနာဂတ်သာသနာ၊ နောင်လာရင်း၊ ကျန် နှစ်ပေါင်း ကား၊ နှစ်ထောင့်ငါးရာ့ ရှစ်ဆယ့်ငါးခု ဖြစ်ပါ သည်။

မြန်မာမင်းရိုး၊ နေနတ်မျိုးတို့၊ တန်ခိုးအာဏာ၊ နှံ့ရာပတ်ကုံး၊ထိုင်းအားလုံး၌၊သုံးဆောင်ဝေါဟာရ၊ ပညတ်ကြသော၊လူမျှဉ်းသာသနာ၊ နှစ်ကောင်္ဘကား၊ ပေါက္ကာရာမ၊ ဥန်းဌာန၌၊ နဂရကြဉ်နန်း စောရဟန်း မင်း၊ ကိန်းဖြိုခွင်း၍၊ အကြင်းနှစ်ပါး၊ ထားခဲ့သည်ကို၊ ခုံတည်ထောက်ရှု၊ ခွဲဝေပြု၍၊ ယခုသည်နှစ်၊ ဆိုက်ရောက်လစ်အောင်၊ သက္ကရာဇ် ၀၂....ခု၊ ....ဥထု၊ ....လ၊ ....ရက်၊ ....နေ့ ပြစ်သည်မျှားကို၊ မှတ်သား တော်မူကြပါ၊ အဝိဇ္ဇာနှင့်၊ ဓာဏာမာန၊ ဒိဋ္ဌိစရဿော တရားအလိုသို့ မလိုက်မလာ၊ မနာမယူ၊ငါးဆူသော ပန်း ခိုင် ဖြင့်၊ရွှစ် ဆိုင် သော လမ်း မ နိဗ္ဗာန် သို့ကျ အောင်၊ ဥဿာဟ တရားဖြင့်၊ ကြိုးစား၍အားထုတ် တော် မူ ကြ မှ၊ အ ပူ အေး၍၊ ဘေးလွတ်ကြမည်၊ ဓမ္မစာရီ၊ ပါရမီ မွေ့လျော်၊ သူ တော် သူ မြတ် တစ်စုတို့၊ ။

သဘသနာ လျှောက်ပြီး၏၊

ထွေမ်းတော်ကြီးစာတမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သုနာဗရန္တ ဖြစ်လာပုံ

၁။ ဘဒ္ဒကပ္ပ၊ ပေါ်စလက်မွန်၊ ရွှေးလွန်လေခါ၊ မဟာသမ္မတ်၊ နေန္တယ်နတ်ဟု၊ လောကဓာတ်ပုံ၊ အလုံးစုံကို၊ အုပ်ခြုံနှိပ်နင်း၊ ဘုန်းဖန်ဆင်းသော၊ ငါတို့သခင်၊ ရွှင်ဂေါတမ၊ ဘုရာ့အလောင်း၊ မင်းကောင်းအာဒိက်၊ စိုးစံပေါ်ထွန်းသည်မှ၊ ခုနှစ်ဆက်မြောက်၊ ရောက်တုံလတ်သော်၊ မန္ဓာတ်ရာဇာ၊ စကြာမင်းဆုံး၊ လေးကျွန်းလုံး၌၊ သုံးဆယ့်ခြောက်ယူဇနာ၊ ဗိုလ်ပါဝန်းရံ၊ မုနောခံလျက်၊ ယာဉ်ပျံစီးတော်မူသတည်း။

တစ် ရံ ခါ သော်၊ သမုဒ္ဒရာ ရေဆုံး၊ ထိုက်လုံးလည်ပတ်၊ နှစ်ဘုံနတ်သို့၊ ရုပ်ဓာတ်မပြောင်း၊ စကြာမောင်း၍၊ မိုးကြောင်း ဖွင့်တော်မူသတတ်။

ပရိနာယိုက်၊ နန်းကိုက်စောထွတ်၊ သားသြရသိကို၊ ပရိသတ်ဝန်းလျာ၊ လေးကျွန်းသားနှင့်တကွ၊ ဒေဝနတ်ဌာန်၊ ဘုံဗိမာန်မှ၊ ပြန်စေသည်ကာလ၊ ဝိဒေဟကျွန်းသား၊ ဗိုလ်အမျာ်းကို၊ ချထား၍ပ်နေ၊ အခြေအမြစ်၊ အသစ်တိုင်းပြည်၊ တည်စေသည်ကစ၍၊ ဝိဒေဟတိုင်း-မိထိလာ ပြည်ကြီးဟု၊ ခြားသီးပေါ်ထွန်း၊ ဇမ္ဗူကျွန်းထက်၊ မော်ကွန်းတစ်ဆူ ဖြစ်လေသည်။

ပဒေသာရောက်၊ မြောက်မြင်းမိုရ်ခြား၊ ကုရုသားတို့၊ တိုင်းပွားပြည်သစ်၊ ဖြစ်လေသည်ကို အစွဲမြဲ၍၊ ကုရုတိုင်း-ဥတ္တရပဉ္စာလ ပြည်ကြီး ဟု၊ မြောက်ချီးတံခြေ၊ ဇမ္ဗူပေါ်၌၊ အကျော်အစော ဖြစ်လေသည်။

နေရုနောက်ယံ၊ ကဒမ္ဗရာဇ်၊ ပေါ်ဖြစ်ထွန်းပ၊ အပရဂေါယာန်၊ ဝိမာန်ကျွန်းသူ၊ ဗိုလ်ပါလူတို့၊ ထူထောင်စည်းဝေး၊ သန္တေးရာဌာနကို၊ အာပရန္တတိုင်းကြီးဟု၊ အမြို့အခိုင်၊ မဏ္ဍိုင်မြေရိပ်၊ ဇမ္ဗူဒီပ်ထက်၊ တံဆိပ်ကွင်းကွင်း၊ ဘဝဂ်ချင်းမျှ၊ သတင်းတန် ခိုးနံ့လေသည်။

ထိုအပရန္တတိုင်းပင်၊ ပရိနာယက၊ သားသြရနှင့်၊ တကွမကွာ၊ အတူပါသော၊ သဒ္ဓါဟိတ် သဘော ကြောင့်၊ သားဟော၊ဝေဝုဓ်၊ သုနုပုဓ်နှင့်၊ သမ္ဗယုတ် ဖြစ်စေရာတူင်၊ သုနာပရန္တဟု၊ဝေါဟာရ ပရိယာယ်၊ တသွယ် ပညတ်တင်လေသည်။

ထိုအပရန္တ၊ သုနာပရန္တ၊ နှစ်မည်ရသော၊ တိုင်းမထိုင်းကြီးကို၊ အတီးစာတမ်း၊ သာသနာကျမ်းတို့နှင့်၊ ထောက်လှမ်း၍ အမှန်ယူလျှင်၊ ဇမ္ဗူဒီပါတွင်၊ မြန်မာမင်းရိုး၊ နေနတ်မျိုးတို့၊ စိုးမိုးရာဌာန၊ မရမ္မ မဏ္ဍလ တဝန်းတလျားသည်၊ ဘုရားဟော ပါဠိ၌ ဥပရိပဏ္ဏာသ၊ သဋ္ဌာယတန သိယုတ်၊ပါဌဂုတ်တို့နှင့်၊ တံသုတဲတိုက်ညီ၊ သဘောလည်း ဆီသော ကြောင့်၊ ဤငါတို့မြန်မာ၊ နေရာရပ်ဌာန်၊ မြေနက်သန်းကိုသာ၊ အပရန္တ၊ သုနာပရန္တ၊ တိုင်းချက်မဟု၊ မုချအမှန် ယူအပ်သည်။

သုနာပရန္တ ပထမ သာသနာ

၂။ ဤ ငါတို့ သုနာပရန္တတိုင်း၊ သုပ္ပါဒက သတ္ထေသဆိုပ်၊ ဝါဏိဇဂါမရွာ၌၊ ဒါယကာစူဠ ပုဏ်သည်၊ သဒ္ဓါဟုန် ထက်သန်သဖြင့်၊ သရဏဂုံ တန်ဆောင်း၊ နံ့သာကျောင်းကို၊ နတ်ပေါင်းချီး

မြောက်၊ ဆောက်လုပ် တည်ထား၍၊ ဘုရားသခင်ကို၊ ကျောင်းတင်အလှူခံ၊ ကျိုးနွံ ရှိသေစွာ၊ ပင့်ဖိတ်ရာ တွင်၊ ဝါနှစ်ဆယ်ကျော်၁၀၊ ပထမဗောဓိအလွန်၌၊ ထေရ်မွန်ရဟန္တာ၊ ငါးရာတစ်ပါးယုတ်၊ ဝိသုဒ္ဓိနှတ်၊ တပည့် မြတ်တို့နှင့်၊ ပြာ သာဒ် ငါး ရာ၊ ယာဉ်သာ ညီးညီး၊ စကြာဝီး၍၊ စောထီးထွတ်ထား၊ ဘုရားကြွ လာတော်မူသတည်း။

ခရီးအကြား၊ တရား အမတ၊ သာဝကဘုတ်၊ ရ ထိုက် တန် သော၊ သစ္စ ဗန် ရ သေ့ ကြီး အား၊ မီးသုံးပါး ၏အမြိုက်ဆေးကို၊ထိုက်ကွေးဆွတ်ဖျန်း၍၊ ရဟန်းငါးရာပြည့်စေသည်း။

ဂ နွာ ရံ ဟု၊ နံ ထု ် လျ ် မောင်း၊ နံ့ သာ ကျောင်း ကို လည်း၊ နောက် နှောင်း အခါ၊ မြန်မာမျိုးမည်၊ ဤတိုင်း ပြည်၌၊ဖြ ိုးစည်းမြင့်ကြာ၊ သာ သ နာ ဟို့ နှံ့၊ ထွန်း လ တ် သည်၊ အရှည် နောင် ဖန်ကို၊ ရွှေဉာဏ်ဆင်ခြင်၊ မြင်တော်မူသော ကြောင့်၊ ခံယူ သာယာတော်မူသတည်း။

ထိုကျောင်းထက်၌၊ ခုနစ်ရက်ပတ်လုံး၊ သီတင်း သုံး၍၊ ဝင့်ဆုံးဒေသနာ၊ ဟောကြားရာတွင်၊ သတ္တဝါ အကိန်း၊ ငါးသိန်း ရှစ်သောင်း ရှစ်ထောင်၊ မြား မြောင်ပြည့်နှက်၊ ဖိုလ်မဂ်ရကြကုန်သတည်း။

ဤသို့လျှင်၊ သုနာပရန္တ၊ နာမပညတ်၊မြန်တို့ရပ်၌၊ သတ္တဝါဘုရား၊ ထင်ရှားရှိစဉ်၊ ငွသိဝိန္ဒ၊ သစ္စဗန္ဓ၊ ပုဏ္ဏမထေရ်တို့ကိုစွဲ၍၊ ပွဲကြီးသာသနာ၊ ဦးစွာလက် ရင်း၊ သက်ဆင်းဖြစ်ထွန်းဖူးသတည်း။

သုနာပရန္တ ဒုတိယသာသနာ

၃၊ ဘုရားပရိနိဗ္ဗာန်၊ စံလွန်သည်မှ၊ ၂၃၅-နှစ်၊ သက္ကရာဇ်သာသနာ၊ ရောက်သောခါလည်း၊ ဓမ္မာ သောက၊ နရသင်းကျစ်၊ ဧကရာဇ်မင်းမြတ်၏ ဆရာ၊ အရှင်မဟာမောဂ္ဂလီ ပုတ္တထိဿသည်၊ ဆ ဋ္ဌ ဘိ ညာ၊ ဝိဇ္ဇာမြောက်မြား၊ ဂိုဏ်းသားလက်စောင်း၊ တစ်ထောင် ကျမ်းတတ်၊ ရဟန်းမြတ်တို့နှင့်၊ညီညွတ်ဝါဒ၊ တတိယ သင်္ဂါယနာ၊ မိန္ဒာသုတ်သင်၊ တင်တော် မူ ပြီးလျှင်၊ ရဟန္တာကြီးထိုးပါးထို၊ ရပ်ခြားဒေသ၊ ထိုးဌာနသို့၊ သဒ္ဓမ္မစက်၊ ဖိုလ်မင်္ဂတရား၊ ပွားပစ်မှုဌာ၊ သာသနာ ပြုချေ၊ ထွတ်စေတော်မူသည့် အခါလည်း။ ဤသုနာ ပရန္တထိုင်းသို့၊ ဂိုဏ်းပြည့်ရဟန္တာ၊ သံဃာလေးပါးနှင့် တကွ၊ ဓမ္မရက္ခိတ အမည်ရှိသော၊ ခီဏာသဝ၊ ဈာန လာဘီ၊ ဝသီမြောက်ပြီး၊ ရှမ်းခင်ကြီး တစ်ပါးသည်၊ မိုးဖျားပျံ တက်၊ ကြွလာသက်၍၊ အဂ္ဂိခန္ဓုပမာ၊ဒေသ နာ သုတ္တန်ဖြင့်၊ နိဗ္ဗာန်အထွတ်၊ ချေဖျတ်တော်မူသည် တွင်၊ လူခုနစ်သောင်း၊ အပေါင်းများစွာ၊ သဒ္ဓာဝ ါ တို့၊ ထိုခါကျွတ်ကုန်ကြလေသည်း

မင်း ဆွေ မင်း မျိုး၊ ထီး ဂိုးနန်း ဆွန့် ၊ အ ဝှန့် မြား မြောင်၊ မင်းတစ်ထောင်တို့သည်၊ လူ့ ဘောင်မှကင်း၍၊ ပဗ္ဗင်းရဟန်းမူ ကြသည်။

မိန်းမသူတော်၊ ခြောက် ထောင်ကျော်စင်၊ ထိုရော် အညီ၊ ဘိက္ခုနီဟု၊ ထေရီဂိုဏ်းကြီးထူကြသည်း

သရေခေတ္တရာ သာသနာ

၄၊ ထို မွေရက္ခိတ၊ လောကဆီမီး၊ ရှမ်းခင်ကြီး ရဟန္တာ၊ ကြွလာစဉ်ကာလက၊ အဝရန္တ၊ ဌာနချက် မွေ့၊ မြန်းရပ်မြေ၌၊ သရေခေတ္တရာ၊ အောင်ချာပြည့် ကြီး၊ ခွထီးခွေနန်း၊ သိမ်းမြန်းစိုးဆောင်၊ ရန်ပေါင် မင်းလက်ထက်နှင့်၊ အဆက် ကြိုက်ကြွလာသတည်း။

ထိုသရေခေတ္တရာ၊ မဟာနဂရ၊ ပြည်မဥသျော်၊ ရန်ပေါင်မင်းလက်ထက်၊ ထွန်းတက်သာသနာ၊ အား ကြီးစွာ၍၊ ရဟန္တာစွာန်ရ၊ လောကတံခွန်၊ ပုဂ္ဂိုလ် မွန်တို့သာ၊ အလွန်များပြားစွာသတည်း။

အောက်မင်သုံးလီ၊ လောကီအဘိညာဏ်၊ပုထုဇန် ကလျာဏ၊ နီရောဝေစွာကို၊ ဖွေရှာကျင့်ကြံသူ၊ လူလူ ရှင်ရှင်၊ မြေပြင်မဆံ့၊အနှံ့ပြည့်ဖြိုး၊ သူမြတ်မျိုးကား၊ လက်ညှိုး မလွတ်ရာတည်း။

ထိုသက္ကရာဇ်၊ ထိုခေတ်အတွင်း၊ ထိုမင်းစိုးကြိုက်၊ ထိုအခိုက်တွင်၊ အမြိုက် ရည်ချူ၊ လူသူတော်စင်၊ အသခံယော၊ အနန္တ ပေါသော်လည်း၊ ကျမည်သော ဒါယကာသည်၊သဒ္ဓါဂုဏ်များ၊သူတစ်ပါးထက်၊ စိတ် ထားမြတ်ထူတိ်၍၊ ပရိသတ်အပေါင်းကို၊ မကောင်း မြစ်ထား၊ ကောင်းရာထိုက်တူန်း၊ နွတ်ခွန်းချီလေး၊ ကုသိုလ်ရေးဖြင့်၊ စည်းဝေးရုံးစု၊ သင်းကြိုးပြုလျက်၊ ဥပေါသထိကဘတ်၊ ဆွမ်းတော် ဝတ်ကို၊ မချွတ် နေ့ရက်၊ လဆက်နှစ်ရှည်၊ ဆောက်တည်နိစ္စဥ်၊ အမြဲ လှူ၍၊ နိဗ္ဗာနမြတ်သာ၊ သို့လောက်စင် ရှာသည်ဟု၊ ထိုအခါ ထိုနိုင်ငံတွင်၊ စံဘစ်ခု ဖြစ်လောက်အောင်၊ တစ်ယောက် တစ်ဦးမျှ၊ မေ ါ်ပူးသည်မထင်၊ ဆုဇဝင်

မော်ကွန်း၊ စာညွှန်းလည်းမလာ၊ သင်္ဂါယံနာသုံးတန်၊ ကျမ်းဂန်လည်းမဆို၊ ဤပုဂ္ဂိုလ်၏၊ ကုသိုလ်ပြုဟန်ကား၊ အပရန္တ ထိုင်းမျာ့နှင့်ကူ၊ မြန်မာ့လူ၌၊ အဋ္ဌုတ အစွဲရှိယ၊ ဝိသိဋ္ဌဂုဏ်ထူး၊ မကြုံဖူးသေ၊ ပုံထူးစံမြတ် ဖြစ်ပေသည်။

အရိမဒ္ဒန ပုဂံသာသနာ

၅၊ ထိုနောက်သာသနာ၊ ကိန်းလာခန်းဖြောင့်၊ ၁၅၆၀ ခုနှစ်၊ သက္ကရာဇ် ၃၇၉-ခုတွင်၊ အနုရုဒ္ဓ၊ ဧဝေရာဇာ၊ နော်ရထာ မင်းမြတ်သည်၊ 'အရိမဒ္ဒန'၊ အောင်ချာပရမေ၊ ပြည်ချက်မွေ၌၊ ကေရာင်မင်းဆုံး၊ ဇမ္ဗူလုံးကို၊ သိမ်းကျု၊ ပိုင်စိုး ၅၆ဆိုင် မိုးကျက်၊ နန်းရိုးဆက်တော်မူသတည်း။

သဃန္ဓူဖျား၊ ဘုရားမြတ်စွာ၊ သုံးလူ့ချာသည်၊ အနာဂတံသ၊ ဉာဏကျော်ခေါင်၊ ဉာဏ်တော်ရောင်ဖြင့်၊ နောက်နောင်သာသနာ၊ အကြာအရှည်၊ ပုဂံပြည်၌၊ တည်အုံနိမိတ်၊ ဗျာဒိတ်မြွက်ကြား၊ ထားတော်မူခဲ့ရကား-

ရာဇာဓိရာဇာနုရုဒ္ဓ၊
ဧဝေါ စက္ကိကရာဇာဝေ၊
သိရိနန္ဒတောန္တော လုဒ္ဓေနာ၊
ဒါယာဂတ ထေရသေဋ္ဌ၊
ပုဋ္ဌော ရဟန္တနာမကံ။ ။

ဟူသော ဂါထာနှင့်အညီ၊ သီရိခေတ္တရာသို့၊ ကျမ်းစာအယူ၊ ထွက်စံတော်မူသည်တွင်၊ တောသူမူဆိုး၊ နတ်တန်ခိုးဖြင့်၊ သယ်ပိုး ဆောင်ရွက်၊ မင်းအား ဆက်သော၊ တဏှာကွယ၊ ဝိဝဋ္ဋ အရိယာ၊ ရဟန္တာ ၅၅ဝ်အရဟံ၏၊ ထွေသံ နှတ်နှက်၊ ဓမ္မစက်ကို၊ နှစ်သက်သဖွါ၊ ယုံကြည်စွာသောကြောင့်၊ သာသနာတော် ၁၆၀၁-ခုတွင်၊ သုဝဏ္ဏဘူမိမှ၊ ပိဋကတ်သုံးပုံ၊ အစုံ ၃၀-ပါ၊ ရဟန္တာ တစ်ထောင်နှင့် တက္ခ၊ ဥဇ္ဈာရာဇီဝမထေရ်ကျော်တို့ကို၊ ပင့်ခေါ်ယူဆောင်၍၊ မင်းခေါင်နော်ရထာ၊ သာသနာ သုတ်သင်၊ ထို့ခါတွင်လည်း၊ နိရဂ်ဏာ၊ ရဟန္တာထေရ်ပေါင်း၊ အသောင်းမက၊ သေကုဗလဋ္ဌာန်၊ ပုထုဇန်လူ၊ ဇမ္ဗူထက်ဝန်း၊ ပြည့်ဘန်းမျှ၊ ထိုင်းခန်းမြန်မာ၊ ထိုရောခါလည်း၊ သာသနာအလွန် ထွန်းသတည်း။

ထိုနောက် တစ်ရံ၊ ပုဂံ သာသနာ၊ ၁၇၀၀-နှစ်၊ သက္ကရာဇ် ၅၂၆၊ ကောဇာရောက်တွင်၊ ဖွင့်မြောက် ဥကင်၊ ဘီသီက် တင်သော၊ ဘုရင်ဘုန်းရှိ၊ နရပတိ စည်သူသည်၊ ပဲ့သက္ခင်းငွေယ်ရင်အရှိယာ၊ ရဟန္တာ ထေရ်ကျော်အား၊ သားတော် ငါးပါးကို၊ တရား ရေစက်၊ ရွှေလက်တော်ကြပ်၊ နှင်းအပ် ဆက်လှူသည်တွင်၊ ပဲ့သက္ခ ရှင်ကျော်၏၊ အာဘော်နိမိတ်ကို ထောက်၍၊ သားငါးယောက်ကိုယ်လေး၊ နှတ်မွေးတော်လှန်စေသော၊ ရွှေစင်ရတနာ၊ သပြာလက်ခဖြင့်၊ ဘုရားရွှေလက်ထက်၊ သရက္ခန်စစ်၊ နံ့သာနှစ်ကို၊ စံနစ်တော်ကျ၊ သိကြားမ၍၊ ကောသလမင်းခေါင်၊ လုပ်ဆောင် ကိုးကွယ်သော ရှုပ်ရှင်တော်မြတ်နှင့်၊ ညီညွတ်တမျှ၊ ပမာဏတူစွာ၊ မြေဘုံသာ၊ ကစွန်းအို၊ စာကြို၊ သိကြားတောင်၊ ချောက်ဘုရားလှ ဟူ၍၊ ငါးဆူ အထွတ်၊ ရပ်ရှင် မြတ်တို့ကို၊ ပြာသာဒ်စံကျောင်းနှင့် တကွ၊ တည်ထား ပြုစု၍၊ ဇမ္ဗူဖဲဒ၊ ရိမဒ္ဒဆက်၊ သာသနာယကာ ခံတော်မူသည်။

ထိုမင်းလက်ထက်ပင်၊ ဖိုလ်မဂ်ပြီးပိုင်၊ အဆုံးထိုင်၍၊ ခရိုင်ဝေးနီး၊ ကျွန်းကြီး ကျွန်းငယ်၊ ပင်လယ်သမုဒ္ဒရာ၊ တစ်ဖက်မှာသို့၊ ဧဝသစာမညို၊ ကြွတ်လိုက၊ အကိုယ်လျောင်းလျောင်း၊ မိကျောင်းကျားကြီး၊ ကျောက်ထက်စီး၍၊ ခရီးသွားစမှတ်ပြုသော၊ ခနုပလောင်တို့သခင်၊ ပေါင်းလောင်ရှင်ရဟန္တာ၊ မဟာကဿပ၊ ဈာန်ရဘုန်းလျှံ၊ မထေရ်ပျံသည်၊ တရံရောခါ၊ လင်္ကာဒီပ၊ သီဟဠသို့၊ ကြွတော်မူမည်ဟု၊ ကုန်သည်တို့ သတ္တော နှင့် လိုက်လေသော်၊ ရေလယ်ခကြာတွင်၊ သတ္တော တန့်နား၊ ဆိုက်၍ ထားသကဲ့သို့၊ မသွား မရွေ့နေလေလျှင်၊ အထွေခထူ အကြံနှင့်၊ စာရေးတံကောက်ယူကြရာ၊ ရဟန္တာ အရှင်ကို၊ သုံးကြိမ်ပင် စာရေးတံကျ၍၊ သတ္တောမှ ချကြကုန်သော်၊ အဟုန်ထန်ပြင်း၊ သင်္ဘောနင်းသကဲ့သို့၊ ချက်ချင်း သတ္တောထသတည်း။

ထိုအခိုက်တွင်၊ ရေ၌ ပျော်အောင်း၊ နတ်မိကျောင်းသည်၊ အရှင် ကောင်း တန် ခိုး ကြောင့်၊ ကျောက်ရိုးပလ္လင်၊ ခံယူတင်၍၊ လင်္ကာကျွန်းသောင်သို့၊ ရောက်အောင် ပို့သင့်ရသတည်း။

သီဟိုဠ်သို့ ရောက်လျင်၊ ယကွဒီပကျွန်းသို့ ကူး၍၊ ဘီလူးမျက်မမြင်တို့အား၊ ရေစင်ဆွတ်ဖျန်း၊ ပရိတ်ပန်းဖြင့်၊ ကန်းပြီးသော မျက်စိကို၊ ပကတိ မြင်စေ

ရာတွင်၊ သခွါ ကြည်နူးခြင်း ဘိလူး အပေါင်းတို့က၊ အရှင်ကောင်း ရဟန်းမြတ်အား၊ မပြတ်စေသုံးရန်၊ ရေမန့်-ငတ်ကျည်းဟူသော ဘိလူးဖယ်ညီနောင်ကို၊ လက်ဆောင် ကပ်ပို့ယ၊ ဆက်သ လျှောက်ထားလိုက် သတည်း။

သိဟိုဠ်ကျွန်းမြတ်၌၊ မွေခတ်သရီ၊ ဇေတီပုထိုး ရှိနိုးတော်ဖြည့်၍ အပြန်တွင်၊ သင္ကာနိပမာဏ၊ တူမျှ တင့်တယ်စွာ၊ မဟာစေတီပုံ၊ လေဟ ပါသာဒပုံ၊ ဓာတ်တော်မွေတော်၊ မဟာဗောဓိ ညောင်တော်စေ့ များကိုဆောင်ယူ၍၊ ဇမ္ဗူဒီပ်တည်၊ ပုဂ်ပြည်သို့၊ ပြန်လည်ချေစက် ကြွသတည်း။

ထို သာသနာတွင်၊ ဟန်လင်း မြို့တောင်လက်၊ မှက်ထိသရိုင်ရွာမှ၊ အင်္ဂါထောင့်စောင်း၊ ခိန်းကျောင်း ဆရာ၊ သုမေဓာအမည်ရသော၊ ဈာနလာဘီ၊ လင့်ဒ် သူတော်၊ မထေရ်ကျော်သည်၊ ထိုရှေ့အခါ၊ သာသနာ၌၊ ကြေညာကျော်စောလှသတည်း။

ဤသို့ နရပတိ စည်သူမင်းကြီး လက်ထက်တော် ဝယ်၊ ငစွယ်ရှင်၊ ပေါင်းလောင်ရှင်၊ ဈာန်ဝင်သုမေဓာ၊ အရိယာပုဂ္ဂိုလ်မြတ်တို့နှင့်၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိ ဝေဓ၊ ဘုရဒုးသာသနာ၊ ထိုင်းမြန်မာ၌၊ စည်ပြာလွန် ထွန်းပသတည်း။

ထိုနောက်ရထာ၊ နရပတိစည်သူ၊ မင်းနှစ်ဆူတို့၊ ဇမ္ဗူကျော်ဟိုး၊ စိုးစဉ်ကြို၊က်လည်း၊ တစ်စိုက်ပတ်ရံ၊ မြနဲနီင်ဒ်၌၊ ထုံးစံမကော၊ ယခုထိုင် ပြောလောက် အောင်၊ ဥပေါသထိကဘတ်၊ လူနတ်မြောက်ချီး၊ ဆွမ်းတော်ကြီးဟု၊ အသီးအခြား၊ မကြားမကြုံခဲ့ ဖူးချေ။

ထို့နောက်၊ ဇေယျသီခ်မင်းကစ၍၊ ပုဏ္ဏဂါမ်၊ ပုဂ်ပြည်ထဲ၊ မင်းပွဲသာသနာ၊ အဝါမတိတ်၊ ထိတ်ခဲ့ပြီးသော်၊ ထီးနန်းခြားပိုင်း၊ မြင်စိုင်းတစ်ပြာ၊မက္ခရာ တစ်သွင်၊ ပင်လယ်စစ်ကိုင်းသမိုင်းယခေါင်၊ လေးပြည် ထောင်တို၌်လည်း၊ ရိပ်ရောင်အမြွက်၊ မထွက်ပေါ်ခဲ့ ဖူးချေ။

အဝမြည်သာသနာ

၆၊ ထိုနောက်ကာလ၊ ၇၁၆-ခု၊ လူသွေဝါဟာ၊ နှစ်ကောဇာတွင်၊ အာဒိစ္စဝင်၊ နွယ် စင် နေ မျိုး၊ တကောင်းစိုးသော၊ သတိုးမင်းဖျား၊ မင်းတရားသည်၊ နဂါးကေသရာ၊ ရတနာပြောင်ဖြူ၊ ဂန်ဆူအရဟန်၊ သုပဏ္ဏဌက်၊ ခက်လက်ညွှန်ရှင်၊ လက်ပဲပင်ဟု၊ အပြင် အိပ်မက်၊နတ်ဆက်နိမိတ်၊ ထိတ်နှင့်လျော်စွာ၊သီဝါ ယုက်ဆုံ၊ သန်လျက်ခဲ့ထက်၊ ရွှေဘုံပဝရ၊ တည်ထောင် စသော၊အဝပြည်ကြီး၌၊ ထီးရိုးနန်းရိုး၊သတိုးခုနစ်ပါး၊ ခြားခဲ့လစ်၍၊ သက္ကရာဇ်၇၉၁-ခုတွင်၊ ဇမ္ဗူသနင်း၊ မိုးညင်းမင်းတရားသည်၊ ဆယ်ပါးရာဇဓံ၊ မြဲမြံ စေ့ငံ့ဆောင်၊ ရွှေတောင်နန်းငွေ၊ မြန်းဆဲအခါ လက်ဝဲပက္ခနိုင်းမှ၊ရှင်သိရိသဒ္ဓမ္မာလင်္ကာရ၊ ရှင်သိရိ၊ သီဟဠမဟာသာမိ ဟူသော ရဟန်းတော် နှစ်ပါးတို့ သည်၊ ဘုရားရှင်ဓာတ်၊မွေတော်မြတ်ငါးဆူကို ပင့်ယူ ခဲ့ကြ၍၊အဝဆွမြို့တော်သို့ ရောက်လျှင်၊ ထို ရောက် သနေ့၊ကျိမြေ့အလုံး၊ပတ်ကုံးစကြဝဠာ၊ ဆင်ကုန်းခါ သကဲ့သို့၊သည်းစွာပဲ့တင်၊ငလျင်လှုပ်လေဘိသတည်း။

ထိုနိမိတ်ကို မြင်လျှင်၊ ရွှေနန်းရှင် မင်းတရားကြီး လည်း၊ကြက်သီးစိမ့်ချမ်း၊ အားရမ်းသစွာ၊ ကြည်ညို စွာဖြင့်၊ ''ငါ၏ ဘုန်းပါရမီကြောင့်၊ သရီရ ဓာတ်တော်ကို၊ နတ်ဆော် ရှေ့ရည်၍၊ ငါပြည်သို့ ကြွရောက်မလှာသည်၊ သာသန ဒါယကာ၊ ငါ ကေရာင်၊ စင်စစ် မှန်လှပေတော့သည်၊ ငါပြည်ထိုင်း နက်၊ ငါလက်ထက်၌၊ ဓမ္မစက်သာသနာ၊ လွန်စွာ ပျံ့နှံ့၊ ထွန်းတော့အံ့တကား''ဟု၊ မင်းတရားကြီး ကဲ့ယ်ထိုင်တော်၊ အာဘော်အောင်ဟိတ်၊ နိမိတ်ဖတ် ဆိုတော်မူပြီးလျှင်၊ ထိုဓာတ်တော်ငါးဆူကို၊ စစ်ထိုင်း မြို့ကြီးအနောက်မျက်နှာ၊ သာယာသော မြေအပြင် တွင်၊ ဆင်မျှားရှင်ဘုရားဟု၊တည်ထားပြီးခါ၊ ဌာပနာ သွင်းနှံ၍၊ နီင်ပြည်သူ၊ နတ်လူ ကိုးကွယ်ကြရသည်၊ ၎င်းဓာတ်တော်ငါးဆူကို၊ဆောင်ယူခဲ့သည့်ပုဂ္ဂိုလ်၊ သိဟိုဠ်ရောက်ကြီး၊သိဟိုဠ်ရောက်ငယ်၊အနွယ်သီလဝန် ထေရ်မှနှစ်ပါးတို့အား၊လည်း၊ ကြီးမားကျယ်ဝင်း၊ ပြတင်းခုနစ်ဆယ်၊ အုံဖွယ်စတေ၊ ကျက်သရေသုံးထိုက် ရှိသော ဥမင်ရွှေကျောင်းကို၊ကောင်းမွန်စွာဆောက် လှူ၍၊ ကြည်ပြုလေးမြတ်၊ မပြတ် ကိုးကွယ်တော် မူသတည်း။

ထိုမိုးညင်းမင်းတရား၊ မင်းခေါင် ဖျား သည်း ကိုယ်စား၊တော်မြတ်၊ မွေခတ်ရတနာ၊ မဟာထေရ် ကျော်၊ ရှင်သူတော်တို့ကို၊ ပူဇော်ချီးမလျက်၊ သာသန ဒါယကာ၊ ခံစဉ်ခါ၌၊ သာသနာတစ်တန်၊ ပွင့်လင်း

သည် မှန်သော်လည်း၊ နိဗ္ဗာန်မြတေ၊ ဆွတ်ခွေလက်နီး၊ ဆွမ်းတော်ကြီး ကုသိုလ်ဟု၊ ထိုမင်းခေတ်လည်း၊ မပြစ်ခဲ့ဖူးသည်သာတည်း။

ဤသို့လျှင်၊ သာကီဝင်မျိုး၊ သထိုးမင်းဖျား၊ မင်းတရားမှစ၍၊ လောက သရပူ စေတီတော်ဝါယကာ၊ ဟံသာဝတီရောက် မင်းတရားကြီးတိုင်၊ ရွှန်ဆိုင်ဖြန့်မိုး၊ မင်းရိုး သုံးဆယ့်နှစ်၊ သက္ကရာဇ် ၁၀၁၃-ခု ရောက်သည်တွင်၊ အောက်ရာမည်ထိုင်းက၊ တလိုင်းတို့ ဖျက်ဆီး၍၊ ပြည်ကြီးဧွေဝ၊ ကြွေမွဖျက်ပြုန်း၊ ဆုံးသည်ထိုင်အောင်၊ ယခေါင်ရှည်ကြာ၊ ရတနာပူရ၊ ရွှေဝတွန်းပေါ်၊ ထိုသရော်၌၊ ဆွမ်းတော်ကြီးဝတ်၊ နိဗ္ဗာတ်ကို၊ ထုပွတ်ထင်ရှား၊ သို့တကားဟု၊ မကြားမမြင်ခဲ့ရချေ။

အမရပူရ သာသနာ

၇၊ ထိုနောက်အခါ၊ ပေါက္ကာရာမ၊ ရိမ္ဗဠ်၌၊ ဖောင်စကြာ၌ဌင်၊ ကွန်းခွင်ဇမ္ဗူ၊ လည်တော်မူသော်၊ စည်သူမင်းကောင်း၊ အလောင်းစောထွတ်၊ နေမျိုး နတ်မှ၊ မပြတ်သန့်စင်၊ မဟာဝင်သာကီယ၊ ကပိလ ဂိုဏ်း၊ နွယ်ခဲ့ထိုင်းဖြင့်၊ သမိုင်းညီလျော်၊ ဘဝဂ် ကျော်သော၊ ဘေးတော် အလောင်း မင်းတရားကြီး သည်၊ မီးသံဝဠ္ဍ၊ ကမ္ဘာ့အလား၊ ချောက်ချားပူပန်၊ တလိုင်းရန်ကို၊ ဉာဏ်သမ္ဘာရှိန်၊ ဝရဇိန်လျှံပြောင်၊ လက်ရုံးရောင်ဖြင့်၊ ငြိမ်းအောင်ဖျန်းဆွတ်၊ သတ်လတ်ပြီးသော်၊ ပြည်ကြီးအောင်ချာ၊ ရတနာသိမ်၊ ဌာန ကုန်းဘောင်၊ နန်းသစ်ထောင်၍၊ တောင်ဇမ္ဗူဠိုပ်၊ မဏ္ဍလိပ်ကို၊ ဘုန်းရိပ်လွှမ်းတော်မူသတည်း။

ထိုကုန်းဘောင်တည်ရင်း၊ အလောင်းမင်းမှ၊ သက် ဆင်းပြန်ပွား၊ အစဉ်အားဖြင့်၊ သားတော်မြေးမြစ်၊ ကေရာဇ်နှင်နှင်၊ မဟာဝင်ပီပီ၊ ဤဝိဝင္ဆာ၊ ကမ္ဘာပတ်လုံး၊ မဆုံးမချဲ့၊ ထီးမင်းမကွယ်၊ ကုန်းဘောင်နွယ်ဟု၊ ကြီးကျယ်ခိုင်ကြံ့၊ ထွန်းအုံခိုမိတ်၊ ဗျာဒိတ်ဆတ်ဆတ်၊ သိုက်ခတ်မော်ကွန်း၊ ထွန်းသည်အလျောက်၊ ခြောက်ဆက် မြောက်၌၊ တစ်လျှောက်သပြေ၊ ရန်မွေနှိပ်နင်း၊ အလောင်းမင်း၏၊ သားရင်းတော်စစ်၊ လူသင်းကျစ်သည်၊ သက္ကရာဇ် ၁၀၄၄-ခု၌၊ စတုဝိဂို၊ ဘူမိပြဋ္ဌာန်း၊ မြေကြွင်ခန်းထက်၊ ထီးနန်းပလ္လင်၊ ဥကင် ဥဿဒ၊ တည်ထောင်ကြ၍၊ အမရပူရ၊ ပြည်မဖို့မာန်၊ ရာဇဌာန်ဟု၊ တစ်ဖန်အသစ်၊ နန်း မြစ် စိုက် တော် မူသတည်း။

ထို အမရပူရ၊ ဌာနဖို့မာန်၊ ရွှေဘုန်း ပန်သော၊ နိဗ္ဗာန်ပစ္ဆယ၊ ဆွဖွဲ့ခွာရာဇာ၊ ကေလာဠေဒေါင်၊ စွယ် ရောင်ခြောက်ဖွဲ့၊ ကြွားကြွားဝဲ့သော၊ ဆင်မင်းသခင်၊ မာတင်ဥပေါသထာ၊ ရွှေဘီဝင်၊ သွင်သွင်မုန်ရွာ၊ ရန် ညှင်နွားသော၊ အထူးထူး အပြားပြား၊ တစ်ပါးမက၊ ဆင်ဖြူမျှဘုံသခင်၊ ဘ ဝ ရှင် မင်းတရားကြီး၏ မြေး တော်၊ ရာဇနာပူရ၊ စတုဇ္ဇ နန်းစံ၊ အသင်္ဘိနံဇာတ၊ နတ်သမုဗျား၊ မင်းတရားကြီး၏ ညီတော်ရင်းစစ်၊ ဖြစ် တော်မူသော၊ ဒုဒ္ဒကိုရ်၊ ပဝရသိရိ၊ သမ္မောဓိလျာ၊ ဝဇီရာရုန်ဖြို၊ ဗာဟုဒ္ဒိုလ်ဖြင့်၊ လို့ပြီးမြောက်၊ နှိုက် ဆောက် တည်ထောင်၊ မုနောဆောင်သော၊ အမရပူရ၊ ဝိဇယ ဇေတ္တာ၊ မြေခုံဇကိုင့်၊ ဘိုးတော်ရိုက်ကို၊ ရန်မိုက် ပယ်ဖျောက်၊ နှစ်ကြိမ်မြောက်ဖြင့်၊ နှိုက်ဆောက် တည်ထောင်၊ မုနောဆောင်သော၊ မင်းခေါင် မင်း ဖျား၊ မင်းတရားသည်၊ သက္ကရာဇ်- ၁၁၉၉- ခု၊ ရတုနွေဦး၊ တန်ဒူးသဘင်၊ ယင်လုနီးတွင်၊ မြေကြီး မျက်နှာ၊ စက္ကဝါထိုက်လုံး၊ ပတ်ကုံးလူနတ်၊ ရွှေသ ညွတ်၍၊ အထွတ်ထိုင်တော်မူသတည်း။

အထွက်ဥက္ကဋ္ဌ၊ ထိုင်ထု လတ်သော်၊ ပြာသာဒ် ဖာဥ်သာ၊ ဖောင်စကြာဖြင့်၊ ဥက္ကလာပ၊ ရာမည်နယ်၊ ပင်လယ်ပတ်ဝန်း၊ အကျန်းကျန်းကို၊ ဘုန်းပန်း ကျက်သရေ၊ တန်းခိုးမွေလျက်၊ သပြေ လှည့်တော် မူသတည်း။

ထိုသို့ဘဉ်တွင်၊ စိမ်းချဉ်ဝါသနာ၊ မိန္ဒာပက္ခ၊ အိန္ဒိယထိုင်းအလုံး၊ ပိန်ချွန်းညိုးခြောက်၊ ထိပ်သွေး ဖောက် ၍၊ သောက်အုံအသွင်၊ ထင်ဘိရကား၊ ထူးခြားမြတ်စွာ၊ ဆက်ပဏ္ဏာဖြင့်၊ သစ္စာခံယူရ သတည်း။

ထိုကုန်းဘောင်ဝံသ၊ အဋ္ဌမနန်းရိုး၊ နိုးဦးအခါ၊ သာသနာတော် ၂၃၁၁-ခု၊ ကောဇာသက္ကရာဇ် ၁၁၉၉-ခုနှစ်၊ ခေတ်မင်္ဂလာ၊ မဟာသမယ၊ ကာလ မွန်မြတ်၊ ရောက်လတ်တုံ့သော်မူတကား၊ ဗာဟိရ သာသနာ၊ ကမ္ဘာသိန်းသောင်း၊ ကပ်ပေါင်း အဆင့်ဆင့်၊ ဘယ်မင့်းအနှိက်၊ ပရိဗိုဇ်မနွေ၊ ဘယ် ရသေ့ကာလ၊ အညဝါဒီ၊ လောကီအလို၊ ဂိုဏ်း ပုဂ္ဂိုလ်မျှဆို၊ မဆိုထားဘိ၊ ခီဏာသဝ၊ ပစ္စေက ဗုဒ္ဓါ၊ လောကုတ္တရာ အထွတ်၊ အရှင်မြတ်တို့၊

အရဟတ္တဇော၊ သာဝကတိဉာန်၊ မိုးစွန့်လွှားဝင့်၊ အသရော်ပွင့်သော်လည်း၊ ပွင့်ဆန်းမျှသာ၊ ထိုရဟန္တာ၊ ထိုဆရာတို့၏၊ သာသနာခေတ္တာ၊ ထိုကာလတို့၌၊ ဝိနယသိက္ခာပုဒ်ကို၊ အဟုတ်သိမြင်၍၊ အကြင်အကြင်၊ ထင်ရာထင်ရာ၊ ဝတ္ထာနုရူပက်နှင့် အညီ၊ ဤကားအာပတ္တိဝါ၊ ဤကား အနာပတ္တိဝါ၊ သိက္ခာပဒ ပညာပန၊ ဝိနယခမ္မကသည်၊ တစ်ရံတစ်ချက်၊ ဘယ်လက်ထက်မျှ၊ ညက်ညက်မပေါ်ပူးပလေ၊

ပထမဆွမ်းတော်ကြီးကုသိုလ်

၈၊ -လေးသခြို၊ ဆယ့်ခြောက်သခြို၊ တွက်ရေကပ်ညီ၊ တစ်သိန်းစီဖြင့်၊ ပ ါရမီလွန်ကျူး၊ သူ့ထက်ထူး၍၊ ဆည်းပူးမှသာ၊ ပိုင်သရာသော၊ အနာဝရဏ၊ သတ္တဉာတ၊ အထူလရွှေဘုံဇာရှင်၊ သုံးခွင်ထွတ်ထား၊ ဘုရားစင်စစ်၊ ဖြစ်ခါ၌သာ၊ သိက္ခာပဒ ပညာပန၊ ဝိနယတရား၊ ထင်ရှားပေါ်ထွန်း၍၊ သုံးခန်းဘုံသူ၊ နတ်နှင့်လူတို့၊ နိဗ္ဗာထုတ်ချောက်၊ ပေါက်ကြားကုန်သကဲ့သို့၊ ထို့အတူ၊ မူလအာဒိ၊ သိရီခေတ္တရုံ၊ ပုဂ္ဂ-မြင်စိုင်း၊ စစ်ကိုင်းပန်းယ၊ အဝကုန်းတောင်၊ ပြည်ထောင်အသီးသီး၊ ထီးမင်းအဆက်ဆက်၊ ကွယ်ပျောက်ထိမ်မြုပ်း၊ မပေါ်ပူးမဖြစ်တောင်း၊ နတ်ကြောင်းခရီး၊ ဆွမ်းတော်ကြီးကုသိုလ်သည်၊ အဟိုရှေးစပ်၊ ကမ္ဘာကပ်က၊ သတ္တဉာဘုရား တို့ထံ၊ ခံအပ်သော ဗျာဒိတ်မင်္ဂလာ၊ သမ္ဘာရင်းခိုး၊ ကြီးတော်မူလှသော၊ ကုန်းဘောင်သမယ၊ ခတ္တိယဂိုဏ်းပေါက်၊ ရွှစ်ဆယ်မြောက် ဖြစ်တော်မူသော၊ မင်းတရားကြီးရွှေလက်ထက်တော်၌သာ၊ မင်းဆက်တက်၊ မရာမထိုက်၊ မကြိုက်စဖူး၊ ရွှေဘုန်းတော်ထူးသောကြောင့်၊ ကျေးဇူးခိုင်ဖြိုး၊ ဆွမ်းတော်ကြီးကုသိုလ်သဟု၊ ဇလိုလိုဖြစ်ပေါ်၍၊ နေပြည်တော်ပတ်ရံ၊ နိုင်ငံတော်ဝန်းကျင်၊ လူရွင်သတ္တဝါ၊ သည်တစ်ခါတွင်မှမင်္ဂလာတစ်ခု၊ ဆွမ်းတော်ကြီးဝတ္ထုကို၊ ဂရုကတ၊ မြင် ဖူး ရ ပေ သည်၊ အစွေ့ရံဝတ၊ အဝိဋ္ဌဝုဋ္ဌာ၊ ဝိဋ္ဌာမသေး၊ ကောင်းချီးပေး၍၊ ဟစ်ကြွေးသောသြဘာသံသည်၊ မိုးယံအထက်၊ ဘဝဂ်ထိဆိုက်၊ ထိုကဲ့သောကဓာတ်၊ ပဲ့တင်ခတ်မျှ၊ ဆတ်ဆတ်ဖိမ့်ဖိမ့်ထုန်သတည်း၊

ဤသို့လျှင်၊ ဒီဃမဒွါန်၊ ရှေးလက်မွန်၌၊ တစ်ဖန်တဆစ်၊ မပြစ်ဖူးဘဲ၊ ထွန်ကဲကျူးကျော်၊ ခုမှပေါ်သော၊ ဆွမ်းတော်ကြီးဝတ္ထု၊ ဤသို့ပြုစုပျိုးထောင်ဖြစ်မြောက်အောင် ကြိုးကုတ်၍၊ အား ထုတ်ရင်းပုဂ္ဂိုလ်ကား၊ "ဦးစို" ဟူသော ငယ်မည်ဖြင့် ရွှေပြည်တော် လေးရပ်၌၊ နှံ့စပ်ကျော်စောသတည်း၊

ဦးစိုဟူသည်၊ ရှင်လူကြည်ညို၊ ဤပုဂ္ဂိုလ်ကား၊ အဟိုကမ္ဘာ၊ သံသရာက၊ ပညာရှိသူတော်မြတ်၊ ဗောဓိသတ်တို့အထံ၌၊ ထုံးစံနည်းယူ၊ အထူပေါင်းဖော်လျက်၊ သူတော်တို့ အလေ့အလာကို၊ ဝါသနာညွတ်နူး၊ ထုံခဲ့ဖူးသည်အတိုင်း၊ မျက်မှောက်ခန္ဓာ၊ ယခုခါ၌လည်း-

သဗ္ဗါခဲ့ သိလခဲ့၊
ဟိရိညတ္ထပ္ပိယ် ခဲ့၊
သုတခဲ့နဉ္စ စာဂေါစ၊
ပညာ ဝေ သတ္တမံ ခဲ့၊ ။
ယဿ ဧတေ ခဲ့နာ အတ္ထိ၊
ဣတ္ထိယာ ပုရိသဿ ဝါ၊
အဒေ လဒ္ဓါတိ တံ အာဟု၊
အမောဃာ တဿ ဇီဝိကာ၊ ။

ဟု လာသည်နှင့်လျော်စွာ၊ ရတနာခုနစ်ပါး၊ တရားလက်ရှိ၊ သုဇီဝိကျေးဇူးနှင့် အထူးပြည့်စုံသည်၊

လူ့ဘုံဘဝ၊ ဤလောကဌာနေဒေဝတာစဖန်၊ အဖွယ်လွန်မှု၊ ပူပန်ကြီးစွာ၊ စိုးရိမ်ရာသော၊ ပစ္စာနုတပ္ပန်၊ နောင်တတရား၊ အမှားဆယ်ချက်၊ ကျေးဇူးပျက်လည်း၊ သက်သက်ကိုယ်မှ ကင်းကွာသည်၊

ရတနာသုံးပါး၊ ညွတ်တွားဂရု၊ အလေးပြုလျက်၊ ဥပါသကအဖြစ်ကိုလည်း၊ စင်စစ်ဝန်ခံသည်၊

"ပဋိဟိ ဘိက္ခဝေ မေမှိ သမန္နာဂတော ဥပါသကော ဥပသက ရတနတ္တယ ဟောတိ" အစရှိသည်ဖြင့် ဟောတော်မူအပ်သော ဥပါသက လက္ခဏာ၊ အင်ငါးပြာနှင့်လည်း ညီညာပြည့်စုံသည်၊

"ဧဝိမာ ဘိက္ခဝေ ဝါဏိဇာ ဥပါသကေန ဆကရဏီယာ" အစရှိသည်ဖြင့် ဟောတော်မူအပ်သော ဥပါသက မတရား၊ ဝန်းစဉ်းစားတို့၏၊ မှားသော အသက်မွေးခြင်း မှ ရှောင်ကြဉ် ၍၊ ယဉ် ကျေးဖွယ်ရာ၊ ဧင်ကြယ်စွာသော၊ သမ္မာအာဇီဝနှင့်လည်း ပြည့်စုံသည်၊

ဤသို့ သူတော် ကောင်း လက္ခဏာ၊ အင်္ဂါ မယွင်း၊ အတွင်းအပ၊ ညီ ညွတ် လှ သော၊ သဒ္ဓန

ပုဂ္ဂိုလ်၊ ဦးနို မည်တွင်၊ သူ တော် စင် သည်၊ အင်္ဂ-မာဂဓ၊ ထိုင်းချက်မင်္ဂ်၊ မစလရွာသား၊ ဘုရားလောင်း မာဃလူလင်သည်၊ ရွာတွင်ရွာသား၊ လူ အများကို၊ တရားပြ၍ ဆုံးမနားသွင်း၊ သင်းပင်း ရုံးစုလျက်၊ ဆယ်ခုသောကုသိုလ် ကမ္မဝထ၌၊ လုံ့လ ရွက်ဆောင်၍၊ မိုးခေါင် ထက်ဖျား၊ သီ ကြား ဖြစ် ဖူး သော အတိတ်ဝတ္ထု၊ ဃခုပစ္စုပ္ပန်၊ သက္ကာန်တော်ထင်ရှား၊ ဘုရားရှိစဉ်၊ သာဝတ္ထိပုရ၊ ပြည်ဌာနဝယ်၊ ဓမ္မိက အမည်ရှိသော သီတင်းသည် တစ်ယောက်၌၊ သွေး သောက် အကြည်၊ သီတင်းသည် ဥပါသကာ၊ ငါးရာ အရံ ရှိသတည်း။

ထိုသွေးသောက်တို့ တွင်၊ တစ်ယောက်တစ်ယောက်၌၊ ဂိုဏ်းထောက် လက်သား၊ ငါး ရာစီ နှင်နှင်၊ ဝန်းကျင် ရံပတ်၊ ပရိသတ် အကြိန်း၊ နှစ်သိန်းငါးသောင်း၊ သီတင်းသည်အပေါင်းတို့၏၊ ဦးခေါင်းဦးစီး၊ အကြီး အချုပ် ဖြစ်သတည်း။

ထိုသီတင်းဦး၊ အမှူးပါမောက္ခ၊ ဓမ္မိက သူတော်၊ သည်၊ အဖော်သဟဉ်း၊ ပေါင်းစည်းစုဝေး၊ ဖြေ ဖြေ ညှင်းညှင်း၊ နားသွင်း ဟောပြော၍၊ ဥပေါ သထိန၊ သလာဂပတို့၊ အစရှိသော၊ နိ ဗ္ဗ ဝတ် တို့ ကို၊ မချတ်ကြည်ပြု၊ ပေးလှူသည့်ကုသိုလ်က် စေတနုကြောင့်၊ သေခါနီးကာလ၌၊ ဆကာမာ ဝစရ၊ ဇ ဝ ဝီ မာန်၊ တဲ့ ခြောက် တန်မှ၊ ဝေ ဇ ယန် ရထား။ ယာဉ်ခြောက်ပါး တို့သည်၊ ပျံ လွှား ဆိုက် ရောက်လာ၍၊ ငါတင်လို့-သူတင်လို့၊ လုဆို့စဉ် အခါ၊ ထုသီတာ ယာဉ်ပျံတွင်၊ စံလိုသည်နှလုံးဖြင့်၊ ပန်းကုံး မှတ်သား၍၊ နတ်ရထားစီးကာ၊ တုသိတာနတ်ပြည် သို့ ရောက်လေသောထုံးပုံ၊ ဤသက်သေ အလုံးစုံကို အာရုဗ္ဓကထာ၊ သတော ကျသော ကြောင့်၊ ၁၁၉၉-ခု၊ ကဆုန်လဆန်း ၁၅ရက်နေ့၊ သုနက္ခတ္တ၊ သုမင်္ဂလ၊ မြတ်လှသော အခါတွင်၊ သမ္မာ သင်္ဘ်၊ ကိုယ်ကြွမ်းဆက်ဆံ၊ လှလှကြိမ်၍၊ က ဆောင် ရွက်ပေ၏၊ သူတော် သူကောင်း၊ အပေါင်း အသင်း ကို ရွာဖွေလျှင်၊ မစ္ဆေရ မိုလ်ချုပ်၊ ကွပ်ကဲ အုပ်သော၊ စိတ္တပုတ္တဝိအကုသလ၊ ယမမင်းရဲမက်တို့ ထိုး၊ အသက် ဦးလည်၊ မဖည်မသုန်၊ တစ်ဟုန်တည်းချင်း၊ နှိပ်နင်း ထိုးသတ်၊ ထိုက်ဖြတ်နိုင်သော သင္ဘ၊ ပညာ၊ လွှား-ကာ-လေး-လှ၊ နိယ်ကိုင်ခွဲ၊ စစ် ခြေ မြဲ လှ သော-သူရဲကြီး ငါးကျိပ်ကျော်တို့ ကို၊ ရဲဘော်ဖွဲ့စည်း၍၊ တစ်သန်တည်းစုရုံးမိသတည်း။

ထိုငါးကျိပ်ကျော်၊ သူရဲဘော်တို့ ကို၊ ရွှေ မြို့တော် ဝန်းကျင်၊ လေးပြင်လေးရပ်၊ နှံ့စပ်မလွတ်၊ စစ်လှည်း လွှတ်၍၊ ညွှတ်ပြီးသော သတ္တဝါတို့က၊ သဒ္ဓါတရား၊ ပွားထက်ပွားအောင်၊ မညှဉ်တံ့သောသူ၊ ယမမင်း လူတို့ ကို၊ ကြည်ပြုရွှင်လန်းအောင်၊ ဘုံ ခန်းနှင့်ဆွဲတန်ဆွဲ၊ ငရဲခန်းနှင့် ချောက်တန် ချောက်၊ မြောက်တန် မြောက်၊ နှိပ်တန်နှိပ်၊ လူရိပ်ချင့်၍၊ အလိုက်သင့်လုပ်ကြံ စေရာတွင်၊ ဉာဿာမဇ္ဈေရ၊ လောဘစစ်မက်၊ ပြုန်းပြုန်း ပျက်၍၊ လက်ရယူသိမ်း၊ ပြီးငြိမ်းအောင်မြင်လျှင်၊ အင်္ဂါငါးပါး၊ တရားအမြိုက်၊ သစ္စာရေ ထိုက်ပြီး မှ၊ ထိုက်ရာထိုက်ရာ၊ ဆက်သလာသော၊ ပဏ္ဏာလက်ဆောင် မြားမြောင်ပရိသတ်ဘာဂ၊ ဒါတဒ္ဓဝတ္ထု၊ အစုစုအခန်း ခန်းကို၊ ချွေနန်းတော် ဝေဇယန်မှ၊ သေနန်း၀ါ၊ ချွေကွန်ချာဘုရားရှင်၊ ရင်ပြင်တော်မြတ်၊ ပြသာဒီ အတွင်း၊ ခင်းကျင်းစီပြန်၊ ကောင်းစွာသန့်၍၊ နီဋ္ဌာန် အဖို့၊ ကူးတို့သည်ကြီး၊ မဆီးအရိယာ၊ သမ်ာတော် တစ်ကျိပ်တို့အား၊ အထိပ်အထွတ်၊ ဘုရားမြတ်ကို၊ တမွတ်ကေထု၊ အမူးပြု၍၊ဥပေါသထိကဘတ်၊ မချတ် မယွင်း၊ သီတင်းထိုင်းအမှန်၊ ရက်မကျန်အောင်၊ နီဋ္ဌာန် ရည်မှန်း၊ လွှဒါန်းကုသိုလ် ပြုသတည်း။

ဤသို့လျှင်၊ ဤဆွမ်းတော်ကြီး ကုသိုလ်ကို၊ ဦးနို ဟူသော အမျိုးကောင်းသား၊ တရားယုံကြည်၊ ခေါင်းတည်ဆောင်နိုး၊ ရွေးချိုးဥပဒေသ၊ နေရာချ သောကြောင့်၊ ပထမအာဒိကမ္မိက၊ အစဉ်းစွန်း ဖြစ်ထွန်းထင်ရှား၊ပေသတည်း။

ဒုတိယဆွမ်းတော်ကြီးကုသိုလ်

၉၊ ထိုဆွမ်းတော်ကြီးသည်၊ ထီးနှစ်ဆက်မြောက် မပျောက်မထိမ်၊ ငြိမ်ခဲ့လစ်မှ၊ သက္ကရာဇ် ၁၂၁၄ခု၊ ဖဂ္ဂုဏပုဏ္ဏမာ၊ ရောက်လတ်ခါသော်၊ ရတနာသိသိ၊ ပထမရိပ်ငြိမ်၊ နှင်းရွှေအိမ်မှ၊ ဆယ်ကြိမ်မြောက် ဖြစ်တော်မူသော အဝိစ္စဝန်၊ ရင့်သန်သန္ဓာ၊ အသာ ခာရုက်၊ ရာဇရုက်အစုဖြင့်၊ မြေထုရေထု၊ ဓမရု နှိုင်းချင့်၊ မခိုင်းသင့်သော၊ မင်းမင့်ထွတ်ဖျား၊ စောတရားသည်၊ လေးပါးကျွန်းသူ၊ ရှင်လူသတ္တဝါ၊ ကာမရှပိ၊ လောကီဇန္ဓာ၊ ဗိုလ်အထုတို့က၊ ယခု အခါ၊ကမ္ဘာဘုန်းရိပ်၊ ဝွင့်ချိန်ရာသီ၊တန်ပြိုတုရားဟု၊ မြွက် ကြား နှိုး မြောက်၊ မင့် လှောက် နှိ ဆော်၊

ခေါ်တုံ့ရကား၊ ဘုရားသမ္မည၊ ပွင့်ဆုတောင်းမှတ်၊ ဗောဓိသတ်တို့သည်၊ လောကတွင်စရိယကို၊ ဖြည့်ကြစမြဲဖြစ်၍၊ ပစ္စက္ခသံသရာ၊ နှစ်ပြာဒုက္ခ၊ ရောက်ကုန်ကြသော၊ ဝဝနေယျအမျာကို၊ သနားပိုက်သိမ်း၊ ငြိမ်းစေခြင်းငှာ၊ မဟာအမရ၊ ပူရအောင်ခန်း၊ မြေကြွန်းထက်၊ ရွှေနန်းစိုးတော်မူသတည်း။

လေးကွန်း ဦးကိုင်၊ ပြည်မကျိုင်ကို၊ ပိုင်တုံ့ပြိုသော်၊ ရွေးတီးကာလ၊ ခမည်းတော်ဘုရား၊ နောင်တော် မင်းတရားနှစ်ပါး၊ တိုင်းကားဇမ္ဗူ၊ယူစဉ်အခါ၊ မင်္ဂလာရွှေဆီမံ၊ စည်းစိမ်နှတ်ထံ၊ စံဆဲဆဲတွင်း၊ ဖြစ်ခဲစွာသော ဤဆွမ်းတော်ကြီးဝတ္ထုကို၊ ယခုပြီကား၊ ရှိနှင့်စေကာ၊ ငါတည်းအထွတ်၊ တိုင်တုံလတ်မူ၊ ထူးမြတ်ကြီးကျယ်စွာ၊ ပုဇော်မာနန၊ သက္ကာရအပေါင်းဖြင့်၊ ထပ်လောင်းချီးပင့်၍၊ အတင့်အတယ်၊ အံ့ဖွယ်ဝိသေသ၊ သာသနာ့ဝီးပွား ဖြစ်ပစိမ့်မည်၊ ရည်ရွယ်အစိဠာန်၊ သန့်ခဲ့ပူးသော ရွှေနှလုံးတော်သွင်း၊ အရင်းရှိသည်နှင့်အညီ၊ ဇမ္ဗူဒီဘောဂ်၊ ဥသျှောင်မကုင်္ခ၊ အမရမြေချက်၊ ဘူမိနက်ကို၊ ရွှေစက်ဝင်းဝင်း၊ နင်းတော်မူမီလျှင်၊ သတိမမူ၊ ဝိစယသံဒေဂျင်၊ သိထင်-မြင်မြော်၍၊ ဆွမ်းတော်ကြီးသား၊ ငါးကျိပ်ကျော်သိတင်းသည်တို့ကို၊ ခေါင်းတည်ဦးစီး၊ ဆရာကြီး ဦးစိန့်နှင့်တကွ၊ စေ့ဌလောက်လုံအောင်၊ ကောင်္ခမူရ၊ ခေါမထိုင်းဖြစ်၊ ဦးရစ်မွှန်နိုး၊ ပုဆိုးဖျင်လက်၊ တစ်ဖက်စုလျား၊ စပါးဆန်ရေ၊ ချွေငွေပေးကမ်း၊ ဖုံးလွှမ်းသနားတော် မူသတည်း။

ဆွမ်းတော်ကြီး၏ အသုံးအဆောင်၊ ခေါင်းပေါင်ကျပ်ကြုတ်၊ ကလပ်အုပ်တို့ကိုလည်း၊ မယုတ်မနွမ်းစေရ၊ နိကွေ့သား၊ မျက်ပါးဝိန်းမံ၊ ဖန်ခံမှန်စီ၊ ကျောက်နီ ပတ္တမြား၊ အဖျားစိန်ထွတ်၊ နဝရတ်ကိုးသွယ်၊ ခြယ်လှယ် ယှက်သန်း၍၊ အဆန်းအပြား ပြုစေသည်။

အုပ်ခက်တန်းဆာ၊ ကွန်ချာတမုတ်ကြိုး၊ ထမ်းပိုးမကွန်း၊ ဆောင်ရွက်ရန်ထို့ကိုလည်း၊ ကောင်းမွန်ထွတ်မြတ်၊ သက္ကလပ်ဖဲ့ဇာ၊ ကတ္တီပါအိတ်၊ အမြိတ်ဖားဖာ၊ ပန်းပွားကန်တော့၊ ငွေပေ့ရွဲလုံး၊ ရစ်ကုံးဖွဲ့ချည်၊ သိုင်းရှေ့တည်၍၊ လှည်လည်နွားဆောင်စေရသည်။

ယင်းသို့ ဘဝရှင် မင်းတရား၊ ရွေးချယ်လက်ဦး၊ အထူးသဖြင့်၊ ချီး မြှင့် တော် မူ ရာ တွင်၊ နှန်းညာပလွှဲင်၊ ကမ္ဘာရှင်နှင့်တကွ၊ ဘဝဦးကိုင်၊ ဗိုင်အံ့ပြကတော့၊ မှန်မရွေ့သော၊ အိမ်ရှေ့ဘုရား၊ မင်းသားမင်းညီ၊ သာကီနွယ်ရိုး၊ မင်းမျိုးမင်းဆွေ၊ သေနာပတိ၊ ရာဇ်မှူးမတ်၊ ပရိသတ်မင်းပေါင်း၊ သောင်းသောင်းပြောထူ၊ ရွှေပြည်သူ တို့လည်း၊ ကြည်ဖြူရွှင်ပျ၊ သဒ္ဓါကြွ၍၊ ယထာသတ္တိ၊ (အား)ရှိအလျောက်၊ ပြိုးပြိုးမောက်မှ၊ ချီးမြှောက်ပူဇော်ကြသတည်း။

သံဝိုင်း

၁၀၊ မင်္ဂလာ မောင်နှည်၊ ပြောင်ပြောင်လည်သား၊ ရောင်ခြည်မြရိပ်၊ ဇမ္ဗူဒိပ်ထက်၊ ပြည်နိဗ္ဗူကွန်း၊ စံတဲ့နန်းဟု၊ မြန်ခန်းအပရန်၊ ထိုင်းနက်သန်ဝယ်၊ ဘူမန်ထိုင်စစ်၊ နွယ်နေမြစ်သည်၊ ရွှေခေတ္တရံ၊ ပြည်ပုဂံနှင့်၊ နန်းစံသမ္မတ၊ ဘဝကုန်းဘောင်၊ ရှည် ယ ခေါင် တိ၊ ပြည် ထောင် မြ နီး ခို က်၊ ဓာတ်ပန်းသိုက်ဖြင့်၊ ဖြန်းရိုက်ထီးလှိမ့်၊ စည်ကြီးငြိမ့်လျက်၊ ခြိ မ့်ခြိမ့်သဘင်၊ နန်းပွဲယင်သည်၊ ဥကင်စိုးငြား၊ သထိုးဖျားတို့၊ ကိုးပါးနဝရတ်၊ ကျေးဇူးအဋ္ဌင့်၊ ဆယ်မြတ်ရာဇဓံ၊ တရားစံသော်၊ တစ်ရံပွဲကောင်း၊ မကြံတောင်းသား၊ နတ်ကြောင်းခရီး၊ ဆွမ်းတော်ကြီးလျင်၊ ရန်မီးခွေပြုန်း၊ စက်နေနွန်းသည်၊ ရွှေကုန်းဘောင်ရိုး၊ ရွှစ်ဆက်စိုးမှ၊ ဘုန်းကျိုးကုလစ်၊ မရွာစ်တို့၊ မူသစ်တစ်စောင်၊ ဖြစ်လေအောင်ဟု၊ ပင့်ဆောင်နိုးဆော်၊ လက်ထက်တော်၌၊ ထွန်းပေါ်မင်္ဂလာ၊ မြင်ရပါရှင့်၊ ရတနာပြောင်၊ သာခွာတောင်သို့၊ ဖြာရောင်ခြောက်ဖွင့်၊ မောက်မောက်စွင့်သည်၊ ပေါက်မင့်သခင်၊ ဗောဓိဉာဏ်ဖြင့်၊ စက္ကရာတ်၊ ပြာသာဒ်ယာဉ်ကြီး၊ စံလှုန်းသည်၊ စောထီးဒသမ၊ ဘူပါလကား၊ မမျှနိုင်းရာ၊ မင်းတကာထက်၊ သဒ္ဓါထက်သန်၊ ဗောဓိဉာဏ်ဖြင့်၊ နိဗ္ဗာန်ချုဆွတ်၊ ဆွမ်းတော်ဝတ်ကို၊ မြတ်မြတ်လေးလေး၊ ကောင်းချီးပေး၍၊ ကံကျွေးမနည်း၊ အပည်းပည်းလျင်၊ ပစ္စည်းထောက်ပင့်၊ ချီးမြှောက်မြင့်၏၊ သို့ရှင့်ဘုန်းရောင်၊ ရွှန်းရွှန်းလောင်မျှ၊ ကုန်းဘောင်သာကီ၊ ဂုဏ်ရာသီကို၊ ဌာယီဝိဝင့်၊ ကပ်သုံးဥ္ဇတ်လည်း၊ ရေရွတ်ချီးငှာ၊ မပြီးရာလိမ့်၊ သမ္ဘာနိသင်၊ ကျိုရိုစဉ်ဟု၊ ရွှေမင်္ဂဝါ၊ ခရာပြောင်ရွှန်း၊ နန်းစဉ်ညွှန်းသည်။ ။မောင်ကွန်းရွှေစာသံပိုင်းတည်း။

ဆွမ်းတော်ကြီးစာတမ်းပြီး၏။

အခြားစာများ

ပဲတွေ့အမှား

ဟုတ်ပလေ၊ နွတ်ချေဟရမှာဖြင့်၊ပုဇွေစထင်ရဲ့လေ၊ ကောဘလယော် တို့ဘဝအသရေလျှမ်းပါတဲ့၊ရွှေနန်းစံ ရာနရီနှံ့တို့တောင်၊ ခါချိန်တန် ပျက်စမြဲဟာမို့၊ စွဲမိ သံဝေ၊ အကုသိုလ် ဃာတကတ်ကယ်က၊ ယခုလို လာလို့ဖြတ်တာကြောင့်၊ ဇရပ်သို့ပြေးရလေ၊ ခွေး သေသို့ သေရငြား၊ သိလျက်နှင့်ပင်၊ ဝိပါက်ကြမ္မာ ငင်တော့၊ ရွှေညာဏ်ရှင်မဝေခွဲနိုင်ဘူ၊ ပွဲတွေ့အမှား၊၊

ခါတမေါင်း

ဝိမ္မာန်အတာ လေယာဉ်လွှင့်ချိန်မို့၊ မိန်ပြန်ခါ နွေတွင့်ပွင့်ရာကြ၊ ရွှေအင်ကြင်းငယ်တို့ ရိုးတံနှီး၊ ခါ တပေါင်း၊ ရွှက်ဟောင်းအကုန်ကြွေလို့၊ စုံခြေမှာ ရော်ဝါရင့်တာက၊ ကြုံလေနော် ပေါ်လာပွင့်တယ်၊ ပန်းမင့်း သရဖီ၊ ဥတ္တရာဒွေဘုံလမ်းဆီက၊ ကြယ် ပြုံမွှာ ငွေယုန်နန်းဆီသို့၊ စန်းပြည့်ပြည့် ယှဉ်ခါမှီ၊ ဗာဟီရယ်ကအပြောင်း၊ နွေချိန်ခါ၊ ငွေမိလွှာ ပြာရီ ရောပါလို့၊ ဥဩဖို့ တွန်သံကြည်တော့၊ သောတာပန် မဟာထေရ်တို့တောင်၊ မဆည်နိုင် မျက်ရည်စို့ ရှာ လိမ့်၊ အဘိညာဉ်စွာန်ယာဉ်ကြီ့ ပါလို့၊ နယ်ရှစ်ခွင် မြူခြည်ဆို့တယ်၊ လွမ်းဖွယ်တပေါင်း၊၊

ယဉ်တဲ့မေ

မွတ်မွတ်ကလေး လှတယ်လို့၊ ရွှရွကလေးယဉ်တဲ့ မေ၊ ညက်ညက်သာဓောတော့၊ မနောကြည်ကြည် တင့်၊ ကျမ်းနှင့်မသွေး မြင်မြင်သူ မြင့်တဲ့နိုက်၊ ကြိုက် လို့ ပဲသေသေ၊ ယဉ်ပေစွ ကြေ့ကြော့ဆုံး၊ လှလှရဲ့ လွှခေါင်၊ မြိတ်လွတ်ကယ်ပြေယောင်နှင့်၊ ပိတုန်းရောင် ကေကေနဲ့ကို၊ ပန်းထည်လို့ ထိုး၊၊

ဖူးစို့နှစ်ပါး

ရွှမဝန်ိင်ဘူး၊ပြုသမျှကြေ့တဲ့သူးထုမနိုင်း၊လူ့ထိုင်း စံမရှာနှင့်၊ သံသရာရှည်သည်နောက်၊ ဘယ်လောက် တောင် သူယဉ်လို့၊ ဘယ်လောက်ပင် လှလေဦး မယ်လို့၊ ဆုံး မရှိသူ၊ ချစ်စေနာ နှံသလို့၊ ပဇ္ဈေကာ မှန်သမျှ၊ ဈာန်ကြွတဲ့ မန်းကေဋု၊ မေသူနှင့်အသွား၊၊ ဆင်ပဝါ၊ မင်္ဂလာတော်ပုသိနိုနှင့်၊ ဖန် ရတိန် ရောင် မပျို့ခင်က၊ နောင်ဖူရာ ပါပါစေလို့၊ ဗျာဒိတ်ချွေ စိန္ဆေဉီးမှာ၊ ဖူးစို့နှစ်ပါး၊၊

စာဆိုမော

တစ်သုံးဆယ့်တစ်နယ်၊ခေတ်လုံးဝယ် မူတစ်စောင် သို့၊ ဇမ္ဗူဘောင်မော်တစ်ကွန်းတွင်ပြင့်၊မော်ကွန်းမှန် ကသိုဏ်း၊ ရိုင်းသရွေ့ပယ်၊ နိဗ္ဗာန်တိုင် ယူသည်နောက် ကိုလ၊ဘယ်သူလောက် လှဉီးမယ်၊ စဆုံးလယ်သီဘူး၊ ပင်နဂို၊ ယဉ်တယ်ဆို ယဉ်ကလေးကိုမှ၊ မရေးနိုင် စာဆိုမောရတယ်၊ ဇောဘဝကူး၊

နန်းဆံတဲ့မြို့

၁၊ ဖန်ရောင် မှန်ရောင်၊ လျှံပြောင် တောက် ပ၊ ကမ္ဘာ့သယံဇာ၊ သေလာဂီရိန်၊စိန်ဝဇီရာ၊ ဂိဝါရောင် ဗီလာတောင်၊သီတာမြောင် ခွေပတ်လျက်၊ ရေရတက် ကြိုး၊ မြေမစပ်အုပ်မိုး၊နေထပ်၍ မထိုးဘဲ၊ မောက်မြီး စောက်ထိုး၊ အောက်လျှိုးကျ တ သွန် သွန်၊ တံခွန် နဂါးရုပ်၊ ပြွန်စလုတ်နှင့်၊ မြုပ်တဲ့ချည် ငုပ်တဲ့ချည်၊ မြရေအလျှံ၊မြေအခံမှာ၊ ဃယံဇာဂေါ်ဒနှင့်၊တာလဗီ၊ မောရဂီ၊ ရေသီတာအိုင်တွင်း၌၊ နေညီညာ ပြိုင်ကျင်း

၍၊ ကြိုင်သင်းပျို့ကဲ့ကုတ်မံလို့၊ ဝွင့်အတံမိုး ပေါက်၍၊ ကိုးဆင့်မြောက်ပြာသာဝံခံ၊ အသွေးနှင့် အဆင်းမှာ၊ ခြသေ့မင်း လည်ဆံလို့၊ ခြည်ဝါလျှံ နီ မောင်း၍၊ သည်ကနဉ်မှာ ညီစွာပေါင်းရှာကြ၊ကြာခေါင်းလောင်း ပခုမ္မာ၊ ငုံကာ့ ထုံစွာ မွှန်ပြာဝတ်ဆံ၊ လေညွှဲ၍ ခွေခွဲလို့ ကြွေတဲ့မည္သဟန်ပန်လို့၊ဝတ်မွေးကို ဆွတ်ခွေးလို့၊ ငွက်ကျေးက တည်ည်၊သံသာသာ ဖန်ခါခါ၊ည်စာစာ ဖော်နှောလို့၊ ခေါ် ပြော ကြ စုံမောင်နှံ၊ ကြာဆန့်သွာဟန်၊ နှာတံယှက်တင်၊ ဖက်ယှဉ်စာခွံ့၊ ညာညွှန့် ဝတ်ဖူး၊ ဆွတ်ခူးနှိမ်ကာ လိပ် ပြာ ထိပ် မှာ ရိပ်ကာ သုံးစား၊ ပိတုန်းပျားတို့၊ နားချည် သွားချည် စား၊တဲ့ချည်နှင့်၊ ချား လည် ရစ် လျက်၊ တ မက် မက် နှင့်၊ သက်ပျံတုံ၊ တက်လှန်ခုန်၊ မာန်ဟုန် အမွှေ့်လည်တွဲလျက်၊ လွည့်လည်မပြတ်၊မြည်ခြင်းထပ်၍၊ နတ်မန်တဲ့ရေ၊ မြလျှံတွေတွေ၊ ကမဲ့ အခြေ အိုင် စ ခန်း မှာ၊ မြိုင်နန်းသူကိန္နရီတို့၊ စိန်ဝါလီလည်ကပ်ကို၊ ရည်မှတ်သည် အမွေး၊ မင်ဆေးနှင့်၊ ဝင်ရေးလို့၊ ထွင်သွေးကို မရ၊ မြရောင် ရွှေရောင်၊ လေသာတောင်မှာ၊ညှိရောင် ရော စပ်၊ ဇော ထိ ရဿိ၊ ပြော စ မှတ် အထူး၊ သောမနဿနားရန်ပွဲ၊တစ်ဦးသော ကိန္နရာမှာ၊ ထိန်ပြာမိလွှာစိန်ဇာပွင့်ယှက်၊ ဝါရောင် ပြာရောင် ခါတောင် ဖက်လို့၊ သက်တံရေး၊ ထွက်ပျံပြေး၊ လက်တံသေးပန်းနွဲ့ကို၊ လွှင့်ဟန်၊ ယွင့်ပြန်၊ စမ်းခဲတဲ့ရေအိုင်၊ နန်းဆန်တဲ့ဟေဝန်မြို့ ၌၊ ကိန္နရာမောင်နှံတို့၊ တောင်ပံချင်း တင်ယှက်လို့၊ ကြင်တက်တူမြိုင်ကြတယ်၊ မစုံသူ ဇောပြန်လို့၊ သောတာပန် ပုဂ္ဂိုလ် ကျွမ်းလှအောင်၊ လွမ်းလောက်တဲ့စမ်းအိုင်၊ ပန်းဂနိုင်၊ ။

၂။ အနောတတ္တ၊ ဆဋ္ဌန္တနှင့်၊ ကုဏ္ဍလမည်သာ၊ မန္ဒာဂီရိ၊အိုင်၏အလား၊ ယိုးမှားသွင်တူ၊မြင်သူပန်းရံ၊ က်နှရာခင်၊ ဂ မုန်း အင် တို့၊ ကု ား ဆင် မြန်း သည်၊ ပန်းရဂုံမှာ၊ လမ်းဆုံကြည်ကာ၊ တည်တည် စိုက်လို့၊ မျော်လိုက်ပါသော်၊ ဖန်ဝါရောင်လင်း၊ တောင် ခြေရုံး၌၊ မြေသလင်းပြန်၊ လှခေါင်အဆင်း၊ မြရောင်လင်းတဲ့၊မြက်ခင်းပြန့်မှာ၊တသန့်သန့် အခြေကျင်းလို့၊ လေညင်းခဲ့ကြတယ်၊ ပဉ္စရူပ၊ အသွင်တူတဲ့၊ ယဉ်မှုလှတို့၊ မြမြကိုစား၊ ချိတခါခါ၊ ကိုယ်မာယာနှင့်၊ လို ရာ သို့ သွား ကြ တယ်၊ နရား က တစ် အုပ်၊ သင်ရေဝပ်၊ မြေ ကို ညွတ် တဲ့၊ ပန်းဝတ်လွာ ကို၊ နန်းကာစုင်၍၊ ဆုတ် ချည် တက် ချည်၊ မစို့တစို့ တရို့ရို့နှင့်၊ မောင်မယ်တို့ မြည်ကြတယ်၊ သည်က တစ်ဖန်၊ မနဿီဟ၊ ခြေကိုကြွ၍၊ မြပန်းရံကို၊ လွမ်းခုန်စားကာ၊ စကားဝါဝတ်၊ ညာအညွတ်ကို၊ ဆုတ်တဲ့ကာပင်၊ မျက်နှာပုံကြည်၊ ပြုံးတဲ့ချည်နှင့်၊ ကိုယ်တည်တစ်ထွေ၊ဂမုန်းပေါင်းနှင့်၊ ဆေးပေါင်းစုတဲ့ ရဂုံခွမှာ၊ ကြာစေ့ဆန် သယ်ဇာ၊ ဂေါဓံနှင့် မြင်းသီလာ၊ အနန္တလောဟာ၊ သုဝဏ္ဏပဌာ၊ ကျောက်ကွမ်းသီး၊ ကျောက်ဘီလူးနှင့်၊ ထူးလှသည့် ကျောက်ကြိုးကြာ၊ အရောင်ချင်းစုပေါင်း၍၊ ဥဒေါင်းမင်းလည်ဆစ်မှာ၊ သယ်ဇာလေတိုး၊ ကမ်းပါးယုံ ငွေကုန်းမှာ၊ ဝေဆုံးလို့ စုံလင်စွာ၊စဉ်ကာယှဉ်ကာ၊တင်နာထွက်ရန်၊ သုခံကေပလေ၊ ရွှေလုပ်ရာ မှတ်စာနားလို့၊ ဓာတ်သွားနှင့် စပ်ထားလို့ စီရင်ဖန်၊ ဝိဇ္ဇာပျံ၊ စိတ်ဖြာကြံ၊ သံသေ နာသေ ဝါရွှေဝင်းထိန်၊ စိန်ရောင် မြရောင် နေရောင်ပြင်းရှိန်၊ထိန်လို့ ပျံတက် လျှံလက်သန်လျက် ရောင်၊ လျှံပြက်ပြောင်၊ ပင်သူယောင်ငွေအုပ်၊ ယဉ်မူ ခေါင်ရွှေကုမုဒ်က၊ လေလှုပ်တိုင်း ဟန်ခွဲလို့၊ စာဖွဲ့၍မဖြစ်အောင်၊ မပစ်သာ မခွာသာ၊ ချစ်စရာ ခင်စရာ၊ ထင်စွာ ယဉ်ရာ ပင်မှာ ဖြတ်လိုး၊ ညာဝင်ကို သက်သွင်းလို့၊ ချစ်တင်းစုံ မှီးကြတယ်၊ ဇနီးဖွဲ့ကာမဂုဏ်၊ မင်္ဂြိတဲ့အာရုံ၊ရဂုံမြို့ ငရိပ်မှာ၊ ပြဂါးငုံ အပိုင်စိတ်လို့၊ ဥစ္စိတ်ပဏီတံ၊ သိဒ္ဓိယာ ဇီခိုယံ၊ ဝိဇ္ဇာ တရား၊ သိပ္ပံဖွဲ့ရွာ၊ ထွေတစ်ရာစုံ၊ ဂဠုန်သိုက်ဟန်၊ နွဲ့မှတ်သံနှင့်၊ ရှပ်ဖန်တဲ့ ဆေးအပြင်၊ ဟိုတောင် သည်တောင် ရှိ၊မြောင်ကွေ့မှာ၊ဆေးရခဲ့ တလွှိုင်လွှိုင်၊ မွေးပျိ့ပျိ့ တကြိုင်ကြိုင်၊ ။

၃၊ စုံဂနိုင်စမ်းကွေ့မှာ၊ ပန်းမွေ့ရာ ဇာတွန်နှင့်၊ ညာညွှန့်ချင်းပွေယှက်၍ မြေမျက်နှာရစ်၊ ခွေလက်ယာလှစ်ပါလို့၊ စိန်စစ်တဲ့ ထွတ်ဂုမှာ၊ သံပန်းသေ ကျောက်ဖြာခင်းလို့၊ အဋ္ဌမှက်အင်းကြင်းချေ၊ အဆုံးပြန်ယွင်းမသွေ၊ အစမှာ အဋ္ဌချေ၊ ဂမုဇာတ်သက်ပါစေ၊ ခရုပတ်လက်ယာခွေ၊ ဆေးကြိတ်ရန် အင်းချေလျက်၊ ကျင်းပကာ သူနေသည့် ဇော်ဖေမောင်၊ လျော်တေဆောင်၊ ဘော်ငွေရောင်သွားပြုန့်၊ မှတ်ဆိပ်ထု ကျင်စွယ် ရွှဲပ်လို့၊ မဟာမြို့ ဂူလိုင်မှတ်မှာ၊ ဆေးစုတ်ကာမန္တန်နှံ့လို့၊ ရေးလုပ်ကာကြိုးလို့၊ ထိုးထိုးသံ၊ ညိုးညိုးညံ၊ ညောင်း-ဂူရမန္တန်၊ ကောင်းမှုပ ဟန်ပန်၊ ဟိန်းသံ ကြွမ်းသံ ရိန်းကလေ၊ တွေးဥ[illegible]ထုံခဲကြွေးလို့၊ မြို့ငယ်မှာ၊ လိုင်သံပေးလို့၊

လေးလေးနူတ်၊ ကျေးကျေး ကျွံပ်ငှက်သံ၊ သာရကာ ဥဩတို့၊ မာဂဓာနူတ်နှောလို့၊ ပြောကြသည့် သဏ္ဌာန်၊ ဖန်ဖန်ညည်း၊ တန့်တ နှင်းကြွက်ကြွက်၊ မန္တန် အသံ၊ ကြံဖန်ခက်အောင်၊ မဝက်ခွဲသာ၊ နက်နဲစွာနှင့်၊ နာဂရီ၊ ဘင်ဂရီ၊ ဆန်းကလာပ်အညီ၊ သိဟိုဠ်သံ၊ မီနိုဉာဏ်၊ အတ်မမ၊ ကြိမ်းသံပလျက်၊ ထယောင် ထိုင်ယောင်၊ မှိုင်ယောင်နှင့်တမ်း၊ ဖန်ဂူ စံယူ ဟန်မူ ပမ်းလို့၊ သြောင်း–သံ ဘုံမခန်းလို့၊ ကြံသူ ဖန်သူ ပြုဖြူပန်းလို့၊ ချက်ဆေး ဂျွတ်ဆေး၊ နီမွှာ လျှမ်းလျှမ်း၊ ဥာန္ဒာ ဇေဝါ ဥဟွာတမ်းလောက်ကဲ့၊ လွမ်းစရာစုံခြေ၊ ကြုံရလေ။

ဘုရားမကြိုက်တဲ့ လူစု

ခမ္မသဝန်၊ ခမ္မဇေသနာ၊ ဖြစ်စိမ့်ငှာဟု၊ ဉာဏ် ပါကဝိ၊ မှတ်စုကို ညှိပြီးလျှင်၊ အဘိဓမ္မတ္ထ သင်္ဂဟ၊ သင်္ကြိတ်ကို ဝိုက်သိုင်းလို့၊ ကိုးပိုင်းလုံး မွှေခဲ့မည်၊ စေ့ ရေမူလ၊ ပညာရှိ ငါဟဲ့ နော်လို့၊ အာဘော်ကို မြပြီးလျှင်၊ ဗာနဖိစီး၊ မနီးမခေး၊ တစ်ယောက်နှင့် တစ်ယောက်၊ အာပေါက်အောင်ပြောကြ၊ သောမနဿ သဟဂုတ်၊ လက်ဖက်က သုံးလေးလုပ်၊ ဒီဠိဂဟ သမ္မယုတ်၊ ကြက်သွန်ကြော် မျှားမျှားနှင့်၊ ဝိုက်ကား အောင် တုတ်ပြီးလျှင်၊ သမ္ပယ်မျှား ကွဲလေဟန်၊ လက် လေးသစ်လောက် စာတိုကို၊ ဝိဂြိဟိတွေ ကျင်းပြီး လျှင်၊ အငြင်းက ကြောက်ဖွယ်သန်၊ မာနဂဏ်သူကိုး ၍၊ ပြတ်ထိုးနှင့် တည်၊ ဠီကာကျော် လက်သန်းမှာ၊ အာဇန်း မောက်လျှ ၍၊ ဘလောင်ဆန်ဆူကြွက်၊ မြတ်ဇီနော်ခမ္မစက်ကို၊ ဇာတ်စကား ရောယှက်၍၊ ဖျက်သူကလဲ အတန်တန်၊ ခွပ် ဘူတုပ္ပါဒါဃ တေဇ ဘိန္နေ၁၊ ကွမ်းကော ဆေးကော၊ ချလောခုလျှင်၊ အလျှော့ရှင် ပြင်ခဲ့-ပြင်ခဲ့၊ အရွက်ကြမ်းလက်မက်မဲကို၊ ဆီရွှဲရွဲ မထည့်၍၊ ကဲ့ရဲ့သူကလည်း တမှာင့်၊ ဟိုအိမ် ဦးတစ်ထောင့်က၊ အို–ကျောင်းဒကာ၊ ဘုရားဒကာ၊ မေးလေရာတွင်၊ ပညာနီဆရည်း၊ ဝိနည်းတလီ၊ အလင်္ခီနှင့်၊ လင်္ဒီတဝ၊ လူအပေါင်းတို့ စိတ်ခွန်းလအောင်၊ ကံဒွါရဖြင့်းကြသည်၊ ကရွတ်ကင်းပုံ တစ်ချက်၊ အချို့သောသူတို့က၊ မိစ္ဆာဉာဏ်ကူးဖက်၍၊ အနက်ကိုလည်း မသိ၊ ပညာရှိ ဇါတစ်ဆူ၊ ဖြစ်လေသည် ဟူသတည်းဟု၊ အလျှမသာ၊ ရှိလေရာတွင် လည်ကာ ဝါကြွား၊ လဖက်စားသည်၊ ဘုရား၊ မကြိုက်တဲ့ လူစုတည်း။

နှောင်ချိုင့်တွင်းပါတကာ

မဟဇ္ဈဝါ၊ သံသရာဟု၊ တဏှာညွှန်အိုင်၊ ဝဲဖွက် ဆိုင်မှာ၊ တယိုင်သောသော၊ မြုပ်နှစ်ကယ်မြောကြ သည်၊ သုံးလောကလူ၊ ငါမောင်မူလဲ၊ ထို့ တူမကင်း၊ အဝိဇ္ဇာမှောင်၊ တဏှာယေနှောင်သည်၊ လှောင်အိမ် တွင်းမှာ၊ ခြေကျွဲးဆယ်ထပ်၊ သံယောဇဉ်နှယ်၊ သံကြိုးငယ် တွယ်သည်၊ လယ်ထိုင် သေဒုတ်လို့၊ ရစ်ပတ်ထုံးချည်၊ ရှုန်းမဖြည်နှင့်၊ သေချည် ရှင်ချည်၊ တလည်လည်လျှင်၊ အတည်မရှိ၊ တေးဘုမ္မဝယ်၊ ဇာတိ ဧနာ၊ မရဏာနှင့်၊ ပူဏ္ဏာဓိရန်၊ ပဋ္ဌာန်မူ၊ ခွပ်နာမ် ဖောက်ပြား၊အနိစ္စာင်၊ မမြဲချင်သည်၊အမြင်သားနှင့်၊ မယားတာတွယ်၊ သားတာတွယ်သည်၊ တကယ်ထင် မှား ရှာကြတယ်၊ ငါ့အိမ် ငါ့ဟာ၊ ငါ့ဥစ္စာနှင့်၊ ငါတဆိုဆို၊ မရှက်လိုသည်၊ ဝန်တိုစဉ်းလဲ၊ လုယက် ယူငင်၊ ရှာဖွေစဉ်ပင်၊ ဝိညာဉ်စဲလို့၊ ငရဲခံ၊ ကြုံလေ သမျှ၊ မှုကိစ္စနှင့်၊ ဆမတန်သည်၊ ပူပန်ရမယ်၊ ခန္ဓာ ကောင်ထို၊ မောင်မြင်တွေးလို့၊ ကြောက်သေးတယ်၊ လေးသွယ်ဓာတ်တွင်၊ စွဲလို့ငယ် ယှဉ်သည်၊ ဠီဘင်တည်ချုပ်၊ မြမဟုတ်သည်၊ ဘူတပ္ပါဒါန်၊ ရုပ်နှင့်နာမ်ဟူ၊တစ်လံခန္ဓာ၊ ဤကိုယ်မှာလျှင်၊ ကေသာဆံထွေး၊ ကိုယ်မွေးပေါင်းစည်း၊ ခြေလက် သည်းနှင့်၊ သွားလည်းထွေထွေ၊ အရေအသား၊ ကြော မျှားဆိုင်းဓက်၊ ရိုးဆက်ခြင်ဆီ၊ နှစ်လိမ့်မောက်၊ သုံးဆယ်မြောက်သည်၊ လန်ကြောက်စရာ ၊ရွ ဖွယ် သာကို၊ ကိုယ်သာမက်မှာ၊ အနတ္တာဟု၊ လာလာ မထင်၊ ဆွဲငွေ့ဆဲလို့ ဝတ်ဆင်သည်၊ ရယ်ချင်ဖွယ် ကြီး၊ ပြင်မှာနီမြန်း၊ အတွင်းကြမ်းသည်၊ သဖန်း သီးသို့၊ ပိုးကြီးပိုးငယ်၊ မျိုးရှစ်ဆယ်တို့၊ မှီတွယ်ခိုကပ်၊ နေအိမ်မှတ်လို့၊ ဇရပ်လုတ်တိုင်း၊ သင်းချိုင်းပမာ၊ ကမ္မဋ္ဌာန်းနှင့်၊ စုံစမ်းငယ်ရှာသည်၊ ဘယ်မှာမောင့်ကို မြင်ပမယ်၊ သို့ပါလျက်ကို၊ မအိုမသေ၊ချစ်ဖော် ချင်းနှင့်၊ မကွင်းကွေသည်၊ မနေရဘြား၊ မောင်ထင် စားလို့၊ အမှားပိုသည်၊ မင်္ဂဖိုလ်ဝေးလှချေသေးတယ်၊ မယ်မယ်မဖွဲ့၊ ကြောကြည်ငယ်၊ မောင်တော်သင်တဲ့၊ မင်္ဂလမ်းကို၊ ကမ္မဋ္ဌာန်းလျှောက်၊ တံတားဆောက်လို့၊ မောင်နောက်တော်လိုက်၊တရားသံဝေ၊အမြို့က်

ရေကို၊ သည်ပေတိုက်ပါ့မယ်၊ နားစိုက်ပမယ်မရွှေ ရွေပြည်နိဗ္ဗူ။ သောင်ကမ်းငူကို၊ အတူနှစ်ဦး၊ မင္ဂဇ် ၅စ်တန်၊ ရွှေဟောင်ပျံကို၊မောင်နှံမူးရအောင်၊ ရည်စူး တော်မူပါ့ကွယ်၊ မမြင်နိဗ္ဗာန်၊ ဘုံသုံးတန်မှာ၊ ဖန်ဖန် ကြိမ်များ၊ ဆုလည်နွားသို့၊ ရိရှားပူပြင်း၊ ခါခါ ဆင်းလို့၊ သေတွင်းငယ်ဝင်သည်၊ ဘယ်တွင်မငြိမ်း ကြဘူးကွယ်၊ သို့အခါခါ၊ ပူသည်မှာလဲ၊ တဏှာ မောဟ၊ အရင်းစစ်လျှင်၊ မြစ်သည်ကမို့၊သုံးဘဝလူ၊ တဏှာထူလို့၊ ရူပါရုံထင်၊လှလှမြင်မူ၊လိုချင်ဝမ်းဝမ်း၊ ဘေးကိုတိုင်းထွာ၊မမြင်ရှာသည်၊ အဝိဇ္ဇာလွှမ်းလို့၊ ကျိုးကန်းမိုက်မှောင်၊ ဆင်သေကောင်ကို၊ ရေဖောင် သောက်စား၊ အလိုက်မှားသို့၊ ငါးပါးမျောစုန်၊ ကာမဂုဏ်ကို၊ အာရုံငတ်ငတ်၊ လှမထတပ်၊လျှပ်စား ဖျပ်စာ၊ ဥပဒါဝါန်နှင့်၊ မာန်ထောင် လွှားသည်၊ မှောက်မှားကြတယ်၊ ကိုယ့်ကိုယ်ကိုယ်ပဲ၊အထင်ကွဲလို့၊ ကွတ်ခဲတယ်၊ ခင်တွယ်မက်မော၊ တမိုးသောက်ခင်၊ တနေဝင်လဲ၊ လိုချင်ဇောနှင့်၊ သဘော လှစ်ဖွေ့၊ ကိုယ့်ဖြစ်ထွေကို၊ စေ့ ရေမထောက်၊လုပ်ရင်းကိုင်ရင်း၊ ကြံစည်ရင်းပင်၊ အိုခြင်းရောက်လို့၊ ကောက်ကောက် ကိုင်းကိုင်း၊ မျက်စိမှိုင်းသည်၊ နားထိုင်းသွားကုန်၊ ဆံပြူများ၍၊ အသားကြဲသည်၊ လှပုံပျက်ပြား၊ ရွ ဖွယ်များကို၊ နာဖျားငြိတွယ်၊ ဗျာဓိမင်းက၊ နှိပ်နင်း တယ်၊ ကြီးထေ်မဆို၊ နတ်ထက်ပို၍၊နဂိုမူရာ၊ လွယ်ဉ် ပါလဲ၊ ဇရာဗျာဓိ၊ သေဘေးထိုက၊ ပုပ်ရိညှိန်၊ အစာပြန်မှ၊ မတန်လေသေး၊ လင်သားမိခင်၊မကြည့် ရှုင်သည်၊ ရှောင်ကြဉ်ဝေးလို့၊ တံတွေးထွေးကာ၊ ကိုယ်လွတ်ကယ်ခွာသည်၊ သီလာချေဘူး၊အော်ကလီ ဆန်၊ နောက်လှည့်ငယ်လုန်သည်၊ ပျို့အန်မူးလို့၊ ပေါက်ဖူးမည်းညို၊ ကိုးဝဲ့ါရက၊ စီးကျငယ်ယိုသည်၊ လူဝိုလ်ဖြစ်မြဲ ပေတဲ့ကွယ်၊ သို့ရွ ဖွယ်ရန်၊ ဖျားနာ ခဏ်ကြောင့်၊ သေပြန်သည်မှာ၊ အဝိဇ္ဇာနှင့်၊ သခါရ ဝိညာဏ်၊ ရူပ်နာမ် အာယတန၊ ဖဿဝေဒနာ၊ တဏှာ ဥပါဒါ၊ သုံးရပ် ဘဝ၊ ဇာတိ ဂလျင်၊ ကြောင်းစ ပစ္စည်း၊ ပြသည်ချည်းကို၊ အနည်းငယ်မျှ၊ ဥာဏ်နှင့်နှိုင်း၍၊ မတိုင်းတြလို့၊ လောက၌ငယ်၊ ကယောင်ချောက်ချား၊ သည်လိုသားနှင့်၊ ငြားကြ ဟယ်၊ ပိတ်ကွယ်မှောင်ကာ၊ အဝိဇ္ဇာနှင့်၊ တဏှာမူလ၊ ဖြတ်နိုင်မှသာ၊ တဝဥာဆန်၊ ပြည်နှိပ်စွာနှင့်၊ ကေန်ထုတ်ချောက်၊လမ်းမှန်ရောက်လို့၊ ကင်းပျောက် အိုခြင်း၊ ဖျားနာကင်းလို့၊ သေမင်းမနှိုင်၊ အဆုံး ထိုင်အောင်၊ ငြိမ်းနှိုင်ချေ့မယ်၊ နိဗ္ဗာန်ကံကွေး၊ အလှူပေးလို့၊ ကြင်ရေးငယ်သွယ်၊ စင်ကြယ်လှမှ တော်ကြမယ်၊ သက်လှယ်ပြာဖြူ၊ ညာနဲးသူနှင့် သည်အူနှစ်ပါ၊ ဖေ့ ရင်သားတို့၊ တရားကျင့်ရန်၊ ဖေ့နည်းခံလို့၊ ညပြန်နေ့ထိုင်း၊ ရွှေသိုက်နှင့်၊ မဆိုင်းမတွ၊ ကမ္ဘဋ္ဌာန်းကို၊ ဈာန်လမ်းပြလို့၊ မြဲကြ ပါ့ သားမောင်မယ်၊ ရွှေဘုံနိဗ္ဗာန်၊ ကူးတို့ငယ်ခံ သည်၊ လျင်မြန်ထုတ်ချောက်၊ လေးဖယောက်တူပင်၊ ရွှေပြည်ဝင်ကို၊ ဖောင်တော်ယာဉ် သည်ခါစီးရ အောင်၊ အပြီးတိုင် ကြဲကြကွယ်။

နွားတစ်ကောင်အသုံး

ဧယျတု၊ သောင်းခွင်ဒီပေ၊ ဤလူ့ပြေတွင်၊ အခြေလေးခု၊ ရှိစုတိရစ္ဆာန်၊ လူသုံးရန်ကို၊ အတန် သာ ရကြသည်၊ ဥသဘန္တွားများမှာ၊ သုံးစားရန် အဖြာဖြာ၊ ပဇာသာဉာဏ်၊နွားတစ်ကောင် အသုံးကို၊ စာကုံးကာ ပြန်လိုက်မည်၊ ထွန်ရန်တိုက်ရန်၊ အတန် တန်ပင်၊ အမြန်အနှေး၊ အဝေးအနီး၊ ခရီးတိုရှည်၊ စီးသည်တသွယ်၊ စပါးနယ် ပြောင်းနယ်၊ နမ်းနယ် ဆီမွှတ်၊သစ်စွပ်ဝန်တင်၊ နွားနို့ ကင်နှင့်၊ ဒိန်ချဉ်ဒိန်ခဲ၊ တနံ့ထောပတ်၊ စပ်၍မလိုင်၊ သုံးနှိပ်ထိုင်းအနည်း နည်း၊ နောက်ချည်းကိုမီးဖုတ်၊ အိုးလုပ်သည် တစ်ခါ၊ နောက်ချေးပြာကို၊ လယ်မှာလည်းချ၊ အုံးအောင် ထသည်၊ကမ္ဘဇရုပ်၊ ချုပ်၍တစ်ထွေ၊ ထိုနွားသေလျှင်၊ အရေကိုထား၏၊ မသုံးပါသေး၊ အသွေးအသား၊ ခြေးနွားအောင်ကင်၊ ကျပ်တင်ကြော်ချက်၊ သရက် ရွက်ဆောင်းထပ်၊ ကျောက်ကပ်နှလုံး၊ စားသုံးဖို့ရာ၊ အုန္နမှာလည်း၊ သိပရာရည်နှင့်၊ အထပ်ကယ်သင့်လှ၊ အူရင့်မှာ အခြောက်လုန်း၊ တန်းမှာပဲ တင်တင်၊ ကင် ကင်ဖုတ်ဖုတ်၊ ပြုတ်ပြုတ်ကြော်ကြော်၊ လှော်နှိပ်မျှ ကင်ပေါင်း၊ လေးချောင်းသော ခြေထောက်မှာ၊ လျှောက်ပတ်ရွာတစ်ထွေ၊ အိမ်ပုံးရေနှင့်၊ ပြေပြစ်မှ ကောင်းသည်၊ ခေါင်းမှာချွဲတယ်၊ တသွယ် အချို၊ လျှာကိုမီးကင်၊ စားရလျင်၊ နတ်သြဇာ၊ ချိမှာတွင်ခံ၊ နားပန်ကြုတ်အုပ်၊ လုပ်ကရော့စုတ်ခွက်၊ နားရွက် အတွင်းမွေးမှာ၊ ဆေးရေးရန်စုတ်တံ၊ ကြွင်းကျန် သည့် အရိုးဟန့်ကို၊ ပြာဖြစ်အောင်မီးဖုတ်၊ လုပ်က ရော့ အုပ်ခေါင်းလန်း၊ ဆန်းလှသည့် ကြာကလပ်၊

ဖိနပ်ထောက်ခံ၊ မြင်းရိုက်ရန် ကြိမ်လုံး၊ သုံးစရာ နှင့်လွယ်အောင် ခိုင်တတ်သည်၊ ဆိုင်ရာကိုသုံးရလျင်၊ ထပေါ်ဖုံးသားရေကို၊ ခွေလိုခွေ လိပ်လိုလိပ်၊ အိပ်လိုထိပ် ခင်းလိုခင်း၊ အိုးလုပ်ရင်းလူထိုင်၊ ခိုင်နိုင်မျှ ဆောက်အိတ်၊ ဗိတ်ပိုမှဲဗိမ်းအိုးစည်၊ မြည်နိုင်မျှဒုံသာ၊ ဆိုင်းဆရာမှာ၊ ပူနာတာပုံတေး၊ ပုတ်ကလေးတွေ့၊ သားရေမြည်ဟန်၊ကျန်သည်ပတ်မကြီး၊ တီးလိုက်လျှင် ထီးဝေ့၊သုံး၍မယုတ်၊တုတ်ပလုပ်တုတ်ပြုန်း၊ ပြောလည်းသုံးရသည်၊ပခုံးမှာလွယ်၊ သားရေနှယ်ကို၊ တင့်တယ်လှစွာ၊ သံဃာတော်စာချ၊ သည်ကကို လှည်းဦးပွတ်၊စွပ်စရာသားရေလွန်၊ထွန်စရာ့ တည်းကွင်း၊ ခြေနင်းလွှာဖိနပ်၊ အသည်းလည်းတပ်ရသည်၊ ဘိန်း သစ်စေးနှင့် ကပ်ရလျှင်၊ လျောက်ပတ်စွာ သရီးကိုင် တစ်တန်၊ အမြီးသာ ကျန်တော့သည်၊ မြီးဆံမှာ ကျောင်းသား၊ ငှက်ခါးချီးခါ၊ ထောင်စရာပဒတ်၊ နွားမြီးကွင်းကို၊ တွင်းဝမှာတပ်၊ ဖျပ်ခနဲမိငြား။ နွားကျောင်းသားတို့၊ စားရလျင် အငြီးပြေ၊ ကျန်လေသည့် အမြီးမှာ၊ မီးတွင်းမိန်းမ၊ နို့မရ၍၊ သားကတစာစာ၊ မာတာကြဲလျှင်၊ နို့ရည်မလိုက်၊ ရှိသည့်ခိုက်တွင်၊ ပြောလိုက်မည် အပြီး၊ သည်နွားမြီးကို၊ မီးဖုတ်ချက်ချင်း၊ တောက်တောက် စင်း၍၊ ဟင်းခါးလည်းချက်၊ ကြောင်ပန်းရွက်နှင့်၊ နို့ပျက်မိန်းမ၊ သောက်လိုက်ရလျှင်၊ နို့လုံးရွှင်သည်၊ သူ့လင် စို့တေ့မကုန်တည်း။

- ပြည်ဆောင်ရွက်မှုနှင့်မဘနိုင်ငံတော်တွင် နိုင်ငံတော်အာဏာကို လက်နက်ကိုင် အကြမ်းဖက် ရယူရန် ကြိုးပမ်းခဲ့ကြသည့် ဗကပ၊ ကေအင်(နှ်)ယူ၊ ကေအိုင်အေတို့က မြည်တွင်း ဒြပ်ချမ်းမရှိ ဆွေးနွေးပွဲများကို အပြတ်ထုတ်ခဲ့ကြပုံများ၊
- ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကောက်ကျစ်စဉ်းလဲသော နည်းဗရိယာဒယ်နှင့်ထုပ်ရပ်များ၊
- တော်လှန်ရေးကောင်စီခေတ်၊ လမ်းစဉ်ပါတီခေတ်များ၌တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုပုံတမ်းများ၊
- တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများကနိုင်ငံတော်အစိုးရ၏မှန်မြတ်သောစေတနာကိုအပြတ်ထုတ် အသုံးချရန် ရည်ရွယ်ချက်ဖြင့် တွေ့ဆုံဆွေးနွေးရေးစားပွဲသို့ရောက်ရှိလာကြပုံများ၊
- တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများ၏ မတရား၊ မမျှတသော မဖြစ်နိုင်သော တောင်းဆိုချက်များ၊

၌စာအုပ်တွင်အသေးစိတ်ဖော်ထုတ်ဖော်ပြနိုင်ပါသည်။

ရဲခေါင်ကျော်စွာ

(ပထမတွဲ) (ဒုတိယတွဲ)

သမိုင်းမှတ်တမ်းဝင်စာတမ်းပုံပေါင်းများစွာဖြင့်

ဆက်ရှုနိုင်ရန်။

ထုတ်ဝေပြီးသောစာအုပ်များ

၁။	ဗိုလ်ချုပ်မူးကြီး စောမောင်၏ မိန့်ခွန်းများ(ပထမတွဲ) မြန်မာ/အင်္ဂလိပ်	၁၅-ကျပ်
၂။	ဗိုလ်ချုပ်မူးကြီး စောမောင်၏ မိန့်ခွန်းများ(ဒုတိယတွဲ)မြန်မာ/အင်္ဂလိပ်	၁၅-ကျပ်
၃။	ဗိုလ်ချုပ်မူးကြီး စောမောင်၏ မိန့်ခွန်းများ (တတိယတွဲ) မြန်မာ	၁၅-ကျပ်
၄။	ဗိုလ်ချုပ်မူးကြီး စောမောင်၏ မိန့်ခွန်းများ (တတိယတွဲ) (အင်္ဂလိပ်)	၂၅-ကျပ်
၅။	ဗိုလ်ချုပ်မူးကြီး စောမောင်၏ မိန့်ခွန်းများ (ပထမတွဲ)ခန့်ချုပ်	၃၀-ကျပ်
၆။	ဗိုလ်ချုပ်မူးကြီး စောမောင်၏ မိန့်ခွန်းများ (ဒုတိယတွဲ)ခန့်ချုပ်	၃၀-ကျပ်
၇။	ဗိုလ်ချုပ်မူးကြီးစောမောင်၏ မိန့်ခွန်းများ တတိယတွဲ(မြန်မာ)ခန့်ချုပ်	၃၀-ကျပ်
၈။	ဗိုလ်ချုပ်မူးကြီး စောမောင်၏ (၄၆) နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်း	၅-ကျပ်
၉။	ဗိုလ်ချုပ်မူးကြီး စောမောင်၏ စစ်ဦးစီးတက္ကသိုလ် အမှတ်စဉ်(၄) သင်တန်းဆင်းပွဲမိန့်ခွန်း	၅-ကျပ်
၁၀။	ဗမာပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံတော်အာဏာသိမ်းပိုက်ရေးလှုပ်ရှားမှု (မြန်မာ)	၁၀-ကျပ်
၁၁။	ဗမာပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံတော်အာဏာသိမ်းပိုက်ရေးလှုပ်ရှားမှု (မြန်မာ) ခန့်ချုပ်	၃၀-ကျပ်
၁၂။	ဗမာပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံတော်အာဏာသိမ်းပိုက်ရေးလှုပ်ရှားမှု (အင်္ဂလိပ်)	၂၅-ကျပ်
၁၃။	ဗမာပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံတော်အာဏာသိမ်းပိုက်ရေးလှုပ်ရှားမှု (အင်္ဂလိပ်) ခန့်ချုပ်	၃၅-ကျပ်
၁၄။	မြန်မာနိုင်ငံအတွင်းမှ သစ္စာဖောက်ပုဆိန်ရိုးများနှင့် ပြည်ပမှခားရိုးကမ်းသူတို့၏ အရှုပ်တော်ပုံ (မြန်မာ)	၁၅-ကျပ်
၁၅။	မြန်မာနိုင်ငံအတွင်းမှ သစ္စာဖောက်ပုဆိန်ရိုးများနှင့် ပြည်ပမှ ခားရိုးကမ်းသူတို့၏ အရှုပ်တော်ပုံ(မြန်မာ)ခန့်ချုပ်	၃၀-ကျပ်
၁၆။	မြန်မာနိုင်ငံအတွင်းမှ သစ္စာဖောက်ပုဆိန်ရိုးများနှင့် ပြည်ပမှ ခားရိုးကမ်းသူတို့၏ အရှုပ်တော်ပုံ(အင်္ဂလိပ်)	၂၅-ကျပ်
၁၇။	မြန်မာနိုင်ငံအတွင်းမှ သစ္စာဖောက်ပုဆိန်ရိုးများနှင့် ပြည်ပမှခားရိုးကမ်းသူတို့၏ အရှုပ်တော်ပုံ(အင်္ဂလိပ်) ခန့်ချုပ်	၃၅-ကျပ်
၁၈။	ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုမှ ကြံစည်မှုများနှင့် လုပ်ဆောင်ချက်များ (မြန်မာ/အင်္ဂလိပ်)	၁၀-ကျပ်
၁၉။	ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုမှ ကြံစည်မှုများနှင့်လုပ်ဆောင်ချက်များ (မြန်မာ/အင်္ဂလိပ်)ခန့်ချုပ်	၂၅-ကျပ်
၂၀။	နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ သဘောထားရှင်းလင်းချက် မြန်မာနိုင်ငံရေးသမိုင်းကြောင်းနှင့် အမျိုးသားရေးဦးတည်ချက်	၁၀-ကျပ်
၂၁။	နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ သဘောထား ရှင်းလင်းချက် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းနှင့် အမျိုးသားရေးဦးတည်ချက်(ခန့်ချုပ်)	၃၀-ကျပ်

၂၂၊ ဗကပယူဂျီ၊ ဒီအေဘီ၊ အင်အယ်လ်ဒီပါတီ ခေါင်းဆောင်အချို့ နိုင်ငံတော်အာဏာ ရယူရေး သပွတ်အုကလိမ်ချုံ့ဇာတ်လမ်းစုံ (မြန်မာ) ၀၅-ကျပ်

၂၃၊ ဗကပ၊ကေအင်(နှ)ယူ၊ စိန်ဝင်းတို့၏ ပြည်ဖျက်လုပ်ရပ်များ (မြန်မာ) ၁၀-ကျပ်

၂၄၊ နိုင်ငံတော်ငြိမ်ဝပ်ပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၏ ပညာရေး၀န်ကြီးဌာနအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပညာရေး၀န်ထမ်းများနှင့်တွေ့ဆုံ၍ ပညာရေးဆိုင်ရာကိစ္စများ ရှင်းလင်းပြောကြားချက်(မြန်မာ/အင်္ဂလိပ်) ၅-ကျပ်

၂၅၊ အကြိမ်(၁၁၀)မြောက် သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်ငြိမ်ဝပ်ဖိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)၏ ရှင်းလင်းပြောကြားချက် ၇-ကျပ်

၂၆၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ ဒွိုအိုအေ အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၈/၈၈) မြန်မာ ၁၀-ကျပ်

၂၇၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ ဒွိုအိုအေ အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၈/၈၈) အင်္ဂလိပ် ၂၅ ကျပ်

၂၈၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ ဒွိုအိုအေ၊ အေအိုင်အာရ် အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၉/၈၈)ပထမတွဲ ၁၀-ကျပ်

၂၉၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ ဒွိုအိုအေ၊ အေအိုင်အာရ် အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၉/၈၈)ဒုတိယတွဲ ၁၅-ကျပ်

၃၀၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ ဒွိုအိုအေ၊ အေအိုင်အာရ် အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၁၀/၈၈)ပထမတွဲ+ဒုတိယတွဲ တစ်တွဲ ၁၀-ကျပ်

၃၁၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ ဒွိုအိုအေ၊ အေအိုင်အာရ် အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၁၁/၈၈) ၁၀-ကျပ်

၃၂၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ ဒွိုအိုအေ၊ အေအိုင်အာရ် အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၁၂/၈၈) ပထမတွဲ+ဒုတိယတွဲ တစ်တွဲ ၁၀-ကျပ်

၃၃၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ ဒွိုအိုအေ၊ အေအိုင်အာရ် အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၀/၀၉)ပထမတွဲ+ဒုတိယတွဲ တစ်တွဲ ၁၀-ကျပ်

၃၄၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ ဒွိုအိုအေ၊အေအိုင်အာရ် အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၂/၀၉) ပထမတွဲ+ဒုတိယတွဲ တစ်တွဲ ၁၀-ကျပ်

၃၅၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ဒွိုအိုအေ၊ အေအိုင်အာရ် အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၃/၀၉)ပထမတွဲ+ဒုတိယတွဲ တစ်တွဲ ၁၀-ကျပ်

၃၆၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ဒွိုအိုအေ၊အေအိုင်အာရ်အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၄/၀၉)ပထမတွဲ+ဒုတိယတွဲ တစ်တွဲ ၁၀-ကျပ်

၃၇၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ဒွိုအိုအေ၊အေအိုင်အာရ်အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၅/၀၉)ပထမတွဲ+ဒုတိယတွဲ တစ်တွဲ ၁၀-ကျပ်

၃၈၊ မိုးလုံးပြည့်မုသာ၀၁၁ ဘီဘီစီ၊ဒွိုအိုအေ၊အေအိုင်အာရ်အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ(၆/၀၉)ပထမတွဲ+ဒုတိယတွဲ တစ်တွဲ ၁၀-ကျပ်

၃၉၊ ပြည်ပြေးတစ်ခကျာ့ပြန် သို့မဟုတ် စီအာဗီဘီ (မောင်ပြည်သူရေးသည်) ၁၀-ကျပ်

၄၀၊ အမြင်မှန်ရသူတို့၏ ကိုယ်တွေ့ဖြစ်ရပ်မှန်များ ၇-ကျပ်

၄၁။	ထိုင်းပြည်ကို လက်ညှိုးထိုး ရောင်းစားနေသော ဦးနုနှင့်အပေါင်းအပါများ		၅-ကျပ်
၄၂။	ပြည်တွင်းသောင်းကျန်းမှုသမိုင်း အပိုင်း(၁) ရဲဘော်သစ်မောင် ရေးသည်		၁၀-ကျပ်
၄၃။	ပြည်တွင်းသောင်းကျန်းမှုသမိုင်း အပိုင်း(၂) ရဲဘော်သစ်မောင် ရေးသည်		၁၅-ကျပ်
၄၄။	ပြည်တွင်းသောင်းကျန်းမှုသမိုင်း အပိုင်း(၃) ရဲဘော်သစ်မောင် ရေးသည်		၁၀-ကျပ်
၄၅။	ပြည်တွင်းသောင်းကျန်းမှုသမိုင်း အပိုင်း(၄) ရဲဘော်သစ်မောင် ရေးသည်		၁၅-ကျပ်
၄၆။	ပြည်တွင်းသောင်းကျန်းမှုသမိုင်းအပိုင်း(၅) ရဲဘော်သစ်မောင် ရေးသည်		၁၀-ကျပ်
၄၇။	၁၉၄၈-ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ဖြတ်သန်းလာရသော မြန်မာနိုင်ငံ သမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ(ပထမတွဲ)၊(ဒုတိယတွဲ)၊(တတိယတွဲ)	တစ်တွဲ	၁၅-ကျပ်
၄၈။	နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ပြည်သူ့အသက်အိုးအိမ် စည်းစိမ် ကာကွယ်စောင့်ရှောက်မှုနှင့် အဖျက်သမားများ၏လုပ်ရပ်များ		၁၅-ကျပ်
၄၉။	မဟာသရေစည်သူ ဦးဖေခင်၏ ကိုယ်တွေ့ပင်လုံ		၁၀-ကျပ်
၅၀။	တပ်မတော်သားတစ်ဦး ရေးသားသည့် ရဲခဲနှီးများအတွင်း ဖြတ်သန်းလာရသော မြန်မာပြည်		၁၀-ကျပ်
၅၁။	စံအောင် ရေးသားသည့် ညီညွတ်ရေးအရေးတော်ပုံ		၁၅-ကျပ်
၅၂။	၁၉၄၈-ခုနှစ်မှ ၁၉၈၈-ခုနှစ်အတွင်း ဖြတ်သန်းလာရသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ(အင်္ဂလိပ်)ပထမတွဲ		၁၅-ကျပ်
၅၃။	၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ဖြတ်သန်းလာရသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ(အင်္ဂလိပ်)ဒုတိယတွဲ		၁၀-ကျပ်
၅၄။	ရဲတော်ထွန်းမြို့ ရေးသည့် မြန်မာ့ယဉ်ကျေးမှု		၈-ကျပ်
၅၅။	ရဲခေါင်ကျော်စွာ၏ ဦးနုပြည်ပြေးဘဝက ဘာတွေဖြစ်ခဲ့သလဲ၊ ဘာတွေလုပ်ခဲ့သလဲ		၇-ကျပ်
၅၆။	တပ်မတော်ခေါင်းဆောင်များသမိုင်းအကျဉ်း		၇-ကျပ်
၅၇။	နိုင်ငံရေးပါတီအသီးသီး၏ ဟောပြောချက်များ ပထမတွဲ		၁၀-ကျပ်
၅၈။	နိုင်ငံရေးပါတီအသီးသီး၏ ဟောပြောချက်များ ဒုတိယတွဲ		၁၅-ကျပ်
၅၉။	၁၉၈၈ ခုနှစ် အရေးအခင်းကာလ ရက်စက်ကြမ်းကြုတ်မှု ဖြစ်ရပ်အမှုန်များ		၁၀-ကျပ်
၆၀။	ရဲခေါင်ကျော်စွာ၏ ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနှင့်		
၆၁။	ဖြေရှင်းကြသည်ဆိုရာ၀ယ် (ပထမတွဲ၊ ဒုတိယတွဲ)	တစ်တွဲ	၁၀-ကျပ်
၆၂။	ဆောင်းပါးပေါင်းချုပ်(မြန်မာ) အတွဲ(၁)မှ အတွဲ(၂၉)အထိ	တစ်တွဲ	၂၀-ကျပ်
၆၃။	ဆောင်းပါးပေါင်းချုပ်(မြန်မာ) အတွဲ(၃၀)+(၃၁)	တစ်တွဲ	၁၅-ကျပ်
၆၄။	ဆောင်းပါးပေါင်းချုပ်(မြန်မာ)အတွဲ(၃၂)		၁၀-ကျပ်
၆၅။	ဆောင်းပါးပေါင်းချုပ်(အင်္ဂလိပ်) အတွဲ(၁)မှ(၁၄)အထိ	တစ်တွဲ	၂၅-ကျပ်
၆၆။	သတင်းစာရှင်းလင်းပွဲမှတ်တမ်း(မြန်မာ) အတွဲ(၁)မှအတွဲ(၇)အထိ	တစ်တွဲ	၂၀-ကျပ်
၆၇။	သတင်းစာရှင်းလင်းပွဲမှတ်တမ်း(အင်္ဂလိပ်) အတွဲ(၁)မှအတွဲ(၄)အထိ	တစ်တွဲ	၂၅-ကျပ်

ဦးဝင်းတင်
၏
စာပန်းတိုးများ